ปถวาฤๅวาวะปุฐ

၁၉၃၄ခု၊ နိုဝင်ဘာလ – ပဌမအကြိမ်ရိုက်နှိပ်နေ့

ထုတ်ဝေသူ
ဦးလှကြိုင်
လောကစာပေ [ယာယီမှတ်ပုံတင် ၀၄၀]
၉၂၊ ၉၃-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့
ရိုက်နှိပ်သူ
မောင်ကျော်ဌေနွဲ့
ရှေဟသံပုံနှိပ်တိုက် [၀၁၀၀]
၉၂၊ ၉၃-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့

နိဒါန်း

ဤစာအုပ်၌ ဗုဒ္ဓ၏ ဘဝ ဖြစ်စဉ် သို့မဟုတ် စုဒ္ဓဝင်ကြောင်း၏ အမျိုးမျိုး အထွေထွေသော အစိတ်အပိုင်း မျှားနှင့် ပတ်သက်ပြီး ရေးသား ဖော်ပြ ထားပေသည်။ ဆောင်းပါး စာတမ်း မျှားမှာ သာသနာ ၂၅ ရာပြည့်နှစ် အထိမ်းအမှတ် အတွက် စာစောင် အသီးသီးတွင် ရေးသား ဆားသော ဆောင်းပါးမျှား ဖြစ်ပေသည်။ ဗုဒ္ဓ၏ ဘဝ ဖြစ်စဉ်နှင့် ဗုဒ္ဓ၏ တရားမျှားကို အကျယ် တဝင့် သိလိုသူမျှားသည် "ဗုဒ္ဓစရိယာ"၊ "ဒီဃ နိကာယ်"၊ "မဇ္ဈိမနိကာယ်"၊ "ဝိနယပိဋက"၊ "ဗုဒ္ဓဒဿန(ဗုဒ္ဓအမြင်)"စသော ကျွန်ုပ်ရေးသား ထားသော ဘာသာ ပြန်ဆို ထားသော စာအုပ် မျှားကို ကြည့်ရှုလေ့လာသင့်ပေသည်။

မဆူရီ ရုဟုလာသံဃိ စွာယန

၁၃၊၀၊၅၆

အမှာ

၁၉၅၅-ခုနှစ်၊ သာသနာ နှစ်ထောင့်ငါးရာ အထိမ်းအမှတ်ပွဲ အတွက် အထူးထုတ်ဝေကြသော အိန္ဒိယပြည် စာနယ်ဇင်းမျှ-တွင် ရာဟုလာသံကိစ္စည်းသည် ဗုဒ္ဓဘာသာအကြောင်း ဆောပါးများကိုရေးသားခဲ့လေသည်။ထိုဆောင်းပါးများကိုစုဆောင်းပြီးလျှင် အိန္ဒိယပြည် လပ်ခနောင်မြို့ ဗုဒ္ဓဝိဟာရမှ "မဟာမာနဝ ဗုဒ္ဓ" ဟူသော အမည်ဖြင့် စာအုပ်တအုပ် ရိုက်နှိပ် ဖြန့်ချိခဲ့သေသည်။ ထိုစာအုပ်ကို "မဟာလူသားဗုဒ္ဓ" ဟူသော အမည်ဖြင့် မြန်မာဘာသာ ပြန်ဆိုလိုက်ပါသည်။ ဤစာအုပ်ပါ ဆောင်းပါးများမှာ တနေရာတည်းတွင် ရေးခြင်းမဟုတ်ဘဲ ထိုထိုစာစောင်များ၌ ရေးသားခြင်းဖြစ်သောကြောင့် တခါတရံ ဆောင်းပါးတခုနှင့်တခု အနည်းငယ် ထပ်နေသည်ကို တွေ့ရပါလိမ့်မည်။ သို့ရာတွင် အချက်အလက် တခုစ နှစ်ခုစ ထပ်နေသည်မှ တပါးဆောင်းပါးများ၏ ဆိုလိုရင်းများမှာ တခုနှင့်တခု မတူကြပေ။ သို့ဖြင့်၍ ထုတ်နှုတ်ခြင်းမပြုဘဲ သူ့အတိုင်းပင် မြန်မာပြန်လိုက်ပါသည်။

မာတိကာ

၁။ ဘဝဖြစ်စဉ် ၉
၂။ ဇောတဝန်အလှူ ၂၆
၃။ နောက်ဆုံးနှစ် ၃၆
၄။ ဗုဒ္ဓ၏ ထူးခြားချက်များနှင့် အဘွားအခေါ်များ ၅၆
၅။ ဗုဒ္ဓခေတ် ပြဇာတ် ၆၅
၆။ အာနန္ဒာ တရားဓမ္မပြန်လှန်းခြင်း ၁၀၁
၇။ လူဝတ်ကြောင်တို့၏ အကျင့်တရား ၁၁၇
၈။ အဟာ သာ ၁၂၇
၉။ ဘေသဇ္ဇဂုရု ၁၅၂
၁၀။ ဇာတ်သည် ဂုဏ်မဟုတ် ၁၆၂
၁၁။ မဟာဇနဝါဒီ ဗုဒ္ဓ ၁၇၇
၁၂။ ဝါဒသဘောတရား ၁၉၄
၁၃။ ဗုဒ္ဓအဘိဓမ္မာ ၂၁၆
၁၄။ အနိစ္စဝါဒီ ဗုဒ္ဓအဘိဓမ္မာ ၂၃၁
၁၅။ ပညာပါရမိတာ ၂၄၈
၁၆။ ဗုဒ္ဓဘာသာ၏ အကျိုးပြုချက်များ ၂၆၀
၁၇။ သာသနာပြုလုပ်ငန်း ၂၇၀
၁၈။ ဗုဒ္ဓဘာသာ၏ အခြေခံ သဘောတရားများ ၃၀၃

ရည်ညွှန်းချက်

အကြင်စာအုပ်များမှ ကျွန်ုပ်သည် တိုးတက်သော အသိ၊ တိုးတက်သော အမြင်ကို ရရှိ၏။ ထိုစာအုပ်များကို ရေးသူ ရာဟုလာသံကိစ္စည်းအား ရည်ညွှန်းပါသည်။

ဘဝဖြစ်စဉ်

၁။ ထွက်တော်မူနန်းကခွာသည်

သိဒ္ဓတ္ထဂေါတမကို ၅၆၃ ဘီစီ ပတ်ဝန်းကျင်တွင် မီးရှူသန့်စင်ဖွားမြင်သည်။ သိဒ္ဓတ္ထဂေါတမ၏ ဖခမည်းတော် သုဒ္ဓေါဒနကို သာကျတို့၏ ဘုရင်(ရာဇာ)ဟု ခေါ်ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့သိရသည်မှာ သုဒ္ဓေါဒနနှင့် အတူတက္ခ ဘဒ္ဒိယနှင့် ဒဏ္ဍပါဏိတို့ကိုလည်း ရာဇာဟု ခေါ်လေသည်။ ယင်းကို ထောက်၍ သာကျတို့၏ ပြည်သူ့အုပ်ချုပ်ရေး ဂဏအဖွဲ့ (ဆီနိုတ် သို့မဟုတ် ပါလီမန်)၏ အဖွဲ့ဝင်များကို လိစ္ဆဝီဂဏအဖွဲ့ဝင်များကဲ့သို့ ရာဇာဟူ၍ပင် ခေါ်ဝေါ်ကြသည်ဟု အဓိပ္ပာယ်ကောက်ယူအပ်ပေသည်။ သိဒ္ဓတ္ထ၏ မယ်တော် မာယာဒေဝီသည် မိဘရပ်ရွာသို့ ပြန်စဉ် ကပိလဝတ်နေပြည်တော်မှ မိုင်အနည်းခန့်အဝေးသို့အရောက်တွင် လုမ္မိနီ အမည်ရှိသော အင်ကြင်းဥယျာဉ်၌ သိဒ္ဓတ္ထကို ဖွားမြင်လေသည်။ သိဒ္ဓတ္ထ ဖွားမြင်ပြီးနောက် ၃၁၀ နှစ် ကြာသောအခါ၌ မိမိ၏ ရာဇဘိသိက် ခပ်နိုပ်အပြီး အနှစ် နှစ်ဆယ်မြောက်တွင် အသောကဘုရင်သည် ထိုလုမ္မိနီဥယျာဉ်၌ ကျောက်တိုင်တဟိုင်ကို

စိုက်ထူခဲ့လေ၏။ ထိုကျောက်တိုင်သည် ယနေ့ထက်တိုင် တည်ရှိနေသည်။

သီဒတ္တ မေ့ဖွားပြီး တပတ်အကြာ၌ပင် သူ၏မယ်တော်သည် နတ်ရွာစံ ကံတော်ကုန်ခဲ့သည်။ အဒေါ်လည်းဖြစ်၊ မိခင်းလည်းဖြစ်သူ ပဇာပတိ ဂေါတမီက သီဒတ္တအား မေ့မြူကြည့်ရှုဘို့ တာဝန်ယူရလေသည်။ သီဒတ္တအား ကမ္ဘာလောကကို ငြီးငွေ့ပြီး တမ်ိုင်မ်ိုင် တဘွေတွေ ဖြစ်နေသည်ကို တွေ့ရသောအခါ သုဒ္ဓါဒနသည် ရှေးရဟန်းတို့၏ လှည့်ဖျားခြင်းခံရပြီး သူ၏ သားတော်ထွက်သွားမှာကိုစိုးရိမ်ကြောင့်ကြခြင်းဖြစ်မိလေ၏။ သို့ဖြစ်၍ သူသည် အိမ်မှီးနှားချင်း နိုင်ငံဖြစ်သည့်ကောလိယဂဏ(ပြည်သူ့အုပ်ချုပ်ရေး နိုင်ငံ)မှ သမီးတော် အလှ ဘဒ္ဒါကပိလာယနီ(သို့မဟုတ် ယသောဓရာ)နှင့် စုလျှားရစ်ပတ် လက်ထပ်ထိမ်းမြားပေးလိုက်လေ၏။ သီဒတ္တသည် အတန်ကြာမျှ ဂုဏ်ရှိရသွားသည်။ ထိုအတွင်း သီဒတ္တတွင် သားတယောက် ဖွားမြင်လာလေ၏။ ထိုသားငယ်အား သီဒတ္တသည် မိမိ၏ တက်ကြွနေသည့် အကြံတည်းဟူသော လဝန်းကို မျိုပင်လိုက်သည့် ရာဟု ဟုပင် မှတ်ထင်အောက်မေ့သည်ဖြင့်၍ ရာဟုလဟု အမည်နာမ မှည့်ခေါ်လိုက်လေ၏။ သူဒေါ်၊ သူနာ၊ သူသေနှင့် ရဟန်းတည်းဟူသော ရှုကွင်းရှုကက် မျှားကို ရှုမြင်ရသည်ဖြစ်၍ လူလောကအား ငြီးငွေ့သည်ထက် ငြီးငွေ့လာပြီးလျှင် တညသ၌ သူသည် တိတ်တဆိတ်နန်းတော်မှ ကွက်ပြေးခဲ့လေ၏။ ထိုအကြောင်းနှင့် စပ်လျဉ်းပြီး ဗုဒ္ဓကိုယ်တိုင် ကျွန်ုပ်ရဲ(သုံသုမာရဂိရိ)၌ ဝဿဘုရင် ဥဒယန၏ သားဖြစ်သူ ဂေါဓိရာဇ ကုမာရအား ဟောပြတော်မူသည်။ (မဇ္ဈိမနိကာယ်၊ ၂၊ ၄၊ ၄)

"မင်းသား၊ ဘုရားမဖြစ်မီက ငါလည်း "ချမ်းသာသုခနှင့် ရင်းနှီးသဖြင့် ချမ်းသာသုခကို မရနိုင်၊ ဆင်းရဲဒုက္ခဖြင့် ရင်းနှီးမှ ချမ်းသာသုခကို ရနိုင်၏" ဟူသော အကြံ ဖြစ်ပေါ်ဘူးပြီ။ ထိုကြောင့် ပျိုမြစ်နုနယ်ပြီး နက်သောဆံပင်ရှိသော ကောင်းသော အရွယ်ရှိသော ပဌမအရွယ်၌ပင် မိဘများ မျက်ရည်စက်လက် ငိုကြွေး နေစဉ် လူဘောင်မှ ခွာရှောင်ပြီး....ရဟန်းဘောင် ဝင်ရောက်၏။....(ပဌမတွင်)အာလာရ ကာလာမ(၏အထံသို့) ....ချဉ်းကပ်ခဲ့၏...."

အာလာရ ကာလာမသည် ယောဂ(သမထ)အကျင့် ကျင့်ကြံ အားထုတ်နည်း အချို့ကို ပြောပြသည်။ သို့ရာတွင် သိဒ္ဓတ္ထသည် နှစ်သိမ့်ရောင့်ရဲခြင်း မရှိပေ။ ထိုနေရာမှ တဖန် ထွက်ခွာလာခဲ့ပြီးလျှင် သိဒ္ဓတ္ထသည် ခုဒ္ဒက ရာမပုတ္တ၏ အထံသို့ ရောက်သွားပြန်သည်။ ထိုနေရာ၌ ယောဂအကျင့် ကျင့်ကြံအားထုတ်နည်း အချို့ကို သင်ကြားဆည်းပူးသည်။ သို့သော်လည်း သိဒ္ဓတ္ထသည် အားရကျေနပ်ခြင်း မရှိခဲ့ပေ။ ထိုနောက်တွင် သူသည် ဗောဓဂယာ၏ အနီး၌ ခြောက်နှစ်လောက် ယောဂအကျင့်နှင့် အစာမစားသော အကျင့်ကို ကြောက်ခမန်းလိလိ ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုအကျင့်နှင့် ပတ်သက်ပြီး ဗုဒ္ဓကိုယ်တော်တိုင် ဟောပြထားခဲ့သည်။

"ငါ၏ ကိုယ်ခန္ဓာသည် (အားနည်းပိန်ကြုံခြင်း)၏ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ငါ၏ အင်္ဂါကြီးငယ်တို့သည် အနှစ် ဂ၀ ကြာပြီဖြစ်သော သစ်ပင်၏ အဖုအထစ်များကဲ့သို့ ယိုယွင်းနေကြလေကုန်ပြီ။ ....ငါ၏ တင်ပါးဆုံသားသည် ကုလားအုပ်၏ ခြေထောက်ကဲ့သို့ ဖြစ်နေ၏။ ....ငါ၏ ကျောက်ကုန်း ရိုးသည်

လက်ပွတ်စူးများကို တန်းထားသကဲ့သို့ အနိမ့်အမြင့် ဖြစ်နေ၏။ ....ငါ၏ နံရိုးတို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ပျက်စီးနေသော စရပ်ဆွေး၏ အခြင်တို့ကဲ့သို့ ဖရိုဖရဲ အထက်တင် အောက်ကျ ဖြစ်နေကုန်၏။....နက်သော ရေတွင်းထဲက ကြယ်တာရာ ကဲ့သို့ ငါ၏ မျက်ကွင်း အတွင်း၌ မျက်လုံး တို့သည် ဟောက်ပက် နက်ရှိုင်းစွာ ဝင်နေကြသည်။....အနုလိုက် ဆွတ်ထားသော ဗူးခါးသီးသည် လေ နေပူဖြင့် တွေ့ထိကာ ရှုံ့တွနေသကဲ့သို့ ငါ၏ ဦးခေါင်းရေသည် ရှုံ့တွနေ၏။....ထိုကဲ့သို့ အစာဖြတ်ထားခြင်းကြောင့် ငါ၏ ကျောရိုးများနှင့် ဝမ်းရေများ လုံးဝ ကပ်နေကြလေပြီ။ အကယ်၍ ငါသည် ကျင်ကြီး ကျင်ငယ် စွန့်ရန်အတွက်(ထ)လိုက်လျှင် ထိုနေရာ၌သာ မှောက်ခုံလဲကျ၏။ ကိုယ်ကာယကို သက်သာစေရန် လက်ဖြင့် ပွတ်သပ်လိုက်လျှင် ဆွဲနေသော အမွေးတို့သည် ငါ၏ ကိုယ်မှ အမြစ်ပါ ကျွတ်ကျကုန်သည်။ ....'ရဟန်းဂေါတမသည် မည်းနက်သော အဆင်းရှိ၏–' ဟု လူများက ပြောကြသည်။.... အချို့က 'ရဟန်းဂေါတမသည် မြည်းနက်သော အဆင်းရှိသည် မဟုတ်။.... ညိုပြာသော အဆင်းရှိ၏' ဟု ဆိုကြသည်။....အချို့သော လူများက 'ရဟန်း ဂေါတမသည် မည်းနက်သော အဆင်းရှိသည်လည်း မဟုတ်။ ညိုပြာသော အဆင်း ရှိသည်လည်း မဟုတ်။ ငါးခူရောင် အဆင်းရှိ၏'ဟု ပြောဆိုကြသည်။ ငါ၏ ထိုမျှလောက် ဖြူဖွေးစင်ကြင်လျက်ရှိသော အရေ အဆင်းသည် ပျက်စီးသွားကြ လေကုန်သည်....။

"....သို့ရာတွင် ငါသည် ဤသို့ကျင့်ခြင်းအားဖြင့် ထိုအထူတ် အထိပ်ဖြစ်သော ဥာဏ်အမြင်ထူးကို မရရှိပေ။ (ထိုအခါ၌)

ဗောဓိ(ဥာဏ်)ကို သိရှိရန်အတွက် တခြားနည်းလမ်း ရှိသေး သလော- ဟု အကြံဖြစ်ပေါ် လာ၏။ ထိုအခါ၌ ငါသည် ခမည်းတော် (သုဒ္ဓေါဒန) သာကျမင်း၏ လယ်ထွန်မင်္ဂလာကိစ္စ၌ အေးသော သပြေပင်ရိပ်ဝယ် ထိုင်လျက်....ပဌမဈာန်ကိုရရှိကာ နေထိုင်ခဲ့ဘူသည်-ကို အမှတ်ရလာ၏။....ယင်း ပဌမဈာန်သည် သစ္စာတရားကို သိမြင်ရေးအတွက် လမ်းကြောင်းဖြစ်ပေလိမ့်မည်။ ....သို့ရာတွင် ဤကဲ့သို့သော အလွန်ပိန်ကြုံသော ကိုယ်ကာယဖြင့် ထို (ဈာန်) ချမ်းသာကို ရရန် မလွယ်။....ထိုနောက် ငါသည် အစာကြမ်းဖြစ်သော ထမင်းနှင့် ပဲဟင်းကို စား၏။ ထိုအချိန်၌ ငါ၏ အထံတွင် ပဉ္စဝဂ္ဂီ ရဟန်းငါးပါးသည် ဆည်းကပ်နေကြ၏။ ....ငါ ကြမ်းတမ်းသော အစာအာဟာရတို့ကို စားသောအခါ ထိုရဟန်း ငါးပါးသည်....စိတ်ပျက်ပြီး ထွက်သွားကြလေသည်” နောက်ပိုင်း ဘဝ ခရီးစဉ်နှင့် ပတ်သက်၍ ဗုဒ္ဓသည် အခြား တနေရာ၌ ဟောပြတော် မူလေသည်- (မဇ္ဈိမနိကာယ် ၁၊၃၊၉)

“ငါသည် နှစ်လိုဖွယ်ကောင်းသော မြေပြင်တခု၌၊ တောအုပ် တခု၌၊ မြစ်တခု (နေရဉ္ဇရာ) စီးဆင်းနေသည်ကို မြင်ရသည်။ ထိုမြစ်၏ ဆိပ်ကမ်းသည် သာယာကြည်နူးဖွယ် ကောင်း၏။ သန့်ရှင်းစင်ကြယ်၏။ ဤနေရာသည် ကမ္မဋ္ဌာန်းဘာဝနာပွားများ ရန်အတွက် သင့်လျော်သောနေရာဖြစ်၏ဟု (စဉ်းစား၍) ထိုနေ ရာ၌ ထိုင်လိုက်သည်။(ထိုနောက်)....ဇာတိ၏ မကောင်းကျိုးကို သိရပြီး....နှိုင်းခိုင်းစရာ ဥပမာမရှိသော နိဗ္ဗာန်ကို ရရှိလေ၏။ ငါ့အား ဥာဏ်အမြင်သည် ဖြစ်ပေါ်လာသည်။ ငါ့စိတ်၏ လွတ် မြောက်မှုသည် ယိမ်းယိုင်တုန်လှုပ်ခြင်းမရှိတော့ပေ။ ဤဘဝသည်

အပြီးသတ်ဘဝဖြစ်သည်။ နောက်ထပ်တဖန် တခြားဇာတိ ဖြစ်တော့မည် မဟုတ်ပေ”

သိဒ္ဓတ္ထ၏ ဤကဲ့သို့သော ဥာဏ်အမြင်သည် ဖြစ်၏- ဒုက္ခ၊ ဒုက္ခ၏အကြောင်း (သမုဒယ)၊ ဒုက္ခ၏ချုပ်ငြိမ်းမှု (နိရောဓ)၊ ဒုက္ခချုပ်ငြိမ်းမှု၏ လမ်းစဉ် (မဂ္ဂ)။ “အကြင်ခမ္မ (အရာဝတ္ထု အဖြစ်အပျက်)တို့သည် ရှိကြ၏။ ထိုခမ္မတို့သည် အကြောင်းတရားကြောင့် ဖြစ်ပေါ်လာကြခြင်းဖြစ်သည်။ ထိုခမ္မတို့၏အကြောင်းကို ဗုဒ္ဓက ဟောပြတော်မူသည်။ ၎င်းတို့၏ ချုပ်ငြိမ်းမှုကိုလည်း ဗုဒ္ဓက ဟောပြတော်မူသည်။ ဤကဲ့သို့သော အယူအဆရှိသည့် မဟာသမဏဖြစ်လေသည်”

သိဒ္ဓတ္ထသည် နှစ်ဆယ့်ကိုးနှစ် အရွယ် (၅၃၄ ဘီ-စီ) တွင် လူဘောင်ကို စွန့်ခွာလေသည်။ ခြောက်နှစ်တိတိ ယောဂအကျင့် ဒုက္ကရစရိယာ အကျင့်ကို ကျင့်ပြီးနောက် စျာန်အားဖြင့်ရင်း၊ တွေးကြံခြင်းအားဖြင့်ရင်း၊ ၃၆ နှစ်အရွယ် (၅၂၈ ဘီ-စီ) ၌ (ဗောဓိဉာဏ်) ကို ရရှိပြီး ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသည်။ ထိုနောက် ၄၅ နှစ်တိတိ ဗုဒ္ဓသည် မိမိ၏တရားဓမ္မ(အဘိဓမ္မာ)ကို ဟောကြားပြီး အသက် ၈၀ အရွယ် (၄၈၃ ဘီ-စီ) တွင် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုတော်မူသည်။

၂။ အခြေခံတရား

ဗုဒ္ဓဖြစ်ပြီးနောက် ဗုဒ္ဓသည် ပဌမဦးဆုံး အစာပြန်စားသည် ဖြစ်၍ မိမိအား ကျွေးသွားပြီဟု ထင်ပြီး စွန့်ခွာထွက်သွားကြ သောရဟန်းငါးဦး(ပဉ္စဝဂ္ဂီ)တို့အား မိမိအသံဉာဏ်နှင့်ထိုက်တန် သူများဟု နားလည်သဘောပေါက်တော်မူသည်။ ရှာဇွေစုံစမ်း ပြီးလျှင် ဗုဒ္ဓသည် ရဟန်းငါးဦးတို့၏ ကျောင်းသင်္ဃာရှိရာ ဣသိ ပတန မိဂဒါဝုန် (ဆာရဏနာထ၊ ဗာရာဏသီ) သို့ ရောက်လာတော်မူသည်။ ဗုဒ္ဓ၏ ပဌမဦးဆုံးဖြစ်သော အဆုံးအမ ဒေသနာတော်သည် အစာဖြတ်ခြင်းကို စွန့်လွှတ်ပြီး အစာ ပြန်စားသော ဂေါတမအား ပဉ္စဝဂ္ဂိငါးဦးတို့ စွန့်ခွာသွားခြင်း၏ အကြောင်း ဖြစ်သော ယုံမှားသံသယကို ပယ်ဖျောက်ရန်အတွက် ဟောကြား သော အဆုံးအမ ဒေသနာတော် ဖြစ်လေသည်။ ဗုဒ္ဓက ဟော ကြားတော်မူခဲ့လေသည်- (သံယုတ္တနိကာယ်- ၅၅၊ ၂၊ ၁)

"ရဟန်းတို့၊ ဤအစွန်းနှစ်ခု (လွန်သောလမ်းစဉ်) ကို မမှီဝဲ အပ်။ -(၁)- ကာမချမ်းသာ၌ ငြိကပ်နေခြင်း-(၂)-ကိုယ်ကာယ အပင်ပန်းခံခြင်း- ဤအစွန်းနှစ်ခုကိုစွန့်၍ -(၀၊) သည် အလယ် အလတ်လမ်းကို ရှာဖွေထုတ်ဖော်ခဲ့၏။ (ၦင်းလမ်းကား)အမြင်ကို ပေး၏။ အသိဉာဏ်ကိုပေး၏။ ငြိမ်းချမ်းမှုကိုပေး၏။-ထို(အလယ် အလတ်လမ်း) ကား ဤအရိယ (မြတ်သော) အဋ္ဌင်္ဂိက (အင်္ဂါ ရှစ်ပါးရှိသော) လမ်းစဉ် (မဂ်) ဖြစ်၏။ ၎င်းတို့ကား မှန်သော အမြင်၊ မှန်သောအတွေး၊ မှန်သောအပြော၊ မှန်သောအလုပ်၊

မှန်သော အသက်မွေးဝမ်းကျောင်းမှု၊ မှန်သောကြိုးပမ်းမှု၊ မှန်သောသတိ၊ မှန်သောသမာဓိတို့ ဖြစ်ကြလေ၏။

၁။ လေးပါးသောအရိယသစ္စာ

ဒုက္ခ၊ ဒုက္ခသမุဒယ၊ ဒုက္ခနိရောဓ၊ ဒုက္ခနိရောဓဂါမိမဂ္ဂ အကြောင်းတို့ကို ပြောပြပြီးခဲ့ပြီ။ ယင်းတရားတို့ကို ဗုဒ္ဓက အရိယသစ္စာ (မြတ်သောအမှန်တရားများ) ဟု ဟောတော်မူခဲ့သည်။

(က) ဒုက္ခသစ္စာကို အဓိပ္ပာယ်ဖွင့်ပြလျက် ဗုဒ္ဓက ဤသို့ ဟောတော်မူခဲ့၏–"ဇာတိလည်း ဒုက္ခဖြစ်၏။ ဇရာလည်း ဒုက္ခဖြစ်၏။ မရဏ-သောက ပရိဒေဝ-ဒေါမနဿ- ဥပါယာသလည်း ဒုက္ခဖြစ်၏။ မချစ်အပ်သည်နှင့် ပေါင်းဆုံရခြင်းသည်လည်း ဒုက္ခဖြစ်၏။ ချစ်အပ်သည်နှင့် ကင်းကွာရခြင်းသည်လည်း ဒုက္ခဖြစ်၏။ အလိုရှိအပ် တောင့်တအပ်သည်ကို မရခြင်းသည်လည်း ဒုက္ခဖြစ်၏။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါးသည် ဒုက္ခဖြစ်၏"

ဥပါဒါနက္ခန္ဓာ ငါးပါးကား-ရူပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ ဖြစ်ကြ၏။

(a) ရူပ်– မဟာဘုတ်လေးပါးဖြစ်သော ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောတို့သည် ရူပ် ဥပါဒါနက္ခန္ဓာ ဖြစ်ကြ၏။

(b) ဝေဒနာ– အရာဝတ္ထုများ သို့မဟုတ် အရာဝတ္ထုများကို တွေ့ဆုံခြင်းမှ၏ အနီးသို့ ကပ်ရောက်လာသောအခါ သုခ၊ ဒုက္ခ သို့မဟုတ် သုခမဟုတ် ဒုက္ခမဟုတ်သောအနေဖြင့် ကျွန်ုပ်တို့ ခံစားရမှုကို ဝေဒနာဟု ခေါ်သည်။

(c) သညာ– ဝေဒနာ၏နောက်၌ ဥဏှောက်တွင် ပဌမကပင် စွဲထင်လာခဲ့သော သဒ္ဒါရမျှား အားဖြင့် 'ဤသူကား ထိုဒေဝဒတ်ပင်တည်း' ဟု ကျွန်ုပ်တို့ သိမှတ်မိကြ၏။ ၎င်းမှတ်မိသောသဘောကို သညာဟု ခေါ်သည်။

(d) သင်္ခါရ– ရုပ်၏ ဝေဒနာနှင့် သညာတို့၏ အထုံသည် ဥဏှောက်ဟူ၍ စွဲနေ၏။ ၎င်း၏ အကူအညီဖြင့် 'ဤသူကား ထိုဒေဝဒတ်ပင်တည်း' ဟု ကျွန်ုပ်တို့ သိမှတ်မိကြ၏။ ထိုဥဏှောက်တွင် စွဲကပ်နေပြီး မှတ်မိမှုတွင် ကူညီသောသဘောကို သင်္ခါရဟု ခေါ်လေသည်။

(e) ဝိညာဏ်– အသိသဘော သို့မဟုတ် မန (စိတ်) ကို ဝိညာဏ်ဟု ခေါ်လေသည်။

ယင်း ခန္ဓာငါးပါးသည် ပုဂ္ဂိုလ်တဦးဦး၏တဏှာအာရုံဖြစ်ပြီး အနီးသို့ရောက်လာသောအခါ ၎င်းတို့ကို ဥပါဒါနက္ခန္ဓာဟု ခေါ်လေ၏။ ယင်း ဥပါဒါနက္ခန္ဓာ ငါးပါးကို ဒုက္ခသစ္စာ၌ ဟု ဗုဒ္ဓက ဟောတော်မူလေ၏။

(၁) ဒုက္ခ၏အကြောင်း– ဒုက္ခ၏အကြောင်းကား အဘယ်နည်း။ တဏှာဖြစ်သည်။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဖြစ်သည်။ ဤနေ့တို့၏ နှစ်သက်အပ်သော အာရုံဟူသမျှနှင့်တကွ အဆက်အစပ်ပြုခြင်း၊ ထိုအာရုံတို့ကို တွေးတောသတိရခြင်းသည် တဏှာကို ဖြစ်ပွားစေလေ၏။ ကာမဂုဏ် (ချစ်နှစ်သက်အပ်သော သုံးဆောင်ခံစားမှု) အတွက် ဘုရင် (ရာဇာ) ဘုရင်ချင်း တိုက်ကြ ခိုက်ကြ၏။ ခတ္တိယ ခတ္တိယချင်း တိုက်ကြခိုက်ကြ၏။ ဗြာဟ္မဏ ဗြာဟ္မဏချင်း တိုက်ကြခိုက်ကြ၏။ ကုန်သည် ကုန်သည်ချင်း တိုက်ကြခိုက်ကြ၏။ မိခင်ကသားကိုငုံ၊ သားက

မိခင်ကိုရင်း၊ ဖခင်ကသားကိုရင်း၊ သားကဖခင်ကိုရင်း၊ ညီအစ်ကို ချင်းရင်း၊ နှစ်မက မောင်ကိုရင်း၊ မောင်က နှစ်မကိုရင်း၊ မိတ်ဆွ ချင်းရင်း၊ တိုက်ကြခိုက်ကြ၏။ ရင်းတို့သည် အချင်းချင်း ငြင်းခုန် ရင်း ခိုက်ရန်ဖြစ်ရင်း၊ ပဋိပက္ခ ဖြစ်ကြရင်း တရယောက်နှင့် တယောက် ကိုယ်ထိလက်ရောက် ကျူးလွန်ကြ၏။ တုတ်တပြက် ခေါင်းတပြက် ဖြစ်ကြ၏။ လက်နက်ဖြင့် သတ်ဖြတ်ကြ၏။ ရင်းတို့ သည် ထိုသို့ တိုက်ကြ ခိုက်ကြသဖြင့် သေသော်လည်း သေကြ ကုန်၏။ မသေသော်လည်း သေလုနီးပါး ဒုက္ခရောက်ကြကုန်၏။

(၈) ဒုက္ခ၏ချုပ်ငြိမ်းမှု– ထိုတဏှာ၏ အကြွင်းမဲ့ချုပ်ငြိမ်းမှု၊ စွန့်လွှတ်မှု၊ ပျောက်ပြက်မှုကို ဒုက္ခ၏ ချုပ်ငြိမ်းမှု(ဒုက္ခနိရောဓ)ဟု ခေါ်သည်။ ချစ်ခင်နှစ်သက်အပ်သော အာရုံများနှင့် ထိုအာရုံ များကို တွေးဆကြံစည်မှုများမှ တဏှာ လွတ်ကင်းသွားသော အခါ တဏှာ၏ ချုပ်ငြိမ်းမှု ဖြစ်လေသည်။

တဏှာ ချုပ်ငြိမ်းကွယ်ပျောက် သွားသောအခါ ဥပါဒါန် (အာရုံများကို သိမ်းပိုက်စွဲလန်းမှု) ချုပ်ငြိမ်းသွား၏။ ဥပါဒါန် ချုပ်ငြိမ်း ခြင်းကြောင့် ဘဝ (လောက) ချုပ်ငြိမ်း၏။ ဘဝ ချုပ်ငြိမ်း ခြင်းကြောင့် ဇာတိ(ဘဝသစ်) ချုပ်ငြိမ်း၏။ ဇာတိ ချုပ်ငြိမ်းခြင်းကြောင့် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသများ ချုပ်ငြိမ်းကြ၏။ ယင်းသို့အားဖြင့် ဒုက္ခချုပ်ငြိမ်းလေ၏။

ယင်း ဒုက္ခချုပ်ငြိမ်းမှုသည်ပင်လျှင် ဗုဒ္ဓအဘိဓမ္မာ တခုလုံး၏ ဗဟိုချက်မ ဖြစ်လေသည်။

(ဃ) ဒုက္ခ ချုပ်ငြိမ်းမှုလမ်းကြောင်း– ဒုက္ခ ချုပ်ငြိမ်းမှုဆီသို့ ဆောင်ကြဉ်းသွားသော လမ်းကား အဘယ်အရာနည်း။ အ ရိယ အဋ္ဌင်္ဂိကမဂ် ဖြစ်လေ၏။ ၎င်းကို ရှေ့ပိုင်းက ပြောပြပြီးခဲ့လေပြီ။ အရိယ အဋ္ဌင်္ဂိကမဂ်၏ ရှစ်မျိုးသော မဂ်ကို အသိဉာဏ်(ပညာ)၊ အကျင့်သီလ(သီလ)၊ ယောဂအကျင့် (သမာဓိ)ဟူ၍ သုံးပိုင်း သုံးကဏ္ဍခွဲလျှင် အောက်ပါအတိုင်း ဖြစ်သည်။

(က) ပညာ { မှန်သောအမြင် (သမ္မာဒိဋ္ဌိ)
မှန်သော အကြံ (သမ္မာသင်္ကပ္ပ)

(ခ) သီလ { မှန်သော အပြော(သမ္မာဝါစာ)
မှန်သော အလုပ် (သမ္မာကမ္မန္တ)
မှန်သော အသက်မွေးမှု(သမ္မာအာဇီဝ)

(ဂ) သမာဓိ { မှန်သော ကြိုးပမ်းမှု(သမ္မာဝါယာမ)
မှန်သော သတိရမှု(သမ္မာသတိ)
မှန်သော စိတ်တည်ငြိမ်မှု (သမ္မာသမာဓိ)

(က) မှန်သောအမြင်

မှန်သော (သမ္မာ) အမြင် (ဒိဋ္ဌိ)–ကိုယ်နှုတ် နှလုံး ဆိုင်ရာ ကောင်းသော၊ ဆိုးသော လုပ်ငန်း များနှင့် ပတ်သက်၍ မှန်ကန်စွာ သိမြင်ခြင်းကို မှန်သော အမြင် (သမ္မာဒိဋ္ဌိ) ဟု

ခေါ်လေသည်။ ကောင်းသော ဆိုးသော လုပ်ငန်း များကား ဤသို့ပြား၏-

ဆိုးသောအလုပ် (၃စုရိုက်)

ကာယကံ	၁။ သတ်ခြင်း(ပါဏာတိပါတ) ၂။ ခိုးခြင်း (အဒိန္နာဒါန) ၃။ လိင်နှင့်ပတ်သက်၍ ဖောက်ပြားကျူးလွန်မှု (ကာမေသုမိစ္ဆာစာရ)
ဝစီကံ	၄။ မုသားပြောခြင်း(မုသာဝါဒ) ၅။ ကုန်းတိုက်ခြင်း(ပိသုဏာဝါစာ) ၆။ ကြမ်းကြုတ်စွာပြောခြင်း(ဖရုသဝါစာ) ၇။ စကားဖျင်းပြောခြင်း(သမ္ဖပ္ပလာပ)
မနောကံ	၈။ လောဘ(အဘိဇ္ဈာ) ၉။ ရန်လိုခြင်း(ဗျာပါဒ) ၁၀။ အယူမှားခြင်း(မိစ္ဆာဒိဋ္ဌိ)

ကောင်းသောအလုပ် (သုစရိုက်)

ကာယကံ	၁။ မသတ်ခြင်း(ပါဏာတိပါတ ဝိရတိ) ၂။ မခိုးခြင်း(အဒိန္နာဒါန ဝိရတိ) ၃။ လိင်နှင့် ပတ်သက်၍ မဖောက်ပြား မကျူးလွန်ခြင်း(ကာမေသု မိစ္ဆာစာရ ဝိရတိ)

ဝစီကံ
- ၁။ မုသားမပြောခြင်း (မုသာဝါဒ ဝိရတီ)
- ၂။ ကုန်းမတိုက်ခြင်း (ပိသုဏာဝါစာ ဝိရတီ)
- ၃။ ကြမ်းကြုတ်စွာမပြောခြင်း(ဖရုသဝါစာဝိရတီ)
- ၄။ စကားဖျင်းမပြောခြင်း (သမ္ဖပ္ပလာပဝိရတီ)

မနောကံ
- ၁။ အလောဘ (အနဘိဇ္ဈာ)
- ၂။ ရန်မလိုခြင်း (အဗျာပါဒ)
- ၃။ အယူမှန်ခြင်း (သမ္မာဒိဋ္ဌိ)

ဒုက္ခ၊ ဒုက္ခ၏အကြောင်း၊ ဒုက္ခ၏ချုပ်ငြိမ်းမှု၊ ဒုက္ခချုပ်ငြိမ်းမှုလမ်းကြောင်း တည်းဟူသော သစ္စာလေးပါးကို မှန်စွာသိမြင်မှုကိုပင် မှန်သောအမြင်(သမ္မာဒိဋ္ဌိ)ဟု ခေါ်လေသည်။ မှန်သောအကြံ- တပ်မက်မှု၊ ညှဉ်းပန်းနှိပ်စက်လိုမှု၊ ရန်လိုမှုကင်းသောအကြံကိုပင် မှန်သောအကြံ(သမ္မာသင်္ကပ္ပ)ဟု ခေါ်လေသည်။

(ခ) မှန်သောအကျင့်

မှန်သောအပြော-ဝစီကံ ဒုစရိုက်လေးပါးကင်းသော မှန်ကန်ချိုသာသော အပြောသည် မှန်သောအပြော မည်လေသည်။

မှန်သောအလုပ်- ကာယကံ ဒုစရိုက်သုံးပါး ကင်းသော အလုပ်သည် မှန်သောအလုပ် မည်လေသည်။

မှန်သောအသက်မွေးမှု- မတရား မမှန်ကန်သော အသက်မွေးဝမ်းကျောင်းမှုကို ရှောင်ကြဉ်ပြီး တရားမှန်ကန်သော အသက်မွေး ဝမ်းကျောင်းမှုဖြင့် ဘဝခရီးကို သွားခြင်းသည် မှန်သော အသက်မွေးမှု မည်လေသည်။ ဗုဒ္ဓခေတ်အခါက အုပ်စိုးသူ ချယ်လှယ်သူ လူအဖွဲ့အစည်းက ကျေနပ်စွာ ခွင့်ပြုထားသော

အသက်မွေးဝမ်းကျောင်းမှ အားလုံးအနက် သက်ရှိသတ္တဝါများ အပေါ် ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်သော အောက်ပါ အသက်မွေး ဝမ်းကျောင်းမှ များကိုသာလျှင် ဗုဒ္ဓက မတရား မမှန်သော အသက်မွေးဝမ်းကျောင်းမှဟု ဟောတော်မူခဲ့လေ၏။

"လက်နက် ကုန်သွယ်ခြင်း၊ သက်ရှိသတ္တဝါ ကုန်သွယ်ခြင်း၊ အသား ကုန်သွယ်ခြင်း၊ ယစ်မျိုး ကုန်သွယ်ခြင်း၊ အဆိပ် ကုန်သွယ်ခြင်း"

(၇) မှန်သောစိတ်တည်ငြိမ်မှု-

မှန်သောကြိုးပမ်းမှု- မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တည်းဟူသော ဣန္ဒြေများကို စောင့်ထိန်းခြင်း၊ စိတ်ဆိုး စိတ်ယုတ်များ မပေါ်စေရန်နှင့် စိတ်ကောင်း စိတ်မြတ်များ ပေါ်ပေါက်လာစေရန် ကြိုးပမ်းမှု၊ ဖြစ်ပေါ်လာသော စိတ်ကောင်းစိတ်မြတ်များ ဆက်လက်ဖြစ်ပွားစေရန် ကြိုးပမ်းမှုများသည် မှန်သောကြိုးပမ်းမှုများ ဖြစ်ကြလေသည်။

မှန်သောသတိရမှု- ကိုယ်ကာယ၊ ဝေဒနာ၊ စိတ်နှင့် မနဆိုင်ရာ ဓမ္မာရုံများ၏ အခြေအနေမှန်၊ ၎င်းတို့၏ ညစ်နွမ်းမှု၊ ခဏတိုင်း ပျက်စီးမှုသဘော အစရှိသည်ဖြင့် အမြဲမပြတ်သတိရမှုသည် မှန်သောသတိရမှု ဖြစ်လေသည်။

မှန်သောစိတ်တည်ငြိမ်မှု- "စိတ်ဓာတ်၏တည်ငြိမ်မှု (တအာရုံတည်းတွင် စွဲနေမှု) ကို သမာဓိဟု ခေါ်လေသည်"။ စိတ်ဖျံ့လွင့်မှုများကို ပယ်ရှားနိုင်သော သဘောသည် မှန်သောသမာဓိ (စိတ်တည်ငြိမ်မှု) ဖြစ်လေသည်။ ဗုဒ္ဓ၏ အဆုံးအမဘော်များကို

အကျဉ်းဆုံးအားဖြင့် ရှေးဟောင်းဂါထာတပုဒ်၌ ဤသို့ဆိုထား လေသည်–

"အဆိုးဟူသမျှကို မပြုခြင်း၊ အကောင်းဟူသမျှကို ပြည့်စုံ အောင်ပြုခြင်း၊ မိမိစိတ်ကို စောင့်ထိန်းခြင်း၊ ဤကား ဗုဒ္ဓ၏ အဆုံးအမဒေသနာတော်ဖြစ်လေသည်"

မိမိ အဆုံးအမ၏ မုချ အကျိုးကျေးဇူးကား အဘယ်နည်း ဟူသော ပြဿနာကို ဗုဒ္ဓက ဤသို့ ဟောကြား မိန့်ဆိုထား လေသည်–

"ရဟန်းတို့၊ ဤဗြဟ္မစရိယ (ရဟန်းဘဝ) သည် လာဘ်၊ ပူဇော်သက္ကာ၊ချီးမွမ်းမှုများအတွက်မဟုတ်။ အကျင့်သီလ ရရှိရေး အတွက်မဟုတ်။သမာဓိရရှိရေးအတွက်မဟုတ်။ အသိဉာဏ်အမြင် အတွက်မဟုတ်။ ခိုင်မြဲသောစိတ်၏ လွတ်မြောက်ရေး အတွက် သာလျှင်ဖြစ်ပေ၏။ ယင်း လွတ်မြောက်မှုသည်သာလျှင် ဗြဟ္မ စရိယ၏ အနှစ်သာရဖြစ်၏။ ယင်း လွတ်မြောက်မှုသည်သာလျှင် ဗြဟ္မစရိယ၏ အဆုံးဖြစ်၏"

ဗုဒ္ဓ၏ အဘိဓမ္မာအယူအဆကိုမပြောပြမီ ဗုဒ္ဓဝင်အတ္ထုပ္ပတ္တိ၏ ကျန်အစိတ်အပိုင်းကို လက်စသတ်ဘို့ရန် လိုအပ်ပေသည်။

ဆာရနာထ် (မိဂဒါဝုန်) ၌ မိမိ၏တရားဓမ္မကို ပဌမဦးဆုံး ဟောကြားပြီး၍ ဗုဒ္ဓသည် ထိုအရပ်၌ပင် ဝါကပ်တော်မူသည်။ ဝါကျွတ်သောအခါ ထိုအရပ်မှ စွန့်ခွာထွက်သွားကြသော ပဌမ အကြိမ် လေးလအတွင်း ရရှိသော မိမိ၏တပည့် ခြောက်ဆယ်တို့ အား ဗုဒ္ဓသည် ဤသို့ ထုတ်ဖော် ညွှန်ကြားတော် မူလေ၏-(သံယုတ္တနိကာယ်-၄၊ ၁၊ ၄)

"ရဟန်းတို့၊ လူအများ၏အကျိုးစီးပွားအတွက်၊ လူအများ၏ချမ်းသာမှုအတွက်၊ လောကအား ကြင်နာ ထောက်ထားရန်အတွက်၊ နတ်လူတို့၏ အကျိုးစီးပွားချမ်းသာအတွက် လှည့်လည်သွားလာကြကုန်လော့၊ နှစ်ယောက်တွဲ၍ မသွားကြကုန်လင့်။ ငါလည်း....ဥရုဝေလာ....သေနာနီရွာသို့....တရားဓမ္မ ဟောကြားရန် သွားပေအုံ့"

ထိုနောက် ဗုဒ္ဓသည် ၄၄ နှစ်ကာလပတ်လုံး အသက်ရှည်ဟော်မူ၏။ ထို ၄၄ နှစ်အတွင်း ဝါတွင်းလေးလ အချိန်များကို ချန်လှပ်ပြီးလျှင် ဗုဒ္ဓသည် အမြဲမပြတ် ဒေသစာရီ လှည့်လည်တော်မူပြီး ရောက်ရာအရပ်ဟူသမျှ၌ လူအပေါင်းတို့အား မိမိ၏တရားဓမ္မနှင့် အဘိဓမ္မာကို ဟောကြားတော် မူခဲ့လေသည်။ ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ရောက်ရှိပြီးနောက် အောက်ပါ ၅ာနမျှားခ၌ (၄၄) ဝါ ဝါကပ်တော်မူလေသည်။ အောက်ပါ ၅ာနမျှားခ၌ (၄၄) မိုး သီတင်းသုံးနေထိုင်တော်မူသည်ဟု ဆိုလိုသည်။

နေရာ	ခုနှစ် (အီ-စီ)
လုမ္မိနီ၌ မွေးဖွား	၅၆၃
ဗောဓိဂယာ၌ ဘုရားဖြစ်	၅၂၀
၁။ ဣသိပတန (ဆာရနာထ်)	၅၂၀
၂-၄။ ရာဇဂြိုဟ်	၅၂၇-၂၅
၅။ ဝေသာလီ	၅၂၄
၆။ မကုလတောင် (ဗီဟာရ်)	၅၂၃
၇။ (တာဝတိံသာ?)	၅၂၂

၈။	သုံသုမာရဂိရိ (ကျွန်းနာရီ)	၅၂၁
၉။	ကောသမ္မီ (ဥလဟာဗာဒီ)	၅၂၀
၁၀။	ပါရိလေယျက (မိရ်ဂျာပူ)	၅၁၉
၁၁။	နာလာ (ဗိဟာရ်)	၅၁၈
၁၂။	ဝေရဉ္ဇာ (ကန္ဒောဂျိန့် မထုရာ အကြား)	၅၁၇
၁၃။	စာလိယတောင် (ဗိဟာရ်)	၅၁၆
၁၄။	သာဝတ္ထိ (ဂေါဇွာ)	၅၁၅
၁၅။	ကပိလဝတ္ထု	၅၁၄
၁၆။	အာလဝီ (အာရိုဝယ်)	၅၁၃
၁၇။	ရာဇဂြိုဟ်	၅၁၂
၁၈။	စာလိယတောင်	၅၁၁
၁၉။	စာလိယတောင်	၅၁၀
၂၀။	ရာဇဂြိုဟ်	၅၀၉
၂၁-၄၅။	သာဝတ္ထိ	၅၀၈-၄၈၄
၄၆။	ဝေသာလီ	၄၈၃
	(ကုသိနာရုံ၌ ပရိနိဗ္ဗာန်စံ-	၄၈၃)

ဗုဒ္ဓ ဒေသစာရီ လှည့်လည်တော်မူရာ အရပ်ဒေသများမှာ များသောအားဖြင့် ယူပီနယ်နှင့်ဗိဟာရ်နယ်တဝိုက်အထိသာလျှင် သတ်မှတ် ပိုင်းခြားအပ်ပေ၏။ ယင်း ဒေသများ၏ အပြင်ဘက်သို့ ဗုဒ္ဓသည် တခါတရံမျှ ကြွတော်မမူပေ။

ဇာတဝန်အလှ

အိန္ဒိယ ရာဇဝင် တလျှောက်လုံးဌ ဗုဒ္ဓကို အကယ်၍ ပုဂ္ဂိုလ် တဦးဦးနှင့် နှိုင်းစာရမည်ဆိုလျှင် ထိုပုဂ္ဂိုလ်မှာ မဟာတ္တမဂန္ဓီ သာလျှင် ဖြစ်နိုင်ဘို့ရှိလေသည်။ သို့ရာတွင် ဗုဒ္ဓ၏ ဂုဏ်ထူးဝိသေသ တို့မှာ မြင့်မားလျက်ပင် ရှိသည်။ အကယ်၍ အခြားသော အကြောင်းအရာများ၌ ဗုဒ္ဓသည် အလွန် မြင့်မြတ်ကြီးကျယ်သည် ဖြစ်လျှင် မခရေမတ္တက်နိုင်လောက်အောင် များပြားသော အိန္ဒိယ အမျိုးသားများ၏ လွတ်မြောက်ရေး စစ်သူကြီးအဖြစ်နှင့် ဂန္ဓီ ကလည်း ရှေ့သို့တိုးလျက်ရှိသည်။ ဗုဒ္ဓသည် ထိုခေတ်အခါက လူတန်းစား အားလုံးတို့၏ ကြည်ညိုမြတ်နိုးမှု ခံရသည်မှာ အံ့သြဖွယ်ရာ မဟုတ်ပေ။ ယခုခေတ် ဂန္ဓီကိုလည်း ထိုကဲ့သို့ပင် ဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့ရှိရပေသည်။

ဗုဒ္ဓသည် ဇာတ်ခဲခြားမှုစံနစ်နှင့် ယဇ်ပူဇော်မှုကို ဆန့်ကျင်သူ ဖြစ်သည်။ သို့သော်လည်း ကူဋဒန္တ၊ သောဏဒန္တ ကဲ့သို့သော မင်းဆရာ ဗြာဟ္မဏ ပညာရှိကြီးများသည် ဗုဒ္ဓ၏ ခြေတော် ရင်းတွင် ဝပ်စင်းကြလေသည်။ ဗုဒ္ဓသည် သူ၏ဘိက္ခု သံဃအဖွဲ့ အစည်း အားဖြင့် စီးပွားရေး သာတူ ညီမျှမှုနှင့် ပြည်သူ့ အုပ်ချုပ်ရေး စံနှစ်မျိုးရှိသည့် လူ့လောက လူ့အဖွဲ့အစည်းတမျိုးကို

တည်ဆောက်ဘို့ရန် အိပ်မက်မြင်မက်ခဲ့သူ ဖြစ်သည်။ သို့ရာတွင် မဂဓဘုရင်၊ ကောသလဘုရင်၊ ဝေသာလီနှင့် ကုသိနာရုံ ဂဏနိုင်ငံ ဘုရင်တို့သည် ဗုဒ္ဓအားသူထက်ငါ အပြိုင်အဆိုင် ကိုးကွယ်ဆည်းကပ်ကြသည်။ ယနေ့ ကျွန်ုပ်တို့ "ဟရိဂျန်"ဟု ခေါ်သည့် အဖိနှိပ်အခံရဆုံး အမျိုးဇာတ်ကို လွတ်မြောက် ကယ်တင်ရာ၌မူ ဗုဒ္ဓသည် အပြောဖြင့်သာလျှင် မဟုတ်ဘဲ အလုပ်ဖြင့်လည်း ထင်ရှားပြခဲ့လေသည်။

ဗုဒ္ဓ၏ ဘိက္ခုသံဃအဖွဲ့အစည်းထဲ၌ စဏ္ဍာလနှင့် ဗြာဟ္မဏာသည် ထူးခြားခြင်းမရှိပေ။ အတူတူသာလျှင်ဖြစ်၏။ သူတို့နှစ်ဦးအနက် တဦးနှင့်တဦးကို အလေးပြုရန်အတွက် မည်သူက အရင်ရဟန်းဘောင်သို့ ဝင်ယနည်း ဟူသော အချက်ကိုသာလျှင် ဂရုထားရလေသည်။ ထိုအချိန်သမယ၌ ကုန်သည်လူတန်းစားသည် အလွန်တရာ တန်ခိုးအာရှိသည့် အင်အားစုတခု ဖြစ်နေသည်။ ယခုခေတ်ကာလ လမ်းပန်းဆက်သွယ်ရေးမျိုး မရှိသော်လည်း ထိုခေတ်သမယ၌ ရရှိနိုင်သော ရေကြောင်းနှင့် ကုန်းကြောင်း လမ်းပန်း ဆက်သွယ်ရေးများကိုမူ အပြည့်အဝ အသုံးပြုခဲ့ကြလေသည်။ မြစ်များ၌ လှေကြီးများ သွားလာကြသည်။ အချို့မြစ်များမှာမူ မိုးဥတုကာလ နှစ်လလောက်သာလျှင် လှေဖြင့် သွား၍ရသည့် မြစ်မျိုးဖြစ်ကြသည်။ ထိုမြစ်များကိုလည်း အသုံးပြုကြလေ၏။ ပင်လယ်သမုဒ္ဒရာ၌ ကုန်သည် လှေသင်္ဘောများ သွားလာကြလေသည်။ ကျွန်ုပ်တို့ နိုင်ငံ၌ ထုတ်လုပ်သော ကုန်ပစ္စည်း များမှာ နေရာတကာတွင် အရောင်းရ သွက်ခဲ့သည်။ ထိုခေတ်အခါက ပင်လယ်ရေကြောင်း ကုန်သည်များတွင် ကုဋေကုဋာ ကြွယ်ဝချမ်းသာသူ အမြောက်အမြား ရှိလေသည်။

ကုန်းကြောင်းခရီးဌ်မှ ယေဘုယျအားဖြင့် ကုန်သည်များသည် နှားလှည်းဖြင့် အသွားအလာ ပြုလုပ်ကြလေ၏။

သာဝတ္ထိသည် ကာသိကောသလ တိုင်း၏ နေပြည်တော် ဖြစ်သည်။ ရာဇဂြိုဟ်သည် အင်္ဂ မဂဓတိုင်း၏၊ ကောသမ္မီသည် ဝဿဝတိုင်း၏၊ ဥဇ္ဇေနီသည် အဝန္တီတိုင်း၏၊ တက္ခသီလာသည် ဂန္ဓာရတိုင်း၏နေပြည်တော်များဖြစ်ကြသည်။ယင်း နေပြည်တော်များအပြင် အင်္ဂတိုင်းဌ် ဘဒ္ဒိယာ၊ ကာသိတိုင်းဌ် ဗာရာဏသီ၊ လာဋ္ဌဌ် ဘရုကစ္ဆ (ဘရောက်ချ်)၊ နောက် လာဋ္ဌဌ် သူပရိက (သုပါရာ)အဝရှိသော ကူးသန်းရောင်းဝယ်ရေး အချက်အချာ မြို့ကြီးများ ရှိကြလေသည်။ ထိုမြို့ကြီးများဌ် သူဌေးသူကြွယ်ပေါင်း များစွာတို့ နေထိုင်ကြကုန်၏။ အလယ်ပိုင်းဒေသရှိ သူဌေး သူကြွယ်ပေါင်း များစွာတို့သည် ဗုဒ္ဓ၏ တပည့်တပန်းများ ဖြစ်ကြသည်။ ၎င်းတို့အထဲဌ် ဥစ္စာစည်းစိမ်နှင့် ဂုဏ်သိမ်၏အမြင် အားဖြင့်ကြည့်လျှင် သာဝတ္ထိမှ သူဌေး သုဒတ္တသည် ထိပ်တန်း အလွန်ကျသည့် ပုဂ္ဂိုလ်ဖြစ်လေ၏၊

သုဒတ္တသည် အမည်နာမနှင့် လိုက်လျောသော ဂုဏ်အရည် အချင်းရှိသူ ပုဂ္ဂိုလ်ဖြစ်သည်။ သူ၏ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများမှာ ထိုခေတ်က ယဉ်ကျေးသော အိန္ဒိယ ပြည်တွင် အနှံ့အပြား ရှိခဲ့လေသည်။ သူသည် အလွန်ရက်ရောသောပုဂ္ဂိုလ် ဖြစ်သည်။ ခိုကိုးရာမဲ့သူအတွက် သူ၏ ဘဏ္ဍာတိုက်သည် အမြဲ ပွင့်လျက်ရှိသည်။ ထိုကြောင့် သူ၏ နာမည်ရင်းကို အသိနည်းပြီး သူ့ကို အနာထ ပိဏ္ဍိက(ခိုကိုးရာမဲ့သူများကို ထမင်းပေးသူ)ဟူ၍ သာလျှင် အခေါ်များကြလေ၏။ အရွယ်အားဖြင့် သူသည် ဗုဒ္ဓနှင့် သက်တူရွယ်တူလောက်ပင် ဖြစ်ဟန်ရှိသည်။ သူ ဗုဒ္ဓနှင့် သိကျွမ်း

ခြင်းမှာလည်း မဆွကပင် ဖြစ်လေ၏။ ဗုဒ္ဓ အဖြစ်သို့ရောက်ပြီး ခေါ်ခေါ်ခြင်းမြောက်၍ ပဌမဦးစွာ အနာထပိဏ်သည် ဗုဒ္ဓအား ဖူးတွေ့ပြီး တရားဒေသနာတော်ကို နာကြားလေသည်။ထိုအချိန်၌ သူသည် ဗုဒ္ဓ၏ တပည့်ဒါယကာ ဖြစ်သွားလေသည်။ သံယုတ္တနိကာယ်သုတ် တသုတ်(၁၁၊၁၊၈)၌ အောက်ပါအတိုင်း ပါရှိလေသည်။

"ဤသို့ ကျွန်ုပ် ကြားလိုက်ရသည်- တချိန်တုန်းက မြတ်စွာဘုရားသည် ရာဇဂြိုဟ် သီတဝနတောင်၌ နေတော်မူ၏။

"ထိုအချိန်၌ ရာဇဂြိုဟ် သူဌေးကြီး၏ ယောက်ဖတော်စပ်သူ အနာထပိဏ် သူကြွယ်သည် အလုပ်ကိစ္စတခုဖြင့် ရာဇဂြိုဟ်သို့ ရောက်သွား၏။ ရာဇဂြိုဟ် သူဌေးကြီးသည် သံဃာနှင့်တကွသော ဗုဒ္ဓကို နေ့စဉ်တနေ့အဘွဲ့ပင် ဖိတ်ထား၏။ သို့ဖြစ်၍ သူသည် ကျေးကျွန် အလုပ်သမားများအား အမိန့်ပေးနေ၏-"

"အချင်းတို့၊ အချိန်နှင့်ထပြီး ပဲပြုတ်ထမင်းကို ချက်ကြလော့။ ထမင်းကိုချက်ကြလော့။ဟင်းကိုချက်ကြလော့...."အနာထပိဏ်သူကြွယ်က တွေးသည်"အရင်က ငါရောက်လာလျှင် ဤသူဌေးကြီးသည် ရှိသမျှအလုပ်ကို ဘေးဖယ်ထားပြီး ငါ့ကိုသာ ကြိုဆိုခဲ့သည်။ ဒီကနေ့မှ ပျာရီပျာရာနှင့် ကျေးကျွန် အလုပ်သမားများအား အမိန့်ပေးနေသည်-'အချင်းတို့ အချိန်နှင့် ထပြီး....' ဒီသူဌေးကြီး၏ အိမ်၌ အာဝါဟ ဝိဝါဟ မင်္ဂလာဝတ်များ ကျင်းပပြုလုပ်မလို့လား၊ သို့မဟုတ် ယဇ်ပူဇော်ခြင်းများကိုဘဲ ပြုလုပ်မလို့လား။ သို့မဟုတ် မဂဓဘုရင် ဗိမ္ဗိသာရကိုဘဲ နက်ဖြန်ခါ အတွက် ပင့်ဖိတ်ထားကြလေသလား"

"ရာဇဂြိုဟ် သူဌေးကြီးသည် ကျေးကျွန် အလုပ်သမား များအား အမိန့်ပေးပြီး အနာထပိဏ်သူဌေးရှိရာသို့လာခဲ့လေ၏။ လာပြီး အနာထပိဏ် သူဌေးကို နှုတ်ဆက်လျက် တဖက်၌ ထိုင်လိုက်သည်။ ရာဇဂြိုဟ် သူဌေးကြီးအား အနာထပိဏ် သူဌေးက ပြောလေသည် 'အရှင်က ကျွန်ုပ်လာလျှင် သင်သူဌေး ကြီးသည်....' ...."

"သူဌေးကြီး၊ ကျွန်ုပ်အိမ်ဒေါ အာဝါဟ ဝိဝါဟမဂ်လာလည်း မရှိ။ မဂဓဘုရင်ကို ပင့်ဖိတ်ထားခြင်းလည်း မဟုတ်။ နက်ဖြန် ကျွန်ုပ်၏အိမ်၌ ယဇ်ပူဇော်ပွဲကြီးရှိသည်။ သံဃာနှင့်တကွသော ဗုဒ္ဓကို နက်ဖြန်အတွက် ပင့်ဖိတ်ထားသည်"

"သူဌေး၊ 'ဗုဒ္ဓ' ဆိုသည့်အသံမျှပင် လောကဌ်ကြားရခဲသည်။ အခု အဲဒီရှင်တော်ဗုဒ္ဓကို အဖူးအမျှော်သွား၍ ဖြစ်ပါမည်လား"

"သူဌေး၊ အခုအချိန်ဟာ ရှင်တော်ဗုဒ္ဓကို အဖူးအမျှော်သွားချိန်မဟုတ်ပါ"

ထိုအခါ အနာထပိဏ်သူဌေးသည် 'နက်ဖြန်ခါအချိန်ကျလျှင် ရှင်တော်ဗုဒ္ဓကို အဖူးအမျှော်သွားမည်'-ဤသို့ ဗုဒ္ဓအကြောင်းကို (စိတ်ထဲတွင်) တွေးပြီး အိပ်ပျော်သွားလေ၏။ ညအချိန်ကို နံနက်အောက်မေ့ပြီး သုံးကြိမ်ထ၏။ ထိုနောက် အနာထပိဏ် သူဌေးသည် (ရာဇဂြိုဟ်မြို့၏) သီဝ တံခါးရှိရာသို့ သွားလေ၏။ လူမဟုတ်သူ (နတ်စသည်) များက တံခါးကို ဖွင့်ပေးလေ၏။ အနာထပိဏ်သူဌေး မြို့ပြင်သို့ ထွက်လိုက်သည်နှင့် တပြိုင်နက် အလင်းရောင် ပျောက်ကွယ်သွားပြီး အမှောင်ပေါ်ပေါက်လာ လေသည်။ သူသည် ကြောက်ရွံ့ခြင်း၊ ကိုယ်ခက်ထရော်ရှိခြင်း၊ ကြက်သီးမွေးညှင်းထခြင်း ဖြစ်မိလေသည်။ အနာထပိဏ်သူဌေး

သည် သီတဝနသို့ သွားလေ၏။ ထိုအချိန်၌ မြတ်စွာဘုရားသည် နံနက်အရုဏ်တက်အချိန်၌ ထပြီး လွင်တီးခေါင်အရပ်၌ စင်္ကြံ လျှောက်နေတော်မူ၏။ ဘုရားရှင်သည် အနာထပိဏ်သူဌေးကို အဝေးမှ မြင်ရသည်။ မြင်ရသည်ဖြစ်၍ စင်္ကြံလျှောက်နေသည့် နေရာမှဆင်းပြီး ခင်းထားအပ်သည့်နေရာ၌ထိုင်ပြီး အနာထပိဏ် သူဌေးအား 'သုဒတ္တလာ' ဟု မိန့်တော်မူလေသည်။ အနာထပိဏ် သူဌေးသည် 'ဘုရားရှင်က ငါ့နာမည်ကို ထုတ်ဖော်ပြီး ခေါ်နေ တယ်'ဟု တွေးပြီး ဝမ်းသာအားရနှင့် ဘုရားရှိရာသို့ သွားလေ၏။ သွားပြီး ဘုရားရှင်၏ခြေတော်များကို ဦးတိုက်ပြီး လျှောက်ထား လေသည်-

"အရှင်ဘုရား ချမ်းသာစွာ အိပ်ပျော်ပါရဲ့လားဘုရား"

"နိဗ္ဗာန်ကိုရပြီးသော (သူ) ဗြာဟ္မဏသည် ချမ်းသာစွာ အိပ် ပျော်လေသည်။ အကြင်သူသည် ချမ်းမြေ့၍ ညစ်ကြေးကင်းစင်ပြီး ကာမအာရုံတို့၌ မကပ်ငြို။ ကိလေသာအားလုံးကို ချိုးဖျက်လျက် စိတ်ချမ်းသာမှုကိုရပြီး ငြိမ်းချမ်း၍နေ၏။ ထိုသူသည် ချမ်းသာစွာ အိပ်ပျော်လေသည်"

ဗုဒ္ဓ၏တရားဓမ္မကို ကြားနာရ၍ အနာထပိဏ်သည် ဗုဒ္ဓ ဓမ္မ သံဃာတည်းဟူသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်၍ တပည့် ဥပသကာဖြစ်သွားပြီးလျှင် နောက်တနေ့တွင် ဗုဒ္ဓအား တပည့်ရဟန်းသံဃာတော်များနှင့်တကွ ဆွမ်းလုပ်ကျွေးလေ၏။ ဆွမ်းစားပြီးသောအခါ အနာထပိဏ်က ဗုဒ္ဓအား လျှောက်ထား လေသည်-

"ရဟန်းသံဃာနှင့် အတူတကွ ဘုရားသခင်သည် သာဝတ္ထိ တွင် ဝါကပ်တော်မူပါ"

ဘုရားရှင်က မိန့်တော်မူ၏- "သူကြွယ်၊ တထာဂတတို့မည်သည် ဆိတ်ငြိမ်ရာကို နှစ်သက်ကြသည်"

ရာဇဂြိုဟ်မှ သာဝတ္ထိသို့ ပြန်သည့်အခါ အနာထပိဏ်သည် လမ်းခရီးနေရာ ဟူသမျှ၌ လူအပေါင်းတို့အား ပြောသွားလေသည်-

"အချင်းတို့၊ အရာမ်ကိုဆောက်ကြလော့။ ကျောင်းကိုဆောက်ကြလော့။ လောက၌ ဗုဒ္ဓဘုရား ပွင့်လာလေပြီ။ ထိုဘုရားကို ငါ ပင့်လာခဲ့ပြီ။ သူ ဒီလမ်းက ကြွလာလိမ့်မည်"

သာဝတ္ထိသို့ပြန်ရောက်သောအခါ အနာထပိဏ်သည် မြို့ရွာနှင့် မနီးမဝေးနေရာကို ရှာလေ၏။ သွားလာလိုသူများ လွယ်လင့်တကူ သွားလာနိုင်သည့် နေရာမျိုး၊ နေ့အခါတွင် လူစုလူဝေးနည်းပြီး ညအခါတွင် ဆူသံပူသံနည်းသည့်နေရာမျိုးကိုရှာလေ၏။ သာဝတ္ထိ အနောက်တောင်ဒေါင့်ရှိ ဇေတမင်းသား၏ ဥယျာဉ်သည် ယင်း အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်ကြောင်းတွေ့ရသည်။ အနာထပိဏ်သည် ဇေတမင်းသားဆီက ထိုနေရာကို တောင်းသည်။ မင်းသားက "အကယ်၍ အသပြာငွေများဖြင့် ခင်းပြီး ဝယ်တောင်မှ ထိုနေရာကို မပေးနိုင်" ဟု ပြောလေသည်။ နောက်မှ တရားသူကြီးက "အကယ်၍ သူ့ငွေးက ဒေါင့်မှ ဒေါင့်အထိ မြေဘဲဥခင်လုံး ငွေအသပြာများဖြင့် ခင်းပေးနိုင်လျှင် ဥယျာဉ်ကို ဝယ်ယူနိုင်သည်"ဟု အဆုံးအဖြတ်ပေးလိုက်လေသည်။

သာဝတ္ထိသည် ယခုခေတ် ဆင်ဟတ် အမည်ဖြင့် ဂေါန်ဒါ ဒီစတြိတ်ရှိ တိမ်ကောနေသောနေရာဖြစ်လေသည်။ ဇေတဝန်မှာ မဟတ်၏ ပျက်စီးယိုယွင်းနေသောဌာန ဖြစ်လေသည်။ ပါဠိကျမ်းဂန်များ၌ ဒဂ်ါး၏အမည်ကို ဟိရည (ရှော့ဒဂ်ါး)ဟု ဆိုသည်။

သို့ရာတွင် ယခုအထိ ထိုကဲ့သို့သော မည်သည့် ရှေးဒဂံးမျိုးမျှကို မတွေ့ရပေ။ ၎င်း သို့မဟုတ် ကြေး လေးဒေါင့် ဒဂံးများကား မုချပင် ရှိခဲ့သည်။ အကယ်၍ တံဆိပ်ငါးခုရှိသည့် ၎င်းဒဂံးကို ယူလျှင်မူ ထိုဒဂံးသည် ၁၆၆ မှ ၁၇၅ ဂရင်ရှိသော ဒဂံး ဖြစ်ကြောင်း သိရှိရပေသည်။ ကျွန်ုပ်တို့၏ ၎င်းဒဂံးသည် ၁၇၀ ဂရင် (တစ်တိုလာ) နှင့်ညီမျှသည်။ ပါဠိကျမ်းဂန်များ၌ အနာထပိဏ်သည် ကဟာပဏ ၁၀ ကုဋေကို ဖြန့်ခင်းပြီး ဇေတဝန်ကို ဝယ်၏ဟု ရေးသားပါရှိလေ၏။ ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံပြီးနောက် နှစ်ပေါင်း နှစ်ရာ့ငါးဆယ်အကြာတွင် တည်သော ဘာရဟုတ် ပုထိုးတွင် တံဆိပ်ငါးခုရှိ ဒဂံးများကိုခင်းပြီး ဇေတဝန်ကို ဝယ်ယူကြောင်း ညွှန်ပြထားလေ၏။ ၎င်း၌ဇေတဝန်ကို "ကောဋိ သန္ဌတေန ကေတေ" (ဒေါင့်မှစ၍ ဒဂံးပြားများခင်းပြီး ဝယ်ယူသည်" ဟု ရေးသားထားသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၂၀၀က ထိုရေးသားထားချက်အရ အနာထပိဏ်သည် ၎င်ကြေး အမြောက်အမြား အကုန်ခံပြီး ဇေတဝန်ကို ဝယ်ယူ၏ဟု သိရှိရပေ၏။

ဒဂံး ၁၀ ကုဋေဖြင့် ၁၄.၃၅ ဧကရှိ မြေနေရာကို ဖုံးမိပေလိမ့်မည်။ ယခုခေတ် ဇေတဝန်၏အဓိက အစိတ်အပိုင်းမှာ ၁၄.၇ ဧကရှိ၏။ ဗုဒ္ဓသည် သူ၏ဘဝတလျှောက်၌ ဤနေရာတွင် အချိန်အများဆုံး (၂၅ ဝါ) နေထိုင် သီတင်းသုံးခဲ့လေသည်။ ပိဋကသုံးပုံတွင် ပေါင်းချုပ်ထားသည့် သူ၏ တရားဥပဒေသ အများဆုံးမှာ ဤနေရာတွင်ပင် ဟောကြားခဲ့ခြင်း ဖြစ်သည်။ ဇေတဝန်သည် ဗုဒ္ဓဘာသာလောကအတွက် အလွန်လေးစား ပူဇော်အပ်သည့်နေရာဖြစ်သည်။ ၁၉၃၁-ခုနှစ်က သီဟိုဠ်ကျွန်းမှ

ပညာရှိရဟန်းတော်ပေါင်းများစွာသည် ဓမ္မာနန္ဒပါဒမဟာထေရ်နှင့်အတူတကွ ဇေတဝန် ကျောင်းတော်ရာကို အဖူးအမျှော်ရောက်လာကြသည်။ ရဟန်းသံဃာပေါင်းများစွာ သိတင်းသုံးနေထိုင်ခဲ့သည့် ဇေတဝန်ကျောင်းတော်ကြီးမှာ ယခုအခါတွင် အပျက်အစီး အယိုအယွင်းမျှသာ ကျန်တော့၏။ ရှေးဟောင်းကမ္မည်းကျောက်စာဌာနက အဆောက်အဦးများ၏ အုတ်မြစ်ကို တူးဖော်ပြီးအပေါ်သို့ထုတ်ထားသည်။ဓမ္မာနန္ဒပါဒမဟာထေရ်၏ နှုတ်မှ ပါဠိဂါထာဟောင်းတခု ထွက်ပေါ်လာသည်။

ဂုဒံ ဇေတဝနံ ပုညာ ဂုသိသံဃေဟိ သေဝိတံ
(ရသေ့ရဟန်းများ မှီဝဲအပ်သည့် ဇေတဝန်)

ယင်းသို့ ထွက်ပေါ်လာပြီး သူ၏ လည်မျိုမှာ တစ်ဆို့သွားပြီး မျက်ရည်ဖြိုင်ဖြိုင် စီးကျလာ၏။ ဗုဒ္ဓ သိတင်းသုံး နေထိုင်သည့် ဤဌာနသည် ဤအခြေအနေမျိုး ဖြစ်နေလိမ့်မည်ဟု ထင်ရုံမျှပင် သူ ဘယ်မှာ ထင်ခဲ့မည်နည်း။ လွန်ခဲ့သည့် နှစ်ပေါင်းခုနှစ်ရာအထိ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တရားသည် ကျွန်ုပ်တို့ နိုင်ငံမှ ပျောက်ကွယ်သွားသည်။ ယနေ့ ဗုဒ္ဓသည် ဂုဏ်သိက္ခာကြီးမားစွာဖြင့် မိမိမွေးရပ်သို့ တဖန် ပြန်လာနေပြီဆိုသည့် အချက်ကို ပြောပြနေဘို့ရာ မလိုပေ။

အနာဃပိဏ်သည် သူ၏ ဘဝနောက်ပိုင်း အချိန်၌ ဆင်းရဲသွားလေ၏။ သို့ပင်ဖြစ်သော်လည်း ဇေတဝန်သို့ လာသည့် အခါတိုင်း လက်ထဲတွင် တခုခု ယူလာခဲ့လေ၏။ တခြားယူစရာ မရှိလျှင် သဲကို ယူလာပြီး အရာမ်ထဲတွင် ဖြန့်ခင်းလေသည်။

ဇောတမင်းသားသည် မြေနေရာ အနည်းငယ်ကို ဒဂ်ါးများဖြင့် ခင်းခွင့်မပြု။ ထိုနေရာ၌ သူပိုင်ငွေဖြင့် ကြီးမားသည့်တံခါးကြီးကို ဆောက်လုပ်ထား၏။ ဇောတမင်းသား၏ အမည်သည်လည်း ယနေ့ ဤဇောတဝန် ကျောင်းတော်ကြောင့် အသက်ရှင်လျက်ပင် ရှိနေသည်။

ပညာရှိရဟန်းတော်ပေါင်းများစွာသည် ဓမ္မာနန္ဒပါဒမဟာထေရ်နှင့်အတူတကွ ဇေတဝန် ကျောင်းတော်ရာကို အပူးအမျှော်ရောက်လာကြသည်။ ရဟန်းသံဃာပေါင်းများစွာ သိတင်းသုံးနေထိုင်ခဲ့သည့် ဇေတဝန်ကျောင်းတော်ကြီးမှာ ယခုအခါတွင် အပျက်အစီး အယိုအယွင်းမျှသာ ကျန်တော့၏။ ရှေးဟောင်းကမ္မည်းကျောက်စာဌာနက အဆောက်အဦးများ၏ အုတ်မြစ်ကို တူးဖော်ပြီးအပေါ်သို့ထုတ်ထားသည်။ဓမ္မာနန္ဒပါဒမဟာထေရ်၏ နှုတ်မှ ပါဠိဂါထာဟောင်းတခု ထွက်ပေါ်လာသည်။

ဗုဒ္ဓ ဇေတဝနံ ဟုတ္တ ဗုဒ္ဓသိသံယေဟိ သေဝိတံ
(ရသေ့ရဟန်းများ မှီဝဲအပ်သည့် ဇေတဝန်)

ယင်းသို့ ထွက်ပေါ်လာပြီး သူ၏ လည်မျိုမှာ တစ်ဆို့သွားပြီး မျက်ရည်ဖြိုင်ဖြိုင် စီးကျလာ၏။ ဗုဒ္ဓ သိတင်းသုံး နေထိုင်သည့် ဤဌာနသည် ဤအခြေအနေမျိုး ဖြစ်နေလိမ့်မည်ဟု ထင်ရုံမျှပင် သူ ဘယ်မှာ ထင်ခဲ့မည်နည်း။ လွန်ခဲ့သည့် နှစ်ပေါင်းခုနှစ်ရာအထိ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တရားသည် ကျွန်ုပ်တို့ နိုင်ငံမှ ပျောက်ကွယ်သွားသည်။ ယနေ့ ဗုဒ္ဓသည် ဂုဏ်သိက္ခာကြီးမားစွာဖြင့် မိမိမွေးရပ်သို့ တဖန် ပြန်လာနေပြီဆိုသည့် အချက်ကို ပြောပြနေဘို့ရာ မလိုပေ။

အနာဃပိဏ္ဍိကသည် သူ၏ ဘဝနောက်ပိုင်း အချိန်၌ ဆင်းရဲသွားလေ၏။ သို့ပင်ဖြစ်သော်လည်း ဇေတဝန်သို့ လာသည့် အခါတိုင်း လက်ထဲတွင် တခုခု ယူလာခဲ့လေ၏။ တခြားယူစရာ မရှိလျှင် သဲကို ယူလာပြီး အရာမ်ထဲတွင် ဖြန့်ခင်းလေသည်။

ဇောတမင်းသားသည် မြေနေရာ အနည်းငယ်ကို ဒဂ်ါးမျှားဖြင့် ခင်းခွင့်မပြု။ ထိုနေရာ၌ သူပိုင်ငွေဖြင့် ကြီးမားသည့်တံခါးကြီးကို ဆောက်လုပ်ထား၏။ ဇောတမင်းသား၏ အမည်သည်လည်း ယနေ့ ဤဇောတဝန် ကျောင်းတော်ကြောင့် အသက်ရှင်လျက်ပင် ရှိနေသည်။

နောက်ဆုံးနှစ်

ဗုဒ္ဓ ပရိနိဗ္ဗာန် စံသောအချိန်ကို ဘီစီ ၄၇၃ ဟု ရာဇဝင်ဆရာများက သတ်မှတ်ဆုံးဖြတ်ကြသည်။ ရှေးဟောင်းစဉ်လာအယူအဆက ထိုခုနှစ်ထဲဘင် အနှစ်ခြောက်ဆယ် ထပ်ဖြည့်လိုက်လေသည်။ ယင်းသို့အားဖြင့် ၅၄၃ သို့မဟုတ် ၅၄၄ ဖြစ်ပြီးလျှင် ၁၉၅၆ ခုနှစ် မေလတွင် ဗုဒ္ဓ ပရိနိဗ္ဗာန် စံသောနှစ်သည် ၂၅၀၀ တင်းတင်း ပြည့်လာခဲ့လေ၏။ ပရိနိဗ္ဗာန် မစံမီ နှစ်ပေါင်း ၈၀ အလွန်က ဗုဒ္ဓသည် လုံမိုနီ၌ ဖွားမြင်တော်မူသည်။ ရှေးဟောင်းစဉ်လာ အယူအဆအရ ကြည့်မည်ဆိုလျှင် ဗုဒ္ဓ၏ နောက်ဆုံးနှစ်သည် ဘီစီ ၅၄၅ နှင့်၏ ကဆုန်လပြည့်နေ့မှ ၅၄၄ နှစ် ကဆုန်လပြည့်နေ့အထိ ဖြစ်လေသည်။ ဗုဒ္ဓဝင် သမိုင်းဆရာတို့၏ အသိုအရကား ဗုဒ္ဓ၏ နောက်ဆုံးနှစ်သည် ဘီစီ ၄၈၄ နှစ် နွေဥတုကာလမှ ၄၈၃ နှစ် နွေဥတုကာလအထိ ဖြစ်ပေလိမ့်မည်။ ထိုနှစ် တနှစ်၏ အကြောင်းကို တိပိဋကတ် ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်တွင် တွေ့ရပေလိမ့်မည်။ ပိဋကတ်ကဲ့သို့ပင် မဟာပရိနိဗ္ဗာနသုတ်သည်လည်း အမျိုးမျိုးအပြားပြားသော ဂိုဏ်းကိုလိုက်ပြီး အမျိုးမျိုးအစားစား မူများ ကွဲပြားနေလေ၏။ ၎င်းတို့အနက် များစွာသော မဟာပရိနိဗ္ဗာနသုတ်ဘို့၏ ဘာသာပြန်ကို

တရုပ်နှင့် တိဗက် ဘာသာတို့တွင် တွေ့ရှိရပေသည်။ တရုပ်ဘာသာဖြင့်ရှိသော မဟာပရိနိဗ္ဗာန သုတ်တသုတ်ကို ဤစာရေးသူသည် သင်္ကာတဘာသာဖြင့် တဖန် ဘာသာပြန်ဆိုပြီးလျှင် ဥဒယပူမ္ပ ထုတ်ဝေသော သောဓစာစောင်၌ ထည့်ဘူးလေသည်။

တရုပ်ဘာသာပြန်တွင်လည်း ရာဇဂြိုဟ်ရှိ ဂိဇ္ဈကူဋ်ဟောင်း၌ လုတ်၏အစကို ပျိုးထားလေသည်။ ပါဠိတိပိဋကတ်၌လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ တရုပ်ဘာသာပြန်၌ အဇာတသတ်မင်း၏ အမတ်ကြီး ဝဿကာရသည် ဗုဒ္ဓ၏ အထံသို့သွားပြီး ဝေသာလီရှိ ဝဇ္ဇီတို့ အင်အားတောင့်တင်းခြင်း၏ အကြောင်းကို စုံစမ်းကြည့်လေသည်။ ပါဠိဘာသာ၌လည်း ထိုအကြောင်း ပါရှိလေသည်။ ဗုဒ္ဓသည် ဘုရင့် အုပ်ချုပ်ရေးစံနစ်ကို မနှစ်သက်။ ဂဏ(ဒီမိုကရေစီ) အုပ်ချုပ်ရေးစံနစ်ကို လိုလားတော်မူသည်။ ထိုဂဏအုပ်ချုပ်ရေး ပုံစံအတိုင်း ဗုဒ္ဓသည် မိမိ၏ သံဃအဖွဲ့အစည်းကို တည်ထောင်တော်မူသည်။ သံဃအဖွဲ့အစည်း၏ လုပ်ငန်းကိစ္စ ဟူသမျှ- မဲ(ဆန္ဒ)ယူခြင်းနှင့် အခြား အချက်အလက်များသည် ဝေသာလီနှင့် အခြား ဂဏ (ပြည်သူ့) အုပ်ချုပ်ရေး နိုင်ငံမှ လူများ မိမိတို့၏ ကိစ္စ ဆောင်တာများကို ပြုလုပ် ဆောင်ရွက်ကြသည့်အတိုင်းပင် ဖြစ်လေသည်။ ဝေသာလီကဲ့သို့သော ပြည့်စုံကြွယ်ဝသည့် ဂဏ(ပြည်သူ့) အုပ်ချုပ်ရေး နိုင်ငံတခု အနေဖြင့် ဘုရင်တဦးဦး၏ခြေရင်းတွင် သွားဝပ်စင်းရန် ဗုဒ္ဓသည် မည်သည့် အခါမျှ နှစ်သက်လိုလားခြင်း မဖြစ်နိုင်ခဲ့ပေ။ မဇ္ဈိမဒေသ ဣန္ဒိယနိုင်ငံ၏ ဝေသာလီ ဂဏအုပ်ချုပ်ရေးသည် ဂရိစ်ပြည် အေသင် ဂဏ အုပ်ချုပ်ရေးနှင့် ခေတ်ပြိုင် ဖြစ်ခဲ့လေသည်။ အေသင် အကြောင်းကို ရေးသားပြီး ထိန်းသိမ်းထားသည့် ပုဂ္ဂိုလ်များကို

ဘွဲ့ရသော်လည်း ဝေသာလီနှင့် ပတ်သက်၍မူ ဥပေက္ခာပြုထား သူများကိုသာ တွေ့ရပေ၏။ သို့ဖြစ်၍ ဝေသာလီ၏ လျှမ်း လျှမ်းတောက် ရာဇဝင်သမိုင်းနှင့် စပ်လျဉ်း၍မူ ကျွန်ုပ်တို့သည် အလွန်တရာမှ အသိနည်းလှပေ၏။ သို့ရာတွင် ဝေသာလီသည် အောင်ထက် အဆများစွာပိုပြီး အင်အားတောင့်တင်း ခိုင်မာ လေသည်။ ဝေသာလီ၏ အင်အားနှင့် သူ့ရသတ္တိကိုမူ ထိုအချိန် သမယက စွမ်းအားအရှိဆုံး မဂဓဘုရင် အဇာတသတ်အနေဖြင့် အကြိမ်များစွာ ကြိုးပမ်းအားထုတ်သော်လည်း လိစ္ဆဝီတို့အား အရှုံးပေးခဲ့ရသည့် အချက်ကပင် သက်သေ ခံနေပေသည်။ လိစ္ဆဝီနှင့် အဇာတသတ်တို့၏ ပဋိပက္ခဖြစ်ရခြင်း အကြောင်းကို ပါဠိအဋ္ဌကထာ ဆရာများက ဖွင့်ဆိုထားကြလေသည်။

ဂဂ်ါမြစ်ကမ်းခြေအနီးအနား တပိုက်၌ အဇာတသတ်ဘုရင်၏ ပိုင်နက်မြေ ယူဇနာတဝက်ရှိပြီး လိစ္ဆဝီတို့၏ ပိုင်နက်မြေ ယူဇနာ တဝက် ရှိလေသည်။ ...ထိုဒေသ၌ တောင်ခြေမှ အဖိုးထိုက် အဖိုးတန်ဖြစ်သည့် ရနံ့ထုံသင်းသော စပါးသီးနှံထွက်လေသည်။ ထိုသတင်းကို ကြားရ၍ အဇာတသတ်ဘုရင်က 'ယနေ့သွားမည်။ နက်ဖြန် သွားမည်' လုပ်နေရင်း လိစ္ဆဝီ တို့သည် တသံတည်း တသဘောတည်း ဖြစ်ကြသည်ဖြစ်၍ အရင်ဦးအောင် သွားပြီး အားလုံးကို ယူလာခဲ့ကြလေသည်။ အဇာတသတ် ဘုရင်သည် နောက်မှသွားပြီး ထိုသတင်းကို ကြားရသောအခါ အမျက် ဒေါသထွက်ပြီး ပြန်လာခဲ့လေ၏။ နောက် တနှစ်တွင်လည်း ထိုအတိုင်းပင် ဖြစ်လေသည်။ ထိုအခါ အဇာတသတ်ဘုရင်သည် အလွန် အမျက်ထွက်ပြီးလျှင်....ဂဏ အုပ်ချုပ်ရေး နိုင်ငံနှင့် စစ်ဖြစ်ဘို့ရန်မှာ မလွယ်ကူ။ ၎င်းတို့၏ တရုတ်သော ထိုးနှက်

ချက်သည်ပင် အချည်းနှီး အလဟဿမဖြစ်။ ပညာရှိတယောက်ယောက်နှင့် တိုင်ပင်နှီးနှောပြီးလုပ်လျှင် ကောင်းလိမ့်မည်....ဟု အကြံဖြစ်လေ၏။ သို့ဖြစ်၍ သူသည် ဝဿကာရ ဗြာဟ္မဏကို ပို့လိုက်ခြင်း ဖြစ်လေသည်။ (ဒီဃနိကာယ်....အဋ္ဌကထာ)

အဇာတသတ်ဘုရင်က "ငါ ကြီးကျယ်ခမ်းနားသော ဝဇ္ဇီတို့ကို အမြစ်ဖြုတ်ပစ်မည်။ ဝဇ္ဇီတို့ကို ဖျက်ဆီးခြေမှုန်းပစ်မည်။ ရင်းတို့အပေါ် ဘေးရန်ဥပါဒ် ကျရောက်စေမည်" ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။ သို့ရာတွင် ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်မဖော်နိုင်ဖြစ်နေသည်။ အဇာတသတ်ဘုရင်၏ တိုက်ဘွန်းချက်အရ အမတ်ကြီး ဝဿကာရသည် ဗုဒ္ဓအား ထိုအကြောင်းနှင့်စပ်လျဉ်းပြီး မေးလျှောက်လေ၏။ ဗုဒ္ဓက ထိုမေးမြန်းစုံစမ်းချက်ကို နှစ်မြို့တော်မမူ။ ဗုဒ္ဓသည် ဝဿကာရအား ပြန်လည်ဖြေကြားခြင်းမပြုဘဲ မိမိနောက်နားဌိုရပ်နေသော အာနန္ဒာအား ဤသို့ပြောကြားလေ၏-

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြာခဏ စည်းဝေးကြကုန်၏ ဟူ၍ရင်း၊ အကြိမ်များစွာ စည်းဝေးကြကုန်၏ ဟူ၍ရင်း၊ သင်ကြားသလော"

"ကြားပါသည် အရှင်ဘုရား။ ဝဇ္ဇီတို့သည် မကြာခဏ စည်းဝေးကြပါသည်။ အကြိမ်များစွာ စည်းဝေးကြပါသည်"

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြာခဏ စည်းဝေးနေသမျှ ကာလပတ်လုံး၊အကြိမ်များစွာ စည်းဝေးနေသမျှကာလပတ်လုံး၊ ဝဇ္ဇီတို့၏ တိုးတက်ကြီးပွားခြင်းဟုသာ မှတ်ပေလော့။ ဆုတ်ယုတ်နိမ့်ကျခြင်းဟု မမှတ်လေလင့်။ (၂) အာနန္ဒာ၊ ဝဇ္ဇီတို့သည် တညီတညွတ်တည်း စည်းဝေးကြကုန်၏ဟူ၍ရင်း၊ တညီတညွတ်

တည်း ထထကြွကြွ ရှိကြ၏ဟူ၍ရင်း၊ တည်ကြည်တ်တည်း ပြုဇ္ဇယ် ကိစ္စတို့ကို ပြုလုပ်ကြ၏ဟူ၍ရင်း၊ သင် ကြားသလော”

“ကြာပါသည် အရှင်ဘုရား....”

“အာနန္ဒာ၊ ဝဇ္ဇီတို့သည် တည်ကြည်တ်တည်း စည်းဝေး နေကြသမျှ ကာလပတ်လုံး....။ (၃) အာနန္ဒာ၊ ဝဇ္ဇီတို့သည် မပညတ်ခဲ့သောအရာကို မပညတ်ကြဟူ၍ရင်း၊ ပညတ်ပြီးသော အရာကို မပယ်ဖျက်ကြဟူ၍ရင်း၊ ပညတ်ထားခဲ့ပြီးသည့်အတိုင်း ရှေးဟောင်း ဝဇ္ဇီဓမ္မ (ဝဇ္ဇီစည်းကမ်း ဥပဒေ) တို့ကို လိုက်နာ ကျင့်ကြံကြကုန်၏ဟူ၍ရင်း၊ သင် ကြားသလော”

“ကြားပါသည် အရှင်ဘုရား....”

“အာနန္ဒာ၊ ဝဇ္ဇီတို့သည် မပညတ်ခဲ့သောအရာကို မပညတ် ကြသမျှကာလပတ်လုံး....။ (၄) အာနန္ဒာ၊ဝဇ္ဇီတို့သည် အသက် ကြီးသော ဝဇ္ဇီတို့ကို ရိုသေခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း ပြုလုပ်ကြ၏ဟူ၍ရင်း၊ အသက်ကြီးသူတို့၏စကားကို နာယူသင့်သည်ဟု ယူဆကြကုန်၏ဟူ၍ရင်း၊ သင် ကြားသလော”

“ကြားပါသည် အရှင်ဘုရား....”

“အာနန္ဒာ၊ ဝဇ္ဇီတို့သည် အသက်ကြီးသော ဝဇ္ဇီတို့ကို ရိုသေ လေးစား မြတ်နိုးပူဇော်ခြင်း ပြုလုပ်သမျှ ကာလပတ်လုံး....။ (၅) အာနန္ဒာ၊ ဝဇ္ဇီတို့သည် အမျိုးသမီးကြီးငယ်များကို အတင်း ဆွဲငင်ပြီး အနိုင်အထက်သိမ်းပိုက်ခြင်း မရှိကြဟူ၍ သင် ကြား သလော”

“ကြားပါသည် အရှင်ဘုရား....”

“အာနန္ဒာ၊ ဝဇ္ဇီတို့သည် အမျိုးသမီးကြီးငယ်များကို အတင်း ဆွဲငင်ပြီး အနိုင်အထက် သိမ်းပိုက်ခြင်း မရှိသမျှ ကာလ

ပတ်လုံး....။ (၆) အာနန္ဒာ၊ ဝဇ္ဇီတို့သည် မြို့တွင်းမြို့ပြင်ရှိ စေတီ (နတ်ကွန်း) တို့ကို ရိုသေခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်းပြုလုပ်ကြ၏ ဟူ၍ရင်း၊ ထိုနတ်ကွန်းတို့အတွက် ရှေးယခင်က ပေးလှူမြဲဖြစ်သော အလှူဒါနနှင့် ရှေးယခင်က ပြုလုပ်ခဲ့သောတရားနှင့်လျော်ညီသည့် ဗလိနတ်စာကို မဆုတ်ယုတ်စေကြဟူ၍ရင်း၊ သင်ကြားသလော”

“ကြားပါသည် အရှင်ဘုရား....”

“အာနန္ဒာ၊ ဝဇ္ဇီတို့သည် မြို့တွင်းမြို့ပြင်ရှိ စေတီ (နတ်ကွန်း) တို့ကို ရိုသေလေးစား မြတ်နိုး ပူဇော်ခြင်း ပြုသမျှ ကာလပတ်လုံး....။ (၇) အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြွလာသေးသော ရဟန္တာများ ကြွရောက်လာစေရန်နှင့် ကြွရောက်လာပြီးရဟန္တာများ ချမ်းသာစွာနေစေရန်အလို့ငှာ ရဟန္တာတို့အား ကောင်းစွာ တရားနှင့်အညီ စောင့်ရှောက်ကာကွယ်၍ လုံခြုံမှုကို ပြုလုပ်ကြ၏ ဟူ၍ သင်ကြားသလော”

“ကြားပါသည် အရှင်ဘုရား.. .”

“အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြွလာသေးသော ရဟန္တာများ. ကြွရောက်လာစေရန်နှင့် ကြွရောက်လာပြီး ရဟန္တာများ ချမ်းသာစွာနေစေရန်အလို့ငှာ ရဟန္တာတို့အား ကောင်းစွာ တရားနှင့်အညီ စောင့်ရှောက်ကာကွယ်၍ လုံခြုံမှုကို ပြုလုပ်ကြသမျှ ကာလပတ်လုံး ဝဇ္ဇီတို့၏ တိုးတက်ကြီးပွားခြင်းဟုသာ မှတ်ပေလော့။ ဆုတ်ယုတ်နိမ့်ကျခြင်းဟု မမှတ်လေလင့်”

ဗုဒ္ဓ၏ ယင်း အပရိဟာဏိယတရား ခုနစ်ပါးတို့သည် ယခုအချိန်ဌာလည်း ဟောင်းနွမ်းသွားခြင်း မရှိပေ။ မည်သည့် ဂဏ (ဒီမိုကရေစီ) အုပ်ချုပ်ရေးနိုင်ငံအတွက်မဆို ယင်း တရား ခုနစ်

ပါးတို့သည် လမ်းညွှန်လမ်းပြများ ဖြစ်ကြသည်။ မဟာဘာရတ တွင်လည်း ဂဏအုပ်ချုပ်ရေးနိုင်ငံများ၌ ပြည်တွင်း ပဋိပက္ခကို သာလျှင် အကြီးမားဆုံးအန္တရာယ်ဟု ရေးသားဖော်ပြထားလေ သည်။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် သုံးနှစ်အကြာတွင်မှ အဇာ တသတ်ဘုရင်သည် လက်နက်ဖြင့်မဟုတ်ဘဲ ဘေဒဉပါယ်ဖြင့်သာ ဝေသာလီအား ပြည်တွင်းကိုသပ်လျှိုပြီး အနိုင်ယူနိုင်ခဲ့လေသည်။

ပဋိဉိသုတ်၌ ရာဇဂြိုဟ်မှ အမွှလဒ္ဒိကာသို့ ဗုဒ္ဓကြွတော်မူပုံနှင့် ထိုအရပ်၌ သာရိပုတ္တရာနှင့် စကားဆွေးနွေး ပြောကြားပုံများ ရေးသားပါရှိလေသည်၊ ရာဇဂြိုဟ်မှ ပဋ္ဌနားသို့သွားရာ၌ ယခု ခေတ်ကဲ့သို့ပင် ထိုအချိန်ကလည်း အမွှလဒ္ဒိကာ ရှိနေသည်။ နလန္ဒာနှင့်ရာဇဂြိုဟ်အကြား၌တည်ရှိသောစခန်းဖြစ်ပေလိမ့်မည်။ တရုပ်သုတ်၌ ထိုအကြောင်းမပါရှိပေ။ ၎င်းမှာ ယုတ္တိအလွန်ရှိ ပေသည်။ အမှန်စင်စစ်အားဖြင့် သာရိပုတ္တရာသည် ထို့အရင် ကပင် ပရိနိဗ္ဗာန်စံဝင်ခဲ့ပြီးလေပြီ။ သို့ဖြစ်၍ သာရိပုတ္တရာသည် အမွှလဒ္ဒိကာသို့ စကားဆွေးနွေးရန် မလာရောက်နိုင်ပေ။ တရုပ် သုတ်၌ ရာဇဂြိုဟ်အပြီးတွင် ပါဋလိပုတ် (ပတနာ) သို့ ဗုဒ္ဓ ရောက်ရှိလာတော်မူကြောင်း ပါရှိလေသည်။ ပါဋိဉိသုတ်၌မူ အမွှ လဒ္ဒိကာမှ ပါဋလိဂါမသို့ ကြွရောက်ကြောင်း ပြောပြထားလေ သည်။

ထိုအချိန်၌ ပါဋလိဂါမ၌ အဇာတသတ်၏ အမတ်ကြီး ဝဿ ကာရနှင့် သုနီယတို့သည် ဂင်္ဂါကမ်းပါး၌ မြို့တည်ဘို့ရန် ကြိုးပမ်း အားထုတ်ကြလေသည်။ ယင်းသို့ ပြုလုပ်ခြင်းမှာလည်း ဝေသာလီ ဂဏ အုပ်ချုပ်ရေးနိုင်ငံ၏ အန္တရာယ်ကို စိုးရိမ်ကြောက်ရွံ့သော ကြောင့် ဖြစ်လေသည်။ အဇာတသတ်သည် ဝေသာလီအား

အခြေပျက် အနေပျက်ဖြစ်အောင် ဘယ်မှာ လုပ်နိုင်မည်နည်း။ အဇာတသတ် ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခြင်း၏ အကျိုးမှာ လိစ္ဆဝီတို့သည် ဂင်္ဂါကို ဖြတ်ကူးပြီး ပါဋလိဂါမဋ္ဌ လပေါင်းများစွာ စခန်းချနေကြရပြီး အဇာတသတ်အနေဖြင့် ရာဇဂြိုဟ် တောင်ကြားများတွင် ဝင်ရောက်ပြီး မနေ၍မဖြစ်သည့် အခြေသို့ ရောက်ခဲ့ရခြင်းပင် ဖြစ်လေသည်။

ပါဋလိဂါမဋ္ဌ မြို့ကို စီမံကိန်းအပြည့်အဝဖြင့် တည်ဆောက်နေကြသည်။ ဘုရင်များ၊ ဘုရင့်အမတ်များ၊ သူဌေး-သူကြွယ်များ၊ သာမန်ရိုးရိုးလူများ၏ ရပ်ကွက်များကို သတ်မှတ်ပိုင်းခြားထားလေ၏။ ဗုဒ္ဓ ကြွရောက်လာ'သောအခါ ဝဿကာရအမတ်သည် သူတို့၏ နေရာသို့ ဗုဒ္ဓအား ဆွမ်းလုပ်ကျွေးရန်အတွက် ပင့်ဖိတ်လေသည်။ ဗုဒ္ဓအား ဆွမ်းလုပ်ကျွေးပြီးသောအခါ ဂင်္ဂါသို့ ဗုဒ္ဓဆင်းသည့်ဆိပ်အား ဂေါတမဆိပ် ဟူ၍ရင်း၊ မြို့၏ ထိုတံခါး အမည်ကို ဂေါတမ တံခါးဟူ၍ရင်း၊ အမည်မှည့်ထား၏။ တရုပ်နှင့် ပါဠိသုတ် နှစ်မျိုးလုံး၌ ဂင်္ဂါမြစ်ကို ဖြတ်ကူးပြီး ပါဋလိဂါမသို့ ဗုဒ္ဓကြွရောက်လာတော်မူသည့်အကြောင်း ရေးသားပါရှိလေသည်။ ထိုနေရာမှ နာဒိကာ (နာတိက) သို့ရင်း၊ ထိုမှတဆင့် ဝေသာလီမြို့ ဥပစာ၌ရှိသော အမ္ဗပါလီ၏ ဥယျာဉ်သို့ရင်း၊ ကြွရောက်သိတင်းသုံးတော်မူလေသည်။ ပြည့်တန်ဆာ အမ္ဗပါလီသည် ဗုဒ္ဓအား နောက်တနေ့အတွက် ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်လေသည်။ ဗုဒ္ဓက အမ္ဗပါလီ၏ ပင့်ဖိတ်ချက်ကို လက်ခံတော်မူလေသည်။ ဝေသာလီရှိ လိစ္ဆဝီတို့သည် ထိုအခွင့်ကို လက်လွှတ်သွားကြသည်။ ထိုနောက် အတန်ငယ်ကြာသောအခါ လိစ္ဆဝီတို့သည် ဗုဒ္ဓအား ပင့်ဖိတ်ရန်အတွက် သူတို့၏ယာဉ်ရထားများဖြင့် သွား

ကြလေ၏။ 'ပြည့်တန်ဆာ အမှပါလီသည် လိစ္ဆဝီလုလင်တို့၏ (ရထားကို မိမိရထားနှင့်)ဝင်ရိုးဝင်ရိုးချင်း၊ဘီးဘီးချင်း၊ထမ်းပိုး ထမ်းပိုးချင်း တိုက်စေ၏' လိစ္ဆဝီတို့သည် အမှပါလီ၏ ယင်းမဖွယ်မရာပြုမှုကို တွေ့ရသည်ဖြစ်၍ အံ့အားသင့်သွားကြလေ၏။ အကျိုးအကြောင်းမေးကြည့်သောအခါ အမှပါလီက ဤသို့ပြောပြလေသည်-

"အရှင့်သားတို့၊ အကြောင်းက တခြားမဟုတ်ပါ။ ကျွန်ုပ် ရဟန်းသံဃာနှင့်တကွ ဘုရားရှင်အား နက်ဖြန်အတွက် ဆွမ်းပင့်ဖိတ်ခဲ့သည်" မှန်ပေသည်။ ပြည့်တန်ဆာ၏ ဆွမ်းပင့်ဖိတ်ချက်ကို ဗုဒ္ဓက လက်ခံတော်မူလိုက်လေသည်။

ဘုရားရှင်သည် အဝေးမှပင် လိစ္ဆဝီတို့လာသည်ကို တွေ့ရသည်ဖြစ်၍ မိမိတပည့် ရဟန်းများအား မိန့်တော်မူလေ၏-

"ရဟန်းတို့၊ လိစ္ဆဝီအစုအဝေးကို ကြည့်ကြလော့။ ရဟန်းတို့၊ လိစ္ဆဝီ အစုအဝေးကို ကြည့်ကြလော့။ ရဟန်းတို့၊ လိစ္ဆဝီ အစုအဝေးကို နတ်တို့၏ အစုအဝေးဟူ၍ မှတ်ထင် အောက်မေ့ကြလော့"

ဗုဒ္ဓ၏ ယင်း စကားဝါကျ၌ သူ့နှလုံးထဲတွင် ရှိနေသော ဂဏန္ဒိုင်ငံများနှင့်ပတ်သက်သည့်သဘောထား ထင်ရှားပေါ်လွင်နေပေသည်။ လိစ္ဆဝီတို့၏ ပင့်ဖိတ်ချက်ကို ဗုဒ္ဓသည် လက်ခံတော်မမခဲ့ပေ။

ဝါဆိုလ ကျရောက်လာသည်။ ဝါတွင်းသုံးလ အခါသမယ၌ ရဟန်းပုဂ္ဂိုလ်တို့သည် ခရီးသွားလေ့မရှိကြကုန်။ မိုးဥတုကာလ အခါသမယ၌ ရဟန်းတို့သည် နေရာတခု၌ နေထိုင်သီတင်းသုံးရလေသည်။ ဘုရားရှင်သည် ဝေဇုဂါမ (ဝေဌ၂ဝ) အမည်ရှိ

ရှာလေးတရှာ၌ ဝါကပ်ရန် ကြွတော်မူလေသည်။ မိမိတပည့်ရဟန်းများအား ဝေသာလီအနီးအနား ပတ်ဝန်းကျင်ရှိ သင့်တင့်လျောက်ပတ်သော နေရာဌာနများ၌ ဝါကပ်ကြရန် မိန့်တော်မူလေ၏။ ဗုဒ္ဓသည် ပြင်းပြင်းထန်ထန် နာမကျန်း ဖြစ်တော်မူလေသည်။ သေလုနီးပါး ဝေဒနာခံစားရတော်မူသည်။

ရောဂါသက်သာသောအခါ ဘုရားရှင်သည် ကျောင်းထဲမှ ထွက်တော်မူပြီး ကျောင်းအရိပ်တွင် ခင်းထားအပ်သည့် နေရာ၌ ထိုင်နေတော်မူ၏။ ဘုရားရှင်သည် အရှင်အာနန္ဒာအား စိတ်ပျက်ဝမ်းနည်းနေသည်ကို တွေ့ရသည်ဖြစ်၍ မိန့်တော်မူလေ၏-

"အာနန္ဒာ၊ ရဟန်းသံဃာသည် အဘယ်အရာကို အလိုရှိသနည်း။ အာနန္ဒာ၊ ငါသည် အတွင်းအပြင်မထားဘဲ 'ဖွင့်ပြီး' တရားဒေသနာကို ဟောကြားခဲ့ပြီးလေပြီ။ အာနန္ဒာ၊ တရားဒေသနာအရာ၌ တထာဂတသည် မည်ကဲ့သို့သော လျှို့ဝှက်ချက် (အာစရိယမုဋ္ဌိ) ကိုမျှ မထားပေ။ အာနန္ဒာ၊ ငါသည် ရဟန်းသံဃာ၏ အချုပ်ဖြစ်၏ ဟူ၍ရင်း၊ ရဟန်းသံဃာသည် ငါ၏ ရည်ရွယ်ချက်အရ ဖြစ်၏ဟူ၍ရင်း၊ အကြင်သူသည် ထင်မှတ်၏။ ထိုသူသည်သာလျှင် အမှန်မုချ....ရဟန်းသံဃာအတွက် တစုံတခု မြွက်ကြားရာသည်။အာနန္ဒာ၊ တထာဂတကမူ ထိုကဲ့သို့မထင်....။ အာနန္ဒာ၊ တတာဂတသည် ရဟန်းသံဃာအတွက် (တခြား) တစုံတရာကို ဘယ်မှာ မြွက်ကြားဘော့မည်နည်း။ အာနန္ဒာ၊ ငါသည် အိုမင်းကြီးရင့်လှပါပြီ။ အရွယ်လွန်နေပါပြီ။ အဆုံးပိုင်းသို့ရောက်နေပါပြီ။ ငါ့အသက် ရှစ်ဆယ်ရှိနေပါပြီ။ အာနန္ဒာ၊ လှည်းအိုသည် တုတ်နှောင်ထားခြင်းအားဖြင့် တည်တံ့နေသကဲ့သို့ သိုနည်းအတိုင်း တထာဂတ၏ကိုယ်ခန္ဓာသည်လည်း တုတ်နှောင်

ခြင်းနှင့်တူသည့် ဖလသမာပတ်အားဖြင့် တည်တံ့လျက်ရှိသည်။ အာနန္ဒာ၊ အကြင်အခါ၌ တထာဂတသည် အလုံးစုံသောအာရုံတို့ကို နှလုံးမသွင်းခြင်းကြောင့်ရင်း၊ အချို့အချို့သော ဝေဒနာတို့၏ချုပ်ငြိမ်းခြင်းကြောင့်ရင်း၊သမာဓိရရှိနေ၏။ ထိုအခါ၌.... တထာဂတ၏ ခန္ဓာကိုယ်သည် ပိုပြီးချမ်းသာသုခ ရရှိပေ၏။ သို့ဖြစ်၍ အာနန္ဒာ၊ (သင်တို့သည်) မိမိကိုယ်ကိုသာလျှင် မီးရှူးတန်ဆောင်ပြုပြီး၊ မိမိကိုယ်ကိုသာလျှင် ကိုးကွယ်ပြီး၊ မိမိမှတပါး အခြားကို မကိုးကွယ်ဘဲနှင့် နေကြကုန်လော့။ တရားဓမ္မကို မီးရှူးတန်ဆောင်ပြုပြီး တရားဓမ္မကိုသာလျှင် ကိုးကွယ်ပြီး တရားဓမ္မမှတပါး တခြားကို မကိုးကွယ်ဘဲနှင့် နေကြကုန်လော့....”

ဗုဒ္ဓသည် ကိုယ့်ကိုယ်ကို အားကိုးရန်၊ ကိုယ့်ဒုံးကိုယ်ချန်ရန်၊ ကိုယ်ကိုယ်တိုင် အဆုံးအဖြတ်ပြုရန်အတွက်ဖြစ်သော အသိဉာဏ်လွတ်လပ်ခွင့် ညွှန်ကြားဆုံးမချက်ကို တသက်ပတ်လုံး ပေးသွားတော်မူခဲ့သည်။ သက်တော် ၇၀ အရွယ်၌ ဗုဒ္ဓသည် အင်အားဆုတ်ယုတ်သွားခဲ့လေသည်။ လှည်းအိုကြီးကို တုတ်နှောင်၍သာလျှင် မောင်းနှင်နေရ၏။ သို့ရာတွင် ထိုအချိန်၌ပင်ဖြစ်စေကာမူ ဗုဒ္ဓသည် မျှော်လင့်ချက် တရားအဆုံးအမကိုသာလျှင် သူတပါးတို့အား ပေးတော်မူလေ၏။

ဗုဒ္ဓသည် နှလုံးမွေ့လျော်ဖွယ်ကောင်းသည့် နေရာဌာနများကို အလွန်တရာ နှစ်သက်တော်မူသည်။ မွေ့လျော်ဖွယ်ကောင်းသည့် နေရာဒေသများစွာကို သတိတရနှင့် တမ်းတမှုသည် ထိုအချိန်၌ပင် သူ၏နှလုံးထဲ၌ ရှိနေပေသည်။ တနေ့သ၌ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဗုဒ္ဓသည် ဝေဏုဂါမမှ စာပါလ စေတီသို့ နေထိုင်သိတင်းသုံးရန် ကြွတော်မူလေ၏။ စေတီသည် နတ်ကွန်းကို

ခေါ်ခြင်းဖြစ်သည်။ ထိုခေတ်သမယ၌ နတ်ကွန်းတွင် ရုပ်ထု မရှိပေ။မျှားသောအားဖြင့်စေတီသည်ဥယျာဉ်ကြီးတခုခုအတွင်း၌ ရှိလေသည်။ မိမိနေထိုင်သိတင်းသုံးခဲ့သည့် နေရာဟောင်းမျှားကို ပြန်လည်သတိရရင်း ဗုဒ္ဓက မိန့်တော်မူလေသည်။

"အာနန္ဒာ၊ ဝေသာလီသည် မွေ့လျော်ဖွယ် ကောင်းပေ၏။ ဥဒယန (ဥဒေန) စေတီသည် မွေ့လျော်ဖွယ် ကောင်းပေ၏။ ဂေါတမက စေတီသည်....။ သတ္တာအာမက (သတ္တာမ္ဗ) စေတီ သည်....။ဗဟုပုတ္တက စေတီသည်....။သာရန္ဒဒစေတီသည်....။ စာပါလစေတီသည် မွေ့လျော်ဖွယ်ကောင်းပေ၏။....။အာနန္ဒာ၊ ကပိလဝတ်ရှိ နိဂြောဓာရုံသည် မွေ့လျော်ဖွယ် ကောင်း၏။ ရာဇဂြိုဟ်ရှိ ဂိဇ္ဈကူတ်သည်....။ စောရပပါတသည်....။ဝေဘာရ တောင်၏ နံပါးရှိ ကာဠသိလာသည်....။ သီတဝနတော၌ သပ္ပ သောဏ္ဍိကတောင်ဝှမ်းသည်....။တပေါဒါရုံကျောင်းသည်....။ ရှဉ့်စာကျေးရာ ဝေဏုဝန (ဝေဠုဝန်) သည်....။ ဇီဝက၏ သရက်ဥယျာဉ်သည်....။မဒ္ဒကုစ္ဆိ မိဂဒါဝုန်သည် မွေ့လျော်ဖွယ် ကောင်း၏"

ဗုဒ္ဓသည် သူ နှစ်သက်မြတ်နိုးသော ဂဏအုပ်ချုပ်ရေးနိုင်ငံ၏ နေပြည်တော် ဝေသာလီမှ ခဲ့ခွာတော်မူလေသည်။ ဝေဏုဂါမမှ မဟာဝုန် တောရှိ ကူဋာဂါရသာလာသို့ ကြွတော် မူသည်။ ထိုအရပ်ကား ယခုခေတတွင်လည်း ကောလဟုကာရှ အသောက ကျောက်တိုင် စိုက်ထူထားသည့် အရပ်ဖြစ်လေသည်။ ရဟန်း သံဃာများကိုခေါ်ပြီး တရားဓမ္မ ဟောပြဆုံးမတော်မူပြီးလျှင် ဝေသာလီ၌ နောက်ဆုံးအကြိမ် ဆွမ်းခံ ကြွတော်မူလေသည်။ မြို့၏ အပြင်သို့ ထွက်တော်မူပြီးနောက် တကိုယ်လုံး ပြန်လှည့်၍

(ဆင်ပြောင်ကြည့်နည်းဖြင့်) တကြိမ် ဝေသာလီအား ကြည့်ပြီးလျှင်.... 'အနန္ဒာ၊ ယခု ကြည့်ရှုခြင်းသည် တထာဂတ၏ နောက်ဆုံး ဝေသာလီကို ကြည့်ရှုခြင်း ဖြစ်ပေလိမ့်မည်' ဟု မိန့်တော်မူလေသည်။ မည်မျှ ကြေကွဲဖွယ်ကောင်းသည့် စကားဝါကျဖြစ်သနည်း။

ဗုဒ္ဓသည် ဝေသာလီမှ ပရိနိဗ္ဗာန်ပြုရာဌာန ဖြစ်သည့် ကုသိနာရုံသို့ ကြွတော်မူသည်။ ခရီးအကြား၌ ဘဏ္ဍာ(ဘဏ္ဍာ)ရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာ၊ ဘောဂမြို့ငယ်တို့ကို တွေ့ရပေသည်။ ယခုခေတ် ထိုဒေသများ မည်သည့် အရပ်တွင် ရှိသည်ဟု ပြောပြဘို့ရန် မလွယ်ကူတော့ပေ။ ထိုဒေသများသည် ဝေသာလီမှ ကုသိနာရုံသို့ သွားရာလမ်း၌ ရှိကြမည်မှာ အမှန်ဖြစ်ပေသည်။ ထိုဌာနများကို မူဇတ်ဖာပူ၊ ကျန်ပါရန်၊ ခူပရာ၊ ဒေဝရိယာ ခရိုင်တို့၌သာလျှင် ရှာဖွေရမည် ဖြစ်လေသည်။ ဘောဂမြို့သည် ဂန်ဒက်မြစ်၏ အရှေ့ဘက်တွင် ရှိပေလိမ့်မည်။ ထိုနေရာမှ ဗုဒ္ဓသည် ပါဝါသို့ ရောက်တော်မူ၏။ ပါဝါသည် မလ္လတို့၏ ဂဏ ကိုးနိုင်ငံအနက် နိုင်ငံတနိုင်ငံ၏ နေပြည်တော် ဖြစ်လေသည်။ ထိုမြို့ငယ်သည် ယခုခေတ် ပဒရောက်နှာ ပတ်ဝန်းကျင်တဝိုက် တနေရာရာ၌ ရှိပေလိမ့်မည်။ ပဝေါက်ရှိ ရှာသည် ယခု ခေတ်တွင်လည်း ထိုနေရာ၌ ရှိလေသည်။ ထိုရှာသည် ပါဝါမြို့၏ ပျက်စီးနေသော အသွင်သဏ္ဌာန် ဖြစ်ပေသည်။

ပါဝါ၌ ဈေးပန်းတိမ်သည် စုန္ဒ၏ သရက်ဥယျာဉ်၌ ဗုဒ္ဓနားနေတော်မူ၏။ စုန္ဒသည် ဗုဒ္ဓအား နောက်တနေ့ အတွက် ဆွမ်းလုပ်ကျွေးရန် ပင့်ဖိတ်လေ၏။ ဗုဒ္ဓနှင့် ရဟန်းသံဃာအတွက် အကောင်းဆုံးဘောဇဉ်ကို စီမံဖန်တီးရန် စုန္ဒအကြံဖြစ်လေသည်။

သူသည် ထိုခေတ် ထိုကာလ၏ အကောင်းဆုံး ဟင်းလျှာဖြစ်သည့် ဝက်ပျိုသား(သူကရမဒ္ဒဝ)ဟင်းကို စီမံခဲ့လေသည်။ သူကရမဒ္ဒဝ ဟူသည်မှာ မငယ်လွန်း မကြီးလွန်း တန္ခစ်သားအရွယ် ဝက်၏ အသားဖြစ်သည်။ ချိုလည်း ချိုသည်။ အဆီလည်း ရှိသည်။ ထိုအချိန်က ဝက်သားမှာ ရှာ၏ မစားကောင်း၊ မစားအပ်သည့် အသားလည်း မဟုတ်ပေ။ ယင်း ဝက်ပျိုသားမှာ ရှာရှိ အသား သာလျှင် ဖြစ်နိုင်ဘို့ ရှိလေသည်။ စုန္ဒသည် ဆွမ်းလုပ်ကျွေး လေသည်။ မကြာခင်ကမှ နလံထလာသည်ဖြစ်၍ မိမိအတွက် ထိုဘောဇဉ်မှာ ကြေညက်ခဲသော ဘောဇဉ် ဖြစ်စေကာမူ ဗုဒ္ဓသည် စုန္ဒ၏ ထက်သန်သော သဒ္ဓါတရားကို တွေ့ရသည်ဖြစ်၍ ငြင်းပယ်ခြင်းငှာ မစွမ်းနိုင်ခဲ့ပေ။

တရုပ်ဘာသာပြန်သုတ်၌ ဝေသာလီမှ အမွဝါမ၊ ဇမ္ဗုဝါမ၊ ဟတ္ထိဝါမ၊ ဝေဏုဝါမ၊ ဘောဂ နဂရ၊ ပါဝါတို့ကို ဖြတ်ပြီး ကုသိနာရုံသို့ ကြွရောက်ကြောင်း ရေးသားပါရှိသည်။ ထိုဘုရပ် ဘာသာပြန် သုတ်၌လည်း ပန်းတိမ်သည် စုန္ဒက သုံးနှစ်သား ဝက်သား မဒ္ဒဝ (စင်းကော) နှင့် ဆွမ်း လုပ်ကျွေးကြောင်း ရေးသား ပါရှိလေသည်။

ပါဝါမှ ဗုဒ္ဓ ကြွတော်မူသည်။ အားအင် ကုန်ခန်းနေသည် ဖြစ်၍ လမ်းခရီး၌ နေရာများစွာတွင် ရပ်နားရလေ၏။ ဗုဒ္ဓ၏ ရည်မှန်းချက်မှာ ကုသိနာရုံ၏ တောဖြစ်လေသည်။ ကုသိနာရုံ တော၌ အင်ကြင်းပင်အစုံတို့၏ အကြား၌ ပရိနိဗ္ဗာန်ဝင်စံရမည် ဖြစ်လေသည်။ စုန္ဒ၏ ဝက်သားဆွမ်းကြောင့် တဖန် ဝမ်း ဥပါဒ် ဖြစ်လာပြန်လေ၏။ တစုံတယောက်သူက စုန္ဒအား အပြစ်မတင် စေရန်အလို့ငှာ ဗုဒ္ဓသည် အမွဝန၌ လေးထပ် ခေါက်ခင်း

ထားသည့် ဒုကုဋ္ဌ သက်နီး ပေါ်တွင် လျှောင်းစက်ရင်း ရှင်အာနန္ဒာအား ထိုနောက်ဆုံး ဘောဇဉ်သည် ဗုဒ္ဓမဖြစ်ခင် ဘုဉ်းပေးပြီး ဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့ရသည့် သုဇာတာ၏ နို့ဆွမ်း ကဲ့သို့ပင် မြင့်မြတ်သော ဘောဇဉ် ဖြစ်ကြောင်း မိန့်တော်မူလေသည်။

''အာနန္ဒာ၊ တစုံတယောက်သော သူသည် ရှေ့ပန်းတိမ်သည်သား စုန္ဒအား 'အချင်း စုန္ဒ၊ သင်၏ ဆွမ်းကို နောက်ဆုံး ဘုဉ်းပေးပြီး ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူရ၏။ ထို့ကြောင့် သင်သည် လာတ်မကောင်း၊ အရုမတော်လေစ့'ဟု ပြောပြီး နှုလုံးမသာမယာ ဖြစ်စေကောင်း ဖြစ်စေပေလိမ့်မည်။ အာနန္ဒာ၊ စုန္ဒ၏ ယင်း နှုလုံးမသာမယာမှုကို ပယ်ဖျောက်ပြီး ဤသို့ ပြောရမည်- 'ဒါယကာ စုန္ဒ၊ သင်၏ ဆွမ်းကို နောက်ဆုံး ဘုဉ်းပေးပြီး ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူရ၏။ ထို့ကြောင့် သင်သည် အကျိုးရှိပေသည်။ အရ တော်ပေသည်။ ဒါယကာ စုန္ဒ၊ ငါသည် ဘုရားရှင်၏ နှုတ်တော်မှ ဤစကားကို ကြားလိုက်ရသည်။ မှတ်လိုက်ရသည်- အခြားသော ဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားသော တခုနှင့်တခု အကျိုးတူညီသော ဆွမ်းနှစ်မျိုး ရှိပေ၏။ ထိုနှစ်မျိုးကား အဘယ်နည်းဟူမူ-(၁)အကြင် ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားရှင်သည် ဗုဒ္ဓ အဖြစ်သို့ ရောက်၏။ ထိုဆွမ်းနှင့် (၂)အကြင်ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားရှင်သည် ပရိနိဗ္ဗာန် ပြု၏။ ထိုဆွမ်းတို့ဖြစ်ကြလေသည်-'

ထိုနောက်တွင် ဟိရည်ဝတီမြစ်ကို တွေ့ရသည်။ ထိုမြစ်သည် ဆိုနာနာလာ၏ အဖြစ်ဖြင့် ယခုခေတ်တွင်လည်း ကဆီယာ၏ အနီးဌာ ရှိနေပေသည်။ ထိုမြစ်ကို ဖြတ်ကျော်လိုက်သောအခါ

မလ္လမင်းတို့၏ အင်ကြင်းတော ရောက်ရှိလာသည်။ ထိုတော၌ အင်ကြင်း အမြှာ နှစ်ပင်၏ အကြား၌ ညောင်စောင်းကို ခင်းလေသည်။မြောက်ဘက်ကိုဦးခေါင်းပြုလျက်၊တောင်ဘက်ကို ခြေဆင်းလျက်၊ လက်ျာနံတောင်းဖြင့် လျောင်းစက်ပြီးလျှင် ဗုဒ္ဓသည် နှစ်ပေါင်း ၂၅၀၀ ကျော်လွန်လာခဲ့ ပြီးသည့်နောက် ကျွန်ုပ်တို့ ယခုပစ္စုက္ခ တွေ့နေရသော အရာကို မြင်တော်မူ လေသည်- သဒ္ဓါတရားရှိသူ ပုဂ္ဂိုလ်များ အတွက် ဤ ဌာန လေးပါးသည် ကြည့်ရှု ဖူးမြင်အပ်သည့် ဌာနလေးပါး ဖြစ်လေ သည်။ (၁) ဖွားတော်မူရာ လုမ္မိနီ ဥယျာဉ်၊ (၂) ဗုဒ္ဓအဖြစ်သို့ ရောက်ရာ ဗုဒ္ဓဂယာ၊ (၃) ဓမ္မစက္ကြာတရားဟောရာ မိဂဒါဝုန်၊ (၄) ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံတို့ ဖြစ်ကြလေ၏။

ဗုဒ္ဓသည် ကဆုန်လပြည့်နေ့ ညနေအချိန်တွင် ထိုနေရာသို့ ရောက်တော်မူသည်။ ထိုအချိန်၌ ပရိနိဗ္ဗာန်ပြုရန်အတွက် ရှစ်နာရီ ကိုးနာရီမျှသာ ကျန်ရှိတော့သည်။ ထိုအချိန်ကိုပင်လျှင် ဗုဒ္ဓသည် အအား အနားမယူးပေ။ အသုံးချတော်မူခဲ့ လေ၏။ ရဟန်း များသည် ဗုဒ္ဓ၏ ကိုယ်ခန္ဓာအား ကိုးကွယ် ပူဇော်ရန်အတွက် စိတ်စောမနေသင့်ကြပေဟု ဗုဒ္ဓက မိန့်တော်မူလေသည်။ကျွန်ုပ်တို့ ကုသိုလ်ကံ ကောင်းသည်မှာ- ကုသိနာရုံ၌ ဖုတ်ကြည်းသင်ဂြိုဟ် ပြီးနောက် ဗုဒ္ဓ၏ ကိုယ်ကာယမှ ကြွင်းကျန်နေသော အရိုးတော် (ဓာတ်တော်)များအနက် အချို့မှာ ယခု ကျွန်ုပ်တို့အထံသို့အထိ ရောက်ရှိလာပြီး ထိုဓာတ်တော်များကို ဆာရနတ် (မိဂဒါဝုန်)၌ ကိုးကွယ်ထားနိုင်ခြင်းပင် ဖြစ်လေသည်။ ငါ၏ ကိုယ်ခန္ဓာကို ဖုတ်ကြည်းမီးသင်ဂြိုဟ်ပစ်ကြလော့ဟု ဗုဒ္ဓက မိန့်တော်မူလေသည်။ ဗုဒ္ဓ၏ ယင်း မိန့်တော်မူချက်ကို ကြားရသည့်အခါ အာနန္ဒာသည်

ဖြေမဆည် နိုင်တော့ပေ။ ကျောင်းခန်း တွင်းသို့ သွားပြီး တိုင်ဝုတ်ကို ကိုင်လျက် ငိုလေတော့သည်။ အာနန္ဒာကို မတွေ့ရသည်ဖြစ်၍ ဗုဒ္ဓသည် အာနန္ဒာအား အခေါ်ခိုင်းပြီးလျှင် ဤသို့ မိန့်တော်မူသည်-

"အာနန္ဒာ၊ တော်တော့။ မပူဆွေးလင့်။ မငိုကြွေးလင့်။ ချစ်ခင်မြတ်နိုးသူအားလုံးနှင့် ကွဲကွာရခြင်းသဘောကို ငါ မဆုကပင် ဟောကြားထားခဲ့သည်မဟုတ်လော။ အကြင်တရားသည် ဖြစ်ပေါ်လာ၏။ ပေါ်ပေါက်လာ၏။ ထင်ရှားလာ၏။ ပြုပြင်စီရင်အပ်၏။ ထိုတရားသည် ပျက်စီးတတ်သော သဘောရှိ၏။ 'ထိုတရားသည် မပျက်စီးပါစေလင့်' ဤသို့မဖြစ်နိုင်ပေ။ အာနန္ဒာ၊ သင်သည် ကြာမြင့်စွာသော ကာလပတ်လုံး.... အလွန်တရာကြီးမားသော မေတ္တာနှင့်ပြည့်စုံသည့် ကာယကံအားဖြင့်ရင်း၊ အလွန်တရာကြီးမားသော မေတ္တာနှင့်ပြည့်စုံသည့် ဝစီကံအားဖြင့်ရင်း၊ အလွန်ဘရာကြီးမားသော မေတ္တာနှင့် ပြည့်စုံသည့် မနောကံအားဖြင့်ရင်း၊ တထာဂတအား လုပ်ကျွေးပြုစု၏။ အာနန္ဒာ၊ သင်သည် ကုသိုလ်ကောင်းမှုကို ပြုထားပြီးသူဖြစ်ပေ၏"

မလ္လတို့၏ ဂဏအုပ်ချုပ်ရေး နိုင်ငံများထဲမှ နိုင်ငံတနိုင်ငံ၏ နေပြည်တော်သည် ကုသိနာရုံဖြစ်လေသည်။ ပရိနိဗ္ဗာန် မပြုမီ ကပင် ဗုဒ္ဓသည် အာနန္ဒာအား မလ္လတို့၏ အထံသို့ စေလွှတ်ပြီး ဤသို့ အပြောခိုင်းထားလေ၏- "ဝါသေဋ္ဌ အနုယ်ဝင်တို့၊ ယနေ့ည နောက်ဆုံးပဟိုရ်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုလိမ့်မည်။ သားတို့လော ဝါသေဋ္ဌတို့၊ လာကြလော့ ဝါသေဋ္ဌတို့၊ 'ငါတို့၏ နယ်ပယ်ဒေသ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည် ဖြစ်ပါလျက်

ငါတို့ နောက်ဆုံးကာလ၌ မြတ်စွာဘုရားကို ဖူးမျှော်ခွင့်မရလိုက်ကြ'ဟု နောင်အခါ နှလုံးမသာမဖြစ်ကြစေကုန်လင့်"

ဘုရားရှင်အား ဖူးမျှော်ရန်အလို့ငှာ မလ္လမင်းများ၊ မလ္လတို့၏ ဇနီးမယားများ၊သားသမီးချွေးမများသည် လာရောက်ကြသည်။ အားလုံးပင် ဝမ်းနည်းကြေကွဲခြင်း ဖြစ်နေကြကုန်၏။ စိတ်ထိခိုက်ကြလေကုန်၏။ အချို့မှာ ဆံပင်များဖြန့်ပြီး ငိုကြွေးနေကြလေကုန်၏။ အချို့က လက်မောင်းကိုမြှောက်ပြီး ငိုကြွေးနေကြလေကုန်၏။

ထိုအချိန်သမယ၌ နေ့ညဉ့်အချိန်ကာလကို ပဟိုရ်ခြောက်ပဟိုရ်ရှိ၏ဟု အသိအမှတ်ပြုကြလေသည်။တတိယ ယာမ်၏ဆိုလိုရင်းမှာ ညဉ့်၏ နောက်ဆုံး လေးနာရီ ဖြစ်လေသည်။ ကဆုန်လ ညမှာ ညတာတိုသည်။ ပဌမယာမ်- သို့မဟုတ် ညဆယ်နာရီအထိ မလ္လတို့သည် မြတ်စွာဘုရားအား ဖူးမျှော်ကြသည်။ ရှိခိုးဝတ်ပြုကြသည်။

ကုသိနာရုံပြည်၌ သုဘဒ္ဒ အမည်ရှိ ပရိဗိုဇ်တဦး ရှိလေသည်။ သုဘဒ္ဒ ပရိဗိုဇ်သည် ထိုသတင်းကို ကြားသိရသည့်အခါ အခွင့်ကို အလွတ်မပေးသင့်ဟု အကြံရလေ၏။ သူသည် အင်ကြင်းတောသို့ လာခဲ့သည်။ အာနန္ဒာအား ဗုဒ္ဓကို ဖူးမျှော်လိုကြောင်း ခွင့်တောင်း၏။ ဘုရားရှင်အား ဒုက္ခမပေးချင်ပါနှင့်ဟု ပြောပြီး အာနန္ဒာက ငြင်းဆန်နေသည်။ သူတို့နှစ်ဦး၏ စကားပြောသံကို ဗုဒ္ဓက ကြားရသည်။ ဗုဒ္ဓက မိန့်တော်မူလေ၏- "အာနန္ဒာ၊ မတားမြစ်ပါလင့်။ သုဘဒ္ဒကို မတားမြစ်ပါလင့်။ သုဘဒ္ဒအား ဘုရားရှင်ကို ဖူးမျှော်ခွင့် ပေးလိုက်ပါလော့။ သုဘဒ္ဒ ငါ့ကိုမေးလျှင် မေးသမျှသည် ဒုက္ခပေးလို၍ မဟုတ်ဘဲ သိလို၍ တတ်လို၍

မေးခြင်းသာလျှင် ဖြစ်ပေလိမ့်မည်။ သူမေးသည်ကို ငါဖြေလိုက်လျှင် သူ ဆုတ်ဆိုင်းခြင်းမရှိဘဲ သိမြင်နားလည်သွားပေလိမ့်မည်”

သုဘဒ္ဒသည် ဗုဒ္ဓ၏ရှေ့မှောက် ရောက်သောအခါ မိမိ၏မရှင်းလင်းသည့် အချက်များကို တင်ပြလေသည်။ ဗုဒ္ဓက ရှင်းလင်းဟောပြတော်မူသည်။ သုဘဒ္ဒသည် ဗုဒ္ဓ၏ နောက်ဆုံးမျက်မှောက်ဘဝည့် ဖြစ်လေ၏။

ဗုဒ္ဓသည် အာနန္ဒာအား ဤသို့ မိန့်တော်မူသည်-

“အာနန္ဒာ၊ (၁) တရားအဆုံးအမသည် ဟောကြားသောဆရာမှ ကင်းခဲ့ပြီ ဟူ၍ရင်း၊ ယခု ငါ့တို့၏ဆရာ မရှိတော့ပြီ ဟူ၍ရင်း၊ သင်တို့ မထင်မှတ်ကြလေနှင့်။ အကြင် တရားဓမ္မနှင့် ဝိနည်းကို ငါသည် ဟောကြားခဲ့၏။ ပညတ်ခဲ့၏။ ထိုတရားဓမ္မနှင့် ဝိနည်းတို့သည် ငါကွယ်လွန်ပြီးသည့်နောက်၌ သင်တို့၏ဆရာပင် ဖြစ်ပေ၏။ (၂) အာနန္ဒာ၊ ယခုအခါ၌ ရဟန်းတို့သည် တဦးနှင့် တဦး “အာဝုသော” (ငါ့ရှင်) ဟူသောစကားလုံးဖြင့် ခေါ်ဝေါ်ကြ၏။ ငါကွယ်လွန်သွားပြီးသည့်နောက်၌ ထိုကဲ့သို့ မခေါ်အပ်ပေ။ အာနန္ဒာ၊ မထေရ်ကြီးဖြစ်သော ရဟန်းသည် သီတင်းငယ်ရဟန်းကို အမည်ဖြင့်ဖြစ်စေ၊ အနွယ်ဖြင့်ဖြစ်စေ၊ “အာဝုသော” (ငါ့ရှင်) ဟူသော စကားလုံးဖြင့် ဖြစ်စေ၊ ခေါ်အပ်ပေသည်။ သီတင်းငယ်ရဟန်းကမူ မထေရ်ကြီး ရဟန်းအား “ဘန္တေ” (အရှင်ဘုရား) ဟူ၍ရင်း၊ “အာယသ္မာ” (အရှင်) ဟူ၍ရင်း ခေါ်ဝေါ်အပ်ပေသည်။ (၃) အာနန္ဒာ၊ ငါ ကွယ်လွန်သွားပြီးသည့်နောက်၌ သေးငယ်သောသိက္ခာပုဒ်များကို ပယ်လိုခဲ့သော် ပယ်ပစ်ကြကုန်လော့၊ (၄) အာနန္ဒာ၊ ငါကွယ်လွန်သွားပြီးသည့်နောက်၌ ဆန္နရဟန်းအား ब्रह्मदण्ड ပေးအပ်၏”

"အရှင်ဘုရား၊ ဗြဟ္မဝဏ်ဟူသည်မှာ အဘယ်အရာပါနည်း"

"အာနန္ဒာ၊ ဆန္နရဟန်းသည် ဝေခြားရဟန်းများအား ပြောလိုရာစကားကို ပြောဆိုနိုင်၏။ ရဟန်းများကမူ သူ့ကို မပြောဆိုအပ်၊ မဆုံးမအပ်၊ မကံမြစ်အပ်"

ထိုနောက် ဘုရားရှင်သည် ရဟန်းသံဃာများအား မိန့်တော်မူပြန်လေ၏-

"ရဟန်းတို့၊ တစုံတယောက်သောရဟန်းသည် ဗုဒ္ဓ၌ဖြစ်စေ၊ ခမ္မာ၌ဖြစ်စေ၊ သံဃာ၌ဖြစ်စေ၊ ယုံမှားသံသယဖြစ်ပြားအံ့၊ မေးမြန်းလျှောက်ထားကြလော့။ ရဟန်းတို့၊ နောင်သော အခါကျမှ 'မြတ်စွာဘုရား ငါတို့မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့မြတ်စွာဘုရားအား တစုံတခုမမေးမလျှောက်လိုက်ရ'ဟု နောင်တတဖန် ပူပန်ခြင်း မဖြစ်ကြစေကုန်လင့်"

ဗုဒ္ဓ၏ နောက်ဆုံးပိတ် စကားမှာ ဤသို့ဖြစ်သည်-

"ပြုပြင်စီရင်အပ်သည့် အရာဝတ္ထုတို့သည် ပျက်စီးတတ်သော သဘောရှိ၏။ မပျင်းမယိ မမေ့မလျော့သော သတိဖြင့် ဘဝ၏ ရည်မှန်းချက်ကို ပြည့်ဝအောင် ပြုလုပ်ကြလော့"

တရုပ် ပိဋကတ်သုတ်၏ ဘာသာပြန်၌လည်း ဤအတိုင်းပင် ဖြစ်သည်- "ဝယမှာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"

မိမိ၏ ဤနောက်ဆုံး စကားဝါကျ၌ ဗုဒ္ဓသည် အချက်နှစ်ချက်ကို အလေးအနက် ပြုထားသည်။ ပဌမအချက်မှာ- သူ၏ အဓိက အဘိဓမ္မာဖြစ်သည့် "အရာဝတ္ထုဟူသမျှ ပျက်စီးတတ်သော သဘောရှိ၏" ဟူသော သဘောတရားဖြစ်၏။ ဒဏ္ဍိက ဝါဒကို ဆိုလိုရင်းဖြစ်လေသည်။ ဒုတိယအချက်ကား မိမိရည်မှန်း

ချက် ပြည့်ဝရရှိရေးဌ် မပျင်းမရိ သတိရှိကြစေရန် ညွှန်ကြား တိုက်တွန်းခြင်း ဖြစ်လေသည်။

လပြည့်နေ့သည် ဖြစ်သည်။ လမင်းသည် ထွန်းလင်းတောက်ပ နေသည်။ အင်ကြင်းပင်တို့သည် ဖြူဖွေးသော အပွင့်များဖြင့် တင့်တယ် လှပနေကြသည်။ ယခုခေတ်တွင်လည်း အင်ကြင်း ပွင့်များ ပွင့်လျှင် ပန်းရနံ့များသည် အဝေးသို့အထိ ကြိုင်လှိုင်၍ နေလေသည်။ ဘိက္ခုနှင့် ဘိက္ခုနီ တို့သည် အရေအတွက် များပြားစွာ ဗုဒ္ဓ၏ အပါးဌ် ထိုင်နေကြ လေ၏။ ဗုဒ္ဓ၏ အပြဋ္ဌာန်းဆုံး တပည့်ကြီး နှစ်ဦးဖြစ်သည့် သာရိပုတ္တရာနှင့် မောဂ္ဂလန်တို့မှာမူ ထိုအချိန်မတိုင်မီကပင် ပရိနိဗ္ဗာန် ဝင်စံခဲ့ပြီး လေပြီ။ ထိုတပည့်ကြီး နှစ်ဦးပြီးလျှင် ရှင်မဟာ ကစ္စာယန (ရှင်မဟာကစ္စည်း) ရှိသည်။ ရှင်မဟာကစ္စာယန သည်လည်း ထိုအချိန်ဌ် အလွမ်း ဝေးလွှမ်းသော အဝန္တီ (ဥဇ္ဇနီ) ဒေသဌ် ရှိနေဟန် တူသည်။ ထိုတပည့်ကြီး သုံးဦးပြီးလျှင် စတုတ္ထ ပြဋ္ဌာန်းသော တပည့်မှာ မဟာကဿပ ဖြစ်လေသည်။ မဟာ ကဿပ မရောရှိလည်း ထိုနေရာဌ် မရှိပေ။

ညဉ့်၏ တတိယ(နောက်ဆုံး)ပဟိုရ်ဌ် ဗုဒ္ဓသည် မိမိ၏ဘဝကို အဆုံးသတ်သွားခဲ့ လေသည်။

"မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသောအခါဌ် ရာဂ မကင်း သေးသည့် ရဟန်းအချို့သည် လက်မောင်းကို မြောက်ချီပြီး 'မြတ်စွာဘုရားသည် အလွန်လျှင်မြန်စွာ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ'ဟု ငိုကြွေးမြည်တမ်းကြလေကုန်၏။ ပြတ်သော သစ်ပင် ကဲ့သို့ လဲကျကြလေကုန်၏။ မြေကြီးပေါ်ဌ် လူးလိမ့်ကြလေကုန်၏။ သို့ရာဘွင် ရာဂကင်းသော ရဟန်းတို့သည်ကား သတိသမ္ပဇဉ်နှင့်

ယှဉ်လျက် 'ပြုပြင် စီရင်အပ်သော တရားတို့သည် မမြဲသော သဘောရှိကုန်၏။ ထိုမြဲခြင်းသဘောကို ဘယ်မှာ ရနိုင်ပါအုံ့နည်း'ဟု အောက်မေ့ဆင်ခြင်ပြီး သည်းခံနိုင်ကြလေကုန်၏။

ထိုအခါ၌ အရှင်အနုရုဒ္ဓာက ရဟန်း သံဃာ မျှားအား မိန့်တော်မူလေသည်-

"ငါ့ရှင်တို့၊ တန်ကြလော့။ မစိုးရိမ် မပူဆွေးကြကုန်လင့်။ မငိုကြွေးကြကုန်လင့်။ (တနေ့တွင်)ချစ်ခင်မြတ်နိုးသူမှန်သမျှနှင့် ကွဲကွာခြင်း သဘော တရားကို ဘုရားရှင်သည် မဆွကပင် ဟောကြားထားသည် မဟုတ်လော...."

ရှင်အနုရုဒ္ဓာနှင့် ရှင်အာနန္ဒာတို့သည် ကြွင်းကျန်သည့် ညဉ့်အချိန်ကို တရားစကား ဆွေးနွေး ပြောကြားရင်းနှင့် ကုန်လွန်စေကြလေကုန်၏။ နံနက်အချိန်ကျသောအခါ ရှင်အနုရုဒ္ဓာက ရှင်အာနန္ဒာအား ဤသို့ မိန့်တော်မူလေ၏-

"ငါ့ရှင် အာနန္ဒာ၊ သွားချေလော့။ ကုသိနာရုံသို့ သွားပြီး ကုသိနာရုံပြည်သား မလ္လမင်းတို့အား- 'ဝါသိဋ္ဌ နွယ်ဘွားတို့၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။ ယခုအခါတွင် သင်တို့သဘောအတိုင်း ဆောင်ရွက်ကြလော့' ဟု အကြောင်းကြားချေလော့"

ကုသိနာရုံ ပြည်သူ ပြည်သား တို့သည် ဗုဒ္ဓ၏ ရုပ်ကလာပ်တော်ကို ဖုတ်ကြည်းသင်ဂြိုဟ်ရန် ခမ်းနားကြီးကျယ်စွာ စီစဉ်ကြလေသည်။ အမှုးအချုပ်ဖြစ်သည့် မလ္လမင်း ရှစ်ဦး တို့သည် ရေချိုးလျက် အသစ်စက်စက် အဝတ်တို့ကို ဝတ်ဆင်ပြီးလျှင် ဗုဒ္ဓ၏ ရုပ်ကလာပ်တော်ကို ပခုံးဖြင့်ထမ်းပြီး မြောက်ဘက်တံခါးမှ မြို့တွင်းသို့ သွင်းလျက် အရှေ့ဘက်တံခါးမှထုတ်ပြီး မကုဋဇန္ဓန

အမည်ရှိသည့် စေတီသို့ ဖုတ်ကြည်း မီးသင်္ဂြိုဟ်ရန် ယူဆောင်သွားကြလေသည်။ ဗုဒ္ဓ၏ အပြဋ္ဌာန်းဆုံး တပည့်ကြီး မဟာကဿပ မထေရ်လည်း ဆိုက်ရောက်လာလေသည်။ မကုဋဇန္ဓုနဋ္ဌသီးသန့် ရှေးချယ်ထားသည့် ထင်းပုံ၌ ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်လိုက်ကြလေသည်။ ကြွင်းကျန်သည့် သရီရဓာတ်တော်များကို ဝေပေးလေသည်။ထိုသမျှရဓာတ်တော်များကို ဝေသာလီ၊ ကပိလဝတ်၊ အလ္လကပ္ပ၊ ရာမဂါမ၊ ဝေဋ္ဌဒီပ၊ ပါဝါ၊ ကုသိနာရုံ တို့၌ စေတီပုထိုး တည်ထားကိုးကွယ်ကြ လေကုန်၏။ ဒေါဏ ဗြာဟ္မဏနှင့် ပိပ္ပလိဝန တိုင်းမှ မောရိယမင်းတို့သည်ကား သရီရဓာတ်တော်ကို မရကြသောကြောင့် ထင်းပုံမှ မီးသွေးကိုယူပြီး စေတီပုထိုး တည်ထားကိုးကွယ်ကြလေသည်။

ယင်းသို့အားဖြင့် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၏ ခေတ်ဟူသမျှ၏ အမြင့်မြတ်ဆုံးသော သားရတနာသည် မိမိဘဝ၏ နောက်ဆုံးနှစ်ကို ကုန်ဆုံးတော်မူခဲ့လေသည်။

ဗုဒ္ဓ၏ ထူးခြားချက်များနှင့် အတွေးအခေါ်များ

ရာဇဝင်သမိုင်း၌ ထင်ပေါ်ကျော်ကြားခဲ့သည့် သမိုင်းဝင် မဟာ ပုရိသ ယောကျ်ားမြတ် တဦးဦးအား ရှေးဟောင်း နတ်ဒေဝတာများနှင့် နိုင်းယှဉ်ခြင်းမှာ မသင့်လျော်ပေ။သို့ရာတွင် အကယ်၍ ရှေးဟောင်း စကားလုံး သုံးရိုးသုံးစဉ်ကို အသုံးပြုရမည်ဆိုလျှင် ဗုဒ္ဓသည် တဆဲ့ခြောက်ပါးသော အင်္ဂါ အစိတ် အပိုင်းနှင့် ပြည့်ဝသော ပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။ ကျွန်ုပ်တို့ နိုင်ငံသည် ကြီးကျယ်သော ပုဂ္ဂိုလ်များကို မွေးဖွားသည့် ကံကုသိုလ် ရရှိခဲ့သည့် နိုင်ငံဖြစ်သည်။ သို့ရာတွင်;ဗုဒ္ဓ၌ ပြည့်စုံမှုကို တွေ့ရသလောက် တခြားတွင် တွေ့ရလိမ့်မည်မဟုတ်ပေ။ မဟာ ပုရိသ ယောကျ်ားမြတ်တွေထဲက ဥဏှောက် သို့မဟုတ် အသိ ဉာဏ်နှင့် ပတ်သက်ပြီး အဝေးသို့အထိ ထွင်းဖောက်နိုင်သည့်၊ အဝေးသို့အထိ ဆင်ခြင်စဉ်းစားနိုင်သည့် အလွန်တရာ ကြီးကျယ်သည့် ပုဂ္ဂိုလ်များ အမြောက်အများ တွေ့ရှိရ ပေလိမ့်မည်။ သို့ရာတွင် စိတ်နှလုံးနှုးညံ့ချိုသာမှုနှင့်ပတ်သက်၍မူ ထိုမျှလောက် ကြီးကျယ်သည်ကို တွေ့ရလိမ့်မည် မဟုတ်ပေ။ အချို့ ပုဂ္ဂိုလ်

များမှာ စိတ်နှလုံးနှင့် ပတ်သက်၍ အလွန်တရာ ပြည့်ဝသူများ ဖြစ်သော်လည်း ဉဏ္ဍာဂက်နှင့် ပတ်သက်လာလျှင်မူ ချို့တဲ့နေသည်ကို တွေ့ရပေလိမ့်မည်။ ဗုဒ္ဓသည် စိတ်နှလုံးနှင့် ဉဏ္ဍာဂက် နှစ်မျိုးလုံးဌာ ကြီးကျယ်မြင့်မြတ်သူ ဖြစ်သည်။ ဗုဒ္ဓ၏ ပုဂ္ဂလ ဝိသေသ ထူးခြားချက်များမှာ နှစ်ပေါင်း နှစ်ထောင်ငါးရာ မျှသော အစဉ်အလာများနှင့် သဒ္ဓါတည်းဟူသော ပန်းတိုဖြင့် ဖုံးလွှမ်းထားခြင်း ခံရသဖြင့် တော အတွင်းဌာ မြုပ်ကွယ်နေ သကဲ့သို့ ထင်မှတ်ရ လေသည်။ သို့ရာတွင် ယင်းသို့ ဖြစ်လင့်ကစား အနည်းငယ်မျှ စဉ်းစားဆင်ခြင် လိုက်လျှင် မြွှမ္ဘန် လိမ်းကပ်နေသည့် ကိုဟီနိုး စိန်ကဲ့သို့ တလက်လက် တောက်ပ လျက်ပင် ရှိနေလေသည်။

အနောက်တိုင်းမှ ပညာရှင်များ ဗုဒ္ဓအကြောင်းကိုကြားရခါစ သိရခါစဌ ၎င်းတို့အနက် အမြောက်အမြားမှာ ဗုဒ္ဓအား ဟိန္ဒူ တို့၏ အဝတာရ (ဘုရားကိုယ်ပွား) စိတ်ကူးယဉ် ကဲ့သို့သော စိတ်ကူးယဉ်ချက် တခုမျှလောက်သာ ထင်မှတ် ယူဆခဲ့ကြ၏။ သို့ရာတွင် နောက်ဆုံးဌာမူ ခိုင်မာသော ရာဇဝင် အချက်အလက် များ၏ ရှေ့မှောက်ဌာ ဦးညွှတ်ပြီး ဗုဒ္ဓ၏ သမိုင်းဝင်အဖြစ်ကို လက်ခံကြရ ပေသည်။ ဗုဒ္ဓ ပရိနိဗ္ဗာန် စံပြီးနောက် အချိန် အနည်းငယ်မျှသောအခါဌာ ပိပရဟာဝါတွင်ရင်း၊ ထိုနောက် နှစ်ရာစု နှစ်ရာစုခဲ့အကြာ တခြားသော နေရာများတွင်ရင်း၊ ရှေးဟောင်း အက္ခရာ စာလုံးများဖြင့် ထွင်းထု ထားသည့် ကြွေတိုများအတွင်းဌာ ထည့်ထားသော ဗုဒ္ဓ၏ အရိုးတော် (ဓာတ် တော်)များ ကျွန်ုပ်တို့၏ ရှေ့မှောက် ရောက်လာသောအခါဌာမူ ဗုဒ္ဓ ကိုယ်တော်တိုင် နှစ်ပေါင်း နှစ်ထောင်ငါးရာ ကျော်လွန်

လာပြီးနောက် ကျွန်ုပ်တို့၏ ရှေမှောက်ရောက်လာပြီး- သမဏ ဂေါတမဟု ခေါ်ကြသူမှာ ငါပင်ဖြစ်သည်။ အိန္ဒိယမြောက်ပိုင်း (တော) ဆန်တာလ ပရဂနာ ခရိုင်မှ ထာနေ့ရှိ အထိုင်း၊ ဝိန်ခယာတောင်မှ ဟိမဝန္တာ တောင်ဝှမ်းအထိုင်း၊ ၄၅ နှစ် ပတ်လုံး လှည့်လည် သွားလာနေခဲ့သူမှာ ငါပင် ဖြစ်သည်- ဟု မိန့်မြွက်နေသကဲ့သို့ပင် ထင်မှတ်ရလေ၏။

အစဉ်အလာ ယူဆချက်အရ ဗုဒ္ဓ ပရိနိဗ္ဗာန် စံသောနှစ်မှာ ဘီစီ ၅၄၄ ခုနှစ် ဖြစ်သည်ဟုဆိုး၊ မြေးဖွားသော နှစ်မှာ ထိုနှစ်ထက် အနှစ် ၈၀ ရှေးကျသော ဘီစီ ၆၂၄ ဖြစ်သည် ဟုဆိုး ကျွန်ုပ် ပြောပြပြီးခဲ့လေပြီ။ ယင်း သက္ကရာဇ်အရ ဆိုလျှင် ၁၉၅၆ ခုနှစ်၌ ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးသည်မှာ နှစ်ပေါင်း ၂၅၀၀ ရှိလေပြီ။ ရာဇဝင်သမိုင်းဆိုင်ရာ ရှာဖွေစူးစမ်းချက် များအရမူ ယင်း တုက်ကိန်း၌ နှစ်ပေါင်း ၆၀ ပိုနေသည်ဟု သိရပေသည်။ ပရိနိဗ္ဗာန် ဝင်စံသောနှစ်မှာ ဘီစီ ၄၈၃-၈၄ ဖြစ်လေသည်။ ယင်းကဲ့သို့ ယူဆလျှင် အခြားသော ရာဇဝင် အမှတ်အသား များနှင့် ကိုက်ညီပေသည်။ အစဉ်အလာ ယူဆချက်အရ ဘီစီ ၆၂၄ ၌ သီဒတ္ထသည် လုမ္မိနီ (နေပါလ်နယ်စပ်) ၌ ဖွားမြင်လေသည်။ ၂၉ နှစ်အရွယ် (ဘီစီ ၅၉၅၊ ရာဇဝင်သမိုင်းဆိုင်ရာ နည်းအရ ဘီစီ ၅၃၅)၌ ဘောထွက်တော် မူသည်။ ခြောက်နှစ် တိတိ ပြင်းထန်သော အကျင့်ကို ကျင့်ပြီးနောက် ထိုအကျင့်ကို အချည်းနှီး အလဟာသ ဟု သိပြီးလျှင် ၃၅ နှစ် အရွယ်၌ (ဘီစီ ၅၀၉-၅၂၉၌) သီဒတ္ထသည် ကိုယ်တိုင် ကြိုးပမ်း အားထုတ်ပြီး ဗုဒ္ဓ၏ အဘိဓမ္မာ၊ယောဂ၊ အကျင့်စာရိတ္တတို့၏ အခြေခံအုတ်မြစ် ဖြစ်သော အသိဉာဏ်ကို အောင်မြင်စွာရရှိတော်မူခဲ့၏။ ထိုအသိ

ဥာဏ်ကို မဖျိုမပဋိပဒါ အလယ်အလတ် လမ်းစဉ် ဟူ၍၎င်း၊ လေးပါးသော အရိယသစ္စာတရား ဟူ၍၎င်း၊ အနိစ္စ ခဏိက သင်္ခေါတရား ဟူ၍၎င်း သို့မဟုတ် ပဋိစ္စသမုပ္ပါဒ် ဟူ၍၎င်း ခေါ်ဝေါ် လေသည်။ ၃၅ နှစ် အရွယ်မှ ၈၀ အရွယ်အထိ ၄၅ နှစ် (ရာဇဂဝင် သမိုင်းအရ ဘီစီ ၅၂၈-၄၈၃ နှင့် အစဉ်အလာ ယူဆချက်အရ ဘီစီ ၅၈၄- ၅၈၉- ၅၄၅) အထိ ဗုဒ္ဓသည် အစ၏ ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်း၊ အားလုံးသော ကောင်းခြင်းနှင့် ပြည့်စုံသော တရားဓမ္မ လမ်းကြောင်းကို လူများစုတို့၏ အကျိုးအတွက်၊ လူများစုတို့၏ ချမ်းသာမှုအတွက် ညွှန်ကြား ဟောပြတော်မူခဲ့သည်။

ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ကပင် ဗုဒ္ဓ၏ဂုဏ်သတင်းသည် သူ လှည့်လည်ကျက်စားနေတော်မူသည့်နယ်ပယ်မှ အပြင်ဘက်သို့ ပြန့်နှံ့ရောက်ရှိနေခဲ့ပြီး ဖြစ်လေသည်။ သုနာပရန္တတိုင်း ဂူဂျရတ် သမုဒ္ဒရာကမ်းခြေမှ သူ့ဌေးသည် ရောက်ရှိလာပြီး သူ၏တပည့် အဖြစ်ခံယူသည်။ တက္ခသီလာဘုရင် ကပ္ပိနသည် သူ၏ခြေတော်ရင်းသို့ ဝပ်စင်းရောက်လာသည်။ မိမိနှင့်ခေတ်ပြိုင် ပညာရှိကြီးများနှင့် နာမ်ဝါဒီ ပုဂ္ဂိုလ်ကြီးများသည် ဗုဒ္ဓ၏ခြေတော်ရင်းဌာ ဝပ်စင်းဦးနှိမ်ကြလေသည်။ သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ မဟာကဿပကဲ့သို့သော ထိုခေတ်က ကြီးမားသော ဩဇာတိက္ကမ ရှိကြသည့် အဂ်ံ မဂဇေတိုင်းက ထိပ်တန်း ဗြာဟ္မဏ ပညာရှိကြီးများသည် ဗုဒ္ဓ၏ တရားဒေသနာတော်မှ ငြိမ်းချမ်းမှုကို ရရှိကြကုန်သည်။ (ဥဇ္ဇေနီ) တိုင်းဘုရင် စဏ္ဍပဇ္ဇောတ၏ ပုရောဟိတ် မဟာကစ္စာယနသည် ဗုဒ္ဓ၏ ခြေတော်ရင်းဌာ ပျပ်ဝပ်ဦးနှိမ်ပြီး

ဇမ္ဗူဒီပ်ကျွန်းဌ် အတုမဲ့နေတစင်း ထွက်ပြူလာပြီဟု ထုတ်ဖော်ခဲ့လေသည်။ လူဝတ်ကြောင် ဗြာဟ္မဏပညာရှိကြီးများအတွင်းဌ် လည်း ဗုဒ္ဓအား ကြည်ညိုသူတို့၏ ဦးရေမှာ မနည်းပေ။

ဥာဏ်ပဋိဘန်နှင့် ဥပဓိရုပ်နှစ်မျိုးလုံးဌ် ဗုဒ္ဓသည် ဘယ်လောက် စိတ်ပင်စားဖွယ် ကြည်ညိုဖွယ် ဖြစ်နေသနည်းဆိုလျှင် သူ၏ရှေ့မှောက်သို့ ရောက်လာလျှင် လူအပေါင်းတို့မှာ ကြည်ညိုလေးစားသွားကြသည်သာလျှင်ဖြစ်ကြ၏။ ဒုက္ခရစရိယာ အကျင့်ကို ကျင့်နေစဉ် ခြောက်နှစ်ပတ်လုံး အတူနေပြီး ဒုက္ခရစရိယာအကျင့်ကို စွန့်ပစ်လိုက်သောအခါ ဗုဒ္ဓအား အကျင့်ဖောက်ဖျက်လိုက်ပြီဟု အထင်ရှိသူ ကောဏ္ဍည၊ အဿဇိ စသည့် ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့သည် ဗုဒ္ဓအား စွန့်ခွာပြီး ဗာရာဏသီ ဣသိပတန မိဂဒါဝုန်တော (ဆာရနတ်) သို့ ထွက်သွားကြလေသည်။ ဗုဒ္ဓသည် ထိုစိတ်ပျက်အားလျော့သွားကြသည့် ရဟန်းငါးပါးအား မိမိ၏ အသစ်ရှာဖွေတွေ့ရှိချက်ဖြင့် ပဌမဦးဆုံး အကျိုးရှိအောင် ပြုလုပ်လိုသည်။ ပဉ္စဝဂ္ဂီရဟန်းငါးဦးသည် ဗုဒ္ဓအား အဝေးမှလာသည်ကို တွေ့ရသောအခါ- "ဟောဟိုမှာ အကျင့်ဖောက်ဖျက်ပစ်သည့် သမဏဂေါတမ လာနေပြီ။ သူ့ကို ရှိခိုးရိုသေခြင်း မပြုလုပ်ကြစတမ်း။ ခရီးဦးကြို မပြုလုပ်ကြစတမ်း" ဟု အချင်းချင်း တိုင်ပင်ထားကြ၏။ သို့ရာတွင် ဗုဒ္ဓ အနီးသို့ ရောက်လာသောအခါ တဦးကရှေ့တိုးပြီး ဗုဒ္ဓ၏ သပိတ်သင်္ကန်းကို လှမ်းယူသည်။ အခြားတဦးက နေရာထိုင်ခင်းကိုပေးသည်။ အခြားတဦးက ခြေဆေးရန် ရေယူလာသည်။

ဗုဒ္ဓသည် မည်မျှလောက် ကြည်ညိုဖွယ် မြတ်နိုးဖွယ်ကောင်းသနည်းဆိုလျှင် လူပေါင်းများစွာတို့က သမဏဂေါတမ၏အထံ၌

လူကိုညို့သည်၊ လူကိုပြုစားသည့် 'စိတ်ညို့အတတ်' ရှိသည်ဟု ထင်မှတ်ကြသည်။ နာလန္ဒာမှ သူ့ဌေးဥပါလိသည် ယင်း ပြုစားချက်ခံရသည့်အခါ တစုံတဦးက သရော်သည်တွင် ဤသို့ပြန်ပြောလေသည်- "ပြုစားချက်မှာ ကောင်းလှပေသည်။ ပြုစားချက်မှာ မွန်မြတ်လှပေသည်။ အကယ်၍ ကျွန်ုပ်၏ ချစ်သောမျိုးနွယ်များလည်း ဤပြုစားချက်ခံရလျှင် ရှည်လျားကြာမြင့်စွာသော အချိန်ကာလအထိ သူတို့၏အကျိုး သူတို့၏ချမ်းသာသုခ ဖြစ်နေပေလိမ့်မည်"

စိတ်နှလုံးနှင့် အသိဉာဏ်၏အပေါ်၌ ဝုဒ္ဓသည် အလွန်ကြီးစွာ လွှမ်းနိုင်စွမ်း ရှိလေသည်။

ဝုဒ္ဓ၏ အဘိဓမ္မာသည် ပဋ္ဌာန်းစွမ်းပွါးဖြစ်လေသည်။ အတွင်းအပြင်လောကရှိ ကြီးကြီးငယ်ငယ် အရာဝတ္ထု၊ ဟူသမျှသည် ခြင်းချက်မရှိ ပျက်စီးခြင်း သဘောရှိသည်။ မမြဲသော သဘောရှိသည်။ ခဏမပြတ် အမြဲအရင်းကနေပြီး ပြောင်းလဲလွှဲ သဘောရှိသည်။ ယင်း အချက်ကို သိရှိနားလည်ရန်မလွယ်ကူပေ။ သို့ရာတွင် ဝုဒ္ဓ ဟောပြသောနည်းမှာ အလွန်လွယ်ကူလှပေသည်။ အသိဉာဏ် အတော်အတန်ရှိသူပင် ဖြစ်စေကာမူ ကောင်းစွာနားလည်သဘောပေါက်သွားနိုင်လောက်အောင် ချည်ခင် ချည်ထုံးများကို ရှင်းရန်အတွက် ဥပမာပေးပြီး ဟောပြတော်မူလေသည်၊ ဉာဏ်ပညာထက်သူများ အဖိုမှာမူ နှစ်ပုဒ် နှစ်ကြောင်းဖြင့်ပင် ဝုဒ္ဓ၏ ခက်ခဲနက်နဲသော အဘိဓမ္မာကို နားလည်သွားနိုင်လေသည်။ အဿဇိရဟန်း၏ ငြိမ်သက်သောအပြုအမူများကို တွေ့ရ၍ ပမ်ဏိုင် သာရိပုတ္တရာသည် အဿဇိရဟန်းအား စိတ်ဝင်စားသွားသည်။ သူသည် အဿဇိ၏ အတွေ့အခေါ် အယူ

အဆကို မေးကြည့်သည်။ အဃဇိုက ပြန်ပြောမှ- "ငါဆည် ဤတရားဝမ္မနှင့်ပတ်သက်ပြီး အသစ်ဖြစ်သည်။အကျယ်ဝိတ္ထာရကို ပြောမပြတတ်"

"ကောင်းပါပြီ။ နည်းနည်း ဖြစ်ဖြစ်၊ များများ ဖြစ်ဖြစ်၊ သိသမျှ ပြောပြပါ"

အဃဇိ.သည် ဂါထာတပုဒ်ကို ဟောပြလိုက်သည်။ ထိုဂါထာမှာ မဇ္ဈိမဒေသ အိန္ဒိယပြည်တွင်းခ္ခရင်း၊ ပြည်ပခ္ခရင်း၊ အကြိမ်ပေါင်း ကုဋေကုဋာမက ကျောက်၊ ခဲတော်သတ္တု၊ စက္ကူ၊ မြေကြီးပေါ်ခ္ခ ရေးထိုးထားသည့် ဂါထာဖြစ်လေသည်။ ဗုဒ္ဓဘာသာတိုင်းပြည်ဟူသမျှခ္ခ ထိုဂါထာကို ရေးထိုးထားသည့် မြေကြီးနှင့် ပြုလုပ်ထားသော တံဆိပ်ပြားများကို သိန်းသန်းမက တွေ့ရှိရလေသည်။ ဂါထာကား ဤသို့ဖြစ်သည်-

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ၊ တေသံ စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။

[အရာဝတ္ထုတို့သည် အကြောင်းကြောင့် ဖြစ်ပေါ်လာကြကုန်သည်။ ထိုအရာဝတ္ထုတို့၏ အကြောင်းကိုရင်း၊ ထိုအကြောင်းတို့၏ ချုပ်ငြိမ်းခြင်းကိုရင်း၊ ဘုရားရှင်သည် ဟောကြားတော်မူ၏။ ဤသို့ ပြောပြသောသူသည် မဟာသမဏ ဖြစ်လေသည်။]

ဗုဒ္ဓသည် အားလုံးသောဓမ္မကို- မျက်မှောက်မျက်ကွယ် အရာဝတ္ထုဟူသမျှကို- အကြောင်းနှင့်ဟက္ခ ဖြစ်ပေါ်ကြသော အရာများဟု ဟောပြတော်မူသည်။ ယင်း အမြင်(အဘိဓမ္မာ)ဘခုသည် ဗုဒ္ဓ၏ အနိစ္စဝါဒ၊ အနတ္တဝါဒကို ပညာရှိ သာရိပုတ္တရာ၏ရှေ့ခ္ခ လှစ်ပြလိုက်လေသည်။

ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒီတို့သည် အိန္ဒိယ အဘိဓမ္မာနယ်ပယ်၌ အခါခပ်သိမ်း ရှေ့သွားခေါင်းဆောင် ဖြစ်ခဲ့လေသည်။ သူ့ခေတ် သမယဘ၌သာလျှင်မက ခေတ်အဆက်ဆက်၏ အတုမရှိသော အိန္ဒိယ အဘိဓမ္မာဆရာဖြစ်သည့် နာလန္ဒာမှ မဟာအဘိဓမ္မာ ဆရာဖြစ်သော ဓမ္မကိတ္တိနှင့် ပတ်သက်ပြီး သူ့ဆန့်ကျင်ဘက် ပုဂ္ဂိုလ်များက "ဒုရာဘာဝ ဣဝ ဓမ္မကိတ္တော ပန္ဆာ၊ စာတ် အတြ အဝယိတေန ဘာဝေါ" (ဓမ္မကိတ္တိ၏ အယူအဆသည် ထွင်းဖောက်နိုင်ခဲသည်။ သတိနှင့်သာနေကြ....) ဟု ပြောဆိုလေ့ရှိကြသည်။

ဗုဒ္ဓ၏ ချီသာသော နှစ်သက်ဖွယ်ကောင်းသော ထူးခြားချက်များကို ဖော်ပြသည့် အဖြစ်အပျက်များ အမြောက်အများရှိလေသည်။

(၁) ဗုဒ္ဓသည် မဟာကရုဏာတော်နှင့် ပြည့်စုံသည့်ပုဂ္ဂိုလ် ဖြစ်သည်။ဗုဒ္ဓနှင့် ဗုဒ္ဓ၏တပည့်သာဝကတို့သည် ကရုဏာတရားကို အလေးအနက်အပြုဆုံးပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း (ဂေါန်ဒါ ဒီစတြိတ် ဆဟက် မဟက်) ၌ ထိုအချိန်က သိတင်းသုံးနေထိုင်တော်မူ၏။ ကျောင်းတိုက်အတွင်း လှည့်လည်ရင်း ဘုရားရှင်သည် အခန်းဆောင် တခုအနီးသို့ ရောက်သွား၏။ ရဟန်းတပါး ဝမ်းသွားသည့်ရောဂါ ဖြင့်ပြီးလျှင် သူ၏ကျင်ကြီးကျင်ငယ်များအကြား၌ လဲနေသည်ကို တွေ့မြင်ရသည်။ မိမိ၏ အလုပ်အကျွေး အာနန္ဒာအား "အာနန္ဒာ၊ ရေယူခဲ့လော့။ ဒီရဟန်းကို ရေချိုးပေးရအောင်" ဟု မိန့်တော်မူလိုက်၏။ အာနန္ဒာက ရေယူလာသည်။ ဘုရားရှင်သည် ရဟန်းအား ရေချိုးပေးသည်။ ဆေးကြောပေးသည်။ ဘုရားရှင်က

ခေါင်းမှဉင်း၊ အာနန္ဒာက ခြေထောက်မှဉင်း၊ ဝေဒနာသယ် ရဟန်းအား ကုတင်ပေါ်၌တင်လိုက်သည်။ ထိုနောက် ဘုရားရှင်သည် ရဟန်းများအား မိန့်တော်မူလေ၏- "သင်တို့မှာ ပြုစုမည့် အမိလည်းမရှိပေ။ အဖလည်းမရှိပေ။ အကယ်၍ သင်တို့ တဦးနှင့် တဦး မပြုစုကြဘူးဆိုလျှင် အဘယ်သူ ပြုစုမည်နည်း။ အကြင်သူသည် ရောဂါဝေဒနာသယ်ကိုပြုစု၏။ ထိုသူသည် ငါ့ကို ပြုစုသည်မည်၏"

ရောဂါသယ်အား ပြုစုခြင်းနှင့်တကွ ဆေးပေါင်းများစွာကို အသုံးပြုရန်လည်း ဘုရားရှင်က ညွှန်ပြတော် မူလေသည်။ ထိုကြောင့် ဘုရားရှင်အား ဘေသဇ္ဇဂုရု (ဆေးဆရာ) ဟု ခေါ်တော်မူလေသည်။ ဘေသဇ္ဇဂုရုကြောင့် သူအသက်ထင်ရှားရှိစဉ်တွင် ရောဂါဝေဒနာသယ်များ အကျိုးရှိခြင်းထက် သူ ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်တွင် အဆထောင်ပေါင်းများစွာ ပိုပြီး အကျိုးရှိလေသည်။ အသောကဘုရင်သည် တိရစ္ဆာန်ဆေးဝါးကုသခြင်း၊ လူ ဆေးဝါးကုသခြင်းများကို မိမိတိုင်းပြည်၌သာလျှင်မက ခရီးအလှမ်းဝေးလှသည့် ဂရိ(က်) တိုင်းပြည်များ၌လည်း စီစဉ်ခဲ့လေသည်။ ကမ္ဘောဇ၊ တရုပ် စသည့်တိုင်းပြည်များ၌ တရားဓမ္မကို အကြောင်းပြုပြီး ကုသိုလ်ဖြစ် ဆေးရုံများကို ထောင်ပေါင်းများစွာ ဖွင့်ကြလေသည်။

ဗုဒ္ဓသည် ဒုက္ခခံစားနေရသူများကို ကရုဏာသက်လှပေသည်။ ထိုပုဂ္ဂိုလ်များအား ဒုက္ခခံစားနေရခြင်းမှ ပျောက်သွားအောင် ကြိုးပမ်းတော်မူသည်။ ဒုက္ခသယ် ကိသာဂေါတမီ၏ နမူနာသည် အသင်အရှားရှိနေပေသည်။ ကိသာဂေါတမီသည် မိမိအကြောင်းနှင့်ပတ်သက်ပြီး ဤသို့ ပြောပြလေသည်-

လူမဲ့အမှတ်ဖြင့် အားလုံးက ငါ့အား ဝိုင်းပယ်ကြသည်။ ငါ သားကလေးမွေးသောအခါ အားလုံးကချစ်ကြသည်။ ကလေးသည် လှပသည်။ နှုတ်ခမ်းပျော့ပျောင်းသော ကိုယ်လက်အင်္ဂါရှိသည်....ချမ်းသာစွာ မွေးမြူခြင်းခံရသည်။ ကလေးကို ငါ အသက်တမျှ ချစ်သည်။ ကလေးငယ်သည် ကိုယ်လွန်သွားပြန်သည်။ ထိုအခါ ငါသည် ကိုယ်ခန္ဓာကြုံလှိုန်မ်းလျပြီး မျက်ရည်များ သွန်ကျလာသည်။ကလေးငယ်အလောင်းကိုပိုက်ပြီး တင်ငိုတရီရီနှင့် လှည့်လည်နေသည်။ 'အမြတ်ဆုံးဆေးဆရာ ဗုဒ္ဓ၏အထံသို့ သွားချေ'ဟု တယောက်သောသူက ပြောသည်။ ငါ ဗုဒ္ဓ၏ အထံသို့ သွားပြီး 'သား အသက်ပြန်ရှင်မည့်ဆေးကို ပေးသနား ပါလော' ဟု ပြော၏။

ဗုဒ္ဓက ပြန်ပြောသည်- 'အကြင်အိမ်၌ သေသူ မည်သူမျှ မရှိ၊ ထိုအိမ်မှ ပုံ့ညှင်းစေ့ကို ယူခဲ့လော့' ။ ငါသည် သာဝတ္ထိမြို့တွင် လည်ပြီးရှာသည်။ ထိုကဲ့သို့သော အိမ်မျိုး တအိမ်မျှမတွေ့။

ဘယ်က ပုံ့ညှင်းစေ့ကို ယူလာရမည်နည်း။ ထိုအခါ ငါ သတိရလာသည်။

အရှေးတစုံး ဖြစ်နေသော ကိသာဂေါတမီသည် သေခြင်းမှ မည်သည့်အိမ်မျှ မလွတ်ကင်းဟု နားလည်သွားသည်။ သေမင်းသည် ငါ၏သားငယ်ဘဝကိုသာလျှင် လုယူသွားခြင်း မဟုတ်။ ကိသာ၏ အရှေးစိတ်သည် ပျောက်ကွယ်သွားပြီ။ သူ၏ ကဲ့အက်ကြောကျင်နေသော နှလုံးသည် အကောင်းပကတ် ဖြစ်လာသည်။

အမြင်အယူအဆ၌ မိုးကြိုးထက်ပင် ထက်မြက် ခိုင်မြဲသော ဗုဒ္ဓသည် ကိုယ်ချင်းစာနာမှုနှင့် ဉာဏ်ညာ ထောက်ထားမှုများ၌ ဂေထာပတ်ဆီဦးကဲ့သို့ပင် နှုန်းညံ့တော်မူသည်။ သာရိပုတ္တရာသည် ဗုဒ္ဓ၏ အရည်အချင်း အပြည့်ဝဆုံး၊ အချစ်ဆုံးတပည့် ဖြစ်လေသည်။ မောဂ္ဂလာန်သည်လည်း ထိုသို့သဘောရှိသော ဒုတိယတပည့်ဖြစ်လေသည်။ သူတို့နှစ်ဦးသည် အမြဲညီနောင်ကဲ့သို့ပင် ဖြစ်လေသည်။ သူတို့နှစ်ဦး ကွယ်လွန်သွားကြ၏။ သာရိပုတ္တရာသည် သူ့ဇာတိ ရပ်ရွာဖြစ်သော နာလန္ဒာ၌၊ မောဂ္ဂလာန်သည် ရာဇဂြိုဟ်၌ အသီးသီးကွယ်လွန်သွားကြသည်။ ဤကြီးစွာသော ဆုံးရှုံးမှုကြောင့် အားလုံးပင် ထိခိုက်နေကြ၏။ ပါဠိလိပုတ် (ပဌနား) ၏ ရှေဘက် ဂင်္ဂါကမ်းခြေ ဥလကာစေလ သဲသောင်ပြင်၌ ရဟန်းများအား နှလုံးမသာမယာဖြစ်ပြီး တိတ်ဆိတ်ငေးမှိုင်နေကြသည်ကို တွေ့ရသောအခါ ဗုဒ္ဓက မိန့်တော်မူသည်-

"ရဟန်းတို့၊ ဤအသိုင်းအဝန်း ဤပရိသတ်သည် ငြီးငွေ့ဖွယ်ကောင်းသလိုပင် ငါထင်သည်။ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန် မပြုခင်က ဤအသိုင်းအဝန်း ဤပရိသတ်သည် ငြီးငွေ့ဖွယ်ကောင်းသည်ဟု ငါ မထင်ခဲ့။ အကြင်အရပ်၌ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ လှည့်လည်ကြ၏။ ထိုအရပ်သည် စိတ်ချရလေသည်။ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ ကွယ်လွန်သွားခြင်းမှာ ငါဘုရားအတွက် ပင်စည်ပင်လုံးကြီးက စိုက်ထူလျက်ရှိပြီး အကိုင်းကြီးများ ကျိုးကျသွားသကဲ့သို့ပင် ဖြစ်လေသည်"

ယင်းစကားဝါကျများ၌ ဗုဒ္ဓ၏ ထိခိုက်နေသောနှလုံး ပေါ်လွင်နေပေသည်။ အနှစ်တရာကြာလွန်ပြီးသည့်နောက်မှ ဤအရှင်

မြတ် နှစ်ပါးတို့၏ခေတ်ခေတ်များ ကျွန်ုပ်တို့ လန်ဒန်မှ ပြန်လည် ရရှိပေသည်။

နောက် အကြောင်းအရာတခုရှိသေးသည်။ ကဆုန်လပြည့်နေ့ ဖြစ်သည်။ ကုသိနာရုံ (ယခု ကဆီယာ)၌ အင်းကြင်းပင် နှစ်ပင် အကြား၌ လည်းလျောင်းနေသော ဗုဒ္ဓသည် ပရိနိဗ္ဗာန်ပြုရန် အချိန်ကို ငုံ့လင့်လျက်ရှိသည်။ တလောကလုံး၏ကြည်ညိုလေးစား အပ်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ထာဝစဉ် ကွယ်ပျောက်သွား တော့မည်မှာ နာရီပိုင်းလောက်သာ ကျန်တော့သည်။ အနန္ဒာ သည် နှမ်းပေါင်းများစွာ အရိပ်ပမာ ဗုဒ္ဓ၏နောက်က တကောက် နောက်လိုက်နေခဲ့သူ ဖြစ်သည်။ ဤနောက်ဆုံးပိတ် ခွဲခွာရမည့် အရေးကို ခံနိုင်ရည် သူ့တွင် မရှိပေ။ သူသည် အခန်းထဲသွား ပြီးလျှင် သစ်ငုတ်ကိုင်ပြီး ငိုနေ၏။ ဗုဒ္ဓက မေးလေသည်-

"အာနန္ဒာ ဘယ်မှာလဲ

"အခန်းထဲသွားပြီး ငိုနေတယ်"

ဗုဒ္ဓသည် အာနန္ဒာအား အခေါ်ခိုင်းပြီး မိန့်တော်မူလေ၏-

"မဟုတ်ဘူး အာနန္ဒာ၊ ပူပန်ခြင်းကို မပြုနှင့်။ ငိုကြွေးခြင်းကို မပြုနှင့်။ အားလုံးသော ချစ်ခင်နှစ်သက်အပ်သူများနှင့် ခွဲခွာရ မည်မှာ မချွတ်ဖြစ်ရမည့်အရာဖြစ်၏ဟု ငါမဆွကပင် ဟောထား ခဲ့သည်မဟုတ်လော။ ဖြစ်သည့်အရာသည်၊ ပြုသည့်အရာသည် ပျက်စီးရမည်သာဖြစ်သည်။ 'ဒီဟာ ပျက်စီးမသွားပါစေနှင့်' ဟု တောင့်ဂခြင်းမှာ မသင့်လျော်ပေ"

ပရိနိဗ္ဗာန်စံမည့်ဆဲဆဲဖြစ်သော နောက်ထပ်အဖြစ်အပျက်တခု ရှိသေးသည်။ အဖိုးအို သုဘဒ္ဒသည် ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော့မည်ဟု သိရ၍ ဗုဒ္ဓဆိုသည်မှာ တရုံတခါသာ ခဲခဲယဉ်းယဉ်းပွင့်တော်မူ

ခြင်းဖြစ်သည်ဟု တွေးမိလေ၏။ သူသည် ဗုဒ္ဓအနီးသို့ ချဉ်းကပ်ပြီး မိမိမရှင်းမလင်းဖြစ်နေသည့် ယုံမှားသံသယများကို လျှောက်ထားလိုသည့်ဆန္ဒကို အာနန္ဒာအား ပြောပြလေသည်။

အာနန္ဒာက-"မဟာတ်ဘူး သုဘဒ္ဒ၊ ဘုရားရှင်ကို ဒုက္ခ မပေးပါနှင့်။ဘုရားရှင်ပင်ပန်းနွမ်းလျနေပါသည်...."ဟု သုဘဒ္ဒအား ပြောပြ လေသည်။ သုံးကြိမ်တိတိ တောင်းပန် လျှောက်ထားသော်လည်း အာနန္ဒာကငြင်းဆန်မြဲငြင်းဆန်နေလေသည်။သုဘဒ္ဒ တောင်းပန် လျှောက်ထားနေသည့်အသံသည် ဘုရားရှင်၏နားသို့ ရောက်သွားသည်။ ဗုဒ္ဓက မိန့်တော်မူလိုက်၏- "အာနန္ဒာ၊ သုဘဒ္ဒကို မပိတ်ပင်မဘားမြစ်ပါနှင့်။သုဘဒ္ဒကို တထာဂတအား ဖူးတွေ့ခွင့်ပေးလိုက်ပါ။ သူသည် အသိဉာဏ် ရရှိလိုသည့်ဆန္ဒဖြင့် သာလျှင် မေးလျှောက်ပေလိမ့်မည်။ ဒုက္ခပေးလိုသည့်သဘောဖြင့် မေးလျှောက်လိမ့်မည် မဟုတ်"

သုဘဒ္ဒသည် သက်တော် ၇၀ အရွယ်ရှိ တန်ခိုးအရှိန်အစော်ရှိသည့် ဗုဒ္ဓ၏ ကိုယ်ခန္ဓာကို ဖူးတွေ့ရသည်။ ဗုဒ္ဓ၏ နှုတ်တော်မှ ကြားသိရသော တရားစကားကြောင့် သူသည် ကျေးဇူးရှိသွားလေသည်။ ယုံမှားသံသယ ကင်းရှင်းသွားလေသည်။မိဂဒါဝုန်၌ ကောဏ္ဍညသည် ဗုဒ္ဓ၏ ပဌမ အဦးဆုံး တပည့် ဖြစ်ခွင့်ကိုရင်း၊ ကုသိနာရုံ၌ သုဘဒ္ဒသည် ဗုဒ္ဓ၏ နောက်ဆုံးတပည့်ဖြစ်ခွင့်ကိုရင်း၊ အသီးအသီး ရရှိခဲ့ကြလေသည်။

ဗုဒ္ဓသည် တူညီမျှတမှုကို ဖြန့်ဖြူးသူ ဖြစ်သည်။ နှစ်ပေါင်းနှစ်ထောင့် ငါးရာ အလွန်က သူသည် ဇာတ်ထုံးစံ စံနှစ်အား တော်လှန်ဆန့်ကျင်ပြီး မိမိ၏ စွမ်းအားထက်မြက်လှသော အသံတော်ကို ထုတ်ဖော်ခဲ့ လေသည်။ အကယ်၍ ယင်း တော်လှန်

ဆန့်ကျင်မှု၏ အခြေခံသည် ပစ္စည်းဥစ္စာဖြစ်ခဲ့လျှင် ဇာတ်နိမ့် ဇာတ်မြင့်စံနစ်သည် အမြစ်ပါမကျန် ပျောက်ပျက်သွားမည်မှာ ယုံမှားသံသယ ဖြစ်ဖွယ်မရှိပေ။

သို့ပင် ဖြစ်စေကာမူ ဗုဒ္ဓ၏ အသံတော်သည် ဇာတ်နိမ့် ဇာတ်မြင့် စံနစ်အား အလွန်တရာပင် အားအင် နည်းပါး ယုတ်လျော့ သွားစေခဲ့သည် ဖြစ်ရကား နောင်သော အခါ၌ ဘုရင်များ၊ ဗြာဟ္မဏများသည် အမျိုးဇာတ်စံနစ်ကို ပြန်လည် ခေတ်စားအောင် လုပ်ကြရလေ၏။

အမ္ဗပါလီသည် ဝေသာလီမှ ပြည့်တန်ဆာဖြစ်သည်။ ဇာတ်နိမ့် မဟုတ်ပေ။ ပြည့်တန်ဆာသည် ဇာတ်နိမ့် မဟုတ်သော်လည်း လူလေးကဲ့၌ အဆင့်အတန်း အလွန်နိမ့်ကျပေ၏။ သို့ရာတွင် ပြည့်တန်ဆာကို ပဌမဦးဆုံး အဆင့်အတန်း မြင့်ပေးလိုက်သူမှာ ဗုဒ္ဓ ဖြစ်လေသည်။ ဗုဒ္ဓသည် ဂဏ(ဒီမိုကရေစီ)တိုင်းပြည်တို့၏ မိခင် ဖြစ်သည့် ဝေသာလီသို့ ဆိုက်ရောက်လာလေသည်။ အမ္ဗပါလီသည် ဗုဒ္ဓအား ဖူးတွေ့ရန်အလို့ငှာ မြင်းကားသောရထားနှင့် ဝေသာလီမှ ထွက်လာခဲ့လေ၏။ ဗုဒ္ဓအား နောက်တနေ့ ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်လေ၏။ ဗုဒ္ဓက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံထားလိုက်လေသည်။ အမ္ဗပါလီသည် အတိုင်းထက်အလွန် ဝမ်းသာလွန်းမက ဝမ်းသာပြီး ပြန်လာခဲ့လေ၏။ ဩဇာတိုက္ကမ ပြည့်ဝသည့် လိစ္ဆဝီတို့သည် ဗုဒ္ဓအား ဖူးမျှော်ရန် ယာဉ်ရထားဖြင့် ထိုဥယျာဉ်ဘက်သို့ ထွက်လာခဲ့ကြလေသည်။ အမ္ဗပါလီ ပြည့်တန်ဆာမသည် လုလင် လိစ္ဆဝီတို့၏ ရထားကို မိမိရထားဖြင့် ဝင်ရိုး ဝင်ရိုးချင်း၊ ဘီး ဘီးချင်း၊ ထမ်းပိုး ထမ်းပိုးချင်း တိုက်စေသည်။ လိစ္ဆဝီတို့က

အံ့အား သင့်ပြီး.... "ဘဲနဲ့လဲ အမ္မပါလီ၊ ဘာကြောင့် ဝင်ရိုး ဝင်ရိုးချင်း တိုက်အောင် လုပ်ရသနည်း"ဟု မေးကြလေ၏။

အမ္မပါလီက ပြန်ပြောသည်-"အရှင့်သားတို့ ကျွန်ုပ်နက်ဖြန် ဆွမ်းအတွက် ဘုရားရှင်ကို ပင့်ဖိတ်ခဲ့ပြီ"

လိစ္ဆဝီတို့က နောက်တနေ့အတွက် ဗုဒ္ဓအား ဆွမ်းလုပ်ကျွေး ခွင့်ကို သူတို့အားပေးရန် အမ္မပါလီအား တောင်းကြလေ၏။ သို့ရာတွင် အမ္မပါလီက လက်မခံ။ ပြန်ပြောလိုက် လေသည်- "အရှင့်သားတို့၊ အကယ်၍ ဝေသာလီတပြည်လုံး ပေးဦးတော့၊ ဤကြီးကျယ်သည့် ဆွမ်းလုပ်ကျွေးခြင်းကိုမူ သင်တို့ကို ကျွန်ုပ် မပေးနိုင်"

ဗုဒ္ဓသည် လိစ္ဆဝီတို့အား ဤပထဝီ မြေပြင်ပေါ်၌ ရှိသော နတ်ဒေဝတာများသဖွယ် ထင်မှတ်လေသည်။ အကြောင်းမူကား သူသည် ပြည်သူ့အုပ်ချုပ်ရေးစံနစ်နှင့် ဂဏ အုပ်ချုပ်ရေးစံနစ်ကို ထောက်ခံ အားပေးသူ ဖြစ်သောကြောင့်တည်း။ သံဃာတို့၏ အတွင်းဌာ ဗုဒ္ဓသည် သာတူညီမျှရေးဝါဒကို အပြည့်အဝ ပုံသွင်း လိုသည့် ဆန္ဒရှိခဲ့သည်။ ဝေသာလီသည် ထိုခေတ်က စံပြဖြစ်သော ဂဏ အုပ်ချုပ်ရေး နိုင်ငံဖြစ်လေသည်။ သို့ဖြစ်၍ လိစ္ဆဝီတို့ကို တွေ့ရသောအခါ ဗုဒ္ဓသည် ရဟန်းများအား မိန့်တော်မူလေ၏- "ရဟန်းတို့၊ လိစ္ဆဝီတို့ကိုကြည့်ကြလော့။ ရဟန်းတို့၊ လိစ္ဆဝီတို့ကို ကြည့်ကြလော့။ လိစ္ဆဝီ ပရိသတ်ကို နတ်ဒေဝတာ ပရိသတ်ဟု မှတ်ကြလော့"

ယင်း မြေအပြင်ရှိ နတ်ဒေဝတာများက ဗုဒ္ဓအား ဆွမ်း ဘုဉ်းပေးရန် ပင့်လျှောက်ကြသည်။ဗုဒ္ဓက ပြန်လည်မိန့်ကြားတော် မူ၏-"ငါ အမ္မပါလီ၏ ပင့်ဖိတ်ချက်ကို လက်ခံပြီးပြီ"

ဗုဒ္ဓသည် ရိုးရိုးနေ၊ ရိုးရိုးစား၊ ရိုးရိုးဝတ်ခြင်းကို နှစ်သက်တော်မူသည်။ သူ၏ တပည့် ကဿပ၏ ကိုယ်ပေါ်၌ ကောင်းမွန်သည့် အဝတ်ဖြင့် ပြူလုပ် ထားသည့် ဒုကူဋ် သင်္ကန်း ရှိနေသည်။ ကဿပသည် ထိုင်ရန်အဘွက် ထိုဒုကူဋ်သင်္ကန်းကို ခေါက်ပြီး ခင်းလိုက်သည်။ ဗုဒ္ဓက မိန့်တော်မူ၏- "ကဿပ၊ သင်၏ ဒုကူဋ် သင်္ကန်းသည် နူးညံ့လှသည်"

ဘုရားရှင်သည် ထိုဒုကူဋ်သင်္ကန်းကို နှစ်သက်သဘောကျသည်ဟု ကဿပက အထင်ရှိသွားသည်။ ဘုရားရှင်အား ပေးလှူရန် ဟန်ပြင်၏။ ဘုရားရှင်က မိန့်တော်မူသည်- "ဒီလိုဆိုရင် သင် ဘာကို ဝတ်ရုံမည်နည်း"

"အရှင်ဘုရား အကယ်၍ အရှင်ဘုရား၏ အဲဒီသင်္ကန်းကို ရလျှင် ဝတ်ရုံပါမည်"

ဗုဒ္ဓက မိန့်တော်မူသည်- "သင် ဒီဟောင်းနွမ်းနေတဲ့ ပုံသကူသင်္ကန်းကို ဝတ်ရုံနိုင်ပါမည်လော။ ဒီသင်္ကန်းမျိုးကို တသက်ပတ်လုံး ပုံသကူဆောင် (ပုံသုကူလိက) ပုဂ္ဂိုလ်မှသာ ဝတ်ရုံနိုင်ပေသည်"

ကဿပက ဝတ်ရုံနိုင်ပါသည်ဟု လျှောက်ထားလေသည်။ ထိုနောက် အဝတ်ကောင်းနှင့်ပြူလုပ်ထားသည့် သင်္ကန်းကိုပေးပြီး ပုံသကူသင်္ကန်းကိုယူလျက် ကဿပသည် တသက်ပတ်လုံး ပုံသကူသင်္ကန်းဆောင်ပုဂ္ဂိုလ်ဖြစ်ခဲ့လေသည်။ ဗုဒ္ဓပေးသော ထိုသင်္ကန်းကို ကဿပသည် တသက်လုံး ဝတ်ရုံခဲ့သည်။ ယခုလည်း သူသည် ဂယာဒီစတြီတ်မှ် တောင်တတောင်၏ ဂူထဲ၌ ထိုသင်္ကန်းကိုကိုင်လျက် အနာဂတ် မေတ္တေယျဘုရား ပွင့်တော်မူလျှင် မေတ္တေယျ

ဘုရားအား ထိုသက်နှံးကိုပေးပြီး မိမိတာဝန်ကို ကျေပြွန်အောင် ပြုရန်အတွက် ထိုင်စောင့်နေသည်ဟု ပြောစမှတ်ပြုကြလေသည်။

ယဉ်ကျေးဖွယ်ရာ လောကဝတ်နှင့်ပတ်သက်၍ကော။ သောရ (သောရေယ) နှင့် မထုရာအကြားခြံ ဝေရဠာအမည်ရှိ မြို့ငယ်တခုရှိသည်။ ဗုဒ္ဓသည် ထိုမြို့ခြံ ဝါဆိုမည်ဖြစ်သည်။ ဥတ္တရပထ (ပန်ဂျပ်) တိုင်းမှ မြင်းကုန်သည် ငါးရာတို့လည်း ထိုဒေသ၌ မိုးကာလအတွင်း စတဲချနေကြသည်။ ဝေရဠာမှ ဗြာဟ္မဏသည် ဗုဒ္ဓအား ဝါကပ်ရန် ပင့်ဖိတ်ထားသူ ဖြစ်သည်။ သို့ရာတွင် ထိုဗြာဟ္မဏသည် သတိမေ့နေ၏။ ဒုဋ္ဌိကွန်ရက်ပ် ဆိုက်ရောက်နေသည့် အခါသမယဖြစ်လေ၏။ လူတို့တွင် ဆန်ရေဝပါး အလွန်ရှားပါးလျက်ရှိ၏။ စေတနာကောင်းသော ဥတ္တရပထတိုင်းသားကုန်သည်တို့သည် လက်တခုပ်စာ လက်တခုပ်စာမျှဆန်ကို ပေးကြလေသည်။ ဘုရားရှင်သည်လည်း ယာဂုကြဲကြဲလောက်သာ လျှင် ဘုဉ်းပေးတော်မူရသည်။ ဝါကျွတ်သွားလေ၏။ ခရီးထွက်ရမည့်အချိန် ကျရောက်လာ၏။ ဝေရဠာက ဗြာဟ္မဏသည် သတိမေ့နေသည်။ သို့ရာတွင် ဗုဒ္ဓသည် သူ့ကို အကြောင်းမကြားဘဲ ဘယ်ရှောကြွတော်မူမည်နည်း။ ဗုဒ္ဓသည် ဗြာဟ္မဏအိမ်သို့ကြွသွားပြီး မိန့်တော်မူလေ၏-"ဗြာဟ္မဏ၊သင်သည် ပင့်ဖိတ်သူဖြစ်သည်။ ဝါဆိုပြီးပြီဖြစ်၍ တော့ရန်လာခဲ့သည်။ အခု ငါတို့ ဒေသစာရီ ဖြန့်ချိရန်အလို့ငှာ ထွက်ခွာသွားလိုကြသည်-"

ဘုရားရှင်သည် လောကဝတ်ကို လိုက်နာဘို့ လိုအပ်သည်ဟု ယူဆတော်မူသည်။ဝေရဠာမှ သောရေယျ၊သံကဿ(ဆန်ကိဆာ-ဝဆန်ပူ)၊ ကာညကုဗ္ဗ (ကန်နောက်ဂျ) တို့ကိုဖြတ်ပြီး ပယာဂပတိဋ္ဌာနသို့ ကြွလာတော်မူလေသည်။

စိတ်ထား ဘယ်လောက် မြင့်မြတ်သနည်း။ ဝေသာလီ တိုင်းပြည်၏ သေနာပတိချုပ် သီဟသည် အစပဋ္ဌမတွင် ဂျိန်းဘာသာ ခေါင်းဆောင် မဟာဝီရ၏ တပည့်ဖြစ်လေသည်။ ထိုနောက် သူသည် ဗုဒ္ဓ၏ 'အပြုစား' ခံရလေ၏။ သီဟသည် ဂျိန်းဘုန်းကြီး များအား ဆွမ်းလှူလိုစိတ် ရှိချင်မှ ရှိတော့မည်ဟု ဗုဒ္ဓတွေးမိ လေသည်။ သို့ဖြင့်၎င် သီဟအား မိန့်တော်မူလေ၏- "သီဟ၊သင်၏ အမျိုးအနွယ်သည် ကြာရှည်စွာသော အခါကာလကစပြီး နိဂဏ္ဌ (ဂျိန်းဘုန်းကြီး) တို့၏ ဒါယကာများ ဖြစ်လာခဲ့ကြသည်။ သူတို့ လာလျှင် ဆွမ်းပေးလှူခြင်းကို မပိတ်ပင်ပစ်ပါနှင့်"

ဗုဒ္ဓသည် ဘယ်လောက်အကြောက်အရွံ့ကင်းသနည်း။လူသတ် သမား အင်္ဂုလိမာလသည် လူတွေကိုသတ်ဖြတ်ပြီး ပီတိဖြစ်နေ သည်။ အသတ်ခံရသူ၏ လက်တချောင်းစီကို သီကုံးပြီး လည်ပင်း တွင် ဆွဲထားသည်။ ထိုအကြောင်းကြောင့်ပင်လျှင် သူ၏အမည် နာမသည်လည်း အင်္ဂုလိမာလဟု တွင်နေခြင်းဖြစ်သည်။ သူ့ကို ကြောက်သောကြောင့် ခရီးအသွားအလာ ရုပ်သွားကြသည်။ လူဝင်္ဂသည် ထိုနေရာသို့ ခြေဦးမျှပင် မလှည့်ပေ။ လူနှုလုံးသည် ပင်ကိုယ်အားဖြင့် ပျော့ပျောင်းနူးညံ့သည်ဟု ဗုဒ္ဓက ယုံကြည် တော်မူသည်။ ထိုနေရာသို့ ဗုဒ္ဓသွားသည်ကို တွေ့ရသောအခါ လူတွေက ပြောကြသည်- "သမဏ၊ ဒီလမ်းကို မသွားနှင့်။ ဒီလမ်း မှာ ဓားပြ အင်္ဂုလိမာလရှိသည်။ သူသည် လူအများကို သတ်သတ် ပြီး လက်ချောင်းပန်းကုံးကို ဆင်မြန်းထားသည်။ လူနှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ် စုစုပြီးသွားသော်လည်း အင်္ဂုလိ မာလ၏လက်ထဲ ရောက်ရောက်သွားကြသည်...."

ဗုဒ္ဓသည် သူ၏ 'စိတ်ညို့အတတ်' ကို ယုံကြည်စိတ်ချသည်။ ခေးပြ အဂုံလိမာလသည် ဗုဒ္ဓ၏ ရဲရင့်လှပုံကို တွေ့ရသည့်အခါ အံ့အားသင့်သွား၏။ သို့သော်လည်း မိမိ၏သဘာဝအရ လက်ချောင်းပန်းကုံးတွင် လက်ချောင်းတချောင်း ထပ်တိုးလိုသည့် လောဘကိုမူ မတားမြစ် မပိတ်ပင်နိုင်။ သို့ပင်ဖြစ်စေကာမူ ဤ ပုဂ္ဂိုလ်မြတ်ကား လူတမျိုးတည်း။ သတ်ဖြတ်ရန် နောက်ကလိုက်သော်လည်း မီအောင်မလိုက်နိုင်ဖြစ်နေသည်။ ဗုဒ္ဓသည် ခြေလှမ်းရိုးရိုးဖြင့်သာလျှင် လှမ်းနေသည်။ အဂုံလိမာလကမူ နောက်မှ အဟုန်ဖြင့် ပြေးလိုက်၏။ သို့ရာတွင် ဗုဒ္ဓကို မမီပေ။ ခေးပြက ပြောလေ၏- "ရပ်လိုက် သမဏ"

"ရပ်နေတာဘဲ အဂုံလိမာလ"

ခေးပြသည် နောက်ဆုံးဌ အရှုံးပေးလိုက်ရ၏။ ယဉ်ပါးသောတိရစ္ဆာန်တကောင်ကဲ့သို့ အဂုံလိမာလသည် ဗုဒ္ဓ၏နောက်မှ ဇရတဝန်ကျောင်းတော်သို့ လိုက်လာခဲ့လေသည်။ ကောသလဘုရင် ပသေနဒီက မေးလျှောက်သည်ဖြစ်၍ ဗုဒ္ဓက မိန့်တော်မူလေသည်- "မြတ်သောမင်းကြီး၊ ဒါ အဂုံလိမာလလေ...."

ဘုရင်မင်းကြီးသည် ကြောက်လန့်လှသဖြင့် တုန်လှုပ်သွားသည်။ ကြက်သီးမွေးညှင်းထလာသည်။ ဘုရားရှင်က မိန့်တော်မူ၏- "မကြောက်ပါနှင့် အရှင်မင်းကြီး၊ သူ့ဆီမှာ ဘေးအန္တရာယ်မရှိတော့ပါ"

ဘုရင်မင်းကြီးသည် ခေးပြဟောင်းကြီးဘား မေးလိုက်လေ၏-

"အဂုံလိမာလ ဟုတ်ပါသလား"

"ဟုတ်ပါတယ် အရှင်မင်းကြီး"

"အသင်၏အဖ မည်သည့်အနွယ် ဖြစ်သနည်း။ အသင်၏အမိ မည်သည့်အနွယ် ဖြစ်သနည်း"

"ဖခင်က ဂဂ္ဂယ အနွယ်ပါ။ မိခင်က မေတ္တာယဏီအနွယ်ပါ"

ဂဂ္ဂယ မေတ္တာယဏီတို့၏သားအား ပြုစုထောက်ပံ့ခြင်းသည် မိမိအတွက် ကုသိုလ်ကံထူးသည်ဟု ပသေနဒီက အောက်မေ့လေသည်။ သို့ရာတွင် အဂ္ဂိလိမာလကား အရည်ကင် ဓူတင်ဆောင် ပံသုကူလ်က ရဟန်းဖြစ်နေပြီ။ သူ့အတွက် ဘုရင်၏အထောက် အပံ့မလိုတော့ပေ။

ဤသည် ခွက်ထိုးခွက်လန် ရယ်သူ မဟုတ်ပေ။ သို့ရာတွင် ရှင်ပြုံးသော နှလုံးမရှိလည်းမဟုတ်။ ပသေနဒီမင်းကြီး၏ မိဖုရား များထဲတွင် သောမာနှင့် သုကုမာအမည်ရှိ ညီအစ်မ နှစ်ဦး ရှိလေသည်။ ပွဲတော်တည်ချိန်တွင် သူတို့နှစ်ဦးသည် ဘုရင်းမင်း ကြီးအနီးသို့ ရောက်လာကြ၏။ ဘုရင်မင်းကြီးသည် ဘုရားရှင်ကို ဖူးတွေ့ရန်အလို့ငှာ သွားမည်လုပ်နေသည်။ ညီအစ်မနှစ်ဦးက မှာလိုက်ကြ၏- "အရှင်မင်းကြီး၊ ဘုရားကျွန်မတို့၏ စကားဖြင့် လည်း ဘုရားရှင်၏ခြေတော်အစုံမှာ ဦးညွှတ်ရှိခိုးခဲ့ပါ"

ရိုးသားသောမင်းကြီးက သွားပြီး ဘုရားအား လျှောက်ထား လေ၏-

"သောမာနှင့် သုကုလာ ညီအစ်မ နှစ်ဦးကလည်း ဘုရား ရှင်၏ ခြေတော်အဝုံမှာ ဦးညွှတ်ရှိခိုးလိုက်ကြပါသည်"

ဘုရားရှင်က ကျီစားလိုသည့် သဘောဖြင့် မိန့်တော်မူ၏- "ဘဲနဲ့လဲ အရှင်မင်းကြီး၊သောမာနှင့် သုကုလာ ညီအစ်မ နှစ်ဦး တို့က တခြားစေတမန်ကို မရကြတော့ဘူးလား။ သောမာနှင့် သုကုလာ ညီအစ်မတို့ ချမ်းသာကြပါစေ"

"ဆတ်တယံပြ||ယတ်၊ နပြ||ယတ် ဆတ္တယမ ပရိယံ"(အမှန်ကို ပြောပါ။ သို့ရာတွင် နှစ်သက်လိုလားဖွယ် ဖြစ်ပါစေ။ မနှစ်သက် မလိုလားအပ်သည့် အမှန်ကိုမပြောပါနှင့်)အကယ်၍ အားလုံးက မနှစ်သက် မလိုလားအပ်သည့် အမှန်ကို ပြောဆိုခြင်းမပြုကြလျှင် အမှားအတွက် နည်းလမ်းရှိနိုင်လိမ့်မည် မဟုတ်ပေ။ ဗုဒ္ဓသည် အခွင့် သင့်လာလျှင် လိုအပ်လာလျှင် မနှစ်သက် မလိုလား အပ်သော အမှန်ကို မပြောဘဲမနေပေ။ ထိုကဲ့သို့သော အခါမျိုးဌ ဗုဒ္ဓသည် လူတို့အား မောဃပုရိသ(ပိုသော အချည်းနှီးသောလူ) ဟူ၍ ခေါ်ပြီး ပြောတော်မူလေ့ရှိသည်။

မနှစ်သက် မလိုလားဖွယ် အမှန်ကိုပြောသော ပုံစံနမူနာ တခုကို ဗုဒ္ဓနှင့် ဗြာဟ္မဏလုလင် အမွဋ္ဌတို့ အခြေအတင်ပြောသော စကားများ၌ တွေ့ရှိရပေသည်။ ဗုဒ္ဓသည် ကောသလ တိုင်း၌ ဒေသစာရီ လှည့်လည်ရင်း ဣစ္ဆာနင်္ကလ အမည်ရှိသော ဗြာဟ္မဏ ရွာကြီးတရွာသို့ ရောက်သွားလေ၏။ ထိုရွာမှာ ကောသလ ဘုရင်က ပညာရှိကြီး ပေါ်ကွရသာတို ဗြာဟ္မဏအား အပိုင်စား ပေးသနားထားသည့် ရွာဖြစ်လေသည်။ ဗုဒ္ဓ ကြွလာတော်မူသည့် သတင်းကို ကြားသိရသည့်အခါ ဗြာဟ္မဏကြီးသည် မိမိ၏ အတော်ဆုံးတပည့်အမွဋ္ဌအား ဗုဒ္ဓ၏အထံသို့ စုံစမ်းရန်လွှတ်လိုက် လေသည်။ အမွဋ္ဌသည် ဗြာဟ္မဏမာန် တက်၍နေသည်။ သူသည် ဦးပြည်းရဟန်းများအား အပေါ်စီးဖြင့် ကြည့်သည်။ သာကျ တို့အား အာဃာတထားသည်။ ဗုဒ္ဓထံသို့ ရောက်သောအခါ လောကဝတ်ကို စိုးစဉ်းမျှမပြုဘဲ စကြံ့ကြွနေတော်မူသော ဗုဒ္ဓ၏ အနီးဌ ထိုင်ပြီး စကားပြော၏။ လောကဝတ်ကို ထိုကဲ့သို့ ချိုးဖောက်သည်ကို တွေ့ရသောအခါ ဗုဒ္ဓက မေးလိုက်၏-

"အမွဋ္ဌ၊ အသက်အရွယ်ကြီးသည့် ဗြာဟ္မဏဆရာကြီးများနှင့် ယခုလိုဘဲ စကားပြောသလား"

အမွဋ္ဌက ပြန်ပြောသည်- "ယခုလို မပြောပါ။ အခု သင်ဂေါတမနှင့် စကားပြောသလို ဇာတ်နိမ့်ဖြစ်ကုန်သော၊ မည်းညစ်ကုန်သော၊ ဗြဟ္မာ၏ခြေမှ ပေါက်ဖွားကုန်သော ဦးပြည်းရဟန်းတို့နှင့်တော့ စကားပြောပါသည်"

ဗုဒ္ဓက မိန့်တော်မူ၏- "အမွဋ္ဌ၊ သင်သည် ဆရာသမားတို့၏ အထံမှာ မနေဘူးပေ။ ဆရာသမားတို့၏ အထံမှာ မနေဘူးပါဘဲလျက် ဆရာသမားထံမှာ နေရခြင်း မာန်မာန တက်နေပေသည်"

ထိုစကားကြောင့် အမွဋ္ဌအား ထိခိုက်သွားသည်။ သူသည် စိတ်ဆိုးသွားပြီးလျှင် ဗုဒ္ဓအား ပြန်လှန်ပြောလေ၏-

"ဂေါတမ၊ သာကျမျိုးနွယ်သည် ခက်ထန်၏။ ကြမ်းတမ်း၏။ စကားများ၏။ ဇာတ်ညံ့သော သာကျတို့သည် ဗြာဟ္မဏတို့ကို ပူဇော်သည်မှာ မပြုကြကုန်။ ဇာတ်ညံ့ သာကျများ ဗြာဟ္မဏတို့အား ပူဇော်ခြင်းမှ မပြုခြင်းသည် မသင့်လျော် မလျောက်ပတ်ပေ"

ဘုရားရှင်က မေးလိုက်၏-"အမွဋ္ဌ၊ သာကျသာကီဝင်တို့က သင့်ကို ဘယ်လိုအမှားမျိုး ပြုလုပ်ထားလို့နည်း"

အမွဋ္ဌက ပြန်ဖြေသည်-"ဂေါဘမ၊ တခါတုန်းက ကျွန်ုပ်သည် ဗြာဟ္မဏဆရာကြီး ပေါက္ခရသာတိ၏ ကိစ္စတခုနှင့် ကပိလဝတ်ကို ရောက်သွားခဲ့သည်။ သန္ဓာဂါရ (လှတ်တော်ခန်းမဆောင်)မှာ မျှားစွဲသော သာကျသာကီဝင်မင်းနှင့် သာကျသာကီဝင်မင်းသားတို့သည် မြင့်သောနေရာ၌ ထိုင်နေကြကုန်၏။ သူတို့သည်

ကျွန်ုပ်ကို ရယ်သလိုလိုနှင့် တယောက်နှင့် တယောက် ပြောင်နောက်နေကြသည်။ မည်သူကမျှ ကျွန်ုပ်အား နေရာပေါ်မှာ ထိုင်ဘို့ မပြောကြပေ။ ဇာတ်နိမ့် သာကျမျှား ဗြာဟ္မဏတို့အား ရိုသေပူဇော်မှုမပြုခြင်းသည် မသင့်လျော် မလျောက်ပတ်ပါ”

ဗုဒ္ဓက မိန့်တော်မူ၏-

“အမွှဋ္ဌ၊ ဘီလုံး ၄ က်မသည်ပင်လျှင် မိမိ၏ အသိုက်ထဲ၌ လှတ်လှတ်လပ်လပ် မြည်နိုင်သေး၏။ ကပိလဝတ်မှာ သာကျတို့၏ ကိုယ်ပိုင် တိုင်းပြည် ဒေသဖြစ်သည်။ အမွှဋ္ဌ၊ ဒီ မပြောပ လောက်သည့် အကြောင်း အရာ မျှလောက်ဖြင့် သင်သည် အာဃာတ မထားသင့်ပါ”

ထိုသို့ပင် ပြောသော်လည်း။ အမွှဋ္ဌသည် အခဲမကြေသေးဘဲ ယခင်စကားကိုသာ ထပ်ပြောလေ၏။ ဗုဒ္ဓက မေးလိုက်သည်-

“အမွှဋ္ဌ၊ သင်၏ အနွယ်ကား အဘယ်နည်း”

“ကျွန်ုပ် ကဏ္ဍာယန အနွယ်ဖြစ်ပါသည်”

ဗုဒ္ဓက မိန့်တော်မူသည်-

“အမွှဋ္ဌ၊ မျိုးနွယ်အရဆိုလျှင် သာကျသာကီဝင် တို့သည် သင်၏ အရှင်သခင်သားများ ဖြစ်ကြကုန်၏။ သင်ကမူ သာကျ သာကီဝင်တို့၏ ကျွန်သား ဖြစ်လေသည်”

ဗုဒ္ဓသည် ရှေးအစဉ်အလာ ဆိုရိုးစကား တရပ်ကို ပြောပြ လေသည်။ ထိုအစဉ်အလာ ဆိုရိုးစကားမှာ ဤသို့ဖြစ်သည်။ ဣက္ခွာကု(ဥက္ကာကရာဇ်) မင်းသည် မိမိ၏ ချစ်သူမိဖုရားကြီး၏ စကားကို နားယောင်ပြီး မိမိ၏သားတော်လေးဦးကို တိုင်းပြည်မှ နှင်ထုတ်လိုက်လေ၏။ ထိုသားတော်လေးဦးတို့သည် ဟိမဝန္တာ အနီး ကျွန်းတောကြီး တခုသို့သွားပြီး နေထိုင်ကြလေ၏။

ရင်းတို့၏ သားသမီး အဆက်အနွယ်များသည်' သာကျသာကီဝင် နွယ်များ ဖြစ်လာကြလေသည်။ ဣက္ခွာကု (ဥက္ကာက) မင်း၏ ဒီသာအမည်ရှိ ကျွန်မတယောက်ရှိသည်။ထိုကျွန်မသည် သားငယ် တယောက်ကို ဖွားမြင်၏။ ထိုသားငယ်၏အမည်မှာ ကဏ္ဍ (ကရိ ရှုန်)ဟု ခေါ်သည်။ သူ့သားသမီး အဆက်အနွယ် များသည် ဂဏ္ဍာယန ပြာဟ္မဏများ ဖြစ်ကြသည်။ အမွှဋ္ဌသည် ယင်းအစဉ် အလာစကားကို သိရှိလေသည်။ အဘယ်မှာလျှင် ငြင်းဆန်နိုင် တော့မည်နည်း။ အမွှဋ္ဌနှင့်အတူ ပါလာကြသည့် ကျောင်းသား လုလင်တို့ကလည်း "အမွှဋ္ဌဟာ ကျွန်မသားတဲ့"ဟု ဟစ်အော် ပြောဆိုကြကုန်၏။ ဝုဒ္ဓက ရှင်းလင်းပြောပြတော်မူသည်-

"လုလင်တို့၊ အမွှဋ္ဌကို ကျွန်မသားဟု ပြောပြီး မကဲ့ရဲ့ကြ ကုန်လင့်။ အဲဒီကဏ္ဍသည် တန်ခိုးကြီးသော ရှင်ရသေ့ ဖြစ်၏။ သူ၏ အတတ်ပညာနှင့် တန်ခိုးရှိန်စော်၏ ရှေ့မှောက်တွင် ဦးညွတ်ပြီး ဣက္ခွာကု (ဥက္ကာက) မင်းကြီးသည် မိမိ၏ အလွန် တရာလှပသော ဒုဒ္ဒရူပီ (မဒ္ဒရူပီ) သမီးကညာကို ပေးဆက်ရ လေသည်"

ဝုဒ္ဓသည် မလိုလား မနှစ်သက်ဖွယ်ဖြစ်သည့် မှန်သောစကား ကိုလည်း ဆိုတော်မူ၏။ သို့ရာတွင် တစုံတယောက်အား ဒုက္ခ ရောက်စေရန်အတွက် မဟုတ်ပေ။

ဝုဒ္ဓသည် ငြိမ်းချမ်းရေးဝါဒရှိသူ ဖြစ်သည်။ ငြိမ်းချမ်းသော အကျင့်တရားကို လက်ကိုင်ထားသူဖြစ်သည်။ သာကျသည် ဝုဒ္ဓ အမျိုးအနွယ်တော်တို့၏နိုင်ငံ ဖြစ်သည်။ ကောလိယ၌ သူ၏အမိ ဘက်မှ ဆွေတော်မျိုးတော်များ ရှိလေသည်။ သာကျနှင့် ကောလိ ယ၏အကြား၌ ရောဟိဏီမြစ် ရှိလေသည်။ ယနေ့လည်း နေပါလ

နယ်စပ်နှင့် ဝေါရစ်ပူ အကြားဌ္ဌ ထိုမြစ်သည် ထိုအမည်ဖြင့်ပင် လျှင် စီးဆင်းနေသည်။ သာကျနှင့်ကောလိယ ဂဏန့်ခိုင်ငံ နှစ်ခု လုံးသည် ရောဟီဏီမြစ်မှရေကို လယ်ယာများအတွက် သွင်းယူ ကြသည်။ နယုန်လဘခါ စပါးပင်များ နွမ်းခြောက်နေသည်ကို တွေ့ရ၍ မြို့နှစ်မြို့လုံးမှ လူများသည် စုရုံးကြလေသည်။ တဘက်က ပြောကြသည်- "ဒီရေကို နှစ်ဘက်လုံးကယူလျှင် သင်တို့လည်း ပြည့်ပြည့်၀၀ ရကြမှာမဟုတ်။ ငါတို့လည်း ပြည့်ပြည့်၀၀ ရကြမှာ မဟုတ်။ ငါတို့၏ လယ်တခုထဲအတွက်သာလျှင် ဒီရေ လောက်ငှ ပေလိမ့်မည်။ ဒီရေကို ငါတို့ ယူပါရစေ"

တဘက်ကလည်း ထိုစကားကိုပင် ဆိုကြသည်-"ငါတို့ မပေး နိုင်ဘူး။ ငါတို့ မပေးနိုင်ဘူး"

ပြောရင်း ပြောရင်းနှင့် ပဋိပက္ခသည် ပြင်းထန်လာလေ၏။ နှစ်ဘက်စလုံးသည် စစ်တိုက်ရန်အတွက် လာကြလေ၏။ ထို အကြောင်းကို ဗုဒ္ဓကြားရသောအခါ စစ်ဘပ်နှစ်တပ်၏အကြားသို့ သွားပြီး ပြောလေ၏- "ဘယ်အတွက်ကြောင့် ပဋိပက္ခဖြစ်နေကြ သနည်း ဘုရင်မင်းကြီးတို့"

ရေအတွက် ရန်ဖြစ်နေကြခြင်း ဖြစ်ကြောင်း သိရှိရသည်။ ဗုဒ္ဓက မေးလေသည်- "ဘုရင်မင်းကြီးတို့၊ ရေက ဘာအတိုးတန် သနည်း"

"ဘာမျှ အဖိုးမတန်ပါ"

"ခတ္တိယနွယ်များကော ဘာအဖိုးတန်သနည်း"

"အဖိုးမဖြတ်နိုင်ပါ အရှင်ဘုရား"

ဗုဒ္ဓက မိန့်တော်မူသည်-

"ဘာမျှ အဖိုးမတန်တဲ့ရေအတွက် အဖိုးမဖြတ်နိုင်တဲ့ ခတ္တိယတို့ကို အဘယ်ကြောင့် သတ်ဖြတ်ဖျက်ဆီးပစ်နေကြသနည်း"

နှစ်ဘက်စလုံးမှ ဓားများသည် ဓားအိမ်များအတွင်းသို့ ပြန်ဝင်သွားကြသည်။ ငြိမ်းချမ်းရေး ရရှိသွားလေသည်။

ပသေနဒီမင်းကြီး၏ သားဖြစ်သူ အိမ်ရှေမင်းသား ဝိဋူဋဘသည် သာကျတို့၏ မြေးဖြစ်သည်။ သူ့မိခင်သည် သာကျမျိုးနွယ်စစ်စစ်မဟုတ်။ ကျွန်မသမီး ဖြစ်လေသည်။ တစုံတဦးက "ကျွန်မသား" ဟု ခေါ်ပြီး ဝိဋူဋဘကို သရော်လေသည်။ ငါ၏ဘခမည်းတော်ကို လိမ်လည်လှည့်စားပြီး သာကျတို့သည် မိမိတို့၏သမီးကညာကို မပေးဘဲ ကျွန်မသမီးကိုပေးသည်ဟု အိမ်ရှေမင်းသားသည် သိရှိသွားသည်။ သို့ဖြစ်၍ သူသည် မခံမရပ်နိုင်ဖြစ်သွား၏။ မာန်မာန ကြီးလှသည့် သာကျတို့ကို အမြစ်ဖြုတ်ပစ်မည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။ ဘခမည်းတော် ကွယ်လွန်သွားသော အခါ ဝိဋူဋဘသည် ထီးနန်းအရိုက်အရာကို ဆက်ခံလေသည်။

တနေ့သ၌ ဝိဋူဋဘသည် မိမိ၏စစ်တပ်နှင့်တကွ သာကျတို့ကို မျိုးဖြုတ်ပစ်ဘို့ရန်အတွက် လာခဲ့လေ၏။ ထိုအကြောင်းကို ဗုဒ္ဓသိရှိသောအခါ သာကျနှင့် ကောသလနယ်စပ်သို့ လာခဲ့လေသည်။ နွေကာလဖြစ်သည်။ နေပူရှိန်မှာ ပြင်းလှသည်။ နယ်စပ်၌ ကောသလတိုင်းပြည်ဘက်တွင် အရိပ်အာဝါသ ကောင်းသော ညောင်ပင်ကြီးတပင်ရှိသည်။ သာကျတို့၏ဘက်တွင်မူ နေပြောက်ထိုးသောအရိပ်ရှိသည့် သစ်ပင်တပင်ရှိလေသည်။ ဘုရားရှင်သည် နေပူကို အကာအကွယ်မပေးနိုင်သည့် နေပြောက်ထိုးနေသည့် သစ်ပင်ဓာတ်သို့ သွားပြီး ထိုင်တော်မူလေ၏။ ဝိဋူဋဘသည် အနီးသို့ချဉ်းကပ်သွားပြီး ရှိခိုးလျက် လျှောက်ထားလေ၏-

"အရှင်ဘုရား၊ ဒါလောက်နေပူတဲ့ အချိန်မှာ ဒီနေပြောက်ထိုးနေလည့် သစ်ပင်အောက် ဘာကြောင့် ထိုင်နေရသနည်း။ ဒီ အရိပ်ကောင်းသည့်ညောင်ပင်အောက်မှာ ထိုင်တော်မူပါလား"

ဘုရားရှင်က ပြန်လည်မိန့်ကြားတော်မူ၏-

"မှန်သည် အရှင်မင်းကြီး၊ အဆွေအမျိုးတို့၏ အရိပ်မှာ မြေလှပေသည်"

ဝိဒူဒုဗသည် ဘုရားရှင်၏ ဆိုလိုရင်းကို သိရှိရိပ်မိသွားသည်။ သူ့အကြံကို ရုပ်သိမ်းလိုက်လေသည်။

ဗုဒ္ဓသည် လွတ်လပ်သော တေးခေါ်မှုရှိသူဖြစ်သည်။ လွတ်လွတ်လပ်လပ် တေးခေါ်သူဖြစ်သည်။ တခြားပုဂ္ဂိုလ်များအားလည်း သိုးသတ္တဝါ မဖြစ်စေလိုပေ။ ကိုယ့်လမ်းကို ကိုယ်တိုင်ဆုံးဖြတ်သတ်မှတ်စေလိုသည်။ သို့ဖြစ်သောကြောင့် ဗုဒ္ဓအာဘိဓမ္မာသည် ကျမ်းစာများနှင့် မုခပါဌ်ထုတ်စကားများကို ပမာဏ သို့မဟုတ် ယုံကြည်စိတ်ချအပ်သော အချက်အလက်ဟု မယူဆပေ။ ဗုဒ္ဓဝါဒီတို့သည် ပစ္စက္ခ (လက်တွေ့) ကိုသာလျှင် ပမာဏ သို့မဟုတ် ယုံကြည်စိတ်ချအပ်သော အချက်အလက်ဟု ယူဆလေသည်။ အနုမာန (မှန်းဆခြင်း) ကိုလည်း ပစ္စက္ခ (လက်တွေ့) အပေါ်၌ အခြေခံသည့် အစိတ်အပိုင်းအထိမူ လက်ခံလေသည်။

ကောသလတိုင်းဌ် တောကြီး တခု၏ အစွန်အဖျားတွင် ကေသပုတ္တ(မုတ္တ)ရှာ ရှိလေသည်။ ခရီးသွား ကုန်သည်များ၏ သွားရာလမ်းသည် ထိုရှာမှ ဖြတ်သွားသည်။ ကုန်သည်ကြီးများသည် ကုန်စည်အပြည့် လှည်းများဖြင့်ရင်း၊ နွားများဖြင့်ရင်း ထိုအရပ်သို့ ရောက်ရောက် လာကြ၏။ သူတော်စင် ပုဂ္ဂိုလ်များလည်း ထိုနေရာသို့ ရောက်ရောက်လာကြ၏။ သူတော်စင်

ပုဂ္ဂိုလ်တို့၏ အဆုံးအမ ဥပဒေသ တို့မှာ တဦးနှင့် တဦး ဆန့်ကျင်ဘက် ဖြစ်နေကြ၏။ အားလုံးက ကိုယ့်အယူ ကိုယ့်ဝါဒကို လက်ခံဝေခွဲကြသည်။ အဘယ်ပုဂ္ဂိုလ်၏ တရားသည် အမှန် ဖြစ်သနည်း။ အဘယ်ပုဂ္ဂိုလ်၏ တရားသည် အမှား ဖြစ်သနည်း။ ဤသို့နှလုံးနှစ်ခု ဖြစ်ကြရလေသည်။ သံသယ ဖြစ်ကြရလေသည်။

ဒေသစာရီ ကြွချိရင်းနှင့် ဗုဒ္ဓလည်း ထိုအရပ်သို့ ရောက်ရှိ သွား၏။ ကာလာမတို့က မိမိတို့၏ ယုံမှားသံသယကို ဗုဒ္ဓ၏ ရှေ့မှောက်တွင် တင်ပြကြသည်။ ဗုဒ္ဓက မိန့်တော်မူလေသည်-

"ကာလာမတို့၊ သင်တို့ ယုံမှားသံသယဖြစ်ကြခြင်းမှာ မှန်ကန်လှပေသည်။ ကာလာမတို့၊ သင်တို့သည် တစုံတခုသောအကြောင်းအရာကို ပြောသံကြားကာမျှဖြင့်ရင်း၊ အစဉ်အဆက် ဆင်းသက်လာကာမျှဖြင့်ရင်း၊ လေးစားအပ်သည့် ကျမ်းဂန်များနှင့် ညီညွတ်ကိုက်ညီကာမျှဖြင့်ရင်း၊ ပြောသူက တင့်တယ်လှပသော အချိုးအစား ရှိကာမျှဖြင့်ရင်း၊ ငါတို့ကြာမြင့်စွာကာလက တွေးတောစဉ်းစားပြီး ကြာမြင့်စွာကာလကစပြီး ကျင့်သား ရလာခဲ့သည့် အကြောင်းအရာ ဖြစ်ကာမျှဖြင့်ရင်း၊ ဆရာ့ဆရာကြီး များက ကျိုးကဲ့သို့သော ပြောကြားခဲ့သည့် အကြောင်းအရာ ဖြစ်ကာမျှဖြင့်ရင်း၊ မယုံကြည်ကြနှင့်၊ လက်မခံကြနှင့်။ ကာလာမတို့၊ သင်တို့သည် ဤအကြောင်းအရာကို လက်ခံလိုက်လျှင် အကျိုးမဲ့ ဖြစ်မဖြစ်၊ ဒုက္ခဖြစ်မဖြစ် ကိုယ်တိုင်ကိုယ်ကျ သိအောင်လုပ်ပြီးမှ ယုံကြည်ကြလော့။ လက်ခံကြလော့"

ဗုဒ္ဓသည် သဘာဝကို နှစ်သက်သူ ဖြစ်လေသည်။ မြို့များ တွင်လည်း မြို့အပြင်ဘက်ရှိ ခြုံညယျာဉ် တခုခုတွင် သီတင်းသုံး နေထိုင်ဆောက်မူသည်။ အကယ်၍ ဝေသာလီကဲ့သို့ အနီးအနား

ပတ်ဝန်းကျင်၌ တောရှိလျှင် ထိုနေရာ မျိုး၌ သိတင်းသုံး နေထိုင်တော်မူသည်။ အရာဝတ္ထုဟူသမျှ အနိစ္စဖြစ်၏ ဟူသော ဗုဒ္ဓ၏ ဟောပြချက်၌ အရာဝတ္ထုများ၌ မည်သည့်တန်ဖိုးမျှမရှိဟု အဓိပ္ပာယ်ဆိုလိုရင်း မဟုတ်ပေ။ ဗုဒ္ဓသည် အနိစ္စသဘောအားဖြင့် အမှန် သဘောတရားကို ညွှန်ပြတော်မူသည်။ အမှန်စင်စစ် အားဖြင့် အလှဆိုသည်မှာ ခဏမပြတ် အသစ်အသစ်ဖြစ်နေသော အရာဝတ္ထု၌သာလျှင် ရှိလေသည်။ပရိနိဗ္ဗာန်မပြုမီ လ အနည်းငယ် ခန့်က ဝေသာလီရှိ စာပါလစေတီ၌ ဗုဒ္ဓ ရှိနေတော်မူသည်။ ဥယျာဉ်၏ သာယာမွေ့လျော်ဖွယ်သည် ဗုဒ္ဓအား ဆွဲဆောင်ခဲ့ လေလည်း။ တင့်တယ်သာယာသော နေရာများကို သတိရပြီး ဗုဒ္ဓသည် ဤသို့ မိန့်တော်မူ၏-

"အာနန္ဒာ၊ ဝေသာလီသည် မွေ့လျော်ဖွယ် ကောင်း၏။ ဥဒယန(ဥဒေန)စေတီသည် မွေ့လျော်ဖွယ်ကောင်း၏။ဂေါတမက စေတီသည် မွေ့လျော်ဖွယ် ကောင်း၏။ သတ္တာမက(သတ္တမ္ဗ) စေတီသည် မွေ့လျော်ဖွယ်ကောင်း၏။ အနန္ဒာ၊ (ရာဇဂြိုဟ်)၌ ဂိဇ္ဈကူတ်သည် မွေ့လျော်ဖွယ် ကောင်း၏။ (ကပိလဝတ်၌) နိဂြောဓာရုံသည် မွေ့လျော်ဖွယ် ကောင်း၏။ (ရာဇဂြိုဟ်၌) စောရုပပါတသည် မွေ့လျော်ဖွယ် ကောင်း၏။ ဝေဘာရ ဘောင်စောင်း၌ ကာဠသိလာသည် မွေ့လျော်ဖွယ် ကောင်း၏။ သီတဝနတော၌ သပ္ပသောဏ္ဍိက တောင်သည် မွေ့လျော်ဖွယ် ကောင်း၏။ တပေါဒါရုံသည် မွေ့လျော်ဖွယ်ကောင်း၏။ ရှဉ့်စာ ကျေးရာ ဝေဏုဝန(ဝေဠုဝန်)သည် မွေ့လျော်ဖွယ်ကောင်း၏။ ဇီဝက၏ သရက်ဥယျာဉ်သည် မွေ့လျော်ဖွယ် ကောင်း၏။ မဒ္ဒကုစ္ဆိ မိဂဒါဝုန်သည် မွေ့လျော်ဖွယ်ကောင်း၏"

ဗုဒ္ဓသည် အကြောင်းအရာ ဟူသမျှကို လူမှုရေးအမြင်ဖြင့် ကြည့်ရှုတော်မူသည်။ ရဟန်းတဦးအား တာဝန်မဲ့နေသည်ကို တွေ့ရသည့် အခါ၌ "မောဃံသရဋ္ဌ ပိဏ္ဍာဘုဥ္ဇတိ" (အချည်းနှီး အလဟာသ တိုင်းပြည်၏ ထမင်းကို စားနေသည်)ဟု မိန့်ဆိုတော်မူသည်။ မည်သည့် အပြုအမူမျိုးကိုမဆို ဗုဒ္ဓသည် ပစ္စုပ္ပန်နှင့် အနာဂတ် လူတို့၏ အကျိုးရှိ မရှိ ဟူသောအမြင်ဖြင့် ကြည့်တော်မူသည်။ သုံသုမာရဂိရိ(ကျုနာ)၌ ဝဿဘုရင် ဥဒယန (ဥဒေန) မင်းကြီး၏ အိမ်ရှေမင်းသား ဗောဓိကုမာရ နေထိုင်သည်။ သူသည် ဗုဒ္ဓအား ဆွမ်းလုပ်ကျွေးရန် ပင့်ဖိတ်လေသည်။ အသစ်ဆောက်လုပ်ထားသည့်နန်းပြာသာဒ်ပေါ်၌အထည်အဝတ်အသစ်များကို ခင်းထားလေသည်။ ဘုရားရှင်သည် အထည်အဝတ်သစ်များ အနီးသို့ ရောက်သောအခါ ရပ်တန့်သွားလေသည်။ မင်းသားက လျှောက်လေ၏- "အရှင်ဘုရား၊ အထည်အဝတ်အသစ်များပေါ် ကြွတော်မူပါ။ တပည့်တော်၏ အရှည်တည့်တံ့နေမည့် အကျိုးစီးပွား ချမ်းသာသုခအတွက် ဖြစ်ပါလိမ့်မည်"

ဘုရားရှင်က ရပ်မြဲရပ်တန့်နေတော်မူ၏။ ထိုအခါ အာနန္ဒာက ပြောလေ၏-

"ဘုရင့်သားတော်၊ အထည်အဝတ် အသစ်များကို ရှုပ်သိမ်းလော့။ ဘုရားရှင်သည် အထည်အဝတ် အသစ်များ အပေါ် တက်လိမ့်မည်မဟုတ်။ ဘုရားရှင်သည် လာမည့်လူအပေါင်းတို့၏ အကျိုးကို ထောက်ထား ငဲ့ညှာတော်မူသည်"

မိမိတို့၏ တောက်ပြောင် ဝင့်ဝါမှုကို ပြလို၍ ပြုလုပ်သော အခြားလူများ ဒုက္ခရောက်စေမည့်ဓလေ့ထုံးစံနှင့်အပြုအမူများကို လူများအား ဘုရားရှင်သည် မပြုလုပ်စေချင်ပေ။

ပြည်သူ လူထု၏ အကျိုးစီးပွားကို လိုလားတော်မူသည့် နောက်ထပ် ပြယုဂ်ပုံစံတခု ရှိသေးသည်။ ဗုဒ္ဓ၏ တရားဒေသနာကို လူအပေါင်းတို့သည် မိမိတို့၏ ဘာသာစကားဖြင့် ပြန်ယူပြောဆိုကြသည်။ ကောသလ တိုင်းသားတို့သည် ကောသလီ (ပါဠိ) ဘာသာဖြင့်ရင်း၊ မာဂဓ တိုင်းသားတို့သည် မာဂဓီ ဘာသာဖြင့်ရင်း၊ အဝန္တီတိုင်းသားတို့သည် အဝန္တီ(မာလဝီ) ဘာသာဖြင့်ရင်း၊ ကုရု တိုင်းသားတို့သည် ကောရဝီ ဘာသာဖြင့်ရင်း၊ ပြန်ယူပြောဆိုကြသည်။ ထိုအကြောင်းကြောင့် ဘာသာစကား၏ ညီညွတ်မှုမှာ မဖြစ်ပေ။ ထိုအချိန်၌ ယမေဒုနှင့် ယမေဒုမျိုးနွယ် ဘာသာစကားပြောသည့် ပညာရှိ ဗြာဟ္မဏ ရဟန်းနှစ်ပါး ရှိကြ၏။ သူတို့သည် ထိုဘာသာစကား ကွဲပြား ခြားနားနေမှုကို ပယ်ဖျောက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓအား လျှောက်ထားကြလေ၏-

"အရှင်ဘုရား၊ ယခုအချိန်အခါမှာ အမျိုးမျိုးသော အနွယ်၊ အမျိုးမျိုးသောအမျိုးဇာတ်မှ ရဟန်းများသည် မိမိတို့၏ဘာသာစကားများဖြင့် ဗုဒ္ဓတရားတော်ကို ပြောဆိုနေကြသည်။ ဗုဒ္ဓတရားတော်ကို ညစ်နွမ်းအောင် ပြုနေကြသည်။ အရှင်ဘုရား၊ တပည့်တော်တို့သည် ဗုဒ္ဓတရားတော်ကို ဆန္ဒဘာသာဖြင့် သင်ကြားရလျှင် ကောင်းလိမ့်မည် ထင်ပါသည်"

ဘုရားရှင်သည် ထိုရဟန်းများအား မန်မဲပြီး ရဟန်းအပေါင်းအား ဤသို့ မိန့်တော်မူ၏- "ရဟန်းတို့၊ ဗုဒ္ဓတရားတော်ကို ဆန္ဒဘာသာဖြင့် မသင်ကြားအပ်ပေ။ လူအပေါင်းတို့သည် မိမိ မိမိတို့၏ ဘာသာစကားဖြင့် ဗုဒ္ဓတရားကို သင်ကြားအပ်ပေသည်"

ဗုဒ္ဓတရားအား ဆန္ဒ (ဝေဒနာ၏ ပြားဟူဏတို့၏ဘာသာ) ဖြင့် သင်ကြားရမည်ဟု သတ်မှတ်ထားလျှင် လက်တဆုပ်စာမျှသော လူနည်းစုသာလျှင် ဗုဒ္ဓတရားဟောကို သိရှိနားလည်မည်ဟု ဗုဒ္ဓ သိရှိဟောပြူသည်။ မိမိ မိမိတို့၏ ဘာသာစကားဖြင့် သင်ကြား လေ့လာ နိုင်ခြင်း၏ အကျိုး အာနိသင်ကြောင့် ဗုဒ္ဓဘာသာ ရောက်ရှိသည့် နိုင်ငံဟူသမျှ၌ ဗုဒ္ဓတရားဒေသနာကို ကိုယ့် ဘာသာဖြင့် စိတ်အား ထက်သန်စွာဖြင့် ဘာသာပြန်ဆိုထား ကြခြင်းဖြစ်လေ၏။

ဗုဒ္ဓသည် စည်းစိမ်ခံလွန်းသော လူနေမှုဘဝကို ဆန့်ကျင်သူ ဖြစ်သည်။ ကိုယ်ကားယအား ခြောက်ခန်းစေခြင်းကိုလည်း မိုက်မဲ မှုဟု ယူဆတော်မူသည်။ ဘာသာရေး အစဉ်အလေ့ကြီးခြင်း၊ ယုံကြည်ကိုးကွယ်ခြင်းများ၊ ထက် အသိဉာဏ်ပညာဘက်သို့ ဗုဒ္ဓ သည် ပိုပြီးတိမ်းညွတ်ဟော်မူသည်။ ထိုအကြောင်းကြောင့် ပညာ ရှင်များ၊ သူဌေးသူကြွယ်များ၊ ဘုရင်များ ဗုဒ္ဓ၏တပည့် ဖြစ်လာ ကြခြင်းဖြင့်လေသည်။ ထိုခေတ်က တိုင်းယဉ် ပြည်ယဉ်ကလေး များသည် မည်သို့မည်ပုံပြုလုပ်လျှင် ရုန်သူတပါးတို့ လာရောက် မသိမ်းပိုက်နိုင်ဟူသော အကြောင်းနှင့်ပတ်သက်ပြီး ဗုဒ္ဓက အချက် ခုနစ်ချက်ကို ပြောပြတော်မူသည်-

(၁) အစဉ်မပြတ် စုဝေးပြီး ညီညီညွတ်ညွတ် သတ်မှတ် ဆုံးဖြတ်ခြင်း၊ (၂) သတ်မှတ်ဆုံးဖြတ်သည့်အကိုင်း အလုပ်လုပ် ခြင်း၊ (၃) စည်းကမ်းဥပဒေကို မလေးစားခြင်း၊ (၄) လူကြီးသူမ များအား ရိုသေလေးစားခြင်း၊ (၅) မိန်းမများအား နိုင်ထက် စီးနင်း အတင်းဝင်လက်ဘားရ မပြုလုပ်ခြင်း၊ (၆) အမျိုးဇာတ်၏

ဘာသာတရားကို စောင့်ရှောက်ခြင်း၊ (၇) ဘာသာတရား ခေါင်းဆောင်များအား ရိုသေလေးစားခြင်း။

ဗုဒ္ဓ၏ အဘိဓမ္မာသည် ခဏိကဝါဒီ အဘိဓမ္မာ ဖြစ်သည်။ ဗုဒ္ဓသည် မည်သည့်အရာဝတ္ထုကိုမျှ ခဏတခုထက် ပိုပြီးတည်တံ့နေသည့်အရာဟု မယူဆပေ။ သို့ရာတွင် ဗုဒ္ဓသည် ယင်းသဘောတရားကို လူ့လောက လူ့အဖွဲ့အစည်း၏ စီးပွားရေးစံနစ်နှင့် ပတ်သက်ပြီး ကျင့်သုံးလိုသည့်ဆန္ဒ ရှိတော်မမူပေ။ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသည့် အုပ်ချုပ်သူ ချယ်လှယ်သူ လူ့လောကနှင့် ယင်းသို့ နားလည်မှုယူလိုက်သည့်အခါ ဗုဒ္ဓကဲ့သို့သော တန်ခိုးရှိန်စော်ကြီးမားသည့် အဘိဓမ္မာဆရာများ၏ အပေါ်ဘက် အလွှာ၌ ဂုဏ်သိက္ခာ တိုးတက်လာသည်မှာ ဓမ္မတာပင် ဖြစ်တော့၏။ ကုဋ္ဌဒန္တ၊ သောဏဒဏ္ဍ ကဲ့သို့သော ပစ္စည်းရှင် ဗြာဟ္မဏပုရောဟိတ်များသည် ဗုဒ္ဓ၏တပည့်ဖြစ်လာကြသည်။ ဘုရင်များသည် ဗုဒ္ဓအား ကြိုဆိုရန် အဆင်သင့်ဖြစ်နေကြသည်။ ထိုခေတ်က သူဌေးသူကြွယ်များဖြစ်ကြသော ကုန်သည် လူတန်းစားတို့မှာမူ ဗုဒ္ဓအတွက် သူတို့၏အိတ်ကို အစဉ်မပြတ် ဖွင့်ထားကြကုန်သည်။ သာဝတ္ထိ (ယခု ဆဟက်မဟက်-ဂေါန်ဒါဒီစတြိတ်) မှ သူဌေးသုဒတ္တ (အနာထပိဏ်) သည် ဌေအသပြာ ပြားများ ခင်းပြီး ဥယျာဉ်ကြီး (ဇေတဝန်) တခုကို ဝယ်လျက် ဗုဒ္ဓနှင့် တပည့်ရဟန်းများ နေထိုင်သိတင်းသုံးရန် ပေးလှူခဲ့လေသည်။ ထိုမြို့မှ သူဌေးကတော် ဝိသာခါသည်လည်း ဌေကြေးအမြောက်အများ အကုန်အကျခံပြီးလျှင် ဗုဒ္ဓအတွက် ပုဇွာရုံအမည်ရှိ ကျောင်းကို ဆောက်လုပ်လှူဒါန်းလေသည်။

အိန္ဒိယ တောင်ပိုင်းနှင့်ရင်း၊ အိန္ဒိယ အနောက်တောင်ပိုင်းနှင့်ရင်း၊ ကူးသန်းရောင်းဝယ်မှု ပြုလုပ်ရာ အချက်အချာဗဟိုဌာနကြီးဖြစ်သည့် ကောသမ္မီ (ယခုခေတ် ကောဆန်-အေလဟာဘတ် ဒီစတြိတ်) မှ ရောမသူဌေးကြီး သုံးဦးတို့သည် ဗုဒ္ဓအတွက် အပြိုင်အဆိုင် ကျောင်းတိုက်ဆောက်လုပ်လှူဒါန်းကြသည်။ ဗုဒ္ဓတရားကို ပြန့်ပွားအောင်ပြုလုပ်ရာ၌ ဘုရင်မင်းများထက် ကုန်သည်များက ပိုပြီးအကူအညီ ပေးကြလေ၏။ ဘုရင်များ၊ သူဌေးများနှင့် ဆန့်ကျင်ဘက်သွားလျှင် ဗုဒ္ဓသည် ယင်း အဆင်ပြေမှုများကို ရရှိလိမ့်မည်မဟုတ်ပေ။

ဗုဒ္ဓခေတ်က လူလောက လူအဖွဲ့အစည်း၌ ကျေးကျွန်များနှင့် အလုပ်သမားများ အမြောက်အမြားပင် ရှိကြလေသည်။ ဘုရင်များ၊ သူဌေးသူကြွယ်များ၊ ပုရောဟိတ်များသည် ကျေးကျွန်များနှင့် အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်နေကြ၏။ ဝေဒနှင့် ဥပနိသဒ်တို့သည် ယင်း အပြုအမူများ၏ ဆန့်ကျင်ဘက်မဟုတ်ပေ။ ဆင်းရဲသူ ဆင်းရဲသားများသည် မိမိတို့၏ ဆင်းရဲခြင်းကို ဘုရားသခင်ပေးဟု အမှတ်ထားကြလေ၏။ ခေါင်းပုံဖြတ်ခြင်း ချယ်လှယ်ခြင်းကို တည်မြဲနေစေရန်အတွက် ကိုယ်ကျိုးကြည့်သမားများသည် ဗြဟ္မဝါဒနှင့် နောင်ဘဝတွင် တဖန်မွေးဖွားခြင်းသဘောတရားကို ဖြန့်ဖြူးကြလေသည်။

ယင်း အယူအဆများနှင့် ကျန့်ကျင်ဘက်ဖြစ်သော ဗုဒ္ဓ၏ ခဏိကဝါဒသည် တော်လှန်ရေးဝါဒ ဖြစ်လေသည်။ ကမ္ဘာလောက၊လူအဖွဲ့အစည်း၊ လူ-အားလုံးသောအရာဝတ္ထုများကို ဗုဒ္ဓ၏ ခဏိကဝါဒက ခဏမပြတ် ပြောင်းလဲနေသော အရာများဟု ယူဆသည်။ ဗုဒ္ဓသည် အယူအဆဝါဒများကို မြစ်ကိုဖြတ်ကူးရန်

အတွက်ဖြစ်သော ဖောင်ပမာသာလျှင် ထင်မှတ် ယူဆသည်။ ဦးခေါင်းပေါ်တွင် ရွက်ထားဘိုရန်အတွက် မဟုတ်ပေ။ သို့ဖြစ်လင့်ကစား ဗုဒ္ဓသည် အခြားအသွင်တမျိုးဖြင့် ပရလောကနှင့် နောက်ဘဝတွင် တဖန်မြေးဖွားမှုသဘောကို လက်ခံလိုက်လေသည်။ ကမ္မဝါဒ-ကံသဘောတရားကို ဗုဒ္ဓက အင်အားတောင့်တင်းစေခဲ့သည်။ လူလောက လူအဖွဲ့အစည်းဌ် စီးပွားရေး မည်မျှမှု မမျှတမှုကို ဖယ်ရှားမပစ်ဘဲနှင့် ဗုဒ္ဓသည် အရောင်အသွေးခဲ့ခြားမှုစံနစ်၊ ဇာတ်နိမ့် ဇာတ်မြင့်စံနစ်ကို ဖယ်ရှားပစ်လိုသည်။ ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် စီးပွားရေး မည်မျှမှု မမျှတမှုများသည် ပျောက်ပျက်မသွားခဲ့ပေ။ သို့ရာတွင် ဆင်းရဲသားများသည် ဗုဒ္ဓဘာသာ၏ အပေါ်ဌ် ယုံကြည်မှု၊ လေးစားမှု ပေါ်ပေါက်လာခဲ့ကြ၏။

ဗုဒ္ဓသည် ဆင်းရဲခြင်း မွဲခြင်းနှင့် ကျေးကျွန်စံနစ်ကို ဖျောက်ဖျက်ပစ်သည့် အစီအစဉ်ကို ပြုလုပ်တော်မမူခဲ့ပေ။ ဆင်းရဲခြင်းနှင့် ကျေးကျွန်စံနစ်၏ ပြင်းထန်မှုကို အထိုက်အလျောက် လျော့နည်းသွားအောင် ပြုလုပ်လိုသည့်ဆန္ဒသည် အစပဋ္ဌမဌ် ဗုဒ္ဓ၏ သံဃအဖွဲ့အစည်းတွင် ရှိခဲ့ပေသည်။ ထိုအချိန်က ကြေးမြီကို မဆင်လျှင် ကြေးရှင်သည် ကြေးတင်သူအား ဝယ်ယူလေသည်။ သို့ဖြစ်၍ ကြေးတင်သူပေါင်း မြောက်မြားစွာတို့သည် ရဟန်းပြုကြလေကုန်၏။ ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် ကြေးရှင်သူဌေးများသည် ထိခိုက်နစ်နာကြ၏။ သို့ဖြစ်၍ ဗုဒ္ဓက မိန့်တော်မူလေသည်-"ကြေးမကင်းသူအား ရဟန်းပြုမပေးရ" (မဟာဝဂ္ဂပါဠိတော်) ထိုနည်းအတိုင်း ကျေးကျွန်များ ရဟန်းပြုကြသည်ဖြစ်၍ ကျေးပိုင်ရှင်ကျွန်ပိုင်ရှင် အရှင်သခင်များသည် ထိခိုက်နစ်နာကြသည်။ သို့ဖြစ်

သောကြောင့် ဗုဒ္ဓက မိန့်တော်မူ၏- "ကျေးကျွန်ကို ရဟန်းပြု မပေးရ" (မဟာဝဂ္ဂ ပါဠိတော်) ဗုဒ္ဓ၏ တပည့် မဂဓဘုရင် ဘိမ္မိသာရ၏ စစ်သားများသည် စစ်တိုက်မထွက်ကြဘဲ ရဟန်းပြုလုပ်ကြလေကုန်၏။ ဘိမ္မိသာရသည် ဗုဒ္ဓ၏အထံသို့ သွားပြီး အကြံဉာဏ်တောင်းလေသည်။ ထိုအခါ ဗုဒ္ဓက မိန့်တော်မူ၏- "ဘုရင့် စစ်သည်တပ်သားကို ရဟန်းပြုမပေးရ" (မဟာဝဂ္ဂ ပါဠိတော်)

ယင်း၌ကျွဲတဲ့ခြက်များရှိစဏတွေ့ ဗုဒ္ဓ၏အတွေး၊ ဗုဒ္ဓ၏တရားများသည် စာပေ၊ အဘိဓမ္မာ၊ အနုပညာများကို ကြွယ်ဝအောင် ဖွံ့ထွားအောင် ပြုလုပ်ခဲ့လေသည်။ ဗုဒ္ဓ၏တရားသည် ယနေ့မှစ၍ ရေလျှင် ရာဝုန်းများစွာအလွန်က အိန္ဒိယနိုင်ငံမှ ပျောက်ကွယ်သွားခဲ့လေသည်။ သို့ရာတွင် ဗုဒ္ဓတရားသည် တရုတ်၊ ဂျပန်၊ ကိုရီယား၊ အရှေ့တောင်အာရှ၊ သီဟိုဠ်၊ အာဖဂါနီစတန် စသော ဒေသများသို့ ပြန့်ပွားသွားပြီးလျှင် ထိုဒေသများ၌ နိုးကြားမှု အသင်းကို ဖြင့်ပေါ်စေခဲ့လေသည်။ ဗုဒ္ဓတရား၏ အကူအညီဖြင့် ထိုဒေသများနှင့် အိန္ဒိယနိုင်ငံသည် ဆက်သွယ်မှု ရရှိခဲ့လေသည်။ လွန်ခဲ့သည့် နှစ်တရာလောက်ကစပြီး ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ အမည်ကို ပြန်လည်ကြားသိရပေသည်။ ယနေ့ ဗုဒ္ဓ၏ အမည် နာမမှာ ပြည်သူလူထုအယိ ရောက်ရှိနေပြီ။ ဗုဒ္ဓ၏ ငြိမ်းချမ်းရေး တရားစကားများသည် ကမ္ဘာကြီးတွင် တဖန် ကျယ်လောင်လာလေပြီ။

ဗုဒ္ဓခေတ် ပြဇာတ်

ဗုဒ္ဓခေတ် သို့မဟုတ် ဘီစီ ခြောက်-ငါးရာစု နှစ်လောက်က နောက်ခေတ် လူများ အနက် အဓိပ္ပာယ် ကောက်ယူသည့် ပြဇာတ်များ ရှိလိမ့်မည်မဟုတ်ပေ။ သို့ရာတွင် ဘဝနှင့် ဘဝ၏ အဖြစ်အပျက်များကို ကလေးသူငယ်များ အတုယူပြုလုပ်ခြင်း သို့မဟုတ် ကပြ သရုပ်ဖော်ခြင်းများ ကဲ့သို့သော အပြုအမူ များမှာမူ ကလေးသူငယ်အဆင့်၌သာ ရှိနေသေးသည့် လူတို့ တွင်လည်း ရှိနိုင်ပေသည်။ ထိုအချိန်၌ ကန့်လန့်ကာ မရှိသေးပေ။ အဝတ်အစား အဆင်အပြင် တို့ကိုလည်း ပန်းချီ ဆေးရေး စုတ်တံဖြင့် ပုံတူ ခြယ်မှုန်းခြင်း မရှိပေ။ သို့ရာတွင် လူတို့၏ စိတ်နှလုံး ပျော်ရွှင်မှုအတွက် ပြဇာတ်ကဲ့သို့သော တစုံတခုမှာမူ အမှန်မုချ ရှိခဲ့လေသည်။

အဿဃောသမှစပြီး ဟိန္ဒူ ခေတ်တခေတ်လုံး၌ ကျွန်ုပ်တို့၏ တိုင်းပြည်တွင် ပြဇာတ်များကို ရေးသားခဲ့ကြသည်။ ထိုပြဇာတ် များအနက် အချို့မှာ ဖတ်ရန်အတွက် သက်သက်သာလျှင် အသုံးဝင်ကြသည်။ သို့ရာတွင် အဿဃောသ၊ ဘာသ၊ ကာလီ ဒါသတို့သည် ပြဇာတ် များကို ဖတ်ရန်အတွက် သက်သက်

မဟုတ်ဘဲ ကပြ စင်တင်ရန် အတွက်လည်း ရေးသားစီရင်ကြကြောင်းမှာကား ယုံမှားသံသယ ဖြစ်ဖွယ်မရှိပေ။

ပြာကရိုက်ခေတ်(ခရစ်သက္ကရဇ် ၁-၅၅၄)အထိ သင်္ကရိုက်ဘာသာကို မူလစစ်စစ်မှ ပြုပြင်ပြောင်းလဲ သုံးစွဲကြသည်ဖြစ်၍ အလွယ်တကူဖြင့်ပင် နားလည်ကြပေသည်။ သို့ဖြစ်၍ သင်္ကရိုက် ပြာကရိုက် ဘာသာနှစ်ခု ရောနှောထားသည့် ပြဇာတ်များကို နားလည်ရန်အတွက် ထိုခေတ်က ပြည်သူလူထုအများစု သို့မဟုတ် သင်္ကရိုက် ပညာတတ် လူတန်းစားများအတွက် မခဲယဉ်းပေ။ ပြာကရိုက်ခေတ်နောက်ပိုင်း၌ ရေးသားကြသည့် ပြဇာတ်များကို စင်တင် ကပြသောအခါ လူနည်းစုလောက်သာလျှင် ပြဇာတ်၏ အရသာကို ခံစားနိုင်ကြပေသည်။ သို့ဖြစ်၍ ထိုခေတ်က ပြဇာတ်များသည် များသောအားဖြင့် စင်တင်ကပြရန်အတွက် မဟုတ်ဘဲ ကဗျာအဖွဲ့ကဲ့သို့ ဖတ်ရန်အတွက်သာလျှင် ရေးသားအပ်သည့် ပြဇာတ်များ ဖြစ်ကြ၏ဟု ယူဆရပေ၏။

ပါဠိဘာသာပေါ်နောက်ခေတ်တွင် ရေးကြကြသည့်ပြဇာတ်မျိုး မရှိသော်လည်း ကခြင်း ပွဲခံခြင်းများကား ရှိလေသည်။ ၎င်းတို့ကို ပါဠိဘာသာဖြင့် သဇ္ဇာဟု ခေါ်လေသည်။ ထိုခေတ်အခါက မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၏ အင်အား အဘောင့်တင်းဆုံး နိုင်ငံဖြစ်သည့် မဂဓ၏ နေပြည်တော်မှာ ရာဇဂြိုဟ် ဖြစ်လေသည်။ ရာဇဂြိုဟ်၌ အလွန်တရာ ကြီးကျယ်စည်ကားသော ပွဲသဘင် (သမဇ္ဇာ)ကြီးတခု ကျင်းပပြုလုပ်လေ့ ရှိကြသည်။ ထိုပွဲသဘင်ကြီးကို ဂိဇ္ဈကူသမဇ္ဇာဟု ခေါ်လေသည်။ ဇတောင်၏ထိပ် သို့မဟုတ် အစွန်း၌ ကျင်းပခြင်းဖြစ်သောကြောင့် ဂိဇ္ဈကူသမဇ္ဇာဟုခေါ်ခြင်း ဖြစ်တန်ရာသည်။

ဗုဒ္ဓ၏ လက်ထက် တော်က တောင်များ၏ အတွင်း၌-ရှေးဟောင်းရာဇဂြိုဟ်၏ နေရာ၌-ရာဇဂြိုဟ်မြို့ကို တည်ထောင်ကြလေသည်။ သစ်သားအိမ်များ ဆောက်လုပ်ထားခြင်း ဖြစ်သောကြောင့် မကြာခဏ မီးလောင်သည် ဖြစ်ရကား မြို့၏အစိတ်အပိုင်း ဘော်တော် များများမှာ မီးလောင်မြေ ဖြစ်သွားလေသည်။ သို့ဖြစ်၍ စည်းကမ်းဥပဒေတခု ထုတ်သားရလေ၏။ မီး စတင်လောင်သည့်အိမ်သည် တောင်၏ အပြင်ဘက် သွားပြီး နေရမည်ဟူသော စည်းကမ်းဥပဒေ ဖြစ်လေသည်။ မမျှော်လင့်ဘဲနှင့် ဘုရင့်နန်းတော်တွင် မီးစတင် လောင်ကျွမ်းလေ၏။ သို့ဖြစ်၍ အဇာတသတ်သည် မိမိ၏ နန်းတော်ကို တောင်၏ အပြင်ဘက်၌ ဆောက်ရလေသည်။ ထိုနန်းတော်နှင့်အတူတကွ ရာဇဂြိုဟ်မြို့သစ်၏ အုတ်မြစ်ကို ချလေ၏။ ထိုမြို့သစ်မှာ အဇာတသတ် လက်ထက်၌ပင် အတော် ပြီးစီးနေလေပြီ။ အဇာတသတ်၏ ထီးနန်းအရိုက်အရာကို ဆက်ခံကြသူများက နေပြည်တော်ကို တောင်ရှိသည့်နေရာမှ ဂင်္ဂါမြစ်ကမ်း ပါတလိပုတ် (ပတ္တနား)သို့ ရွှေ့ပြောင်းလာခြင်းကို သင့်တော်သည်ဟု ယူဆကြသည်။ သို့ဖြစ်၍ ရာဇဂြိုဟ်မှာ တိမ်ကောသွားသလို ဖြစ်ရခြင်း ဖြစ်လေ၏။

ဗိမ္ဗိသာရ ဘုရင်၏ လက်ထက်(ဘီစီ ၄၉၃ မတိုင်မီ)၌ ဂိရဂ္ဂသမဇ္ဇာ(တောင်ထိပ်ပွဲ)ကို ကြီးကျယ်စွာ ကျင်းပပြုလုပ်ကြသည်။ လေဟာပြင် နေရာ၌ ပွဲများကပြကြသည်။ ထိုပွဲများကို ကြည့်ရန် အတွက် ပရိသတ်တို့သည် တစုတဝေးကြီး ရောက်ရှိကြသည်။ အဝေးမှ အလွယ်တကူဖြင့် ကြည့်၍ရအောင် သာမန်ရိုးရိုးလူများလည်း ထိုင်စရာ စင်များကို ပြုလုပ်ကြသည်။ မှူးမတ်များနှင့်

မင်းညီမင်းသားများအတွက်မူ ထိုစင်များပေါ်၌ နေရာထိုင်ခင်းများကို ခင်းကျင်းထားသည်။ ထိုနေရာများ၌ သိုးမွေးများ၊ အဝတ်စုတ်များ၊ သစ်ခေါက်များ၊ မြက်များ၊ သစ်ရွက်များ သွတ်ထားသည့် အခင်းများ၊ ဖုံများရှိလေသည်။ ပွဲပြီးသည့် အခါတွင် ထိုပစ္စည်းများကို ဖုံများထဲမှ ထုတ်ပြီးယူသွားကြ၏။ ပွဲသဘင်ကျင်းပရာနေရာ၌ သိုးမွေးများ၊ အဝတ်အစအနများ၊ သစ်ခေါက်များ၊ မြက်သစ်ရွက်များကို အမြောက်အမြား ဖုံများထဲမှ ထုတ်ပြီးလွှင့်ပစ်ထားသည်ကို တွေ့ရှိရပေ၏။ အပိုဖြစ်နေသည့် ယင်းပစ္စည်းများကို အသုံးပြုနိုင်လေသည်။ ထိုအကြောင်းနှင့်စပ်လျဉ်းပြီး ဗုဒ္ဓအား ရဟန်းများက မေးလျှောက်သည်ဖြစ်၍ ဗုဒ္ဓသည် ဤသို့ မိန့်တော်မူ၏-

"သိုးမွေး၊ အဝတ်အစအနု၊ သစ်ခေါက်၊ မြက်၊ သစ်ရွက်-ဤငါးမျိုးဖြင့် ပြုလုပ်သော နေရာအခင်းကို ငါခွင့်ပြုသည်.... ထိုပစ္စည်းများဖြင့် နေရာထိုင်ခင်းချုပ်ခြင်းကို ငါခွင့်ပြုသည်...."

(ဝိနည်းပိဋကတ်)

ဝိနည်းပိဋကတ်၏ အလိုအရ ဂိုရဂ္ဂသမဇ္ဇာ (တောင်ထိပ်ပွဲ)၌ အက၊ အဆို၊ အတီးအမှုတ်များ ပြုလုပ်ကြကြောင်းလည်း သိရှိရလေသည်။

ရာဇဂြိုဟ်မြို့၏ ဂိုရဂ္ဂသမဇ္ဇာ (တောင်ထိပ်ပွဲသဘင်) ၌ အက၊ အဆို၊ အတီး အမှုတ်များအပြင် ၎င်းတို့နှင့် အတူတကွ တမျိုးတဖုံ ဇာတ်ကပြသော ပွဲသဘင်လည်း ကြီးကျယ်စွာ ကျင်းပပြုလုပ်ကြလေသည်။ ထိုပွဲအတွက် နေရာနှင့် ထိုင်စရာ နေရာမြင့်မြင့်ကို ပြုလုပ်ဘို့ရန် မခဲယဉ်းပေ။ သို့ရာတွင် ပရိသတ် ထောင်ပေါင်းများစွာ စုဝေးရောက်ရှိလာသောအခါ၌မူ ထိုပရိသတ်များ

အထိ အသံရောက်ဘို့ရန်မှာရင်း၊ အလေးမှ သရုပ်ဖော်ကပြနေ သည်ကို မြင်ရဘို့ရန်မှာရင်း၊ မလွယ်ကူခေတာ့ပေ။

သို့ဖြစ်၍ ပြဇာတ်ကပြမှုမှာ သတ်မှတ်ပိုင်းခြားထားသော လူတစုအတွက်သာလျှင် ဖြစ်နိုင်လေသည်။ ပရိသတ်ထိုင်ရန် နေရာကိုလည်း ချွေထား၍ မဖြစ်ပေ။ ဘုရင်များနှင့် အထက်တန်း လွှာမှ ပုဂ္ဂိုလ်များ၏ စိတ်ပျော်ရွှင်မှုအတွက် အရေအတွက် သတ်မှတ်ပိုင်းခြားထားသည့် ပရိသတ်၏အလယ်၌ ဇာတ်ကပြမှု များလည်း ဖြစ်နိုင်လေသည်။ သို့ရာတွင် ထိုအကြောင်း ရေးသား ထားခြင်းကို ကျွန်ုပ်တို့သည် ပါဠိစာပေ၌ မတွေ့ရပေ။

အကသည်လည်း အကနှင့်သရုပ်ဖော်မှုတမျိုးပင် ဖြစ်သည်။ သို့ရာတွင် အက၌ အလွန်အဆင့်အတန်းမြင့်သည့် အဓိပ္ပာယ် သန်ပြချက် ရှိနေသည်။ မြေအက၊ ခြေသွေ့ (တိုးနယား) အက စသည်များမှာ အရင်းစစ်လိုက်လျှင် အတုပြုခြင်း မဟုတ်လျှင် မည်သည့်အရာဖြစ်သနည်း။ အတုပြုခြင်းသည် သရုပ်ဖော်အက (အဘိနယ) ပင်ဖြစ်လေသည်။ ကျွန်ုပ်တို့၏ တိုင်းနိုင်ငံ၌ နောက် ပိုင်းတွင် ပြဇာတ်များ ထွန်းကား ပြန့်ပွားလာခြင်း၌ ယွန်း (ဂရိက်) လူမျိုးတို့နှင့် နီးနီးကပ်ကပ် ပေါင်းသင်းဆက်သွယ်မှု ကြောင့် အရှာဝတ္ထုများစွာ ပေါင်းစပ်ရောနှောမှု ရှိလာလင့် ကစား အစပဌမ၌ သရုပ်ဖော်အက(အဘိနယ)လုံးဝမရှိဟူသော အဓိပ္ပာယ်ကား မဟုတ်ပေ။ ရဟန်းတို့သည် "နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက ဒဿန" မှ ရှောင်ကြဉ်ရလေသည်။ ကခြင်း၊ သီဆိုခြင်း၊ ဘီးမှုတ်ခြင်းအပြင် "ဝိသုက ဒဿန" ၏ အဓိပ္ပာယ်မှာ သရုပ် ဖော်ကပြခြင်း တစုံတခုကို ဆိုလိုခြင်း ဖြစ်လေသည်။

လူထု အမြောက်အများ ကြည့်ရှုနိုင်ရန်အတွက် ဂိုရဂ္ဂသမဇ္ဇာ (တောင်ထိပ်ပွဲသဘင်)ကဲ့သို့ လေးဘက်လေးတန်တွင် စင်ထိုးပြီး၍ သော်ရင်း ကြည့်ရသည်။ သို့တည်းမဟုတ် သဘာဝအားဖြင့် တည်ရှိနေသော တောင် သို့မဟုတ် ကုန်းမြင့်ကိုသော်လည်း ဇာတ်စင်အဖြစ် အသုံးပြုရလေသည်။ ပွဲသဘင်တို့၌ ယခုခေတ် တွေ့မြင်ရသကဲ့သို့ အရက်သေစာ သောက်စားခြင်း၊ ကြေးအံ လောင်းကစားခြင်းနှင့် အခြား အကျင့်စာရိတ္တ ပျက်စီးစေသည့် အပျော်အပါးများလည်း ရှိလေသည်။ ထိုအလောင်း အစား အပျော်အပါးများသည် ထိုခေတ်ကလည်းရှိခဲ့လေသည်။သို့ဖြစ်၍ ဝုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း နှစ်ရာ့အစိတ် အလွန်တွင် ပေါ်ပေါက်ခဲ့သည့် အသောကဘုရင်သည် သမဇ္ဇာ (ပွဲသဘင်)၌ အပြစ်အမျိုးမျိုး တွေ့မြင်သိရှိရသည်ဖြစ်၍ ပွဲလမ်းသဘင်များကို မကျင်းပ မပြုလုပ်ရန် အမိန့်အာဏာ ထုတ်ပြန် ကျေညာခဲ့ လေသည်။

အဝန္တီ၌ တရားဝမ္မဖြန့်ဖြူးခြင်း

ဗုဒ္ဓဘာသာသည် ယခုခေတ် အရှေ့ဥတ္တရာ ပရဒေရှိနှင့် ဗီဟာ ဟူသော အမည်နာမဖြင့် ထင်ရှားနေသော ကာသီ၊ ကောသလ၊ မဂဓ၊ မလ္လ၊ ဝဇ္ဇီ၊ ဝိဒေဟ ဇနပုဒ်တို့၌ အစပြုခဲ့လေသည်။ သို့ရာတွင် ဗုဒ္ဓဘာသာကို ဖြန့်ဖြူးရာ၌ အဝန္တီတိုင်းသည် အရေးကြီးသော အခန်းက ပါဝင်ခဲ့ပေသည်။ ယခုခေတ် ကျွန်ုပ်တို့ မာလဝဟုခေါ်သော ဒေသကို ဗုဒ္ဓလက်ထက်တော်အခါက အဝန္တီဟုခေါ်လေသည်။ လေးနှင့်ငါး ရာစုနှစ်၌ ပန်ဂျပ်မှ ပြေးလာကြသော မာလဝဂဏမှ လူများသည် အဝန္တီနယ်မြေပေါ်၌ ခြေချလိုက်သောအခါ အဝန္တီ၏အမည်သည်လည်း မာလဝဟု တွင်သွားလေ၏။ အဝန္တီတိုင်းသားတို့သည် ဗုဒ္ဓဘာသာကို ဖြန့်ဖြူးရာ၌ ကိုယ်ထိလက်ရောက် ပါဝင်ကြသည်။ ထိုမျှသာမက၊ ရင်းတို့၏ ဘာသာသည်လည်း ပါဠိအပေါ်၌ ကြီးစွာသော ထင်ဟပ်မှုလွှမ်းမိုးမှု ရှိလေ၏။

ပါဠိသည် အစမူလက မာဂဓီဘာသာ ဖြစ်သည်။ ပါဠိဟူသည်မှာ ပံတိ (အစဉ်အတန်း) ကို ဆိုလိုသည်။ ဗုဒ္ဓ၏ မုခ်ခပါဠိတော်မှ ထွက်သော စကားအစဉ်အတန်း အတွက်သာလျှင် အစပဋမတွင် ပါဠိဟူသော စကားလုံးကို အသုံးပြုခြင်း ဖြစ်သည်။

သို့ရာတွင် ဥရောပ ပညာရှင်များသည် ယင်း ဘာသာစကားကို အမည်နာမ တခုခုပေးရန် လိုလာကြ၏။ သို့ဖြစ်၍ သူတို့သည် ယင်း ဘာသာစကားကို ပါဠိဟု စာဘင်ခေါ်ကြခြင်းဖြစ်လေ၏။ ယခုအခါတွင် ထေရဝါဒ၏ ပိဋကတ်၊ အဋ္ဌကထာနှင့် အခြား ကျမ်းဂန်များ၌ အသုံးပြုသည့် ဘာသာစကားကိုသာလျှင် ပါဠိဟု ခေါ်ခြင်း မဟုတ်တော့ဘဲ အသောကခေတ်နှင့် အသောကခေတ် နောက်ပိုင်း အသုံးပြုသည့် ပြာကရိုက်ဘာသာထက် စောသော ဘာသာစကားများကိုလည်း ပါဠိတွင် ပေါင်းလိုက်ကြပေသည်။ ပါဠိခေတ်၌ (ဘီ-စီ-၁ားရာစုနှစ်၌) အိန္ဒိယမြောက်ပိုင်း တခုလုံးရှိ ဘာသာစကားအားလုံးတို့၏ စုပေါင်းအမည်ကို ပါဠိဟု ခေါ်နိုင်လေသည်။ သို့ရာတွင် ထိုဘာသာစကားများ၌ ဒေသအလိုက် ကွဲပြားခြားနားမှုရှိလေသည်။ ယင်း အချက်မှာ အသောက၏ ကျောက်စာများအရသည်း သိရှိရပေသည်။

အဝန္တီသည်လည်း မိမိပိုင်ဘာသာစကား ရှိလေသည်။ ယင်း ဘာသာစကား၏ တိုးတက်သောအသွင်သည်ပင်လျှင် ယခုခေတ် မာလဝီဘာသာစကားဖြစ်လေသည်။ အဝန္တီ အနီး၌ပင် ဒသာဏ္ဏ ဇနပုဒ်ရှိလေသည်။ ထိုဇနပုဒ်၏ အမည်နာမကို ဒဆာန် မြစ်၌ ယခုခေတ်တွင်လည်း တွေ့မြင်သိရှိရသည်။ ထိုအမည်သည် ယခု ခေတ် ဗုဒ္ဓလခန်ဒေသ၏ ကြီးစွာသော အစိတ်အပိုင်း၏ အမည် နာမဖြစ်လေသည်။ ဒသာဏ္ဏနှင့် အဝန္တီတို့၏ ဘာသာစကား များ၌ ထိုခေတ်က ဘယ်လိုဆက်သွယ်မှုရှိခဲ့သည် ဆိုသည်ကိုမူ ပြောပြဘို့ရန် ခဲယဉ်းလှပေသည်။ တခါတရံ၌ တခုတည်းသော ဘာသာစကားသည် ရာစုနှစ်ပေါင်းများစွာ ဒေသတခု၌ တိုးတက် ပြန့်ပွားနေပြီး အနီးအနားပတ်ဝန်းကျင်ရှိ ဒေသများ၌လည်း

အရိပ်ထင်ဟပ် လွှမ်းမိုးမှုရှိလေသည်။ အရိပ်ထင်ဟပ် လွှမ်းမိုးမှု ခံရသည့်ဒေသမှ ဘာသာစကားများမှာမူ မိမိတို့၏ သြဇာတန်ခိုး အချို့ကို စွန့်လွှတ်ရပြီး ကွယ်ပျောက် သွားဘတ်လေသည်။ ဒသာဏ္ဏာသည် အဝန္တီ၏ အိမ်နီးနားချင်းဖြစ်၍ ဒေသနှစ်ခုလုံး၏ ဘာသာစသားခ်ဋ် အကယ်၍ တူညီမှုရှိနေသည်ဆိုလျှင် ဒသာဏ္ဏ ဘာသာက ပဠာလီဘာသာကို မိမိအတွင်း သွတ်သွင်း သိမ်းယူ လိုက်သည်ဟု မှတ်ယူရပေလိမ့်မည်။

ပဠာလသည် ဥပနိသျှဒ်ခေတ်ကာလနှင့် ဗုဒ္ဓ၏ခေတ်ကာလခ်ဋ် လည်း ပြည့်စုံကြွယ်ဝပြီး ကြီးမားပြန့်ကျယ်သည့် ဇာနပုဒ်တခု ဖြစ်သည်။ ယခုခေတ် ရှုဟေလ်ခန်ခရိုင်နှင့် အာဂရာခရိုင်၏ မျှားစွာသောအစိတ်အပိုင်း (ဟိမာလယ တောင်ဝှမ်းမှ တောင် ဘက် ဂျမုနာမြစ်အထိ)သည် ပျံ့ပျှံးနေသော ယင်းမဟာဇနပုဒ် ဖြစ်လေသည်။ ထိုမဟာဇနပုဒ်သည် မိမိ၏အနီးအနား ပတ်ဝန်း ကျင် ဇနပုဒ်များမှ ဘာသာစကားများကိုလည်း မိမိအတွင်းသို့ သွတ်သွင်းသိမ်းယူသည်မှာ ဖြစ်နိုင်စရာရှိလေ၏။ယင်းသို့အားဖြင့် ယခုခေတ် ဗုန်ဒေလီ၊ ဗရဇ၊ ကနောက်ဇီ၊ ရှုဟေလီ ဘာသာ စကားများသည် ပဠာလီဘာသာစကားခ်ဋ် အကြုံးဝင်သွားပေ တော့၏။ ကျွန်ုပ်တို့၏ တိုင်းနိုင်ငံခ်ဋ် အကြီးမားဆုံး ဖြစ်သည့် နေပြည်တော်၊ ထိုနေပြည်တော်၏ဘာသာစကားနှင့် ယဉ်ကျေးမှု တို့သည် တိုင်းပြည်နိုင်ငံတခုလုံးအပေါ်ခ်ဋ် သြဇာတန်ခိုး လွှမ်းမိုး မှုရှိလေသည်။ အသောကဘုရင်၏လက်ထက်ခ်ဋ် မာဂဓီဘာသာနှင့် ယဉ်ကျေးမှုသည် ယင်း အခွင့်ကို ရရှိလေသည်။ ကုရုန်ဘုရင် တို့၏လက်ထက်ခ်ဋ် ၎င်းတို့၏ နေပြည်တော်သည် မထုရာဖြစ်ခြင်း ကြောင့် ထိုဒေသ (ဆုရဆေန်) ၏ ဘာသာစကား ဖြစ်သည့်

ဆောရ်ဆေနီသည် ရာစုနှစ် သုံးခုအထိ ယင်း အရေးပါသည့် အခွင့်ကို ရရှိခဲ့လေသည်။ ယခုခေတ် ကနောက်ဇီနှင့် ဗရဇတို့ ဆက်သွယ်သကဲ့သို့ ပြာကရိုက်ခေတ်၌ ကနောက်ဇီ (ပဠာလီ)နှင့် ဆောက်ရဆေနီတို့သည် ဆက်သွယ်မှုရှိလေသည်။ ၎င်းတို့နှစ်ဦး၌ အလွန်သေးငယ်သော ခြားနားချက်ရှိလေ၏။ အမှန်စင်စစ်အား ဖြင့် ရှေဟလီ၊ ဗရဇ၊ ဗုန်ဒေလီတို့ကို ကျွန်ုပ်တို့သည် ဘာသာ စကားတခုတည်းဟု ပြောဆိုနိုင်ပေသည်။ ၎င်းကို တချိန်တုန်းက အလယ်ပိုင်းဒေသ ဘာသာစကားဟု ခေါ်ဆိုခဲ့ကြသည်။ နောက် ပိုင်းတွင်မူ ဂဝါလေရီ ဘာသာစကားဟု ခေါ်ဆိုကြသည်။ ထိုနောက်တဖန် ဆုရဒါဆ် အစရှိသော ပညာရှိတို့၏ ကရိုရှန ကဗျာများ သြဇာလွှမ်းမိုးမှုကြောင့် ထိုဘာသာစကားကိုပင် ဗရဇဘာသာဟူ၍ ခေါ်ဆိုကြပြန်သည်။

ရှေးဟောင်း အဝန္တီဘာသာစကားနှင့် အဝန္တီတိုင်းသားတို့ သည် ဗုဒ္ဓ၏တရားဝမ္မပြန့်ပြားရာ၌ အရေးကြီးသော အစိတ်အပိုင်း က ပါဝင်ခဲ့ကြသည်။ ပါဠိတိပိဋကတ် ဘာသာစကားကို မာဂဓီ ဟု ပြောရာ၌ ပညာရှိများက ကန့်ကွက်ကြသည်။ အကြောင်း မူကား မာဂဓီဘာသာ၏ ထူးခြားချက်မှာ- ရ၏နေရာ၌ လနှင့် ဆကို လုံးဝအသုံးမပြုဘဲ ဆ ၏နေရာ၌ ရ မရှိခြင်းကို တွေ့ရှိ ခြင်းဖြစ်သောကြောင့်တည်း။ ယင်း ထူးခြားချက်သည် ပဠာလီ ဆောက်ရဆေနီ အစရှိသော အလယ်ပိုင်းဒေသဆိုင်ရာ ဘာသာ စကားများ၌လည်း တွေ့ရှိရပေသည်။ ၎င်းတို့၏နယ်ပယ်သည် ဂူဂျာရာတ်အထိ ပြန့်နှံ့ပေသည်။ သို့ဖြစ်၍ မာဂဓီ၏ ထူးခြား ချက်ကို ဖယ်ရှားပစ်ရာ၌ အဝန္တီဘာသာ ပါဝင်လေမည်လားဟု သံသယဖြစ်ဖွယ်ရှိနေပေ၏။ အသောကလက်ထက်၌ ဝိဒိသာသူ

မယ်တော်၏ သားဖြစ်သော မဟိန္ဒနှင့် ၎င်း၏အဖေတို့သည် သီဟိုဠ်ကျွန်းသို့ တရားဓမ္မကို ဖြန့်ဖြူးရန်သွားကြသည်။ မဟိန္ဒ၏ အမိဘက်မှအဆွေအမျိုးများသည် ဝိဒိသာ (ဘိဆလာ) ၌ နေကြသည်ဖြစ်စေကာမူ မဟိန္ဒသည် မဂဓသား ဖြစ်လေသည်။သို့ဖြစ်၍ မဟိန္ဒသည် မိမိနှင့်အတူ မိမိ၏အမိဘက်မှ ဆွေတော်မျိုးတော်များ၏ ဘာသာစကားကို ယူဆောင်သွားသည်ဟု ပြောဘို့ရန် ခဲယဉ်းနေပေ၏။ သီဟိုဠ်ကျွန်း၌ နှစ် နှစ်ရာ နှစ်ရာ့ငါးဆယ်အထိ တိပိဋကတ်သည် အာဂုမ်ဆောင်သာလျှင်ဖြစ်ခဲ့သည်။ နှုတ်ထဲမှာ သာလျှင်ရှိခဲ့သည်။ အကွာရာတင် မဖြစ်နိုင်သေးသမျှ ပိဋကတ်၏ ဘာသာစကား၌ ပြောင်းလဲမှုရှိနေမည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိပေ။ နှုတ်ငုံအာဂုမ်ဆောင်သူ ပုဂ္ဂိုလ်များ အနေဖြင့် ပြောင်းလဲမှုသည် ဖြစ်နေပေလိမ့်မည်။ သီဟိုဠ်ကျွန်းမှ လူများစုမှာ ဂူဂျရာတ်ဘက်မှ သွားသူများဖြစ်ကြသည်။ ဂူဂျရာတ်နှင့် အဝန္တီဘာသာ၌ ယခုခေတ်၌ပင် 'နီးစပ်မှုရှိလေသည်။ ယင်းနီးစပ်မှု၏ အကြောင်းမှာ အဝန္တီမှသွားပြီး ဂူဂျရာတ်တွင်နေထိုင်ကြသောပုဂ္ဂိုလ်များဖြစ်ပေ၏။ ရှိစေတော့။ တိပိဋကတ်ဘာသာစကား၏ ယနေ့အသွင်မျိုးဖြင့် ပြောင်းလဲမှုကိုပြုရာ၌ အဝန္တီဘာသာစကားလည်း ပါဝင်သည်ဟူသော အချက်ကိုမူ လက်ခံရမည်ဖြစ်ပေ၏။

အသောက ဘုရင်လက်ထက်က ဗုဒ္ဓတရားဓမ္မကို ဖြန့်ဖြူးသူ သာသနာပြု ပုဂ္ဂိုလ်များအနက်က အားလုံး အဝန္တီ ဒသာဏ္ဏ၌ နေသူများ မဟုတ်ကြသော်လည်း ၎င်းတို့၏ ယုံကြည်စိတ်ချရလောက်သော အရိုး (ဓာတ်တော်) များမှာ ဝိဒိသာနှင့် အနီးအနားပတ်ဝန်းကျင်ရှိ ပုထိုးများ၌ တွေ့ရှိရပေသည်။ အသောက

ဘုရင်၏ ရာဇဂုရုဖြစ်သော မောဂ္ဂလိပုတ္တာတိသ၏ အမည်နာမကို ကျွန်ုပ်တို့၏ ကျမ်းဂန်များမှ သိရှိရပေသည်။ မောဂ္ဂလိပုတ္တာတိသ၏ အရိုးများကိုမူ ဆန်ကျီ၌သာလျှင် တွေ့ရပေ၏။ ထိုနည်းအတိုင်းပင် သူ့ခေတ်သမယက အခြား အချို့သာသနာပြုရဟန်းများ၏ အရိုးများကိုလည်း ထိုနေရာ၌ ရှိသမြတ်နိုးစွာ ကိုးကွယ်ထားကြလေသည်။ ၎င်းမှာ မာလဝ ဒေသသည် ဗုဒ္ဓဘာသာဝင်တို့၏ အချက်အချာဌာနတခု ဖြစ်သည်ဟူသောအချက်ကို ပြောပြလျက်ရှိပေသည်။ သို့ဖြစ်သောကြောင့် ကြီးကျယ်မြင့်မြတ်သော သာသနာပြု ရဟန်းတော်များ၏ ဓာတ်တော်များနှင့် အထိမ်းအမှတ်များကို ထိုနေရာ ထိုဒေသ၌ တည်ထားကိုးကွယ်ထားကြခြင်း ဖြစ်လေသည်။

ဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်အခါကလည်း အဝန္တီသည် အရေးပါသော ဒေသတခု ဖြစ်ခဲ့လေသည်။ ဗုဒ္ဓ၏ အရေးပါအရာရောက်သူ တပည့်များထဲ၌ သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ မဟာကဿပ ပြီးလျှင် မဟာကစ္စာယန (ရှင်မဟာကစ္စည်း) သည် စတုတ္ထ အရေးပါအရာရောက်သူ ဖြစ်လေသည်။ မဟာကစ္စာယနသည် ဥဇ္ဇေနီ (ဥဇ္ဇေန်) ၌ မွေးဖွားသူဖြစ်သည်။ သူသည် အဝန္တီဘုရင်စဏ္ဍပဇ္ဇောတ၏ ပုရောဟိတ်သားဖြစ်သည်။ မဟာကစ္စာယနအခြောင်းနှင့်စပ်လျဉ်းပြီး ပဏ္ဍိမှ ကျွန်ုပ်တို့ အောက်ပါအချက်အလက်များကို သိရှိရပေသည်။ (အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ ၁-၁-၁၀)

"(မဟာကစ္စာယန)....သည် ဥဇ္ဇေနီမြို့၌ ပုရောဟိတ်၏ အိမ်တွင် မွေးဖွားသည်။ ....သူသည် ကြီးပြင်းလာသည့်အခါ ဝေဒသုံးပုံကို သင်ကြားတတ်မြောက်သည်။ ဖခင် ကွယ်လွန်သော

အခါ ပုရောဟိတ်ရာထူးကို ရရှိလေသည်။ အနှယ်၏ အမည်နာမ အားဖြင့် ကစ္စာယနဟူ၍ ထင်ရှားလေ၏။ ဘုရင် စဏ္ဍာပဇ္ဇောတ သည် မိမိ၏ အမတ်များအား စုရုံးစေပြီးလျှင် ပြောပြသည်- "အချင်းတို့၊ လောကမှာ ဗုဒ္ဓပွင့်နေတော်မူသည်။ သူ့ကို ပင့်လာ နိုင်သည့်လူရှိလျှင် သွားပြီးပင့်လာခဲ့ပါ"

"အရှင်မင်းကြီး၊ အခြားသူများ ပင့်နိုင်မည်မဟုတ်ပါ။ ဆရာ ကစ္စာယန ဗြာဟ္မဏသာလျှင် ပင့်လာနိုင်မည့် အစွမ်းသတ္တိ ရှိပါ သည်။ သူ့ကို လွှတ်တော်မူပါ"

ဘုရင်မင်းကြီးက ကစ္စာယနကို ခေါ်လျက်- "အချင်း ကစ္စာ ယန၊ ဗုဒ္ဓ၏အထံသို့ သွားပါလော့"

"အရှင်မင်းကြီး၊ အကယ်၍ ရဟန်းပြုခွင့် ရမည်ဆိုပါလျှင် အကျွန်ုပ်သွားပါမည်"

"အချင်း ကစ္စာယန၊ ဘာကိုဘဲ လုပ်ရလုပ်ရ၊ လုပ်ပြီး ဗုဒ္ဓကို ပင့်လာခဲ့ပါ"

ကစ္စာယနသည် ဗုဒ္ဓအထံသို့သွားရန် လူစုလူဝေး များများ မလိုဟု စဉ်းစားမိသည်။ သို့ဖြစ်၍ အဖော်ခုနစ်ယောက်ကို ခေါ် ခဲ့ပြီး ဗုဒ္ဓ၏အထံသို့ သွားလေ၏။ ဗုဒ္ဓအထံသို့ ရောက်သောအခါ သူတို့ကို ဗုဒ္ဓက တရားဒေသနာကို ဟောပြတော်မူသည်။ တရား ဒေသနာ၏အဆုံး၌ ကစ္စာယနသည် အဖော်ခုနစ်ယောက်နှင့်အတူ တကွ ရဟန္တာဖြစ်သွားကြလေ၏။ ဘုရားရှင်သည် "ရဟန်းတို့၊ လာလှည့်" ဟု ပြောပြီး လက်ကမ်းလေ၏။ ထိုအခိုက်၌ သူတို့ အားလုံး၏ ဆံ၊ မုတ်ဆိတ်များ ကွယ်ပျောက်သွားပြီး တန်ခိုး ဣဒ္ဓိပါဒ်ဖြင့် ရရှိသည့် သပိတ် သင်္ကန်းကိုဆောင်လျက် သူတို့သည် အသက်တရာရှိသည့် မထေရ်ကြီးများ အသွင်ကဲ့သို့ ဖြစ်သွားကြ

လေ၏။ ကစ္စာယနမထေရ်သည် မိမိ၏အလုပ်ကိစ္စ ပြီးစီးသွားသောအခါ တိတ်တိတ်နေတော်မမူဘဲ....ဘုရားရှင်အား ဥဒ္ဇေနီသို့ကြွရန်အတွက် လမ်းခရီးကို ချီးမွမ်းလျှောက်ထားပြလေသည်။ ဘုရားရှင်သည် ကစ္စာယန၏စကားကို ကြားရသောအခါ.... ဗုဒ္ဓသည် အကြောင်းတခုတည်းဖြင့် သွားရန်မသင့်သည့်နေရာသို့ ကြွတော်မမူ။ သို့ဖြစ်၍ ကစ္စာယနမထေရ်အား မိန့်တော်မူ၏ "အိုရဟန်း၊ သင်ဘဲ သွားပါလော့။ သင် သွားလျှင်လည်း ဘုရင်မင်းကြီးသည် ကျေနပ်အားရပေလိမ့်မည်"

မဟာကစ္စာယနမထေရ်သည် ဗုဒ္ဓအား ရှိခိုးပြီးလျှင် မိမိနှင့်အတူပါလာသည့် ခုနစ်ဦးသော ရဟန်းတို့နှင့်ဝေါကို ဥဒ္ဇေနီသို့ ကြွသွားတော်မူလေ၏။ လမ်းခရီး၌ တေလပဏာလီ အမည်ရှိ မြို့ငယ်တခုကို တွေ့ရလေသည်။ ထိုမြို့၌ အကျိုးပေးမည့် မိန်းမပျို တဦးကို တွေ့ရလေ၏။ ထိုမိန်းမပျိုသည် မဟာကစ္စာယနမထေရ်၏ ထောက်ခံချက်ဖြင့် စဏ္ဍာပဇ္ဇောတဘုရင်၏ မိဖုရား၊ အိမ်ရှေ့မင်းသား၏ မယ်တော် ဖြစ်လာခဲ့လေသည်။ ထိုမိန်းမပျို၏ အကြောင်းလည်း ထိုနေရာ၌ ပါရှိလေသည်-

"ထိုမြို့၌ သူဌေးသမီး နှစ်ဦး ရှိလေသည်။ တဦးမှာ ဆင်းရဲနွမ်းပါးသွားသည့် အမျိုးအနွယ်၌ မွေးဖွားလေသည်။ မိဖကွယ်လွန်သွားသောအခါ အထိန်းလုပ်သူ၏ မွေးမြူစောင့်ရှောက်ခြင်းဖြင့် အသက်ရှင်လာခဲ့ရလေသည်။ နောက်တဦးမှာမူ ရုပ်ရည်ရူပကာယ အလွန်တရာလှပသော်လည်း ဆံကေသာမရှိ ဖြစ်နေသည်။ ထိုသူဌေးသမီးသည် ခပ်စောစောကပင် ပဌမသူဌေးသမီးထံသို့ အကြောင်းကြားပြီး "တရာဖြစ်ဖြစ် တထောင်ဖြစ်ဖြစ် ပေးမည်" ပြောပြီး ဆံကေသာအတောင်းခိုင်းသော်လည်း ဆံကေ

သာကို မရပေ။ ထိုနေ့တွင် ထိုပဌမ သူဌေးသမီးသည် ရဟန်းခုနစ်ပါးနှင့်တကွ မထေရ်မြတ် သပိတ်ဟာလာဟင်းလင်းဖြင့် ပြန်ကြွလာသည်ကို တွေ့ရ၍ စဉ်းစားလေ၏-"ဤရှေအဆင်းရှိသည့် ရဟန်းမြတ်တပါးသည် ယခင်ကအတိုင်း ဆေးကြောထားသည့် (ဟာလာဟင်းလင်းဖြစ်နေသည့်)သပိတ်ဖြင့်သာလျှင် ပြန်ကြွလာသည်။ ငါ့ထံမှာ တခြား ဘာပစ္စည်းမျှ မရှိ။ သို့သော်လည်း ဟိုသူဌေးသမီးသည် ဤဆံကေသာများကို အတောင်းခိုင်းထားသည်။ ယခု ဤဆံကေသာဖြင့် ရရှိသည့် ကြေးငွေနှင့် မထေရ်အတွက် အလှူဒါန ပြုလုပ်နိုင်သည်"-အထိန်းကိုလွှတ်ပြီး မထေရ်များကို ပင့်ဖိတ်ခိုင်းလျက် အိမ်အတွင်း၌ သီတင်းသုံးစေ၏။ မထေရ်များထိုင်ကြသောအခါ သူဌေးသမီးသည် အိမ်အတွင်းသို့ သွားလျက် အထိန်းအား မိမိ၏ ဆံကေသာကို အဖြတ်ခိုင်းပြီး ပြောလေ၏- 'မိခင်၊ ဤဆံကေသာများကို ယူပြီး ဟိုသူဌေးသမီးဆီ သွားပေးပါ။ သူပေးတာကို ယူခဲ့ပါ။ ကျမ အရှင်မြတ်များကို ဆွမ်းလှူဒါန်းပါမည်'

"အထိန်းသည်....လက်ဖြင့် မျက်ရည်ကိုသုတ်ပြီး၊ လက်တဘက်ဖြင့် ရင်ကိုမပြီး၊ မထေရ်တို့၏ရှေ့၌ ဖုံးကွယ်ပြီး၊ ထိုဆံကေသာများကိုယူပြီးလျှင် ထိုသူဌေးသမီးထံသို့သွားလေသည်။ အမှန်မှာ-အနုစ်သာရရှိသည့် မြတ်သောအရာဝတ္ထုသည် ကိုယ်တိုင်လက်ဝယ်ရောက်ရှိလာသောအခါ လေးစားမှုမခံရပေ။ သို့ဖြစ်၍ ထိုသူဌေးသမီးသည်- 'ငါသည် ပဌမက ကြေးငွေများစွာပေးပြီး တောင်းသော်လည်း ထိုဆံကေသာများကိုမရခဲ့။ ယခုဖြတ်ပြီးသည့်နောက်ပိုင်းမှာမူ တန်ဖိုးအရသာလျှင် အဖိုးကိုပေးတော့မည်' ဟု တွေးပြီး အထိန်းအားပြောလေ၏-

အစပဋ္ဌမက ကျွန်ုပ်သည် သင့်သခင်မအား ကြေးငွေ အမြောက်အမြားပေးခဲ့သော်လည်း ဤဆံကေသာများကို မရရှိခဲ့ပေး ယခု ငွေရှစ်ကျပ်သာ တန်တော့သည်' ယင်းသို့ပြောပြီး ငွေရှစ်ကျပ်ပေးလိုက်လေ၏။

"အထိန်းသည် ငွေရှစ်ကျပ်ကို ယူသွားပြီး သူဌေးသို့အားပေးလေ၏။ သူဌေးသို့သည် ငွေတကျပ်တန် တကျပ်တန်ထမင်းပွဲများကိုပြင်ပြီး မထေရ်တို့အား လှူဒါန်းလေ၏။ မထေရ်သည် ဥာဏ်ဖြင့် ဆင်ခြင်စဉ်းစားပြီး သူဌေးသို့၏ အဓိပ္ပါယ်ကို သိရသည်ဖြစ်၍ 'သူဌေးသို့ဘယ်မှာနည်း'ဟုမေးလေ၏။

"အိမ်ထဲမှာရှိပါသည် အရှင်ဘုရား"

"သူ့ကိုခေါ်လိုက်ပါ"

"မထေရ်၏ ဘုန်းဂုဏ်ကြောင့် တခွန်းတည်းသော စကားဖြင့် ပင်လျှင် မထေရ်များအား ရှိခိုးပြီး သူဌေးသို့သံသည် စိတ်ထဲ၌ ကြီးကျယ်သော သဒ္ဓါတရားပွားများဖြစ်ပေါ်လာလေ၏။ 'လယ်ယာမြေကောင်း၌၊ ထိုက်သော ပုဂ္ဂိုလ်၌ ပေးလှူအပ်သောဆွမ်းအလှူဒါနသည် ယခုဘဝတွင် အကျိုးကိုပေးလေသည်-' သို့ဖြစ်၍ မထေရ်များအား ရှိခိုးသော ခဏ၌ပင်လျှင် ဆံကေသာသည် ယခင်ကအတိုင်းပြန်ပေါက်လာလေ၏။ မထေရ်များသည် ထိုဆွမ်းအလှူကိုခံယူပြီးလျှင် သူဌေးသို့ကြည့်ရှုနေစဉ်မှာပင် ကောင်းကင်ခရီးဖြင့် မှုံကြွသွားကြပြီးလျှင် ကဇ္ဇနဝနတောင်၌ ဆင်းသက်ကြလေ၏။ ဥယျာဉ်မှူးသည် မထေရ်များကို မြင်ရသော အခါ ဘုရင့်ရှေ့မှောက်သို့သွားရောက်ပြီး သံတော်ဦးတင်လေသည်-

"အရှင်မင်းကြီး၊ ပုရောဟိတ် ကစ္စာယနသည် ရဟန်းပြုပြီး ဥယျာဉ်တွင်းသို့ရောက်ရှိနေပါသည်"

"ဘုရင်မင်းကြီးသည် ဝမ်းသာအားရ ဖြစ်သွားပြီးလျှင် ဥယျာဉ်သို့သွားလျက် အင်္ဂါငါးရပ်ဖြင့် မထေရ်အားရှိခိုးပြီးနေရာ တဘက်တွင်ထိုင်၍ လျှောက်ထားလေ၏–'အရှင်ဘုရား၊ဘုရားရှင် ဘယ်မှာနည်း'

'မြတ်သောမင်းကြီး၊ ဘုရားရှင်ကိုယ်တိုင်ကြွမလာဘဲ ကျွန်ုပ် အားလွှတ်လိုက်ပါသည်'

'အရှင်ဘုရား၊ ဒီနေ့ဆွမ်းဘယ်ဂေါရရှိခဲ့ပါသနည်း'

"မထေရ်သည် ဘုရင်မင်းကြီးက မေးမြန်းသည်ဖြစ်၍ သူ့ဌေး သို့မီ၏ ခဲခဲယဉ်းယဉ်းပြုလုပ်ခဲ့သော အလုပ်အကြောင်းကို ပြောပြ လေသည်။ ဘုရင်မင်းကြီးသည် မထေရ်အတွက် နေထိုင်သီတင်း သုံးဘို့ရန် နေရာကို စီစဉ်ပေးပြီး ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်လေ သည်။ ထိုနောက် နန်းတော်သို့ပြန်သွားပြီး သူ့ဌေးသို့မီးကို အခေါ် ခိုင်းလျက် အဂ္ဂမဟေသီ တော်ဝင်ညာစံဒေဝီ မိဖုရားအဖြစ်မြှောက် လိုက်လေ၏။ ထိုမိန်းမသည် ဤဘဝ၌ပင် အခြံ အမှုံ အကျော် အစောကို ရရှိခဲ့လေသည်။ ထိုနောက်တွင် ဘုရင်မင်းကြီးသည် မထေရ်အား ပူဇော်သက္ကာများစွာပြုလုပ်လေသည်။ ...ထိုမိဖုရား သည် ကိုယ်ဝန်ရှိပြီးလျှင် ဆယ်လပြည့်ပြီးသည့်နောက်၌ သားငယ် ကို ဖွားမြင်လေ၏။ သားငယ်၏ အမည်ကို သူ့အဖိုးသူဌေးကြီး၏ အမည်ကို အစွဲပြုပြီး ဂေါပါလ ကုမာရဟု မှည့်ခေါ် လေ သည်။ ထိုမိဖုရားသည် သားကိုအကြောင်းပြုပြီး ဂေါပါလ မာတာဒေဝီ အမည်ဖြင့် ထင်ရှားကျော်စောလေ၏။ သူသည် "မထေရ်အား အလွန်တရာ ကြည်ညိုသည် ဖြစ်၍ ဘုရင်အား ပြောပြီးလျှင် ကဉ္စုနဝနဥယျာဉ်၌ မထေရ်အတွက် ကျောင်းတိုက်ဆောက်လုပ် လှူဒါန်းလေသည်။

ဥဇ္ဇနီ (ဥဇ္ဇန်)၌ ဘုရင်ဥယျာဉ်ဖြစ်သော ကဠုဒဲနသည် ရဟန်းတော်များ၏ ကျောင်းတိုက်ဖြစ်သော ကဠုနဝိဟာရအဖြစ် ပြောင်းလဲသွားလေ၏။ ဥယျာဉ်ရှိသည့်နေရာမှာ မြို့၏ အပြင်ဘက်၌ ယခုခေတ်တွင်လည်း ဥဇ္ဇနီ၏ အမြင့်ဆုံး စေတီပုထိုး၏ အဖျက်အစီး အယိုအယွင်းများကို တွေ့မြင်နိုင်ပေသည်။

ကစ္စာယန (ရှင်ကစ္စည်း) မထေရ်၏ လက်ထက်၌ အဝန္တီ ဒက္ခိဏာပထတို့ ရဟန်းတော်များ အလွန်နည်းပါးသေး၏။ ရဟန်းပြုပေးရန်နှင့် တခြားသော သံဃကိစ္စများအတွက် ရဟန်းဆယ်ပါးကို 'ကိုရန်' ပြည့်ဟုသတ်မှတ်ပိုင်းခြားထားလေသည်။ ကုရဃရ (ကုရုဃရ)သည် အဝန္တီတိုင်းမှ ထူးခြားသော မြို့ငယ်ဇနပုဒ်တခုဖြစ်သည်။ ထိုဇနပုဒ်မှ လုလင်တဦးဖြစ်သော သောဏ ကုဋိကဏ္ဏသည် ကစ္စာယန မထေရ်၏ အထံ၌ ရဟန်းပြုလိုသည့် စိတ်ဖြစ်ပေါ်လာသည်။ သို့ရာတွင် ရဟန်းဦးရေ ဆယ်ပါးအပြည့် မရှိပေ။ သို့ဖြစ်၍ ကုဋိကဏ္ဏသည် ခဲခဲယဉ်းယဉ်းပင် ရဟန်းပြုရလေ၏။ ရဟန်းဦးရေ (ကိုရန်)ဆယ်ပါးမပြည့်သဖြင့် ရဟန်းမပြုရခြင်းကို ကစ္စာယန မထေရ်သည် မလိုလားပေ။ မဇ္ဈိမဒေသမှ အပြင်အပ၌ ရဟန်းဦးရေ (ကိုရန်) ကို လျှော့ပေါ့သင့်သည်ဟု တွေးပြီးလျှင် ကစ္စာယန မထေရ်သည် မိမိ၏ တပည့်အား ဗုဒ္ဓ၏ အထံတော်သို့ စေလွှတ်လိုက်လေသည်။ ကုဋိကဏ္ဏသည် ဘုရားရှင်အား ဖူးတွေ့ရန် စိတ်အလွန်စောနေသူဖြစ်သည်။ အခွင့်တောင်းသော အခါ ကစ္စာယန မထေရ်က ခွင့်ပြုတော်မူလိုက်သည်။ ထိုအကြောင်းသည် ဝိနယပိဋကတ(မဟာဝဂ္ဂ ၅၊၃)၌အောက်ပါအတိုင်းပါရှိလေသည်-

"သာဓု....သာဓု....သောဏ....၊သောဏ သွားလော.... ဘုရားရှင်၏ ခြေတော်ကို ရှိခိုးလော့.... 'အရှင်ဘုရား၊ တပည့်

ခေတ်၏ ဥပဇ္ဈာယ်ဆရာသည် ဘုရားရှင်၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏”ထို့ပြင် ဤသို့လည်းလျှောက်ထားလော့ ‘အရှင်ဘုရား၊ အဝန္တီ–ဒက္ခိဏာပထဒ္ဒ ရဟန်းအလွန်တရာနည်းပါး၏။ သုံးနှစ်ကျော်လွန်မှ အလွန်ခဲယဉ်းစွာဖြင့် ထိုထိုအရပ်ရပ်မှ တကျပ်အပေါင်းအစုရှိသော ရဟန်းသံဃာကို စုဝေးစေပြီးလျှင် တပည့်တော် ရဟန်းအဖြစ်ကိုရရှိခြင်းဖြစ်ပါ၏။ အရှင်ဘုရားသည် အဝန္တီ-ဒက္ခိဏာပထဒ္ဒ (၁) နည်းသော ဂိုဏ်းဖြင့် (ကိုရန်အနည်းငယ်ဖြင့်) ဥပသမ္ပဒကံ (ရဟန်းပြုသည့်အလုပ်)ကို ခွင့်ပြုလျှင် ကောင်းပါလိမ့်မည်။အရှင်ဘုရား၊ အဝန္တီ–ဒက္ခိဏာပထဒ္ဒ မြေသည်မည်းနက်၏။ ကြမ်းတမ်း၏။ နွားခွာရာအပြည့်ရှိ၏။ အရှင်ဘုရားသည် အဝန္တီ–ဒက္ခိဏာပထတိုင်းဌ (၂)ရဟန်းသံဃာအား အလွှာရှိသော ဘိနပ်ကို ခွင့်ပြုတော်မူလျှင် ကောင်းပါလိမ့်မည်။ အရှင်ဘုရား၊ အဝန္တီ–ဒက္ခိဏာပထတိုင်းဌ လူတို့သည် ရေချိုးခြင်းကို နှစ်သက်ကြ၏။ ရေဖြင့် စင်ကြယ်ခြင်းကို အယူရှိကြကုန်၏။ အရှင်ဘုရားသည် အဝန္တီ–ဒက္ခိဏာပထတိုင်းဌ (၃) အမြဲ မပြတ်ရေချိုးခြင်းကို ခွင့်ပြုတော်မူလျှင် ကောင်းပါလိမ့်မည်။ အရှင်ဘုရား၊ အဝန္တီ–ဒက္ခိဏာပထ တိုင်းဌ သိုးရေ၊ ဆိတ်ရေ.... ကဲ့သို့သော သားရေအခင်းတို့ကို ခင်းကြကုန်၏။ အရှင်ဘုရားသည် အဝန္တီ ဒက္ခိဏာပထတိုင်းဌ (၄) သားရေအခင်းကို ခွင့်ပြုလျှင် ကောင်းပါမည်။ အရှင်ဘုရား၊ ယခုအခါ၌ သိမ် (သတ်မှတ်ပိုင်းခြားထားသော နေရာအတွင်း)၏ အပြင်ပသို့ သွားသော ရဟန်းတို့အား လူတို့သည် သက်နိုး ပေးလှူကြ၏။– ‘ဤသက်နိုးကို ဤမည်သော ရဟန်းအား ပေးပါလော့’၊ ထိုရဟန်းများသည် လာ၍ပြောကြ၏– ‘ငါ့ရှင်၊ ဤမည်သော လူသည် သင့်အား

သက်နှ်းကို ပေးလှ၏-' ထိုရဟန်းသည် စွန့်ခြင်းဝိနည်းကဲမျှား ဖြစ်လိမ့်မည်လားဟု သံသယရှိပြီး ထိုသက်နှ်းကို အသုံးမပြုပေ။ အရှင်ဘုရားသည် (၅) သက်နှ်းဌ် အပ်သော ပရိယာယ်ကို ဟောကြားတော်မူလျှင် ကောင်းပါလိမ့်မည်။

'အရှင်ဘုရား၊ ကောင်းပါပြီ'ဟု ပြောပြီး....သောဏကုဋ္ဌ ကဿသည်.... အရှင်မဟာ ကစ္စာယန (ရှင်မဟာ ကစ္စည်း) ထေရ်အား ရှိခိုးလျက် လက်ျာရစ် လှည့်၍ အကြင်အရပ်ဌ သာဝတ္ထိရှိ၏။ ထိုအရပ်သို့ သွားလေ၏။....

"သာဝတ္ထိဌ ဘုရားရှင်၏အထံသို့ သွားလေ၏"

ထိုအခါဌ အရှင်သောဏသည် 'ဘုရားရှင်သည် ငါ့အား ဝမ်းမြောက်စွာ စကားပြောတော်မူ၏။ ဤအခါသည် အခါ ကောင်း ဖြစ်၏'ဟု ကြံပြီး နေရာမှ ထလျက် လက်ဝဲတဖက် ပခုံးထက်ဌ ကေသီကို တင်၍ ဦးတိုက်ကာ ဘုရားရှင်အား လျှောက်လေ၏-

"အရှင်ဘုရား၊ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ အရှင်မဟာ ကစ္စာယနသည် အရှင်ဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။ ထို့ပြင် ဤသို့လည်း လျှောက်ထားလိုက်ပါ၏-

"အရှင်ဘုရား၊ အဝန္တီ-ဒက္ခိဏာပထတိုင်းဌ အလွန်နည်းသော ရဟန်းများ ရှိကုန်၏။....သက်နှ်းဌ် အပ်သော ပရိယာယ်ကို ဟောကြားတော်မူလျှင် ကောင်းပါလိမ့်မည်"

ထိုအခါ ဘုရားရှင်သည် ဤအကြောင်းအရာနှင့် စပ်လျဉ်းပြီး တရားစကားကို ဟောတော်မူပြီးလျှင် ရဟန်းများအား မိန့်တော်မူ၏။

"ရဟန်းတို့၊ အဝန္တီ-ဒက္ခိဏာပထဒ္ဒ နည်းပါးသော ရဟန်း ရှိကုန်၏။ ရဟန်းတို့၊ အားလုံးသော ပစ္စန္တရစ် (အပြင်အပ) ဇနပုဒ်တို့၌ဝိနည်းဓိုရိအပါအဝင် ငါးဦးသောရဟန်းအပေါင်းကို ပဋ္ဌင်းခံရန် (ဥပသမ္ပဒါ ကံဆောင်ရန်) ခွင့်ပြု၏။ ဤစကားရပ်၌ ပစ္စန္တရာစ်သည် နယ်စပ် အပိုင်းအခြား ရှိသော ဇနပုဒ်တို့ ဖြစ်ကြ၏- အရှေ့အရပ်၌ ဂဇာဂ်လအမည်ရှိသော နိဂုမ်းရှိ၏။ ထိုနောက် အင်ကြင်းတောကြီး ရှိ၏။ ထိုအင်ကြင်း တော၏ အပြင်ဘက် ဤနေရာမှနေပြီး အလယ်၌ ပစ္စန္တရာစ် ဇနပုဒ်တို့ ရှိကြ၏။ အရှေ့တောင်အရပ်၌ သလလဝတီအမည်ရှိသော မြစ် ရှိ၏။ ထိုမြစ်၏ အပြင်ဘက်-ဤနေရာမှနေပြီး အလယ်၌ ပစ္စန္တရာစ် (နယ်စပ်ရှိသော)ဇနပုဒ် ရှိကြကုန်၏။ တောင်မျက်နှာ အရပ်၌ သေတကဏ္ဏိက အမည်ရှိသော နိဂုမ်းရှိ၏။....အနောက်မျက်နှာ အရပ်၌ ထူဏ အမည်ရှိသော ဗြာဟ္မဏရွာ ရှိ၏။.... မြောက် မျက်နှာအရပ်၌ ဥသီရဒ္ဓဇ အမည်ရှိသော တောင်၊ ထိုတောင်၏ အပြင်ဘက်၌.... ပစ္စန္တရာစ် ဇနပုဒ် ရှိကြ၏။ ရဟန်းတို့၊ ယင်းသို့သော ပစ္စန္တရာစ် ဇနပုဒ်တို့၌ ဝိနည်းဓိုရိ အပါအဝင် ရဟန်းအပေါင်း ငါးဦးဖြင့် ပဋ္ဌင်းခံ ပေးခြင်းကို ခွင့်ပြု၏။- အားလုံးသော ပစ္စန္တရာစ်တို့၌-ဘိနပ်စီးခြင်းကို....။အမြဲ မပြတ် ရေချိုးခြင်းကို....။ သိုးရေ၊ ဆိတ်ရေ၊ သမင်ရေ တည်းဟူသော အားလုံးသော သားရေအခင်းကို....ခွင့်ပြု၏....။ သက်နှံးကို လက်ခံခြင်းငှာ ခွင့်ပြု၏။ လက်ထဲ မရောက်သေးသမျှ သက်နှံး သုံးထည်စာရင်းထဲ မပါဝင်ပေ...."

အဝန္တီ(မာလဝါ)သည် ခရာဇ်မပေါ်မီ သုံးရာစုနှစ်ကစပြီး ခရာဇ် သက္ကရာဇ် ခုနစ်ရာစုနှစ်အထိ ဗုဒ္ဓဘာသာ အတွက်

ကြီးကျယ်သော အချက်အချာ ၄-၅ကြိုးတခု ဖြစ်ခဲ့လေသည်။ ဆန်ကျီ စေတီပုထိုး မျှားသည် ယခုတိုင်ပင် ထိုဒေသ၌ အထင်အရှား ရှိနေပေသည်။ ဘေးဘက်ရှိ ဗုဒ္ဓဘာသာ ဂူများနှင့် ဗုဒ္ဓဘာသာ ဆေးရေး ရုပ်ပုံများသည် ထင်ရှား ကျော်ကြားလှပေသည်။ သို့ရာတွင် အဝန္တီ၏ ရှေးဟောင်း အမွေအနှစ်များကို ကောင်းမွန်စွာ သုတေသန မပြုလုပ်နိုင်ကြပေ။ အစိုးရနှင့် ပြည်သူလူထုအနေဖြင့် ထိုအချက် သတိပြုဘို့ အချိန်ရောက်လာပြီ။ ၁၀်းနှစ်စီမံကိန်းကာလအတွင်း ချောင်းများ မြောင်းများ ဖန်တီးရန် အတွက် နေရာများစွာဘို့၌ တူးဖော်ရပေလိမ့်မည်၊ ရှေးဟောင်းပစ္စည်းများ ပျက်စီးယိုယွင်းသွားခြင်း မရှိရလေအောင် အထူးဂရုစိုက်သင့်ကြပေလတ်။

လူဝတ်ကြောင်တို့၏ အကျင့်တရား

ရဟန်းသံဃာများအကြောင်းနှင့် ရာဂကင်းကွာမှု အကျင့်တရားအကြောင်းများကို ကြားရသည်ဖြစ်၍ ဗုဒ္ဓ၏ တရားဓမ္မသည် လူ့ဘောင်ကို ခွာရှောင်လိုသူများ အတွက် သက်သက်သာလျှင်ဖြစ်၏ဟု လူများ အထင်ရှိကြသည်။ အမှန်မှာ ထိုသို့မဟုတ်ပေ။ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က ဗုဒ္ဓ၏ လူဝတ်ကြောင်တပည့်တပန်းအရေအတွက်၏ အပုံတရာပုံတပုံပင် ဘိက္ခုနှင့် ဘိက္ခုနီတို့၏ အရေအတွတ်မရှိခဲ့ပေ။ နောင်သောအခါလည်း မရှိခဲ့ပေ။ ဗုဒ္ဓဟောကြားသော တရားအဆုံးအမ၏ အနှစ်သာရကို ဂါထာတပုဒ်တည်းဖြင့် ပြထားသည်-

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿုပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနုသာသနံ။

(အားလုံးသော မကောင်းမှုကိုမပြုလုပ်ခြင်း၊ကုသိုလ်ကောင်းမှုကို ပွားများအားထုတ်ခြင်း၊ မိမိစိတ်နှလုံးကို ချုပ်တည်းခြင်း၊ ဤကား ဗုဒ္ဓ၏ အဆုံးအမဖြစ်လေသည်)

ယင်း အဆုံးအမသည် လူဝတ်ကြောင်နှင့် ရဟန်းအားလုံး အတွက် တညီတညွတ်တည်းဖြစ်သော အဆုံးအမဖြစ်လေသည်။ တခုတော့ရှိသည်။ ဘိက္ခုနှင့် ဘိက္ခုနီ (ရဟန်းနှင့်ရဟန်းမ) တို့

အသုက် လိုက်နာကျင့်သုံးရန် စည်းမျဉ်း ဥပဒေတို့ကိုပေါင်းပြီး "ဝိနယပိဋကတ်"၏ အဖြစ်ဖြင့် သတ်မှတ်ထားသည့်နည်းတူ လူဝတ်ကြောင်များ အတွက်မူ တသီးတခြား ဥပဒေ စည်းမျဉ်းတို့ကို တပေါင်း ကစည်းတည်း သတ်မှတ်ထားခြင်းမူကား မရှိပေ။ တိပိဋကတ်၌ "သိက္ခါလေါ၀ါဒသုတ်" အမည်ဖြင့်ရှိသော အဆုံးအမ ဥပဒေသများသည် လူဝတ်ကြောင်တို့၏ ဝိနည်းစည်းကမ်းဖြစ်လေသည်။ ထိုဝိနည်းစည်းကမ်းကို ထိုခေတ် လူ့လောက လူ့အဖွဲ့အစည်းအား စံပြအဖြစ် ပြုလုပ်ရန် ကြိုးပမ်း အားထုတ်ချက်ဟု ဆိုနိုင်ပေသည်။

မိမိတို့၏ သားသမီးများ အဖတ်မတင်သော မိဘများသည် မိမိတို့၏ သားသားသမီးများအား မကောင်းသည့် နာမည်တခုခုကို မှည့်ထားတတ်ကြသည်။ ယင်းသို့မှည့်ထားခြင်းအားဖြင့် ယမမင်း (သေမင်း)၏ တမန်များသည် ထိုကလေ ကခြေကလေးသူငယ်များအား အမှုမဲ့အမှတ်မဲ့ပင် နေသည်ဟု အယူရှိကြသည်။ ငခွေး၊ ဝက်မ စသည့် အမည်များမှာ ထိုကဲ့သို့ သဘောရှိသော အမည်များဖြစ်ကြသည်။ ဗုဒ္ဓ၏ လက်ထက်တော်အခါကလည်း ထိုကဲ့သို့သော အမည်နာမများကို မှည့်လေ့ မှည့်ထရှိလေသည်။ သူ့ဌေးတဦးသည် မိမိသားအား အသက်ရှည်စေရန်အတွက် သိက္ခါလ (တောခွေး)ဟု အမည်ပေးထားလေ၏။ သက္ခါလအား ဗုဒ္ဓတရားဟောကြားသည့် စိတ်ဝင်စားဖွယ် အဖြစ်အပျက်မှာ အောက်ပါအတိုင်းဖြစ်သည်-

အခါတပါးဌ ဘုရားရှင်သည် ရာဇဂြိုဟ်ရှိ ရှည်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်တောဌ သီတင်းသုံးနေတော်မူ၏။

ထိုအချိန်၌ သိင်္ဂါလအမည်ရှိသော သူကြွယ်သားသည် နံနက်ဝေလီဝေလင်း အချိန်ကပင်ထ၍ ရာဇဂြိုဟ်မြို့အပြင်သို့ ထွက်ပြီးလျှင် စုံစုတ်သောအဝတ်၊စုံစုတ်သောဆံပင်ဖြင့် လက်အုပ်ချီလျက်၊ အရှေ့အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ အနောက်အရပ်မျက်နှာ၊မြောက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ အထက်အရပ်မျက်နှာ- အမျိုးမျိုး အပြားပြားသော အရပ်မျက်နှာတို့ကို ရှိခိုးနေလေသည်။

ထိုအချိန်၌ ဘုရားရှင်သည် နံနက်ခင်းအချိန် သင်္ကန်းကိုဝတ်ရုံလျက် သပိတ်သင်္ကန်းကို ဆောင်ယူခဲ့ပြီးလျှင် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းအလို့ငှာဝင်တော်မူလေ၏။ ဘုရားရှင်သည် အရပ်မျက်နှာအမျိုးမျိုးကို ရှိခိုးနေသော သူကြွယ်သား သိင်္ဂါလအား တွေ့ရ၍ မိန့်တော်မူလေ၏-

"သူကြွယ်သား၊ နံနက်စောစော ထပြီး သင်ဘာကို ရှိခိုးနေသနည်း"

"အရှင်ဘုရား၊တပည့်တော်၏ ဖခင်သည် သေခါဦးကာလ၌ တပည့်တော်အား'ချစ်သား၊ အရပ်မျက်နှာမျှားကို ရှိခိုးလော့'ဟု မှာခဲ့ပါ၏။ သို့ဖြစ်၍ မြတ်စွာဘုရား၊ တပည့်တော်သည် ဖခင်၏ စကားကို အလေးပြုလျက်၊ မြတ်နိုးလျက်၊ပူဇော်လျက်၊ စောစောပင် ထကာ ရှိခိုးနေခြင်းဖြစ်ပါသည်"

"သူကြွယ်သား၊ မြတ်သောသူ (အရိယ) တို့၏ တရားဓမ္မ၌ ထိုကဲ့သို့ အရပ်မျက်နှာခြောက်ပါးကို ရှိမခိုးအပ်ပေ"

"အရှင်ဘုရား၊ထိုသို့ရှိမခိုးအပ်လျှင် မြတ်သောသူတို့၏ တရားဓမ္မ၌ အရပ်မျက်နှာခြောက်ပါးကို ဘယ်ကဲ့သို့ရှိခိုးအပ်ပါသနည်း။

မြတ်သောသူတို့၏ တရားဓမ္မ၌ အရပ်မျက်နှာများကို ရှိနိုးပုံ ရှိနိုးနည်းကို တပည့်တော်အား ဟောပြတော်မူပါလော့"

ဝုဒ္ဓသည် သိဂ်ါလအား ဟောပြလေသည်-

အကြင်သူသည် သေရည်သောက်ဖော် သောက်ဖက်ဖြစ်၏။ မျက်နှောက်၌ ချစ်ခင်သူ မိတ်ဆွေဖြစ်၏။ ထိုသူသည် မိတ်ဆွေ မမည်ပေ။

အကြင်သူသည် အကြောင်းကိစ္စ ကြုံလာသော် (အရေးကိစ္စ ပေါ်လာသော်) အဖော်သဟဲဖြစ်၏။ ထိုသူသည် မိတ်ဆွေဖြစ်၏။

နေ့မြင့်အောင်အိပ်ခြင်းသည်၎င်း၊ သူတပါးမယားကို ပြစ်မှားကျူးလွန်ခြင်းသည်၎င်း၊ ရန်စပွားများခြင်းသည်၎င်း၊ အကျိုးမဲ့ပြုခြင်းသည်၎င်း၊ မကောင်းသောသူနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းသည်၎င်း၊ အလွန်တရာ ကပ်စေးနဲခြင်းသည်၎င်း၊ ယင်း ခြောက်ပါးသည် လူကို ပျက်စီးစေတတ်၏။

မကောင်းသော အဆွေခင်မွန်းရှိသူသည်၎င်း၊မကောင်းသော အပေါင်းအဖော် ရှိသူသည်၎င်း။ မကောင်းသော အကျင့်၌ မွေ့လျော်သောသူသည်၎င်း၊ ဤလောကမှ၎င်း၊ တမလွန်လောကမှ၎င်း၊ နှစ်ပါးသောလောကမှ ပျက်စီးလျှောကျတတ်ပေ၏။

လောင်းကစားခြင်းသည်၎င်း၊ မိန်းမလိုက်စားခြင်းသည်၎င်း၊ သေရည်သေရက်သောက်စားခြင်းသည်၎င်း၊ ကခြင်း သီဆိုခြင်းသည်၎င်း၊ နေ့အခါအိပ်ခြင်းသည်၎င်း၊ အခါမဲ့၌ ခရီးသွားလာခြင်းသည်၎င်း၊ မကောင်းသောသူတို့အား အဆွေခင်ပွန်းဖွဲ့ခြင်းသည်၎င်း၊ အလွန်တရာ ကပ်စေးနဲခြင်းသည်၎င်း၊ ယင်းခြောက်ပါးသည် လူကိုပျက်စီးစေတတ်သည်။

အကြင်သူတို့သည် ကြွေအံ လောင်းကစားခြင်းကို ပြုကြ၏။ သေရည် သေရက်ကို သောက်၏။ သူတပါး ချစ်မယားတို့အား ပြစ်မှားကျူးလွန်ကြ၏။ သူယုတ်မာတို့အား မှီဝဲဆည်းကပ်၏။ ပညာရှိတို့အား မမှီဝဲမဆည်းကပ်။ ထိုသူတို့သည် လဆုတ်ပက္ခ လမင်းထက် ဆုတ်ယုတ်ပေ၏။

အကြင်သူသည် သေသောက်ကြူး၏။ ပစ္စည်းမရှိ။ ဆင်းရဲ၏။ မေ့မေ့လျော့လျော့နေ၏။ ထိုသူသည် ရေဌ္ဌရှိသော လှေကဲ့သို့ ကြွေးထဲတွင် မြုပ်နစ်သွားရ၏။ သူသည် လျင်မြန်စွာ မိမိကိုယ်ကို ဆင်းရဲပင်ပန်းအောင် ပြုလုပ်နေ၏။

နေ့ဌ် အိပ်လေ့ရှိသော၊ညည်ဌ်ထလေ့မရှိသော၊ အခါခပ်သိမ်း မူးယစ်နေသော၊ ကာမဂုဏ်လိုက်စားသောသူသည် အိမ်ထောင်ကို ဦးစီးမပြုလုပ်နိုင်ပေ။

အေးလွန်းသည်ဟုဆိုခင်း၊ ပူးလွန်းသည်ဟုဆိုခင်း၊ မိုးချုပ်လွန်းသည်ဟုဆိုခင်း၊ အကြောင်းပြသူသည် ဥစ္စာပစ္စည်း လက်မဲ့ဖြစ်ရတတ်၏။ အကြင်သူသည် အလုပ်ကို လုပ်ရာ၌ အအေးအပူကို မြက်ထက်ပိုပြီး အမှုမထား။ ထိုသူသည် ချမ်းသာသုခလက်မလွှတ်ရပေ။

သူတပါးပစ္စည်းကို ယူတတ်သော မိတ်ဆွေသည်ဆိုခင်း၊ အပြောသာရှိပြီး လက်မပါသော မိတ်ဆွေသည်ဆိုခင်း၊ အကြိုက်လိုက်ပြီး ပြောသော မိတ်ဆွေသည်ဆိုခင်း၊ သေရည် သေရက်သောက်ဖော်သောက်ဖက် မိတ်ဆွေသည်ဆိုခင်း၊ ယင်းလေးဦးတို့သည် မိတ်ဆွေစစ်မဟုတ်ကုန်။ ယင်းအချက်ကို သိရှိပြီးလျှင် ပညာရှိသော ယောကျ်ားသည် အန္တရာယ်များသောလမ်းခရီးကဲ့သို့ ရှင်းတို့အား အဝေးက ရှောင်ကြဉ်သင့်လေသည်။

သိင်္ဂါလသည် ဖခင်ပြောကြား မှာထားချက်အရ အရပ်မျက်နှာခြောက်ပါးကို ရှိခိုးသည့် အကျင့်ကို ကျင့်ကြံ ပြုလုပ်နေသည်။ ဗုဒ္ဓသည် သိင်္ဂါလအား ရှိခိုးပူဇော်ရသည့် အရပ်မျက်နှာသစ်ခြောက်ပါးကို ဟောပြနေတော်မူသည်။ ၎င်းတို့အနက်(၁)အရှေ့အရပ်မျက်နှာသည် အမိအဖ ဖြစ်ကုန်၏။ (၂) တောင်အရပ်မျက်နှာသည် ဆရာသမားများ ဖြစ်ကုန်၏။(၃)အနောက်မျက်နှာအရပ်သည် သားနှင့်မယားများ ဖြစ်ကုန်၏။ (၄)မြောက်အရပ်မျက်နှာသည် အဆွေခင်ပွန်းတို့ ဖြစ်ကုန်၏။ (၅)အောက်အရပ်မျက်နှာသည် ကျေးကျွန်နှင့် အလုပ် သမားတို့ ဖြစ်ကုန်၏။ (၆)အထက်အရပ်မျက်နှာသည် သမဏ ပြာဟ္မဏတို့ ဖြစ်ကုန်၏။

ယင်းအရပ်မျက်နှာခြောက်ပါးကို ရှိခိုးဝတ်ပြုမှု တည်းဟူသော အသွင်ဖြင့် လူလူချင်း ဘယ်လိုဘာဝန် ဝတ္တရားများ ထားရှိအပ်သည် ဆိုသည်ကို ဗုဒ္ဓက ညွှန်ပြတော်မူသည်။ မိဖအား အဘယ့်ကြောင့် လုပ်ကျေး ပြုစုအပ်သနည်း ဆိုလျှင်-မိဖတို့သည် ငါ့အား မွေးမြူစောင့်ရှောက်ကြ၏။ ထိုကြောင့် ငါသည် သူတို့အား မွေးမြူစောင့်ရှောက်အပ်၏။ သူတို့သည် ငါ့အမှုကိစ္စကို ပြုလုပ်ပေး၏။ ထိုကြောင့် သူတို့၏ အမှုကိစ္စကို ငါပြုလုပ်ပေးအပ်၏။ သူတို့သည် အမျိုးအနွယ်ကို တည်တံ့အောင် ပြုလုပ်ကြကုန်၏။ ထိုကြောင့် ငါသည် အမျိုးအနွယ်ကို တည်တံ့အောင်ပြုလုပ်အပ်၏။ သူတို့သည် ငါ့အား အမွေပေး၏။ ထိုကြောင့် ငါသည် အမွေခံထိုက်အောင် ပြုလုပ်အပ်၏။....ဤကဲ့သို့ ငါးပါးသော နည်းလမ်းဖြင့် ပြုစုလုပ်ကျေးအပ်သည့် မိဖတို့သည် သားသမီးအပေါ်၌ ငါးပါးသော နည်းလမ်းဖြင့် စောင့်ရှောက်ကြကုန်၏။(၁)မကောင်းမှုမှ တားမြစ်ကုန်၏။ (၂) ကောင်းမှု၌ စိတ်ဝင်စား ကုန်၏။

(၃)အတတ်ပညာကို သင်ကြားပေးကုန်၏။(၄) သင့်လျော်သော မိန်းမနှင့် ထိမ်းမြားပေးကုန်၏။ (၅) သင့်လျော် လျောက်ပတ်သော အချိန်၌ အမွေဥစ္စာကို အပ်နှင်းကုန်၏၊ သူကြွယ်သား၊ ယင်းငါးမျိုးဖြင့် သားသမီးတို့က မိဖတည်းဟူသော အရှေ့မျက်နှာကို ဝတ်ပြုအပ်ပေ၏။ ယင်းကဲ့သို့ပြုလုပ်လျှင် ထိုအရှေ့အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏။ ဘေးကင်း၏။

၂။ နေရာမှုထပြီး ခရီးဦးကြိုပြုခြင်း၊ ဆည်းကပ်ခစားခြင်း၊ စကားကို နာယူခြင်း၊ အတတ်ပညာကို ရိုသေစွာ သင်ကြားလေ့ကျက်ခြင်းများဖြင့် ဆရာ သမားများအား လုပ်ကျွေးပြုစုအပ်ပေ၏။

၃။ မယားအား ပြုစုလုပ်ကျွေးနည်းများကား-မြတ်နိုးခြင်း၊ မထေမဲ့မြင်မပြုခြင်း၊ သူတပါးသားမယားကို မပြစ်မှားခြင်း၊ ဥစ္စာပစ္စည်းကိုလွှဲအပ်ခြင်း၊ အဝတ်တန်ဆာကို ပေးခြင်းတို့ ဖြစ်ကြ၏။ ယင်းသို့ပြုလုပ်လျှင် မယားသည် အိမ်မှုကိစ္စကို ကောင်းစွာ ကြည့်ရှု၏။ အစေခံများလည်း ပိပိရိရိနေကြကုန်၏။ မယားကိုယ်တိုင်ကလည်း လော်လည်ဖောက်ပြားခြင်း ရှိမည် မဟုတ်။ ခုဆောင်း သိုမှီးထားသော ပစ္စည်း ဥစ္စာကို စောင့်ရှောက်၏။ အားလုံးသော အလုပ်ကိစ္စတို့၌ ပျင်းရိငြီးငွေ့ခြင်း မရှိ။

၄။ မိတ်ဆွေများအား ပြုစုလုပ်ကျွေးနည်းကား-ပေးကမ်းစွန့်ကြဲခြင်း၊ ချစ်ဖွယ်သော စကားကိုဆိုခြင်း၊ အလုပ်ကိစ္စတွင် ကူညီဆောက်ရွက်ပေးခြင်း၊ မိမိနှင့် တန်းတူဆက်ဆံခြင်း၊ယုံကြည်စိတ်ချရသူဖြစ်အောင် ပြုလုပ်ခြင်းများ ဖြစ်ကြကုန်၏။ ယင်းသို့ပြုလုပ်လျှင် ထိုမိတ်ဆွေသည် ကြည့်ရှုစောင့်ရှောက်၏။ သတိမေ့လျော့နေသည့် အခါ၌ ဥစ္စာပစ္စည်းကို မဆုံးအောင်လုပ်ပေး၏။

ဘေးအန္တရာယ်ပေါ်လာသည့် အခါ၌ အကူအညီပေး၏။ ဒုက္ခရောက်သည့်အခါ၌ စွန့်ပစ်မသွားပေ။ ဤကဲ့သို့ မိတ်ဆွေမျိုးရှိသော ယောက်ျားများအား လူတို့သည် မြတ်နိုးပူဇော်ကြကုန်၏။

၅။ ထိုခေတ်အခါက ကျွန်ုပ်တို့ နိုင်ငံမှ လူထု၏ မျှားစွာသော အစိတ်အပိုင်းမှာ ကျေးကျွန်နှင့် အလုပ်သမားများ ဖြစ်ကြ၏။ မျှားစွာသော ယောက်ျား မိန်းမများမှာ ကျွန်-ကျွန်မများ၏ အဖြစ်ဖြင့် ပစ္စည်းတစုံတရာကဲ့သို့ အရောင်း အဝယ် ပြုလုပ်ခြင်း ခံကြရ၏။ယခုခေတ်တွင် ကျေးကျွန်စံနစ်ကို လူတို့သည် နှာခေါင်း ရှုံ့ကြသည်။ သို့ရာတွင် နှစ်ပေါင်း တရာကျော် မတိုင် မီကလေး ကပင် ကျွန်ုပ်တို့ဒေသ၌ ကျေးကျွန်စံနစ်သည် အထင်အရှားရှိခဲ့ပေသည်။ နှစ်ပေါင်းနှစ်ထောင်ကျော်ကမူ ကျေးကျွန်စံနစ်အသွင်သည် ထို့ထက်ပင် ဆိုးဝါးပေ လိမ့်မည် ဆိုသည်မှာ သံသယ ဖြစ်ဖွယ်မရှိပေ။ တူညီမျှတမှုကို ဖြန့်ဖြူး ဟောကြားတော်မူသော ဗုဒ္ဓနှင့်ဗုဒ္ဓ၏ တပည့်ရဟန်းတို့သည် ကျေးကျွန်များ ကျေးကျွန်ဘဝမှ လွတ်မြောက်မှုကို အမှန်ပင် အာရုံ စူးစိုက် ခဲ့လေသည်။ သို့ရာတွင် လူအပေါင်းတို့၏ ကုဋေကုဋာသော စည်းစိမ်ဥစ္စာများမှာ ကျေးကျွန်များ ထားခြင်းနှင့် ပတ်သက် ဆက်သွယ်၍ နေ၏။ ကျေးကျွန်စံနစ်ကို ကိုင်လှုပ်လိုက်လျှင် ကြောက်မက်ဖွယ် ဂယက် ထလာပေလိမ့်မည်။ဘုရင်ဗိမ္ဗိသာရသည် ကျွန်တယောက် ရဟန်း ပြုသွားသော အခါ ယင်းအန္တရာယ်ကို ဗုဒ္ဓအား လျှောက်ထား ပြောပြပေသည်။ ထိုအခါ ဗုဒ္ဓက ကျေးကျွန်အဖြစ်က မလွတ်သေးသူအား သံဃာဘောင်သို့ မသွတ်သွင်းရန် တားမြစ်ပိတ်ပင် တော်မူလိုက်၏။ ဗုဒ္ဓသည် ကျေးကျွန်စံနစ်ကို မဖယ်ရှားနိုင်ခဲ့ပေ

သိုရာတွင် ကျေးကျွန်တို့အား ကောင်းမွန်စွာ ဆက်ဆံသင့်ကြောင်း ကိုမူ ညွှန်ကြားတော်မူခဲ့လေသည်။

"သူကြွယ်သား။ငါးပါးသောနည်းလမ်းဖြင့် အရှင်သခင်သည် ကျေးကျွန် အလုပ်သမားတည်းဟူသော အောက်အရပ်မျက်နှာကို ပြုစုအပ်ပေသည်။ (၁) စွမ်းအားရှိသလောက်သာလျှင် အလုပ်ကို ခိုင်းစေခြင်းဖြင့်၎င်း၊ (၂) ထမင်းရိက္ခာကို ပေးခြင်းဖြင့်၎င်း၊ (၃) မကျန်းမာသူအား ပြုစုခြင်းဖြင့်၎င်း၊ (၄) ကောင်းသော အရသာရှိသည့် အရာများကို ပေးခြင်းဖြင့်၎င်း၊ (၅) အခါအား လျော်စွာ အားလပ်ခွင့် ပေးခြင်းဖြင့်၎င်း၊ ဤငါးမျိုးဖြင့်....ပြုစု အပ်သည်ရှိသော် ကျေးကျွန်အလုပ်သမားတို့သည် ငါးပါးသော နည်းလမ်းဖြင့် အရှင်သခင်အား စောင့်ရှောက်ကြ ကုန်သည်။ (၁) အရှင်သခင်ထက် အရင် အိပ်ရာမှ ထကြကုန်၏။ (၂)အရှင် သခင် အိပ်ပြီးမှ အိပ်ကြကုန်၏။ (၃) ပေးသည်ကိုသာ ယူကြ ကုန်၏။(၄) အလုပ်ကိစ္စများကို ကောင်းမွန်စွာ ပြုလုပ်ကြကုန်၏။ (၅) အရှင်သခင်၏ ဂုဏ်သတင်းကို ဖြန့်ဖြူးကြကုန်၏။

စွမ်းအား ရှိသလောက် အလုပ်ကို ခိုင်းစေခြင်း၊အစာရိက္ခာကို ပေးကမ်းခြင်း၊ မကျန်းမာသောအခါ၌ ပြုစုခြင်း၊ အခါအား လျော်စွာ အားလပ်ခွင့်ပေးခြင်း၊ အရသာရှိသော အစားအစာ များကို ပေးကမ်းခြင်း၊ ယင်း အပြုအမူ များသည် ကျေး ကျွန်များ အပေါ်၌ ကြီးစွာသော ထောက်ထား ငဲ့ညှာခြင်း၊ အကျိုးပြုခြင်း ပေတည်း။ ဗုဒ္ဓ၏ ဝါဒသည် ကျေးကျွန် ဘဝ၏ ရက်စက် ကြမ်းကြုတ်မှုကို အတော် ခပ်များများ ယုတ်လျော့ အားပြေ့စေသည်မှာကား ယုံမှားဖွယ်မရှိပေ။

၆။ သမဏ ဗြာဟ္မဏ(ရဟန်း-ပညာရှိ)တို့အား ပြုစုနည်းကို ဗုဒ္ဓက ဤသို့ ညွှန်ပြထားသည်- ကိုယ်နှုတ်နှလုံးဖြင့် မေတ္တာနှင့် ယှဉ်သော အပြုအမူကို ပြုလုပ်ခြင်း၊ အလှူခံများအတွက် တံခါးကို ဖွင့်သားခြင်း၊ စားဝတ်သောက်ဝတ်တို့ကို ပေးကမ်းလှူဒါန်းခြင်း များသည် သမဏ ဗြာဟ္မဏတို့အား ပြုစုနည်း ဖြစ်ပေသည်။

ဗုဒ္ဓသည် လူဝတ်ကြောင်များ အတွက် ယင်း တာဝန် ဝတ္တရားထူးများကို ဟောပြတော်မူလေသည်။

အဂိ္ဂသာ

ဗုဒ္ဓသည် ကရုဏာတရား၏ ကိုယ်ပွားရုပ်လုံးအဖြစ် ကမ္ဘာလောကဌ် ထင်ပေါ်ကျော်ကြားပေသည်။ မိမိတို့၏ ဘုရားသခင်၊ ဇာတ်ထုံးစံ စံနစ်၊ သျှတ္တရဝေဒ မျှားနှင့် ပတ်သက်ပြီး ဗုဒ္ဓက ဆန့်ကျင်ဘက် အယူအဆ ရှိသော်လည်း ဗြာဟ္မဏ တို့သည် ဗုဒ္ဓအား နဝမ အဝတာရ(ဘုရားသခင်ကိုယ်ပွား)ဟု ထင်မှတ်ယူဆကြပြီး ယခု ခေတ်ကို ဗုဒ္ဓဝဝတာရ ခေတ်ဟု ခေါ်ကြလေသည်။ ဇယဒေဝသည် သူ၏ ဂီတိကာဗျ ဖြစ်သော "ဂီတဂေါဝိန္ဒ"ဌ် အဝတာရ ဆယ်ဦးတို့အား ချီးမွမ်းသောပနာပြုရင်း အနက်အဓိပ္ပာယ် ပြည့်ဝသော စကားလုံး မျှားဖြင့် ဗုဒ္ဓအား ချီးကျူးထားလေသည်–

နိ ံဒသိ ယဇ္ဇဝိရမေဟ ရှရှတိဇာတံ၊
ဆဒယ ဟရိဒယ ဒရရှိတပရှုဃာတံ။

(အရှင်ဘုရားသည် ကရုဏာစိတ် ရှိတော်မူသည်။ တိရစ္ဆာန်ညှဉ်းပန်း သတ်ဖြတ်မှုကို ဖော်ပြသော ယဇ်ပူဇော်မှု စည်းမျဉ်းဥပဒေမျှား ရှိသောကြောင့် အရှင်ဘုရားသည် ဝေဒကျမ်းဂန်မျှားကို ရှုတ်ချတော်မူသည်။)

ကရုဏာစိတ် ရှိ၏ဟု ဇယဒေဝသည် ဗုဒ္ဓအား အကြောင်းမဲ့သက်သက် ချီးကျူးခြင်း မဟုတ်ပေ။ ဗုဒ္ဓသည် ငါးပါးသီလ၌ ပါဏာတိပါတာ ဝေရမဏိ ဟူ၍ အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ရန်အတွက် ဟောပြထားလေသည်။ အဟိ သာ (မညှဉ်းဆဲ မသတ်ဖြတ်ခြင်း)သည် ငါးပါးသီလ (ပဉ္စသီလ) ၌ သက်ရှိ သတ္တဝါ မျိုးအား ညှဉ်းဆဲခြင်း သတ်ဖြတ် ခြင်းမှ ရှောင်ကြဉ်ရန်အတွက် ဟောပြသော အရေးကြီးသည့် အစိတ်အပိုင်းတခု ဖြစ်လေသည်။ အကယ်၍ ဗုဒ္ဓသည် လူအား သတ်ဖြတ်ညှဉ်းဆဲခြင်းနှင့် ပတ်သက်ပြီး ဤသို့ ဟောပြသည် ဆိုလျှင် အံ့သြဖွယ် ရှိမည်မဟုတ်ပေ-

အကြင် ပုဂ္ဂိုလ်သည် သိလျက်နှင့် လူ၏ကိုယ်ကို အသက်အားဖြင့် သတ်ဖြားအုံ၊ သို့မဟုတ် လက်နက်ဖြင့် သတ်ဖြားအုံ၊ သတ်ခြင်းကို ချီးကျူးပြောဖြားအုံ၊ သတ်ရန်အတွက် လှုံ့ဆော်ဖြားအုံ-'အိုလူ-ဤမကောင်းမှုများ ရှိနေသည့် မကောင်းသော ဘဝဖြင့် အသက်ရှင်နေရခြင်းထက် သေလိုက်ခြင်းက မကောင်းပေဘူးလော' ဤကဲ့သို့သော စိတ်အကြံဖြင့်၊ ဤကဲ့သို့သော စိတ် ဆုံးဖြတ်ချက်ဖြင့်၊ အမျိုး မျိုးသော နည်းဖြင့် အကြင် ပုဂ္ဂိုလ်သည် သေခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆို၏။ သေခြင်းအတွက် လှုံ့ဆော်ပေး၏။ ထိုသူသည် ပါရာဇိကကျ၏။ ရဟန်းကောင်းတို့နှင့် မပေါင်းသင်းရ။ (ဝိနယပိဋကတ်၊ ပါရာဇိက ၃)

လူကို သတ်ဖြတ်မှု အတွက် ဗုဒ္ဓသည် ရဟန်းများ အတွက် နောက်ဆုံး အပြစ်ဒဏ်ကို သတ်မှတ်ထားလေယည်။ ယင်း အပြစ်ဒဏ်ကို ဗုဒ္ဓဘာသာ ဝေါဟာရ စကားလုံးဖြင့် ပါရာဇိက ဟူ၍

ခေါ်လေသည်။ ပါရာဇိက အပြစ်ရှိသူ (ပါရာဇိက ကျသူ)အား သံဃဘောင်မှ အစဉ်ထာဝရအတွက် ထုတ်ပယ်ပစ်ရလေသည်။

သက်ရှိ သတ္တဝါများအား အဘယ့်ကြောင့် မည်ဉ်းဆဲ မသတ်ဖြတ်သင့် ဟူသည့် အချက်ကို ယုတ္တိယုတ္တာ ရှိစွာဖြင့် ဗုဒ္ဓသည် ဓမ္မပဒ၌ ဟောပြတော်မူသည်။(ဒဏ္ဍဝဂ္ဂ။ ၁၊ ၂)-

သက်ရှိသတ္တဝါ အားလုံးသည် ဒဏ်ကို လန့်ကြကုန်သည်။ အားလုံးသည် သေခြင်းကိုကြောက်ကြသည်။သို့ဖြစ်၍ မိမိကိုယ်ကို ပုံပမာထားပြီးလျှင် လူသည် မည်ဉ်းဆဲ မသတ်ဖြတ်သင့်ပေ။

သက်ရှိသတ္တဝါ အားလုံးသည် ဒဏ်ကို လန့်ကြကုန်သည်။ သက်ရှိသတ္တဝါအားလုံးသည် အသက်ကို ချစ်ကြသည်။ သို့ဖြစ်၍ မိမိကိုယ်ကို ပုံပမာပြုပြီးလျှင် လူသည် မည်ဉ်းဆဲသင့်ပေ။ မည်ဉ်းဆဲ စေသင့်ပေ။ (၂)

သက်ရှိသတ္တဝါတို့သည် ချမ်းသာသုခကို အလိုရှိကြကုန်၏။ မိမိ၏ ချမ်းသာသုခကို အလိုရှိသည်ဖြစ်၍ သက်ရှိသတ္တဝါတို့ကို ဒဏ်ဖြင့် ညှဉ်းဆဲ သတ်ဖြတ်သော သူသည် သေလွန်ပြီးသည့် နောက်၌ ချမ်းသာသုခကို မရရှိနိုင်ပေ။ (၃)

တစုံ တယောက်သော သူအား ကြမ်းကြုတ်သော စကားကို မပြောဆိုလင့်။ ဆိုလျှင် ထိုသူကလည်း ထိုကဲ့သို့ပင် ပြန်လှန်ပြောဆိုပေလိမ့်မည်။ ဒေါသယှဉ်သော စကားသည် ဆင်းရဲဒုက္ခကို ဖြစ်စေတတ်၏။ သူတပါအား ဒဏ်ပြုလျှင် မိမိလည်း ဒဏ်ပြန်ခံရ၏။ (၅)

သတ်ဖြတ်ညှဉ်းဆဲခြင်းကို ပိတ်ပင်တားမြစ်သည့် အဖြစ်အပျက်များစွာကို ဗုဒ္ဓ၏ဘဝ၌ တွေ့မြင်ရလေသည်။ဗုဒ္ဓသည် အဟိံသာနှင့် ယှဉ်သော တရားဓမ္မကို ဖြန့်ဖြူးရာ၌ မိမိ၏ လက်ထက်တော်

ဌ်ဍင်း၊ နောင်သောအခါတွင်ဍင်း၊ ကြီးစွာသော အောင်မြင်မှုကို ရရှိခဲ့ပေ၏။ ထိုခေတ်က နတ်ရုပ်ထုများနှင့် နတ်ရုပ်ထုများအား ပူဇော်သည့်အလေ့အထမရှိသေးသလောက်ပင်ဖြစ်၍ ဥစ္စာပစ္စည်း ကြွယ်ဝမြိုင်းသာသော ပြာဟ္မဏနှင့် ခတ္တိယတို့သည် ကြီးစွာသော ယဇ်ပူဇော်ခြင်းများကို ပြုလုပ်ကြလေသည်။ တိရစ္ဆာန်များအား သတ်ဖြတ်သည့်ဦးဆဲမှုမပါဘဲ ယဇ်ပူဇော်၍ မဖြစ်ပေ။ သို့ဖြစ်၍ ယဇ်ပူဇော်မှုတခုတခုဌ်တိရစ္ဆာန်ရာပေါင်းများစွာအသတ်အဖြတ် ခံရလေ၏။ မဂဓတိုင်း ခါဏုမတ ရွာမှ ဥစ္စာရှိ ပညာရှိ ပြာဟ္မဏ ကူဋဒန္တနှင့် ဗုဒ္ဓ၏ စကားများမှာ ယင်းအချက်၏ သက်သေ သာဓကများဖြစ်ကြသည်။

ကူဋဒန္တသည် ဗိမ္ဗိသာရဘုရင်၏ သူကောင်းပြုခြင်းခံရပြီး ဘုရင်အပိုင်စားပေးသနားထားသော ပြာဟ္မဏ တို့၏ ရွာကိုရရှိ သည်ဖြင့်၍ ချမ်းသာစွာနေထိုင်လျက်ရှိလေ၏။ ထိုအချိန်ဌ်သူသည် ကြီးကျယ်သော ယဇ်ပူဇော်ပွဲကြီးတခုကို ကျင်းပပြုလုပ်ရန် စီစဉ် ထားလေသည်။ ထိုယဇ်ပူဇော်ပွဲအတွက် နွားလား ၇၀၀၊ နွားထီး ငယ် ၇၀၀၊ နွားမငယ် ၇၀၀၊ ဆိတ် ၇၀၀၊ သိုး ၇၀၀ တို့ကို ယဇ်ရှည်တိုင်သို့ ပို့ဆောင်ထားလေသည်။

ထိုအချိန်ဌ် ဗုဒ္ဓသည် ဝေသစာရီ လှည့်လည်ရင်း ခါဏုမတ ရွာသို့ရောက်လာလေ၏။ ကူဋဒန္တသည် ဗုဒ္ဓအား ဖူးတွေ့ရန်လာ ပြီးလျှင် ယဇ်ပူဇော်မှုနှင့် ပတ်သက်ပြီး မေးလျှောက်လေ၏။ ဗုဒ္ဓသည် ရှေးရှေးက မဟာဝိဇိတ ဘုရင်နှင့် ဘုရင့်ပုရောဟိတ် အကြောင်းကို ဤသို့ပြောပြတော်မူသည်။ "ထိုဘုရင်သည်လည်း ယဇ်ပူဇော်ခဲ့လေသည်။ အစ ပဌမတွင် ကျင့်ဝတ်ဆယ်မျိုးကို သူသည် စောင့်ထိန်းသည်။ ထိုနောက် တစုံတဦးကို အနည်း

ငယ်မျှ ဒုက္ခမပေးဘဲ ယဇ်ကိုပူဇော်လေသည်။ ထိုယဇ်ပွဲ၌ နွားမများကိုလည်း မသတ်ပေ။ ဆိတ်များကိုလည်း မသတ်ပေ။ ကြက်ဝက်များကိုလည်း မသတ်ပေ။ အမျိုးမျိုးသော သက်ရှိသတ္တဝါများကိုလည်း မသတ်ပေ။ ယဇ်ချည်တိုင်အတွက် သစ်ပင်များကိုလည်းမခုတ်ဖြတ်ပေ။ ယဇ်အခင်းအတွက် သမန်းမြက်တို့ကိုလည်း မခုတ်ရှုပေ။ မဟာဝိဇိတ မင်း၏ ရှိသမျှ ကျေးကျွန်အစေအပါးများ၊ အလုပ်သမားများသည်လည်း ဒဏ်ဖြင့် ခြိမ်းချောက်သည်ဖြစ်၍ ဘေးဖြင့် ခြိမ်းချောက်သည်ဖြစ်၍ မျက်ရည်စက်လက်နှင့် အလုပ်ကို မလုပ်ကြရကုန်။အလုပ် လုပ်လိုသူများက အလုပ်လုပ်ကြပြီး၊ အလုပ်မလုပ်လိုသူများက အလုပ်မလုပ်ကြပေ။ လုပ်လိုသည်ကိုသာ ပြုလုပ်ကြ၏။မလုပ်လိုသည်ကိုမူ မပြုလုပ်ကြပေ။ထောပတ်၊ ဆီ၊ ဆီဦး၊ နို့ဓမ်း၊ ပျား၊ တင်လဲဖြင့်သာလျှင် ထိုယဇ်ပွဲသည် ပြီးဆုံးသွားလေသည်။”

ကုဋ္ဌဒန္တ ဗြာဟ္မဏသည် အလွန် တရာ ကြေနပ်သွားပြီးပြောလေ၏-

“အရှင်ဂေါတမ၊ ယခုနေ့မှ အစပြုပြီး အကျွန်ုပ်အား အရှင်ဘုရားကို ကိုးကွယ်ဆည်းကပ်သူ ဥပါသကာဟူ၍ မှတ်ဧတဂ်မူပါလော့။ ရှင်ဂေါတမ၊ ထိုအကျွန်ုပ်သည် နွားလား ၇၀၀၊နွားထီးငယ် ၇၀၀၊ နွားမငယ် ၇၀၀၊ ဆိတ် ၇၀၀၊ သိုး ၇၀၀တို့ကို လွှတ်ပါ၏။ ဘေးမဲ့ပေးလိုက်ပါ၏။ သူတို့သည် စိမ်းစိုသော မြက်ပင်များကို စားကြပါစေ။ အေးမြသော ရေတို့ကိုသောက်ကြပါစေ။ သူတို့အတွက် အေးမြသော လေတိုက်ခတ်ပါစေ....”

(ဒီဃနိကာယ် ၁၊ ၅)

ဗုဒ္ဓနှင့် ခေတ်ပြိုင် ဂျိန်းဘာသာ တရားကို တည်ထောင်သူ သမဏမဟာဝီရသည်လည်းအဟိ သာ သဘောတရားကိုလွန်လွန်မင်းမင်းထောက်ခံအားပေးသူဖြစ်လေသည်။ အမှန်မှာ ထိုပုဂ္ဂိုလ်သည် ထိုအချက်နှင့် ပတ်သက်၍ ရှေ့သို့ပင် ပိုရောက်သွားသေးသည်။ မမြင်ရသည့် ပိုးမွှားများ၊ လမ်းဘေးသွားလာနေသည့် ပရက်ဆိတ်များနှင့် အခြားသော အသေးအမှား တိရစ္ဆာန်များကိုပင် မသတ်ဖြတ်မည့်ဉီးဆဲဘို့ရန် ဩဝါဒ ပေးလေသည်။ ဗုဒ္ဓသည် မိမိ၏ အခြားသော သဘော တရားများနှင့် လျော်ညီစွာ အဟိ သာ သဘောတရားဘွဲ့လည်း အစွန်းနှစ်ဘက်ကို စွန့်ပြီး အလယ် အလတ် လမ်းစဉ် ဖြစ်သည့် မဇ္ဈိမ ပဋိပဒါ လမ်းစဉ်ကို လက်ခံတော်မူလေသည်။ထိုအချိန်က အစဉ်အလာ ပြောစမှတ် တမှုရှိသည်။ဂင်းမှာ-ရှေးရှေးကာလက ဗြာဟ္မဏတို့သည် သတ်ဖြတ်ညှဉ်းဆဲမှုရှိသည့် ယဇ်ပူဇော်ခြင်းများကို မပြုလုပ်ကြပေ။ ဂင်းတို့တွင် လောဘတရားများ ပေါက်ပွားဖြစ်ပေါ်လာသည့် အခါတွင်မှ ဂင်းတို့သည် ရာပေါင်းများစွာသော သက်ရှိ သတ္တဝါများအား သတ်ဖြတ်ညှဉ်းဆဲမှုရှိသည့် အယောင်ဆောင် ယဇ်ပူဇော်ခြင်းများကို လုပ်စပြုလာကြလေ၏။ သုတ္တနိပါတ(၂၊ ၇) "ဗြာဟ္မဏ ဓမ္မိယ(ဓမ္မိက)သုတ်"အရ ယင်းအကြောင်းကို ဗုဒ္ဓသည် သာဝတ္ထိ၌ ကောသလတိုင်းသား သြဇာ တိက္ကမ ကြီးမားသည့် ပညာရှိ ဗြာဟ္မဏ အဖိုးကြီးများ၏ ရှေမှောက်၌ ဟောကြားလေသည်။

ရှေးရှေးရသေ့များသည် စောင့်စည်းကြသူများဖြစ်ကုန်၏။ အကျင့်တရားကိုကျင့်ကြံကြသူများဖြစ်ကုန်၏။ ကာမဂုဏ်ငါးပါးကို စွန့်ပယ်ပြီးလျှင် မိမိတို့၏ မြတ်သောတရားဘွဲ့သာလျှင် အာရုံစူးစိုက်ကြကုန်၏။ (၁)

ထိုဗြာဟ္မဏတို့၏ အထံ၌ ကျွန်းတိရစ္ဆာန်လည်း မရှိပေ။ ရွှေလည်းမရှိပေ။ ဆန်စပါးလည်းမရှိပေ။ သူတို့သည် ဝေဒကို သရဇ္ဈာယ်ခြင်းတည်းဟူသော ဥစ္စာ စပါးများသာရှိကြ၏။ သူတို့သည် မေတ္တာစသော မြတ်သောရှေအိုးကိုသာလျှင် စောင့်ရှောက်ကြကုန်၏။ (၂)

အရောင်အမျိုးမျိုးရှိသော အဝတ်ပုဆိုးများနှင့်ရင်း၊ အိပ်ရာနေရာ ညှော့ဂေဟာတို့နှင့်ရင်း ပြည့်စုံသော၊ စည်ပင်ဝပြောသည့် ဇနပုဒ်နှင့် တိုင်းနိုင်ငံတို့သည် ထိုဗြာဟ္မဏတို့အား ရှိခိုးဦးညွှတ်ကြကုန်၏။

ဗြာဟ္မဏတို့သည် မသတ်ထိုက် မသတ်အပ်သူများ ဖြစ်၏။ မနိုင်ထိုက် မနိုင်အပ်သူများဖြစ်၏။ တရားဓမ္မ စောင့်ရှောက်သူများ ဖြစ်ကြ၏။ အိမ်တံခါးများသို့ သွားလျှင် သူတို့ကို မည်သူကမျှ မတားမြစ် မပိတ်ပင်ပေ။ ထိုဗြာဟ္မဏတို့သည် လေးဆယ့်ရှစ်နှစ် ပတ်လုံး ကောမာရ ဗြဟ္မစရိယ အကျင့်ကို ကျင့်ကြကုန်၏။ ထိုဗြာဟ္မဏတို့သည် အတတ်ပညာနှင့် အကျင့်တရား၌ အာရုံစူးစိုက်နေကြ၏။ (၆)

ထိုဗြာဟ္မဏတို့သည် ဗြဟ္မစရိယကိုရင်း၊ ဖြောင့်မတ်ခြင်းကိုရင်း၊ နှုးညံ့သိမ်မွေ့ခြင်းကိုရင်း၊ ဇာနေ့စောင့်စည်းခြင်းကိုရင်း၊ ကောင်းသောအကျင့်၌ မွေ့လျော်ခြင်းကိုရင်း၊ မညှဉ်းဆဲ မသတ်ဖြတ်ခြင်းကိုရင်း၊ သည်းခံခြင်းကိုရင်း၊ ချီးမွမ်းကြကုန်၏။ (၉)

ဆန်ကိုရင်း၊ အိပ်ရာနေရာကိုရင်း၊ အဝတ်ကိုရင်း၊ ထောပတ်ကိုရင်း၊ ဆီကိုရင်း၊ တောင်းခံပြီးလျှင် တရားသဖြင့် ဖယ်ထုတ်ပြီး ထိုဗြာဟ္မဏတို့သည် ယဇ်ပူဇော်ကြကုန်၏။ (၁၁)

ယင်ပူဇော်ရန် အချိန်ကျရောက်လတ်သော် ထိုပြာဟွဏတို့သည် နွားမတို့ကို မသတ်ကြကုန်။ (၁၂)

အမိအဖ ညီအစ်ကိုနှင့် အခြားသော ဆွေမျိုးသားချင်းများ ကဲ့သို့ နွားများသည် ငါတို့၏မြတ်သော အဆွေခင်ပွန်းဖြစ်ကြကုန်၏။ ၎င်းတို့၌ ဆေးတည်းဟူသော နွားနို့များ ရှိကြကုန်၏။ (၁၃)

ထိုနွားတို့သည် ထမင်းကိုပေးကုန်၏။ ခွန်အားကိုပေးကုန်၏။ အဆင်းကို ပေးကုန်၏။ ချမ်းသာသုခကို ပေးကုန်၏။ ယင်းအချက်ကို သိကြပြီးလျှင် ထိုပြာဟွဏတို့သည် နွားများကို မသတ်ကြကုန်။ (၁၄)

နှုးညံ့သိမ်မွေ့သော၊ ကြီးသော ကိုယ်ကာယရှိသော၊ ရုပ်အဆင်းလှပသော၊ အခြံအရံ အကျော်အစောရှိသော ပြာဟွဏတို့သည် ထိုတရားဓမ္မနှင့်တကွ ပြုအပ်သောကိစ္စ၊ မပြုအပ်သောကိစ္စတို့၌ ကြောင့်ကြစိုက်ပြီးလျှင် လောက၌ ထင်ရှားရှိသမျှ ကာလပတ်လုံး ဤပြည်သူ အပေါင်းသည် ချမ်းသာစွာ နေရလေသည်။ (၁၅)

တဖြည်းဖြည်း တစတစနှင့် မင်းစည်းစိမ်ကိုရင်း၊ အဆင်းတန်ဆာများ ဆင်ယင်ထားသည့် မိန်းမများကိုရင်း၊ ကောင်းပွေ့ဆိုသည့် မြင်းများကသော တန်ဆာဆင်ထားသည့် ကောင်းစွာချုပ်လုပ်ထားသော ယာဉ်ရထားကိုရင်း၊ တသန့်စီ ပိုင်းခြားထားသည့် အိပ်ရာနေရာများနှင့် အိမ်ဂေဟာများကိုရင်း၊ တွေ့ရသည်ဖြစ်၍ ၎င်းတို့တွင် ဖောက်ပြန်မှု ဖြစ်ပေါ်လာလေသည်။ (၁၆, ၁၇)

ဗြာဟ္မဏတို့သည် နှားအပေါင်းတို့ဖြင့် စည်စည်ကားကား ရှိသော လှပသော မိန်းမများနှင့်တကွဖြစ်သော ကြီးကျယ်သည့် လူ့စည်းစိမ်တို့ကို တောင့်တလာကြလေကုန်၏။ (၁၈)

ထိုအခါ၌ သူတို့သည် မန္တာန်များကို စီရင်ပြီးလျှင် ဘုရင် ဣက္ခွာကု (ဥက္ကာက) ၏ အထံသို့သွားပြီး– "သင် မင်းကြီးသည် ဆန်ရေစပါး ပေါများ၏။ သင် မင်းကြီးမှာ စည်းစိမ်ဥစ္စာများစွာ ရှိ၏။ ယဇ်ပူဇော်ပါလော့"ဟု ပြောလေ၏။ (၁၉)

ဗြာဟ္မဏတို့ တိုက်တွန်းအပ်သည်ဖြစ်၍ ထိုဘုရင်မင်းကြီးသည် အသမေဓ၊ ပုရိသမေဓ၊ ဗာဇပေယျ၊ သဗ္ဗမေဓ ယဇ်ပူဇော်မှု များကို တခုပြီးတခု ပူဇော်ပြီးလျှင် ဗြာဟ္မဏတို့အား ဥစ္စာဓနကို ပေးကမ်းလေ၏။ (၂၀)

· လောဘ ရှိလာကြသော ထိုဗြာဟ္မဏတို့သည် အလိုဆန္ဒ တိုးတက်များပြားလာပြီးလျှင် မန္တာန်များကို ရေးသားစီရင်ပြီး ဣက္ခွာကု (ဥက္ကာက) ဘုရင်၏အထံသို့ တဖန် သွားကြပြန်လေ ကုန်၏။ (၂၁)

"ရေ၊ မြေ၊ ရွှေ၊ ဆန်စပါးတို့ကဲ့သို့ ဤနှားများသည်လည်း လူများအတွက်ဖြစ်ကုန်၏။ လူတို့၏ အသုံးအဆောင်ဖြစ်ကုန်၏။ သင် မင်းကြီး၏ အထံ၌ ဥစ္စာဓန များစွာရှိ၏။ ယဇ်ပူဇော်ပါလော့" (၂၃)

ထိုအခါ၌ ဗြာဟ္မဏတို့ တိုက်တွန်းအပ်သည် ဖြစ်၍ ဘုရင် မင်းကြီးသည် အရာအထောင်မက များပြားသော နှားများကို ယဇ်ပူဇော်ရာ၌ သတ်ဖြတ်လေ၏။ (၂၅)

ခြေဖြင့်လည်း မကန်ကျောက်တတ်။ ဦးချိုဖြင့်လည်း မဝှေ့ တတ်။ မည်သည့်အရာနှင့်မျှ ရန်မပြုတတ်သော သိုးများသဖွယ်

ချစ်ဇွယ်ကောင်းသည့် ဒိုးအပြည့်နှင့် ကိုပေးကြသည့် နွားမများကို ဘုရင်မင်းကြီးသည် ဦးချိုကိုကိုင်ပြီး သတ်ဖြတ်လေ၏။ (၂၆)

ထိုအခါ၌ နတ်တို့သည်ရင်း၊ ဗြဟ္မာတို့သည်ရင်း၊ သိကြားသည်ရင်း၊ အသုရာ ရက္ခိုက်တို့သည်ရင်း၊ "နွားတို့ကို လက်နက်ဖြင့် သတ်ခြင်းသည် မတရား"ဟု အော်ဟစ်ကြလေကုန်၏။(၂၇)

အစပဋ္ဌမ၌ ကမ္ဘာလောကတွင်- လိုချင်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ အိုမင်းခြင်းတည်းဟူသော အနာရောဂါ သုံးမျိုးသာလျှင် ရှိခဲ့ပေ၏။ ယခု တိရစ္ဆာန်များကို ညှဉ်းဆဲသတ်ဖြတ်သောကြောင့် အနာမျိုး ကိုးဆယ့်ရှစ်ပါး ဖြစ်ပေါ်လာကြလေကုန်၏။ (၂၈)

သမိုင်းကြောင်းအရကြည့်လျှင် ဗုဒ္ဓခေတ်မတိုင်မီ မည်သည့်ခေတ်ကာလကမျှ တိရစ္ဆာန်များအား သတ်ဖြတ်ညှဉ်းဆဲမှုမပါဘဲ ယဇ်ပူဇော်မှု မဖြစ်ခဲ့သည်ရှာ အမှန်ပင်ဖြစ်သည်။ ဗုဒ္ဓအရင်နှစ်ပေါင်း ခြောက်ရာမျှလောက်က ရိုဂ်ဝေဒ၏ ရှေးအကျဆုံးရသေ့ ဘရဒ္ဒါဇ၊ ဝသိဋ္ဌ၊ ဝိသွာမိတ္တာနှင့် ၎င်းတို့၏ တကာများ ဖြစ်ကြသော ဒီဝေါဒါသနှင့် သုဒါသတို့သည် ဆပ္ပတဆိန္ဓု (ပန်ဂျပ်) ၌ ရှိခဲ့ကြလေသည်။ ယဇ်ပူဇော်မှုများနှင့် နတ်တို့အားပသခြင်း အကြောင်းများ ရေးသားထားသည်ကို ရိုဂ်ဝေဒ၌ တွေ့ရပေသည်။ ဝမ်းဖြိုးသော သိုးများနှင့် နွားလားများကို ယဇ်ပူဇော်ရာ၌ သတ်ဖြတ်ကြလေသည်။ သို့ရာတွင် အထက်ပါ အစဉ်အလာ ပြောစကားများသည် အမှန်ပင်ရှိခဲ့လေသည်။ တိရစ္ဆာန်များအား ညှဉ်းပန်း သတ်ဖြတ်ခြင်း ဟိ သာ သဘောတရားကို ဆန့်ကျင်ပြီး ယင်း အစဉ်အဆက် ပြောကြသည့် အကြောင်း

အတ္ထုပ္ပတ္တိကို တဖန်ပြန်ပြောကြသည့် သူတော်စင် ပုဂ္ဂိုလ်မြတ်များလည်း ရှိခဲ့ပေသည်။

ဇာတ်နိပါတ်ပါ အကြောင်းအရာများ၌ အဟိံသာ သဒ္ဓောတရားကို ပိုပြီး တင်းတင်းကြပ်ကြပ် လိုက်နာထားသည်ကို တွေ့ရလေသည်။ မိမိအတွက် သက်ရှိ သတ္တဝါတို့ကို သတ်ဖြတ်ခြင်းစု၊ ဆာလောင် မွတ်သိပ်နေသည့် ကျားသစ်မနှင့် ကျားပေါက် ကလေးများ အတွက် မိမိ၏ ကိုယ်ကာယကို ပေးလှူသည့် အကြောင်းပင်လျှင် ဇာတ်နိပါတ်များ၌ ပါရှိလေသည်။ ၎င်းကို ထောက်ရှုခြင်း အားဖြင့် ဗုဒ္ဓနှင့် ဗုဒ္ဓ ဘာသာဝင် တို့သည် အဟိံသာ တရားကို မည်မျှလောက် ဂရုထားသည် ဆိုသည်ကို သိရှိရပေသည်။ ဗုဒ္ဓနောက် နှစ်ပေါင်း နှစ်ရာ့အစိတ်အကြာတွင် အသောက ဘုရင် ပေါ်လာ ခဲ့သည်။ အသောက ဘုရင်သည် စဖိုဆောင်အတွက် တိရစ္ဆာန်များကို လျှော့ပြီး သတ်ဖြတ်စေခဲ့လေသည်။ ထိုခေတ်က ကျွန်ုပ်တို့ တိုင်းပြည်၌ ယခုခေတ်လို မဟုတ်ဘဲ အသားသည် လူတို့၏ ရိုးရိုး အစာအာဟာရသာလျှင် ဖြစ်ခဲ့လေသည်။ ယနေ့ လူပေါင်း ခြောက်ကုဋေလောက် ရှိသည့် ဥတ္တရာပရဒေရှ် နယ်မြေ၌ ထိုခေတ်က လူပေါင်း ငါးသန်းမျှပင် ရှိလိမ့်မည်မဟုတ်ပေ။ နေရာအနှံ့အပြား၌ တောနက်ကြီးများ ရှိလေသည်။ ထိုတောနက်ကြီးများထဲ၌ သားကောင် တိရစ္ဆာန်များ အပြည့်ရှိနေပေ၏။ သဘာဝ ရေကန် ရေအိုင်များနှင့် မြစ်များ ချောင်းများ ထဲ၌ ငါးများ အပြည့် ရှိလေသည်။ ယင်းကဲ့သို့သော နယ်မြေဒေသ၌ သားငါးသည် လူတို့၏ အဓိက အစာအာဟာရ ဖြစ်နေသည်ဆိုလျှင် အံ့သြစရာမဟုတ်ပေ။

ဗဂေါ်နယ် ပုံစံဥပမာသည် ကျွန်ုပ်တို့ ရှေ့မှောက်တွင် ရှိနေပေသည်။ ဗဂေါ်နယ်၌ တော မမျှားသော်လည်း အင်း၊အိုင်၊ချောင်း၊မြောင်းများ အမျှားအပြား ရှိလေသည်။ ထို အင်း၊အိုင်၊ချောင်း၊မြောင်း များသည် ကျွန်ုပ်တို့ထံမှာကဲ့သို့ မိုးလေ နှစ်လနောက်တွင် လုံးဝ ခန်းခြောက် မသွားကြပေ။ ထိုအင်း၊အိုင်၊ချောင်း၊မြောင်းများ၌ တနှစ်လုံး ရေရှိနေ၏။ ငါးများ အလွယ်တကူ ဖမ်း၍ ရရှိပေ၏။ သို့ဖြစ်၍ အဟိ သ၁ တရားကို တွင်တွင် ဖြန့်ကြသည့် ပီရှနု ကုံးကွယ်ကြသူ များသည်ပင်လျှင် ငါးကို သက်သတ် အစာတွင် မထည့်ဘဲ သက်သတ်လွတ် အစာတွင် ထည့်သွင်း ရေတွက်ကြလေသည်။ သားငါးများ ထိုမျှလောက် အရလွယ်ပြီး နန်းတော်မှ တဲကုတ်အထိ နေရာဌာန ဟူသမျှ၌ နေ့စဉ် အစာအာဟာရအတွက် အသုံးပြုနေကြသည်ဖြစ်ရာ အိမ်တကာ လည်ပြီး ဆွမ်းခံသည့် ရဟန်းများအနေဖြင့် သားငါးကို ရှောင်ကြဉ်ဘိုရန်မှာ မလွယ်ကူပေ။ ထိုကြောင့် ဗုဒ္ဓသည် တိရစ္ဆာန်တို့အား ညှဉ်းဆဲသတ်ဖြတ်ခြင်း တည်းဟူသော ဟိ သ၁ တရားကို ဆန့်ကျင်ခဲသော်လည်း သား ငါးကို မစားအပ်သည့် အစာအာဟာရဟု မိန့်တော်မမူပေ။ သူ ကိုယ်တိုင်လည်း အသားဘောဇဉ်ကို ငြင်းပယ်တော် မမူပေ။ ထို အကြောင်းနှင့် ပတ်သက်သည့် အဖြစ်အပျက် များစွာကို သူ၏ ဘဝတွင် တွေ့ရှိရပေသည်။

ဗုဒ္ဓ သက်တော် ထင်ရှားရှိစဉ်က ဝေသာလီသည် အင်အားတောင့်တင်းပြီး စည်ပင်ဝပြောသော စံပြ ဂဏနိုင်ငံ တခုဖြစ်လေသည်။ ထိုနိုင်ငံမှ သေနာပတိ သီဟသည် သူ၏ ရဲဝံ့စွန့်စားမှုတို့ကြောင့် အလွန် ထင်ပေါ် ကျော်ကြားသူ ဖြစ်လေ

သည်။ တကယ်ပင် ထင်ပေါ် ကျော်ကြားထိုက်သည် ဖြစ်သော ကြောင့် ထင်ပေါ် ကျော်ကြားခြင်း ဖြစ်လေသည်။ အကြောင်း မူကား သီဟ ဦးစီးသည့် ဝေသာလီမှ လိစ္ဆဝီတို့၏ စစ်တပ်သည် ထိုခေတ်က အင်အားအရှိဆုံး ဖြစ်သည့် ဘုရင် အဇာတသတ်ကို နှိမ်နင်း အောင်မြင် ခဲ့သောကြောင့်တည်း။ အဇာတသတ်သည် သူ့ဝိုင်းနိုင်ငံ နယ်နိမိတ်ကို အင်္ဂန့် မဂဓ အထိ သာလျှင် သတ်ခုတ်မထားလိုဘဲ ဂင်္ဂါ မြစ်ကမ်းပါးရှိ လိစ္ဆဝီတို့၏ စည်ပင် ဝပြောသော နယ်မြေကိုလည်း မျက်စောင်းထိုး နေလေ၏။ ထိုနောက် သူသည် လိစ္ဆဝီတို့အား ကျူးကျော် ဝင်ရောက် တိုက်ခိုက်လေ၏။ လိစ္ဆဝီတို့သည် အဇာတသတ်အား ခပ်လွယ် လွယ်ဖြင့် ချမ်းသာမပေးဘဲ ဂင်္ဂါကိုဖြတ်ပြီး မဂဓ၌ နောင်သော အခါတွင် ပါဋ္ဌလိပုတ်မြို့ တည်ထောင်သည့် နေရာ၌ လပေါင်း မျှားစွာ တပ်စွဲထားကြလေ၏။ အမှန်စင်စစ်အားဖြင့် လိစ္ဆဝီတို့၏ ရန်ကို ကာကွယ်ရန် အတွက် အဇာတသတ်သည် ဤမြို့ကို တည်ဆောက်ခြင်း ဖြစ်လေသည်။

သီဟ သေနာပတိသည် အစပဋ္ဌမက ဂျိန်းဘာသာဝင် ဖြစ်လေသည်။ နောက်မှ ဗုဒ္ဓ၏ တရားဒေသနာကို နာကြားရပြီး ဗုဒ္ဓဘာသာဝင် ဖြစ်သွားခြင်း ဖြစ်လေ၏။ သူသည် ဗုဒ္ဓနှင့် တပည့်သံဃာအား ဆွမ်းကျွေးရန်အလို့ငှာ ပင့်ဖိတ် လေသည်။ သဘော တူညီချက် ရရှိသော အခါ သီဟသေနာပတိသည် လူတယောက်အား "အို အချင်း၊ သွားပြီး အဆင်သင့် ရှိပြီးသား အသား (ပုံသူကူ)အသားကို ရှာခဲ့"ဟု ပြောလေ၏။

ထိုနောက် သီဟသေနာပတိသည် အိမ်၌ ကောင်းမြတ်သော ခဲဖွယ် ဘောဇဉ်တို့ကို စီမံထားသည်။ ဘုရားရှင်သည် ရဟန်း

သံဃာနှင့် အတူတကွ နံနက်ခင်းအချိန်တွင် သီဟသေနာပတိ၏ အိမ်သို့ ကြွပြီးလျှင် ခင်းထားအပ်သည့်နေရာ၌ ဆွမ်းဘုဉ်းပေးရန် ထိုင်လေသည်။ ဆွမ်းဘောဇဉ်၌ အသားလည်းပါရှိသည်။ ကျွန်း ဘုန်းကြီးများသည် မိမိတို့၏ ဘာသာအယူဝါဒကို သီဟသေနာ ပတိက ဇွန်ပစ်လိုက်ခြင်းကြောင့် အလွန်စိတ်ဆိုးနေကြသည်။ ထိုကိစ္စအတွက် ဂလဲစား ပြန်ချေရန် ပြင်ဆင်နေကြလေသည်။ သူတို့သည် ဝေသာလီ၌ လမ်းတခုမှ လမ်းတခုသို့ရောင်း၊ လမ်း လေးခွတခုမှ လမ်းလေးခွတခုသို့ရောင်း၊လှည့်လည်ပြီး လက်မောင်း များကို ခြောက်ကာခြောက်ကာနှင့် ကြွေးကြော်အော်ဟစ်နေကြ လေသည်- ''ယနေ့ သီဟသေနာပတိသည် သားကြီး ငါးကြီး များကို သတ်ပြီး သမဏ ဂေါတမအတွက် ဆွမ်းဘောဇဉ်ကို ချက်သည်။ သမဏ ဂေါတမသည် မိမိအတွက် သက်သက် သတ်သော အသားကို စားသည်''(သီဟသုတ္တ၊ အင်္ဂုတ္တရ ဂ၊ ၁၊ ၂၊ ၂) ဗုဒ္ဓသည် သီဟ ကျေးသော ဆွမ်းဘောဇဉ်၌ အသားကို ဘုဉ်းပေးသည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် ထိုအသားမှာ သူ့အတွက် ရည်မှန်းပြီး သတ်သည့် အသားမဟုတ်ပေ။ ဈေးတွင် ရောင်းချသော သားသတ်သမား၏ အသား ဖြစ်လေသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန်မပြုမီ တရက်က ဘုဉ်းပေးသော ဗုဒ္ဓ၏ ဘဝ၌ နောက်ဆုံးဖြစ်သည့် ဆွမ်းဘောဇဉ်သည်လည်း သက်သတ်လွတ် ဘောဇဉ်မဟုတ်ပေ။ ကဆုန်လပြည့်နေ့ ၂၅ ရာပြည့်နှစ် အထိမ်း အမှတ်ကို ကျင်းပပြုလုပ်သည့်နေ့က အဖြစ်အပျက် ဖြစ်လေသည်။ ဗုဒ္ဓသည် ကုသိနာရုံ (ယခုခေတ် ကဆယာ၊ ဒေဝရိယာခရိုင်) အနီးရှိ ပါဝါ ဇနပုဒ်၌ ရှေပန်းတိမ်သည် စုန္ဒ၏ ခြံဥယျာဉ်ထဲ၌ နားနေခိုက် ဖြစ်လေသည်။ ပါဝါသည် ပဒရောက်နာ အနီးရှိ

ပပဉ္စရ်ရှာပင် ဖြစ်ဘို့ရှိသည်။ ထို့ရှာသည် ပါဝါပုရ၏ ပျက်စီး ယိုယွင်းသွားသော ပုံသဏ္ဌာန်ဖြစ်လေသည်။ စုန္ဒသည် ထိုနေ့တွင် ဆွမ်းဘောဇဉ်အတွက် အကြီးအကျယ်စီမံလေသည်။ "မင်ယ်လွန်း မရင့်လွန်းသော တနှစ်သားအရွယ် ဝက်၏ အသား-သုကရ မဒ္ဒဝ-ကို စီမံထားလေသည်။" ဗုဒ္ဓသည် ရဟန်းသံဃာနှင့် အတူ တက္ခ စုန္ဒ ကပ်လှူသော ဆွမ်းဘောဇဉ်ကို ဘုဉ်းပေးတော်မူသည်။ ကိုယ်ကာယမှာ အိုမင်းရင့်ရော်နေပြီ ဖြစ်သည့်အပြင် အကြီးအကျယ် မကျန်းမမာ ဖြစ်ပြီး နလံ ပြန်ထသည်မှာလည်း လ အနည်းငယ်ခန့်ပင် ရှိသေး၏။ သို့ဖြစ်၍ ဝမ်းသွေး သွန်သည့် ဝေဒနာ ဖြစ်ပေါ်လာလေ၏။ သို့ရာတွင် ဗုဒ္ဓသည် ကုသိနာရုံ၌ ပရိနိဗ္ဗာန် ပြုမည်ဟု ဆုံးဖြတ်ထားသည်ဖြစ်၍ တယူဇနာနီးပါးမျှ ခရီးကို နှစ်ဆယ်၊ နှစ်ဆယ့် ငါးနေရာတို့၌ နားရင်းနားရင်းနှင့် မွန်းတည့်ချိန်က စပြီး ကြွတော်မူသည်မှာ နေဝင်ချိန်၌ ကုသိနာရုံသို့ ရောက်တော်မူ လေ၏။ အဆုံး၌ ဘုရားရှင်အား နောက်ဆုံး ခရီးဦး ကြိုဆိုရန် အတွက် ရန့် ထုံသင်းသော အမြှုရောင် ပန်းပွင့် မျှားဖြင့် ဝေဆာ ပွင့်လန်း နေသည်ဟု ထင်ရသော ထို အမှာညီနောင် အင်ကြင်းပင်တို့၏ အောက်သို့ ရောက် လာတော် မူလေ၏။ နောက်ဆုံး အိပ်ရာ ပေါ်၌ လည်'လျောင်း နေသော ဗုဒ္ဓသည် စုန္ဒ၏ ဆွမ်းဘောဇဉ် အကြောင်းကို သတိရလာလေသည်။ သို့ဖြစ်၍ အာနန္ဒာအား မိန့်တော်မူလိုက် လေ၏။

"အာနန္ဒာ၊ တစုံတယောက်က စုန္ဒအား စိတ်မချမ်းမသာ အောင် လုပ်ပြီး 'စုန္ဒ၊ သင်သည် အကျိုးမရှိဖြစ်ရပြီ။ သင်သည် မကောင်းကျိုးကို ဆည်းပူးခဲ့လေပြီ။ ဘုရားရှင်သည် သင်၏

ဆွမ်းကိုစားပြီ ပရိနိဗ္ဗာန်စံတော်မူရသည်'ဟု ပြောချင်ပြောပေ လိမ့်မည်။ အာနန္ဒာ၊သင်သည် စုန္ဒအား ထိုကဲ့သို့သော စိတ်မချမ်း မသာဖြစ်မှုကို ဖယ်ရှားပြီး ပြောပြပါ 'စုန္ဒ၊ သင်သည် အကျိုး ကြီးမားပေ၏။ သင်၏ ဆွမ်းကိုဘုန်းပေးပြီး ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူခြင်းမှာ သင့်အနေဖြင့် ကောင်းကျိုး ဆည်းပူးပွားစည်း ခြင်းသာ လျှင်ဖြစ်၏။ ဘုရားရှင်ကိုယ်တိုင် မိန့်တော်မူသည်ကို ငါကြားပေ၏။ ဤဆွမ်းနှစ်မျိုးတို့သည် တူညီသော အကျိုးကိုပေး ကြ၏။ ဤဆွမ်းနှစ်မျိုးတို့သည် အခြားသော ဘောဇဉ်တို့ထက် အကျိုးကြီးမားပေ၏။ မြင့်မြတ်၏။ ထိုဆွမ်းနှစ်မျိုးကား အဘယ် နည်းဟူမူ-(၁)အကြင်ဆွမ်းကို စားပြီး ဘုရားရှင်သည် ဗုဒ္ဓအဖြစ် သို့ရောက်တော်မူ၏။ ထိုဆွမ်းနှင့် (၂) အကြင်ဆွမ်းကိုစားပြီ ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ထိုဆွမ်းတို့ဖြစ်ကြလေ၏"

သီဟသေနာပတိနှင့် စုန္ဒ ကျေးမွေးလှူဒါန်းသော ဆွမ်းဘော ဇဉ်တို့ကိုသောက်ပြီး ဗုဒ္ဓသည် သက်သတ်လွတ်သာ စားသူ မဟုတ်ကြောင်း ပြတ်ပြတ်သားသားသိရှိရပေ၏။

ဗုဒ္ဓ၏ ယောက်ဖတော် ဒေဝဒတ္တသည် ဗုဒ္ဓ၏ တပည့်ဖြစ် လာခဲ့သည်။ နောက်ပိုင်းကျသောအခါ ဒေဝဒတ္တသည် ဗုဒ္ဓ၏ နေရာကို ဆက်ခံရန် အကြံဖြစ်ပေါ်လာလေသည်။ သို့ရာတွင် ဗုဒ္ဓသည် မည်သည့် ပုဂ္ဂိုလ်တဦးတယောက်ကိုမျှ မိမိ၏ နေရာကို ပေးလိုစိတ်မရှိပေ။ရုဟန်းရုဟန်းမမျှား၊ ဥပသကာ ဥပသိကာမ များ၊အပေါင်းအစုအဖွဲ့အစည်းကြီးအား သာလျှင် မိမိ၏ အရိုက် အရာ ဆက်ခံထိုက်သူအဖြစ် ဗုဒ္ဓက ယူဆတော်မူသည်။ ဒေဝဒတ္တ သည် သူ၏ အကြံအောင်မြင်ထရမြောက်ခြင်း မရှိသောအခါ ဗုဒ္ဓ အား ရန်ပြိုးထားလေ၏။ ဗုဒ္ဓအား ကျောက်တုံးဖြင့် လှိမ့်ချပြီး

သတ်သည့် အထိပင်ဖြစ်လာလေ၏။ ရဟန်းသံဃာများ တဦးနှင့် တဦး မညီမညွတ်ဖြစ်ပြီး စိတ်ဝမ်းကွဲပြား သွားစေရန်အတွက် ဒေဝဒတ်သည် အမျိုးမျိုးကြိုးစားအားထုတ်လေသည်။ထိုကြိုးပမ်း မှုများအနက် တခုမှာ-ဒေဝဒတ်သည် ဗုဒ္ဓအား လက်တွေ့လိုက် နာပြုလုပ်ရန်မရသည့် ဝိနည်းစည်းကမ်းများကို အတင်း အကြပ် ပညတ်ခိုင်းလေသည်။ အကယ်၍ သူ့အကြံပေးချက်ကို ဗုဒ္ဓက မလိုက်နာ လျှင် ဗုဒ္ဓအား အသရေဖျက်မည်ဟူသော ရည်ရွယ်ချက် နှင့် ဖြစ်လေသည်။

ဝိနည်းပိဋကတ်(သံဃဘေဒကခန္ဓ)၌ ယင်းအကြောင်း ရေး သားပါရှိလေသည်။ ဒေဝဒတ္တာသည် ဗုဒ္ဓ အထံသို့သွားပြီး ဝိနည်း စည်းမျဉ်း ငါးမျိုးကို ပညတ်ရန် တိုက်တွန်းသည်-(၁)ရဟန်းသည် တသက်ပတ်လုံး တောအတွင်း၌ နေရမည်။ ကျေးရွာဇနပုဒ်တို့၌ နေသော ရဟန်းသည် အာပတ်သင့်စေရမည်။(၂)ရဟန်းသည် တသက်ပတ်လုံး ဆွမ်းခံစားရမည်။ ပင့်ဖိတ်သော ဆွမ်းကိုစား သော ရဟန်းသည် အာပတ်သင့်စေရမည်။ (၃)ရဟန်းသည် တသက်ပတ်လုံး လှဉ့်ပစ်ထားသည့် အဝတ်စုတ်အဝတ်ဟောင်းကို သာလျှင် ချုပ်ဝတ်ရမည်။ ဒါယကာများ ပေးလှူသည့် အဝတ် သစ်ကို ဝတ်သောရဟန်းသည် အာပတ်သင့်စေရမည်။(၄)ရဟန်း သည် တသက်ပတ်လုံး သစ်ပင်အောက်၌နေရမည်။ အမိုးအောက် ၌ နေသောရဟန်းသည် အာပတ်သင့်စေရမည်။(၅)ရဟန်းသည် တသက်ပတ်လုံး သားငါးများကိုမစားရ။ သားငါးများစားသော ရဟန်းသည် အာပတ်သင့်စေရမည်။

ဗုဒ္ဓက ပြန်လည်အမိန့်ရှိတော်မူ၏-"အဝတ်ဟောင်း အဝတ် စုတ်ကို ချုပ်ပြီးဝတ်သော ရဟန်းဖြစ်ဖြစ်၊ ရွာ၌နေသော ရဟန်း

ဖြစ်ဖြစ်၊ ဆွမ်းခံစားသော ရဟန်းဖြစ်ဖြစ်၊....ငါသည် ရှစ်လ သစ်ပင်အောက်၌နေခြင်းကို ခွင့်ပြုသည်။ မမြင်ရသော၊ မကြား ရသော၊ ယုံမှားသက်သာ မဖြစ်ရသော၊ သုံးမျိုး သုံးနည်းအားဖြင့် စင်ကြယ်သန့်ရှင်းသော အသားအား စားခြင်းကိုလည်း ငါခွင့် ပြုသည်''၊ မမြင်ရသော၏ အဓိပ္ပာယ်မှာ 'ငါ့အတွက် သတ်ခြင်း ဖြစ်သည်' ဟု မမြင်ရခြင်းကို ဆိုလိုသည်။ မကြားရသော၏ အဓိပ္ပာယ်မှာ 'ငါ့အတွက်သတ်ခြင်းဖြစ်သည်'ဟု မကြားရခြင်းကို ဆိုလိုသည်။ ယုံမှားသက်သာ မဖြစ်ရသော၏ အဓိပ္ပာယ်မှာ 'ငါ့ အတွက် သတ်ဖြတ်ခြင်းဖြစ်သည်' ဟု ယုံမှားသက်သာ မဖြစ်ခြင်းကို ဆိုလိုသည်။ ယင်းကဲ့သို့သော အသားမျိုးမှာ ထိုခေတ်ကလည်း အလွယ်တကူ ရနိုင်သည်။ ယခုခေတ်လည်း အလွယ်တကူ ရရှိနိုင် သည်။ ဆွမ်းခံသွားသောရဟန်းသည် ဘယ်အိမ်မှာ ဘာချက် သည်ဟု အဘယ်မှာ သိရှိမည်နည်း။ အသားကိုချက်သည်ဖြစ်လျှင် ထိုအသားမှာ သူ့အတွက်သတ်ပြီး ချက်သည့်အသား ဘယ်နည်း နှင့်မျှ မဟုတ်နိုင်ပေ။ သို့ဖြစ်၍ သုံးမျိုးသုံးနည်းအားဖြင့် သန့်ရှင်း စင်ကြယ်သော (တိုဗကာဌ ပရိသုဒ္ဓဖြစ်သော) အသားကို ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်များက မစားအပ်ဟု မယူဆကြပေ။

ယခုခေတ် သက်သတ်လွတ် ဝါဒသမားများနှင့် တဖက်စွန်း အဟိ သာဝါဒသမားများကမူ– ယင်းအချက်ကို အကြောင်းရှာ ခြင်း၊ ရိုးမယ်ဖွဲ့ခြင်း သက်သက်မျှသာဖြစ်၏။ အကယ်၍ လူတို့က သားငါးများကိုမစားလျှင် သက်ရှိသတ္တဝါများကို အဘယ်မှာ သတ်မည်နည်း–ဟု ပြောနိုင်ပေသည်။ ထိုခေတ်ကလည်း ယင်း ကဲ့သို့ပင် ကန့်ကွက်ကြလေသည်။ သို့ဖြစ်၍ မဟာယာနဂိုဏ်းက သားငါးများကို မစားအပ်ဟု ယူဆထားကြ လေ၏။ ဂျပန်၊

ကိုရိယား၊ တိဗက်ကဲ့သို့သော မဟာယာန ပြဋ္ဌာန်းသည့် ဗုဒ္ဓဘာသာနိုင်ငံ အားလုံးဌာပင် မဟာယာနတို့၏ ယင်း ဥပဒေစည်းကမ်းကို မလိုက်နာကြပေ။ ထိုတိုင်းပြည် နိုင်ငံများ၌ သက်သတ်လွတ်ပုဂ္ဂိုလ်များ၏ ဦးရေမှာ အလွန်တရာ နည်းပါးလေ၏။ တရုပ်ဘုန်းကြီးများသည် ထိုစည်းကမ်းကို တင်းကြပ်စွာ လိုက်နာကြလေကုန်၏။ တရုပ် လူဝတ်ကြောင်များ အသားဟူသမျှကို တွေ့မရှောင် အကုန်စားကြသလောက် တရုပ်ဘုန်းကြီးများကမူ သားငါးများကို အထူးတင်းကြပ်စွာ ရှောင်ကြဉ်ကြလေသည်။ ယင်း အချက်၏ အကျိုးကျေးဇူးတခုမှာမူ တရုပ်ဘုန်းကြီးများသည် သက်သတ်လွတ် အစာအာဟာရကို အရသာရှိသော အမျိုးအစားပေါင်း ရာထောင်မက ပြုလုပ်ကြလေသည်။

သေခြာစွာ ဆင်ခြင်စဉ်းစားလျှင် သားငါးစားခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓ၏အမြင်မှာ အသိဉာဏ်နှင့် မျှားစွာယှဉ်နေကြောင်း သိရှိရပေ၏။ အကယ်၍ အစာအာဟာရ ဟူသမျှကို ရရှိခြင်း၏ နောယ်ကွယ်ဌာနေသော ဟိုသာသဘောတရား၊ အနှာခံရခြင်း သဘောတရားများကို ဆင်ခြင် စဉ်းစားကြည့်လျှင် မည်သည့် အစာအာဟာရကိုမျှ ခြောက်ပြစ်ကင်း စင်းလုံးချော မရရှိနိုင်ပေ၊ စပါးကိုစိုက်ပျိုးသော လယ်သမားသည် အခက်အခဲများကြောင့် မိမိ၏သားသမီးများကို အငတ်ထားပြီး ထိုစပါးကို ရောင်းချရလေသည်။ ယင်းကဲ့သို့သော စပါး၏အစေ့ တစေ့ တစေ့ဌာပင် ဟိုသာသဘောတရား ရှိနေပေသည်။ ထန်းလျက်နှင့် အခြားစားစရာ အမြောက်အများတို့မှာ သက်ရှိသတ္တဝါ မျှားစွာ၏ အသက်ဆုံးရှုံးမှုနှင့် အတူတကွသာလျှင် ပြုလုပ်ရပေသည်။ လယ်များကို ထွန်သောအခါ၌ မျက်စိဖြင့်မြင်ရသော သက်ရှိသတ္တဝါ

ဘယ်လောက် သေဆုံးကြရသနည်း။ စပါးစိုက်ပျိုးသည့် လယ်မျှားနှင့်မူ ထိုထက်ပင် ပိုမျှားသေးသည်။ အကြောင်းမူကား မိုးရွာသည်ဖြစ်၍ ပိုးမွှားတိရစ္ဆာန် မျှားစွာတို့သည် ပေါက်ဖွားပြီးလျှင်လည်း သွားလာနေကြသောကြောင့် ဖြစ်လေသည်။ ကျွဲင်းကောင်စသော ကောက်ပဲသီးနှံကို ဖျက်ဆီးတတ်သည့် သတ္တဝါများအား နှိမ်နင်းသတ်ဖြတ်ခြင်းမှာ ဟိုသာသဘောတရားပင် ဖြင့်လေသည်။ ယင်း ဟိုသာသဘောတရားအားဖြင့် ရရှိအပ်သည့် စပါးသီးနှံသည် ဟိုသာသဘောတရားနှင့် ကင်းလွတ်နေ၍ မဖြစ်ပေ။ ယခုခေတ်တွင် ကောက်ပဲသီးနှံကို ကာကွယ်ရန် အတွက်သော်၎င်း၊ ကျန်းမာမှု ကာကွယ်ရေးအတွက်သော်၎င်း၊ ပိုးသတ်ဆေးများကို အသုံးပြုကြ၏။ ဖြန်းပက်ခြင်းများကို ပြုလုပ်ကြ၏။ ယင်းသို့ ပြုလုပ်ခြင်းမှာ သက်ရှိသတ္တဝါ သိန်းသန်းများအား ညှဉ်းဆဲသတ်ဖြတ်ခြင်းပင် ဖြစ်လေသည်။ ယင်း အချက်အလက်များကိုတွေးပြီး ဟိုသာသဘောတရားမှကင်းရှင်းအောင် ကြိုးစားမည်ဆိုလျှင် ကျွန်ုပ်တို့သည် မည်သည့် စားစရာကိုမျှ စား၍ ဖြစ်ခဲတော့မည်မဟုတ်ပေ။

ထို့ပြင် မျက်စိဖြင့် မြင်တွေ့ရသည့် သတ္တဝါများထက် ပကတိမျက်စိဖြင့် မမြင်တွေ့ရသော မှန်ဘီလူး၏ အကူအညီဖြင့်သာလျှင် မြင်တွေ့ရသည့် ပိုးမွှားများက ပိုပြီး အရေအတွက်များပေသည်။ စင်စစ် ၎င်းတို့တွင်လည်း အသက်ရှိလေသည်။ ၎င်းတို့၏အသက်ကို သတ်ရန် ကြိုးပမ်းအားထုတ်သော ကြိုးပမ်းမှုဟူသမျှမှာ ဟိုသာသဘောတရားပင် ဖြင့်လေသည်။ ဗုဒ္ဓသည်လည်း ရေကို စစ်သောက်ရန် မိန့်ဘော်မူလေသည်။ ဂျိန်းတို့ကမူ ထိုအချက်နှင့် ပတ်သက်၍ ပိုပြီး တင်းတင်းကြပ်ကြပ် ပြုမူကြလေသည်။ ရေ

သောက်ခြင်းကြောင့်ဖြစ်ရသည့် ဟိ သာတည်းဟူသောမကောင်း မှုတခုလုံး မိမိအပေါ်၌ မကျူရောက်ရေးနှင့် ထိုအထက အချို့ အဝက်ကို သူတပါးအားလည်း မျှဝေပေးရန်ဟူသော ရည်ရွယ် ချက်ဖြင့် သမားရိုးကျ ဂျိန်းမျှားစွာတို့သည် ညည့်သည် အာဂန္တု အား "ရော့-ရေသောက်ပါ" ဟု ပြောကြသည်၊ ထိုပုဂ္ဂိုလ်က ငိုးရိုးပင် "ဟင့်အင်း၊ ကျွန်ုပ် ရေမငတ်ပါဘူး။ သောက်ပါ၊ ခင်ဗျားသောက်ပါ" ဟု ပြန်ပြောလေ၏။ ရေသောက်ခြင်းကြောင့် ဖြစ်သည့်မကောင်းမှုကို ခံဝေပေးရန်အတွက် လောကဝတ်ပြုခြင်း ဖြစ်သည်ဟူသောအချက်ကို ထိုပုဂ္ဂိုလ်က သိရှာပါ၏မည်လော။

ဟိ သာနှင့် အဟိ သာမှာ ပိုင်းခြားသတ်မှတ်ချက် တောင်ရှိ သည်။ လူသည် အဟိ သာတရားကို ပိုင်းခြားသတ်မှတ်ချက်တခု၊ တောင်တခုအထိသာလျှင် လိုက်နာစောင့်ရှောက်၍ ရပေမည်။ အကြောင်းမူကား အသက်ရှင်နေမှု လူ့ဘဝ တခုလုံးသည် ဟိ သာ သတောတရား အပေါ်၌သာလျှင် တည်နေပေသည်။ စားခြင်း သောက်ခြင်း၌သာမဟုတ်၊ အသက်ရှူခြင်း၌ပင် ဟိ သာ သတောတရားရှိနေသည်။ ယင်း အချက်အားလုံးကို သတိပြုပြီး လျှင် အသက်သတ်လွတ် အစာအာဟာရနှင့် ပတ်သက်၍လည်း ပိုင်းခြားသတ်မှတ်ချက် တခုအထိသာလျှင်၊ တောင်တခု အထိ သာလျှင်၊ သွားရန် ဗုဒ္ဓက မိန့်တော်မူသည်။ အသားစားသူ ဖြစ်ပြားသော်လည်း သေးငယ်ပေ့ဆိုသည့် သက်ရှိသတ္တဝါကိုမျှ မိမိလက်ဖြင့် မသတ်ဝံ့သူသည် ဘယ်တော့မှ စိတ်နှလုံး ရက်စက် ကြမ်းကြုတ်သူ မဖြစ်နိုင်ပေ။ ထိုနှင့် ဆန့်ကျင်ဘက် အားဖြင့် သက်သတ်အစားအစာ ရှောင်ကြဉ်ရေးကို ကြွေးကြော်နေသည့် အသားမစားသူတယောက် ဖြစ်စေကာမူ သားငါးများကို သတ်

စေပြီး စစ်တပ်ကို ကန်ထရိုက်သွင်းနေလျှင် သို့မဟုတ် မိမိအကျိုး စီးပွားအတွက် လူအများကို ခေါင်းပုံဖြတ်ပြီး ၎င်းတို့၏ သား သမီးများအား အင်တင်တင်အပြတ်ပြတ် ဖြစ်စေလျှင် ထိုပုဂ္ဂိုလ်၏ စိတ်နှလုံးမှာ အမှန်မုချပင် ရက်စက် ကြမ်းကြုတ်သည်ဟု ဆိုရ ပေမည်။ အသားစားရာ၌ ဗုဒ္ဓလက်ခံထားသည့် မမြင်ရသော၊ မကြားရသော၊ ယုံမှားသက်သာ မဖြစ်ရသော ဟူသည့် သတ်မှတ် ပိုင်းခြားချက် သို့မဟုတ် ဘောင်မှာ အလွန်တရာ အသိဉာဏ် နှင့်ယှဉ်သည့် အချက်အလက်များဖြစ်လေသည်။ ထိုအကြောင်း ကြောင့် အဟိ သာတရား၏ စည်းမျဉ်းဥပဒေများကို ဖောက်ဖျက် ကျူးလွန်သည်ဟု မဆိုနိုင်ပေ။ အကြောင်းမူကား ပိုင်းခြား သတ်ခွဲတ်ထားသော နယ်တခု အတွင်းဌာသာလျှင် သို့မဟုတ် ဘောင်တခုအတွင်းဌာသာလျှင် ကျွန်ုပ်တို့သည် အဟိ သာ သဘော တရားကို လိုက်နာ ကျင့်သုံးနိုင်လေသည်။ သို့မဟုတ် လိုက်နာ ကျင့်သုံးစေနိုင်ပေသည်။

ဗုဒ္ဓ၏ တရားဒေသနာတော်များနှင့် ဗုဒ္ဓဘာသာ စာပေ ကျမ်းဂန်များကို မဖတ်ဘဲ မိမိသဘော အားဖြင့် ဗုဒ္ဓဝါဒကို တွေးတော ကြံဆယူကြသူများအတွက် ဘယ်လိုပြောရမည်နည်း။ ဗုဒ္ဓသည် အနိဿရဝါဒီ ဖြစ်လေသည်။ ဗုဒ္ဓဘာသာ၌ ဣဿရ (ထာဝရဘုရား)အတွက် ဘယ်လိုနေရာမျိုးမျှ မရှိပေ။ သို့ရာတွင် လူများစွာတို့သည် ဗုဒ္ဓအား ဣဿရအား ကိုးကွယ်သူ အဖြစ် ပြောဆိုကြလေသည်။ ထိုနည်းအတူပင် ဗုဒ္ဓ၏ အဟိ သာသဘော တရားနှင့် စပ်လျဉ်း၍လည်း ကိုယ်သဘောနှင့် ကိုယ် လိုရာကို ပြောနေကြသူများ ရှိကြသည်။ တိကောင့် ပရိသုဒ္ဓ ဖြစ်သည့် (နည်းသုံးနည်းအရ စင်ကြယ်သန့်ရှင်းသော) အသားကို ဗုဒ္ဓက

စားအပ်သော အသားဖြစ်သည်ဟု ယူဆတော်မူသည်။ ဘယ်အသားသည် စားအပ်သည်၊ ဘယ်အသားသည် မစားအပ်ဟူသော အချက်နှင့် ပတ်သက်၍မူ ဗုဒ္ဓသည် ထိုခေတ်က အိန္ဒိယပြည်၏ ပိုင်းခြား သတ်မှတ်ချက်ကို ဂရုထားတော် မူသည်။ ထိုခေတ်က လူကြီးလူကောင်းများ စားအပ်သည်ဟု ယူဆသော အသားများကို ဗုဒ္ဓကလည်း စားအပ်သည်ဟု မိန့်တော်မူသည်။ ဝိနယ ပိဋကတ်(မဟာဝဂ္ဂ၊ ဘေသဇ္ဇခန္ဓက)၌ မစားအပ်သော အသား များကို ညွှန်ကြား ဟောပြ ထားတော် မူသည်။ ထိုအကြောင်းအရာမှာ အောက်ပါအတိုင်း ဖြစ်လေသည်–

"ထိုအချိန်၌ ဘုရားရှင်သည် အစဉ်အတိုင်း ဒေသစာရီကြွချီတော်မူရင်း ဗာရာဏသီသို့ ရောက်ရှိလာလေ၏။ ထိုအရပ်၌ ဘုရားရှင်သည် ဗာရာဏသီရှိ ဣသိပတန မိဂဒါဝုန် တော၌ သီတင်းသုံးနေထိုင်တော်မူ၏။ ထိုအချိန်၌ ဗာရာဏသီတွင် သုပိယ အမည်ရှိ ဥပသကာနှင့် သုပိယာ အမည်ရှိ ဥပသိကာမ နှစ်ယောက်တို့ ရှိကြ၏။ သူတို့သည် ရတနာသုံးပါးကို ကြည်ညိုသူ၊ အလှူအတန်း ပေးကမ်းကြသူ၊ သံဃာအား လုပ်ကျွေးဆည်းကပ်ကြသူများ ဖြစ်ကြ၏။ သုပိယာ ဥပသိကာမသည် တနေ့သ၌ အရာမ်သို့ သွားပြီးလျှင် ကျောင်း တခုမှ ကျောင်း တခုသို့၊ ပရိဝုဏ် တခုမှ ပရိဝုဏ် တခုသို့ သွားလျက် ရဟန်းများအား လျှောက်ထားလေ၏–

"အရှင်ဘုရားတို့၊ အဘယ်ရဟန်း မမာမကျန်း ဖြစ်နေပါသနည်း။ ဘယ်ရဟန်းအတွက် ဘာယူလာခဲ့ရမည်နည်း"

ထိုအချိန်၌ ရဟန်းတပါးသည် ဝမ်းလျှောဆေးကို သောက်ထား၏။ ထိုရဟန်းသည် သုပိယာ ဥပသိကာမအား ပြောလေ၏-

"နှမ၊ ငါသည် ဝမ်းလျှောဆေးကို စားထားပါ၏။ ငါသည် ခဏတ်စာ အသားဟင်းလျှာကို အလိုရှိပါသည်"

"အရှင်မြတ်၊ ကောင်းပါပြီ။ အသားဟင်းလျှာကို ယူခဲ့ပါမည်" ယင်းသို့ ပြောပြီးလျှင် သုပိယာသည် အိမ်သို့ပြန်လာခဲ့လျက် အဝေခံအား အမိန့်ပေးလေ၏-

"အရှင်း၊ သွားပါလေ၊ အဆင်သင့် ရှိနေသော အသား (ပုံသုကူသား)ကို ရှာယူခဲ့ပါ"

"အရှင်မ၊ အဆင်သင့် ရှိနေသော အသား မရှိပါ။ ယနေ့ အသားကို ဈေးတက်ရပါ"

သုပိယာသည် မိမိ၏အသားကို ဖြတ်လှီးရှ ချက်ပြီးလျှင် ရဟန်းအား လှူဒါန်းလေ၏။ ထိုအကြောင်းကို ဝုဒ္ဓ သိသွားသော အခါ ဝုဒ္ဓသည် ထိုရဟန်းအား ကြိမ်းမောင်းပြီး 'သင်သည် မစုံစမ်း မမေးမြန်းဘဲ အသားကို စားရသလော။ သင်သည် လူသားကို စားရသလော' ဟု မိန့်တော်မူ၏။ ထိုနောက် 'ရဟန်းတို့၊ လူသားကို ဈေးအပ်....' ဟု မိန့်တော်မူလေသည်။ ထိုနည်း အတိုင်း ဆင်းသား၊ မြင်းသား၊ ခွေးသား၊ ကြွေ့သား၊ ခြင်္သေ့သား၊ ကျားသား၊ ကျားသစ်သား၊ ဝက်ဝံသား၊ အောင်းသားတို့ကိုလည်း မစားအပ်ဟု မိန့်တော်မူလေသည်။ ယခုခေတ်၌ တခြားသော အချို့အသားများကိုလည်း ကျွန်ုပ်တို့၏တိုင်းပြည်၌ မစားအပ်သော အသားများဟု ယူဆကြကုန်၏။ သို့ရာဘုင်

ထိုအသားများသည် ထိုအချိန်က မစားအပ်သော အသားများ မဟုတ်ကုန်။

ဗုဒ္ဓသည်, အဟိ သာ တရားကို အလွန်တရာ အလေးထားသူ ဖြစ်သည်။ သတ္တဝါဟူသမျှ၏ အပေါ်၌ ကရုဏာ ထားဘော်မူ၏။ သို့ရာတွင် ဗုဒ္ဓသည် အစ္စန်းသို့သွားရန် မိန့်တော်မမူ။ အကြောင်းမူကား လူ့ဘဝ၏ မှန်သောသဘောတရားကို မှတ်ဉာဏ်စွာ နှားလည် သဘောပေါက်တော်မူသောကြောင့် ဖြစ်လေသည်။ လူတို့အထံမှ သူတို့ စွမ်းနိုင်သမျှလောက်သာလျှင် မျှော်လင့်ချက် ထားသင့်လေသည်။ ဟိ သာတရား၏ အမြစ်အရင်းခံ ရန်စကိန်းအောင်းလျက်ရှိသည်။ သို့ဖြစ်၍ ဗုဒ္ဓက ဟောတော်မူသည်။

(ဓမ္မပဒ၊ ၁၊ ၅)

နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ၊
အဝေရေနစ သမ္မန္တိ၊ ဧသဓမ္မော သနန္တနော။

(ရန်ပြုခြင်းအားဖြင့် ရန်သည် မည်သည့် အခါမျှ မငြိမ်း။ ရန်မပြုခြင်းအားဖြင့်သာလျှင် ရန်သည် ငြိမ်းသည်။ ဤကား မြဲမြံခိုင်ခန့်သော တရားဓမ္မဖြစ်လေသည်)။

ဘေသဇ္ဇ ၇၅

အဟိ သာဝကများကို ဟောကြား ဖြန့်ဖြူးသူအဖြစ် ဗုဒ္ဓအား လူတို့က သိရှိကြသည်။ ဗုဒ္ဓသည် မဟာယောဂီကြီးတဦး ဖြစ်၏ ဟူသည်ကိုလည်း လူတို့သိရှိကြသည်။ ရှေးကရာ ကျောရယ ကမ္မ ဗုဒ္ဓအား "ယောဂိနံ စက္ကဝတ်" (ယောဂီတို့၏ စကြဝဠာ) ဟု ခေါ်ဆိုလေသည်။ အဘိဓမ္မာနှင့် ပတ်သက်၍ ဗုဒ္ဓသည် ယနေ့မိမိ၏ ကိုးတက်သော အသွင်ဖြင့် ကမ္ဘာ၏ အကြီးကျယ်ဆုံးသော အဘိဓမ္မာဖြစ်နေသည့် အဘိဓမ္မာကို တီထွင်သူဖြစ်လေသည်။ သို့ရာတွင် ဗုဒ္ဓဘာသာ တိုင်းနိုင်ငံများ၌ ဘေသဇ္ဇဂုရု ဟူသော ဗုဒ္ဓ၏ တခြားနာမည်တခု ရှိသေးကြောင်းကိုမူ ကျွန်ုပ်တို့ နိုင်ငံရှိ အလွန်တရာ အရေအတွက်နည်းသော လူတို့သာလျှင် သိရှိကြလေ၏။ တိဗက်၊ တရုတ်၊ ဂျပန်တို့၌ ဘေသဇ္ဇဂုရု (ဆေးဆရာ) ဟူသောအမည်နာမဖြင့် ဗုဒ္ဓ၏ထူးခြားသော ရုပ်ထုတော်များကို ထုလုပ်ထားလေသည်။ ထိုရုပ်ထုတော်များ၏ လက်တဖက်တွင် ဆေးကုခြင်း၏ အထိမ်းအမှတ် ဖြစ်သော ဖန်ခါးသီးကို ကိုင်ထားသည်။ မျှားစွာသော ဗုဒ္ဓဘာသာနိုင်ငံတို့၌ လွန်ခဲ့သည့် နှစ်တထောင်အလွန်က ရာပေါင်းမျှားစွာသော အခမဲ့ဆေးရုံ ဆေးခန်းများကို ဖွင့်လှစ်ထားကြသည်။ ထိုဆေးရုံဆေးခန်းတို့၌

လူနာများကို ကောင်းမွန်စွာ ပြုစုကုသကြ လေ၏။ ကမ္ဗုဇ (ကမ္ဘောဒီယား)နိုင်ငံ၌ ဘယ်လိုဆေးဝါး ကုသခဲ့ကြသည်ဆိုသည့် အကြောင်းကို အောက်ပါ ရေးသား ချက်များအရ သိရှိရ ပေသည်('ဗုဒ္ဓ ယဉ်ကျေးမှု'-စာမျက်နှာ ၁၀၄၊ ၁၀၅)-

နေ့ညတု ကာလ၌ တံခွန်းလဆန်း ၀ရက်နေ့မှ လပြည့်နေ့အထိ နှစ်စဉ် နှစ်တိုင်း ဗုဒ္ဓဘာသာ ရိုးရာ စဉ်လာအရ နေ့ဦးပွဲကို ကျင်းပပြုလုပ်ပြီး ယင်ပူဇော်ပွဲ နှစ်ခုကို ကျင်းပ လေသည်။ လက္ခယ်နေ့၌ ဘုရားရှင်အား သုံးကြိမ်လက်ျားရစ် လှည့်ပတ်သည်။ ထိုအခါနှင့် ဘဝ၀တ် (ပညာ ပါရမီတာ) လည်း ရှိနေသည်။ လပြည့်နေ့၌ ဝိရ၊ သတ္တိစသော အခြား နတ်ဒေ၀တာများလည်း အတူတကွ ရှိနေသည်။ ထိုအခါနှင့် ကချေသည် ယောကျ်ား မိန်းမများသည် ပတ်ပတ်လည်တွင် ကကြလေသည်။ သုံးပါးသော ဂုရု၊ တထောင်သော နတ်ဒေ၀တာ များနှင့် ဒီဗွသတ္တိ (နတ်တို့၏ တန်ခိုးသတ္တိ)၆၁၉ တို့အား ပူဇော်ပသကြသည်။တထောင်သော ပညာရှိရဟန်းများနှင့် ဗြာဟ္မဏတို့အား ဆွမ်းဘောဇဉ် လှူဒါန်း လေသည်။ ကျောက်စာ၏ အစပိုင်း၌ ဇယ၀မ္မာ ဆောက်လုပ် ထားသော ဆေးရုံများအကြောင်း ရေးသားထားသည်- 'နယ် အသီးသီးတို့၌ ဆေးရုံ ၁၁၇ နှင့် ဘုရားကျောင်း(ဆေးရုံ)၆၉၈ တို့ကို တည်ဆောက်ထားသည်။ ကျောက်စာ၌ အမျိုးမျိုးသော စာရင်းအင်းများကို ပြထားသည်။ ဆေးရုံနှင့် ဆေးခန်းများ၏ အသုံးစရိတ်အတွက် ရွာပေါင်း ၀၃၀ ရှာ သတ်မှတ်ထားသည်။ ထိုဆေးရုံ ဆေးခန်း များ၌ ယောကျ်ား မိန်းမ ၀၁,၆၄၅ ယောက်မျှ အလုပ် လုပ်ကြသည်။ အစိုးရ ဘဏ္ဍာထဲမှ ပေး ထားသော ပစ္စည်းဝတ္ထုများ အနက် ထမင်းအပြင် ပျားရည်၊

ဖရောင်းတိုင်၊ ရေနုံဆီ၊ ဆား၊ ပရုပ်၊ ဖာလာစေ့၊ ချင်းခြောက်၊ ဆေးသေတ္တာ၊ ယေ ၁၉၆၀ တို့ဖြစ်ကြလေ၏။ အဆုံးဌ ဘုရင်က ဆုတောင်းထားသည်- "ငါ၏ ဤကုသိုလ် ကောင်းမှုတို့ကြောင့် ငါ၏မိခင်သည် ဘဝယဉ်သရာ ပင်လယ်ဝဲဂယက်ထဲမှ ထွက်မြောက်ပြီး ဗုဒ္ဓအဖြစ်ကို ရှိပါစေသား"

ကျောက်စာ၏ အဆုံးဌ ဘုရင် ဇယဝမ္မာ၏ သားတော် ရာဇကုမာရသည် ယင်းကျောက်စာကို မဟာဒေဝီအား ဂုဏ်ပြုသော အားဖြင့် ရေးထိုး ပြုလုပ်ထားသည်ဟု ရေးသားထားသည်။

သဘာမ ဇယဝမ္မာ၏ ဆေးရုံ ဆေးခန်းနှင့် ပတ်သက်သည့် ကျောက်စာ ဆယ်ခုကို တွေ့ရှိရသည်။ ယင်း ကျောက်စာများဌ ပါရှိသော စာများသည် တမျိုးတည်း လိုလိုပင် ဖြစ်လေသည်။ ကျောက်စာများဌ ဗုဒ္ဓရုပ်သု တည်ထားကိုးကွယ်မှု၊ ဓမ္မ၊သင်္ဃာဂ အလုပ်သုံးမျိုးကို အလေးပြုထားသည်။ ရောဂါဝေဒနာ တည်းဟူသော အမိုက်တိုက်ကို ဖယ်ရှားပစ်သည့် ဘေသဇ္ဇဂုရု (ဆေးဆရာ)ဗုဒ္ဓ၊ ဗောဓိသတ္တ၊ သူရိယ ဝေရောစန၊ စန္ဒရောစိ၊ စန္ဒဝေရောစန၊ ရေဟိဏီသ တို့၏ ဘုန်းဂုဏ်များကို သီဆို ကျူးရင့်ထားသည်။ ထိုနောက် ဘုရင်ဇယဝမ္မာနှင့် ပတ်သက်ပြီး ဤသို့ ရေးသား ထားသည်- 'လူ၏ ကာယိက ရောဂါ ဝေဒနာသည် ထိုဘုရင် အတွက် မနသိက ဝေဒနာဟု မှတ်ထင် ရသည်။ ထိုဝေဒနာသည် ဝေဒနသယ်ထက် ပိုပြီး ဘုရင်အား ဒုက္ခ ဖြစ်ဇစသည်။ အကြောင်းမူကား ပြည်သူပြည်သားတို့၏ ဒုက္ခသည် ဘုရင်တို့အား ဒုက္ခ ရောက်စေသောကြောင့်တည်း။ ....ထိုဘုရင်သည် ဆေးကျမ်း ကျွမ်းကျင်နားလည်သူ သမားတော်များ၏ အကူအညီဖြင့်နိုင်ငံ၏ ရန်သူများဖြစ်သည့် ရောဂါဝေဒနများကို

ဖျောက်ဖျက် သုတ်သင် ပစ်လေသည်။ ကျောက်စာများအရ သိရသည်မှာ- ဆေးရုံ ဆေးခန်း များကို ဗုဒ္ဓဘေသဇ္ဇဂုရု၏ တန်ဆောင်းပတ်လည်၌ ဆောက်လုပ်ထားသည်။ လူတန်းစား ခွဲခြားခြင်းမရှိဘဲအားလုံးအတွက် ဖွင့်လှစ်ထားလေသည်။ထိုဆေးရုံ ဆေးခန်း များ၌ လူနှစ်မျိုး နှစ်စားသော အလုပ်သမားများ ရှိလေသည်။ ဆေးရုံ ဆေးခန်း၌ နေကြသော သူတို့ကတမျိုး- အပြင်၌ နေကြသော သူတို့ကတမျိုး ဖြစ်လေသည်။ ပဌမ အမျိုးအစား၌ သမား နှစ်ယောက်၊ အပြုအစု နှစ်ယောက်၊ ဘဏ္ဍာစိုး နှစ်ယောက်၊ ထမင်းချက် နှစ်ယောက်၊ ဆေးစပ်သူ နှစ်ယောက်၊ သူနာပြုမ ဆယ့်လေးယောက်နှင့် အခြားမိန်းမ ရှစ်ယောက် ရှိကြသည်။ ဒုတိယ အမျိုးအစား၌ လူ ၆၆ ယောက် ရှိသည်။ ထိုနောက် အထူးသဖြင့် ဘုရင်ဘဏ္ဍာတိုက်မှ ရောဂါသယ် အားလုံးအား ပေးကမ်းသော ပစ္စည်းများ စာရင်းကို ပြထားသည်။ နောက်ဆုံး၌ ဆေးရုံရှိသည့်ရွာမှ လူများရရှိသည့် အခွင့်အရေးများကို ဖော်ပြထားသည်။ထိုရွာများမှ လူများသည် အခွန်အတုတ် လွတ်ငြိမ်းသည်။ သတ္တဝါများနှင့် ပတ်သက်ပြီး ရက်စက်ကြမ်းတမ်းမသော အပြုအမူမျိုးကို ပြုပါမှ ၎င်းတို့သည် အပြစ်ဒဏ်ပေးခြင်း ခံရလေသည်။

ထိုဘုရင်ကား ကန်နောက်ဂျ် ဘုရင် ၇ယစန္ဒနှင့် ခေတ်ပြိုင် ကမ္ဘောဇ ဘုရင် သတ္တမ ၇ယဝမှာ ဖြစ်လေသည်။ထိုဘုရင်သည် တိုင်းနိုင်ငံ၌ ဆေးရုံပေါင်း များစွာနှင့် ဘေသဇ္ဇဂုရုကျောင်း (ဆေးခန်း)၇၉၀ တို့ကို ဆောက်လုပ်ထားသည်။

ကာယိက ရောဂါဝေဒနာများကို ဗုဒ္ဓ ပယ်သတ်ပုံ များသည် နိုင်ငံအသီးသီး ခေတ်ကာလ အသီးသီး၌ ရှိကြသော လူတို့ကို

သြဇာညောင်းအောင် ပြုလုပ်ရာ၌ မျှားစွာအောင်မြင်မှု ရရှိခဲ့လေ၏။ အသောကဘုရင်သည် ထိုသြဇာ ပဌမဆုံးလွှမ်းမိုးခြင်း ခံရသည်။ ထိုဘုရင်သည် နေရာအနှံ့အပြား၌ လူနှင့် တိရစ္ဆာန်တို့၏ ဆေးဝါးကုသရေးအတွက် ဆေးရုံမျှားကို ဖွင့်လှစ်ပြီးလျှင် ဆေးနှင့် ဆေးပင် ဝါးပင်တို့ကို မိမိတိုင်းနိုင်ငံအတွင်း၌သာ မကဘဲ ဂရိ (စ်) လူမျိုးတို့၏ တိုင်းနိုင်ငံများအတိ ပို့ပေးခဲ့ လေသည်။ ဇယ ဝမ္မာသည် ဘာသင္ဂ ဂုရု၏ ယင်း သြဇာလွှမ်းမိုးမှု ခံရပြီး တရုပ်ပြည်မှ ဗဂ်လားပင်လယ်အော်အထိ မိမိ၏ ကျယ်ပြန့်သော ဆေးရုံမျှားဘည်းဟူသော ကွန်ရက်ကို ဖြန့်ထားသည်ဆိုပါလျှင် ဘာမျှ အံ့သြစရာ မရှိပေ။ ဇယဝမ္မာသည် ခရစ် ၁၁၉၀ ၌ ဝမ္မာကို အနှိုင်ခလေ၏။ ထိုနှစ်မှာ မုဟာမက်ဂိုရီ အိန္ဒိယကို အနိုင်ရရှိသည့်နှစ် မတိုင်မီ နှစ်နှစ်ခန့်က ဖြစ်လေသည်။

ကမ္ဘာ့ဇာတိသာလျှင်မက၊ ဗုဒ္ဓ၏ တရားဒေသနာတော်ရောက်ရှိရာ အရပ်ဒေသဟူသမျှ၌ ဤနည်းအတိုင်းပင် ဖြစ်လေ၏။ ဗုဒ္ဓသံသည် စိတ်ဝါဒီ ဖြစ်လေသည်။ သို့ရာတွင် ကောင်းကင်လောက၌ လှည့်လည်သွားလာနေသူသက်သက်မဟုတ်ပေ။ ကမ္ဘာလောက၏ ဆင်းရဲဒုက္ခကို ဖယ်ရှား ပစ်ခြင်းအား အရေး အကြီးဆုံးသော ရည်ရွယ်ချက်ဖြစ်၏ ဟု ဗုဒ္ဓက ယူဆတော်မူသည်။ သို့ရာတွင် နတ်ပြည်နှင့်သွေးဆောင်ပြီး ပြုလုပ်တော်မမူပေ။ 'ဗဟုဇနဟိတာယ၊ ဗဟုဇနသုခါယ' (လူအများ၏ အကျိုးအတွက်၊ လူအများ၏ ချမ်းသာသုခအတွက်) ဘာမဆို လုပ်ခြင်းကို မိမိ၏ ရည်ရွယ်ချက်အဖြစ်ထားရှိသူသည် လူအပေါင်းတို့၏ ကာယိက ဒုက္ခ၊ကာယိက ရောဂါဝေဒနာကို ဘယ်မှာ ဥပေက္ခာပြုထားနိုင်မည်နည်း။ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်၌ မနသိက ဝေဒနာ၊ မနသိက

ဒုက္ခကို ဖယ်ရှား မပစ်ခင် ကာယိက ဝေဒနာနှင့် ကာယိကဒုက္ခ ဘက်ကို ပဌမအာရုံပြုသည့် အဖြစ်အပျက်များ များစွာတွေ့ရလေသည်။ ဗုဒ္ဓသည် ကရုဏာတရား၏ ရုပ်လုံးဖြစ်ကြောင်းကို ကမ္ဘာကသိလေသည်။ မိမိ၏ ပတ်ဝန်းကျင်အား ဒုက္ခရောက်နေသည်ကို တွေ့လျှင် ဗုဒ္ဓသည် နှုတ်ပိတ်မနေပေ။ မကြာခဏ ဒုက္ခသယ်များထံ သွားပြီးကြည့်ရှုသည်။ အားပေးစကားပြောကြားသည်။ ဝိနယ္ယ ပိဋကတ် မဟာဝဂ္ဂ၌ အဖြစ်အပျက်တခုပါရှိလေသည်-

"ထိုအချိန်၌ ရဟန်းတပါးသည် ဝမ်းသွားသည့် ရောဂါဖြစ်နေသည်။ ထိုရဟန်းသည် မိမိ၏ ကျင်ကြီး ကျင်ငယ် ထဲတွင် လည်းလျောင်းနေရ၏။ ထိုအခါ ဘုရားရှင်သည် ရှင်အာနန္ဒာအား နောက်ကခေါ်ခဲ့ပြီး လှည့်လည်ကြည့်ရာ ထိုရဟန်းနေထိုင်သည့် ဧည်ရောင်းသို့ရောက်သွား၏။ .... ထိုရဟန်းရှိရာသို့ကြွတော်မူလေသည်။ ထိုရဟန်း၏ အထံသို့သွားပြီး မေးလေ၏-'ရဟန်း၊သင် ဘာရောဂါဖြစ်သနည်း'။ 'ဝမ်းသွားသည့်ရောဂါဖြစ်နေပါသည်။' 'သင့်ကိုပြုစုသည့်သူ တစုံတဦးမရှိဘူးလော'။'မရှိပါအရှင်ဘုရား။' 'ဘာကြောင့်သင့်ကို မပြုစုကြသနည်း'။ 'အရှင်ဘုရား၊ တပည့်တော်သည် ရဟန်း တို့၏ တစုံတခုကို ပြုလုပ်သူ မဟုတ်ပါ။ သို့ဖြစ်၍...."

"ထိုအခါ ဘုရားရှင်သည် ရှင်အာနန္ဒာအား မိန့်တော်မူ၏-'အာနန္ဒာ၊ သွားရေယူလာခဲ့။ ဒီရဟန်းကို ရေချိုးပေးကြမည်' ....အာနန္ဒာက ရေကိုယူလာခဲ့၏။ ဘုရားရှင်သည် ရေလောင်းပေး၏။ ရှင်အာနန္ဒာသည် ခြေထောက်ကမပြီး ရဟန်းအား ကုတင်ပေါ်၌တင်၏။ ထိုအခါ ဘုရားရှင်သည်....ထိုအကြောင်းနှင့်စပ်ပြီး ရဟန်းတို့ကို စုဝေးစေပြီးလျှင် မိန့်တော်မူလေ၏-

'ခုဟာန်းတို့၊ သင်တို့ကို ပြုစုမည့် အမိလည်းမရှိ၊ အဖလည်းမရှိ၊ အဂေယ်၍ သင်ဘို့တဦးနှင့်တဦး မပြုစုကြလျှင် ဘယ်သူလာပြီးပြုစုမည်နည်း။ လူမမာကို ပြုစုသူသည် ငါ့ကိုပြုစုသူမည်၏...."

ဗုဒ္ဓသည် လူမမာများအား ပြုစုရရုံသက်သက်ဖြင့် ကျေနပ်ရောင့်ရဲခြင်းရှိဧတာ်မမူပေ။ ထိုအကြောင်းသက်သက်လောက်ဖြင့် ဗုဒ္ဓအား ဘေသဇ္ဇဂုရုဟု ခေါ်ခြင်းမဟုတ်ပေ။ မိမိလက်ထက်တော် အခါက အိန္ဒိယနိုင်ငံ၌ တိုးတက်သလောက်သော ဆေးပညာကို ဗုဒ္ဓသည် ကောင်းစွာ သိရှိနားလည်ဘော်မူ၏။ ထိုဆေးပညာ အသိဉာဏ်ကို ဗုဒ္ဓသည် မိမိတပည့်များအား ဖြန့်ဖြူးရန် လိုအပ်သည်ဟု ထင်မြင်တော်မူ၏။ ဘေသဇ္ဇဂုရု၏ ယင်းအစဉ်အလာသည် ဘယ်လောက်ခေတ်စားလာခဲ့သနည်းဆိုလျှင် ဗုဒ္ဓဘာသာကျောင်းတိုက်မှန်သမျှသည် ဆေးဆရာများနှင့် ဆေးဝါးကုသမှုအတွက် နေရာဌာနများဖြစ်ခဲ့ကြလေ၏။ ဝိနယ ပိဋကတ်၌ ဘေသဇ္ဇခန္ဓက(မဟာဝဂ္ဂ ၆)အမည်ရှိသည့် ကဏ္ဍတခုရှိသည်။ ထိုကဏ္ဍ၌ ဗုဒ္ဓသည် ဆေးအကြောင်းများနှင့် ပတ်သက်ပြီး ဟောကြားထားလေသည်။ ထိုကဏ္ဍ၏ အစ၌ ဤသို့ပါရှိသည်-

"ထိုအချိန်၌ ဗုဒ္ဓသည် သာဝတ္ထိပြည်ရှိ အနာထပိဏ္ဍိ၏ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်တော်မူ၏။

"ထိုအခါ ရဟန်းဘိုသည် တက်ဖျားကျဖျားဖြစ်ကြလေကုန်၏။ ထိုရဟန်းတို့သောက်အပ်သော ယာဂုလည်းအန်ထွက်၏။ စားအပ်သော ဆွမ်းလည်း၊ အန်ထွက်၏။ ထိုကြောင့် ၎င်းတို့သည် ပိန်ကြုံကုန်၏။ အသွေးအသားခေါင်းပါးကုန်၏။ ရုပ်အဆင်းပျက်ကုန်၏။ ဖြောဝတော့သော အဆင်းရှိကုန်၏။ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိကုန်၏။ ဗုဒ္ဓသည် ထိုရဟန်းများအား ပိန်ကြုံသည်ကို....

အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသည်ကို တွေ့မြင်တော်မူ၏။ တွေ့မြင်ရ၍ ရှင်အာနန္ဒာအား မေးလေ၏-

'အာနန္ဒာ၊ ယခုတလော ရဟန်းများသည် အဘယ့်ကြောင့် ပိန်ကြုံနေကြသနည်း....အကြော ပြိုင်းပြိုင်းထသော ကိုယ်ရှိနေကြကုန်သနည်း။'

'အရှင်ဘုရား၊ယခုတလောရဟန်းများသည်တက်ဖျားကျဖျားဖြစ်ကြကုန်၏။ သူတို့ သောက်အပ်သော ယာဂုသည်လည်း အန်ထွက်၏....အကြော ပြိုင်းပြိုင်း ထသော ကိုယ်ရှိနေကြခြင်းဖြစ်လေ၏။'

"ထိုအခါ ဆိတ်ငြိမ်ရာအရပ်၌ နေထိုင်လျက် စဉ်းစားဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ စိတ်နှလုံး၌ ဤသို့ အကြံဖြစ်၏။ ယခုအခါ ရဟန်းတို့သည် တက်ဖျားကျဖျားဖြစ်ကြကုန်၏။.... အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိနေကြကုန်၏။လူတို့က ဆေးဟူ အသိအမှတ်ပြုထားပြီး အစာအာဟာရအတွက်လည်း အသုံးဝင်၊ ကြမ်းတမ်းသော အစာအာဟာရလည်း မဟုတ်သည့် ဆေးမျိုးကို ရဟန်းများအား ငါသည် အဘယ်သို့လျှင် ခွင့်ပြု ရအံ့နည်း။ ထိုအခါ ဘုရားရှင်သည် စဉ်းစားမိ၏- ထောပတ်၊ ဆီဦး၊ ဆီ၊ ဗျားရည်၊ တင်လဲ တည်းဟူသော ဆေးငါးမျိုးရှိ၏။ ၎င်းတို့ကို လူတို့က ဆေးဝါးအဖြစ်လည်း အသိအမှတ်ပြုထားကြ၏။ အစာအာဟာရအတွက်လည်း အသုံးဝင်၏။ ကြမ်းတမ်းသော အစာအာဟာရလည်း မဟုတ်။ ငါသည် ဤဆေးငါးမျိုးကို ရဟန်းတို့အား အချိန်နှင့် ခွင့်ပြုရမူကောင်းလေစ။

"ထို့နောက် ဘုရားရှင်သည် ညချမ်းအချိန် တဦးတည်း ကြံစည်းစိတ်ကူးရာမှ ထတော်မူလာပြီး ထိုအကြောင်း အရာနှင့်

စပ်လျှဉ်းရှ် တရားစကားကို ပြောကြားလျက် ရဟန်းအပေါင်းအား မိန့်တော်မူ၏-"

'ရဟန်းတို့၊ ယနေ့ ဆိတ်ငြိမ်ရာ၌နေပြီး စဉ်းစားဆင်ခြင်သော အခါ ငါ၏ စိတ်၌ ဤသို့အကြံဖြစ်လာမိသည်-ယခုအခါ ရဟန်းများသည် တက်ဖျား ကျဖျား ဖြစ်ကြကုန်၏။.... ရဟန်းတို့အား ခွင့်ပြုရမူကောင်းလေစု။'

'ရဟန်းတို့၊ ဆေးငါးမျိုးကို နံနက်အချိန်၌ အကပ်ခံပြီး နံနက်ချိန်၌ မှီဝဲရန် ခွင့်ပြု၏....။'

ထိုဘေသဇ္ဇ ခန္ဓက၌ ဗုဒ္ဓဟောပြသော ဆေးများကို အောက်ပါအတိုင်းခွဲခြားနိုင်လေသည်-

ဆေးများ-အဆီဖြစ်သောဆေး၊အမြစ်ဖြစ်သောဆေး(နနွင်း၊ ချင်းစိမ်း၊ လင်းနှ၊ ဆိတ်ဖူးဓိဝုတ်၊ ကုလားဆောင်းမေးခါး၊ ပန်းရင်း၊နွားမြေရင်းစသည်)

ဂမာ၊ လက်ထုတ်၊ ကင်းပုံ၊ ခွေးတောက်၊ သင်းဝင် စသော ဖန်ဆေးများ၊ အရွက်ဖြစ်သော ဆေးများ၊အိပ်မွှေသီး၊ ပိတ်ချင်းသီး၊ငရုပ်သီး၊ ဖန်ခါးသီး၊ သစ်ဆိမ့်သီး၊ သျှစ်သျှားသီး စသော အသီးဖြစ်သောဆေးများ။ ရှိန်းခိုစသော အစေးဖြစ်သော ဆေးများ။ ပင်လယ်ဆား၊ ဆားပုပ်၊ သိန္ဓာဆား၊ တွင်းထွက်ဆား၊ ချက်ဆား စသော ဆားဖြစ်သော ဆေးများ။ အမှုန့်ဖြစ်သော ဆေးများ။ သားစိမ်း၊သွေးစိမ်းဆေးများ။ မျက်စဉ်းဆေးများ။ အခိုးသောက်တံ၊ ဆီကျက်။ ဤမျှသာမက ဆေးနှင့် သေရည် အရက် ရောစပ်ခြင်းနှင့် ပတ်သက်၍ပင် ဗုဒ္ဓသည် ဟောပြတော်မူခဲ့လေသည်။

ချွေးထုတ်ခြင်း၊ ဦးချိုဖြင့် သွေးကိုထုတ်ခြင်း၊ လိမ်းဆေး၊ ပတ်တီးစည်းခြင်းများအပြင် မြွေဆေး၊ အဆိပ်ဖြေဆေး၊ ပိန်ကြီးဖြောတော့သော ရောဂါဆေး။ အရေဖျား ရောဂါ များနှင့် ပတ်သက်၍လည်း ဗုဒ္ဓသည် ဆေးများစွာကို ဟောပြ တော်မူခဲ့လေသည်။

ယင်းသို့အားဖြင့် ဗုဒ္ဓသည် မိမိ၏ ဘေသဇ္ဇဂုရု ဟူသော အမည်နာမနှင့် လိုက်လျော ညီညွတ်အောင် ပြုလုပ်တော်မူခဲ့လေသည်။

ဇာတ်သည် ဂုဏ်မဟုတ်

ဗုဒ္ဓသည် အိန္ဒိယမိုင်၏ အမြင့်မြတ်ဆုံးသော သားရတနာ ဖြစ်သည်။ ဘယ်လိုအမြင်မျိုးဖြင့် ကြည့်ကြည့် ဗုဒ္ဓသည် အမြင့်မြတ် အကြီးကျယ်ဆုံးဖြစ်ကြောင်း တွေ့မြင်သိရှိရပေသည်။ သက်တော် ထင်ရှားရှိစဉ်က ဗုဒ္ဓအား မည်သို့မည်ပုံ အလေးအမြတ်ပြုကြ လိမ့်မည်ဆိုသည်ကို ကျွန်ုပ်တို့သည် ဂန္ဓီ၏ အကြောင်းအရာဖြင့် ချိန်ထိုး သိရှိနိုင်ပေသည်။ ဗုဒ္ဓသည် မိမိ၏ တရားဒေသနာကို "ဗဟုဇန ဟိတာယ၊ ဗဟုဇနသုခါယ" (လူအားလုံး၏ အကျိုး အတွက်၊ လူအားလုံး၏ ချမ်းသာသုခအတွက်) ဟောကြားတော် မူခဲ့၏။ ဗုဒ္ဓ၏အမြင်၌ ကောင်းမှု၏မှတ်ကျောက်သည် လူအများ အား အကျိုးရှိစေခြင်းဖြစ်ပြီး မကောင်းမှု၏ မှတ်ကျောက်မှာ လူအများအား အကျိုးမဲ့ဖြင်စေခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့၏နိုင်ငံ၌ လူမှုရေး မည်မျှမှု မမျှတမှုများ– ဇာတ် ထုံးစံ စံနှစ်၊ မယိမကိုင်သည့်အလေ့အထ-သည် ယနေ့ထက်တိုင်ပင် ခံရပ်ခိုင်ဇွယ် မကောင်းသည့် အသွင်ဖြင့် ထင်ရှားရှိနေပေသည်။ ယင်း လူမှုရေး မည်မျှမှု မမျှတမှုများသည် လွန်ခဲ့သည့် အနှစ် နှစ်ထောင့်ငါးရာခန့်က ယခုလောက် ဆိုးဝါးလိမ့်မည် မဟုတ်ဟု မျှော်လင့်ချက် မထားသင့်ပေ။ ဗုဒ္ဓသည် လူသားများအပေါ်၌

သာတူညီမျှမှုထားရန် ဟောကြား ဖြန့်ဖြူးတော်မူခဲ့သည်။ မိမိ၏ လူဝတ်ကြောင် တပည့်များအတွက် လက်တွေ့ ကျင့်သုံးရန် မလွယ်ဟု တွက်တော်မူပြီး လူဝတ်ကြောင်များအတွက် အလေးအနက် မပြုခဲ့သော်လည်း ရဟန်းနှင့် ရဟန်းမများအတွက်မူ စီးပွားရေးသာတူညီမျှမှုအား လက်တွေ့ကျင့်သုံးခြင်းကို တာဝန်တရပ်အနေဖြင့် သတ်မှတ်တော်မူခဲ့လေသည်။ သို့ရာတွင် ထိုစည်းကမ်းချက်သည် ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး နှစ်တရာအထိပင် မခံပေ။ ဝေသာလီ၌ ရဟန်းများသည် မိမိတို့အတွက် ကြေးငွေစုဆောင်းစပြုလာကြလေ၏။ ထိုအချက်ကို အကြောင်းပြု၍သာလျှင် ဗုဒ္ဓဘာသာဝင်တို့၏ ဒုတိယ သင်္ဂါယနာ တင်ရခြင်းဖြစ်လေသည်။

အရောင်အသွေး ခဲခြားမှုနှင့် ဇာတ်ထုံးစံ စံနှစ်ကို ဆန့်ကျင်သော ဗုဒ္ဓ၏တရား အဆုံးအမများကို နေရာများစွာ၌ တွေ့ရလေသည်။ ဗိဟာရ်နယ်မှ ယခုခေတ် မုံဂေရ်၊ ဘာဂလပူ၊ ဆဟရဆာ ဒီစတြိတ်ရှိ ဇနပုဒ်ကို အင်္ဂဇနပုဒ်ဟုခေါ်သည်။ ထိုဇနပုဒ်သည် လွတ်လပ်သောနိုင်ငံ မဟုတ်ဘဲ မဂဓလက်အောက်ခံဖြစ်သွားရသော်လည်း ထိုဇနပုဒ်၏နေပြည်တော်ဟောင်း စမ္ပာသည် ဂင်္ဂါမြစ်ကမ်းပါး၌ တည်ရှိသော စည်ပင်ဝပြောသည့် ကူးသန်းရောင်းဝယ်ရေးမြို့ ဖြစ်ခဲ့လေသည်။ ယခုခေတ်တွင်မူ ထိုဇနပုဒ်သည် ဘာဂလပူမြို့၏ တံစိတ်တဒေသ– စမ္ပာမြို့–၏ အဖြစ်ဖြင့် တည်ရှိနေပေ၏။

ဗုဒ္ဓသည် မိုးဥတုကာလတွင် တနေရာရာ၌ သုံးလဝါကပ်တော်မူသည်။ ဝါကျွတ်သည့်အခါ တဖန်မြို့ရွာများသို့ လှည့်လည်ပြီး လူအပေါင်းတို့အား တရားဒေသနာတော်ကို ဟောကြားတော်မူလေ့ရှိသည်။ အင်္ဂတိုင်း၌ သေဒစာရီ ကြွချိန်ရင်း ဗုဒ္ဓသည် စမ္ပာမြို့သို့

ရောက်ရှိလာ၏။ စမ္ဘာမြို့ ဂဂ္ဂရာရေကန်၏ ကမ်းပါးရှိ ဥယျာဉ်၌ သီတင်းသုံး နေထိုင်တော်မူ၏။ ဂဂ္ဂရာ (ဃာဃရာ) ရေကန်ကို ယခု ထိုးနှုရာ၌ ရှာမတွေ့တော့ပေ။ ဗိမ္ဗိသာရ ဘုရင်သည် စမ္ဘာမြို့ကို မိမိ၏ ရိုသေမြတ်နိုးအပ်သော သောဏဒဏ္ဍပြာဟ္မဏအား ပေးထားလေ၏။ ထိုမြို့သည် လူဦးရေပေါများပြီး မြက်၊ ထင်း၊ ရေ၊ ဆန်ရေစပါး ပေါများကြွယ်ဝသောမြို့ ဖြစ်လေသည်။

ဗုဒ္ဓ၏ ဂုဏ်သတင်းမှာ အိန္ဒိယမြောက်ပိုင်း တနုလုံးဌ ပြန့်နှံ့ကျော်ကြား၍ နေသည်။ သို့ဖြစ်၍ မည်သည့်နေရာသို့ ကြွကြွ ဗုဒ္ဓအား ဖူးမျှော်ရန်နှင့် ဗုဒ္ဓ၏တရားကို နာကြားရန် လူအများ ရောက်ရှိလာကြလေသည်။ ဗုဒ္ဓ ကြွရောက်လာကြောင်း ကြားသိရသည့်အခါ သောဏဒဏ္ဍပြာဟ္မဏလည်း ပြာဟ္မဏပေါင်းများ စွာနှင့် အတူတကွ ဗုဒ္ဓ၏အထံသို့ သွားလေ၏။

ရေကန်သည် မြို့၏အပြင်ဘက်၌ရှိသည်။အနီးအနား၌ ဥယျာဉ်လည်းရှိသည်။ ထိုနေရာသို့ရောက်သွားသောအခါ သောဏဒဏ္ဍ၏ စိတ်၌ သံသယဝင်လာသည်။ အကယ်၍ ငါ အခွားကိုမေးမိပြီး ဗုဒ္ဓက ငါ့အခွားကို ဖမ်းလိုက်လျှင် ငါ့အသိုင်း အဝန်းထဲက လူတွေက "သောဏဒဏ္ဍပြာဟ္မဏဟာ ပညာဉာဏ်မရှိ။ အမေးပုစ္ဆာတောင်မှ မထုတ်တတ်" ဟု ထင်မှတ်သွားကြပေလိမ့်မည်။ လူတို့က ယင်းသို့ အထင်အမြင်မသေးသွားလျှင် ငါ့ဂုဏ်သတင်း မှေးမှိန်သွားမည်။ ဂုဏ်သတင်း မှေးမှိန်သွားလျှင် စည်းစိမ်ဥစ္စာလည်း လျော့နည်း သွားပေလိမ့်မည်။ အကြောင်းမူကား ဂုဏ်သတင်းဖြင့်သာလျှင် စည်းစိမ်ဥစ္စာကို ရရှိခြင်း ဖြစ်လေသည်။ အကယ်၍ ဂေါတမက ငါမဖြေနိုင်သည့် မေးခွန်းမျိုး မေးလိုက်လျှင်လည်း ထိုနည်းအတိုင်းပင် ဖြစ်ပေလိမ့်မည်။ ယခုလောက်

အနီးသို့ ရောက်လာပြီးမှ အိမ်ပြန်သွားဘို့ရာကလည်း မသင့်တော်ပေ။ အကြောင်းမူကား ယင်းသို့ ပြန်သွားပြန်လျှင်လည်း "သောဏဒဏ္ဍာ ဗြာဟ္မဏသည် မာန်မာနလည်း ကြီးသည်၊ ကြောက်လည်းကြောက်သည်" ဟု ပြောကြပေလိမ့်ဦးမည်။

ယင်းသို့ စဉ်းစားဆင်ခြင်ပြီး သောဏဒဏ္ဍာ ဗြာဟ္မဏသည် ဘုရားရှင်၏အထံတော်သို့ ရောက်သွားလေ၏။ သမဏဂေါတမသည် ငါသိထားသည့် အကြောင်းအရာများထဲက အကြောင်းအရာတခုခုနှင့် ပတ်သက်ပြီး ဆွေးနွေးလျှင် ကောင်းလိမ့်မည်ဟု ဗြာဟ္မဏသည် စဉ်းစားနေလေ၏။ သူ့စိတ်အကြံကို သိသကဲ့သို့ပင် ဗုဒ္ဓက မိန့်တော်မူလိုက်၏-

"ဗြာဟ္မဏ၊ မည်သည့်ဂုဏ်အရည်အချင်းများနှင့် ပြည့်စုံသည့် ယောက်ျားကို ဗြာဟ္မဏခေါ်သနည်း။ မည်သည့် ဂုဏ်အရည်အချင်းနှင့်ပြည့်စုံသူသည် မိမိကိုယ်ကိုဗြာဟ္မဏမှတ်လျှင် လိမ်လည်လှည့်ဖြားရာ မရောက်သနည်း"

သောဏဒဏ္ဍာ အကူအညီမပေးလေ၏။ ထိုအချက်ကိုပင် သူလိုလားခြင်းဖြစ်သည်။ ထိုအချက်မှာ ဗြာဟ္မဏတို့၏ သျှတ္တရကျမ်းဂန်ထဲက အကြောင်းအရာဖြစ်သည်။ ထိုခေတ်သမယ၌ အသွေးအရောင် သို့မဟုတ် ဇာတ်ကို မည်သည့်အခြေခံအရ သတ်မှတ်ကြသည်ဆိုသည်ကို သောဏဒဏ္ဍာနှင့် ဗုဒ္ဓ၏ ယင်းစကား အခြေအတင်မှ သိရှိရပေသည်။ (သောဏဒဏ္ဍသုတ်၊ ဒီဃနိကာယ် ၁၊ ၂)-

သောဏဒဏ္ဍာက ပြောသည်- "ငါးပါးသော အင်္ဂါနှင့်ပြည့်စုံသောသူကို....(၁) မိဖနှစ်ဖက်လုံးမှ ကောင်းသောအမျိုးဇာတ်ရှိသူဖြစ်ရမည်။ (၂) ဝေဒကျမ်းတတ်၊ ဂါထာမန္တာန်ဆောင်၊

ဝေဗသုံးကျမ်းဌ် တဖက်ကမ်းပေါက်သူ ဖြစ်ရမည်။ (၃) ရုပ်လှခြင်း၊ ရှုချင်ဖွယ်ကောင်းခြင်း၊ အဆင်းလှခြင်းနှင့် ပြည့်စုံသူဖြစ်ရမည်။ (၄) အကျင့်သီလရှိသူ ဖြစ်ရမည်။ (၅) ပညာရှိသူ၊ ဉာဏ်ရှိသူ၊ ယဇ်အလှူပွဲ ရရှိသူများအနက် အထက်တန်းနေရာ ရရှိသူဖြင်ရမည်။

ဗုဒ္ဓက မေးပြန်၏ "ဤအင်္ဂါငါးပါးထဲက တခုခုချုတ်ယွင်းလျှင်လည်း ဗြာဟ္မဏဖြစ်နိုင်သလော"

"ဖြစ်နိုင်ပါသည်။ အဆင်း (ဖြူသောအဆင်း)ကို ဖယ်ထားနိုင်ပါသည်။ အကယ်၍ ကျန်အင်္ဂါ၄လေးပါးရှိလျှင် ဗြာဟ္မဏမည်ပါသည်"

ဗုဒ္ဓက မေးပြန်၏- "ကျန်လေးပါးထဲက တပါးပါးကို ဖယ်ထားလိုက်လျှင်ဧကာ ဗြာဟ္မဏဖြစ်နိုင်ပါသလော"

"ဖြစ်နိုင်ပါသည်။ မန္တန်(၀ေဒ)ကို ဖတ်ရွတ်လေ့လာမှုကို ဖယ်ထားနိုင်ပါသည်။ အကယ်၍ အမျိုးဇာတ်ကောင်းလျှင်၊ အကျင့်သီလရှိလျှင်၊ပညာရှိလျှင် ဗြာဟ္မဏဟုခေါ်နိုင်ပါသည်"

ဗုဒ္ဓကမေးပြန်၏-"ဤသုံးပါးထဲက တပါးပါးကို ဖယ်ထားပြီး ကျန်အင်္ဂါနှစ်ပါးရှိလျှင်ကော ဗြာဟ္မဏဖြစ်နိုင်ပါသလော"

"ဖြစ်နိုင်ပါသည်။ အမျိုးဇာတ်ကောင်းခြင်း ဆိုသည့် စည်းကမ်းကို ဖယ်ထားနိုင်ပါသည်။ အကျင့်သီလကောင်းလျှင်၊ ပညာရှိလျှင် ဗြာဟ္မဏဟုခေါ်နိုင်ပါသည်"

သောဏဒဏ္ဍက ယင်းသို့ပြောလိုက်သည့်အခါ သူနှင့် အတူပါလာသည့် ဗြာဟ္မဏ အသိုင်းအဝန်းထဲ၌ လှုပ်လှုပ်ရှရှဖြစ်သွားပြီး သူ့ဘို့က ပြောပြသည်– "သောဏဒဏ္ဍ၊အဲဒီလိုမပြောပါနှင့်။ အဲဒီလိုမပြောပါနှင့်။ အသင်သည် အဆင်းကို ပစ်ပယ်နေ၏။

ဝေဒကို ပစ်ပယ်နေ၏။ အမျိုးဇာတ်ကို ပစ်ပယ်နေ၏။ ဤအတိုင်း သာဆိုလျှင် အသင်သည် သမဏ ဂေါတမ၏ အယူအဆကို လိုက်နာကျင့်သုံးနေပေသည်”

သောဏဒဏ္ဍ ခမျာမှာ စိတ် ဇဝေဇဝေဖြစ်သွားလေ၏။ ထိုခဏ၌ ဗုဒ္ဓက ဗြာဟ္မဏ တို့အား မိန့်တော် မူလိုက်သည်- “အကယ်၍ သင်တို့သည် သောဏဒဏ္ဍအား အကြားအမြင်မရှိ ဟုရင်း၊ စကားချေချေငံငံမပြောတတ်ဟုရင်း၊ ပညာမဲ့၏ဟုရင်း၊ အထင်ရှိကြလျှင် သင်တို့ဘဲ ငါနှင့်စကားပြောကြလော့။ အကယ်၍ သင်တို့သည် သောဏဒဏ္ဍအား ထိုဂုဏ် အရည် အချင်းများနှင့် ပြည့်စုံ၏ ဟု ယူဆလျှင် သူသာစကားတုံ့ပြန်ပြောဆိုပါစေ”

ထိုစကားကို ကြားရသည့်အခါ သောဏဒဏ္ဍသည် အားတက်သွားပြီး ဗုဒ္ဓအား ပြောလေ၏- “ရှင်ဂေါတမ၊ အသာနေပါ။ ကျွန်ုပ်သာလျှင် သူတို့ကို ပြန်လှန်ချေပပါမည်”

ယင်းသို့ပြောပြီးလျှင် သောဏဒဏ္ဍသည် ဗြာဟ္မဏများအား သူ၏ ဟူတော်သူ အင်္ဂ်က လုလင်ကို ပြပြီးပြောလေ၏- “အသင်တို့အားလုံး ကျွန်ုပ်၏ တူအင်္ဂ်ကကို မြင်ကြသည်မဟုတ်လော။”

“ဟုတ်ကဲ့။ မြင်ကြပါသည်”

“အင်္ဂ်ကဟာ အဆင်းနှင့် ပြည့်စုံ၏.... ယခု ဒီလူတို့ကိုထဲမှာ သမဏ ဂေါတမကလွဲပြီး တခြားဘယ်သူမှ သူလိုအဆင်းလှသူမရှိ။ အင်္ဂ်ကဟာ ဝေဒကျမ်းများကို လေ့လာသင်ကြားသူ ဖြစ်သည်။ မန္တန်ကို ဆောင်သူဖြစ်၏။ နိဃဏ္ဍုဗျာဂရဏ်းကျမ်းနှင့် တကွ ဝေဒကျမ်းသုံးစောင်၊ ငါးခု မြောက်ဖြစ်သော ဣတိဟာသကျမ်း တို့၌ တဖက်ကမ်းရောက် တတ်မြောက်သူဖြစ်၏။ သူသည် စာဆို ပညာရှိလည်းဖြစ်၏။ အမိအဖနှစ်ဖက်စလုံးမှ အမျိုးကောင်း

လည်းဖြစ်၏။ ယင်းဖြစ်သို့သော်လည်း အကယ်၍ အဂ်ိုကသည် သူ့အသက်ကို သတ်ပြားအုံ့၊ သူ့ဥစ္စာကို ခိုးပြားအုံ့၊ သူ့တပါး သားမယားကိုသွားလာပြားအုံ့၊မဟုတ်မရှန်ပြောပြားအုံ့၊သေရည် သေရက်သောက်ပြားအုံ့၊ ယင်းသို့ပြုလုပ်လျှင် သူ၏အဆင်းသည် ဘာဖြစ်ဦးမည်နည်း။ တတ်ထားသည့် ဝေဒ ကျမ်းများလည်း ဘာဖြစ်ဦးမည်နည်း၊ အမျိုးကောင်းသား ဖြစ်ခြင်းသည်လည်း ဘာတန်ဖိုး ရှိဦးမည်နည်း။ ပြောပြ စမ်းပါ အိုပြာဟွဏတို့” ပြာဟွဏများထံမှ အဖြေထွက်မလာပေ။ဗုဒ္ဓက တဖန်မေးပြန်၏- “ဤအဂ်ိုနှစ်ပါးထဲက တပါးပါးကို ပယ်လျှင်ကော ပြာဟွဏ ဖြစ်နိုင်ပါသလော”

သေဏာဒဏ္ဍက ပြောသည်- “အရှင်ဂေါတမ၊ မဖြစ်နိုင်ပါ။ ပညာကို အကျင့်သီလဖြင့် ဆေးကြောရပါ၏။ အကျင့်သီလကို ပညာဖြင့် ဆေးကြောရပါ၏။ အကျင့်သီလ ရှိရာ၌ ပညာရှိ၏။ ပညာရှိရာ၌ အကျင့်သီလရှိ၏။ အကျင့်သီလရှိသူ၏ အထံ၌ ပညာ ရှိ၏။ ပညာ ရှိသူ၏ အထံ၌ အကျင့်သီလ ရှိ၏။ သို့ပင်ဖြစ်သော်လည်း ကမ္ဘာ လောက၌ အကျင့်သီလသည် ပညာ၏ ရှေ့သွားခေါင်းဆောင်အဖြစ် အသိအမှတ် ပြုအပ်သည်....”

ဗုဒ္ဓသည် အကျင့်သီလနှင့် အသိပညာကို လူ၏ မြင့်မြတ်မှု အတွက် အဓိက မှတ်ကျောက် အဖြစ် သတ်မှတ် ထားသည်။ အကျင့်သီလနှင့် အသိပညာရှိသော ပုဂ္ဂိုလ်ဖြစ်လျှင် မည်သည့် အရောင်အဆင်း ရှိသူဖြစ်ဖြစ် ထိုပုဂ္ဂိုလ်အား ဗုဒ္ဓက မြင့်မြတ်သူ ဖြစ်၏ဟု ယူဆတော်မူသည်။

ဒီဃနိကာယ် “အမ္ဗဋ္ဌသုတ်” ၌လည်း ဗုဒ္ဓသည် ဇာတ်ခွဲခြားမှု၊ အရောင်အသွေး ခွဲခြားမှုကို ထိုးနှက်ထားလေသည်။ ဂဂ်ါမြစ်

မြောက်ပိုင်း ယခုခေတ် အဝဓီ ဘာသာစကားပြောသည့် နယ်မြေ သည် ရှေးခေတ်က ကောသလဟူ၍ အမည်တွင်ခဲ့လေ၏။သာဝတ္ထိ (ဆဟက်မဟက် ဂေါန်ဒါဒိစတြိတ်)သည် ကောသလ၏ နေပြည် တော်ဖြစ်ပြီး အစိရဝတီ (ရာပတီ) မြစ်ကမ်းပါးဌ် တည်ရှိခဲ့လေ၏။ သာကေတ (အယောဓယာ) သည်လည်း ကောသလ၏ ပြဋ္ဌာန်း သော မြို့တမြို့ဖြစ်လေသည်။ ထိုကောသလတိုင်းဌ် ဣစ္ဆာနင်္ဂလ အမည်ရှိ ဗြာဟ္မဏတို့၏ ရွာကြီးတရွာ ရှိလေသည်။ ထိုခေတ်က ကျွန်ုပ်တို့နိုင်ငံ၏ လူဦးရေသည် ယခုခေတ် လူဦးရေ၏ ဆယ်ပုံ တပုံမျှပင်မရှိ၍ လယ်ယာကနည်းပြီး တောက မျှားခဲ့လေ၏။ ရွာတိုင်းရွာတိုင်းမှာ တောရှိကြသည်။ ဗုဒ္ဓသည် ရွာ၏အပြင် ဘက်ဌ် သီတင်းသုံးလေ့ရှိပေ၏။

တခါသော် ဗုဒ္ဓသည် ဒေသစာရီ ကြွချီရင်း ဣစ္ဆာနင်္ဂလရွာ၏ တောသို့ ရောက်ရှိလာပြီး ထိုတောဌ်သီတင်းသုံးနေ၏။ကောသလ ဘုရင် ပသေနဒီသည် လေးစားအပ်သော ဗြာဟ္မဏပေါက္ခရ သာဒီအား ဣစ္ဆာနင်္ဂလရွာကိုဆုလာဘ်အဖြစ် အပိုင်စားပေးထား လေ၏။ ဣစ္ဆာနင်္ဂလရွာကြီးသည် အလွန်တရာ စည်ပင်ဝပြောပြီး, လူဦးရေ စည်ကားလှသည့် ရွာကြီးတရွာ ဖြစ်လေသည်။ပေါက္ခရ သာဒီသည် ထိုခေတ်က အလွန်တရာပညာလည်းရှိ သြဇာတိက္ကမ လည်းရှိသော ဗြာဟ္မဏဖြစ်လေသည်။ သူ့ထံဌ် ရာပေါင်းများ စွာသော တပည့်ကျောင်းသားများ ပညာသင်ကြားနေကြသည်။ သမဏဂေါတမ ဣစ္ဆာနင်္ဂလရွာသို့ ကြွရောက်လာသည် ဆိုသည့် သတင်းကို ကြားသိရသည့်အခါ ပေါက္ခရသာဒီ ဗြာဟ္မဏကြီး သည် မိမိကိုယ်တိုင်မသွားဘဲ မိမိ၏တပည့်ကြီး အမ္ဗဋ္ဌအား ဗုဒ္ဓ၏အထံသို့ စကားပြောဆိုရန် လွှတ်လေ၏။ အမ္ဗဋ္ဌသည်

ဗြာဟ္မဏ လုလင်ဖြစ်သည်။ လိုခဏတ်က ဗြာဟ္မဏတို့၏ သျှဉ်ဘုရ ကျေးဖျားနှင့် ဝေဒကျမ်းများကို သူသည် ပိုင်ပိုင်နိုင်နိုင် ဆည်းပူး တတ်ခဲ့ကြောက်ထားသူဖြစ်သည်။ ပညာမာန်လည်း ရှိသူဖြစ်သည်။ ဗုဒ္ဓသည်သည် ဗြာဟ္မဏတို့၏ အချက်အလက်ပေါင်းများစွာကို ချိုးဖျက် နေသည်ဟူသော သတင်းကို ကြားထား၏။ သို့ဖြစ်၍ သူသည် ဗုဒ္ဓအား ဝါဒငြင်ခုံရာ၌ အနိုင်ယူလိုက်မည်ဟူသော ရည်ရွယ် ချက်ဖြင့် ဗုဒ္ဓသီဘင်းသုံးရာသို့ ရောက်ရှိလာလေ၏။ အချိန်မှာ ဘေဒုံဆိုရမည့် အခါမဟုတ်ပေ။ ဗုဒ္ဓသည် ကျောင်းခန်းအတွင်း၌ ရှိနေ၏။ အပြင်မှ တံခါးပိတ်ထား၏။ ရဟန်းများက အမှုဌကို ပြောကြ-"တံခါးပိတ်ထားသည့်ကျောင်းခန်းရှိသည်။ ထိုကျောင်း ခန်းသို့ ဖြည်းညင်းစွာသွားပြီး ဝရံဘာရောက်လျှင် ချောင်းဟန် လျှက် တံခါးကို ခေါက်လော့။ ဘုရားရှင်က သင့်ကို တံခါးဖွင့် ပေးလိမ့်မည်"

အမှုဌက ထိုအတိုင်းပင်ပြုလုပ်လေသည်။ ဘုရားရှင်က တံခါးကို ဖွင့်ပေးလေ၏။ အမှုဌသည် ကျောင်းခန်းအတွင်းသို့ ဝင်သွား လေ၏။ သူသည် သမထခဝါဘမအား လောကဝတ်လုပ်ရန် မလိုဟု အောက်မေ့လေသည်။ သို့ဖြင့်၍ ဗုဒ္ဓ စကြံ့ယျောက်နေစဉ် ခဏ၌ ထိုင်ပြီး မေးခွန်းများကို မေးလေ၏။ ၎င်းမှာ လောက ဝတ်-ခ-ဆန်ကျင်သည်။ လောကဝတ် အလေးမမူခြင်းကို ဗုဒ္ဓသည် နှစ်မြို့တောက်မမူ။ အမှုဌအား မေးလေ၏-

"အမှုဌ၊ သင်တို့ဆီမှာ အသက်အရွယ်ကြီးသည့် လေးစား အပ်သော ဆရာ့ဆရာ ဗြာဟ္မဏတို့နှင့် ဤနည်းအတိုင်းတဲ့ စကား ပြောဆိုကြသလော"

အမ္မဒ္ဒက ပြန်ပြောလေ-- "မဟုတ်ပါ။ ရှင်ဂေါတမ၊ ကျွန်ုပ်ဟာ့ဆီမှာ လမ်းလျှောက်နေသည့် ဗြာဟ္မဏနှင့် လမ်းလျှောက်လျက်၊ ရပ်နေသည့် ဗြာဟ္မဏနှင့် ရပ်လျက်၊ ထိုင်နေသည့် ဗြာဟ္မဏနှင့် ထိုင်လျက် စကားပြောဆိုရပါသည်။ အိပ်နေသည့် ဗြာဟ္မဏနှင့်လည်း အိပ်လျက်ပင် ပြောဆိုရပါသည်။ သို့သော်လည်း ဘိုးပြည်းဖြစ်ကုန်သော၊ ရဟန်းဖြစ်ကုန်သော၊ ယုတ်နိမ့်ကုန်သော၊ မည်းနက်ကုန်သော၊ ဗြဟ္မာ၏ခြေဖမိုးမှ ပေါက်ဖွားကုန်သောသူတို့နှင့်မူယခု သင် ဂေါတမနှင့် စကားပြောသည့်နည်းအတိုင်းပင် စကားပြောရပါသည်"

ဗုဒ္ဓက ရှင်းလင်းပြောပြလေ၏-

"အမ္မဒ္ဒ၊ သင် ဤနေရာသို့လာခြင်းမှာ ဟောင်းခံသူအနေဖြင့် လာခြင်းဖြစ်သည်။ အကြင်ကိစ္စအတွက် လာ၏။ ထိုကိစ္စကိုသာ လျှင် နှလုံးထဲမှာ ထားသင့်ပေသည်။ သင်သည် ဆရာသမားကြီးများထံမှာ နေဘူးပုံမပေါ်ပေ။ ဆရာသမားများထံမှာ မနေဘူးဘဲနှင့် သင်သည် ဆရာသမားများထံ၌ နေရခြင်းဟူသော မာန်မာနတက်နေသည် မဟုတ်လော"

အမ္မဒ္ဒသည် ငယ်ရွယ်စဉ်ကပင် စတင်၍ ဆရာသမား၏ခြေရင်း၌ ထိုင်ပြီး သျှောရကျမ်း၊ ဝေဒကျမ်းများကို သင်ကြားဆည်းပူးလာခဲ့သူဖြစ်၏။ သူသည် ဗုဒ္ဓ၏စကားကြောင့် အတော်အောင့်သက်သက်ဖြစ်သွားလေ၏။ ဒေါသဖြင့် ဗုဒ္ဓအား ပြန်ပြောလေ၏-

"အရှင်ဂေါတမ၊ သာကျမျိုးနွယ်များသည် ခက်ထန်ကြသည်။ ကြမ်းတမ်းကြသည်။ စကားများသည်။ ဇာတ်နိမ့် ဖြစ်ကြသည်ဖြစ်၍ သူတို့သည် ဗြာဟ္မဏတို့ကို အလေးအခြေတ် မပြုကြကုန်။

မပူဇော်ကြကုန်။ ယုတ်နိမ့်သော သာကျများက ဗြာဟ္မဏတို့ကို မလေးစား မပူဇော်ကြခြင်းမှာ မသင့်လျော် မလျောက်ပတ်ပေ”

ဝုဒ္ဓက မေးလိုက်ပြန်၏– “အမှဋ္ဌ၊ သာကျတွေက ဘယ်လိုပြုမှား ကျူးလွန်ကြသနည်”

အမှဋ္ဌ။ ။တခါတုန်းက ကျွန်ုပ်သည် ဆရာရှင်၏ ကိစ္စတခုဖြင့် ကပိလဝတ်ရှိ သန္ဌာဂါရ (လွှတ်တော်ဆောင်) သို့ သွားခဲ့သည်။ ထိုအချိန်၌ များစွာကုန်သော သာကျနှင့် သာကျမင်းညီမင်းသား တို့သည် သန္ဌာဂါရရှိ မြင့်သောနေရာများ၌ထိုင်ပြီး တယောက် နှင့်တယောက် ကလိထိုးလျက် ရယ်ကြသည်။ ကျွန်ုပ်ကို ရယ်နေ သကဲ့သို့ပင် ထင်ရသည်။ ဘယ်သူကမျှ ကျွန်ုပ်အား နေရာတွင် ထိုင်ရန် မပြောပေ။ ရှင်ဂေါတမ၊ ထိုယုတ်ညံ့သည့် သကျ များက ဗြာဟ္မဏတို့အား ရိုသေလေးမြတ်ခြင်း ပူဇော်ခြင်း မပြု သည်မှာ မသင့်လျော် မလျောက်ပတ်ပေ။

ဝုဒ္ဓ။ ။အမှဋ္ဌ၊ ဘီလုံးငှက်မတောင်မှ မိမိအသိုက်ထဲမှာ ကိုယ့်သဘောအတိုင်း အော်မြည်နိုင်သေးသည်။ ကပိလဝတ်သည် သာကျတို့၏ ကိုယ်ပိုင်တိုင်းပြည်ဖြစ်သည်။ ဤမပြောပလောက် သည့် အကြောင်းဖြင့် သင် သူတို့အပေါ်မှာ အာဃာတ မထား သင့်ပေ။

အမှဋ္ဌ။ ။ရှင်ဂေါတမ၊ ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿ၊ သုဒ္ဒ ဟူ၍ အမျိုးဇာတ်လေးမျိုး ရှိကြကုန်၏။ ၎င်းတို့အနက် ခတ္တိယ၊ ဝေဿ၊ သုဒ္ဒ အမျိုးဇာတ်သုံးမျိုးတို့သည် ဗြာဟ္မဏအမျိုးဇာတ်၏ အလုပ်အကျွေးဖြစ်ကြကုန်၏။ သို့ဖြစ်၍ သာကျတို့၏ အမူအကျင့် သည် မသင့်လျော် မလျောက်ပတ်ပေ။

ဗုဒ္ဓသည် အမွဋ္ဌအား အလျှောမပေးဘဲ အပေါ်စီးကနေပြီး ပြောဆို နေသည်ကိုသာ တွေ့ရသည်ဖြစ်၍ မေးလိုက်လေ၏။

"အမွဋ္ဌ၊ သင်၏ အနွယ်ကား အဘယ်နည်း"

အမွဋ္ဌ။ ။ကျွန်ုပ် ကဏ္ဍာယန အနွယ်ဖြစ်ပါသည်။

ဗုဒ္ဓ။ ။အမွဋ္ဌ၊သင်၏ ဤရှေးအမည် ရှေးအနွယ်အရဆိုလျှင် သာကျတို့က သခင့်သား (အရှင့်သား) မျှားဖြစ်ကြပြီး သင်က သာကျတို့၏ ကျွန်မသားဖြစ်ပေသည်။ သာကျဘုရင်တို့သည် ဣက္ခွာကု (ဥက္ကာက) ဘုရင်၏ အဆက် အနွယ်ဖြစ်ကြကုန်သည်။ ရှေးအခါက ဘုရင်ဣက္ခွာကုသည် မိမိချစ်သူမိဖုရား၏ သားတော်အား တိုင်းပြည်နိုင်ငံ အပ်နှင်းလိုသည့် ဆန္ဒဖြင့် ဥက္ကာမုခ၊ ကရဏ္ဍု၊ဟတ္ထိနိက၊သိန္ဓိသရအမည်ရှိသည့် သားကြီးလေးယောက်အား ပြည်နှင်ဒဏ်ပေးလိုက်လေသည်။ သားကြီးလေးဦးတို့သည် ပြည်နှင်ဒဏ်ပေးခြင်းခံရသဖြင့် ဟိမဝန္တာ၏ အနီးရှိ ရေကန်၏ ကမ်းပါးရှိ ကျွန်းတောကြီး၌ နေထိုင်ကြသည်။ အမျိုးပျက်သွားမှာစိုးရိမ်သည်ဖြစ်၍ သူတို့သည် မိမိတို့၏ နှမများနှင့် ပေါင်းဖက်ကြလေသည်။ အမွဋ္ဌ၊ ဘုရင်ဣက္ခွာကုက သူ၏အမတ်များနှင့် နန်းတွင်းသူနန်းတွင်းသားများအား 'ယခုအချိန် သားတော်များ ဘယ်မှာရှိကြသနည်း'ဟု မေးလေ၏။

'အရှင်မင်းကြီး၊ သားတော်များသည် ယခုအချိန်တွင် ဟိမဝန္တာအနီးရှိ ရေကန်၏ ကမ်းပါးရှိ ကျွန်းတောကြီး၌ နေကြပါသည်။ သူတို့သည် အမျိုးပျက်မှာစိုး၍ မိမိတို့၏ နှမများနှင့် ပေါင်းဖက်နေကြသည်'

"အမွဋ္ဌ၊ ထိုအခါ၌ ဣက္ခွာကုမင်းကြီးက ဥဒါန်းကျူးရင့်လေ၏–'အချင်းတို့၊ သားတော်တို့သည် စွမ်းနိုင် (သာကျ) ကြပေ၏

တကား'- အမ္ဘဋ္ဌ၊ ထိုအခါမှ အစပြုပြီး ထိုမင်းသားတို့သည် သာကျမဟူသော အမည်နာမဖြင့်သာလျှင် ထင်ရှားကာ၊ ထိုဣတ္ထာကုဘုရင်သည် သူ၏ ရှေးဦးစွာသော ပုဂ္ဂိုလ်ဖြစ်၏။ အမ္ဘဋ္ဌ၊ ဘုရင်ဣက္ခာကုဌ် ဒီသာအမည်ရှိ ကျွန်မရှိလေသည်။ ထိုကျွန်မမှ ကဏ္ဍ (ကဏ္ဍရဏ)အမည်ရှိ သားဖွားမြင်လေ၏။ ဖွားမြင်ပြီးသည်နှင့် တပြိုင်နက် ကဏ္ဍကပြော၏-'မိခင်၊ ကျွန်ုပ်ကို ဆေးကြောပေးပါလော့။ မိခင်၊ကျွန်ုပ်ကို ရေချိုးပေးပါလော့။ ဤအညစ်အကြေးမှ လွတ်ကင်းအောင်ပြုပါလော့။ ကျွန်ုပ်သင်တို့၏ အကျိုးဆောင်ရွက်သူဖြစ်ပါလိမ့်မည်။' အမ္ဘဋ္ဌ၊ ယခုခေတ်အခါတွင် လူတို့သည် ပိသာစ(ဘီလူး)တို့ကို ပိသာစဟု ခေါ်သကဲ့သို့ ထိုခေတ်အခါက ပိသာစတို့ကို ကဏ္ဍ (ကဏ္ဍရဏ)ဟု ခေါ်ကြသည်။ လူတို့သည် 'ဤသူငယ်သည် မွေးဖွားစဖြစ်လျက် စကားပြောသည်။ သို့ဖြင့်ရှိ ကဏ္ဍမွေးဖွားသည်၊ 'ပိသာစ'မှ ဖွားသည်'ဟု ပြောကြလေ၏။ သူ၏ အဆက်အနွယ်များသည် နောင်သောအခါ၌ ကဏ္ဍာယနဟု တွင်လေသည်။ ထိုကဏ္ဍသည် ကဏ္ဍာယန အနွယ်တို့၏ ရှေးဦးပုဂ္ဂိုလ်ဖြစ်လေသည်။ အမ္ဘဋ္ဌ၊ ယင်သို့အားဖြင့် သင့်မိဘတို့၏ အနွယ်ကို စဉ်းစားလိုက်လျှင် သာကျတို့သည် သခင့်သားများဖြစ်ကြပြီး သင်ကမူ ကျွန်မသားဖြစ်လေသည်။

ရှေးအဆက်ဆက်ကစပြီး ယင်းကဲ့သို့ ပြောစမှတ်ပြုကြသည်။ အမ္ဘဋ္ဌသည် ကဏ္ဍာယန အမျိုးနွယ်ထဲကဖြစ်သည်။ ထိုအနွယ်၏ အစဦးပုဂ္ဂိုလ်ဖြစ်သည့်ကဏ္ဍသည် ကျွန်မက မွေးဖွားသူဖြစ်သည်။ အမ္ဘဋ္ဌနှင့်အတူသွားကြသည့် ကျောင်းသား အသိုက်အဝန်းသည် "အမ္ဘဋ္ဌက ကျွန်မသားပါကလား"ဟု ဟစ်အော်ကြွေးကြော်ကြ

လေ၏။ ထိုအခါ ဗုဒ္ဓသည် ရှေးဟောင်း အစဉ်အလာစကား၏ ကျန်အစိတ်အပိုင်းကို မိန့်တော်မူပြန်လေ၏-

"လုလင်တို့၊ သင်တို့သည် အမှုဌ လုလင်ကို ကျွန်မသားဟု ပြောပြီး လွန်လွန်ကဲကဲ မရှုတ်ချကြနှင့်။ ထိုကဿဟူသည်မှာ ရဇသွေးကြီးဖြစ်လေသည်။ ထိုရဇ သွေးကြီးသည် ဘကြီးတိုင်းသို့ သွားပြီး ဗြဟ္မဒတ်ကို သင်ကြားပြီး ဘုရင်ကြီး ကုန်၏ အထံသို့သွားလျက် ဘုရင်မင်းကြီးထံမှ ခုဒ္ဒရူပ်အမည်ရှိ သွီးကညာကို တောင်းလေသည်။ဤကဿကုဘုရင်သည် 'အောင်မယ်၊ သူကငါ့ကျွန်မသားဖြစ်လျက်နှင့် ငါ့သွီးကို တောင်းရသလား' ဟု စိတ်ဆိုးပြီးလျှင်၊ မကျေမနပ်ဖြစ်ပြီးလျှင်၊ လေးတွင်ကြားကို တင်လေ၏။ သို့ရာတွင် ဘုရင်မင်းကြီးသည် မြားကိုလွှတ်လည်း မလွှတ်နိုင်၊ ရုပ်လည်းမရုပ်နိုင် ဖြစ်နေလေသည်။ ထိုအခါ အမတ်များနှင့် မင်းချင်း ယောကျ်ားတို့သည် ရဇသွေ၏ အထံသို့ သွားပြီးပြော လေ၏-

'အရှင်မြတ်၊ ဘုရင်မြတ်အား ချမ်းသာခြင်းဖြစ်ပါစေလော့၊ ဘုရင်မင်းမြတ်အား ချမ်းသာခြင်း ဖြစ်ပါစေလော့'

"အကယ်၍ မြားကိုအောက်သို့လွှတ်ငြားအုံ၊ ဘုရင်မင်းမြတ်အား ချမ်းသာခြင်းဖြစ်လတ္တံ့။ သို့ရာတွင် ဘုရင်မင်းကြီး၏ နိုင်ငံတဝှမ်းလုံးခွဲ မြေကြီးသည် ကြွေမွှသွားလတ္တံ့"

'အရှင်မြတ်၊ ဘုရင်မင်းမြတ်အားလည်း ချမ်းသာခြင်းဖြစ်ပါစေလော့။ ဇနပုဒ်(တိုင်းနိုင်ငံ) အားလည်း ချမ်းသာခြင်းဖြစ်ပါစေလော့'

'အကယ်၍ ဘုရင်မင်းကြီးသည် မြားကို အပေါ်သို့လွှတ်လျှင် ဘုရင်မင်းကြီးအားလည်း ချမ်းသာခြင်း ဖြစ်လတ္တံ့။ ဇနပုဒ်

(တိုင်းနိုင်ငံ) အားလည်း ချမ်းသာခြင်းဖြစ်လတ္တံ့၊ သို့ရာတွင် ဘုရင်မင်းကြီး၏ တိုင်းနိုင်ငံတဝန်းလုံး၌ ခုနစ်နှစ်တိတိ မိုးခေါင်လတ္တံ့'

'အရှင်မြတ်၊ ဘုရင်မင်းကြီးအားလည်း ချမ်းသာခြင်းဖြစ်ပါစေလော့၊ ဇနပုဒ် (တိုင်းငံ) အားလည်း ချမ်းသာခြင်းဖြစ်ပါစေလော့။ မိုးလည်းရွာပါစေလော့'

'အကယ်၍ ဘုရင်မင်းကြီးသည် သားကြီး၏အပေါ်၌ မြားကိုလွှတ်လျှင်၊ သားကြီးကလည်း ကြက်သီးမွေးညှင်းမျှ မထဘဲ ချမ်းသာစွာရှိနေလျှင်၊မိုးလည်းရွာလတ္တံ့'

"ထိုအခါ အမတ်များက ဣက္ခွာကုမင်းကြီးအားပြောလေ၏– 'သားကြီးအပေါ်ကို မြားလွှတ်ပါလော့၊သားကြီးသည် ကြက်သီးမွေးညှင်းမထဘဲ ချမ်းသာစွာ ရှိနေပေလိမ့်မည်' ဘုရင် ဣက္ခွာကုသည် သားကြီးအပေါ် မြားလွှတ်လိုက်၏....။ထိုဗြဟ္မ(မန္တန်)ဖြင့် ခြိမ်းခြောက်ခံရသည် ဖြစ်၍ ကြောက်ရွံ့ ထိတ်လန့် ကြက်သီးမွေးညှင်းထပြီးလျှင် ဣက္ခွာကု ဘုရင်မင်းကြီးသည် ရဟန်းအားသို့မီးကညာကို ပေးလေသည်။ လုလင်တို့၊ သင်တို့သည် အမှုဌ လုလင်ကို ကျွန်မသားဟု ခေါ်ပြီး လွှန်လွှန်ကဲကဲမရှုတ်ချကုန်လင့်၊ ထိုကဏ္ဍသည် ရဟန်းကြီးဖြစ်လေသည်"

ဝုဒ္ဓသည် ဝိဇ္ဇာ(ပညာ)နှင့် စရဏ(အကျင့်)ကို မြင့်မြတ်ခြင်း၏ အကြောင်းဟု ဟောပြတော်မူသည်။ ဝိဇ္ဇာနှင့် စရဏာသည် အခါခပ်သိမ်းမြင့်မြတ်ကြီးကျယ်ခြင်း၏ မှတ်ကျောက် ဖြစ်နေပေလိမ့်မည်။

မဟာဇနဝါဒိ ဗုဒ္ဓ

ဗုဒ္ဓသည် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၏ အကြီးကျယ်ဆုံးသော ဇနဝါဒီ (ပြည်သူ့ဝါဒီ၊ လူထုဝါဒီ) ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။ ဘယ် ထာဝရ ဘုရားသခင် သို့မဟုတ် လောက အပြင်ဘက် ဘယ်ကောင်းကင်ဘုံ စွမ်းရည်သတ္တိကို မျှ ဗုဒ္ဓသည် ယုံကြည်တော်မမူ။ ထိုအရာမှ ကမ္ဘာလောက ကောင်းကျိုး ဖြစ်ထွန်းလိမ့်မည် ဟုလည်း မျှော်လင့်ချက် ထားတော်မမူပေ။ ဗုဒ္ဓသည် မျှားစွာသော ပြည်သူလူထု၏ အကျိုးရှိမှု ချမ်းသာမှု(ဗဟုဇန ဟိတသုခ) ကိုသာလျှင် အမြင့်ဆုံးဟူ၍ အသိအမှတ်ပြုသည်။ ယင်းအတွက် မိမိဘဝကို အပ်နှင်းခဲ့သည်။ မိမိ၏ တပည့် မျှားအားလည်း မျှားစွာသော ပြည်သူ လူထု၏ အကျိုးရှိမှုအတွက်၊ မျှားစွာသော ပြည်သူလူထု၏ ချမ်းသာမှုအတွက် (ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ)ကမ္ဘာလောကတခုင်တွင် လှည့်လည်ကြရန် ဦးနှိုးတော်မူခဲ့လေသည်။

ထိုခေတ် ဝေသာလီ၌ ယင်းကဲ့သို့သော အမျှားကို ဦးစားပေးသည့် အလေ့အထ ထွန်းကားလျက်ရှိသည်။ ထိုကြောင့်ပင် ဗုဒ္ဓသည် ဝေသာလီအား ထူးထူး ခြားခြား အလေးပေးခြင်း ဖြစ်လေ၏။ ဗုဒ္ဓသည် မိမိ၏ သံဃ အဖွဲ့ အစည်းကို ဂဏ

အုပ်ချုပ်ရေး ဒီမိုကရေစီ အုပ်ချုပ်ရေး၏ အခြေခံအရ တည်ထောင် ဖွဲ့ဝင်းခဲ့လေသည်။ သံဃအဖွဲ့အစည်း၏ လုပ်ငန်းကိစ္စ ပြုလုပ် ဆောင်ရွက်ရန်အတွက် သတ်မှတ်ထားသော နည်းစံနစ်များ၊ ရှာ ဝေသာလီ ဂဏ နိုင်ငံ၏ အုပ်ချုပ်ရေးဌာန် လိုက်နာကျင့်သုံးသော နည်းစံနစ်များ သားလျှင် ဖြစ်လေသည်။ ဗုဒ္ဓက ဆုံးဖြတ်ချက်ဘုရားကို အများ၏ အလိုဆန္ဒအရ ပြုလုပ်ရန်ဟော ပြတော်မူသည်၊ ၎င်းကို ထိုခေတ် အသုံးအနှုန်းဖြင့် "ယေဘုယျသိက"ဟု ခေါ်လေသည်။ ယေဘုယျသိက (အများဆန္ဒလိုက်ပြီး ဆုံးဖြတ်ခြင်း) သည် ပဋိပက္ခကို ငြိမ်းအေးစေသည့် နည်းရှုနှစ် နည်းတွင် နည်းတနည်း ဖြစ်လေသည်။

(ဝိနယပိဋကတ၊ စူဠဝဂ္ဂ ၄ သမထ ခန္ဓက)

အများဆန္ဒကို သိရှိရန်အတွက် မဲ (စာရေးတံမဲ) ပေးရန် လိုအပ်ပေသည်။ မဲအတွက် ခဲတံ ကဲ့သို့သော အရောင်နှစ်မျိုးရှိသည့်တုတ်တံများကို အသုံးပြုရလေသည်။ ၎င်းကို သလာကာဟု ခေါ်လေသည်။ မဲ၏ အမည်ဟောင်းခှာ ဆန္ဒဖြစ်သည်။ ဆန္ဒ၏ အဓိပ္ပာယ်ခှာ အလို ဖြစ်သည်။ ဝိနယ ပိဋက (စူဠဝဂ္ဂ ၄) အဋ္ဌကထာ၌ အများဆန္ဒ(ယေဘုယျသိက)အလိုက် ဆုံးဖြတ်ခြင်း အကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားလေသည်။(ဗုဒ္ဓက မိန့်တော်မူ၏)-

"ရဟန်းတို့၊ ဤသို့ သဘောရှိသော ပဋိပက္ခ(အဓိကရုဏ်း)ကို အများဆန္ဒ လိုက်၍ ဆုံးဖြတ်သည့် ယေဘုယျသိက နည်းဖြင့် ငြိမ်းအေးအောင် ပြုလုပ်ရန် ငါခွင့်ပြုသည်။ အင်္ဂါ၊ ငါးရပ်နှင့် ပြည့်စုံသည့် ရဟန်းအား သလာကာ ဂဟာပက(စာရေးတံမဲဝေ ရဟန်း)ဟု မှတ်ယူရမည်။ (၁) မိမိ ဆန္ဒအားလျော်စွာ လမ်းသို့

မသ္ဌားရ (ဆန္ဒာဂတိ မလိုက်ရ)။ (၂) ဒေါသအားလျော်စွာ လမ်းသို့ မသ္ဌားရ (ဒေါသာဂတိ မလိုက်ရ)။ (၃) မောဟအား လျော်စွာ လမ်းသို့ မသ္ဌားရ (မောဟာ ဂတိ မလိုက်ရ)။ (၄) ကြောက်သည့်အားလျော်စွာ လမ်းသို့ မသ္ဌားရ (ဘယာဂတိ မလိုက်ရ)။ (၅) ပဌမက ဆုပ်ကိုင် ထားသည့် လမ်းသို့ မသ္ဌားရ။....ယောဘုယျသိက ဟူသည်ကား အဘယ်နည်း။အမျှား ဆန္ဒအရ အမှားကိစ္စကိုပြုခြင်း။....အမှားကိစ္စကို လက်ခံခြင်း.... ယင်းသို့အားဖြင့် ဝဋ်ဝက္ခ ပြိမ်းအေး သ္ဌားလိမ့်မည်။....မဲဆန္ဒ ပေးသော ရဟန်းသည် အကယ်၍ မကျေနပ်လျှင် ပါစိတ် အာပတ် သင့်၏။.... 'ရဟန်းတို့၊ မဲဆန္ဒယူနည်း' သုံးမျိုးကို ငါခွင့်ပြု၏။ (၁)လျှို့ဝှက်သော မဲဆန္ဒယူနည်း။ (၂) နားရင်းခ္ခ် ကပ်၍ မဲဆန္ဒယူနည်း။ (၃) ပြောင် မဲဆန္ဒယူနည်းတို့ ဖြစ်ကြ၏။ ရဟန်းတို့၊ ဘယ်ကဲ့သို့ လျှို့ဝှက်သော မဲဆန္ဒယူနည်းကို ပြုလုပ်ရ သနည်း။ ထိုမဲဝေ ရဟန်းသည် မဲများကို အရောင် အမျိုးမျိုး ပြုလုပ်၍ ရဟန်းတပါးစီ တပါးစီ၏ အနီးသို့ကပ်ပြီး 'ဤကား ဤမည်သော အယူရှိသူ၏ မဲဖြစ်သည်။ ဤကား ဤမည်သော အယူရှိသူ၏ မဲဖြစ်သည်။ ကြိုက်သည့်မဲကို ယူပါ'ဟု ပြောရမည်။ မဲများကို ယူသော အခါ၌ 'မည်သူကိုမျှ မပြန့်' ဟုလည်း ပြောရမည်။ ရဟန်းတို့၊ ယင်းသို့အားဖြင့် လျှို့ဝှက်သော မဲဆန္ဒ ယူခြင်းသည် ဖြစ်၏။ ရဟန်းတို့၊ ဘယ်ကဲ့သို့ နားရင်းခ္ခ်ကပ်၍ မဲဆန္ဒယူနည်းကို ပြုလုပ်ရသနည်း။ မဲဝေရဟန်းသည် ရဟန်း တဦးစီတဦးစီ၏ နား နားသို့ကပ်၍ 'ဤကား ဤမည်သော အယူ ရှိသူ၏ မဲဖြစ်သည်။ ဤကား ဤမည်သော အယူ ရှိသူ၏ မဲဖြစ်သည်။ ကြိုက်သည့်မဲကို ယူပါ'ဟု ပြောရမည်။ မဲများကို

ယူသောအခါ၌ 'မည်သူကိုမျှ မပြောနှင့်' ဟုလည်း ပြောရမည်။ ရဟန်တို့၊ နားရင်း၌ ကပ်၍ မဲဆန္ဒယူခြင်းသည် ဖြစ်၏။ ရဟန်းတို့၊ အဘယ်ကဲ့သို့ ရောဂ၊ မဲဆန္ဒယူနည်းကို ပြုလုပ်ရသနည်း၊ ယုံကြည်စိတ်ချစွာဖြင့် ပွင့်ပွင့်လင်းလင်းပင် မဲဆန္ဒကို ယူစေရမည်''

ဗုဒ္ဓသည် ပုဂ္ဂိုလ်ထက် လူ၏လောက လူ အဖွဲ့ အစည်းအား မြင့်မြတ်သည်ဟု ယူဆတော်မူသည်။ ပုဂ္ဂိုလ်နှင့် လူအဖွဲ့အစည်း နှစ်မျိုးရှိသည့်အနက်က တခုခုကို ရွေးကောက်ရမည်ဟု ဆိုလျှင် ဗုဒ္ဓသည် လူ အဖွဲ့ အစည်းကိုသာ အလေးအနက် ပြုတော်မူလေ၏။ ဗုဒ္ဓ လက်ထက်တော် အခါက အဖြစ် အပျက် တခု ဖြစ်ပျက်ခဲ့ဘူးသည်။

(မဇ္ဈိမနိကာယ် ၃၊ ၄၊ ၁၂)-

''အခါတပါး၌ ဘုရားရှင်သည် သာကျတိုင်း ကပိလဝတ်ရှိ နိဂြောဓာရုံ ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။ မဟာပဇာပတိ ဂေါတမီသည် အသစ်ဖြစ်သော အဝတ်အစုံကို ယူ၍ ဘုရားရှင် ရှိရာသို့ လာလေ၏။ ဘုရားရှင် အထံသို့ ရောက်သော အခါ ဘုရားရှင်အား ရှိခိုးပြီး နေရာတခုတွင် ထိုင်လေ၏။ နေရာတခုတွင် ထိုင်ပြီးသောအခါ ပဇာပတိ ဂေါတမီသည် ဘုရားရှင်အား လျှောက်ထားလေသည်-

''အရှင်ဘုရား၊ တပည့်တော် ကိုယ်တိုင်ဖြတ်၊ ကိုယ်တိုင် ချုပ်သော ဤအဝတ်အစုံ အသစ်ကို အရှင်ဘုရားအား ဌာဒါန်းပါသည်။ အလှူခံတော်မူပါ''

ယင်းသို့ လျှောက်ထားသောအခါ ဘုရားရှင်က မဟာပဇာပတိ ဂေါတမီအား မိန့်တော်မူလေ၏-

"ဂေါတမီ၊ သံဃာအား ပေးလှူလော့။ သံဃာအား ပေးလှူလျှင် ငါ့ကိုလည်း ပူဇော်ပြီးဖြစ်လတ္တံ့၊ သံဃာကိုလည်း ပူဇော်ပြီး ဖြစ်လတ္တံ့"

နှစ်ကြိမ်မြောက်လည်း....လျှောက်ထား၏- "အရှင်ဘုရား တပည့်တော်....

"ဂေါတမီ၊ သံဃာအား...." သုံးကြိမ်မြောက်လည်း....

ထိုအခါ ရှင်အာနန္ဒာက ဘုရားရှင်အား လျှောက်ထားလေ၏။

"အရှင်ဘုရား၊ အရှင်ဘုရားသည် မဟာပဇာပတီ ဂေါတမီ၏ အသစ်ဖြစ်သော အဝတ်အစုံကို အလှူခံတော်မူပါလော့။ အရှင်ဘုရား၊ မိုးထွေးတော် မဟာပဇာပတီ ဂေါတမီသည် အရှင်ဘုရားအား ကျွေးမွေးသူ၊ မွေးမြူသူ၊ နို့ချိုပေးသူဖြစ်၍ အရှင်ဘုရားအား အလွန်ကျေးဇူးပြုသူဖြစ်ပါ၏။ မယ်တော် ကွယ်လွန်သွားသောအခါ သူသည် ဘုရားသခင်ကို နို့တိုက်ပါ၏။ အရှင်ဘုရားသည်လည်း မဟာပဇာပတီ ဂေါတမီအား ကျေးဇူးအလွန်များပါ၏။ အရှင်ဘုရား၊ အရှင်ဘုရားကို အကြောင်းပြုပြီး မဟာပဇာပတီ ဂေါတမီသည်....ဗုဒ္ဓကို ဆည်းကပ်ပါ၏။ ဓမ္မကို ဆည်းကပ်ပါ၏။ သံဃကို ဆည်းကပ်ပါ၏။ အရှင်ဘုရား၊ အရှင်ဘုရားကိုအကြောင်းပြုပြီး မဟာပဇာပတီဂေါတမီသည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ပါ၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။ မုသားပြောခြင်းမှ ရှောင်ကြဉ်ပါ၏၊ မူးယစ်ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကိုသောက်ခြင်းမှ ရှောင်ကြဉ်ပါ၏။ အရှင်ဘုရား၊ အရှင်ဘုရားကို အကြောင်းပြုပြီး မဟာပဇာပတီ

ခဂါတမိသည် ဝုဒ္ဓ၌ တုန်လှုပ်ခြင်းမရှိသော သက်ဝင်ယုံကြည်ခြင်းနှင့်ပြည့်စုံပါ၏။ ဓမ္မ၌ တုန်လှုပ်ခြင်းမရှိသော သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံပါ၏။ သံဃ၌ တုန်လှုပ်ခြင်း မရှိသော သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံပါ၏။ အရိယာတို့ နှစ်သက်အပ်သော သီလ တို့နှင့် ပြည့်စုံပါ၏....”

“အာနန္ဒာ၊ ဤစကားသည် ဤအတိုင်းမှန်၏။ ပုဂ္ဂိုလ်ကို အကြောင်းပြုပြီး ဝုဒ္ဓအားဆည်းကပ်၏။ ဓမ္မအားဆည်းကပ်၏။ သံဃအား ဆည်းကပ်၏။ သို့သော်လည်း အာနန္ဒာ၊ ရှိခိုးခြင်း၊ ခရီးဦး ကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ သက်နှံ့ဆွမ်း ကျောင်း အိပ်ရာနေရာ သူနာတို့၏ အထောက်အပံ့ အသက်၏ အရံအတား ဆေးတို့ကို ပေးကမ်းခြင်း မျှားကို ထိုပုဂ္ဂိုလ်အား ဤပုဂ္ဂိုလ်၏ ကောင်းသော ကျေးဇူး တုန်ပြန်ခြင်း ဖြစ်၏ ဟု ငါမဟောပေ”

ပုဂ္ဂိုလ် (ပုဂ္ဂလ)ထက် လူ့အဖွဲ့အစည်း (သံဃ)က မြင့်မြတ်သည်ဟု ဗေဒပြုတော်မူလိုသော ဝုဒ္ဓသည် အမြင့်မြတ်ဆုံးဖြစ်သည့် ပုဂ္ဂိုလ်ဆွက် အဆင့် အဘန်း နိမ့်သည့် ပုဂ္ဂိုလ်ဘို့ဖြင့် ဖွဲ့စည်းထားသည့် သံဃ(အဖွဲ့အစည်း)က မြင့်မြတ်၏ဟု မိန့်တော်မူသည်-

“အာနန္ဒာ၊ အနာဂတ်ကာလ၌ ရဟန်းဟူသော အမည်သာရှိသည့် သက်နှံ့သာ ဝတ်ထားသော အကျင့် သီလ မရှိသော ယုတ်မာသော ရဟန်းတို့ပေါ်ပေါက်လာလတ္တံ့။ လူအပေါင်းတို့က သံဃဟူသော အမှတ်ဖြင့် ထိုအကျင့်သီလမရှိသည့် ရဟန်းတို့အား အလှူဒါနပေးလှူခြားအံ့၊ အာနန္ဒာ၊ထိုအခါ၌သော်လည်း သံဃိကအလှူကို မရေတွက်နိုင် မနှိုင်းယှဉ်နိုင်သော အကျိုးရှိ၏ဟု

ငါ့ဟာ၏။ အာနန္ဒာ၊ ဥည့်သည် နည်းနှင့်မျှ ပုဂ္ဂလိက အလှူဒါနကို သံဃိက အလှူဒါနထက် မြင့်မြတ်၏ ဟု ငါမယူဆပေ”

ယင်း အယူအဆများသည် ဗုဒ္ဓသည် သက်ဦးဆံပိုင် စံနစ်သို့မဟုတ် ဘုရင်စံနစ်ကို လိုလားခြင်းမရှိဘဲ ဂဏ (ပြည်သူ့) အုပ်ချုပ်ခရေး စံနစ်ကိုသာ လိုလားနှစ်သက်တော်မူကြောင်းကို ထင်ရှားပြတ်သားစွာ ဖော်ပြလျက် ရှိပေသည်။ သံဃ (အဖွဲ့အစည်း) ၌လည်း ဗုဒ္ဓသည် စီးပွားရေး သာတူညီမျှမှု ဝါဒကို ဖြန့်ဖြူးတော်မူလိုသည့်ဆန္ဒ ရှိတော်မူသည်။ ရဟန်းနှင့် ရဟန်းမများအတွက် ထိုကဲ့သို့သော ဥပဒေစည်းမျဉ်း (ဝိနည်း) ကိုပင် သတ်မှတ်ထားတော်မူခဲ့သည်။ ထိုဥပဒေစည်းမျဉ်းအရ ကိုယ်ပေါ်မှာရှိသည့် သင်္ကန်း၊ သင်တုန်း၊ အပ်၊ ရေစစ်ကဲ့သို့သော ပစ္စည်း သုံးလေးခုသာလျှင် ပုဂ္ဂိုလ်ပိုင် (ပုဂ္ဂလိက) ဖြစ်နိုင်လေသည်။ ကျန်သည့် ပစ္စည်းမှန်သမျှမှာ သံဃာပိုင်ဟု ယူဆသတ်မှတ်ရလေသည်။ သို့ရာဘုရင် ယင်းစီးပွားရေးသာတူညီမျှရေး ဝါဒသည် ကြာရှည်လေးမြင့်စွာ တည်တံ့မနေနိုင်ခဲ့ပေ။ ယင်း စီးပွားရေး သာတူညီမျှရေးဝါဒ ပျက်စီးခြင်းသည်လည်း ဝေသာလီကပင် အစပြုခဲ့လေသည်။ ထို့ကြောင့် ဝေသာလီ၌ ဒုတိယ သင်္ဂါယနာတင်ရခြင်း ဖြစ်လေသည်။

ဝေသာလီ ဂဏနိုင်ငံ၏ တရားရေးရာ ဆုံးဖြတ် စီရင်ပုံမှာ လည်း စံပြဖြစ်ခဲ့သည်။ မဟာပရိနိဗ္ဗာနသုတ် (ဒီဃနိကာယ် ၂၊ ၃) အဌကထာအရ သိရသည်မှာ– ရှေးဟောင်း ဝဇ္ဇီဝမ္ဘ (ဝေသာလီတရား ဥပဒေ) ၌ အမှုတခုခုကို ထပ်ခါထပ်ခါစစ်ဆေးပြီးမှ စီရင်ချက် ချလေသည်။– 'ဝဇ္ဇီမင်းတို့သည် 'ဤသူကား သူခိုးဖြစ်၏၊ အပြစ်ကျူးလွန်၏' ဟု ပြောပြီး ညွှန်ပြလျှင်၊ 'ဤ

သူခိုးကို ဖမ်းဆီးကြ' ဟု မပြောဘဲ ဝိနိစ္ဆယ မဟာမစ္စ (တရားသူကြီး) အား အပ်လိုက်လေသည်။ တရားသူကြီးက စဉ်းစားဆင်ခြင်ပြီးလျှင် သူခိုးမဟုတ်လျှင် လွှတ်ပစ်လေသည်။ သူခိုးဟုတ်လျှင်မူ မည်သို့မျှမပြောဘဲ 'ဗျဝဟာရိက' အား အပ်လေသည်။ ၎င်းကလည်း ဆင်ခြင်စဉ်းစားပြီးလျှင် သူခိုးမဟုတ်လျှင် လွှတ်ပစ်လေသည်။ သူခိုးဟုတ်လျှင်မူ 'သုတ္တာဓာရ' ကို ပေးအပ်လေသည်။ ၎င်းကလည်း ယခင်နည်းအတိုင်းပြုပြီး သေနာပတိကို၊ သေနာပတိက ဥပရာဇာကို၊ ဥပရာဇာက ရာဇာ (သမတ) ကို၊ ရာဇာက စဉ်းစားဆင်ခြင်ပြီး သူခိုးမဟုတ်လျှင် လွှတ်ပစ်လေသည်။ သူခိုးဟုတ်လျှင်မူကား ပဝေဏီပေါ်တွင်(ဥပဒေစာအုပ်) ကို အဖတ်ခိုင်းလေသည်။ ထိုပဝေဏီပေါ်တွင်၌- 'အကြင်သူသည် ဤအမှုကို ပြု၏၊ ထိုသူအား ဤကဲ့သို့သောဒဏ်ကို ပေးရမည်' ဟူ၍ ရေးသားလေသည်။ ရာဇာက ထိုသူ၏အမှုကို ပဝေဏီပေါ်တွင်ပါ ရေးသားချက်များနှင့် ယှဉ်ကြည့်ပြီး ထိုသူအား ပဝေဏီပေါ်တွင်အတိုင်း အပြစ်ဒဏ်ပေးလေ၏။

ဗုဒ္ဓသည် ဝေသာလီ ဂဏအုပ်ချုပ်ရေး၌ ခုနစ်ပါးသော ဂုဏ်အရည်အချင်းကို တွေ့မြင်တော်မူသည်။ ထိုခုနစ်ပါးသော ဂုဏ်အရည်အချင်းကြောင့် ဝေသာလီ ဂဏ နိုင်ငံအား အနိုင်ရရှိရန် မလွယ်ဟု ဗုဒ္ဓက ယူဆတော်မူခြင်းဖြစ်လေသည်။ မဂဓဘုရင် အဇာတသတ်သည် အကြိမ်များစွာ ဝေသာလီအား ဝင်ရောက်တိုက်ခိုက်သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ထိုအခါ အဇာတသတ်ဘုရင်သည် အမတ်ကြီး ဝဿကာရအား ဝေသာလီရှိ လိစ္ဆဝီတို့အား တိုက်ခိုက်၍ အာဘယ်ကြောင့် မအောင်မြင်သနည်း ဟူသည်ကို စုံစမ်းရန် ဗုဒ္ဓ၏ အထံတော်သို့ လွှတ်လိုက်လေ၏။

ဝဿကာရ အမတ်ကြီးသည် ဗုဒ္ဓ၏ အထံသို့သွားပြီး လျှောက်ထားလေ၏- "ဘုရင်မင်းကြီးက-ငါ ဒီကြီးကျယ်ခမ်းနားသော ဝဇီတို့ကို အမြစ်ဖြုတ်ပစ်မည်။ ဝဇီတို့ကို ခြေမှုန်းဖျက်ဆီးပစ်မည်။ ဝဇီတို့အပေါ်၌ ဘေးရန် ဥပါဒ်ကျရောက် စေမည်-ဟု ပြောပါသည်...."

ဗုဒ္ဓသည် ဝဇီတို့နှင့် ပတ်သက်ပြီး ယင်းသို့ ပြောသည်ကို နားထောင်လိုသည့် ဆန္ဒရှိတော်မမူ။ မိမိမနှစ်မြို့ကြောင်းကို ပြပြီး ဝဿကာရ အမတ်ကြီးထံမှ မျက်နှာကို လွှဲပြီး အာနန္ဒာအား မိန့်တော်မူလေ၏-

(၁) "အာနန္ဒာ၊ ဝဇီတို့သည် မကြာခဏ စည်းဝေးကြကုန်၏ ဟူ၍ရင်း၊ အကြိမ်များစွာ စည်းဝေး ကြကုန်၏ ဟူ၍ရင်း၊ သင် ကြားသလော"

"ကြားပါသည် အရှင်ဘုရား၊ ဝဇီတို့သည် မကြာခဏ စည်းဝေးကြပါသည်။ အကြိမ်များစွာ စည်းဝေးကြပါသည်-"

"အာနန္ဒာ၊ ဝဇီတို့သည် မကြာခဏ စည်းဝေးနေသမျှကာလ ပတ်လုံး၊အကြိမ်များစွာ စည်းဝေးနေသမျှကာလပတ်လုံး၊ ဝဇီတို့၏ တိုးတက်ကြီးပွားခြင်းဟုသာ မှတ်ပေလော့။ ဆုတ်ယုတ်နိမ့်ကျခြင်းဟု မမှတ်လေလင့်"

(၂) "အာနန္ဒာ၊ ဝဇီတို့သည် တညီတညွတ်တည်းစည်းဝေးကြကုန်၏ ဟူ၍ရင်း၊ တညီတညွတ်တည်း ထထကြွကြွ ရှိကြကုန်၏ ဟူ၍ရင်း၊ တညီ တညွတ်တည်း ပြုဖွယ် ကိစ္စတို့ကို ပြုလုပ်ကြ၏ ဟူ၍ရင်း၊ သင် ကြားသလော"

"ကြားပါသည် အရှင်ရား...."

"အာနန္ဒာ၊ဝဇ္ဇီတို့သည်တညီတညွတ်တည်း စည်းဝေးနေသမျှ ကာလပတ်လုံး...."

(၃) "အာနန္ဒာ၊ ဝဇ္ဇီတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ကြ ဟူ၍ရင်း၊ ပညတ်သား ခဲ့ပြီးသည့် ရှေးဟောင်း ဝဇ္ဇီခမ္မ(ဝဇ္ဇီစည်းမျဉ်း ဥပဒေ)တို့ကို လိုက်နာကျင့်ကြံ ကြကုန်၏ ဟူ၍ရင်း၊ သင် ကြားသလော"

"ကြားပါသည် အရှင်ဘုရား...."

"အာနန္ဒာ၊ဝဇ္ဇီတို့သည် မပညတ်ခဲ့သော အရာကို မပညတ် ကြသမျှကာလပတ်လုံး ..."

(၄) "အာနန္ဒာ၊ ဝဇ္ဇီတို့သည် အသက်ကြီးသော ဝဇ္ဇီတို့ကို ရိုသေခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်းပြုလုပ်ကြ၏ ဟူ၍ရင်း၊ အသက်ကြီးသူတို့၏ စကားကို နာယူသင့်၏ ဟု ယူဆ ကြကုန်၏ ဟူ၍ရင်း၊ သင် ကြားသလော"

"ကြားပါသည် အရှင်ဘုရား...."

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် အသက်ကြီးသော ဝဇ္ဇီတို့ကို ရိုသေ လေးစားမြတ်နိုးပူဇော်ခြင်း ပြုလုပ်သမျှကာလပတ်လုံး...."

(၅) "အာနန္ဒာ၊ ဝဇ္ဇီတို့သည် အမျိုးသမီး ကြီးငယ်များကို အတင်းဆွဲငင်ပြီး အနိုင် အထက် သိမ်းပိုက်ခြင်း မရှိကြဟူ၍ သင် ကြားသလော"

"ကြားပါသည် အရှင်ဘုရား...."

"အာနန္ဒာ၊ဝဇ္ဇီတို့သည် အမျိုးသမီးကြီးငယ်များကို အတင်းဆွဲ ငင်ပြီး အနိုင်အထက်သိမ်းပိုက်ခြင်း.မရှိသမျှ ကာလပတ်လုံး...."

(၆) "အာနန္ဒာ၊ ဝဇ္ဇီတို့သည် မြို့ဘွင်း မြို့ပြင်ရှိ ဧစတီ (နတ်ကွန်း)တို့ကို ရိုသေခြင်း၊ လေးစားခြင်း၊ မြတ်နိုးခြင်း ပြုလုပ်

ကြ၏ ဟူ၍ရင်း၊ ထိုနတ်ကွန်းတို့အတွက် ရှေးယခင်က ပေးလှူခြဲ ဖြစ်သော အလှူဒါနနှင့် ရှေးယခင်က ပြုလုပ်ခဲ့သော တရားနှင့် လျော်ညီသည့် ဗလိနတ်စာကို မဆုတ်ယုတ် စေကြ ဟူ၍ရင်း၊ သင် ကြားသလော"

"ကြားပါသည် အရှင်ဘုရား...."

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် မြို့တွင်း မြို့ပြင်ရှိစေတီ (နတ်ကွန်း) တို့ကို ရိုသေလေးစား မြတ်နိုးပူဇော်ခြင်း ပြုလုပ်သမျှ ကာလ ပတ်လုံး...."

(၂) "အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြွလာသေးသော ရဟန္တာ များကြွရောက်လာစေရန်နှင့် ကြွရောက်လာပြီး ရဟန္တာများ ချမ်း သာစွာ နေစေရန်အလို့ငှာ ရဟန္တာတို့အား ကောင်းစွာ တရား နှင့် အညီ စောင့်ရှောက်ကာကွယ်၍ လုံခြုံမှုကို ပြုလုပ်ကြ၏ ဟူ၍ သင် ကြားသလော"

"ကြားပါသည် အရှင်ဘုရား...."

"အာနန္ဒာ၊ ဝဇ္ဇီတို့သည် မကြွလာသေးသော ရဟန္တာများ ကြွရောက်လာစေရန်နှင့် ကြွရောက်လာပြီး ရဟန္တာများ ချမ်း သာစွာနေစေရန်အလို့ငှာ ရဟန္တာတို့အား ကောင်းစွာတရားနှင့် အညီ စောင့်ရှောက်ကာကွယ်၍ လုံခြုံမှုကို ပြုလုပ်ကြသမျှ ကာလ ပတ်လုံး...."

မည်သည့် ဂဏနှိုင်ငံသို့မဟုတ် ဒီမိုကရေစီနှိုင်ငံအတွက်ဖြစ်ဖြစ် ရန်သူအားကြုံ့ကြုံ့ခံနိုင်ရန် ဤအင်္ဂါရပ် ခုနစ်ပါးလိုအပ်ပေသည်။ (၁)တိုင်းပြည်ကို အုပ်ချုပ်သော အဖွဲ့အစည်းအနေဖြင့် မကြာ ခဏ စည်းဝေးခြင်း (၀၊) လူအပေါင်းတို့ မကြာခဏ စုဝေးပြီး အလုပ်နှင့်ပတ်သက်သော ဆုံးဖြတ်ချက်ကို ချမှတ်ခြင်း၊ (၂)တည်ဋ

တည့်တည်းစုဝေးပြီး တညီ တည့်တည်း ပြုဇွယ် ကိစ္စတို့ကို ပြုလုပ်ခြင်း၊ (၃)ဥပဒေစည်းမျဉ်းများကို မချိုးဖောက် မကျော်လွန်ခြင်း၊ (၄)လူကြီးသူမများကို လေးစားပြီး ၎င်းတို့၏ စကားကို နာယူခြင်း၊(၅)မိန်းမတို့အား အတင်းဝလက္ကာရ မပြုခြင်း၊ (၆)တရားနှင့် တရားသဘောကို နှလုံးပိုက်ခြင်း၊ (၇) သူတော်ကောင်းများကို စောင့်ရှောက်ခြင်း- တည်းဟူသော အင်္ဂါရပ်ခုနစ်ပါးဖြစ်လေသည်။

ဝေသာလီ၏ နောက်ထပ် အရေးပါသည့် အချက် တခုမှာ ဘိက္ခုနီသံဃအဖွဲ့အစည်းကို တည်ထောင်ခြင်းမှာ ဤဝေသာလီ၌ပင်ဖြစ်လေသည်။ ဗုဒ္ဓ၏ မိထွေးတော်မဟာပဇာပတိ ဂေါတမီသည် ကပိကဝတ်၌ သူ၏ အဆိုပြုလျှောက်ထားချက်ကို ငြင်းပယ်လိုက်သည် ဖြစ်သော်လည်း စိတ်ပျက်ခြင်းမရှိဘဲ ဝေသာလီသို့ ခြေလျင်ခရီးဖြင့် လိုက်လာလေ၏။ ထိုအချိန်၌ ဘုရားရှင်သည် ဝေသာလီ မဟာဝုန်တောရှိ ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးနေထိုင်၏။ဂေါတမီသည် အခြားသော သာကျအမျိုးသမီးများနှင့်တကွဆံပင်ကိုပယ်ဖြတ်လျက်သင်္ကန်းကိုဝတ်ရုံလျက် ဝေသာလီသို့ ရောက်ရှိလာလေသည်။ခြေထောက်ကလည်း ဖူးရောင်နေပြီး တကိုယ်လုံးမှာလည်း မြူမှုန် အလိမ်းလိမ်း ကပ်နေသည်ဖြစ်၍ ဒုက္ခကြီးစွာရောက်နေသော ဂေါတမီသည် ဝင်းတံခါး၏ အပြင်ဘက်၌ ရပ်နေ၏။ အာနန္ဒာက စုံစမ်းမေးမြန်းကြည့်သော အခါ ဘုရားရှင်က မိန်းမတို့အားဘိက္ခုနီလုပ်ပေးရန်ငြင်းဆန်ခဲ့ကြောင်း သိရှိရသည်ဖြစ်၍ ဂေါတမီအား အားပေးစကား ပြောလေ၏ (ဝိနယ ပိဋကတ၊ စူဠဝဂ္ဂ၊၁၁)-

"ဂေါတမီ၊ သင် ဤနေရာ၌ နေဦးလော့....။ မိန်းမမျိုး ရဟန်းပြုရန်အတွက် ကျွန်ုပ် ဘုရားရှင်အား တောင်းပန်လျှောက်ထားပေးမည်"

အရှင် အာနန္ဒာသည် ဘုရားရှင်ရှိရာသို့ သွား၏။ ဘုရားရှင်၏ အထံသို့ရောက်သောအခါ ဘုရားရှင်အား ရှိခိုးလျက် နေရာတခု၌ ထိုင်လျက် ဘုရားရှင်အား လျှောက်ထားလေ၏-

"အရှင်ဘုရား၊ မဟာပဇာပတိဂေါတမီသည် ခြေထောက် ဖူးဖူးရောင်ပြီး၊ ကိုယ်ကာယတွင်လည်း မြူအလိမ်းလိမ်းကပ်ပြီး ဒုက္ခကြီးစွာရောက်လျက် နှလုံးမသာမယာ ဖြစ်လျက်၊ ငိုကြွေးလျက် ဝင်းတံခါး အပြင်ဘက်မှာ ရပ်နေပါသည်။ အရှင်ဘုရားသည်....(သူ့ကို) သာသနာတော်၌....ရဟန်းပြုခွင့် ပေးသင့်ပါသည်ဘုရား"

"အာနန္ဒာ မသင့်၊ မာတုဂါမ၏ ရဟန်းဖြစ်ခြင်းကို သင် မနှစ်သက်အပ်ပေ"

အာနန္ဒာသည် နှစ်ကြိမ်မြောက်လည်း.... သုံးကြိမ်မြောက်လည်း....လျှောက်ထားလေ၏။

ထိုအခါ အရှင်အာနန္ဒာသည် ဤသို့ အကြံဖြစ်၏။ ဘုရားရှင်သည် မိန်းမမျိုး လူ့ဘောင်မှ ခွာရှောင်ပြီး သာသနာ့ဘောင်၌ ရဟန်းပြုခြင်းကို ခွင့်ပြုတော်မမူ။ ငါသည် တခြားနည်းလမ်းအားဖြင့် မိန်းမမျိုး လူ့ဘောင်မှ ခွာရှောင်ပြီး သာသနာ့ဘောင်၌ ရဟန်းပြုခွင့်ကို ဘုရားရှင်အား တောင်းပန်ရသော် ကောင်းလိမ့်မည်။ ယင်းသို့ကြံပြီးလျှင် အရှင်အာနန္ဒာသည် ဘုရားရှင်အား လျှောက်ထားလေ၏-

"အရှင်ဘုရား၊ အရှင်ဘုရား၏ သာသနာတော်၌ မိန်းမတို့သည် လူဘောင်မှ ခွာရှောင်ပြီး သာသနာ့ဘောင်၌ ရဟန်းပြုပြီး သောတာပတ္တိဖိုလ်ကိုရင်း၊ သကဒါဂါမိဖိုလ်ကိုရင်း၊ အနာဂါမိဖိုလ်ကိုရင်း၊ အရဟတ္တဖိုလ်ကိုရင်း၊ မျက်မှောက်ပြုခွင့် ရှိကြပါ၏လော"

"မျက်မှောက်ပြုနိုင်ခွင့်ရှိပါသည် အာနန္ဒာ"

"အရှင်ဘုရား၊ အရှင်ဘုရား၏ သာသနာတော်၌ မိန်းမတို့သည် လူ့ဘောင်မှ ခွာရှောင်ပြီး သာသနာ့ဘောင်၌ ရဟန်းပြုပြီး သောတာပတ္တိဖိုလ်ကိုရင်း၊ သကဒါဂါမိဖိုလ်ကိုရင်း၊ အနာဂါမိဖိုလ်ကိုရင်း၊ အရဟတ္တဖိုလ်ကိုရင်း၊ မျက်မှောက်ပြုနိုင်ခွင့် ရှိကြပါလျှင် ဘုရားရှင်၏ မိဘုံးတော် ဂေါတမီသည် အလွန်တရာ ကျေးဇူးမျှားသူ ဖြစ်ပါ၏။ မယ်တော်ကွယ်လွန်သွားသောအခါ သူသည် အရှင်ဘုရားအား နို့တိုက်ကျွေးသူ ဖြစ်ပါ၏။ အရှင်ဘုရား မိန်းမမျှားအား....ရဟန်းပြုခွင့် ပေးလျှင် ကောင်းပါလိမ့်မည်"

"အာနန္ဒာ၊ အကယ်၍ မဟာပဇာပတိဂေါတမီသည် ဂရုဓမ္မရှစ်မျိုး (စည်းကမ်းကြီးရှစ်ချက်) ကို လက်ခံမည်ဆိုပါလျှင်....

(၁) ပဉ္စင်းဖြစ်၍ ဝါတရာရှိပြီး ဖြစ်သော်လည်း ဘိက္ခုနီသည် ထိုနေ့ပဉ္စင်းဖြစ်သော ရဟန်းယောကျ်ားအား ရှိခိုးခြင်း၊ ခရီးဦးကြိုပြုခြင်း၊ လက်အုပ်ချီခြင်း၊ ရိုသေခြင်းတို့ကို ပြုလုပ်ရမည်။ ယင်း အချက်ကို ရိုသေမြတ်နိုး ပူဇော်ပြီး အသက်ထက်ဆုံး မကျူးလွန် မဖောက်ဖျက်အပ်။

(၂) ဘိက္ခုနီသည် ရဟန်းယောကျ်ား၏အထံသို့ တရားဓမ္မနာကြားရန်အလို့ငှာ သွားရမည်။ ယင်း အချက်ကိုလည်း ရိုသေ

မြတ်နိုး ပူဇော်ပြီး အသက်ထက်ဆုံး မကျူးလွန် မဖောက်ဖျက်အပ်။

(၃) ဘိက္ခုနီသည် လဝက်တိုင်း လဝက်တိုင်း ဘိက္ခုသံဃာထဲမှ ဥပုသ်ကိုမေးခြင်း၊ အဆုံးအမခံရန် ချဉ်းကပ်ခြင်း ဟူသော ဤသဘောနှစ်ခုကို လိုလားတောင့်တရမည်။ ယင်း အချက်ကို လည်း....

(၄) ဘိက္ခုနီသည် ဝါကျွတ်သော အခါ နှစ်မျိုးသော သံဃာ၌ မြင်ခြင်း၊ ကြားခြင်း၊ သိခြင်းဟူသော အကြောင်းသုံးမျိုးဖြင့် ပဝါရဏာ (အပြစ်တောင်းပန်ခြင်း) ပြုလုပ်ရမည်။ ယင်းအချက်ကိုလည်း....

(၅) ဂရုဓမ္မကို လက်ခံသော ဘိက္ခုနီသည်(ဘိက္ခု-ဘိက္ခုနီ) နှစ်မျိုးသောသံဃာကို လေးစားရမည်။ ယင်းအချက်ကိုလည်း ...

(၆) ဘိက္ခုနီသည် ဘယ်လိုအကြောင်းနှင့်မျှ ဆဲရေးခြင်းစသည် မပြုလုပ်အပ်။ ယင်း အချက်ကိုလည်း....

(၇) အာနန္ဒာ၊ ရဟန်းဖြစ်သည့်နေ့မှစ၍ ဘိက္ခုနီတို့သည် ဘိက္ခုတို့အပေါ်၌ ပြောဆိုခွင့်ကို ပိတ်ပင်ရမည်။....

(၈) သို့ရာတွင် ဘိက္ခုတို့ကမူ ဘိက္ခုနီတို့၏အပေါ်၌ ပြောဆိုခွင့် ဖွင့်ထားရမည်။ ယင်း အချက်ကိုလည်း....

အာနန္ဒာ၊ အကယ်၍ မဟာပဇာတီ ဂေါတမီသည် ယင်း ဂရုဓမ္မရှစ်ပါးကို လက်ခံလျှင် ပဉ္စင်းအဖြစ်သို့ ရောက်စေရမည်။

ထိုအခါ အာနန္ဒာသည် ဘုရားရှင်ထံမှ ဂရုဓမ္မ (ဂရုံ) ရှစ်ပါးကို မှတ်ယူခဲ့ပြီးနောက် မဟာပဇာပတိဂေါတမီရှိရာသို့ လာခဲ့လေ၏။ မဟာပဇာပတိဂေါတမီထံသို့ ရောက်သောအခါ မဟာပဇာပတိဂေါတမီအား ပြောပြလေ၏-

"ဂေါတမီ၊ အကယ်၍ သင် ဂေါတမီသည် ဂရုဓမ္မ ရှစ်ပါးကို လက်ခံ နာယူမည်ဆိုလျှင် သင် ဂေါတမီသည် ပဋ္ဌင်းအဖြစ်သို့ ရောက်ရပေလိမ့်မည်-(၁) ပဋ္ဌင်းဖြစ်၍ ဝါတရာရှိပြီးဖြစ်သော် လည်း....."

"အရှင်ဘုရား အာနန္ဒာ၊ အဆင်တန်ဆာ ဆင်လေ့ဆင်ထ ရှိသော ဦးခေါင်းဆေးလျှော်ပြီးသည့် ငယ်ရွယ်နုပျိုသူ မိန်းမ သည်ရင်း၊ ယောက်ျားသည်ရင်း၊ ကြာပန်းကိုဖြစ်စေ၊ မိုးဆွေ ပန်းကိုဖြစ်စေ၊ စစ်သိမ်ပန်းကိုဖြစ်စေ၊ ရသောအခါ လက်နှစ် ဖက်ဖြင့်ခံယူပြီး ထိုပန်းကို မြတ်သောအင်္ဂါဖြစ်သည့် ဦးခေါင်း၌ ထားရာသကဲ့သို့ အရှင်ဘုရား အာနန္ဒာ၊ ထို့အတူပင် တပည့် တော်သည် ဤဂရုဓမ္မရှစ်ပါးတို့ကို ခံယူပါသည်"

ဝေသာလီသည် ဗုဒ္ဓ၏ ဇနဝါဒ သို့မဟုတ် ပြည်သူ့ဝါဒနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် အမှတ်အသားတခု ဖြစ်သည်။ သို့ဖြစ်၍ မိမိဘဝ၏ နောက်ဆုံးအချိန်များ၌ ဗုဒ္ဓသည် ဝေသာလီ နှင့် ဝေသာလီရှိ မွေ့လျော်ဖွယ်ဌာနတို့ကို သတိရသည့်အကြောင်း ကို အလွန်ချိုသာသောစကားလုံးများဖြင့် (မဟာပရိနိဗ္ဗာနသုတ်၊ ဒီဃနိကာယ်၊ ၂၊ ၃) ၌ အာနန္ဒာအား မိန့်တော်မူလေ၏- "အာနန္ဒာ၊ ဝေသာလီသည် မွေ့လျော်ဖွယ်ကောင်း၏။ ဥဒယန (ဥဒေန) စေတီသည် မွေ့လျော်ဖွယ်ကောင်းပေ၏။ ဂေါတမ စေတီသည် မွေ့လျော်ဖွယ် ကောင်းပေ၏။ သတ္တာ အာမက (သတ္တာမ္ဗ) စေတီသည် မွေ့လျော်ဖွယ်ကောင်းပေ၏။ ဗဟုပုတ္တက စေတီသည် မွေ့လျော်ဖွယ်ကောင်းပေ၏။ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ကောင်းပေ၏။ စာပါလစေတီသည် မွေ့လျော် ဖွယ်ကောင်းပေ၏...."

ယင်းစေတီဝါးခုသည် ဝေသာလီရှိ ထင်ရှားကျော်ကြားသည့် နတ်ကွန်းများ ဖြစ်ကြသည်။ ၎င်းတို့၏ ပတ်ပတ်လည်၌ လှပသာယာသော ဥယျာဉ်နှင့် ရေကန်ကြီးများ ရှိလေ၏။ ဗုဒ္ဓသည် အကြိမ်များစွာ ထိုစေတီ ဥယျာဉ်များ၌ နေထိုင်သီတင်းသုံးရန် ကြွတော်မူလေသည်။ နောက်ဆုံးအကြိမ် ဝေသာလီကို ခဲ့ခွာသောခဏ၌ ဗုဒ္ဓသည် ဆင်ပြောင်ကြည့်နည်းဖြင့် ဝေသာလီကို ကြည့်တော်မူလေသည်။ ဆင်ပြောင်သည် တကိုယ်လုံးကိုလှည့်ပြီး တဖက်ဖက်သို့ ကြည့်သကဲ့သို့ ဗုဒ္ဓသည် မိမိ၏ကိုယ်လုံးကိုလှည့်ပြီး ဝေသာလီကိုကြည့်လျက် ပြောလေ၏- "အာနန္ဒာ၊ ယခုအကြိမ် ကြည့်ခြင်းသည် တထာဂတ၏ နောက်ဆုံး ဝေသာလီအား ကြည့်ခြင်းပင်ဖြစ်သည်"

ဝါဒသဘောတရား

ဗုဒ္ဓသည် ပြည့်ဝသော အနက်အဓိပ္ပာယ်အားဖြင့် အားလုံးသော ကာလ၊ အားလုံးသော ဒေသတို့၏ ထူးခြားသော ဗုဒ္ဓိလိမ္မာတော် ဖြစ်သည်။ သက်တော် ၈၀ အရွယ် (ဘီစီ ၄၈၃)၌ ပရိနိဗ္ဗာန် စံသည်။ မိမိ ဘဝ၏ ၄၅ နှစ်ပတ်လုံး ဗုဒ္ဓသည် လူအပေါင်းတို့အား လမ်းညွှန်ပြတော် မူရင်းသာလျှင် အချိန်ကုန်လွန်စေခဲ့သည်။ မိမိ၏ တရားဥပဒေသများနှင့် ပတ်သက်ပြီး "ဖောင်နှင့်တူသည့် တရားအဆုံးအမများကို ငါဟောကြားသည်။ ထိုတရား အဆုံးအမများမှာ ကူးမြောက်ရန်အတွက် ဖြစ်သည်။ ဦးခေါင်းပေါ် တင်ထားရန်အတွက် မဟုတ်"ဟု ဟောပြတော်မူလေသည်။ "တထာဂတ(ဗုဒ္ဓ)ကမူ လမ်းညွှန်ပြသူသာဖြစ်သည်။ လမ်းကို လျှောက်သွားရမည့်သူမှာ သင်တို့သာလျှင် ဖြစ်၏" ဟုလည်း ဟောပြတော်မူလေသည်။ ဗုဒ္ဓသည် ဣဿရ (ထာဝရဘုရားသခင်) အတွက် နေရာမရှိသော တရားဒေသနာကို ညွှန်ကြားတော်မူသည်။ အတ္တ မလိုအပ်သော တမလွန်ဘဝ အယူအဆကို ဟောကြားတော် မူသည်။ မျှားစ္ဆာသော အကြောင်းအရာများ၌ ဗုဒ္ဓ၏ တရားများသည် ခေတ်နှင့် ရင်ဘောင်တန်းလိုက်နေပေသည်။ ဗုဒ္ဓသည် မဏ္ဍိမဒေသ အိန္ဒိယနိုင်ငံ၏ အကြီး

ကျယ်ဆုံးသော သားကောင်းသားမြတ် ဖြစ်သည်။ သူ့အဆုံးအမ ဥပဒေသ များသည် ကမ္ဘာ့ဝပထဝီ ဧမြကြီး၏ အလွန်တရာ ကြီးမားသော အစိတ်အပိုင်းကြီးတခုအား လွှမ်းခဲ့သည့် နှစ်ပေါင်း နှစ်ထောင်ကျော်ကစပြီး ငြိမ်းချမ်းရေးကို ပေးလာခဲ့လေသည်။ ဗုဒ္ဓ၏ ဝါဒ ဗုဒ္ဓ၏ အယူအဆ ဗုဒ္ဓ၏ သဘောတရား များကား အဘုယ်နည်း။ ကျွန်ုပ်တို့ ကြိုးစားပြီး ရှင်းကြည့်ကြစို့။

ဗုဒ္ဓ၏ ဝါဒကို အပိုင်း (ခန္ဓ) သုံးပိုင်း ပိုင်းနိုင် ပေသည်။ ထိုသုံးပိုင်းကို ရှေးဟောင်း အစဉ်အလာ ပြောပြချက် အရ အားဖြင့် သီလ၊ သမာဓိ၊ ပညာဟူ၍ ပြောဆိုနိုင်ပေသည်။

၁၊ သီလ

သီလ၏ အနက်အဓိပ္ပာယ်မှာ အကျင့်ဖြစ်သည်။ အကျင့် တရားနှင့် ပတ်သက်သော နီတိ ကျမ်းဂန်ပါ သဘောတရား များသည် သီလအပိုင်း(သီလခန္ဓ)၌ ပါဝင်ပေသည်။ ဗုဒ္ဓသည် သီလအား အလွန်အလေးအနက် ပြုတော်မူ၏။ ထိုအကြောင်း ကြောင့်ပင် ဗုဒ္ဓသည် သီလ(အကျင့်)နှင့် ပတ်သက်သည့် တရား ဓမ္မကိုသာလျှင် ဟောကြားသည်ဟု လူအချို့က အမှတ်မှားကြ လေ၏။ သီလမပါဘဲ ဝါဒ သဘောတရားကြီးများကို ချွတ်ထွင် ပြောနေခြင်းမှာ အညာအလိုင်းသက်သက်မျှသာလျှင် ဖြစ်ပေ၏။ သီလသည် အသက်ဖြစ်လေသည်။ မိမိအလုပ်အားဖြင့် ပုဂ္ဂိုလ် သို့မဟုတ် လူလောကအား အမြင့်သို့ မြှင့်တင်ရန် နည်းလမ်း ဖြစ်လေသည်။ သီလနှင့် ပတ်သက်၍ ဖြစ်စေ၊ သမာဓိနှင့် ပတ်သက်၍ဖြစ်စေ၊ အရာရာတိုင်း၌ ဗုဒ္ဓသည် အစွန်းသို့ ရောက် သွားခြင်းကို ရှောင်ကြဉ်တော် မူလေ၏။ အလယ်အလတ်လမ်းစဉ်

(မဇ္ဈိမ ပဋိပဒါ)ကို လက်ခံကျင့်သုံးရန်အတွက်သာလျှင် အလေးအနက် ပြုတော်မူသည်။ ဗုဒ္ဓသည် အဦးဆုံးဖြစ်သော တရားဒေသနာကို ဆာရနတ်(မိဂဒါဝုန်)၌ ဟောကြားတော် မူသည်။ ထိုတရားဒေသနာကို ဓမ္မစက္က ပဝတ္တန (တရားစက်ကို လည်စေခြင်း)ဟု ခေါ်လေသည်။စကြဝဠာတေးမင်းသည် စစ်အောင်နိုင်ရေးအတွက် တမျိုးတဖုံဖြစ်သော စကြာရတနာကို အသုံးပြုလေသည်။ ဗုဒ္ဓကမူ ဓမ္မစကြာကို အသုံးပြုတော်မူသည်။ ဗုဒ္ဓ၏ အောင်မြင်မှုက ပိုပြီး ကျယ်ပြန့်သည်၊ ထာဝစဉ် တည်တံ့သည်ဆိုသည့် အကြောင်းကိုမူ ပြောပြစရာမလိုပေ။ ဓမ္မစက္က ပဝတ္တနသုတ်၌ ဗုဒ္ဓသည် မိမိ၏ အဦးဆုံးဖြစ်သည့် တပည့်ရဟန်း ငါးဦးအား မဇ္ဈိမ လမ်းစဉ်နှင့် ပတ်သက်ပြီး ဟောကြားတော်မူလေ၏–

"ရဟန်းတို့၊ ရဟန်းများသည် ဤအစွန်းနှစ်ခုကို မမှီဝဲအပ်ပေ။ အဘယ်အစွန်းနှစ်ခုတို့နည်း။ (၁) ယုတ်ညံ့သော၊ရွာသူတို့၏ အလေ့ဖြစ်သော၊ လူမျိုးစု အကြိုက်ဖြစ်သော၊ မမြင့်မြတ်သူတို့ မှီဝဲအပ်သော၊ အကျိုးမဲ့ဖြစ်စေတတ်သော ကာမဂုဏ်ချမ်းသာ၌ ငြိကပ်ခြင်းသည်ရင်း။ (၂) ဆင်းရဲဒုက္ခရောက်သော မမြင့်မြတ်သူတို့ မှီဝဲအပ်သော၊ အကျိုးမဲ့ကို ဖြစ်စေတတ်သော ကိုယ်ကာယကို ပင်ပန်းနှမ်းနယ်ခြင်းသည်ရင်း၊ ဤသို့အားဖြင့် အစွန်းနှစ်ခု ရှိပေ၏။ ရဟန်းတို့၊ ယင်း အစွန်းနှစ်ခုသို့ မသွားဘဲ တထာဂတသည် မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်ကို တွေ့မြင်၏။ ထိုလမ်းစဉ်သည် အမြင်ကိုပေး၏၊ ဉာဏ်ကိုပေး၏။ ငြိမ်းချမ်းမှုအတွက် ဖြစ်၏။ သိမှုအတွက် ဖြစ်၏။ ပြည့်ဝသော အသိဉာဏ်အတွက်ဖြစ်၏။ နိဗ္ဗာန်အတွက်ဖြစ်၏။ဘယ်ကဲ့သို့သော မဇ္ဈိမပဋိပဒါ လမ်းစဉ်ကို တထာဂတသည် တွေ့မြင်သနည်း။

ထိုမဇ္ဈိမပဋိပဒါသည် မြတ်သော အင်္ဂါရှစ်ပါးရှိသည့် လမ်းစဉ်ဖြစ်၏။ ထိုအင်္ဂါရှစ်ပါးရှိသည့် လမ်းစဉ်တို့ကား (၁) မှန်သော အမြင်၊(၂) မှန်သောအကြံ၊ (၃)မှန်သောစကား၊(၄)မှန်သော အလုပ်၊ (၅) မှန်သောအသက်မွေးမှု၊ (၆)မှန်သောအားထုတ်မှု၊ (၇) မှန်သောသတိ၊ (၈) မှန်သော သမာဓိ-

(သံယုတ္တနိကာယ် ၅၅၊ ၂၊ ၁)

ဗုဒ္ဓသည် သီလ (အကျင့်)နှင့် ပတ်သက်သည့် စည်းကမ်းချက် ငါးမျိုးကို အားလုံးအတွက် ဟောကြားတော်မူခဲ့သည်။ ငါးပါးသော သီလကား- (၁) အသက်ကို မသတ်ဖြတ်ခြင်း၊ (၂) ဥစ္စာကို မခိုးယူခြင်း၊ (၃) လိင်နှင့် ပတ်သက်ပြီး မှောက်မှားသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ (၄) မုသားမပြောခြင်း၊ (၅) မူးယစ်စေတတ်သည့် အရာကို မမှီဝဲခြင်း-တို့ ဖြစ်ကြ၏။ ဗုဒ္ဓသည် မိမိ၏ တရားဒေသနာတခု (သာမညဖလသုတ်၊ ဒီဃနိကာယ် ၁၊ ၁၊ ၂)၌ သီလအကြောင်းကို အလွန်တရာလှပပြီး လွယ်ကူသော စကားလုံးတို့ဖြင့် ဟောကြားတော်မူခဲ့လေသည်-

"လောက၌ ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရားသည် တရားဒေသနာကို ဟောကြားတော်မူ၏။ (တစုံတဦးသည်) ထိုတရားဒေသနာကို နာကြားပြီး ရဟန်းပြု၏။ သိက္ခာပုဒ်တို့ကို သင်ကြား၏။ စင်ကြယ်သော အသက်မွေးမှုရှိ၏။ သီလနှင့် ပြည့်စုံ၏။ ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိ၏။ စားဖွယ်၌ အတိုင်းအရှည်ကို သိ၏။ ရောင့်ရဲလွယ်၏။ ရဟန်းသည် အဘယ်သို့လျှင် သီလနှင့် ပြည့်စုံသနည်း။ ရဟန်းသည် အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ တုတ်ကိုစွန့်ထားပြီးနေ၏။

လက်နက်ကို စွန့်ထားပြီးနေ၏။ ရှက်တတ်၏။ သနားတတ်၏။ ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားလျက်နေ၏။ ဤသည်လည်း ရဟန်း၏ သီလပေတည်း။မပေးအပ်သည်ကို ယူခြင်း(ခိုးခြင်း)ကို ပယ်၍ မပေးအပ်သည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ပေးသည်ကိုသာ အလိုရှိ၏။ ယင်းသို့အားဖြင့် စင်ကြယ်သော ကိုယ်ဖြင့်နေ၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။ မမြတ်သော အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကို ကျင့်၏။ တဦးတည်းနေလေ့ရှိ၏၊ ရှာသူတို့ အလေ့ဖြစ်သော မေထုန် အကျင့်မှ ရှောင်ကြဉ်၏။ ဤသို့လည်း ထိုရဟန်း၏ သီလပေတည်း။ မမှန်ပြောခြင်းကို ပယ်၍ မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏။ အမှန်ကိုသာဆိုလေ့ရှိ၏၊ မှန်သောစကားခြင်း ဆက်စပ်စေ၏။ တည်သောစကားရှိ၏။ ယုံကြည်ထိုက်သော စကားရှိ၏၊လောကအားလှည့်စားတတ်သူမဟုတ်။ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။ ဂုံးစကားကို ပယ်၍ ဂုံးစကားမှ ရှောင်ကြဉ်၏။ ဤသူတို့ထံမှ နားထောင်၍ (ထိုသူတို့နှင့်) ဤသူတို့ ကဲ့ပြားစေခြင်းငှာ ထိုသူတို့ထံ၌ မပြောတတ်။ ထိုသူတို့ထံမှ နားထောင်၍ (ဤသူတို့နှင့်)ထိုသူတို့ကဲ့ပြားစေခြင်းငှာ ဤသူတို့ထံ၌ မပြောတတ်။ ဤသို့ကဲ့ပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်းအားပေးတတ်၏။ညီညွတ်ခြင်း၌ မွေ့လျော်၏။ ညီညွတ်ခြင်း၌ ပျော်ပိုက်၏။ ညီညွတ်ခြင်းကို နှစ်သက်၏။ ညီညွတ်ခြင်းကို ပြုသောစကားကို ဆိုလေ့ရှိ၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။ ကြမ်းသော စကားကို ပယ်၍ ကြမ်းသော စကားမှ ရှောင်ကြဉ်၏။ အကြင်စကားသည် အပြစ်ကင်း၏။ နားချမ်းသာ၏။နှစ်လိုဖွယ်ရှိ၏။နှလုံးတွေ့၏။ယဉ်ကျေး

၏။ လူအမျှားနှစ်သက်၏။ လူအမျှား နှစ်ခြိုက်၏။ ထိုသို့သဘော ရှိသော စကားကိုသာဆို၏။ ဤသည်လည်း ထိုရဟန်း၏ သီလ ပေတည်း။ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏။ (သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏။ ဟုတ်သည် ကိုသာ ဆိုလေ့ရှိ၏။ အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏။ အဆိုးအမည်ပဒေသနှင့် စပ်သည်ကိုသာဆိုလေ့ရှိ၏။ (သင့်သော) အခါ၌ အကြောင်းနှင့်တကွသော အပိုင်း အခြားရှိသော၊ အစီး အပွားနှင့် စပ်သော၊ မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။မျိုးစေ့ အပေါင်း အပင်အပေါ်ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏....။ ဆွမ်းတနပ်သာစားလေ့ရှိ၏။ ညစာ စားခြင်းမှ ရှောင်ကြဉ်၏။ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏၊ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်၏။ ပန်းပန်ခြင်း၊ နံ့သာခြယ်ခြင်း၊ နံ့သာပျော်ငင်း လိမ်းခြင်းမှ ရှောင်ကြဉ်၏။ မြင့်သော နေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏။ ရွှေငွေကို ခံယူခြင်းမှ ရှောင် ကြဉ်၏။ ကောက်စိမ်းကိုခံယူခြင်းမှ ရှောင်ကြဉ်၏။အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ မိန်းမအို မိန်းမပျိုကိုခံယူခြင်းမှ ရှောင် ကြဉ်၏။ ဤမိန်းမ ဤယောကျ်ားကို ခံယူခြင်းမှ ရှောင်ကြဉ်၏။ ဆိတ်နှင့်သိုးကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ ကြက် ဝက်ကို ခံယူခြင်း မှ ရှောင်ကြဉ်၏။ ဆင်၊ နွား၊ မြည်း၊ မြင်းကို ခံယူခြင်းမှ ရှောင် ကြဉ်၏။ လယ်ယာနှင့် အိမ်ကိုခံယူခြင်းမှ ရှောင်ကြဉ်၏။ တမန် အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏။ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏။ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ် တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်၏။ တံစိုးယူခြင်း၊လှည့်ပြား

ခြင်း၊ အတုပြု၍လိမ်ခြင်း တည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏။ ဖြတ်ခြင်း၊သတ်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ ယုယက်ခြင်း ရွာနီဂုံးတွင်ကို ဖျက်ဆီးခြင်း၊ ဓားပြတိုက်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း”

ယင်းအကျင့်သီလများအနက် အချို့မှာ ဘိက္ခုနှင့်ဘိက္ခုနီတို့ အတွက် သက်သက်သာလျှင်ဖြစ်၏ ဟူသည်ကို အလွယ်တကူဖြင့် သိရှိနားလည်နိုင်ပေသည်။ ဗုဒ္ဓသည် စက္ခု စသော ဣန္ဒြေတို့၏ အပေါ်၌ ချုပ်တည်းထားမှုကိုလည်း အလေးအနက် ပြုတော်မူ လေသည်။ ဣန္ဒြေတို့ကို ချုပ်တည်းထားခြင်း၏ အဓိပ္ပာယ်မှာ ကိုယ်နှုတ်နှလုံးကိုချုပ်တည်းခြင်းကို ဆိုလိုသည်။ ယင်းသဘောကို အကျဉ်းချုပ်အားဖြင့် ပြောပြထားသည်-

သဗ္ဗ ပါပဿ အကရဏံ၊ ကုသလ သ္သုပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနုသာသနံ။

(အားလုံးသော မကောင်းမှုများကို မပြုလုပ်ခြင်း၊ ကုသိုလ်ကောင်းမှုကို ပွားများခြင်း၊ မိမိစိတ်နှလုံးကို စင်ကြယ်အောင် ထားခြင်း-ဤကား ဗုဒ္ဓ၏ အဆုံးအမ ဥပဒေသဖြစ်သည်၊)

ကမ္ဘာလောကဌ် ကောင်းသောအလုပ် သို့မဟုတ် မကောင်းသောအလုပ်၊ ပုညသို့မဟုတ် ပါပဟူသည်မှာ မည်သည့်အရာများဖြစ်ကြသနည်း။ ထာဝရဘုရားသခင်နှင့် ထာဝရဘုရားသခင်ဟော ကျမ်းစာကို ယုံကြည်လက်ခံသူများအတွက် ယင်းပြဿနာသည် ခက်ခဲသောပြဿနာ မဟုတ်ပေ။ ထာဝရဘုရားသခင်နှင့် ထာဝရဘုရားသခင်ဟော ကျမ်းစာဌ် အကြင်အရာများကို လုပ်သင့် လုပ်အပ်၏ဟု ညွှန်ကြားပြောပြထား၏။ ကောင်းမှုဟု အသိအမှတ်ပြုထား၏။ ထိုအရာကိုသာလျှင် ကောင်းသောအလုပ်

သို့မဟုတ် ပုညဟု မှတ်သင့်လေသည်။ အကြင်အရာကို တားမြစ်ပိတ်ပင်ထား၏။ ထိုအရာသည် မကောင်းသောအလုပ် သို့မဟုတ် ပါပဖြစ်လေသည်။ ဗုဒ္ဓသည် ထာဝရဘုရားသခင် (ဣသရ) ကိုလည်း အယူမရှိပေ။။ ထာဝရဘုရားသခင်လုပ် မည်သည့်ကျမ်းစာကိုမျှလည်း အယူမရှိပေ။ မိမိ၏စကားကိုလည်း ဗုဒ္ဓသည် ထာဝရဘုရားသခင်ဟော ကျမ်းစာများ၏အဆင့်၌ မထားပေ။ သို့ဖြစ်၍ ဗုဒ္ဓသည် မိမိတရားဒေသနာများကိုပင် ဖြစ်လင့်ကစား အသိဉာဏ်နှင့်ရင်း၊ အတွေ့အကြုံနှင့်ရင်း၊ ကိုက်ညီပါမှ လက်ခံကြရန် ညွှန်ကြား ပြောပြတော်မူလေသည်။ ဗုဒ္ဓသည် ကောင်းသော အလုပ်အတွက် ကြီးကျယ်ကောင်းမြတ်သည့် မှတ်ကျောက်တခုကို ပြောပြတော်မူသည်။ ၎င်းကား မျှားစ္ဆာသောလူတို့၏ အကျိုးစီးပွားအတွက်၊ မျှားစ္ဆာသော လူတို့၏ ချမ်းသာသုခအတွက် (ဗဟုဇနဟိတာယ၊ ဗဟုဇနသုခါယ)လောကတခုင်၌ ကျင်လည်သွားလာခြင်းဖြစ်လေသည်။ မိဂဒါဝုန်တွင် ဝါဆိုလပြည့်နေ့၌ ဓမ္မစက္ကပဝတ္တနသုတ် (ဓမ္မစကြာတရား) ကို ဟောကြားတော်မူပြီး ပဌမဝါကို ထိုမိဂဒါဝုန်၌ ကပ်တော်မူလေသည်။ ဝါကျွတ်သောအခါ ဗုဒ္ဓသည် ဒေသစာရီလှည့်လည်ရန်အတွက် မထွက်ခွာမီ မိမိတပည့်များအား မိန့်တော်မူ၏-"ရဟန်းတို့၊ လူအပေါင်းတို့၏ အကျိုးစီးပွားအတွက်၊ လူအပေါင်းတို့၏ ချမ်းသာသုခအတွက်၊ လူ့လောကအပေါ်၌ သနားကရုဏာထားရန်အတွက်၊ နတ်နှင့်လူတို့၏ အကျိုးအတွက်၊ စီးပွားချမ်းသာအတွက် လှည့်လည်ကြလော့။ နှစ်ယောက်အတူတူ မသွားကြနှင့်"

ယင်း လူအပေါင်းတို့၏ အကျိုးအတွက် လူအပေါင်းတို့၏ ချမ်းသာသုခအတွက် (ဗဟုဇနဟိတာယ၊ ဗဟုဇနသုခါယ)သည်

ကောင်းမှု သို့မဟုတ် ပုညု၏ မှတ်ကျောက်ဖြစ်လေသည်။ ယင်းမှတ်ကျောက်သည် မည်မျှရှင်းလင်း ပြတ်သားနေသနည်းဆိုလျှင် ရှင်းလင်းပြောပြနေစရာ မလိုပေ။

ဗုဒ္ဓသည် လူတို့၏ သတ်မှတ်ချက်ဘောင်ကို နားလည်တော်မူသည်။ လူသည် မိမိဘဝ၌ ဖူဖူလုံလုံရှိပါမှ စည်းကမ်းဥပဒေများကို လိုက်နာစောင့်ရှောက်နိုင်မည်၊ (၀၊) အူမတောင့်မှ သီလစောင့်နိုင်မည်ဟူသော အချက်ကို သိရှိတော်မူသည်။ သို့ဖြစ်၍ ဗုဒ္ဓသည် တိုးပြည်နိုင်ငံ၌ ငြိမ်းချမ်းမှု ချမ်းသာမှုဘည်းဆောက်ရန် အဘုဇဲ လူတိုင်း လူတိုင်း၏ လိုအပ်သည့်အရာများကို အာမခံချက် ပေးခြင်းလောက် (၀၊) လူတိုင်း လူတိုင်း ဖူလုံမှုရှိစေရေးလောက် အပြင်ဘက် ပေးခြင်းကို (၀၊) လက်နက်ဖြင့် အုပ်ချုပ်ခြင်းကို အလေးအနက် ပြုဘော်မမူပေ။ ထိုအချက်နှင့် စပ်လျဉ်းသော ပန်းချီကားကို ဗုဒ္ဓသည် ရှေးဟောင်းအကြောင်းအရာဘခု၏ အသွင်ဖြင့် ဆဲပြတော်မူလေသည်-

(ကုဋ္ဌဒန္တသုတ်၊ ဒီဃနိကာယ် ၁၊၅)

"ပြောဟူဏ၊ ရှေးအခါ၌ ကြွယ်ဝသော၊ များသောဥစ္စာရှိသော၊ များသောစည်းစိမ်ရှိသော၊ များသော ရွှေငွေရှိသော၊ များသော အသုံးအဆောင် ရှိသော၊ များသော ဥစ္စာစပါးရှိသော၊ ပြည့်သော ဘဏ္ဍာတော်ကြီးရှိသော မဟာဝိဇိတမင်းကြီးသည် ဆိတ်ကွယ်ရာ၌နေစဉ် ဤသို့အကြံဖြစ်ပေါ်၏- 'ငါသည် ပြန့်ပြောကသော လူစည်းစိမ်ကို ရနေ၏။ ကျယ်ပြန့်သော မြေအဝန်းကို အုပ်စိုးနေ၏။ ငါသည် ကြာမြင့်စွာသော ကာလပတဲလုံး ငါ၏ စီးပွားချမ်းသာ အလို့ငှာ ဖြစ်မည့် ကြီးစွာသော ယဇ်ကိုပူဇော်ရမှု ကောင်းလေစွ'။ ပြောဟူဏ ထိုခါ၌ မဟာဝိဇိတ

မင်းသည် ပုရောဟိတ် ဗြာဟ္မဏကို ခေါ်လျက် ဤစကားကိုဆိုခဲ့၏-
'ဗြာဟ္မဏ၊ ဆိတ်ငြိမ်ရာ အရပ်၌ တယောက်တည်းနေစဉ် ငါသည် ဤသို့အကြံဖြစ်၏....ကြီးစွာသော ယဇ်ကို ပူဇော်ရမူ ကောင်းလေစု....ဗြာဟ္မဏ၊ ငါသည် ကြီးစွာသော ယဇ်ကို ပူဇော်ပသလိုသည်။ ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွားချမ်းသာ အလို့ငှာ ဖြစ်မည့်အရာကို ငါ့အား ညွှန်ကြားပြောပြပါလော့'။ ယင်းသို့ ပြောသောအခါ....ပုရောဟိတ် ဗြာဟ္မဏသည် မဟာဝိဇိတ မင်းကြီးအား လျှောက်ထား၏။ 'အရှင်မင်းကြီး၏နိုင်ငံ၌ (ခိုးသူ)ဆူးခြောင့်ရှိ၏။ (ခိုးသူ)နှိပ်စက်ခြင်းရှိ၏။ ရွာကို လုယက်ဖျက်ဆီးခြင်းများ တွေ့ရ၏။ နိုဂုံးကို ဖျက်ဆီးခြင်းများ တွေ့ရ၏။....အရှင်မင်းကြီးသည် ဤသို့(ခိုးသူ) ဆူးခြောင့် ရှိသော၊ (ခိုးသူ) နှိပ်စက်ခြင်း ရှိသော၊ နိုင်ငံ ဇနပုဒ်မှ အခွန်အတုတ်ကို ကောက်ယူ၏။ ယင်းသို့ ကောက်ယူခြင်း အားဖြင့် အသင်မင်းကြီးသည် မပြုသင့် မပြုအပ်သည်ကို ပြုလုပ်၏။ အသင်မင် ကြီးသည် ဤသို့သော အကြံဖြစ်မှု ဖြစ်ရာ၏- ငါသည် ဤခိုးသူ ဆူးခြောင့်ကို သတ်ဖြတ်ခြင်းဖြင့်ရင်း၊ ချုပ်နှောင်ခြင်းဖြင့်ရင်း၊ ဆုံးရှုံးနစ်နာစေခြင်းဖြင့်ရင်း၊ တိုင်းပြည်နိုင်ငံမှ နှင်ထုတ်ခြင်းဖြင့်ရင်း၊ ဖယ်ရှားပစ်အံ့-။ သို့သော် ဤခိုးသူတည်းဟူသော ဆူးခြောင့်ကို ဤနည်းအားဖြင့် အကြွင်းမဲ့ ဖယ်ရှား မပစ်နိုင်ပါ။ သတ်ဖြတ်ညှဉ်းဆဲ ခံရသည်မှ ကြွင်းကျန်သော ခိုးသူတို့သည် နောက်အခါ၌ မင်း၏ နိုင်ငံကို ညှဉ်းဆဲကုန်လတ္တံ့။ ထို ခိုးသူတည်းဟူသော ဆူးခြောင့်ကို ဤယခုပြောပြသည့် နည်းဖြင့်သာလျှင် အကြွင်းမဲ့ ဖယ်ရှား ပစ်နိုင်ပေသည်- သင်မင်းကြီး၏ နိုင်ငံ၌ လယ်ယာစိုက်ပျိုးမှု၊ နွားမွေးမှု

တို့ကို အားထုတ်ပြုလုပ်ကုန်သော သူတို့အား အသင်မင်းကြီးသည် မျိုးနှင့် ရိုက္ခာကို ထောက်ပံ့ ပေးကမ်းပါလော့။ သင်မင်းကြီး၏ နိုင်ငံ၌ ကုန်သွယ်မှုကို အားထုတ်ပြုလုပ်ကုန်သော သူတို့အား သင်မင်းကြီးသည် အရင်းအနှီးကို ထောက်ပံ့ ပေးကမ်းပါလော့။ သင် မင်းကြီး၏ နိုင်ငံ၌ မင်းမှုထမ်းအလုပ်ကို အားထုတ် လုပ်ကိုင်သော သူတို့အား သင် မင်းကြီးသည် လခရိုက္ခာကို ပေးပါလော့။ ယင်းသို့ ပြုလုပ်သည်ရှိသော် ထိုသူတို့သည် မိမိတို့၏ အလုပ်အကိုင်၌ လုပ်ကိုင်နေကြပြီး သင် မင်းကြီး၏ နိုင်ငံကို ညှဉ်းဆဲလိမ့်မည် မဟုတ်တော့ပေ။ သင် မင်းကြီးလည်း မျှားပြားသော ဥစ္စာစပါးအစုအပုံကို ရပေလိမ့်မည်။ နိုင်ငံ(ဇနပုဒ်)သည်လည်း ဆင်းရဲဒုက္ခ ကင်းပေလိမ့်မည်။ ဆူးငြောင့် ကင်းပေလိမ့်မည်။ ဘေးကင်းပေလိမ့်မည်။ လူတို့သည်လည်း ဝမ်းမြောက် ဝမ်းသာဖြင့် ရင်ခွင်၌ သားသမီးတို့အား ကစေလျက် တံခါးမပိတ်ဘဲ နေကြရလိမ့်မည်' မဟာဝိဇိတ မင်းကြီးသည် ပုရောဟိတ်ပြာဟ္မဏအား 'အချင်း ကောင်းပါပြီ'ဟု ပြောပြီး မိမိ၏နိုင်ငံ၌ လယ်ယာစိုက်ပျိုးမှု နွားမွေးမှုတို့ကို ကြိုးစားလုပ်ကြသူတို့အား မျိုးနှင့် ရိက္ခာကို ထောက်ပံ့ ပေးကမ်းလေ၏။ ကုန်သွယ်မှုကို ကြိုးစားလုပ်ကြသူတို့အား အရင်းအနှီးကို ထောက်ပံ့ပေးကမ်း၏။ မင်းမှုထမ်းအလုပ်ကို ကြိုးစားလုပ်ကုန်သော သူတို့အား လခ ရိက္ခာကို ပေးလေ၏။ ထိုသူတို့သည် မိမိတို့၏ အလုပ်အကိုင်ကို ကြိုးစား လုပ်ကိုင်နေကြသည် ဖြစ်၍ ဘုရင်မင်းကြီး၏ နိုင်ငံကို မညှဉ်းဆဲကြကုန်။ ဘုရင်မင်းကြီးလည်း မျှားပြားသော ဥစ္စာအစုအပုံကို ရရှိ၏။ နိုင်ငံသည်လည်း ဆင်းရဲဒုက္ခ ဆူးငြောင့်ဘေးရန် ကင်းရှင်း သွား၏။ လူတို့လည်း ဝမ်းမြောက် ဝမ်းသာဖြင့်

ရင်ခွင်တွင် သားသမီးတို့အား ကစေပြီး အိမ်တံခါး မပိတ်ဘဲ နေကြလေကုန်၏"

၂။ သမာဓိ

အဒ္ဒေတ္တ ဝေဒနာကို စတင် ဖြန့်ဖြူးသူ ရှင်ကရက ဗုဒ္ဓကို "ယောဂိနံ စက္ခုဝတ္တိ" (ယောဂိတို့၏ စကြာဝဠာ ဘုရင်"ဟု ခေါ်ဆိုလေသည်။ ဗုဒ္ဓ၏ ဘုန်းဂုဏ်သည် မဟာယောဂီ တဦး၏ အဖြစ်ဖြင့် သူလက်ထက်က အလွန်ထင်ရှားကျော်ကြားပေသည်။ သမထ ဝိပဿနာနှင့် ပတ်သက်ပြီး ဗုဒ္ဓသည် များစွာသော တရားဒေသနာများ၌ မဟာကြားတော်မူခဲ့လေသည်။နောက်ပိုင်း တွင်လည်း အားလုံးသော ဗုဒ္ဓဘာသာ နိုင်ငံတို့၌ ယောဂီနှင့် ယောဂ အကြောင်းကို များစွာပင် ဆွေးနွေး ပြောကြားကြ လေသည်။ ပါဠိဘာသာ၌မူ "ဝိသုဒ္ဓိမဂ်"အမည်ရှိ ကြီးမားသော ကျမ်းကြီးတစောင်ဖြင့် ယောဂအကြောင်းကို ရေးသားထား လေသည်။ ခေတ်သမယတိုင်း၌ မိမိ၏ဘဝကို ဘာဝနာအကျင့် ကျင့်ကြံ အားထုတ်မှု၌ သာလျှင် ကုန်လွန်စေသည့် ဘောနေ (အရည်က) ရဟန်းများ ရှိကြလေသည်။ ဘာဝနာ အကျင့် ကျင့်ကြံ အားထုတ်မှု တည်းဟူသော စျာန်သည် အဓိကအားဖြင့် လေးမျိုးရှိသည်။ယင်းစျာန်တို့သည် စိတ်နှလုံးကို တည်ငြိမ်အောင် ထားသည့် စိတ်၏ အမျိုးမျိုး အပြားပြားသော အခြေအနေ သို့မဟုတ် အဆင့်များ ဖြစ်ကြသည်။ ယင်း စျာန်တို့ကို အစဉ် အတိုင်း ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ဟု ခေါ်လေသည်။ စျာန်တိုင်း စျာန်တိုင်း၏ ကူညီသော ထူးခြား ချက်မှာ- ထိုစျာန်၌ အပြင်အပမှ အာရုံများနှင့် စိတ်၏အဆက်

အသွယ်ကို ရုပ်သိမ်းပြီး စိတ်နှလုံး တည်ငြိမ်သွားခြင်း ဖြစ်လေ သည်။ ပဌမစျာန်၌ စိတ်နှလုံးတွင် ဝိတက်နှင့် ဝိစာရတို့ ရှိကြသည်။ ဝိတက်နှင့် ဝိစာရတို့ တည်ငြိမ်ခြင်းကြောင့် ပီတိနှင့် သုခတမျိုး ရရှိလေသည်။ ဒုတိယစျာန်၌ ဝိတက်နှင့် ဝိစာရတို့ ရပ်သွား လေသည်။ အတွင်း၌ ပြိမ်းချမ်းမှုနှင့် စိတ်၏ တည်ငြိမ်မှု တည်ဆောက်မိ သွားလေသည်။ ယင်း အခြေအနေ သည်လည်း ဇာတ်နှင့် သုခရှိသော အခြေအနေ ဖြစ်လေသည်။ တတိယစျာန်၌ စိတ်သည် ပီတိကိုပင် ငြီးငွေ့ပြီး လျစ်လျူရှုသွားလေတော့သည်။ သို့ပင် ပြုနိုင်စကာမူ ထိုတတိယစျာန်၌ သတ်ရှိသည်။ အသိသည် ပျောက်ပျက် မသွားပေ။ ထိုတတိယ စျာန်သည် ကိုယ်ကာယဖြင့် သုခကိုးကို တွေ့သည်။ သိသည်။ စတုတ္ထစျာန်၌ စိတ်နှလုံးသည် သုခနှင့် ဒုက္ခမှ မျက်နှာလွှဲသွားပြီးလျှင် သောမနဿ ဖြစ်ခြင်း၊ စိတ်ဝင်စားကြည်ညှာဖြစ်ခြင်း၊ စိတ်ပူပန်မှု ဖြစ်ခြင်းတို့မှ အပဖြစ်ပြီး သုခဒုက္ခ ကင်းသွားလေတော့သည်။ ယင်း စျာန်သည် သတိ စင်ကြယ်မှု၏ စျာန်ဖြစ်သည်။ ယင်း စျာန်အဆင့်သို့ ရောက်လျှင် စိတ်သည် သမာဓိရရှိပြီး စင်ကြယ်သွားသည်ဖြစ်၍ ညစ်ကြေး ကင်းစင်လျက် နူးညံ့သွားတော့သည်။ ခိုင်ခန့်သွားတော့သည်။

ထိုစျာန်တို့သည် ယောဂအကျင့်၏ အမြင့်ဆုံးသော အခြေ အနေများ ဖြစ်ကြသည်။ ထိုမှတပါး တခြား ယောဂနှင့် ဝပ်လျှဉ်းသည့် ဘာဝနာများအကြောင်း ဖွင့်ဆိုရေးသားချက် များလည်း ရှိသေးသည်။ ယင်း ဖွင့်ဆိုရေးသားချက် များဖြင့် ယောဂအကျင့်ကို လိုလားနှစ်သက်သူများသည် များစွာ အကျိုး ကျေးဇူး ရှိကြလေသည်။ အမှန်စင်စစ်မှာ သမာဓိတရားနှင့် ပတ်သက်သည့် ကျင့်စဉ်များသည် အလေ့အကျင့်နှင့် ဆက်စပ်မှု

ရှိသည်။ ထိုကျင့်စဉ်များ၏ အနက်အဓိပ္ပာယ်မှာလည်း ထိုကဲ့သို့ အလေ့အကျင့်နှင့် ဆက်စပ်ပါမှ ရှင်းလင်းပြတ်သားပေသည်။

၃။ ပညာ

ပညာ၏ အဓိပ္ပာယ်မှာ– အဘိဓမ္မာ သို့မဟုတ် နက်နဲသော ဉာဏ်ကို ဆိုလိုသည်။ ဗုဒ္ဓသည်ရင်း၊ ကာလအားလုံးနှင့် ဒေသအားလုံးမှ ဗုဒ္ဓဘာသာဝင် အတွေးအခေါ် ပညာရှင်များသည်ရင်း၊ ပညာကို အမြားဆုံး အလေးအနက် ပြုခဲ့ကြလေသည်။ သို့ဖြစ်၍ ဗုဒ္ဓအား အကျင့်နှင့် နိတိကို ဖြန့်ဖြူးသူပုဂ္ဂိုလ်အဖြစ်မျှလောက် ပြောလိုသူတို့သည် အမှန်တရားနှင့် အဘယ်မျှလောက် ဝေးကွာသည်ကို ပြောပြဘို့ရန် မလိုဘော့ပေ။ ဗုဒ္ဓ၏ နောက်ပိုင်းရာစုနှစ် ခုနှစ်ခု အကြာလောက်တွင် ပေါ်ပေါက်ခဲ့သည့် ကြီးကျယ်သော အတွေးအခေါ်ပညာရှင် နာဂါဇုနသည် ဗုဒ္ဓ၏ ပဋ္ဌိစ္စသမုပ္ပဒေါနှင့် မဇ္ဈိမပဋိပဒါ အကြောင်းကို စဉ်းစားဆင်ခြင်ပြီးသကျမုနိ (ဗုဒ္ဓ) အား အတုမဲ့သမ္မာဒေါဟု ထုတ်ဖော်ခဲ့လေသည်။

ပဋ္ဌိစ္စသမုပ္ပဒေါ–ပဋ္ဌိစ္စသမုပ္ပဒေါ၏အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြောပြရင်း ဗုဒ္ဓကိုယ်တော်တိုင်ပင် "ဤအရာ၏နောက်၌ ဤအရာဖြစ်သည်" (အသ္မိံ သတိ ဣဒံ ဘဝတိ) ဟု ဟောတော်မူခဲ့သည်။ အမှန်စင်စစ်အားဖြင့် ခြင်းချက်မရှိ အရာဝတ္ထုယူသမျှ အနိစ္စဖြစ်၏ ဟူသောအချက်မှာ ယင်းမူလသဘောတရား၏ ရှင်းလင်းဖွင့်ပြချက်ဖြစ်လေသည်။ ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်တို့သည် အနိစ္စဝါဒီများဖြစ်ကြသည်။ ရင်းတို့သည် တစုံတခုသော အရာဝတ္ထုအား အနိစ္စဖြစ်၏ဟု မပြောရမချင်း အမှန်ရှိ၏ဟု အယူမရှိကြပေ။ နှောင်းခေတ်ဆရာအရှင်များကမူ လိုအချက်ကို ထပ်ရှင်းလင်းပြီး "ယတ်ဆတ်တတ် ခဏိကံ" (အကြင်အရာသည် အမှန်

ရှိ၏။ ထိုအရာသည် ခဏိကဖြစ်၏)ဟု ပြောဆိုကြလေသည်။ ဗဟိဒ္ဓ အရာဝတ္ထုများကိုမူ အနိစ္စဖြစ်၏၊ ခဏိကဖြစ်၏ဟု ယူဆရန် အတွက် အားလုံးပင် အသင့်ရှိကြသည်။ သို့ရာတွင် ဗုဒ္ဓသည် ဗဟိဒ္ဓ အသည်ဖြစ်ရှိသည့် လောကကိုသာလျှင် ခဏိကဖြစ်၏ဟု မပြောဘဲ အတွင်းအရှေ့တွင်ရှိ သိမ်မွေ့သော လောကအပေါ်၌ လည်း ဤခြင်းချက်မရှိသည့်စည်းကမ်းချက်ကို သတ်မှတ်ကျင့်သုံး ရသည်ဟု ဟောပြောတော်မူသည်။ ဗုဒ္ဓလက်ထက် မတိုင်မီကလေး ကပင် ဥပနိသဒ်အတွေးအခေါ် ပညာရှင်များ၏ ခေတ်ကာလ ပေါ်ခဲ့လေသည်။ ပဝါဟဏ၊ ဥဒ္ဒာလက၊ ယာဇ္ဇဝလကျကဲ့သို့သော ရဟေ့ကြီးတို့သည် ခဏမပြတ် ဇောင်းလဲလေ့ရှိသည့် ဗဟိဒ္ဓ လောကဆိုအတွင်းဌာ မြဲသော၊ ပြောင်းလဲခြင်းမရှိသော၊ တည်တံ့ နေသော သိမ်မွေ့သည့်အရာဝတ္ထု (သဘော) တခုရှိ၏ဟု လူတို့ အား ယုံကြည်ယူဆ စေခဲ့ကြလေသည်။ ယင်း အရာဝတ္ထုကို ရှင်းဘိုက အတ္တဟု အမည်ပေးကြလေ၏။ ယင်း မြဲသော၊ ဖောက် ပြန်ပြောင်းလဲခြင်း မရှိသော အတ္တကို ရရှိခြင်းသည် ဘဝ၏ အမြင့်မြတ်ဆုံးသော ရည်မှန်းချက်ဖြစ်၏ဟု ယုံကြည်ကြသည်။ ဥပနိသတ်၏ ယင်းအတ္တဝါဒ (ဗြဟ္မဝါဒ) ကို ယုံကြည်စွဲလမ်းသူ တို့၏ ဦးရေသည် ယခုခေတ်တွင်လည်း တိုင်းပြည်နိုင်ငံ၌ မနည်း လှပေ၊ တိုင်းပြည်နိုင်ငံ အတွင်းဌာသာလျှင်မက တိုင်းပြည်နိုင်ငံ အပြင်ဘက်ဌာလည်း ယင်း အတ္တဝါဒ၊ ဗြဟ္မဝါဒကို ဖြန့်ဖြူးသည့် ဝေဒန္တအား ယုံကြည်သူများကို တွေ့ရပေလိမ့်မည်။ ဗုဒ္ဓသည် မိမိ၏အနိစ္စဝါဒဖြင့် ယင်း အတ္တဝါဒအား တချက်တည်းဖယ်ရှား ပစ်လိုက်ခြင်းမှာ ကြီးမားသော ကြိုးပမ်း အားထုတ်ခြင်းနှင့် ကျင့်ကြံခြင်း၏ အကျိုးပင် အမှန်ဖြစ်လေသည်။ ဥပနိသတ်၏

အတ္တဝါဒအား အထူးအားဖြင့် ဗုဒ္ဓထိုးနှက်လိုသည်မှာ မိမိ၏ ဝါဒအား အနတ္တဝါဒဟု ခေါ်ဆိုခြင်းကို ထောက်သောအား ဖြင့်လည်း သိရှိရပေသည်။ ဝေဒန္တ အဘိဓမ္မာသည် "ဆတ်ကျိတ် အာနန္ဒ"ဟု ကြွေးကြော်လေသည်။ ဗုဒ္ဓက "အဆတ်အကျိတ် အနာနန္ဒ"ဟု ကြွေးကြော်သည်ဟု ဆိုရပေမည်။ မှန်ပေသည်။ ထိုအဓိပ္ပာယ်ဆိုလိုရင်းအတွက် ဗုဒ္ဓသည် စကားလုံး ပြောင်းပြီး "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" ဟူသော စကားလုံးကို အသုံးပြုသား ပေသည်။ ဝေဒန္တာ့ ဆတ်ဟူသော စကားလုံးကို မြဲခြင်းအတွက် အသုံးပြုထားသည်။ ကျိတ်ဟူသောစကားလုံးကို အတ္တအတွက် အသုံးပြုထားသည်။ အာနန္ဒ၏ အနက်အဓိပ္ပာယ်မှာ ဒုက္ခမရှိခြင်း ဖြစ်လေသည်။ ယင်းကို ထောက်လျှင် ဗုဒ္ဓသည် ဥပနိသျှဒ်၏ မူလသဘောတရားများ၏ ဆန့်ကျင်ဘက်ဖြစ်၏ဟူသည်မှာ ထင် ရှားပြတ်သားလှပေသည်။ ယခုခေတ် စာရေးဆရာပေါင်းများ စွာတို့သည် ဤအချက်နှင့်စပ်လျဉ်းပြီး တခုနှင့်တခု ရောလျက် ဗုဒ္ဓအားလည်း ဥပနိသျှဒ်ဝါဒကို ဖြန့်ဖြူးသူအဖြစ် ရေးကြပြော ကြခြင်းမှာ အံ့သြဖွယ်ပင်ဖြစ်လေ၏။

အနိစ္စဝါဒ သို့မဟုတ် ခဏိကဝါဒသည် ဗုဒ္ဓအဘိဓမ္မာ၏ အခြေခံအုတ်မြစ် ဖြစ်လေသည်။ ဗုဒ္ဓ၏ ယင်းဝါဒသည် အိန္ဒိယ ပြည်၏ အရင့်ကျက်ဆုံးနှင့် အတိုးတက်ဆုံး အဘိဓမ္မာ၏ မြစ်ဖျား ခံရာလည်းဖြစ်သည်။ ယင်းဝါဒကိုလက်ခံလျှင် လူသည် တဖက်၌ ဣသရနှင့် အတ္တ၏ အနှောင်အဖွဲ့မှ လွတ်မြောက်သွားပြီး အခြား တဖက်၌မူ ဘုရားသခင်ဖန်ဆင်းခြင်းတည်းဟူသော ညွှတ်ကွင်းမှ လည်း ကင်းလွတ်သွားပေသည်။ ကမ္ဘာလောက၌ မည်သည့် အရာဝတ္ထုမျှ ခဏနှစ်ခုမျှပင် တည်ရှိမနေနိုင်ပေ။ မြေးဖွားပေါ်

ပေါက်လာကတည်းက အရာဝတ္ထုသည် မိမိ၏သေခြင်းကို တပါတည်းဆောင်ယူလာလေသည်။ ယင်း အမှန်တရားကို ရှင်းလင်းပြောပြလျက် ဗုဒ္ဓသည် တဖက်၌ ချစ်အပ်သည်တို့နှင့် ကွဲကွာခြင်း၊ မချစ်အပ်သည်တို့နှင့် ပေါင်းဖက်ရခြင်းတို့ကြောင့် စိတ်မကောင်းဖြစ်ရခြင်းကို တည်မြဲသည့်အရာ မဟုတ်ဟု သဘောထားပြီး စွန့်ပယ်ပစ်ကြရန် ဟောတော်မူသည်။ အခြားတဘက်၌မူ ယင်း ပြောင်းလဲလွှဲရှိခြင်းသဘောကြောင့် လူသားအတွက် လျှော်ညီလျောက်ပတ်သော ပြောင်းလဲမှုဖြစ်ရန် အလားအလာရှိလေသည်။ လူတို့သည် ထိုသို့ဖြစ်ရန်အတွက် ကြိုးပမ်းအားထုတ်နိုင်ပေသည်။

ခလီကဝါဒ၏ အလိုအရ အကြောင်းသည် ခလီကဖြစ်လေသည်။ အကျိုးမဖြစ်ပေါ်မီ အချိန်ကပင် ထိုအကျိုး၏ အကြောင်းသည် အကြွင်းမဲ့ချုပ်ပျောက်သွားပြီ ဖြစ်လေသည်။ ယင်း အယူအဆ၏ အလိုအားဖြင့် အကျိုးနှင့်အကြောင်း မည်ကဲ့သို့ ဆက်သွယ်မှုရှိသည်ဆိုသည့် အချက်ကို ရှင်းလင်း ပြောပြရန်အတွက် ဗုဒ္ဓသည် ပဋ္ဌာန်စူသမုပ္ပဒေါဟူသော ဝေါဟာရသစ်ကို တီထွင်တော်မူခြင်းဖြစ်လေ၏။ အဓိပ္ပာယ်ဆိုလိုရင်းကား တခု ပဋ္ဌာန်(ပျက်စီး)သွားသောအခါ အခြားတခု ဥပ္ပဒ (ဖြစ်ပေါ်ခြင်း) ဖြစ်လာလေသည်။ အကြောင်းပျက်စီးသွားသောအခါ၌ အကျိုးဖြစ်ပေါ်လာသည်။ ယင်း နှစ်မျိုးတို့၏ ဆက်စပ်မှုကား ဤသို့ဖြစ်သည်- "ဤအရာ၏ နောက်၌ ဤအရာ ဖြစ်သည်" (အကြောင်း၏ နောက်၌ အကျိုးဖြစ်သည်)။ မျိုးစေ့ပျက်စီးသွားပြီး အပင်ဖြစ်လာခဲလေသည်။ ယင်းအချက်ကို လက်ခံဘို့ရန် မည်သူမျှဝန်လေးလိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ဗုဒ္ဓသည် ပြောင်းလဲမှုကို ဤမျှ

လောက် အထည်ဖြစ်ရှိသည့် အသွင်မျိုးဖြင့် ကြည့်တော်မမူပေ။ ဗဟိုဒုပြောင်းလဲမှုကို ကျွန်ုပ်တို့သည် မျက်စိဖြင့် မြင်ရကုန်သည်။ ယင်း ဗဟိုဒွပြောင်းလဲမှုသည် အထည်ဖြစ်ရှိသည့် ပြောင်းလဲမှု ဖြစ်လေသည်။ ဗုဒ္ဓသည် ယင်း အထည်ဖြစ်ရှိသည့်ပြောင်းလဲမှုကို လည်း သိန်းပေါင်းများစွာသော သိမ်မွေ့နုံ့ညံ့သည့် ပြောင်းလဲမှုတို့၏ အရိပ်ထင်ဟပ်ချက် ဖြစ်၏ဟု ပြောပြလိုတော်မူသည်။ ယင်းဝါဒ သဘောတရား၏ အလိုအရ လူသည် ခဏတိုင်းမှာ ဒဿနေသည်။ ခဏတိုင်းမှာ ပဌမပုဂ္ဂိုလ်၏နေရာ၌ လုံးဝအသစ်ဖြစ်သော အခြားပုဂ္ဂိုလ်တယောက် ထင်ရှားဖြစ်ပေါ်နေသည်။ ပြောင်းလဲမှု မည်မျှလျင်မြန်သနည်းဆိုလျှင် ထိုပြောင်းလဲမှု၏ အချိန်ကာလကို ကျွန်ုပ်တို့မဖမ်းနိုင်ပေ။ သို့ရာတွင် ပြောင်းလဲမှုဟူသမျှ၌ ပဌမအရာ၏ တူညီမှုသည် အလျင် အယင်၏ အဖြစ်ဖြင့် သွားနေ၏။ ယင်း တူညီမှုက နောက်အရာသည် ပဌမအရာပင် ဖြစ်သည်ဟု အတင်မှတ် မှားစေလေသည်။ လူသည် သူယေ၊ လူလင်၊ လူအို ကဲ့သို့သော ပြောင်းလဲမှုမျိုးသာလျှင် ဖြစ်မနေဘဲ ခဏတိုင်းခဏတိုင်း၌ လူသည် သေ၏။ နောက်လူက ပဌမလူနှင့် တူစွာ သို့နေရာ၌ ရောက်ရှိလာသည်။ ယင်းကဲ့သို့သော ဝါဒ သဘောတရားအားဖြင့် ဗုဒ္ဓသည် မိမိခေတ်က အတ္တဝါဒီ အတွေးအခေါ် ပညာရှင်တို့၏အတွင်း၌ မည်မျှလောက် ချောက်ချားစေခဲ့သည် ဆိုသည်ကိုမူ ပြောပြရန်မလိုပေ။

ဗုဒ္ဓသည် စိတ်ကိုအယူရှိသည်။စိတ်နှင့်ဝိညာဉ်ကို တခုတည်းဟု ပြောခြင်းအား ငြင်းပယ်တော်မမူ။ ဗုဒ္ဓ၏ အဘိမှာ၌ ယင်းကဲ့သို့သော ဂုဏ်နှင့်ဂုဏေး၏ ကွဲပြားခြားနားမှုအတွက် နေရာမရှိပေ။ ဓာတ်သဘောတရားတို့ကို ခွဲခြမ်းစိတ်ဖြာပြီး ဗုဒ္ဓသည် ထိုဓာတ်

သဘောတရားတို့ကို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူ၍ အပိုင်းငါးပိုင်းခွဲထားလေသည်။ ယင်းငါးပါးကို ဗုဒ္ဓဘာသာ ဝေါဟာရအားဖြင့် ပဉ္စက္ခန္ဓာဟု၍ ခေါ်ဆိုလေသည်။ ယင်းခန္ဓာ ငါးပါးဌာ အမှန်စင်စစ်အားဖြင့် ရုပ်နှင့်ဝိညာဉ်သည် ပြဋ္ဌာန်းပေ၏။ ကျန်သုံးပါးမှာမူ ရုပ်နှင့် ဝိညာဉ် ဆက်စပ်မှု၏ အထူးထူး အပြားပြားသော အခြေအနေသို့မဟုတ် အပြုအမူများဖြစ်ကြ၏။ အခြေအနေနှင့် အပြုအမူဌာ ဗုဒ္ဓသည် မည်ကဲ့သို့သော ခြားနားမှု ကိုမျှ လက်မခံပေ။ အကြောင်းမူကား အပြုအမူမရှိလျှင် မည်သည့် အခြေအနေမျိုးမျှ မဖြစ်နိုင်သောကြောင့်တည်း။ ပျက်ခြင်းနှင့်ဖြစ် ခြင်း စက်ရဟတ်သည်ကားမည်သည့် ခဏတွင်မျှရပ်နားမနေပေ။ ဘူတသဟေတုသည် ရုပ်ဖြစ်သည်။ စိတ်သည် ဝိညာဉ်ဖြစ် သည်။ ယင်းနှစ်မျိုးမှာ အမှန်သဘောတရား၏ အသွင်နှစ်မျိုး ဖြစ်လေသည်။ ယင်းနှစ်မျိုးသည် ခဏတိုင်းဌာ ပြောင်းလဲနေကြ သည်။ အမှန်သဘောတရားမှာကား ဒေသကာလဌာ စီးဆင်း နေသော မြစ်ရေအလျှင်ဖြစ်လေသည်။ ခဏနှစ်ခုဌာပင် တနေ ရာတည်းဌာ ရေချိုးရ၍ မဖြစ်နိုင်သည့် မြစ်ရေမျိုးဖြစ်လေသည်။

ရုပ်နှင့် ဝိညာဉ် နှစ်မျိုး၏ ခဏိက သဘောကို အမှန်တရားဟု ယူဆလော ဗုဒ္ဓအား ဒွေတ္တဝါဒီဟု ပြောဆိုနိုင်ပေသည်။ သို့ရာတွင် ဗုဒ္ဓသည် အရှုဝတ္ထု၏ အတွင်းသားထဲဌာ အလွန်သိမ်မွေ့ နူးညံ့ သော ပြောင်းလဲမှုကို ယုံကြည်ယူဆထားသောကြောင့် နှစ်မျိုး၏ ခြားနားချက်မှာ မရှိတော့ပေ။ သို့ဖြစ်၍ နောက်ပိုင်းဌာ ဗုဒ္ဓ အဘိ ဓမ္မာတွင် ဒွေတ္တနှင့် အဒွေတ္တဟူ၍ ကဲ့ပြားသွားလေ၏။ သဗ္ဗတ္ထိ ဝါဒီတို့သည် နှစ်မျိုးလုံး၏ တည်ရှိမှုကို လက်ခံကြလေသည်။ သုတ္တန္တရိကတို့သည် ဗဟိဒ္ဓအရာဝတ္ထုတို့၏ တည်ရှိမှုကို အဓိက

ဖြစ်၏ဟု ယုံကြည်လေသည်။ ဝိညာနဝါဒီ ယောဂစာရတို့သည် အတွင်း ဓာတ်သဘောတရား သို့မဟုတ် ဝိညာဉ်ကိုသာလျှင် အဓိက ဓာတ်သဘောတရားဖြစ်၏ ဟု ယူဆကြလေသည်။ သုညဝါဒီ မဇ္ဈိမိကတို့သည် နှစ်မျိုးလုံး၏ တည်ရှိမှုကို သာပေက္ခ (တဦးနှင့် တဦး ငဲ့မှု၊ မှီတွယ်မှု)ဟု ယူဆပြီး ၎င်းတို့၏ ပရမတ္ထ သဘောကို ငြင်းပယ်လေသည်။ ယင်း အယူ ဝါဒ မှာမူ ဗုဒ္ဓ ဘာသာ၏ နှောင်းခေတ် တိုးတက်လာခြင်းဖြစ်လေသည်။သို့ရာတွင်အဘိဓမ္မာ လေးမျိုးလုံး၏ အညွှန့် အညှောက်မှာ ဗုဒ္ဓ၏ အယူ အဆများ၌ တွေ့ရှိရပေ၏။

မဇ္ဈိမ ပဋိပဒါ– အလယ် အလတ်လမ်းစဉ် (မဇ္ဈိမ ပဋိပဒါ) ကို ဗုဒ္ဓသည် အခါခပ်သိမ်း အလေး အနက် ပြုလေသည်။ ကမ္မ (လုပ်ငန်း)နှင့် ပတ်သက်၍လည်း ဗုဒ္ဓသည် အစွန်းနှစ်ဖက်ဖြစ် သည့် လမ်းစဉ်ကို စွန့်ပြီး အလယ် အလတ်လမ်းစဉ်ကို လက်ခံ တော်မူလေသည်။ ကိုယ်ကာယအား လွန်လွန်မင်းမင်း ခြောက် ခန်းစေခြင်းကိုလည်း ဗုဒ္ဓသည် အကောင်းဟု မယူ ဆပေ။ ကိုယ်ကာယကိုသာလျှင် ရှိသမျှအရာဟု ယူဆပြီး ကိုယ်ကာယအား ပူဇော်ပသနေခြင်း၌သာလျှင် မေ့လျော့ ပျော်ပိုက် နေခြင်းကို လည်း နှစ်သက်လိုလားတော်မမူပေ။ဤနေရာ၌ ဗုဒ္ဓသည် အလယ် အလတ်လမ်းကို လိုက်ရန် ပြောကြား သကဲ့သို့ပင် အဘိဓမ္မာနှင့် ပတ်သက်၍လည်း မဇ္ဈိမ ပဋိပဒါ လမ်းစဉ်ကိုပင် ယုံကြည်တော် မူလေ၏။ ဗုဒ္ဓလက်ထက်တော်က ရုပ်ဝါဒီအယူအဆများ အိန္ဒိယ နိုင်ငံ၌ ရှိနေပေသည်။ ယင်းအယူအဆ၏ ရှေ့မှောက်၌ ရုပ်ဝတ္ထု သို့မဟုတ် မဟာဘုတ်တရားတို့မှ သီးခြားဖြစ်သော တခြားမည် သည့် မှန်သော အရာ ဝတ္ထုမျှမရှိပေ။ ရုပ်ဝတ္ထုတို့၌သာလျှင်

စိတ်(နာမ်)ဖြစ်ပေါ်လာလေသည်။ ထန်းလျက် သို့မဟုတ် အခြားသော အရာဝတ္ထုတို့၌ သေရည်အရသာရှိသကဲ့သို့တည်း။တဖက်၌မူ ပြဟ္မဝါဒီများရှိသည်၊ ၎င်းတို့ကမူ ရူပ်သဘော တရားကို စိတ်ခွဲဖြစ်သည်ဟု အယူရှိကြသည်။ ပဌမ လမ်းစဉ်မှာ အတ္တဝါဒ လမ်းစဉ်ဖြင့်ပြီး ဒုတိယလမ်းစဉ်က ရူပ်ဝါဒလမ်းစဉ် ဖြစ်လေသည်။ ဗုဒ္ဓသည် အတ္တဝါဒကို ပြတ်ပြတ် သားသား ငြင်းပယ်ခဲ့လေသည်။ အခြားတဖက်၌ ရူပ်ဝါဒကိုလည်း လက်မခံပေ။ ရူပ်နှင့် ဝိညာဉ်(စိတ်)သည် တခြားစီဖြစ်၏။ ၎င်းတို့၏ သုံးမျိုးသုံးစားသော အခြေအနေများမှာလည်း ထိုနည်းအတိုင်းပင် တခြားစီဖြစ်လေသည်။အကြောင်းကို အကျိုးနှင့် ခြားနားသော အရာဖြစ်၏ဟု ယူဆလျှင် ဗုဒ္ဓ၏ ဝါဒသဘောတရားများအရ ရူပ်ခွ မတူကွဲပြားခြားနားသော ဝိညာဉ်လည်း ဖြစ်ပေါ်လာနိုင်ပေသည်။ သို့ရာတွင် ဤအကြောင်းကို ဘယ်နေရာမှမျှ ရှင်းလင်းဟောပြမထားခဲ့ပေ။ သို့ဖြစ်၍ ကျွန်ုပ်တို့အနေဖြင့်လည်း လိုရာ ဆွဲမယူသင့်ပေ။

ဗုဒ္ဓသည် ဥစ္ဆေဒဝါဒ (ကိုယ်ကာယနှင့်အတူ ဘဝ၏ အဆုံးသတ်သွားခြင်း)ကို အယူမရှိပေ။ သို့ရာတွင် ဘဝသည် ခဏတိုင်း ခဏတိုင်း၌ ဖြစ်နေပြီး အကြွင်းမဲ့ ချုပ်ငြိမ်းသွားသည် ဟူ၍ကား လက်ခံချုပ် အသင့်ရှိပေ၏။ ဗုဒ္ဓ၏ အလိုအရ ဥစ္ဆေဒ (ပြတ်ခြင်း) အဓိပ္ပာယ်ခွာ ဘဝအလျှင် သို့မဟုတ် အစဉ် ပြတ်ခြင်း ဖြစ်လေသည်။ ဘဝသည် အဆက်မပြတ်သော အဓိပ္ပာယ် အကြောင်းမဟုတ်ပေ။ ကုန်ရောကုန်ရာသော ဝိန္ဓာတို့၏ အပေါင်းအစုသာ ဖြစ်သည်။ ဝိန္ဓာ တခု တခုသည် ခဏ တခု တခု၌ ရှိသော ဘာ၏ ကိုယ်စားလှည့်ဖြစ်သည်။ ဘဝ၏ ဝိန္ဓာတိုင်းသည် ခဏတိုင်း ခဏ

တိုင်းဌ ဖျက်စီးချုပ်ငြိမ်းရှိနေသော်လည်း ထိုသို့ပျက်စီး ချုပ်ငြိမ်းခြင်းအားဖြင့် အလျင်သည် ပြတ်မသွားပေ။ ပဌမ တခု၏ နေရာ၌ ဒုတိယ တခုလာသည်။ ဒုတိယ တခု၏ နေရာ၌ တတိယ တခုလာ လေသည်။ယင်းသို့အားဖြင့် ထိုအလျင်သည် ဆက်၍နေလေသည်။ ဤကိုယ်ကာယ၌လည်း ဘဝ ဝိန္ဒု အလျင်သည် ဆက်နေပြီး ထိုဘဝ ဝိန္ဒုတို့တခုနှင့်တခု အလွန်နီးကပ်စွာ ရှိနေသောကြောင့် ဘဝ၏ တခုတည်းအဖြစ် ကိုထင်ရခြင်း မြင်ရခြင်း ဖြစ်လေသည်။ ဝိန္ဒုတို့ဖြင့် ဆက်စပ်ပြုလုပ်ထားသည့် အရေး အကြောင်း ကဲ့သို့ တည်း။ ယင်းဘဝအလျင်အား ဤကိုယ်ကာယ၏နေ ၁ကိ၌လည်း ကောင်းသောကံ (အလုပ်)မကောင်းသော ကံအားလျော်စွာဖြစ် သည်ဟု ဗုဒ္ဓသည် အယူရှိတော်မူသည်။ ကံ၏ အကျိုးကို ပေးသူ မှာ တခြားမည်သူမျှ မဟုတ်ပေ။ လူတိုင်း လူတိုင်းသည် မိမိတို့ ပြုလုပ်သည့်အတိုင်း မိမိတို့၏ ဘဝဖြစ်ရလေသည်။ ယင်းသည် ပင်လျှင် ကံနှင့် လျော်ညီသော အကျိုးပေးဖြစ်လေသည်။ ဗုဒ္ဓ၏ အယူအဆဝါဒအရ လူတိုင်းလူတိုင်းသည် ခဏတိုင်း ခဏတိုင်း၌ မိမိ၏ အဆုံးအပိုင်း အခြားမရှိသည့် အချိန်ကာလမှ ပွားစည်း လာခဲ့သော ကောင်းသော ဂုဏ်အရည်အချင်း မကောင်းသော ဂုဏ်အရည် အချင်းတို့၏ ရောနှောနေသော အပေါင်းအစုဖြစ် လေသည်။ ဤနေရာ၌လည်း ဗုဒ္ဓသည် မဇ္ဈိမ ပဋိပဒါကိုပင် လက်ခံလေသည်။ အတ္တဝါဒီတို့သည် အတ္တကို အယူရှိပြီး အတ္တ၏ ကိုယ်သည် ပြောင်းလဲ နေသည့် အကြောင်းကို ပြောဆိုကြလေ သည်။ ရုပ်ဝါဒီတို့ကမူ သေပြီးသည့်နောက်၌ ဘဝအဆုံး သတ် သွားခြင်းကို အယူရှိကြလေသည်။ အတ္တဝါဒကို အယူမရှိသော ဗုဒ္ဓသည် ဇာတိတို့၏အကြား ဆက်စပ်မှုအတွက် ဘဝဝိန္ဒုအလျင်

ကို လက်ခံတော်မူသည်။ ဥစ္ဆေဒဝါဒကိုလည်း ငြင်းပယ်တော်မူ လေသည်။

ဗုဒ္ဓ၏ အဘိဓမ္မာ (ပညာ) သည် သူ့ခေတ်က နက်နဲသော အတွေးအခေါ်ပညာရှင် များစွာတို့အား ဆွဲဆောင်ခဲ့ လေသည်။ ဗုဒ္ဓ၏ တပည့်ကြီးများဖြစ်ကြသော သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့သည် ထိုခေတ်က နက်နဲသော အတွေး အခေါ် ပညာရှင်များ ထဲတွင် အပါအဝင်ဖြစ်ကြလေသည်။ သူတို့သည် ပညာရှိ ပြာဟူဏတို့၏ အတွေးအခေါ် အယူအဆ များကို အပြည့် အဝ လေ့လာ ဆည်းပူးထားသူများဖြစ်ကြလေသည်။ ယင်းတပည့်ကြီးနှစ်ဦး၏ နောက်တွင် မဟာကစ္စာယနနှင့် မဟာကဿပသည် ဗုဒ္ဓ၏ ပြဋ္ဌာန်းသည့်တပည့်ကြီးများဖြစ်ကြလေ၏။ နှစ်ဦးလုံးပင် ပြာဟူဏ အိမ်ထောင်စုဌ် မွေးဖွားပြီး ပြာဟူဏ တို့၏ အတတ် ပညာကို ကောင်းမွန်စွာ တတ်မြောက်ထားသူများဖြစ်ကြသည်။ ယင်းကဲ့သို့ သော ပညာရှင်များအား ဗုဒ္ဓသည် မိမိ၏ အဘိဓမ္မာဖြင့် ဆွဲဆောင်ရာ၌ အောင်မြင်မှု ရရှိခဲ့လေ၏။ ထိုနောက်တွင်လည်း အဿဇယာသ၊ နာဂါဠုန၊ အသင်္ဂ၊ ဝသုဗန္ဓု၊ ဒိနာဂ၊ ဓမ္မကိတ္တိ ကဲ့သို့သော ပြာဟူဏ မဟာ ပညာရှင်ကြီးများသည် ဗုဒ္ဓ၏ အယူ အဆများကို လိုလားနှစ်သက်ကြပြီး အိန္ဒိယ အဘိဓမ္မာကို ရှေ့သို့ ယူဆောင်သွားရန် အောင်မြင်မှုရရှိကြလေ၏။

ဥရောပတွင် ၁၉ ရာစုဌ် ဖြစ်ပေါ်ခဲ့သော ဟေဂေဟ်၏ အဘိ ဓမ္မာကို အကြွယ်ဝဆုံး အတိုးတက်ဆုံးအဘိဓမ္မာအဖြစ် သတ်မှတ် ယူဆကြသည်။ ဟေဂေလ် အဘိဓမ္မာမပေါ်ခင် ဆယ့်သုံးရာစု အလွန်က အိန္ဒိယ ဟေဂေလ်ဖြစ်သည့် ဓမ္မကိတ္တိ ပေါ်ပေါက် ခဲ့၏။ ဓမ္မကိတ္တိပေါ်ပေါက်လာခြင်းမှာ ဗုဒ္ဓဝါဒ ဗုဒ္ဓအုယူအဆ၏

ဂုဏ်ကျေးဇူးကြောင့်ပင် ဖြစ်လေသည်။ ဓမ္မကိတ္တိနှင့် ဓမ္မကိတ္တိ အရင်ကျသည့် ဒိနာဂတို့သည် ဗုဒ္ဓ၏ အဘိဓမ္မာကို ရှင်းလင်းဖွင့်ပြသည့်အနေဖြင့် 'ပမာဏဝတ္ထိက' နှင့် 'ပမာဏသမုစ္စယ' ကျမ်းများကို ရေးပြုကြလေသည်။ 'ပမာဏသမုစ္စယ' ကို မူလပင်ရင်း သက္ကတဘာသာဖြင့် မရရှိတော့ပေ။ 'ပမာဏဝတ္ထိက' ကိုမူ ၎င်း၏ မျှားစ့ဉာသော ဋီကာ၊ မျှားစ့ဉာသော နိဿယတို့နှင့် အတူတကွ တိဗက်မှ ရရှိသည်ဖြစ်၍ ယခုအခါတွင် မူလပင်ရင်း သက္ကတဘာသာဖြင့် ရိုက်နှိပ်ပြီးသွားလေပြီ။ အိန္ဒိယအဘိဓမ္မာ၏ အမြင့်ဆုံးတိုးတက်မှုကို သိရှိနားလည်ဘို့ရန်အတွက် ဤကျမ်းများကို မလေ့လာဘဲ မဖြစ်ပေ။ ယင်း အယူအဆများကို မလေ့လာဘဲနှင့် ကျွန်ုပ်တို့သည် တဖက်သတ် တဖက်စောင်းနင်းဖြစ်နေကြသည်။ ဝေဒန္တသည်သာလျှင် တခုတည်းသော အိန္ဒိယ အတွေးအခေါ်ကို ကိုယ်စားပြုသည်ဟု ပြောကြသည်။ သို့ရာဘွဲ့ ယင်းသို့ ပြောဆိုခြင်းမှာ မမှန်ပေ။ ဝေဒန္တ၏အတွေးဝါဒနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော အနတ္တဝါဒ အဘိဓမ္မာသည်လည်း အိန္ဒိယ၌ ဖြစ်ပေါ်ခဲ့သည်။ ဣသရဝါဒ–အာတ္ထိကဝါဒ–သည် အိန္ဒိယပိုင်ပစ္စည်းဖြစ်သည်ဟု မျှားစ့ဉာသော လူတို့က ထင်မှတ်ကြသည်။ သို့ရာတွင် အနိဿရဝါဒီ ဗုဒ္ဓ၊ ဒိန္နာဂ၊ ဓမ္မကိတ္တိတို့သည် ဘယ်ကပေါက်လာကြသနည်း။ကျွန်ုပ်တို့၏နိုင်ငံ၌ ရှေးဟောင်းအယူဆွေးဝါဒဆွေး တခုတည်းသာလျှင် မည်သည့်အခါမျှ လွှမ်းမိုးမနေခဲ့ပေ။ အယူဆွေး ဝါဒဆွေးတို့၏ ပြင်းထန်သော ဆန့်ကျင်ဘက် ပဋိဂိုလ်များလည်း ဤနိုင်ငံ၌ ထွန်းကားလျက်ပင် ရှိလေသည်။ နာလန္ဒာမှ မဟာအဘိဓမ္မာဆရာ ဓမ္မကိတ္တိ (ခရစ်-၆၀၀) ထက်

သာသည့် အယူဆေး ဝါဒဆေးကို ဆန့်ကျင်သူ ဘယ်သူဖြစ်နိုင်ဦးမည်နည်း။ သူက ဤသို့ အတိအလင်း ပြောပြခဲ့သည်-

"ဝေဒပရမာထ ကဿစိ ကတ္တာ ဝါဒေါ၊
နှာနေ ဓမ္မေဆ္ဆာ ဇာတိဝါဒါ၀ လေပေါ၊
သန္ဓာ၀ပါရမ္ဘ ပါပ ဟနာယ၊
စေတိ ဓဿတ ပညာနံ ပဇ္ဇလိဂ်ါနိ ဇာဒယေ။"

[ဝေဒ (ကျမ်း)ကို အထောက်အထားပမာထဟု မှတ်ယူခြင်း။ တစုံဘဦး (ထာ၀ရဘုရားသခင်)ကို ကမ္ဘာလောကအား ဖန်ဆင်းသူဟု ယူဆခြင်း၊ ရေချိုးခြင်းဌ် တရားဓမ္မဖြစ်သည်ဟု ယူဆခြင်း၊ ဇာတ်အယူသီးခြင်း၊ မဂေ္ဂဝင်းမှ ပဝေ္ဂာက်ရန်အတွက် ကိုယ်ကာယကို ညှဉ်းပန်းခြင်း (အစာဖြတ်ခြင်းနှင့် ကိုယ်ကာယ ညှဉ်းပန်းမှု အကျင့်များကို ကျင့်ခြင်း)၊ ယင်း ဝါးမျိုးသည် အသိဉာဏ်မရှိသူတို့၏ မိုက်မဲမှု အမှတ်လက္ခဏာများ ဖြစ်ကြပေသည်။]

ဗုဒ္ဓ အဘိဓမ္မာ

ဗုဒ္ဓသည် အဘိဓမ္မာကို ထင်ရှားပြတ်သားသွားအောင် ပြုလုပ်တော်မူသည်။ ယခုခေတ်တွင် မျှားစွာသော လူအပေါင်းတို့သည် အဟိုသာ၊ ပဠုသီလ၊ ကျင့်ဝတ်တရားများအပေါ် ဗုဒ္ဓ၏အလေးအနက် ပြုမူချက်များကို ထောက်ပြီး ဗုဒ္ဓအား ကျင့်ဝတ်တရားကို ညွှန်ကြားပြောပြသူ ဆရာရှင်အဖြစ် အသိအမှတ် ပြုကြသည်။ ဗုဒ္ဓ၏ တရားအဆုံးအမများ၌ ယင်း အချက်အလက်များလည်း ထင်ရှားရှိသည်မှာ ယုံမှားဖွယ်မရှိပေ။ သို့ရာတွင် ဗုဒ္ဓသည်ရင်း၊ ဗုဒ္ဓ၏တပည့် ဗုဒ္ဓဘာသာဝင်တို့သည်ရင်း၊ အဘိဓမ္မာ (ပညာ) အပေါ်၌ အများဆုံး အလေးအနက် ပြုကြလေ၏။ အဘိဓမ္မာ ရေးရာ အမြင်ဖြင့်ကြည့်လျှင် ဗုဒ္ဓနှင့် ဗုဒ္ဓတပည့် အနွယ်များ၏ နေရာသည် အလွန်တရာ မြင့်မားလျက် ရှိနေပေသည်။

ဗုဒ္ဓ၏ အဘိဓမ္မာ၌ စကားကြီးသုံးခွန်း ရှိလေသည်။ ၎င်းတို့ကား အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ ဖြစ်ကြလေ၏။ ဝေဒနာ အဘိဓမ္မာ၌ "ဆတ်-ကျိတ်-အာနန္ဒ" ဟူ၍ စကားကြီးသုံးခွန်း ရှိသကဲ့သို့ပင် ဖြစ်လေသည်။ ယင်းအဘိဓမ္မာနှစ်ရပ် တဦးနှင့်တဦး အပြည့်အဝ ဆန့်ကျင်ကြကြောင်းမှာ ယင်းစကားကြီး သုံးခွန်းများကို တခုနှင့်တခု နှိုင်းယှဉ်လေ့လာခြင်းအားဖြင့် သိသာထင်ရှားပေသည်။

အနိစ္စဝါဒအား ဗုဒ္ဓသည် မျှားစွာ အလေးအနက် ပြုတော်မူ လေသည်။ ယင်း အနိစ္စဝါဒသည်သာလျှင် ဗုဒ္ဓအာဘိဓမ္မာ၏ အခြေခံ အုတ်မြစ်ဖြစ်သည်ဟု ကျွန်ုပ်တို့ တနည်းအားဖြင့် ပြောဆို နိုင်ပေသည်။ ယင်း အနိစ္စဝါဒကို သေချာစွာ နားလည်သဘော ပေါက်မှသာလျှင် ဗုဒ္ဓအာဘိဓမ္မာကို နားလည်သဘောပေါက်နိုင် သည့်အပြင် အိန္ဒိယမှ ကွယ်ပျောက်သွားသည့်အချိန် (၁၂ ရာစု) အထိ ဗုဒ္ဓအာဘိဓမ္မာသည် အဘယ်ကြောင့် အစဉ်မပြတ် ရှေ့သို့ တိုးတက်သွားသည်ဆိုသည်ကိုလည်း နားလည်သဘောပေါက်နိုင် ပေလိမ့်မည်။

ဗုဒ္ဓမပေါ်ထွန်းမီကပင်လျှင် ဥပနိသျှဒ် အတွေးအခေါ် ပညာ ရှင်များ၏ အသွင်ဖြင့် ကျွန်ုပ်တို့၏ နိုင်ငံ၌ အာဘိဓမ္မာဆရာများ၏ ဂုဏ်သိက္ခာသည် မြင့်မားနေခဲ့ပြီး ဖြစ်လေသည်။ ဥပနိသျှဒ်သည် ဗဟိဒ္ဓလောကအား အနိစ္စဟု ယူဆရန်အတွက် အသင့်ဖြစ်လေ သည်။ သို့ရာတွင် ဗဟိဒ္ဓလောက၏အတွင်းသားထဲမှ နိစ္စဖြစ်သော မြဲသောတရားတခုကိုမူ ရှာဖွေထုတ်ယူရန် ဆန္ဒရှိလေသည်။ အဆုံး အပိုင်းအခြားမရှိ ပြောင်းလဲ၍နေသော ကမ္ဘာလောကသည် အမှန်စင်စစ်အားဖြင့် ငြိမ်းချမ်းသောကမ္ဘာလောကမဖြစ်နိုင်ပေ။ သို့ဖြင့်၍ အမှန်တကယ်ဘဲ ဖြင်ဖြစ်၊ ကြံဆထားအပ်သည်ဘဲ ဖြစ်ဖြစ်၊ ပြောင်းလဲခြင်း မရှိသော၊ မြဲမြံသော တရားတခုကို ဝေဒခေတ်နောက်ပိုင်း အတွေးအခေါ် ပညာရှင်များ၏ အစဉ် အဆက်သည် နှုတ်ဆွေးမပြတ် စူးစမ်း ရှာဖွေလာခဲ့ကြလေသည်။ ၎င်းတို့သည် အတ္တ (ပြဟ္မ) အဖြစ်ဖြင့် ထိုတရားကို ရှာဖွေတွေ့ရှိကြ လေ၏။ သို့ရာတွင် ယင်းအောင်မြင်မှုကြောင့် အသစ်အသစ်ဖြစ် သော စူးစမ်းမှုများ နောက်ထပ်ဖြစ်ပေါ်မလာသည်ကား မဟုတ်

ပေ။ ဗုဒ္ဓခေတ်၌ ဗုဒ္ဓမှစပြီး ကြီးကျယ်သော ဆရာရှင်ကြီးခုနစ်ဦးတို့သည် အဘိဓမ္မာအသီးသီးကို တီထွင်မှု၊ ဖြန့်ဖြူးမှုများ ပြုလုပ်ကြသည်ဖြစ်၍ ထင်ပေါ်ကျော်ကြားသူများ ဖြစ်ခဲ့ကြလေသည်။ ၎င်းတို့အားလုံးသည် ဥပနိဿဒ် သို့မဟုတ် ဝေဒလမ်းစဉ်နောက်သို့ လိုက်ကြသူများ မဟုတ်ရုံသာမကဘဲ ဗြာဟ္မဏတို့၏ ဓမ္မနှင့် ဆန့်ကျင်ပြီး ဓမ္မအသစ် တရားအသစ်ကို ထူထောင်ကြသူများ ဖြစ်ကြလေသည်။ အားလုံး၌ ကိုယ်စီကိုယ်ငှ ထူးခြားချက်များ ရှိလေသည်။၎င်းတို့သည် ဓမ္မတခုခုကို တည်ထောင်သူအဖြစ်၊ အသီးအမှတ်ပြုခြင်းခံရသူများ ဖြစ်ကြလေသည်။ ၎င်းတို့၏ ဓမ္မ၌ ရုပ်ဝါဒနှင့် အနိဿရဝါဒ (ထာဝရဘုရားကို အယုံ အကြည် မရှိသော ဝါဒ)များ သည်ပင်လျှင် ပါဝင်၍ နေပေသည်။

ဗုဒ္ဓသည် အဓိကအားဖြင့် ဥပနိဿဒ် အဘိဓမ္မာကို ဆန့်ကျင်လေသည်။ ဥပနိဿဒ်၏ အတ္တသဘောတရားအစား ဗုဒ္ဓက မိမိ၏ အဘိဓမ္မာ၌ အနတ္တသဘောတရားကို ညွှန်ကြားဟောပြ ထားလေသည်။ အနတ္တ၏ အဓိပ္ပာယ်မှာ အတ္တ၏ မရှိခြင်းမျှသာလျှင် မဟုတ်ပေ။ အနတ္တ ဟူသောစကားလုံးဖြင့် ဗုဒ္ဓ ဆိုလိုသည်မှာ ဗဟိဒ္ဓလောကနှင့် အဗ္ဗတ္တလောကကိုဘဲကြည့်ကြည့်၊ ဗဟိဒ္ဓအရာဝတ္ထုနှင့် အဗ္ဗတ္တအရာဝတ္ထုကိုဘဲကြည့်ကြည့်၊ မည်သည့်နေရာမှ ဥပနိဿဒ်တို့ ဖြန့်ဖြူးညွှန်ကြားသည့် အတ္တကဲ့သို့သော မြဲသော တရား၏ တည်ရှိမှုကိုမတွေ့ရပေ။ အားလုံးသော အရာဝတ္ထုတို့သည် ဗဟိဒ္ဓမှ အဗ္ဗတ္တအထိ အမြဲမပြတ် ပြောင်းလဲနေကြသည်။ ယင်းပြောင်းလဲမှုသည် အပြင်အပ ဗဟိဒ္ဓ ပြောင်းလဲမှု သာလျှင်မကဘဲ အမြစ်အရင်းမှနေပြီး တစုံတခုသော အရာဝတ္ထုကိုဖြိုဖျက်လျက် တခြားအရာဝတ္ထုကို ဖြစ်ပေါ်စေလေသည်။ ယင်းသို့အား

ဖြင့် ဒေသနှင့်ကာလ၌ ယင်းပြောင်းလဲမှုသည် အစဉ်မပြတ်ဖြစ်ပေါ်လာခဲ့လေသည်။ အစဉ်မပြတ် ဖြစ်ပေါ်နေလိမ့်မည်။ "အားလုံးအနိုဗ္ဗဖြစ်၏"(သဗ္ဗေ အနိစ္စာ)၊ 'အားလုံးအနတ္တဖြစ်၏' (သဗ္ဗေ အနတ္တာ)–ယင်းစကားဝါကျများကို ဗုဒ္ဓသည် အနက်အဓိပ္ပာယ်အပြည့်အဝဖြင့် အသုံးပြုထားလေသည်။ ကမ္ဘာလောကၽွ ယင်းစကားဝါကျများကို ဖောက်ပြန်ပြောင်းလဲခြင်းမရှိသော သဘောတရားဟု ပြောပြထားလေသည်။ အနိစ္စသဘောတရားၽွ ဘယ်လိုခြင်းချက်မျှ မရှိပေ။

အနိစ္စဝါဒအား ထပ်ပြီးထင်ရှားစေရန် နှောင်းဆရာရှင်များက အနိစ္စဝါဒကို ခဏိက ဝါဒဟု ဒုတိယ အမည် ပေးပြီးလျှင် "အကြင်မှန်သောအရာဝတ္ထုသည်ရှိ၏။ထိုအရာဝတ္ထုသည်ခဏိကဖြစ်၏" (ယတ်ဆတ်တတ်ခဏိကံ) ဟု ပြောပြကြ လေသည်။ "အကြင်အရာဝတ္ထုသည် ခဏိကမဟုတ်၊ ထိုအရာဝတ္ထုသည် မှန်သော အရာဝတ္ထုမဟုတ်ပေ။ ကြုံဆတွေ့တောအပ်သည့်အရာဝတ္ထုသာဖြစ်နိုင်သည်" ဟူ၍လည်း အခြားစကားလုံးဖြင့် ပြောပြကြလေသည်။ခဏိကသဘောနှင့် အနိစ္စ သဘောတည်းဟူသော ကမ္ဘာအနှံ့ပြန့်၍နေသည့်နိယာမသဘောတရားကိုလက္ခံလိုက်လျှင် အတ္တ ဝင်စရာအကွက်လည်းမရှိတော့ပေ။'ဣသရ(ထာဝရဘုရား) ဝင်စရာ အကွက်လည်းမရှိတော့ပေ။ သို့ဖြစ်၍ ဗုဒ္ဓဘာသာနှင့်ဗုဒ္ဓအဘိဓမ္မာ အနိသရဝါဒီဖြစ်နေခြင်းမှာ လုံးဝ သဘာဝကျသည့် အရာဖြစ်လေသည်။ ဗုဒ္ဓ၏ လက်ထက်ဧတာ၌ရင်း၊ ဗုဒ္ဓအရင်ကရင်း၊ ယင်းကဲ့သို့သော အဘိဓမ္မာမျိုးမရှိခဲ့ဘူးပေ။ ရုပ်ဝါဒီများသည်ပင်လျှင် အုတ်ကဲ့သို့စပ်ပြီး အရာဝတ္ထုများကို ပြုလုပ်သည့် သိမ်မွေ့သော ရုပ်တရားတို့၏ အခိုင်အမာ သဘော၊ လှုပ်ရှား

ခြင်းမရှိသော သဘောကို ယုံကြည်ကြလေသည်။ ယင်းဝါဒသည် ပရမာဏုဝါဒနှင့် အတော်ပင် ဆင်တူလေသည်။ သို့ရာတွင် ပရမာဏုဝါဒကို ထိုစဉ်က အိန္ဒိယတွင် လက်မခံကြသေးပေ။ ဂရိစ် လူမျိုးများ အိန္ဒိယသို့ ရောက်လာမှသာလျှင် ယင်းပရမာဏုဝါဒအား အိန္ဒိယ ပုံသွင်းလိုက်ခြင်းဖြစ်လေသည်။ ဝိသေသိကများက ယင်းဝါဒအား မိမိတို့၏ မူလအခြေခံဝါဒအဖြစ် လက်ခံလိုက်ကြလေသည်။ ရုပ်ဝါဒီများသည်ပင်လျှင် ကမ္ဘာလောက၏ အတွင်းသားဌာနရှိသော ဖောက်ပြန် ပြောင်းလဲခြင်းမရှိသည့် မြဲမြံသော အုတ်များကို အယူရှိလျှင် အခြား သူများ အတွက်မှာမူ ပြောဖွယ်ရာမရှိပေ။

ခဏိက ဝါဒ သဘော တရားကို လက်ခံလိုက်သည့်အခါ၌ ပြဿနာများစွာ ပေါ်ထွက်လာပေသည်။ ဣသရ သို့မဟုတ် အတ္တကဲ့သို့သော အမှီသဟဲပြုရာ အစွမ်းသတ္တိမရှိလျှင် အားမဲ့သူ လူများ ဘယ်လိုလုပ်ပြီး မိမိတို့၏ ဘဝခရီးကို သွားကြရမည်နည်း။ ဗုဒ္ဓက ယင်းပြဿနာအတွက် ဟောပြထားတော်မူသည်။ သင်တို့သည် မိမိကိုယ်ကို အားကိုးကြလော့ (အတ္တဒီပါဘဝထ အတ္တသရဏာ)။ သင်သည် မိမိကိုယ်တိုင်၏ အရှင် သခင် ပြုလုပ်လော့ (အတ္တာဟိ အတ္တာနောနာထော)။ နတ် သို့မဟုတ် လူတဦးဦး အား ကိုးကွယ်ဆည်းကပ်ခြင်း သို့မဟုတ် အကူ အညီ တောင်းခံခြင်းသည် အချည်းနှီးပင် ဖြစ်လေသည်။ လိုလည်းမလိုပေ။ လူသည် ကိုယ်အား အစွမ်းဖြင့်သာလျှင် ရှေ့သို့ တိုးသွားနိုင်ပေသည်။ မိမိ၏ အမှားကြောင့် အကယ်၍ မြုပ်နစ်သွားလျှင် ဘာမျှ ကိစ္စမရှိပေ။သို့ရာတွင် အခြားပုဂ္ဂိုလ်၏ စကားကို နားယောင်ပြီး၊

အခြား ပုဂ္ဂိုလ်၏ အကူအညီယူပြီး မြုပ်နှစ်သွားလျှင် မိုက်မဲခြင်း သာဖြစ်ပြီး ကောင်းမြတ်သည့်အကြောင်းမဟုတ်ပေ။

ဗုဒ္ဓသည် ယင်းသို့အားဖြင့် မိမိကိုယ်ကို အားကိုးအားထား ပြု ရန် ညွှန်ကြားဆုံးမလေသည်။ကိုယ့်ကိုယ်ကိုအားကိုးလျှင် လူသည် လူပေါ့လူဖျင်းမဖြစ်နိုင်ပေ၊လူသည် မိမိပြုလုပ်သည့်အလုပ်(ကမ္မ) အရသာလျှင် သွားရမည် ဖြစ်လေသည်။ ယင်းကမ္မဝါဒမှာ ဗုဒ္ဓ ဘာသာ၏ အခြေခံကဝါဒဖြစ်လေသည်။ ထိုကဲ့သို့ပင် အခြား အိန္ဒိယ ဘာသာများသည် "ကံ (အလုပ်) သာလျှင် ကမ္ဘာလောကကို ပြုပြင်ဖန်တီးသည်။ မိမိပြုလုပ်သည့် အတိုင်းသာလျှင် အကျိုးကို ခံစားရမည်"ဟူသော အယူအဆကိုလက်ခံကြလေသည်၊သို့ရာတွင် ကံ(အလုပ်)ကို ကိုးစားနေခြင်းမှ လွတ်ကင်းရန် နည်းဥပါယ်ကို လည်းပြောပြကြလေသည်။ မိမိ၏ ကံ(အလုပ်)ကို ကိုးစားခြင်း အား လုံးဝစွန့်လွှတ်ပြီးလျှင် ဘုရားသခင်အား ကိုးစားပါလော့။ လွှတ်မြောက်မှု (မုတ္တိ) သည် သင်၏လက်ထဲတွင် ရှိပေသည်။ ဝေဒဂ္ဂဏဝဘာသာ အယူအဆသည်လည်း ယင်းသဘောတရားကို ဖြန့်ပြီးလေသည်။ ခရစ်ယန်ဘာသာမှာမူ ယင်း သဘောတရား ကိုသာလျှင် အမြင့်ဆုံး သဘော တရားဟု ယူဆ လေသည်။ ဘုရားသခင် ရေရှခရစ်၏ သနားငဲ့ညှာမှုအရသာ ဖြစ်ပါစေ။ ငရဲဒုက္ခကို ခံရလိမ့်မည် မဟုတ်တော့ပေ။ အစ္စလမ်ဘာသာက လည်း အစ္စလမ်ဓမ္မကိုယုံကြည်ရန်နှင့် ပရောဖက်၏ သနားငဲ့ညှာမှု အရ အားလုံးသော မကောင်းမှု မျိုးအား ဖျက်ဆီးပစ်ရန် ကျေးဇူးပြုလေသည်။

ဗုဒ္ဓအဘိဓမ္မာက ရှင်းလင်းပြတ်သားစွာ ပြောပြထားသည်မှာ ကောင်းသောအလုပ် မကောင်းသောအလုပ် ဟူသမျှမှာ လက်

ထဲမှ ထွက်သွားသော မြှားပင် ဖြစ်လေသည်။ လုပ်လိုက်သည်နှင့် တပြိုင်နက် ကောင်းသော အလုပ် မကောင်းသော အလုပ်သည် ဘဝကို မိမိ၏အသွင်အားဖြင့် ပြောင်းလဲပစ်လေသည်။ ဘဝတိုင်း ဘဝတိုင်းသည် မိမိ၏ အဆုံးမရှိသော အတိတ်ကာလက အလုပ်များ၏ အကျိုးအာနိသင် ဖြစ်လေသည်။ယင်း အကျိုးအာနိသင်ကို ပြုရန်အတွက် အပြင်အပက နတ် သို့မဟုတ် အကြောင်းတခုခု မလိုပေ။

ဇီဝ၊အတ္တ သို့မဟုတ် အခြားတမျိုးသော စကားလုံးများသည် ဗုဒ္ဓ အဘိဓမ္မာအား သိရှိနားလည်ရေး၌ မှားယွင်းမှု များကို ဖြစ်ပေါ်စေတတ်လေသည်။ အကြောင်းမူကား ယင်းစကားလုံး များသည် တနည်းနည်းအားဖြင့် တည်မြဲသော သဘောတရားကို ညွှန်ပြနေကြသောကြောင့် ဖြစ်လေသည်။ ဗုဒ္ဓအဘိဓမ္မာ၏ အလို အရ ကိုယ်ကာယ၌ အတ္တ သို့မဟုတ် ဇီဝကဲ့သို့သော မည်သည့် အရာဝတ္ထုမျှ မရှိပေ။ စင်စစ်မှာမူ ကိုယ်ကာယသည် ရူပ်သဘော တရားများ၏ ခဏမပြတ် ပြောင်းလဲနေသော အစည်ဖြစ်သကဲ့သို့ ကိုယ်ကာယ အတွင်း၌ရှိသော စိတ်(အသက်) သည်လည်း ခဏ မပြတ် ပြောင်းလဲနေသော စိတ်အစည် ဖြစ်လေသည်။ ဒွေထွာဝါဒီ ဗုဒ္ဓ အဘိဓမ္မာသည် ယင်း အစည်နှစ်ခုအား တခုသည် အခြား တခုပေါ်၌မှီပြီး အမြဲမပြတ် ပြောင်းလဲနေသည်ဟု အယူရှိလေ သည်။ အဒွေထွာဝါဒီတို့ကမူ ယင်း နှစ်မျိုး၌ တခုကို ပဓာနအရာ၌ ထားပြီး ကျန်တခုကိုမူ ယင်း ပဓာနဖြစ်သည့်၊ အဓိကဖြစ်သည့် သဘောတရား၏ အကျိုးတရား အဖြစ်မျှလောက်သာ ပြောဆိုကြ လေသည်။ ရူပ်သဘောတရားများကို ဗုဒ္ဓဘာသာ ဝေါဟာရ

စကားလုံးဖြင့် ရူပ(ရုပ်)ဟုခေါ်ပြီး ရုပ်၏အတွင်းဌ္ဌိုရ်သော ရုပ်မဟုတ်သည့် စိတ်အစဉ်ကိုမူ ဝိညာဏ(ဝိဉာဏ်)ဟုခေါ်လေသည်။

ဗုဒ္ဓဘာသာ၌ စိတ်နှင့် အသက်သည် ထူးခြားမှု မရှိပေ။ စိတ်ကိုဘဲ အသက်၏ အမည်နာမပေးလျှင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ကန့်ကွက်မည် မဟုတ်ပေ။ သို့ရာတွင် ယင်း နှစ်မျိုး၏ တသီးဘခြားစီ တည်ရှိမှုကို ယုံကြည်လက်ခံလိုက်လျှင်မူ အတွေ့ဝါဒ တည်းဟူသော အမှတ်မှားခြင်းမျိုး ပေါ်ပေါက် လာမှာ ဧကန်မုချပေသည်။ သို့ဖြစ်၍ ယင်း အချက်ကို ဗုဒ္ဓဘာသာဝင်များက မနှစ်သက်ပေ။ ယင်း အဆုံးအပိုင်းအခြား မရှိသော ပြောင်းလဲခြင်းသဘောကို မြင်တွေ့ရလျှင် ကမ္ဘာလောကဌ် အမှန်စင်စစ်အားဖြင့် အရာဝတ္ထု၊ အမည်ဖြင့် မည်ကဲ့သို့သောအရာမျိုးမျှ မရှိပေ။ စင်စစ်မှာ အဖြစ်အပျက်များ သာလျှင် ဖြစ်နေကြခြင်း ဖြစ်ပေလသည်။ အဖြစ်အပျက်များသည် အချိန်ကာလ အားဖြင့် ဘယ်သောက် သေးငယ်တိုတောင်းသည့် အကြားဖြင့် ခြားပြီး ဖြစ်ကြသနည်းဆိုလျှင် ယင်း အချိန်ကာလကို တွက်ဆကြည့်ဘို့ ရန်ပင် ခဲယဉ်းလှပေသည်။ ၎င်းတို့၏ ထိုအပြောင်းအလဲများကို မတွေ့မြင်ရသည်ဖြစ်၍ အချိန် ကြာမြင့်စွာ တမျိုးတည်းသော အသွင်ကို တွေ့ရပြီး တခုတည်းသော သဘော သို့မဟုတ် တည်ပြိုသော သဘောတည်းဟူသော အထင်မှား အမြင်မှား အမှတ်မှားများ ဖြစ်ပေါ်လာခြင်း ဖြစ်ပေ၏။

ဗုဒ္ဓအဘိဓမ္မာသည် တည်မြဲမှုကို ယူဆသော အဘိဓမ္မာနှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။ ကမ္ဘာလောကဌ် တည်မြဲသော ဘယ်အရာဝတ္ထုမျှ မရှိရုံသာလျှင် မကဘဲ သဘာဝ နိယာမ သဘောဘရားများကြောင့် အရာတ္ထုတိုင်း(အဖြစ်အပျက်တိုင်း)

သည် အမြစ်အရင်းကနေပြီး မပြောင်းလဲဘဲနေ၍ မဖြစ်ပေ။ ယင်း အခြေအနေမျိုးဌ် ကမ္ဘာလောကတွင် ပြောင်းလဲမှုကို ပြုလုပ်သော၊ ရှေ့ရှားမှုကို ပြုလုပ်သော စွမ်းရည်ဟူ၍ မလိုအပ်တော့ပေ။ အရာဝတ္ထုများ၏ မိမိအသွင်သည်ပင်လျှင် ရှေ့ရှားမှုကို ဖြစ်စေရန် လုံလောက်နေပေသည်။

ရှေ့ရှားခြင်း(ဂတိ)၊မမြဲခြင်း(အနိစ္စ)သို့မဟုတ် ပျက်စီးခြင်းတည်းဟူသော ဤဖောက်ပြန် ပြောင်းလဲခြင်းမရှိသည့် ဝါဒကို လက်ခံလိုက်လျှင် ကမ္ဘာလောကဌ် အရာဝတ္ထုများ၏ပျက်စီးခြင်း အတွက် ဘယ်လိုအကြောင်းမျိုးမျှ မလိုဟူသော အချက်မှာ ထင်ရှားသိသာသွားပေသည်။အားလုံးသောအရာဝတ္ထုများသည် ဖြစ်ပေါ်ပြီးလျှင် အကြောင်းမရှိဘဲ ဥောက်တခဏဌ် သူ့အလိုလိုပင် ပျက်စီး သွားပေလိမ့်မည်။ ဤကား ဗုဒ္ဓဘာသာဝင် များ၏ "အဟေတုက ဝိနာသ"(အကြောင်းမရှိဘဲ ပျက်စီးခြင်း) ဝါဒ ဖြစ်လေသည်။ထိုအချက်ကြောင့် ယင်းဝါဒအား"အဟေတုဝါဒီ" (အကြောင်းမရှိသည့် ဝါဒီ)ဟု မခေါ်ဆိုနိုင်ပေ။ ပျက်စီးခြင်း အတွက် တစုံတခုသောအကြောင်း မလိုပေ။ အကြောင်းမူကား ပျက်စီးခြင်းသည် မရှိသည့်အသွင် ဖြစ်သော ၁ကြောင့်ပင်တည်း။ သို့ရာတွင် ဖြစ်ပေါ်မှု အတွက်မူ အကြောင်း လိုပေသည်။ အကြောင်းမှ တခုတည်းမဟုတ်။ များစွာလိုသည်။ ဖြစ်ပေါ်ခြင်းသည် တစုံတခုသောအရာဝတ္ထု၏ ရှိသည့်အသွင်ဖြင့်ဖြစ်ခြင်း ဖြစ်သည်။ တစုံတခုသော အရာဝတ္ထု ဖြစ်ပေါ်မှုအတွက် တခုတည်းသော အကြောင်းကို ကမ္ဘာလောကဌ် ဘယ်မှာမျှ မတွေ့ရပေ။ အကြောင်းများစွာ စုပေါင်း၍သာလျှင် အကျိုးတခုကို

ဖြစ်ပေါ် စေနလသည်။ ဗုဒ္ဓဘာသာဝင်များ၏ ယင်း ဝါဒကို ဟာတုသာမဂ္ဂိဝါဒဟု ခေါ်နလသည်။

အနုမာန မျက်မှန်းဆပြီး သာဝရဘုရားရှင်၏ စွမ်းရည်ကို ယုံကြည်လိုကြသူများအတွက် ဗုဒ္ဓဘာသာဝင်များ၏ ကန့်ကွက် ချက်မှာ ကမ္ဘာ့လောက၏ ကြီးကြီးငယ်ငယ် ဘယ်အရာဝတ္ထုမျိုး ဖြစ်ဖြစ် ၎င်းတို့၏ ဖြစ်ပေါ်မှုတွင် အကြောင်းများစွာ ရှိလေသည်။ အိုးကိုဖြစ်စေရာတွင် (ပြုလုပ်ရာတွင်) အိုးထိန်းသည်၏ တုတ်၊ အိုးထိန်း သည်၏ စက်၊ မြေကြီး၊ ရေ၊ မြေကြီးတင်သည့် မြည်းစသည်ဖြင့် အကြောင်းများစွာ ရှိနေသည်။ အိုးထိန်းသည်၏ အတတ်ပညာ တိုးတက် လာနေရေးတွင် အကူအညီ အသောက်အစား ပေးသည့် ရာပေါင်း များစွာသော လူ့ အဆက်ကလည်း ရှိနေသည်။ ယင်း အရာအားလုံးသည် အိုး ဖြစ်ပေါ်မှုတွင် အကြောင်းများ ဖြစ်ကြလေသည်။ အဟယ်၍ အကျိုးဖြင့် အကြောင်းကို မှန်းဆ ကြည့်လျှင် အကျိုးတခုတွင် အကြောင်းများစွာ ဘွေ့ရပေလိမ့်မည်။ အကြောင်းများစွာ ရှိသည့်အနက် ဘယ်အကြောင်းကိုမျှ အရေး မကြီးဟု ပြောရမဖြစ်ပေ။ အကြောင်းမူကား တစုံတခုသော အရာဝတ္ထု (အကြောင်း) ၏ အဖိုးသည် မည်မျှလောက်ပင် နည်းနေစေကာမူ ယင်းအရာဝတ္ထု (အကြောင်း) မပါဘဲ အကျိုး ဖြစ်ပေါ်မှု လုံးဝ မဖြစ်နိုင်ပေ။ သို့ဖြစ်၍ ယင်း အရာဝတ္ထု (အကြောင်း) သည် အခြားသော အကြောင်းများ ကဲ့သို့ပင် အရေးပါ အရာရောက်သည်သာလျှင် ဖြစ်ပေသည်။

တည်မြဲမှု အယူရှိသော ဝါဒ၌ မြေအစိုင်ခဲကို အိုး၏အကြောင်း အဖြစ် ယူဆသည်။ ထိုမြေအစိုင်ခဲနှင့် အိုး နှစ်ခုလုံး၌ မြေကြီး သည် ပြောင်းလဲမှု မရှိသော်လည်း ထင်ရှားတည်ရှိနေပေသည်။

ယင်းကဲ့သို့သော အပေါ်ယံ အကြမ်းပြင်း ပြောပြချက်မျိုးကို ဗုဒ္ဓဘာသာဝင်များကလည်း သမုတိသစ္စာအနေဖြင့် လက်ခံကြလေသည်။ သို့ရာတွင် ၎င်းသည် ပရမတ္ထသစ္စာ မဟုတ်ပေ။ ပရမတ္ထ အမြင်ဖြင့် ကြည့်လျှင်မူ မြေစိုင်ခဲ၏အတွင်းဌာ ရှိသော သိမ်မွေ့သည့် အစိတ်အပိုင်းများ (ပရမာဏုမြူများ)နှင့် ၎င်းတို့၏ တခဏအတွင်း ပျက်စီးခြင်း သဘောတရားကို သတိပြုရပေလိမ့်မည်။ ထိုအစိတ်အပိုင်းများသည် နောင်တခဏာ၌ လုံးဝပျက်စီးသွားပြီး တဖန် အခြားအရာဝတ္ထုက ထိုပဌမ အရာဝတ္ထု၏ နေရာ၌ ရောက်ရှိလာပေသည်။ အကျိုးနှင့်အကြောင်းဌာ မည်သည့် အရာဝတ္ထုမျှ တခုမှ အခြားတခုသို့ တည်မြဲသော အသွင်ဖြင့် ကူးပြောင်းမသွားပေ။ စင်စစ်မှာ တခုသည် အမြစ်အရင်းနှင့်တကွ ပျောက်ပျက်သွားပြီး အခြားတခု ပေါ်လာရန်အတွက် နေရာ ဖယ်ပေးလေသည်။ အကြင်အချိန်၌ အကြောင်းရှိ၏။ ထိုအချိန်၌ အကျိုးမရှိပေ။အကြင်အချိန်၌ အကျိုးဖြစ်ပေါ်လာ၏။ ထိုအချိန်၌ အကြောင်းသည် ပျက်စီးသွားပြီးလေပြီ။ သို့ဖြင့်၍ အမှန်သဘော အရ ပြောရလျှင် အကြောင်းနှင့် အကျိုးသည် တခုနှင့် တခု ဘယ်လိုနီးစပ်မှုမျိုးမျှ မရှိပေ။ အကြောင်းအကျိုးနှင့်ပတ်သက်ပြီး ပြောနိုင်သည်မှာ အကြောင်းက ပဌမရှိခဲ့သည်။ ထိုနောက်မှ အကျိုးလာသည် "အသ္မိံ သတိဣဒံဘဝတိ" (ဤအရာရှိမှ ဤအရာ ဖြစ်သည်) ယင်းသို့လျှင် ဗုဒ္ဓအဘိဓမ္မာ အယူအဆ အားဖြင့် အကြောင်းအကျိုး သဘောတရားလည်း ဆန်းသစ်သွားကြောင်း ကျွန်ုပ်တို့ တွေ့မြင် သိရှိရလေသည်။

အတ္တဝါဒအပေါ်၌ အနိစ္စသဘောတရားကို တင်ကြည့်လိုက်လျှင် အနတ္တဝါဒ ဖြစ်လာပုံကိုလည်း အထက်ပါ ပြောပြချက်အရ

အလုယ်တကူ သဘော ပေါက်နိုင်ပေသည်။ "အားလုံး ဒုက္ခ ဖြစ်၏" ဟု ပြောပြခြင်းအားဖြင့် ဗုဒ္ဓ၏ အဘိဓမ္မာသည် ဒုက္ခ ဝါဒ ဆန်နေသလိုလို ထင်ရသည်။ သို့ရာတွင် ဒုက္ခဝါဒ (ဝါ) အဆိုးဘက်ကသာ ကြည့်သည့် ဝါဒသည် ဗုဒ္ဓ အဘိဓမ္မာ၌ မရှိပေ။ အရာဝတ္ထုဟူသမျှသည် ခဏဘိုင်းခဏတိုင်းတွင် ပျက်စီးနေသည် ဖြစ်သောကြောင့် ဘယ်ဆုံစည်းမှုမျိုးမျှ အမြဲတည်တံ့မနေနိုင်။ (ဝါ) ဆုံးစည်းမှုဟူသမျှ၏ အောက်ခြေ၌ ကဲ့ကွာမှုသည် ထိုင်၍နေသည်ဟူသော အမှန်တရားကိုသာလျှင် ဗုဒ္ဓအဘိဓမ္မာက ပြောပြလိုခြင်း ဖြစ်လေသည်။ ချစ်အပ်သည်နှင့် ကဲ့ကွာမှု (ချစ်အပ်သော အရာဝတ္ထု သို့မဟုတ် သက်ရှိသတ္တဝါနှင့် ကဲ့ကွာမှု) ဖြစ်သည့်အခါ ဒုက္ခ ဖြစ်ရလေသည်။ ယင်းသို့အားဖြင့် ဘဝ၌ ဒုက္ခကို ဝေဒနာခြင်းသည် သဘာဝဖြစ်လေသည်။ သို့ရာတွင် ဗုဒ္ဓသည် ဒုက္ခကို လက်ခံရန်အတွက်မဟုတ်ဘဲ ပယ်ဖျောက်ရန် အတွက် ဟောကြားခြင်းဖြစ်လေသည်။ ဒုက္ခဟူသမျှ၌ အကြောင်း (သမုဒယ) ရှိလေသည်။ ထိုအကြောင်းကို ပယ်ဖျောက်ပစ်နိုင်ပေသည် (နိရောဓ)။ ထို့ပြင် ပယ်ဖျောက်ရန် နည်းလမ်း (မဂ္ဂ) လည်း ရှိလေသည်။ ယင်းသို့အားဖြင့်ကြည့်လျှင် ဗုဒ္ဓ၏ အဘိဓမ္မာသည် အဆိုးဘက်ကသာ ကြည့်သည့်ဝါဒ မဟုတ်တော့ပေ။

ဗုဒ္ဓ၏ ယင်းကဲ့သို့သော တော်လှန်ရေး အဘိဓမ္မာသည် အကယ်၍ တော်လှန်ပြောင်းလဲပစ်မှု ဟူသမျှကို ကြိုဆိုရန်အတွက် အသင့်ရှိသည့် အယူအဆမျိုးကို မေ့ဖျေား ပေါ်ပေါက်စေသည် ဆိုလျှင် ဘာမျှ အံ့ဩစရာရှိမည် မဟုတ်ပေ။

အနိစ္စဝါဒီ ဗုဒ္ဓအာဘိဓမ္မာ

ဗုဒ္ဓဘာသာ၌ ထာဝရဘုရား (လောကဓာတ်ကိုဖန်ဆင်းသူ) အတွက်လည်းနေရာမရှိပေ။ထာဝရ ဘုရားဟောကျမ်းစာ အတွက်လည်း နေရာမရှိပေ။ အကျင့်စာရိတ္တသည် အပြုအမူ၏ အကောင်းနှင့်အဆိုးပေါ်၌ အခြေတည်နေသည်။ ထာဝရဘုရားကို ယုံကြည်ကိုးကွယ်သူများကား အကျင့်စာရိတ္တကိုလည်း ထာဝရဘုရား၏ အလိုအောက်သို့ ဆဲသွင်းကြသည်။ ထာဝရဘုရားက ညွှန်ကြားသည့်အရာဟူသမျှ အကောင်းဖြစ်ရပြီး၊ ထာဝရဘုရားက ပိတ်ပင်တားမြစ်သည့် အရာဟူသမျှ အဆိုးဖြစ်ရသည်။ ဗုဒ္ဓဘာသာကမူ ထိုအချက်နှင့်စပ်လျဉ်း၍ တမူခြားလျက်ရှိပေသည်။ ဗုဒ္ဓဘာသာသည် "အများ၏ ကောင်းကျိုးနှင့် အများ၏ သုခ" (ဗဟုဇနဟိတာယ၊ ဗဟုဇနသုခါယ)ကို အကောင်းနှင့် အဆိုးကို ဆုံးဖြတ်သည့် မှတ်ကျောက်ဟူ၍ ထင်မှတ်ယူဆပေသည်။

စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်၌လည်း ဗုဒ္ဓ၏ အမြင်သည် တဖုံခြားလျက်ရှိပေသည်။ ဗုဒ္ဓသည် ဘိက္ခုနှင့် ဘိက္ခုနီများ အဘွဲ့အမျိုး၏ အကျိုးဆောင်မှု အကျိုးပြုမှု တည်းဟူသော ရည်ရွယ်ချက်ကို ညွှန်ကြားပြောပြထားတော်မူခဲ့သည်။ ယိုရည်ရွယ်ချက်အတိုင်း မလိုက်နာမဆောင်ရွက်သူများကို ဗုဒ္ဓက "တိုင်း

ပြည်၏ ပစ္စည်းကို အကျိုးမဲ့သုံးဖြုန်းနေသူများ" (မောဃ သရဋ္ဌ ပိဏ္ဍ ဘုဇ္ဇတိ)ဟု ခေါ်ဝေါ်ပြောဆိုလေသည်။ ဗုဒ္ဓသည် ဘိက္ခုနှင့် ဘိက္ခုနီများအား သံဃိကစံနစ်အရ နေထိုင်ဘို့ရန် ညွှန်ကြားဆုံးမတော်မူလေသည်။ ဘိက္ခုနှင့် ဘိက္ခုနီ အသင်း အပင်း အတွက် စီးပွားရေးသံဃိက စံနှစ်ကို တိတ်ဆိတ် ပြုလုပ်ထားခဲ့လေသည်။ သပိတ် သင်္ကန်းစသော ပုဂ္ဂလိကသုံးဖြစ်သည့် ပရိက္ခရာ ရှစ်မျိုးမှ တပါး အခြားသော ပစ္စည်းဝတ္ထုအားလုံးကို သံဃာပိုင် ပစ္စည်း၊ သံဃိကပစ္စည်းဟူ၍ အသိ အမှတ် ပြုထားရလေသည်။ အဆောက်အဦး၊ခြံ၊ဥယျာဉ်၊ လယ်ယာဆိုင်ရာနှင့် အခြား အသေး အဖွဲ့ပစ္စည်းကြီယာ၊ ကုတင်ညောင်စောင်း၊ အိပ်ရာ နေရာစသည့် ပစ္စည်းဥစ္စာဟူသမျှကို သံဃိကပစ္စည်းဟူ၍ ယူဆထားရလေသည်။

ဗုဒ္ဓခေတ်က အလှူဒါနပြုသည့် မြေယာဟူသမျှကို "အရပ်လေး မျက်နှာရှိ မျက်မှောက်မျက်ကွယ်သံဃာ" (အာဂတာ အနာဂတ စတုဒ္ဒိသသံဃ)ကိုသာလျှင် ပေးလှူခဲ့လေသည်။ ယင်းစံနှစ်သည် ရာစုနှစ်ပေါင်းများ ကြာမြင့်ခဲ့ပြီး ဆက်လက် တည်မြဲလာခဲ့သည်။ သီဟိုဠ်ကျွန်းရှိ ကမ္မည်း ကျောက်စာများအရ သိရှိရသည်မှာ ခရစ်မပေါ်မီ ရာစုနှစ်စု ခေတ်ကာလတုန်းက သီဟိုဠ်ကျွန်းဌ မြေယာများစွာကို "အရပ် လေးမျက်နှာရှိ မျက်မှောက်မျက်ကွယ် သံဃာ" ကိုသာလျှင် အလှူဒါနအဖြစ် ပေးကမ်း လှူဒါန်းကြလေသည်။ အမှန်အားဖြင့်ဆိုရလျှင်မူ ဗုဒ္ဓဘာသာ ရဟန်းသံဃာ အသင်းအပင်းထဲ၌ စီးပွားရေးသံဃိက (ကွန်မြူနစ်) စံနစ်သည် ကြာရှည်လေးမြင့်စွာ ဆက်လက် တည်မြဲမနေနိုင်ခဲ့ပေ၊ ဆန်ချီနှင့် ဘာရဟုတွင် တွေ့ရသော ကမ္မည်းကျောက်စာများ၏ အထောက် အထားအရဆိုလျှင် ခရစ်မပေါ်မီ (ဘီစီ) နှစ်ရာစု နှစ်တွင်

ဘိက္ခုနှင့် ဘိက္ခုနီ (ရဟန်းနှင့် ရဟန်းမ) များသည် သူတို့၏ ကိုယ်ပိုင် ကြေးငွေဖြင့် ကျောက်တိုင်များ သံဝင်းခြံများ တည် ဆောက်နေကြလေပြီဟု သိရှိရလေသည်။ ၎င်း၏ အဓိပ္ပာယ်မှာ ထိုခေတ်အခါ၌ ထိုရဟန်း ရဟန်းမများ၏အထံတွင် ပုဂ္ဂလိကသုံး ပစ္စည်းဖြစ်သည့်ပရိက္ခရာရှစ်မျိုးမှတပါး အခြားသောပုဂ္ဂလိကပိုင် ပစ္စည်းများလည်း ရှိနေကြလေပြီ။

ဗုဒ္ဓသည် သမတနိုင်ငံစံနစ် (၈ဏ)တည်းဟူသော နိုင်ငံရေး စံနစ်ကို နှစ်သက် သဘောကျတော် မူလေသည်။ ထိုခေတ်သည် ကျွန်စံနစ် ခေတ်စားလျက်ရှိနေသည့် ခေတ်ဖြစ်သည်။ ထို့ကြောင့် ထိုအချိန်၌ အများထက်ပိုပြီး ကြွယ်ဝ ချမ်းသာလျက် အာဏာ တန်ခိုးရှိသော လိစ္ဆဝီ(ဝေသာလီ)သမတနိုင်ငံ၌ ဒီမိုကရေစီသည် လိစ္ဆဝီ မျိုးနွယ်ထဲက လူများအတွက်သာလျှင် တည်ရှိ၍ နေပေ သည်။ ကျေးကျွန်များသည် ရှေ့ပြောင်း၍ရကောင်းသော ပစ္စည်း ဥစ္စာဖြစ်ခဲ့လေသည်။ ၎င်းတို့၏ ဦးရေကလည်း မနည်းလှပေ။ လိစ္ဆဝီမဟုတ်သူ ဗြာဟ္မဏလူမျိုး သို့မဟုတ် ဂဟပတိ(ကုန်သည်) လူမျိုးတို့သည် လွတ်လပ်မှု ရှိကြသော်လည်း ဆိုနိတ်(လွတ်တော်) အတွက် မဲဆန္ဒ ပေးပိုင်ခွင့် မရှိကြ။ သူတို့သည် လိစ္ဆဝီ လူမျိုးတို့၏ လက်ခုပ်ထဲက ရေဖြစ်ရလေသည်။ သို့ရာတွင် ထိုသမတစံနစ်သည် ဘုရင် စံနစ်ထက် ကောင်းမွန်သည်မှာကား အထင်အရှားပင် ဖြစ်လေ၏။

ဗုဒ္ဓ၏ အလိုအရ ဘုရင်စံနစ်၏ မူလအစသည် ဘုရားသခင်ပေး အခြေအမြစ်ပေါ်၌ တည်ရှိမနေပေ။အမှန်မှာ ဘုရင်အဖြစ် ဘုရင် ရာထူးသည် ပုဂ္ဂလိကပိုင်ပစ္စည်း တိုးပွား များပြား လာခြင်းမှ ပေါက်ဖွား ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။ ပုဂ္ဂလိကပိုင် ပစ္စည်း

ကြောင့် လူအမျိုး၏ အကြားဌ် မည်မျှမှု သို့မဟုတ် လူတန်းစား ခဲခြားမှု ဖြစ်ပေါ်လာသည်။လူတို့သည် အချင်းချင်း ခိုက်မုန်းဒေါသ ဖြစ်ကြသည်။ ပြောင်တမျိုး တိတ်တိတ်တဖုံ၊ တဦးသည် အခြား တဦး၏ ပစ္စည်း ဥစ္စာကို လုယက် ယူငင်ကြသည်။ သို့ဖြစ်၍ သူတို့သည် မိမိတို့၏အထဲမှ ပုဂ္ဂိုလ်တဦးကို မိမိတို့၏ တရားသူကြီး အဖြစ် ရွေးကောက်တင်မြှောက်လေသည်။ ထိုပုဂ္ဂိုလ်က အာဏာ ကို ကိုယ်ကျိုး ကိုယ်စီးပွား အတွက် သိမ်းပိုက်လာရင်းက ဘုရင် အဖြစ်အထိ တိုးတက် ကြီ·ပွားလာခြင်း ဖြစ်လေ၏။

ဝုဒ္ဓသည် ခရစ်မပေါ်မီ(ဘီ-စီ)၆-၅ ရာစုနှစ်တွင် ပေါ်ထွန်း တော်မူခဲ့လေသည်။ (၄၈၃ ဘီစီ ၌ ပရိနိဗ္ဗာန်စံသည်) ထိုခေတ် အခါကလည်း စီးပွားရေးနှင့် လူမှုရေး မည်မျှမျှား ခြားနားမှု များသည် အင်အား ကြီးမားလှပေသည်။ စီးပွားရေး မည်မျှမှုကို အမြင်ဖြူတ်ပစ်ဘို့ရန်အတွက်မူ ဝုဒ္ဓသည် သံဃာတော် အတွင်းဌ် သာလျှင် ကြိုးပမ်းခဲတော်မူခဲ့လေသည်။ သို့ရာတွင် လူမှုရေးမည်မျှမှု ပမျှောက်သွားစေရန် အတွက်မူကား တလောကလုံး အတွက် ရည်ရွယ်ပြီး ကျယ်ကျယ်ပြန့်ပြန့်ပင် ဆောင်ရွက်ကြိုးပမ်းတော်မူခဲ့ လေ၏။ ဇာတ်ဝါဒကို ဆန့်ကျင်ပြီး ထုတ်ဖော် မိန့်မြွက်ခဲ့သည့် ဝုဒ္ဓ၏ အသံတော်သည် အကျိုးသက်ရောက်မှု ရှိခဲ့သည်မှာ အဓွန် ဖြစ်သည်။ သို့ရာတွင် ဇာတ်ဝါဒ ဇာတ်အယူ၏ မူလအခြေခံမှာ စီးပွားရေးစံနှစ် ဖြစ်လေ၏။ ဇာတ်မြင့်တို့က ပစ္စည်းဥစ္စာ ပိုင်ရှင် ဖြစ်ပြီး ဇာတ်နိမ့်တို့က ပစ္စည်း ဥစ္စာ လက်မဲ့သူများ ဖြစ်ကြ လေသည်။ တခုကို (စီးပွားရေးစံနှစ် မည်မျှမှုကို) ဖယ်ရှားမပစ် ဘဲနှင့် အခြားတခု(အမျိုးဇာတ် ကွဲပြားမှု)ပျောက်ပျက်သွားဘို့ရာ မဖြစ်နိုင်ပေ။ သို့သော်လည်း ဝုဒ္ဓ၏ သံဃ အဖွဲ့အစည်းသည်

ဇာတ်အနိမ့်ဆုံးဖြစ်သည့် စဏ္ဍာလ လူမျိုးကိုသော်မှ သံဃာ၊ဝင် အတွင်း၌ ရဟန်း သို့မဟုတ် ရဟန်းမ ဖြစ်ခဲ့သော် တူညီမျှတသော အခွင့်အရေးကို ပေးလေသည်။ ထိုစဏ္ဍာလ လူမျိုးတို့မှာ ကရုဏာ တရား လက်ကိုင်ထားသူနှင့်တွေ့မှ လူဟူ၍ အသိအမှတ်ပြုခြင်း ခံရရှာသူများ ဖြစ်ကြလေသည်။ ဗုဒ္ဓဘာသာသည် လူမျိုးမရွေး၊ နိုင်ငံမရွေး၊ ဇာတ်မရွေး၊ လူအားလုံးကို တသဘောတည်း ထားရန်၊ သွေးချင်း သားချင်း စိတ် ထားရန် ပြင်းထန်စွာ လှုံ့ဆော်ထားလေသည်။ "ပဉ္စသီလ"(မူဝါးချက်)၌ ပါဝင်သည့် အတူ ယှဉ်တွဲနေနိုင်ရေးမှုကို ဗုဒ္ဓဘာသာက ရုပ်လုံးဖော်ထားပြီး ဖြစ်လေသည်။ ဗုဒ္ဓဘာသာ သာသနာပြုများသည် တိုင်းပြည် တခုခု၏ ယဉ်ကျေးမှုကို ဖျက်လိုဖျက်ဆီး လုပ်ဘို့ရန် စိတ်ကူးပင် မသည့်ခဲ့ကြပေ။

ဗုဒ္ဓဘာသာသည် နေရာပေါင်း များစွာ နယ်ပယ်ပေါင်း များစွာ၌ ခြေခြေမြစ်မြစ် အကျိုးပြုခဲ့လေသည်။ အာဘိဓမ္မာဆိုင်ရာ အာဘိဓမ္မာ နယ်ပယ်၌လည်း ဗုဒ္ဓဘာသာသည် အကျိုးပြုခဲ့ လေသည်။ အာဘိဓမ္မာနယ်ပယ်၌ ဗုဒ္ဓဘာသာ၏ အကျိုးပြုမှုကား ထူးခြား ကြီးကျယ်လှပေသည်။ အမှန်စင်စစ်အားဖြင့် မာ့ဂ်စ် အာဘိဓမ္မာသည် ဗုဒ္ဓအာဘိဓမ္မာမှ အထောက်အပံ့ အကူအညီ ရသည်ဟု ဆိုလျှင်ရင်း၊ ဗုဒ္ဓအာဘိဓမ္မာသည် မာ့ဂ်စ်အာဘိဓမ္မာ၏ မူလ အခြေခံ သဘောတရားများ၏ အနီးသို့ ကပ်ရောက်သွား သည်ဟု ဆိုလျှင်ရင်း၊ သင့်လျော် မှန်ကန်လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ဗုဒ္ဓအာဘိဓမ္မာ လေ့လာသူအတွက် မာ့ဂ်စ်အာဘိဓမ္မာကို နှားလည် သဘော ပေါက်ဘို့ရန် မခဲယဉ်းကြောင်းမှာကား ယုံမှားစရာမရှိပေ။

မာ့ဂ်စ်အဘိဓမ္မာ ကြီးပွား တိုးတက်လာမှု၌ ဟေဂယ်၏ အဘိဓမ္မာသည် အရေးပါသည့် အခန်းကဏ္ဍက ပါဝင်သည် ဆိုသည့် အချက်ကိုရင်း၊ မာ့ဂ်စ် အဘိဓမ္မာသည် ဟေဂယ် အဘိဓမ္မာ၏ အမြီးအမောက်မတဲ့သည့် အချက်များကို ဖယ်ရှားပစ်သည်ဆိုသည့် အချက်ကိုရင်း၊ ကျွန်ုပ်တို့ သိကြလေသည်။ ဟေဂယ် အဘိဓမ္မာအဖြစ်နှင့် ဇောက်ထိုးမိုးမျှော် ဖြစ်နေသော (၀၊) ဦးခေါင်းနှင့် ရပ်နေသော အဘိဓမ္မာ သဘောတရားကို မာ့ဂ်စ်က ဒွန္ဒရုပ်၀၊၁ အဖြစ်နှင့် တည့်ပေးလိုက်သည်၊ (၀၊) ခြေထောက်နှင့် ရပ်ပေးလိုက်သည်ဟု ပြောဆိုကြ လေသည်။ ဟောဂယ်သည် စိတ် သို့မဟုတ် နာမ်အား မူလ ဟူ၍ရင်း၊ အမှန်ဟူ၍ရင်း၊ ယူဆပြီး ရုပ်ကိုနာမ်မှ ဖြစ်ပေါ်သည့် အရာဟု ယူဆလေသည်။ မာ့ဂ်စ်ကမူ ရုပ်ကို မူလဟုယူဆပြီး၊ နာမ် သို့မဟုတ် စိတ်ကို ရုပ်၏ အမြင့်ဆုံးသော တိုးတက် လာမှုဟု ယူဆလေသည်။ ဗုဒ္ဓ အဘိဓမ္မာ၏ အား အကောင်းဆုံးနှင့် နောက်ဆုံးပိတ် အကျဆုံးသော အသွင် အပြင် သည်လည်း ဟေဂယ်၏ နာမ်၀၊၁ (ဝိညာဏ၀၊၁)နှင့် အတော်ပင် ဆင်တူ-လေသည်။ယောဂါစာရ အဘိဓမ္မာ၏ ဝိညာဏ၀၊၁သည် ခဏိက (အမြဲမတည်) ဖြစ်သည်။ အဘူတိက (ရုပ်မဟုတ်) ဖြစ်သည်။ ဟေဂယ်ကဲ့သို့ပင် ဗုဒ္ဓဘာသာ၏ ယောဂါစာရဂိုဏ်းသည်လည်း နာမ် သို့မဟုတ် စိတ်ကို အပြီးသတ် မှန်ကန်ခြင်း သဘောတရား (၀၊)သစ္စာတရားဟု ယူဆလေသည်။

ဗုဒ္ဓဘာသာ၏ အခြေခံ၀၊၁မှာ "အားလုံး အနိစ္စဖြစ်၏" ဖြစ်သည်။ နောက်ပိုင်းအချိန်တွင်ကား ခဏိကဟူသော စကားလုံးကို အနိစ္စအစား အသုံးပြုလေ့ကြလေသည်။ အစစ်အရှန်ဖြစ်သည့်

အရာဟူသမျှ ခဏိကဖြစ်၏ဟုပြောဆိုကြလေသည်။ ခဏိကမဟုတ်သည့် အရာဟူသမျှ အစစ်အမှန် မဟုတ်ပေ။ ယင်းသို့လျှင် ဗုဒ္ဓအဘိဓမ္မာသည် ကမ္ဘာလောကဌ် တစုံတခုသော အရာဝတ္ထုအား နိစ္စဟူ၍ရင်း၊ ထာဝရဟူ၍ရင်း၊ အယူမ်ရှိပေ။ ဗုဒ္ဓဘာသာ အတွက် ဤဝါဒ ဤအခြေခံသဘောတရားသည် ချင်းချက်မရှိသောဝါဒ၊ ချင်းချက်မရှိသော အခြေခံ သဘောတရားဖြစ်သည်။ ဗုဒ္ဓဘာသာ၏ ထာဝရဘုရားကို လက်မခံခြင်းနှင့် အတ္တကို ငြင်းပယ်ခြင်းမှာ ဤဝါဒ ဤအခြေခံ သဘောတရား၏ အကျိုးတရားပင်ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာသည် အတ္တကို ငြင်းပယ်ခြင်းဌ (ဝါ) အနတ္တဝါဒီဖြစ်ခြင်းဌ ဂုဏ်ယူလေသည်။

ဗုဒ္ဓဖွားမြင်သောအချိန်ဌပင်လျှင် ဥပနိသျှဒ်ခေတ်လည်း ကုန်ဆုံးနေဆဲဖြစ်လေသည်။ ဥပနိသျှဒ်ရသေ့များသည် အတ္တသဘောကို အမှမ်းအတင်ဆုံးဖြစ်လေသည်။ အတ္တသည် အဘူတိက (ရှုပ်မဟုတ်) သဘောတရား ဖြစ်သည်၊ နိစ္စဖြစ်သည်၊ ဖောက်ပြန်ပြောင်းလဲခြင်း မရှိဟူ၍ အတ္တသဘောကို အမှမ်းတင်ကြလေသည်။ ဗုဒ္ဓဘာသာ၏ အဓိက ရည်ရွယ်ချက်မှာ ဥပနိသျှဒ်၏ ယင်း နိစ္စဝါဒီ အဘိဓမ္မာသဘောတရားကို ခြေမှုန်းပစ်ဘို့ရန် ဖြစ်လေသည်။ သို့ဖြစ်၍ ဥပနိသျှဒ်၏ အတ္တဝါဒနှင့် ဆန့်ကျင်ဘက်အားဖြင့် ဗုဒ္ဓဘာသာသည် အနတ္တဝါဒဟု ခေါ်တွင်ခြင်း ဖြစ်လေသည်။

ဗုဒ္ဓဘာသာ၏အနိစ္စဝါဒ(အရာဝတ္ထုဟူသမျှအမြဲမရှိ၊ ပြောင်းလဲသည်)၊ ခဏိကဝါဒသည် ကမ္ဘာလောကအား အမြင်တမျိုးဖြင့် ကြည့်ရှုရန် လှုံ့ဆော်အားပေးလေသည်။ အတ္တဝါဒီ သို့မဟုတ် နိစ္စဝါဒီများသည်ပင် ဗဟိဒ္ဓ (အပြင်) လောကကို ပြောင်းလဲလေ့

ရှိသည်ဟု ယူဆရန် အသင့်ရှိကြကုန်သည်။ သို့ရာတွင် ၎င်းတို့သည် လောက၏အတွင်းခ္ဍမူ နိစ္စသဘောရှိ၏ဟု ယူဆကြလေသည်။ ထိုနိစ္စသဘောအား ၎င်းတို့သည် အတ္တဟူ၍၎င်း၊ ဗြဟ္မဟူ၍၎င်း၊ အမည် ပေးကြလေသည်။ ဗုဒ္ဓအဘိဓမ္မာ၏ ပြောပြချက်မှာ အကယ်၍ ၄က်ပျောတုံး၏အတွင်းဘက်ကိုကြည့်လျှင် ၄က်ပျောအူ အခွံကိုသာလျှင် တလွှာပြီးတလွှာ တွေ့ရပေလိမ့်မည်။ အနှစ်သာရကို တွေ့ရလိမ့်မည်မဟုတ်ပေ။ ထိုနည်းတူစွာ ကမ္ဘာလောက၏အတွင်းအပြင်ရှိ အရာဝတ္ထုဟူသမျှ၌ အတ္တ၊ဗြဟ္မ တည်းဟူသော ဧည်သည့် နိစ္စသာရ (မြဲသောအနှစ်သာရ) မျိုးမျှမရှိပေ။ ကမ္ဘာလောကသည် ယင်းကဲ့သို့သော နိစ္စသာရသဘောမျိုးမှ ဆိတ်သုဉ်းလျက်ရှိပေသည်။ (၀၊) သုညဖြစ်လျက်ရှိပေသည်။ ဗုဒ္ဓဘာသာ၏ သုညဝါဒမှာ ယင်းသဘောမှ မေ့ဖျားပေါ်ပေါက်လာခြင်းဖြစ်လေသည်။

အနိစ္စဝါဒ (၀၊) ခဏိကဝါဒကို ရှင်းလင်းပြောပြရန်အတွက် မိုးတိမ်ဥပမာကိုရင်း၊ မီးလျှံဥပမာကိုရင်း၊ ပေးကြလေသည်။ မိုးတိမ်သည် ခဏတိုင်းခဏတိုင်း ပြောင်းလဲနေဘိသကဲ့သို့ ဤကမ္ဘာလောကလည်း ပြောင်းလဲ၍နေသည်။ အမှောင်ကြောဆုံးဖြစ်သည့်စိန် သို့မဟုတ် သံသည်ပင်လျှင် ခဏတိုင်းခဏတိုင်း ၊ ောင်းလဲ၍နေသည်။ သို့ဖြစ်လျှင် ထိုအရာဝတ္ထုများ၏ ရှေ့အသွင်နှင့် နောက်အသွင်၌ အဘယ်ကြောင့် တူညီမှုကို တွေ့ရှိရသနည်း။ ယင်းအမေးကို ဗုဒ္ဓဘာသာဝင်များက အဖြေပေးထားသည်။ တူညီသော အရာဝတ္ထုမှ ဖြစ်ပေါ်လာသော အရာဝတ္ထုသည် မိမိ၏ ရှေးအရာဝတ္ထုနှင့် ဆင်တူလေသည်။ အကျိုးသည် အစဉ်သဖြင့် အကြောင်းနှင့် တူညီမှုရှိလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် တူညီ

သည်ဟူ၍ (၀၊) တခုပေါ်ပေါ်ဖြစ်၏ ဟူ၍ အမှတ်မှားခြင်း ဖြစ်လေ သည်။ မီးခုက်မှ မီးလျှံသည် ခဏတိုင်းတွင် ပြောင်းလဲနေသည်။ သို့ရာတွင် မီးလျှံအဟောင်း၏နေရာတွင် ပေါ်ပေါက်လာသော မီးလျှံအသစ်သည် မီးလျှံအဟောင်းနှင့်ဆင်တူလေသည်။သို့ဖြစ်၍ ကျွန်ုပ်တို့သည် "ဤမီးလျှံသည် ဟိုမီးလျှံဖြစ်သည်" ဟု ဆုံးဖြတ် ပစ်လိုက်ကြခြင်းဖြစ်လေသည်။

အတွင်းအပြင် ကမ္ဘာလောကတခုလုံးကိုချင်းချက်မရှိ အနိစ္စဟု ယုံကြည်ယူဆလျှင် အကြောင်းအကျိုး သဘောတရားကိုလည်း တသီးတခြားယူဆဘို့ရန်လိုအပ်ပေ၏။ အနုမြူ သို့မဟုတ် ရူပ၀ဏ္ဏ အစိုင်အခဲကို မာကြောသော ပြောင်းလဲမှု မရှိသော အုတ်ဟု ထင်မှတ် ယူဆသူများသည် "ထိုအရာ၀ဏ္ဏများ၏ အချင်းချင်း ပေါင်းစုမှုကြောင့် ပစ္စည်း၀ဏ္ဏအသစ် ပေါ်ပေါက်လာသည်"ဟု ပြောဆိုနိုင်ကြသည်။ ထိုအရာ၀ဏ္ဏများ၏ ပေါင်းစုမှုနှင့် ကွဲပြား မှုသည် ပစ္စည်း၀ဏ္ဏ၏ ဖြစ်ပေါ်ခြင်းနှင့် ပျောက်ပျက်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓအဘိဓမ္မာကမူ ယင်းကဲ့သို့ ပြောင်းလဲမှု မရှိသော နိစ္စဖြစ်သော အုတ်မျိုးကို အယူမရှိပေ။ အရာ၀ဏ္ဏ ဟူသမျှ နိစ္စသာရမှ ဆိတ်သုဉ်းလေသည်။ အဓိပ္ပာယ်မှာ ထိုအရာ များသည် အရာ၀ဏ္ဏ (၀ဏ္ဏ) မဟုတ်ပေ။ အဖြစ်အပျက် (ဓမ္မ) သာလျှင် ဖြစ်ကြသည်။ ထိုအရာများသည် မူလ ဓာတ် သဏ္ဌာ သဘောမှ လက်ကောက် နားတောင်းကဲ့သို့သော ပုံအသွင်အမျိုး မျိုးကို ပုံသွင်းယူ၍ရသော ရှေ့နှင့် ပမာတူသည်ဟု ဥပမာမပေး အပ်ပေ။ အကြောင်းအကျိုး ဥပဒေသဘောတရားကို ရှင်းလင်း ပြောပြရန် အတွက် ဗုဒ္ဓက ပဋ္ဌိစ္စသမุပ္ပါဒ ဟူသော သီးခြား ဝေါဟာရ စကားလုံးကို အသုံးပြုထားလေသည်။

ဘုံစကားလုံးကိုအဓိပ္ပာယ်ရှင်းပြလျက် ဗုဒ္ဓက "အသို့သတိုဋ္ဌဒ်ဘဝတိ" (ဤအရာရှိသည်ရှိသော် ဤအရာဖြစ်၏)ဟူ၍ မိန့်မြွက်တော်မူလေသည်။ ဤအရာ ပြီးဆုံးသွားသည်ရှိသော် ဤအရာဖြစ်ပေါ်၏။ ပြီးဆုံးသွားခါစ အရာသည် အကြောင်းဖြစ်ပြီး အကြောင်း၏နောက်၌ဖြစ်ပေါ်သောအရာသည် အကျိုးဖြစ်သည်။ အကြောင်းတည်ရှိနေသော အချိန်၌ အကျိုးသည် လုံးဝမရှိပေ။ အကျိုးဖြစ်ပေါ်လာသော အခါ၌မူ အကြောင်းသည် အကြွင်းမဲ့ပျောက်ပျက်သွားလေပြီ။ အကြောင်း၏ အတွင်း၌ အကျိုးအထိ ပြောင်းသွားသော မည်ကဲ့သို့သော နိစ္စသာရမျိုးမျှမရှိပေ။အမှန်မုချအားဖြင့် ယင်းနှစ်မျိုးသည် တမျိုးသည် အခြားတမျိုး၏ ရှေ့သို့မဟုတ် နောက်၌ဖြစ်ပေါ်သည်မှတပါး ဘယ်လိုဆက်သွယ်မှုမျိုးမျှ မရှိပေ။

ကမ္ဘာလောကကို အရာဝတ္ထုတို့၏အပေါင်းအစုဟုမယူဆဘဲ၊ အဖြစ်အပျက်တို့၏ အပေါင်းအစုဟု ယူဆလျှင် ပဋိစ္စသမုပ္ပါဒအယူသည် ရှောင်လွှဲ၍ မရသည့်အယူပင်ဖြစ်လာရပေမည်။ခဏိကဝါဒ၊အနိစ္စဝါဒသည်ကမ္ဘာလောကကို အဖြစ်အပျက်တို့၏ အသွင်မျိုးအဖြစ် မကြည့် မဖြစ်အောင် ပြုလုပ်လေသည်။ အကြောင်းအကျိုးဥပဒေစည်းကမ်းတည်းဟူသော ရှေးဟောင်း အယူအဆကို ပယ်ဖျက်လိုက်ပြီးသည့်နောက် ပဋိစ္စသမုပ္ပါဒအယူအဆသို့ ရောက်လာရပေသည်။ ဆိုလိုရင်းမှာ ပဋိစ္စသမုပ္ပါဒသည် ရှေးဟောင်းအကြောင်းအကျိုးဝါဒ နေရာကိုယူလိုက်လေသည်။

ဤနေရာ၌ ဗုဒ္ဓအဘိဓမ္မာသည် တခြားအယူဆွေးအယူဟောင်းတခုကို ချိုးဖျက်ပစ်လိုက်ပြန်သည်။ ရှေးယခင်က အကြောင်းတခုကြောင့် အကျိုးတခု သို့မဟုတ် အကျိုးအများ ဖြစ်ပေါ်သည်

ဟု အယူရှိလေသည်။ဥပနိသျှဒ်ရသေ့များသည် အတ္တတခုတည်းမှ ဆန်းကြယ်သည့် အရာဝတ္ထုများစွာ ဖြစ်ပေါ်သည်ဟု အယူရှိကြလေသည်။ ရုပ်လောကဌ် ပင်သော်မှ ခဝတ် သဘော တခုကို အကြောင်းဟုခေါ်ပြီး ထိုခဝတ်သဘောမှ ဖြစ်ပေါ်သည့် အခြားခဝတ်သဘောတခုကို အကျိုးဟုခေါ်လေသည်။ ဗုဒ္ဓအဘိဓမ္မာ အဆိုမှာ မည်သည့်အရာဝတ္ထု (သို့မဟုတ် ဗုဒ္ဓဘာသာ၏ စကားလုံးနှင့် ဆိုလျှင်)မည်သည့် ဓမ္မမျှ အရာဝတ္ထုတခုတည်းမှ ဖြစ်ပေါ်မလာပေ။မည်သည့်အရာဝတ္ထုမှာမျှအကြောင်းတခုတည်း တည်ရှိသည်ဟူ၍မရှိပေ။အကြောင်းမျိုးစုံ ပေါင်းစုပြီးမှသာလျှင် အကျိုးတခုကို မွေးဖွားလေသည်။ ဤသဘောတရားကို ဟေတု သာမဂ္ဂီဝါဒ(အကြောင်းပေါင်းစုံဝါဒ)ဟု ခေါ်လေသည်။

အဘိဓမ္မာဆရာကြီး ဓမ္မကိတ္တိက "နစေကံကော် ကေသ္မာ သာမဂ္ဂယာသဗ္ဗသမ္ဘဝ" (တခုတခုသောအရာဝတ္ထုသည် တခုမှ မွေးဖွားလာခြင်း မဟုတ်ပေ။ အားလုံးသည် အပေါင်း အစုမှ၊ အကြောင်းပေါင်းစုံမှ မွေးဖွားလာခြင်းဖြစ်သည်)ဟု မိန့်ဆိုထားလေသည်။ အကြောင်း(ဟေတု)များစွာစုပေါင်းသွားသည့်အခါတွင် ထိုအကြောင်းပေါင်းစုမှ အကျိုးတခုဖြစ်ပေါ်လာလေသည်။ မဟာက်စ်ဝါဒီ အဘိဓမ္မာဌ်ကဲ့သို့ ဤနေရာ၌ ဆန့်ကျင်ဘက်များ၏ ပေါင်းဆုံမှု သဘောတရားကိုကား တိုက်ရိုက်ပြောပြခြင်းမရှိပေ။ သို့ရာတွင် အကျိုးတခုသည် အကြောင်းပေါင်းများစွာ စုပေါင်းမှုမှ ဖြစ်ပေါ်လာသည်။ အကယ်၍ ယင်းအကြောင်းများ အနက်မှ အသေးငယ်ဆုံး အရာကလေးဖြစ်စေ ချို့တဲ့နေမည် ဆိုပါလျှင် အကျိုးသည်ဖြစ်ပေါ်လာနိုင်မည် မဟုတ်ဟူ၍ကား ရှင်းလင်းပြတ်သားစွာ ပြောပြထားချက် ရှိလေသည်။ ဗုဒ္ဓအဘိဓမ္မာ၏

အလိုအားဖြင့် အကြောင်းသည် အကျိုးနှင့်လုံးဝကွဲပြားခြားနား သည့် အရာဖြစ်သည်။အဓိပ္ပာယ်မှာ အကျိုးဖြစ်ပေါ်လာခြင်းသည် အရည်အချင်း ပြောင်းလဲခြင်းဖြစ်သည်။ အကြောင်းမှ အရည် အချင်းပြောင်းလဲပြီး အကျိုးဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ပြင် ဤအရည်အချင်းပြောင်းလဲမှု (အကြွင်းမဲ့ခြားနားသော အကျိုး သစ်)သည် အားလုံးသော အကြောင်းများ လိုအပ်သည့် အတိုင်း အရှည်ပမာဏ(အရည်အတွက်) အတိုင်းပေါင်းစုမှုမရှိလျှင် မဖြစ် ပေါ်နိုင်ပေ။ ဤအကြောင်းအကျိုးဝါဒ၌ အရည်အချင်းပြောင်း လဲမှု (အကျိုး)နှင့် အကြောင်းများ၏ အရေအတွက် သဘော သည် အကျုံးဝင်လျက်ရှိလေသည်။

ကမ္ဘာလောကကို ဤအမြင်အားဖြင့် ကြည့်ပြီးလျှင် ဗုဒ္ဓအဘိ ဓမ္မာဆရာများသည် "စစ်မှန်သော အရာဝတ္ထု" (သစ္စာ)နှင့် "မစစ်မှန်သော အရာဝတ္ထု" ကို အဓိပ္ပာယ် ဖွင့်ပြကြလေသည်။ ရှေးဟောင်း အဘိဓမ္မာဆရာများအတွက်မူ ယင်းအဓိပ္ပာယ်ဖွင့် မှာ လွယ်လွယ်ကူကူကလေးပင် ဖြစ်နေသည်။ ၎င်းတို့၏ အဆိုမှာ အကြွင်အရာဝတ္ထုသည် နိစ္စဖြစ်၏။ ဖောက်ပြန်ခြင်းမရှိ။ပြောင်း လဲခြင်းမရှိ။ ထိုအရာဝတ္ထုသည် စစ်မှန်သောအရာဝတ္ထုဖြစ်သည်။ အကြွင်အရာဝတ္ထုသည် အနိစ္စဖြစ်၏။ ဖောက်ပြန်၏။ ပြောင်းလဲ၏။ ထိုအရာဝတ္ထုသည် မစစ်မှန်သော အရာဝတ္ထုဖြစ်သည်။ ဗုဒ္ဓ အဘိဓမ္မာ၌မူ ယင်းကဲ့သို့သော "စစ်မှန်သော အရာဝတ္ထု" မျိုးအတွက် နေရာမရှိပေ။ သို့ရာတွင် အနိစ္စဝါဒီဖြစ်စေကာမူ ဗုဒ္ဓ ဘာသာကလည်း စစ်မှန်သော အရာဝတ္ထုနှင့် မစစ်မှန်သော အရာဝတ္ထု၏ ထူးခြားကွဲပြားမှုကို လက်ခံယုံကြည်လေသည်။ ဗုဒ္ဓ အဘိဓမ္မာ ဆရာများသည် စစ်မှန်သည့်အရာဝတ္ထုနှင့် စပ်လျဉ်းပြီး

"အတ္တကြိယာ သမတ္ထယ တဒဿ ပရတ္ထသဒ်" (အကြင်အရာတ္ထု သည် လက်တွေ့ပြုလုပ်၍ရ၏။ ထိုအရာဝတ္ထုသည် ပရမတ္ထ သစ္စာ ဖြစ်၏) ဟူ၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ပြထားလေသည်။

မုံ့ သို့မဟုတ် ပေါင်းမုံ့သည် စစ်မှန်သည့်အရာဝတ္ထုဖြစ်သည်။ အကြောင်းမူကား ယင်းအရာများသည် လက်တွေ့သဘောအား ဖြင့် ပြုလုပ်၍ရသည်။ အဓိပ္ပာယ်ကား ဆာလောင်မွတ်သိပ်ခြင်း ကို ပယ်ဖျောက်ပစ်ခြင်းတည်းဟူသော လက်တွေ့အပြုအမူကို ပြု လုပ်၍ရသည်ဟုဆိုလိုသည်။ သို့ရာတွင် အိပ်မက်ထဲကမုံ့ သို့မဟုတ် ပေါင်းမုံ့သည်ကားစစ်မှန်သည့်အရာဝတ္ထုမဟုတ်ပေ။အကြောင်း မူကား ယင်းအရာများသည် ကျွန်ုပ်တို့၏ ဆာလောင်မွတ်သိပ် ခြင်းကို မပယ်ဖျောက်နိုင်ပေ။ လက်တွေ့အလုပ်သဘောအားဖြင့် ပြုလုပ်၍မရပေ။ လက်တွေ့ အလုပ် သဘော အားဖြင့် ပြုလုပ်၍ရ သည့်အရာကို စစ်မှန်သော အရာဝတ္ထု (သစ္စာ) ဟူ၍ သာမကဘဲ ပရမတ္ထသစ္စာ ဟူ၍လည်းခေါ်ဆိုလေသည်။ ရှေးဟောင်း အဘိ ဓမ္မာအရာများ၏ အလိုအရ သစ္စာဟုခေါ်သော စစ်မှန်သော အရေးများမှာ နိစ္စဖြစ်ခြင်း၊ဖောက်ပြန်မှုမရှိခြင်း၊ ပြောင်းလဲမှု မရှိ ခြင်းတည်းဟူသော အကြောင်းတို့ကြောင့် မည်သည့် လက်တွေ့ အလုပ်သဘောမျိုးကိုမျှလည်း ပြုလုပ်၍ရမည် မဟုတ်ပေ။အကယ် ၍ ထိုသစ္စာမည်သော စစ်မှန်သော အရာဝတ္ထုသည် ပစ္စက္ခ သို့မဟုတ် ပစ္စက္ခပေါ်အခြေတည်သည့် အနုမာန၏ အရာမဟုတ် လျှင် ယင်းကဲ့သို့ ဂုဏ်ရှေ့တို့မှအပ ဖြစ်သော၊ ဂုဏ်ရှေ့တို့ မရောက် နိုင်သော ကြိယာမဲ့ အရာဝတ္ထုမျိုး တည်ရှိနေမှု၌ မည်သည့် အထောက်အထား ပမာဏ ရှိနိုင်မည်နည်း။

လက်တွေ့ အလုပ်တည်းဟူသော မှတ်ကျောက်သည် သစ္စာ (စစ်မှန်သော ဝတ္ထု) ၏ မလွဲမှားနိုင်သော မှတ်ကျောက်ဖြစ်လေ၏။ ယင်းအချက်၌ ယခုခေတ် အတွေးအခေါ်များ၏ အရိပ်အမြွက်တွေ့ရသည်မှာ ယုံမှားဖွယ်ရာမရှိပေ။ သစ္စာကို လက်တွေ့စမ်းသပ်မှု မှတ်ကျောက်ပေါ်၌ တင်ကြည့်သင့်လေသည်။ ကျိုးကြောင်း ဆင်ခြင်တိုင်းထွာမှု ဗုဒ္ဓဝါဒကို အခြေခံရုံသက်သက်မျှဖြင့် တစုံတနေ့သောအရာကို သစ္စာဟုမခေါ်နိုင်ပေ။ ကျိုးကြောင်းဆင်ခြင်တိုင်းထွာမှုသည် ပမာဏပြုအပ်သည့် အရာမဟုတ်။ ရုပ်ဝတ္ထုများသည်သာလျှင် (ဝါ)လက်တွေ့အလုပ် လက်တွေ့စမ်းသပ်မှုသည်သာလျှင် သစ္စာ၏ မှတ်ကျောက်ဖြစ်လေသည်။ ၎င်းသည် အလွန်ကြီးမားသည့် လက်နက်ဖြစ်သည်။ သို့ရာတွင် ၎င်းကို အသုံးမပြုကြ။ ယင်းသို့ အသုံးမပြုခြင်း၏ အကြောင်း မျှားစွာရှိလေသည်။ သိပ္ပံပညာတရပ်လုံး၏ တိုးတက်မှုသည် "ငါတို့သည် ရုပ်ဝတ္ထုများကို ငါတို့၏ လမ်းညွှန်အဖြစ် လက်ခံနာယူသည်"ဟူသောမူအပေါ်၌ အခြေတည်နေလေ၏။

ဗုဒ္ဓအဘိဓမ္မာ၌ ကိုယ် စိတ် သို့မဟုတ် နာမ်နှင့်ပတ်သက်၍၎င်း၊ ရုပ် နာမ်နှင့်ပတ်သက်၍၎င်း၊ ဝါဒကွဲပြားလျက်ရှိသည်။ ဗုဒ္ဓဘာသာမျှားဆဲ၌ အဒ္ဒေတ္တဝါဒီ ဝိညာဏ (နာမ်) ဝါဒီတို့က နာမ်ကို သာလျှင် သစ္စာဟု ယူဆကြလေသည်။ ၎င်းတို့၏ ယင်း "သစ္စာ" (နာမ်) သည် ခဏိကဖြစ်၏။ အနိစ္စဖြစ်၏ ဟူ၍ကား ပြောဘို့မလိုပေ။ အခြား ဒ္ဒေတ္တဝါဒီတို့ကမူ ရုပ်နှင့်နာမ်၏ တကွဲတပြားစီ လွတ်လပ်စွာ တည်ရှိမှုကို ယုံကြည်လေသည်။ သို့ရာတွင် နာမ်သို့မဟုတ် စိတ်သည် ကိုယ်ပေါ်၌ အမှီပြုနေ၏ဟူသော အချက်ကိုကား နှစ်ဦးစလုံးလက်ခံကြလေ၏။ (ဥတ္တံကာယဒ္ဒိတံ မနော)

စိတ် သို့မဟုတ် နာမ် သို့မဟုတ် ဝိညာဏ်သည် ကိုယ် သို့မဟုတ် ရုပ်မှ အပဖြစ်သော သီးခြားနေရာ၌ တည်ရှိ မနေနိုင်ပေ။ ဤဝါကျဖြင့် ရုပ်နှင့် နာမ်၏ အချင်းချင်း ဆက်သွယ်ရေးကို သိသင့်သလောက်သိရပေသည်။အဓိပ္ပာယ်ကား နာမ်(စိတ်)သည် ရုပ် (ကိုယ်) ၏အပေါ် မူတည်၏ မှီ၏ဟု ဆိုလိုသည်။

ဒွေတ္တာဝါဒီများသော်မှ နာမ်သည် ရုပ်မှ လုံးဝ သီးခြားဖြစ်သည်(ဝါ) နာမ်သည် ရုပ်၏ အမြင့်ဆုံးသောတိုးတက်ခြင်းအသွင် ဖြစ်သည်ဟူ၍ အယူမရှိကြပေ။ အဒ္ဒေတ္တဝါဒီ ဝိညာဏဝါဒီ (နာမ်ဝါဒီ)တို့ကမူ ရုပ်ကိုနာမ်၏အသွင်ပြောင်း (ပရိဏာမ)ဟု အယူရှိကြလေသည်။ ၎င်းတို့က ဤအကြောင်းနှင့် စပ်လျဉ်း၍ ရေနှင့် လှိုင်းတံပိုးကို ဥပမာပေးပြီး ကမ္ဘာလောကတခုလုံး သို့မဟုတ် ရုပ်တခုလုံးသည် နာမ်၏ ပရိဏာမသာဖြစ်သည်၊ နာမ်၏ပြောင်းလဲလာခြင်းသာဖြစ်သည်၊ နာမ်၏ တိုးတက်ခြင်းသာဖြစ်သည်ဟု ပြောပြကြလေသည်။ ဤအယူအဆသည် ဟေဂေလ်၏ အဘိဓမ္မာနှင့် တူညီလေသည်။ အကယ်၍ "ဝိညာဏ ပရိဏာမောသော" (ဤကမ္ဘာလောက သို့မဟုတ် ရုပ်သည် နာမ်၏ ပြောင်းလဲလာခြင်းဖြစ်သည်) ဟု ဆိုမည့်အစား "ဝိညာဏံ ပရိဏာမောဿ" (နာမ်သည် ရုပ်၏ပြောင်းလဲလာခြင်း ဖြစ်သည်။ တိုးတက်လာခြင်းဖြစ်သည်) ဟုဆိုလိုက်လျှင် ဗုဒ္ဓဘာသာ ဝိညာဏဝါဒသည် ဦးခေါင်းနှင့် ရပ်နေရသည့် ဒုက္ခမှ ကင်းဝေးပြီး ခြေထောက်နှင့် ရပ်မိသွားပေလိမ့်မည်။

ၤတို့၏ အဘိဓမ္မာ၌ ယင်းသို့တွေးခေါ်စဉ်းစားရန် အတွက်လည်း အချက် အလက်လုံလောက်စွာ ရှိလေသည်။ အကျိုးတိုင်း အကျိုးတိုင်းသည် မိမိ၏ အကြောင်းနှင့် စာလျှင် လုံးဝကွဲပြား

ခြားနားသည့်၊အည်အချင်းပြောင်းလဲသည့်၊ လုံးဝအသစ်ဖြစ်လာ ရသည့်အရာဝတ္ထု၊ဖြစ်ခဲ့လျှင်ရုပ်မှနာမ် တိုးတက်ဖြစ်ပေါ်လာသည် ဟု လက်ခံနာယူခြင်းဌ ဘယ်လိုအခက်အခဲမျိုးရှိဦးမည်နည်း၊နာမ် သည် ရုပ်နှင့် လုံးဝကွဲပြားခြားနားမှုရှိသော်လည်း ရုပ်၏ အကျိုး ဖြစ်နိုင်၏၊ မာဂ်စ်ဝါဒီရုပ်ဝါဒသည် နာမ်ကို ရုပ်တရားမှ ဖြစ် ပေါ်လာသော အရာဖြစ်၏ဟု အယူရှိသော်လည်း နာမ်သည် ရုပ်တရားဖြင့်၏ ဟူ၍ကား မပြောဆိုပေ၊နာမ်သည်ရုပ်နှင့်ကွဲပြား ခြားနားသော အရာဖြစ်၏၊ ရုပ်၏ အမြင့်ဆုံးသော တိုးတက်မှု ဖြစ်၏ ဟုသာ အယူရှိလေသည်။

ဗုဒ္ဓဧတ်အခါက တဘက်တွင် အတ္တကို နိစ္စဖြစ်၏၊ ဝေါက် ပြန်ပြောင်းလဲခြင်းမရှိဟု ထင်မှတ်ယူဆကြသော အတ္တဝါဒီအဘိ ဓမ္မာဆရာများရှိပြီး အခြားတဘက်တွင်မူ အတ္တ၏ တည်ရှိမှုကို ငြင်းပယ်သည့် ရုပ်ဝါဒီအဘိဓမ္မာဆရာများရှိလေသည်။သို့ရာတွင် ထိုရုပ်ဝါဒီ အဘိဓမ္မာဆရာများ၏ ရုပ်ဝါဒမှာ ယန္တ ယားရုပ်ဝါဒ ထက်ပိုပြီး အဆင့်အတန်းမမြင့်ပေ။ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တပည့်များ သည် အဘိဓမ္မာတရပ်ကို တင်ပြခဲ့လေသည်။ ထိုအဘိဓမ္မာ၌ တိုးတက်လာသော အသွင်အပြင်ပေါင်း မြောက်မြားစွာပါဝင် သည်ကိုတွေ့ရလေသည်။ သို့ရာတွင် ဗုဒ္ဓနှင့်ဗုဒ္ဓ၏ တပည့်များ သည် မိမိတို့ကိုယ်ကို ရုပ်ဝါဒီဟု ခေါ်ဘို့ရန်မူ အသင့်မရှိပေ။

မည်သည့်အကြောင်းအရာနှင့် ပတ်သက်ပတ်သက် မဏ္ဍိမပဋိပ ဒါအလယ်အလတ်လမ်းစဉ်ကို ရွေချယ်ခြင်းသည် ဗုဒ္ဓအဘိဓမ္မာ ဆရာများအတွက် မဆုကပင် အလေးမူခဲ့သည့် အရာဖြစ်ခဲ့လေ သည်။ ဤနေရာ၌လည်း ၎င်းတို့သည် အတ္တဝါဒနှင့် ရုပ်ဝါဒ၏ ကြားတွင် ထိုင်လိုကြသည်။ သို့ရာတွင် ၎င်းတို့သည် အနိစ္စဝါဒနှင့်

စပ်လျဉ်းရှိမှု မဖြစ်မပဋိပဒါ အလယ်အလတ်လမ်းစဉ်ကို လက်မခံ ကြပေ။ ယင်းယူဆချက်ကြောင့်သာလျှင် ဘာသာ တရားများ၏ အကြားခွဲ ဗုဒ္ဓဘာသာကို ဘာသာတရား တရပ်အနေဖြင့်သိမ်း သွင်းကောက်ယူ၍ရခြင်းဖြစ်လေ၏။အဘိဓမ္မာခွဲ ဤမျှထက်မြက်မှု၊ အမြစ်အရင်းကျမှုရှိသော်လည်း တမလွန်ဘဝ၊ ယောဂ သမာဓိ အကျင့်နှင့် အခြားသော အချက် အလက်ပေါင်းများစွာတို့ခွဲ ရင်းတို့၏ယုံကြည်ချက်သည် တခြား ဘာသာတရားများ အတိုင်း ပင်ဖြစ်သည်။

ပညာပါရမိတာ

ဗုဒ္ဓဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်မှာ ဗောဓိ (အသိဉာဏ်) ရှိသူဟု ဆိုလိုသည်။ ဗောဓိ၊ ဉာဏ်၊ ပညာတို့သည် အနက်အဓိပ္ပာယ် တခုတည်း၏ ပရိယာယ်စကားလုံးများဖြစ်ကြသည်။ ခြောနားချက်မှာကား–ပညာသည် ထူးခြားသော ဉာဏ်ကို ခေါ်၏။ ယခုခေတ် ဝေါဟာရ စကားလုံးများဖြင့် ပြောရလျှင် ဒဿန (အတိုခမှာ) သို့မဟုတ် ကြီးကျယ်သော ဉာဏ်ဟု ခေါ်ဆိုနိုင်ပေသည်။ သို့ရာတွင် ဗုဒ္ဓသည် ပညာသက်သက်ကို အလေးအနက်မပြုပေ။ သီလ (အကျင့်)၊ သမာဓိ (စိတ်၏ တည်ငြိမ်မှု)၊ ပညာဆုံးမျိုးလုံးကို အလေးအနက်ပြုလေသည်။ ယင်းသုံးမျိုးအနက်က ပညာကိုပိုပြီး အလေးအနက် ပြုသည်ဖြင့်၎င်း ဗုဒ္ဓအားမဟာအတိုခမှာဆရာတဦးအဖြစ် အသိအမှတ်ပြုကြသည်။ ဗုဒ္ဓအတိုမှာ၏ အခြေခံ အုတ်မြစ်မှာ– ကမ္ဘာကြီးသည် အတွင်းအပြင် နေ့ရာအားလုံး၌ ခဏတိုင်းမှာ ပြောင်းလဲနေသည်ဟူသော အချက်ဖြစ်သည်။ ချင်းချက်မရှိ အရာဝတ္ထု၊ အားလုံးဟူသည် အနိစ္စဖြစ်ကုန်၏။ ယင်း ခဏိကနိယာမသဘောတရား သို့မဟုတ် ပြောင်းလဲခြင်း နိယာမသဘောတရား၏ အမည်ဘခုကို ပဋ္ဌိစ္စသမုပ္ပဒေါဟူ၍ ပေးထားလေသည်။ ယင်း အချက်နှင့်ပတ်သက်၍

ဗုဒ္ဓကိုယ်တော်တိုင်က "ဤအရာ ဖြစ်ပြီးနောက် ဤအရာဖြစ်၏ (အသို့သတိ ဣဒံဘဝတိ) ဟု ဟောတော်မူလေ၏။ အမှန်စင်စစ် အားဖြင့် ၎င်းမှာ ချင်းချက်မရှိ အရာဝတ္ထု၊ အားလုံးတို့သည် အနိစ္စဖြစ်၏ ဟူသော အခြေခံ သဘောတရား၏ အဓိပ္ပာယ် ရှင်းလင်းချက် ဖြစ်လေသည်။ ဗုဒ္ဓနှင့် ဗုဒ္ဓ ဘာသာဝင် တို့သည် အနိစ္စဝါဒီများ ဖြစ်ကြသည်။ ၎င်းတို့သည် တစုံတခုသော အရာဝတ္ထုကို အနိစ္စဖြစ်၏ဟု မပြောရမချင်း ထိုအရာဝတ္ထု၏ မှန်သော အရာအဖြစ်ကို လက်မခံကြပေ။ နှောင်းခေတ် ဆရာအရှင်များ ကမူ ထိုအချက်ကို ထပ်မံရှင်းလင်းပြီး "ယတ်ဆတ်ဘတ်ခဏိကံ" (အကြင် အရာဝတ္ထုသည် မှန်သောအရာ ဖြစ်၏။ ထိုအရာ ဝတ္ထုသည် ခဏိက ဖြစ်သည်)ဟု ပြောဆိုကြလေသည်။ အပြင် အပ ဗဟိဒ္ဓရှိ အရာဝတ္ထုများကဲ့သို့ အခြားသော ပုဂ္ဂိုလ်များ ကလည်း ခဏိက ဖြစ်၏ဟု လက်ခံရန် အသင့်ပင် ရှိကြလေသည်။ သို့ရာတွင် ဗုဒ္ဓသည် အပြင်အပ အထည်ခြဗိရှိသည့် အရာဝတ္ထုကို သာလျှင် ခဏိက ဖြစ်၏ဟု ပြောပြခြင်း မဟုတ်ဘဲ အတွင်းရှိ သိမ်မွေ့နူးညံ့သော ကမ္ဘာ၌လည်း ဤချင်းချက်မရှိသော ဥပဒေ နိယာမ ရှိသည်ဟု ပြောပြတော်မူသည်။

ဗုဒ္ဓသည် မိမိ၏ အဘိဓမ္မာအယူအဆကို ရှင်းလင်းပြောပြ သည့်အနေဖြင့် သစ္စာ၏ အသွင်နှစ်ခုကို မိန့်တော်မူလေသည်။ သစ္စာတခုမှာ အတွင်းနှိုက်၍ ကြည့်လိုက်လျှင် မှန်မည်မဟုတ် သော်လည်း အပေါ်ယံ အသုံးပြုမှုအတွက်မူ အမှန်ဖြစ်ပေ၏။ ၎င်းကို အသုံးပြုမှု အတွက်ဖြစ်သော သစ္စာ သို့မဟုတ် သံဝိတိ (သမုတိ) သစ္စာဟုခေါ်လေသည်။ ကျောက်၊ သံ၊ သစ်သားကို အကြင်အသွင်အပြင်မျိုးဖြင့် ကျွန်ုပ်တို့မြင်ရ၏။ အကြင် အသွင်

အပြင်မျိုးဖြင့် ကျွန်ုပ်တို့ အသုံးပြုကြ၏။ ထိုအသွင်အပြင်မျိုးသည် သံဝိတိ(သမုတိ)သစ္စာဖြစ်လေသည်။ သို့ရာတွင် ပရမတ္ထသစ္စာ၏ အမြင်ဖြင့်ကြည့်လျှင်မူ ယင်းအရာအားလုံးသည် မျက်စိဖြင့် မမြင်ရသည့် ပရမာဏုမြူများ ပေါင်းစုပြုလုပ်ထားသည့် အရာများသာ ဖြစ်ကြပေသည်။ ပရမာဏုမြူသည်လည်း အမာခံ အရာဝတ္ထု မဟုတ်ပေ။ ၎င်းသည်လည်း အီလက်တရွန်နှင့် ညူကလပ်တို့၏ အတွဲဖြစ်လေသည်။ အီလက်တရွန်သည် နေရာတခုခု တခဏမျှပင် တည်မနေနုသော အရာဝတ္ထုဖြစ်သည်။ သိပ္ပံပညာရှင်များက ၎င်းကို အားနှင့် လှိုင်းနှစ်မျိုးဟု ပြောကြလေသည်။ လှိုင်းဟု ခေါ်ရလိမ့်မည့် မိမိ၏ အစဉ်အဆက် သို့မဟုတ် အလျှင်ကို ဧန္တသည့် မျက်စီး ယိုယွင်းတတ်သော အမှုန်မျိုး ဖြစ်လေသည်။ ညူကလပ်အတွင်း၌ ရှိသော ပိုဇစ်တရွန်၊ နယူတရွန်၊ မေဆိုတရွန် တို့နှင့် ပတ်သက်၍လည်း ထိုနည်း အတိုင်းပင် ဖြစ်လေသည်။ အဓိပ္ပာယ်ကား ကမ္ဘာ့ဧကတာ၏ အခြေခံဖြစ်သော အုတ်များ သည် ပရမာဏုမြူသက်သက်ပင် သိမ်မွေ့၏။ ဂျုန်ဖြင့်ဖို့ဖြင့် မထိမတွေ့ နိုင်။ အလျှင်အယည်ကဲ့သို့ ရှေ့ကျားနေ၏။ ၎င်းကို ပရမတ္ထသစ္စာဟု ယူလျှင် ကျောက်၊ သံ၊သစ်သားတို့၏ အကြင်အသွင်ကို ကျွန်ုပ်တို့ သစ္စာဟူ၍ ထင်မှတ်ယူဆနေကြ၏။ ထိုအသွင်အပြင်သည် သစ္စာ မဟုတ်တော့ပေ။ ယင်းသို့အားဖြင့် ယခုခေတ်ဘွားခေါ် နည်းဥပဒေ ကျွန်ုပ်တို့သည် အသုံးပြုမှုအတွက်ဖြစ်သော သစ္စာ(သမုတိသစ္စာ) နှင့် ပရမတ္ထသစ္စာဟူသော ကွဲပြားခြားနားမှုကို ထားလေသည်။ ယင်းကွဲပြား ခြားနားမှုကဲ့သို့ ဗုဒ္ဓက ရှင်းလင်းပြောပြတော်မူ သည်။ ဆရာဗန်ရှင် သန်ဆိုသောဝေက ဤသို့ပြောပြထားသည်-

သံဝိတိ ပရမတ္ထ စ သစ္စဒ္ဒယ မိဒံ မတံ၊

[သံဝိတိ(သမုတိ)နှင့် ပရမတ္ထဟူ၍ နှစ်မျိုးသော သစ္စာကို မှတ်ယူရလေသည်။]

ပဋ္ဌိစ္စသမုပ္ပါဒ်အားဖြင့်သာလျှင် ပရမတ္ထသစ္စာကို သိမြင်နိုင်ပေသည်။ပဋ္ဌိစ္စသမုပ္ပါဒ်ကို သိရှိနားလည်မှသာလျှင် ဗုဒ္ဓအဘိဓမ္မာကို သိရှိနားလည်နိုင်ပေသည်။ သို့ဖြစ်၍ "အကြင်သူသည် ပဋ္ဌိစ္စသမုပ္ပါဒ်ကိုမြင်၏။ ထိုသူသည် ဓမ္မကိုမြင်၏။ အကြင်သူသည် ဓမ္မကိုမြင်၏။ ထိုသူသည် ဗုဒ္ဓကိုမြင်၏"ဟု ပြောပြထားလေသည်။ (အရိယ သာလိ ထမ္ဘသုတ်)

ဟီနယာနဟူ၍လည်းခေါ်သည့်ရှေးဟောင်းဗုဒ္ဓဘာသာဂိုဏ်းသည် ခဏိကသဘောတရား(အနိစ္စသဘောနှင့်ပဋ္ဌိစ္စသမုပ္ပါဒ်)ကို ယုံကြည်လေသည်။တိုနောက် မဟာယာနဂိုဏ်းသည် ယင်းခဏိကသဘောတရား၏ အနက်အဓိပ္ပာယ်ကို ပိုပြီးစည်ပင် ဖွံ့ထွားတိုးတက်အောင်ပြုလုပ်လေသည်။အထက်ဘင်ပြဆိုခဲ့ပြီးသည့် အတိုင်း ပဋ္ဌိစ္စသမုပ္ပါဒ်၏ အဓိပ္ပာယ်မှာ–အရာဝတ္ထုတခုသည် လွန်သွား၏၊ ပျက်စီးသွား၏။ နောက် အရာ ဝတ္ထုတခု ဖြစ်ပေါ်လာ သည်–ဟု ဆိုလိုသည်။ အကျိုးနှင့်အကြောင်းသည် ဤမျှသာ ဆက်စပ်မှုရှိလေသည်။ အကြောင်းသည် အရာဝတ္ထုတစုံတခုကို မိမိ၏ အတွင်းဌာ ချန်ထားပြီး ပျက်စီးပျောက်ကွယ်သွားခြင်းမဟုတ်ပေ။ ဤနေရာ၌ အပေါ်ယံပြောင်းလဲမှုမျိုးမဟုတ်။ တခု၏ အမြစ်အရင်းနှင့်ဟက္ခ ပျက်စီးပျောက်ကွယ်သွားပြီး လုံးဝအသစ်ဖြစ်သော အခြားအရာဝတ္ထုဖြစ်ပေါ်လာခြင်း ဖြစ်လေတည်း။ အရာဝတ္ထုတိုင်းသည် နိစ္စဖြစ်သော အရာဝတ္ထုတခုခုမှ လုံးဝဆိတ်သုဉ်း၏။ ရုပ်ဝတ္ထုတို့သည် နိစ္စဖြစ်သော အတွင်းကျသည့် အရာဝတ္ထုမှ ဆိတ်သုဉ်းသကဲ့သို့ ကိုယ်ကာယသည်လည်း အတ္တကဲ့သို့

သော နိစ္စဖြစ်သည့် အရာဝတ္ထုမှ လုံးဝ ဆိတ်သုဉ်းလေသည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့သည် အနတ္တဝါဒကိုယုံကြည်ကြခြင်းဖြစ်လေသည်။ အနတ္တဝါဒသည်ပင် သုညဝါဒဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်သည်လည်း သုညဝါဒဖြစ်လေသည်-

'ယော ပဋိစ္စသမုပ္ပါဒေါ သုညတာ-သော ဝေ မတာ၊'
(အကြင်အရာသည် ပဋိစ္စသမုပ္ပါဒ်ဖြစ်၏။ ထိုအရာသည် သုညဖြင့်သည်)

ထို့ပြင် ယင်းသုညသဘောကို(ကမ္ဘာလောကရှိ အရာဝတ္ထုဟူသမျှ၏ ပျက်စီးယိုယွင်းခြင်းသဘောကို) ယောဂီ ပုဂ္ဂိုလ်တို့အတွက် ဘာဝနာ၏ အာရုံအဖြစ် ဒုတ်ယူရလေသည်။

'တသ္မဒ္ဓိ ဝိသိကိ ခ္ဆန ဘာဝနီယော သုညတာ'

သုညသဘောတရားကို ရှေးဟောင်း ဗုဒ္ဓဘာသာ ဂိုဏ်းများ၌ တွေ့ရှိရခဲသော်လည်း ယင်းသုညသဘောတရားကို အလေး အနက် အပြုဆုံးမှာကား မဇ္ဈိမက အဘိဓမ္မာကို လက်ခံထားသည့် မဟာယာနဂိုဏ်းဝင်များဖြစ်ကြလေ၏။ ယင်းဂိုဏ်း၏ ခေါင်းဆောင်ပုဂ္ဂိုလ်မှာ နာဂဇုန ဆရာဖြစ်လေသည်။ နာဂဇုန ဆရာသည် ခရစ်သက္ကရာဇ်နှစ်ရာစု၌ ဝိဒဘ္ဘ၌ ဖွားမြင်လေသည်။ သူသည် သာတဝါဟန ဘုရင်တို့၏ လေးစား ဂုဏ်ပြုအပ်သော ရာဇဂုရုမင်းဆရာဖြစ်သည်။ သိရိပဗ္ဗတတောင်၌ အနေများ၏။ သို့ဖြစ်၍ ထိုတောင်၏ အမည်မှာ နာဂဇုန ကောဏ္ဍာ (နာဂဇုနတောင်)ဟု တွင်နေလေသည်။ ယင်းသုညအဘိဓမ္မာ၏ မူလကျမ်းဂန်မှာ နာဂဇုနရေးစီရင်သော 'မဇ္ဈိမကာ ကာရိကာ' ဖြစ်လေသည်။ ယင်းမဇ္ဈိမကာ ကာရိကာကို အထောက်အပံ့ပြုရန်

အတွက် "ပညာပါရမိတာ" မျှားစွာကို ရေးကြလေ၏။ မဇ္ဈိမ်က အာဘိဓမ္မာ၏ အလိုအရ-"အားလုံးသော ဓမ္မ(အရာဝတ္ထု)မျှားသည် မာယာနှင့်တူ၏။ အိပ်မက်နှင့်တူ၏"။ယင်းအာဘိဓမ္မာသည် ယထာဘူတဝါဒီမဖြစ်နိုင်ကြောင်းမှာ အိပ်မက်နှင့် နိုးကြားမှုတွင် ခြားနားချက်ကို မပြုလုပ်လိုသော အကြောင်းဖြင့်ပင် ထင်ရှားလှပေသည်။ စက်ဘီးစီးသူ နှစ်ဦးတို့ စက်ဘီး စီးသွားကြသည်။ စီးသွားရင်း စီးသွားရင်းနှင့် သူတို့နှစ်ဦးသည် ဆုံနိုင်ကြသည်။ ရင်ဆိုင်ရောက်လာလျှင် တချိန်ချိန်၌ သူတို့သည် ဆုံနိုင်ပေသည်။ ရင်ဆိုင်ဆုံသည့် ခဏသည် အလွန်တရာမှ တာတို လှပေသည်။ ထိုနောက် ဝေးသွားလေသည်။ သို့ရာဘွဲ့ ထိုသို့ဖြစ်သည့်အတွက် ကြောင့် ၎င်းကို ယထာဘူတဝါဒီတို့အနေဖြင့်မာယာနှင့်တူသည်၊ အိပ်မက်နှင့်တူသည်ဟု မပြောနိုင်ပေ။ ကျွန်ုပ်တို့ ထမင်းစားကြသည်။ ထမင်းသည် ဝမ်းဗိုက်ထဲရောက်သွားသည်။ ကြေကျွေကသွားလေသည်။ ထိုအစာဖြင့် အသားအသွေး ဖြစ်သည်။ အင်္ဂါကြီးငယ်များထဲသို့ ရောက်သွားသည်။ ခဏမကြာ ပျက်စီးယိုယွင်းတတ်သော နိယာမ သဘောဘာဝများ၏ အလိုအရ ကျွန်ုပ်တို့ကိုယ်ကာယ၏ အင်္ဂါကြီးငယ်တို့သည် ခဏတိုင်း ခဏတိုင်းမှာ ပြောင်းလဲနေကြသည်။ထိုပြောင်းလဲနေသော အလျင်၌ ကျွန်ုပ်တို့စားသော အစားကလည်း ပေါင်းဆုံလေသည်။ ထိုအစာသည် ပြောင်းလဲရင်းပြောင်းလဲရင်း သို့မဟုတ် ပြေးသွားရင်းပြေးသွားရင်း သံဝိဘီ(သမုတိ)သစ္စာ၏ အလိုအရ ကိုယ်ကာယ၏ အပြင်ဘက်သို့ ရောက်သွားလေသည်။ ပရမတ္ထသစ္စာ၏ အလိုအရမူ ကိုယ်ကာယသည် ၎င်း၏ အင်္ဂါအစိတ်အပိုင်း၊အခြားသောအမှုန်၊ နောက်ဆုံးအသွင်ဖြင့် ပျက်စီးယိုယွင်းတတ်သော အီလက်တရွန်၊

နယ္ယူတရွန်စသည်တို့ သာလျှင် ဖြစ်ပေ၏။ အစား အစာသည် ကာလနှင့် ဒေသ မည်သည့်နေရာတွင်မှ တည်တံ့မနေပေ။

ယင်းသို့ဖြစ်ခြင်းကြောင့် ကျွန်ုပ်တို့သည် နိုးကြားနေသည့် အခါ၌ စားသော အစားအစာကိုလည်း အိပ်မက်ထဲက မုန့်ပဲ သရေစာဟူပင် အောက်မေ့ရမည်လော။ ခဏတိုင်း ခဏတိုင်း ပျက်စီးယိုယွင်းခြင်းနှင့်တကွသော ထိုအစားအစာ၏ အပြုအမူ တို့ကို ဘာမျှမဟုတ်ဟု မပြောသင့်ပေ။ သို့ဖြစ်၍ ယထာဘူတဝါဒီ ဗုဒ္ဓအဘိဓမ္မာဆရာ ဓမ္မကိတ္တိက အပြုအမူကို ပရမတ္ထသစ္စာကို သိရှိသိကြောင်းဖြစ်၏ဟု ပြောလေသည်။ သုညဝါဒီတို့ကမူ ထိုအချက်ကို လက်ခံဘို့ရန်အတွက် အသင့်မရှိပေ။

ဗုဒ္ဓသည် အရာဝတ္ထုအားလုံးကို ခဏမလပ် ပျက်စီးယိုယွင်း တတ်သော နိရောဓဓမ္မဟု အယူရှိလေသည်။ အရာဝတ္ထုအားလုံး သည် မေ့ဖျောက်ဖြစ်ပေါ်လာကြ၏။ မေ့ဖျောက်ဖြစ်ပေါ်လာသည်နှင့် တပြိုင်တည်း ထိုအရာဝတ္ထုတို့သည် ပျက်စီးခြင်းသဘောတရားကို တပါတည်း ယူဆောင်လာကြသည်။ သို့ရာတွင် ယင်းဖြစ်ပေါ် ခြင်းနှင့် ပျက်စီးခြင်းကို မာယာ သို့မဟုတ် အိပ်မက်နှင့်အတူ သဘောထားလျှင် ဘယ်အရာဝတ္ထု ဖြစ်ပေါ်သည်၊ ဘယ်အရာ ဝတ္ထုပျက်စီးချုပ်ငြိမ်းသည်ဟု ကျွန်ုပ်တို့ ပြောနိုင်လိမ့်မည်မဟုတ် တော့ပေ။ သုညဝါဒီတို့က ဤသို့ပြောကြသည်-

'အဇာတမနိ ရုဒ္ဓံ စ တသ္မာ သဗ္ဗမိဒံ ဂျဂတ်'

(သို့ဖြစ်၍ ဤကမ္ဘာလောက တခုလုံးသည် ဖြစ်လည်းမဖြစ်၊ ပျက်စီးလည်း မပျက်စီး)

ဗုဒ္ဓသည် ဒုက္ခ၊ ဒုက္ခ၏အကြောင်း၊ ဒုက္ခ၏ ပျက်စီးချုပ်ငြိမ်းမှု၊ ဒုက္ခပျက်စီးချုပ်ငြိမ်းမှုအတွက် လိုအပ်သောလမ်းစဉ်-ယင်း မြတ်

သောသစ္စာတရား လေးပါးကို ဟောပြတော်မူသည်။ သို့ရာတွင် ကမ္ဘာလောကနှင့် အမှန်ထင်ရှားရှိသည့် အရာဝတ္ထုများကိုပင် မာယာ (အယောင်ဆောင်) နှင့် အိပ်မက်ဟု မှတ်ထင်ယူဆသူ သည်ဝါဒီတို့အတွက်မူ ယင်း အရိယသစ္စာများ မလိုတော့ပေ။ သို့ဖြစ်၍ ၎င်းတို့သည် ဒုက္ခနှင့် သုခကဲ့ပင်လည်း စိတ်ကူးချက် မျှလောက်သာ ထင်မြင် ယူဆကြလေ၏။ ဒုက္ခနှင့် သုခတို့၏ မည်ကဲ့သို့သော တည်ရှိမှုမျိုးမျှ မရှိဟု အလေးအနက်ပြောဆိုကြ လေသည်။ သုခ ဒုက္ခဟူသည်မှာ စိတ်ကူးချက်မျှသာ ဖြစ်၏ဟူ သောအချက်ကိုပြရင်း သူတို့က ဤသို့ပြောပြထားကြ၏-

'အဟိ မယူရဿ သုခါယ ဇာယတေ
ဝိသံ ဝိသာမျှသဝတော ရသာယနံ၊
ဘဝန္တိ စာနန္ဒ ဝိသေသ ဟေတဝေါ
မုခံ တု ဒန္ဓော ကရဘဿ ကဏ္ဌကာ။

(မြွေသည် ဥဒေါင်း၏ သုခအတွက် ဖြစ်ပေါ်လာသည်။အဆိပ်သည် အဆိပ်ကို အကျင့်ရသူတို့အတွက် ရသာယနဆေးဖြစ်လေသည်။ မျက်နှာကို ထွင်းဖောက်သောဆူးတို့သည် ကုလားအုပ်၏ နှစ်သက် ရှင်လန်းမှုအတွက် ထူးခြားသော အကြောင်းဖြစ်လေသည်'။)

သူတို့သည် ယင်းစကားဖြင့် သုခနှင့် ဒုက္ခသည် တခုတည်း သောအရာဝတ္ထု၏ အသွင်အပြင် နှစ်မျိုးဖြစ်သည်ဟု ပြောပြလို

၁။ ကုလားအုပ်တို့သည် ဗဗုလ်-အမည်ရှိ သစ်ရွက်ကို အလွန်ကြိုက်သည်။ ထိုသစ်ပင်၌ ချွန်ထက်သော ဆူးများရှိ၏။ ထိုသစ်ရွက်ကို စားရုံလျှင် ကုလားအုပ်တို့သည် ဆူးကို ဂရုမပြုကြတော့ပေ။ မြန်မာပြန်သူ

ပေသည်။ သို့ဖြစ်၍ သုခနှင့်ဒုက္ခသည် တသီးတခြား လွတ်လွတ်လပ်လပ် တည်ရှိမနေပေ။

ဗုဒ္ဓ ယူဆထားသော ပညာ၏အသွင်မှာ အရာဝတ္ထု ရှိမှုကို ပစ်ပယ်ငြင်းဆန်ရန်အတွက် မဟုတ်ပေ။ အရာဝတ္ထုကို သူ့ရှိနေသည့် အခြေအနေအတိုင်း ယုံကြည်ယူဆရန်အတွက် ဖြစ်လေသည်။ ကမ္ဘာလောကနှင့် ကမ္ဘာ့လောကရှိ အရာဝတ္ထုဟူသမျှသည် ခဏတိုင်းခဏတိုင်းမှာ ပြောင်းလဲနေကြသည်။ အရာဝတ္ထုဓာတ်သမျှကို ယင်းအသွင်မျိုးဖြင့် ကြည့်ရမည်ဖြစ်လေသည်။ အရာဝတ္ထု၏ ခဏိကတည်ရှိမှုကိုပင် ပစ်ပယ်ငြင်းဆန်ခြင်းကိုမူ ဗုဒ္ဓနှင့် ယထာဘူတဝါဒီ ဆရာအရှင်တို့က မလိုလားမနှစ်သက်ပေ။ သူတို့သည် သုညဝါဒီ ဗုဒ္ဓဘာသာဝင်တို့ ရောက်သွားကြသည့် ထိုလွန်လွန်းသောလမ်းစဉ်သို့အထိမူ မသွားလိုကြပေ။ သုညဝါဒီတို့သည် သုညဝါဒ ပြုစုပျိုးထောင်သူ နာဂါဇုန်၏ ကျမ်းစာမျှဖြင့် မကျေနပ် မရောင့်ရဲကြပေ။ သူတို့သည် သုညသဘောနှင့် ပညာကို ပရိယာယ်တူ ဝေးလုံးဟု ယူဆကြပြီးလျှင် ပညာပါရမိတာ (မြင့်မြတ်သော ပညာနှင့်ပတ်သက်သည့် ကျမ်း) မျိုးစုံကို ရေးသားပြုစုကြလေသည်။ ယင်းကျမ်းတို့ကို ဗုဒ္ဓဟောကျမ်းဂန်များဟုပြောပြီး ထုတ်ဝေဖြန့်ဖြူးကြလေသည်။ ယခုခေတ်တွင်လည်း မဟာယာနဂိုဏ်းဝင်ပုဂ္ဂိုလ်တို့သည် ထိုကျမ်းများကို ထိုကဲ့သို့ပင် မှတ်ယူကြ၏လည်း။ မူလပင်ရင်း သက္ကတဘာသာဖြင့် သတသဟဿိကာ၊ အဋ္ဌသာဟဿိကာ ကဲ့သို့သော နှစ်ခုသုံးခုသော ပညာပါရမိတာများကိုသာလျှင် ဘွဲ့ရှိရပေ၏။ သို့ရာတွင် တိဗက်ဘာသာ၌ သုံးဆယ်မျှသော၊ တရုတ်ဘာသာ၌ ကိုးခုမျှသော ပညာပါရမိဘာတို့၏ ဘာသာပြန်များ ရှိလေသည်။ အကွာရာ

၃၂ လုံးကို ရှလိုက (၈ ၊ထာ) တခုဟု အသိအမှတ်ပြုပြီး ၎င်း၏ အမည်နာမဖြင့် ကျမ်းဂန်များကို ပိုင်းခြား ရေတွက်ပြီးလျှင် အဋ္ဌသဟာသိကာ–ရှလိုက ရှစ်ထောင်နှင့် အညီအမျှ–စသည်ဖြင့် ၎င်းတို့၏အမည်နာမကို ပေးထားလေသည်။ တိဗက်ဘာသာဖြင့် ရှိသော ပညာပါရမိဘာ ဘာသာပြန်သည့် ကန်ဂျုလက်ရှေးစာ ပေါင်းချုပ်ဖြစ်သည့် ပရပိုက် ၃၁ ခုဖြင့် ရှိလေသည်။ ၎င်းတို့ကို အကွာရာ ၃၂ ခုရှိသော ရှလိုက တို့ဖြင့် ရေတွက်လိုက်လျှင် ရှလိုက ပေါင်း နှစ်သိန်းထက်ပင် ပိုပေလိမ့်မည်။ ၎င်းတို့၏ အမည်နာမ များမှာ– ၁၊သတသာဟဿိကာ၊ ၂၊ပဉ္စဝိသတိသာဟဿိကာ၊ ၃၊ အဋ္ဌာဒသသာဟဿိကာ၊ ၄၊ ဒသသာဟဿိကာ၊ ၅၊အဋ္ဌ သာဟဿိကာ၊ ၆၊ ပဉ္စသတ်ကာ၊ ၇၊ သတ ပဉ္စာသတ်ကာ (၁၅၀)၊ ၈၊ ပဉ္စာသတ်ကာ (၅၀)၊ ၉၊ ပဉ္စဝိသတ်ကာ(၃၅)၊ ၁၀၊ သတ္တသတ်ကာ (၇၀၀)၊ ၁၁၊ အဋ္ဌသတ်ကာ (၈၀၀)၊ ၁၂၊ ကောက္ခရီစသည်၊ ၎င်းတို့အနက် ၁၊ ၂၊ ၄ နှင့် အခြား အချို့ဘာသာပြန်များမှာမူ တရုပ်ဘာသာ၌လည်း ကွေ့ရှိရပေ သည်။ ၎င်းတို့ကိုဖတ်လျှင် စာဖတ်သူသည် ငြီးငွေ့လာပေသည်။ အကြောင်းမူကား သတသာဟဿိကာ၏ ရှလိုက တဘီန်းမျှ ရှိသော ပရပိုက်၏ ထပ်ခါထပ်ခါပါနေသည့် အချက်များကို ဖယ် ထုတ်ပြီး စာရှက် ဆယ်ရှက် အရှက်နှစ်ဆယ်လောက်အထိ ချုံးပစ် လိုက်နိုင်ပေသည်။ သို့ရာတွင် ဖတ်ရှတ် သရဇ္ဈာယ်မှုကို အလွန် တရာ အလေးအမြတ်ပြုကြသည်။ သို့ဖြစ်၍ သဒ္ဓါတရား ထက်သန် သူများသည် စိတ်ပါလက်ပါဖြင့် ၎င်းတို့ကို ဖတ်ရှတ် သရဇ္ဈာယ် ကြကုန်၏။ အားလုံးသော ပညာပါရမိတာတို့၏ တခုတည်း သော ဆိုလိုရင်းမှာ–အားလုံး သုညဖြစ်၏။ အားလုံးသောကမ္ဘာ

လောကသည် မာယာ(အယောင်ဆောင်) နှင့်ရင်း၊ အိပ်မက်နှင့်ရင်း၊ တူပေ၏။ ကမ္ဘာ့လောက၏ တည်ရှိမှုကို ယုံကြည် ယူဆခြင်းသည် ရူးခြင်းထက်ပိုပြီး တခြား ဘာမျှမဟုတ်ပေ။

ပညာပါရမိတာနှင့် ပတ်သက်ပြီး တဖက်တွင် ကြီးမားသော ကျမ်းဂန်များကို ရေးသားကြ၏။ သုညဝါဒကို ရှင်းလင်းစွင့်ပြုရန်အတွက် နာဂဂျုန၊ အရိယဒေဝ၊ စန္ဒကိတ္တိအစရှိသည်တို့သည် နက်နဲသည့် အဘိဓမ္မာကျမ်းများစွာကို ရေးသားကြ၏။ အခြားတဖက်၌လည်း ပညာပါရမိတာသည် ဂဃနဝူဟဆရာများနှင့် အနုပညာသည်များအား ဆွဲဆောင်ခဲ့လေသည်။ ပညာပါရမိတာနှင့် သုညသဘောသည် တခုတည်းဖြစ်၏ဟုပြောပြခဲ့ပြီးလေပြီ။ တရားပေါက်ပြီးဖြစ်သော သူတော်စင် သရဟပါဒသည် သူ၏ 'စရိယာဂီတ်' အမည်ရှိ အဖွဲ့တခု၌ ကရုဏာနှင့် သုညသဘောကိုသာလျှင် အလေးအနက်ပြုပြီး ရေးသားဖွဲ့ဆိုထားလေသည်။

သရဟပါဒသည် သုညသဘောတရားကို-ကမ္ဘာအနှံ့ ပြန့်ကျဲနေသည့် ခဏတိုင်း ခဏတိုင်း ပျက်စီးယိုယွင်းခြင်း နိယာမသဘောတရားကို- အရာဝတ္ထုဟူသမျှအပေါ်၌ လိုက်နာကျင့်သုံးခဲ့သည်။ ထိုနိယာမသဘောတရားကို သုညဟု မှတ်ယူရန်အတွက် ဖြစ်သော ယောဂအကျင့် ဘာဝနာအကျင့်ကို ကျင့်ကြံခဲ့သည်။ ကရုဏာသည် သတ္တဝါအပေါ်၌ အတိုင်းမရှိ ကြင်နာသနားခြင်း ဖြစ်သည်။ သရဟ၏နောက် အခြားသော တရားပေါက်ပြီးဖြစ်သည့် သူတော်စင်တို့သည်လည်း ကရုဏာနှင့် သုညသဘောတရားကို အလေးအနက်ပြုကြလေသည်။ သုညသဘောတရား-အနတ္တဝါဒ- သည် ဗုဒ္ဓ၏ မူလတရားဓမ္မ၌လည်း ရှိပေသည်။ ရင်းကို ပညာဟု ခေါ်လေသည်။ ယင်းသို့အားဖြင့် ပညာသည်

လည်း သူတော်စင် စာဆိုပညာရှင်တို့၏ စိတ်ကြိုက်အကြောင်း အရာတခု ဖြစ်ခဲ့သည်။

အနုပညာရှင်တို့သည် ပညာပါရမီတာကို အလွန်လှပသော ပုံသဏ္ဌာန် အဖြစ် တွေးတော ကြံဆကြ ကုန်သည်။ ပညာ ပါရမီတာ၏ အလွန် လှပသည့် ရုပ်တု မျှားကို ထုလုပ်ကြ လေသည်။ ဂျာဗာမှ ရရှိသည့် ပညာပါရမိတာ၏ ရုပ်ထုမှာမူ ကမ္ဘာပေါ်ရှိ အလှဆုံး အနုပညာ လက်ရာများထဲ၌ တခု အပါ အဝင် ဖြစ်နေလေ၏။ ထိုရုပ်ထု၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေသော လက်ရုံးနှစ်ဖက်ရှိ နတ်ဒေဝီသည် တရားဥပဒေသ ဟောကြား နေသည့်ဟန် မမှိတ်တမှိတ် မျက်လုံးဖြင့် ကြာပွင့်ပေါ်မှာ ထိုင်နေ ပုံကို ဘွေ့မြင်ရပေ၏။

ဗုဒ္ဓဘာသာ၏ အကျိုးပြုချက်များ

ဂန္ဓာ၏ အစိတ်အပိုင်း များစွာတို့၌ အောင်မြင်စွာ ပြန့်နှံ့နေခြင်းနှင့် ယခုထက်တိုင်ပင် လူသား၏ ကြီးမားသော အစိတ်အပိုင်းအား လွှမ်းမိုးထားခြင်းကို လောက်ရှုခြင်းအားဖြင့် ဗုဒ္ဓသည် သူ့လက်ထက်က လှတ်လှတ်လပ်လပ် တွေးခေါ်သော အတွေးအခေါ်ပိုင်ရှင်တို့အနက် အင်အားအကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရှိရပေသည်။ ဗုဒ္ဓ အလေးအနက် အပြုဆုံးသော အရာမှာ သီလ(ကျင့်ဝတ်)၊ သမာဓိ၊ ပညာ(သဘာဝ တရားတို့ကို ထိုးထွင်း သိမြင်မှု)တို့ ဖြစ်ကြလေ၏။ သီလ၌ ရန်မပြုခြင်းကို အဓိကထားဆောက်မှုသည်။ ရန်မပြုမှုအတွက် ရန်၏ အကြောင်းအားလုံးကိုစွန့်ပစ်ရမည်ဖြစ်လေသည်။ ယင်းအချက် ယင်းသဘောတရားကို ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ မျက်မှောက်၌ ပြန့်ပြားဟောကြားရုံသာလျှင် မကဘဲ မိမိတို့ လုပ်ငန်းစဉ်၏ အင်္ဂါအစိတ်အပိုင်းတရပ် အနေဖြင့်လည်း ပြုလုပ်ထားပေသည်။ ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ အယူအဆ မိမိတို့၏ ဝါဒကို မြင့်မြတ်သည် မှန်ကန်သည်ဟု ယူဆကြသည်။ သို့ရာတွင် မိမိတို့၏ အယူအဆကို အခြားပုဂ္ဂိုလ်များ၌ အတင်းအကြပ် ရိုက်သွင်းတို့ မကြိုးစားကြပေ။ အသိဉာဏ်သည် နှားဝင်အောင် ရှင်းလင်း

ပြောပြခြင်းဖြင့်သာ အခြား ပုဂ္ဂိုလ်၏ ဉာဏ်တော်တွင်းသို့ ဝင်ရောက်ပေသည်။ အတင်းအဓမ္မ ရိုက်နှက်သွင်းခြင်း အားဖြင့် မဝင်ရောက် နိုင်ပေ။ ယင်း အချက်ကြောင့် ရှေးဟောင်း ယဉ်ကျေးသော ကမ္ဘာလောက၏ အဓိက နေရာ အစိတ်အပိုင်း များစွာတို့၌ ပြန်နှီးရန်အတွက် ဗုဒ္ဓဘာသာသည် မည်သည့်အခါ ကမ္ဘာ အတင်းအဓမ္မလုပ်ဘို့ မကြိုးစားခဲ့ပေ။ ဘာသာ တရား တို့၏ သမိုင်း၌ ယင်း အချက်သည် ထူးခြားသော ပြယုဂ်ပုံစံ ဖြစ်လေသည်။

ကမ္ဘာ၏ အခြားသော ဘာသာတရားကြီးနှစ်ခု၏ သမိုင်းကို ကျွန်ုပ်တို့ သိကြသည်။ ၎င်းတို့သည် မိမိတို့၏ အယူအဆ မိမိတို့၏ ဝါဒကို အတင်း ရိုက်သွင်းရန် အတွက် မီးနှင့် ဓားကို အသုံး ပြုရာ၌ အနည်းငယ်မျှ တွန့်ဆုတ်ခြင်း မရှိခဲ့ကြပေ။ မိမိအယူ အဆကို ဖြန့်ဖြူးသည့် လုပ်ငန်းစဉ်၌ ခန္ဓီတရားကို အထွတ်အထိပ် ရောက်အောင်ထားဘို့ လိုအပ်ပေသည်။ အာဟာတန်ခိုး လက်ဝယ် ရောက်ရှိလာသည့်အခါ ၎င်းကိုအသုံးချပြီး တနှစ် သွားရမည့် ခရီးကို ခြောက်လနှင့် အရောက်သွားလိုသည့် လောဘမျိုးသည် မလိုလားအပ်ပေ။

ဗုဒ္ဓဘာသာ အနေဖြင့် မိမိ၏ အယူအဆ၊ မိမိ၏ ဝါဒကို ဖြန့်ဖြူးရန် အတွက် ရှေးခယမ်း ထားသော လမ်းစဉ်မှာ နှား ဝင်အောင် ရှင်းလင်း ပြောပြပြီး အယူအဆ၌ ပြောင်းလဲမှု ဖြစ်လာစေခြင်း ဖြစ်လေ၏။ ဗုဒ္ဓ ဘာသာဝင်တို့သည် မိမိတို့၏ ကျမ်းဂန် များကို ရလွယ် သိလွယ်အောင် ပြုလုပ် ထားကြ လေသည်။ ဒဏ္ဍာရီပြားများကို ပြောင်းပြန် အကွာရာစာလုံးများဖြင့် ရေးပြီး ခပ်နှိပ်သည့် အလေ့အထမှာ ရှေးအလွန်ကျသည့် ခေတ်

ကာလလောက်က ဝပြီး နိုင်ငံအားလုံးဌာပင် ခေတ်စား လာခဲ့လေသည်။ သို့ရာတွင် စာအုပ် ရိုက်နှိပ်ရန်အတွက် အက္ခရာစာလုံး အသုံးပြုခြင်းမှာမူ တရုပ်ပြည်၌ ပဌမဦးဆုံး တရုပ်ပြည် ဗုဒ္ဓဘာသာဝင်များ မိမိတို့၏ နိစ္စပတ်ရွတ်ဆိုသော ကျမ်းစာများကို သိန်းသန်းချီပြီးထုတ်ဝေရန် လိုအပ်လာသည့် အခါကျမှသာလျှင် စတင်ခြင်း ဖြစ်လေ၏။ မိမိတို့၏ ကျမ်းဂန်းများကို ရလွယ်သိလွယ်အောင် ပြုလုပ်ရန်မှာမူ မိမိတို့ အယူအဆ ပြောင်းလဲပစ်ရန် စိတ်ကူးသည့် ပုဂ္ဂိုလ်တို့၏ ဘာသာစကားဖြင့် ကျမ်းဂန်များကို ပြန်ဆိုမှ ဖြစ်နိုင်ပေသည်။ တရုပ်ဘာသာ တရုပ်စာသည် ဗုဒ္ဓဘာသာ ဝင်ရောက်သွားသော အခါ၌လည်း အလွန်တိုးတက်နေပေသည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့သည် တရုပ်ပြည်၌ စာပေ ပြုစုပျိုးထောင်မှုကို အစပြုရန် မဟုတ်ဘဲ ရှေးဟောင်းစာပေမှ ဘာသာစကားလုံးများ၏ အကူအညီကိုယူပြီး မိမိတို့၏ အယူအဆများ၊ ကျမ်းဂန်များကိုပေးရန် ဖြစ်လေ၏။ သို့ရာတွင် တိဗက် ကဲ့သို့သော အက္ခရာစာလုံးလည်း မရှိ၊ စာပေလည်း မရှိသည့် နိုင်ငံများစွာလည်း ရှိပေသေးသည်။ ဗုဒ္ဓဘာသာဝင်တို့သည် တိဗက်၌ ငါတို့ မိမိအယူအဆကို မည်သည့်ဘာသာဖြင့် ဖြန့်ဖြူးရပါမည်နည်းဟု တခဏကလေးမျှပင် စဉ်းစားဆင်ခြင်ဘို့ လိုအပ်သည်ဟု အထင်မရှိကြပေ။ တိဗက်ဘာသာ၌ အက္ခရာစာလုံးမရှိဆဲသာ ပြဿနာကို တိဗက် မြေရှင် လူတန်းစားတို့က ဖြေရှင်းလိုက်သည်။ သူတို့သည် မိမိတို့၏ အသံထွက်အတိုင်း အိန္ဒိယ အက္ခရာစာလုံးကို အနည်းငယ် အပြောင်းအလဲပြုလုပ်ပြီး ကိုယ့်အက္ခရာစာလုံး လုပ်ထားလိုက်ကြ၏။ မည်သည့်လူမျိုးမျှ အဘ အဆုံ့ မဟုတ်ဟူ၍ ဗုဒ္ဓဘာသာဝင်တို့က ကောင်းစွာ

နားလည်ကြသည်။ မည်သည့် လူမျိုးမဆို ကိုယ့်ဘာသာစကား ရှိလေသည်။ ထိုဘာသာစကားဖြင့် အယူအဆများကို ဖော်ပြ နိုင်စွမ်း ရှိလေသည်။ အမှန်စင်စစ်မှာ သက္ကတ ဘာသာ၌ပင် စကားလုံးကို ပြုလုပ်သည့် ဓာတ်တို့၏ အရေ အတွက်မှာ နှစ်ထောင်ထက် မပိုပေ။ ထိုဓာတ်များထဲတွင်လည်း သုံးပုံတပုံ သာလျှင် အသုံးဝင်ပေ၏။ ကျန် ဓာတ်များမှာမူ တခု နှင့်တခု နှိုင်းယှဉ် လေ့လာသော ဘာသာ ဗေဒပညာအတွက် သာလျှင် အသုံးဝင်ပေ၏။ ဗုဒ္ဓဘာသာဝင်များသည် တိဋကာ ဓာတ်များကို စုဆောင်းလေသည်။ တိဋကာ ဥပသာဂပုဒ်များနှင့် ပစ္စည်းများကို စုဆောင်း လေသည်။ ထိုနေ့ကာလ သူတို့အဘက် ဘာသာ စကားလုံး အခက် အခဲ မတွေ့တော့ပေ။ မနေ့က စာပေ မရှိသည့် ဘာသာစကားသည် ယနေ့ ဘယ်လောက် တိုးတက် လာသနည်းဆိုလျှင် ထိုဘာသာစကားဖြင့် ဓမ္မကိတ္တိနှင့် သန္တ ရက္ခိတတို့၏ သိမ်မွေ့နက်နဲသော အယူအဆများကို သိမ်းဆည်း ထားရာ၌ပင် ဘယ်လို အခက်အခဲမျိုးမျှ မရှိတော့ပေ။ ဗုဒ္ဓ သာသနာပြုတို့သည် မည်သည့် တိုင်းနိုင်ငံတွင်မဆို ဘာသာ များဖြင့် ဗုဒ္ဓဘာသာကျမ်းဂန်များကို ရွတ်ဆို လေ့လာခြင်းသည် ပိုပြီး အကျိုးများ၏ ဟု မန္ဒီးဆော်ခဲ့ကြပေ။ ဘာသာစကားမျှသာ မက၊ အနုပညာနှင့် ပတ်သက်၍လည်း ဗုဒ္ဓဘာသာဝင် တို့သည် ကိုယ့်အမျိုးသားပိုင် ကိုယ့်တိုင်းပြည်ပိုင် ပြုလုပ်ခြင်းကို သဘော ကျလေသည်။ ယခုခေတ်စကားလုံးဖြင့်ပြောရလျှင်-အယူအဆမှာ ဗုဒ္ဓ ဘာသာ အယူအဆဖြစ်ပြီး အသွင်အပြင်မှာမူ အမျိုးသား အသွင်အပြင်ထားခြင်းသည် ဗုဒ္ဓဘာသာဝင်တို့၏ လုပ်ငန်းစဉ်၌ အဓိက အသွင်ဖြစ်၏ ဟု ပြောဆိုနိုင်ပေသည်။

တရားဓမ္မနယ်ပယ်၌ ဗုဒ္ဓ၏ တပည့်သာဝကတို့သည် စိတ်နှလုံးကို ထိန်းချုပ်မှု၊ စိတ်နှလုံးဆိုင်ရာ မနသိက စွမ်းရည် သတ္တိ၏ တိုးတက်မှုကို အမျှားဆုံး အလေးအနက်ပြုကြလေသည်။ ထိုလုပ်ငန်းများအတွက် ၎င်းတို့သည် ဘာဝနာနှင့် ယောဂအကျင့်၏ အကူအညီကို ယူကြလေ၏။ ဗုဒ္ဓဘာသာဝင်တို့သည် ဒေဝ(နတ်) ဝါဒ၊ ဒေဝအား ပူဇော်ခြင်း သို့မဟုတ် ဗုဒ္ဓအား ပူဇော်ခြင်းများကို သာမန်လူများအတွက်သာလျှင် လိုအပ်၏ဟု နားလည်လေသည်။ နတ်ဒေဝတာများနှင့် ပတ်သက်၍လည်း ဗုဒ္ဓဘာသာဝင်တို့သည် ဘာသာစကားနှင့် အနုပညာများ၌ ကဲ့သို့ပင် လိုက်လျောသော သဘောထားကြကုန်သည်။ တိုင်းပြည် နိုင်ငံတိုင်းမှ ကိုးကွယ်ဆည်းကပ်သော နတ်ဒေဝတာများသည် ဗုဒ္ဓဘာသာဝင်တို့ အသိအမှတ်ပြုထားသည့် နတ်ဒေဝတာစာရင်းထဲတွင် ပါဝင်ပေါင်းဆုံနိုင်ခဲ့ပသည်။ သို့ဖြစ်၍ "ငါတို့နတ်၊ မင်းတို့နတ်"ဟူ၍ အငြင်းပွားစရာ မဖြစ်တော့ပေ။ ဗုဒ္ဓဘာသာတိုင်းနိုင်ငံများ၌ အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓ၊ ဗြာဟ္မဏစသည့် နတ်ဒေဝတာများကို အလေးအမြတ်ပြုကြသကဲ့သို့ပင် ၎င်းတို့တိုင်းနိုင်ငံ၏ နတ်များလည်း သင့်လျော်လျောက်ပတ်သော နေရာကို ရရှိကြပေသည်။ ပဋိပက္ခဖြစ်နိုင်သော ယင်းအကြောင်းမှာ ဤသို့အားဖြင့် ပြေလည်ရှင်းလင်းသွားပေ၏။

လူမှုရေးနယ်ပယ်၌ ဗုဒ္ဓသည် မတူညီမျှတမှုကို ဖယ်ရှားပြီးလျှင် တူညီမျှတမှုဖြစ်စေရန် ကြိုးပမ်းတော်မူလေသည်။ ဇာတ်ခွဲခြားသည့် စံနှစ်ကို ဝါဒလဘောတရား၏ အဖြစ်ဖြင့် ဆန့်ကျင်ကန့်ကွက်ရုံသာလျှင်မကဘဲ မိမိ၏ တပည့်(ရဟန်း)နှင့် တပည့်မ(ရဟန်းမ) တို့၏ အဖွဲ့အစည်းထဲ၌ ဗြာဟ္မဏမှ စတ္တာလအထိ

အမျိုးဇာတ်အားလုံးထဲမှ လူများအား ပါဝင်စေပြီး တူညီသော နေရာကို ပေးခဲ့လေသည်။ ရှေးဟောင်းစံနှစ်၌ ဇာတ် သို့မဟုတ် မွေးဖွားမှုကို အကြောင်းပြပြီး အငယ်အကြီးဟု အသိအမှတ်ပြု ကြလေသည်။ ဗုဒ္ဓသည် ထိုထုံးစံအစား ရဟန်းဖြစ်သည့် အချိန် ကာလကို အလေးအနက်ပြုထား၏။ ဗုဒ္ဓ၏ အမျိုးဇာတ်ဖြစ်သော သာကျ အမျိုးအနွယ်ဝင် လူတို့သည် အလွန်တရာ အမျိုးဇာတ် မာန်တက်ကြသူများ ဖြစ်လေသည်။ သူတို့၏ သားသီး အဆက် အနွယ်ဖြစ်သော အနုရုဒ္ဓ စသည်တို့သည် ဗုဒ္ဓ၏ ထံသို့ ရဟန်း ပြုရန် သွားကြသည်။ သူတို့နှင့် အတူ အခိုင်း အစေဖြစ်သည့် ဥပါလိဆတ္တာသည်လည်းပါသွား၏။ဤသာကျနွယ်ဝင်များသည် မိမိတို့၏ စည်းစိမ်ဥစ္စာကို စွန့်ပစ်ပြီး ရဟန်းပြုကြလျှင် ငါလည်း သူတို့နောက်လိုက်ပြီး ရဟန်းပြုသင့်သည်မဟုတ်လောဟု ဥပါလိ က အကြံရလေသည်။ ဥပါလိ၏ အကြံကို ကြာသိရသည့်အခါ အနုရုဒ္ဓစသော ပုဂ္ဂိုလ်များက ပြောလေ၏-

"ဒီလိုဆိုလျှင် သင် အရင်ရဟန်းပြုရလိမ့်မည်။ ကျွန်ုပ်တို့၏ သွေးမှာ အမျိုးမာန်ဇာတိမာန်ဝင်နေသည်။အကယ်၍ ကျွန်ုပ်တို့ က အရင်ရဟန်းပြုပြီး သင်ကနောက်မှ ရဟန်းပြုလျှင် ဘုရားရှင်၏ အဆုံးအမ ဥပဒေသအရ သင်ကငယ်သူဖြစ်ပြီး ကျွန်ုပ်တို့ကို ရှိခိုး ရပေလိမ့်မည်။ အဲဒီလိုဖြစ်လျှင် ကျွန်ုပ်တို့၏ မာန်မာနလည်း မကျိုးမပျက်ဘဲပင်ရှိနေပေလိမ့်မည်။'အကယ်၍ သင်အရင် ရဟန်း ပြုလျှင် သင်က ကျွန်ုပ်တို့ထက်ကြီးသူဖြစ်ပြီး ကျွန်ုပ်တို့က သင့်ကို ရှိခိုး ရပေလိမ့်မည်။ အဲဒီလိုဖြစ်လျှင် ကျွန်ုပ်တို့၏ မာန်မာန အားလျော့သွားပေလိမ့်မည်"

သူတို့သည် ထိုအတိုင်းပင်ပြုလုပ်ကြလေ၏။ဥပါလိက ကြီးသည့် ရဟန်းဖြစ်သွားလေ၏။ဥပါလိသည် သူ၏ အရည်အချင်းကြောင့် ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးနောက် ဗုဒ္ဓ၏ တရားဥပဒေသတို့ကို စုဆောင်းရန်အတွက် ကျင်းပ ပြုလုပ်သော ပဌမ သင်္ဂါ ယနာ တင်ပွဲ၌ ခေါင်းဆောင်တဦးဖြစ်လေသည်။ အကြောင်းမူကား ဝိနည်းကို တတ်သိနားလည်မှု၌ ဥပါလိသည် နှစ်ယောက်မရှိဟု အသိအဝှတ် ပြုထားခြင်းခံရသောကြောင့်တည်း။

တရုပ်ခရီးသည် များက ရေးသားထား ကြသည်မှာ- (ယခု ခေတ်၌ပင် ဗုဒ္ဓဘာသာ တိုင်းနိုင်ငံများစွာ၌ တွေ့မြင်ရသည်မှာ-) အသိအကျွမ်းမဟုတ်သည့် ညည့်သည် အာဂန္တု ရဟန်းတပါးပါး ကျောင်းတိုက်တခုခုသို့ရောက်လာလျှင် အာဝါသိက ကျောင်းနေ ရဟန်းတို့၏ ပဌမဦးဆုံး မေးခွန်းမှာ- 'အရှင်ဘုရား၊ ဘယ်နှစ်ဝါရပြီလဲ'ဟူသော မေးခွန်းဖြစ်သည်။ အဓိပ္ပာယ်မှာ- အရှင်ဘုရာ ၊ ရဟန်းသက် ဘယ်နှစ်နှင်ရှိပြီလဲ-ဟု မေးခြင်းပင် ဖြစ်လေသည်။ ဝါကိုပြောပြသည့်အခါ ဝါကြီးနေကြောင်းသိရ လျှင် အာဝါသိက ကျောင်းနေ ရဟန်းက မိမိ၏ ဝါပြောပြပြီး အာဂန္တုရဟန်းအား ရှိခိုးလေသည်။သူတို့တွင်ညည့်သည်အာဂန္တု ရဟန်းသည် ဘယ်အရပ်ဒေသကလာသည်၊ဘယ်အမျိုးဇာတ်ဖြစ် သည် ဆိုသည်မှာ ပြဿနာ မဟုတ်တော့ပေ။

မည်မျှမူ မမျှတမှုကို ဖယ်ရှားပစ်ရန်ဟူသော ရည်ရွယ်ချက် ကို ဗုဒ္ဓသည် ရဟန်းသံဃာများ အတွက် သက်သက်သာလျှင် မထားဘဲ သာမန် လူများ အတွင်း၌လည်း သာတူညီမျှရေးကို ဖြန့်ဖြူးခဲ့လေသည်။ ဗုဒ္ဓသည်ရင်း၊ မိမိ၏ ၁၇ ရာစု သက်တမ်း တလျှောက်၌ ဗုဒ္ဓဘာသာသည်ရင်း၊ အိန္ဒိယနိုင်ငံမှ ဇာတ်ဝါဒ

ဇာတ်ထုံးစံကို ဖယ်ရှားပစ်ရာ၌ အောင်မြင်မှု မရှိသော်လည်း ၎င်းတို့၏ ကြိုးပမ်းချက်သည် မည်ကဲ့သို့သော အကျိုးသက်ရောက်မှုမျှမရှိဟူ၍ကား မဆိုနိုင်ပေ။ ဇာတ်ထုံးစံ ဇာတ်စံနစ်သည် အမြစ်ပြုတ်မသွားသော်လည်း အလွန်တရာ ယုတ်လျော့အားနည်းသွားခဲ့လေ၏။ ဇာတ်ထုံးစံ၏ တဖက်သတ်သမားများဖြစ်ကြသူ ပြာဟွမ္မဏတို့၏အပေါ်၌ပင် ထိထိရောက်ရောက်အကျိုးသက်ရောက်မှု ရှိသွားခဲ့လေသည်။ ထို့ကြောင့်ပင် ၁၀ ရာစုနှင့် ၁၁ ရာစုတို့၌ ဗဂေါ်မှ ပန်ဂျပ် နယ်စပ်အထိ ပြာဟွမ္မဏတို့သည် ဇာတ်ဝါဒကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းခဲ့ရခြင်းဖြစ်လေသည်။ ဗုဒ္ဓနှင့် ဗုဒ္ဓခေတ် ဘာသာခေါင်းဆောင်များ ဖြန့်ဖြူးခဲ့သည့် ဇာတ်ဝါဒ ဆန့်ကျင်ရေးမှာ အိန္ဒိယနိုင်ငံရှိ သူတော်စင်အားလုံးနှင့် ၎င်းတို့၏ တပည့်တပန်းတို့အပေါ်၌ ဩဇာ သက်ရောက်မှု များစွာရှိခဲ့လေသည်။ထိုအချက်ကို ယနေ့လည်း တွေ့မြင်သိရှိရပေသည်။

နိုင်ငံရေးနှယ်ပယ်၌လည်း ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာ၏ အကျိုးပြုချက်မှာ မသေးငယ်လှပေ။ သို့ရာတွင် ထိုသို့ အကျိုး ပြုရာ၌ အောင်မြင်မှုလုံးဝ မရရှိခဲ့ပေ။ ယင်းသို့ အောင်မြင်မှု မရရှိခြင်းမှာ ဗုဒ္ဓနှင့်ဗုဒ္ဓဘာသာ၏ အပြစ်မဟုတ်ပေ။ အခြေအနေ (စီးပွားရေးတိုးတက်မှု အခြေ အနေ) ကြောင့် သာလျှင် ဖြစ်လေသည်။ ဗုဒ္ဓသည် ဘိက္ခုနှင့် ဘိက္ခုနီ သံဃာ အဖွဲ့အစည်း၌ လုံးဝတူညီမျှဘာရေးဝါဒ (COMMUNISM)ကို တည်ထောင်ရန် ကြိုးပမ်းတော်မူခဲ့လေသည်။ ဗုဒ္ဓ၏ ယင်းတူညီမျှတရေး ဝါဒမှာ ပစ္စည်းထုတ်လုပ်မှုအပေါ်၌ မဟုတ်ဘဲ သုံးဆောင်မှု အပေါ်၌ သာလျှင် ဖြစ်လေသည်။ ပစ္စည်းနှင့် ပတ်သက်၍ မိမိကိုယ်ပေါ်မှာ ရှိသည့် အဝတ် (သင်္ကန်း) သုံးထည်၊ သင်တုန်း၊ အပ်၊ ရေစစ်၊ သပိတ်

ကဲ့သို့သော ပစ္စည်းရှစ်မျိုး(ပရိက္ခရာရှစ်ပါး)ကိုသာလျှင် ပုဂ္ဂလိက ပိုင်ပစ္စည်းအဖြစ် သတ်မှတ်ထားသည်။ ကျောင်းတိုက်ဌာနရှိသော ကျန်ပစ္စည်းအားလုံး၏ ပိုင်ရှင်မှာ သံဃာအစုအပေါင်းသာလျှင် ဖြစ်၏ဟု သတ်မှတ်ထားလေ၏။ရှေးခေတ် သမယဌ အထက်ပါ ပစ္စည်းရှင်မျိုးမှ တပါး ကြီးကြီးငယ်ငယ်မည်သည့် ပစ္စည်းမျိုးကို မဆို အလှူခံနေပြုလျှင် "အာဂတာနာဂတ စတုဒ္ဒိသ သံဃာ" (လာသော၊ မလာသေးသော အရပ်လေးမျက်နှာမှ သံဃာများ) အတွက် ပေးလှူကြလေသည်။

ဗုဒ္ဓသည် သံဃာကို ပုဂ္ဂိုလ်ထက် ကြီးကျယ်မြင့်မြတ်သည်ဟု ယူဆတော်မူသည်။ ဗုဒ္ဓ မွေးဖွားပြီးနောက် တပတ်အကြာတွင်ပင် မယ်တော်ဖြစ်သူသည် ကွယ်လွန်သွားခဲ့လေသည်။ မိထွေးတော် ပဇာပတိ ဂေါတမီက ဗုဒ္ဓအား မွေးမြူကြည့်ရှု ရလေသည်။ ပဇာပတိ ဂေါတမီသည် "ဤအဝတ်ကို ငါဗုဒ္ဓအတွက် သင်္ကန်း အဖြစ်ပေးလှူမည်"ဟု ကိုယ်တိုင်လက်ဖြင့် အဝတ်ကို ချုပ်လုပ်သည်။ ပေးလှူရန် ယူသွားသောအခါ ဗုဒ္ဓက ပဇာပတိဂေါတမီ အား "ကောင်းပြီ ဂေါသမီ၊ သင် ဤသင်္ကန်းကို သံဃာအား ပေးလှူလိုက်ပါလော့။ ဗုဒ္ဓဖြစ်သော်လည်း ငါသည် ပုဂ္ဂိုလ်သာ ဖြစ်၏။ ပုဂ္ဂိုလ် အတွက် ပေးလှူသော အလှူဒါနထက် သံဃာ အတွက် ပေးလှူသော အလှူဒါနက ပိုပြီးအကျိုးရှိ၏"ဟု ပြောပြီး ထိုသင်္ကန်းကို သံဃာအားပေလှူစေ၏။ ဗုဒ္ဓ၏ သာတူညီမျှရေး ဝါဒ၊ သံဃဝါဒမှာ ကြာရည် လေးမြင့်စွာ မသွားနိုင်ခဲ့ပေ။ ထိုခေတ်က လူ့အဖွဲ့အစည်း လူ့လောက တခုလုံးက ထိုစံနှစ်နှင့် ဆန့်ကျင်ဘက် ဖြစ်နေသည် ဖြစ်ရာ အဘယ်မှာလျှင် ကြာရှည် လေးမြင့်စွာသွားနိုင်မည်နည်း။ သို့ရာတွင် ဗုဒ္ဓ၏ ယင်း သာတူ

ညီမျှရေးဝါဒ၏ ဩဇာလွှမ်းမိုးမှုခံရပြီး မျှားစ္ဆာသော လူအပေါင်းတို့သည် သာတူညီမျှရေးဝါဒကို သက်ဝင်ယုံကြည်ကြလေသည်။

ဥရောပရှိ သာတူညီမျှရေးဝါဒီ (ဆိုရှယ်လစ်)တို့၏ ကြိုးပမ်းအားထုတ်ချက်ကို အချည်းနှီး အလဟဿဟု ကျွန်ုပ်တို့ မပြောဘဲ ၎င်းတို့၏ ကိုယ်ကျိုးမကြည့်သည့် အကျိုးပြုချက်များကို ကျွန်ုပ်တို့ လေးစားသကဲ့သို့ ထိုနည်းအတိုင်းပင် ဗုဒ္ဓဖြန့်ဖြူးခဲ့သော သာတူညီမျှရေးဝါဒမှာလည်း အရေးပါ အရာရောက်မှု ရှိလေသည်။ တိပက်ဘုရင် မုနိကျန်ပို၏ အပေါ်၌ ဗုဒ္ဓ၏ သာတူညီမျှရေး ဝါဒ ဩဇာမည်မျှသက်ရောက်မှုရှိသနည်းဆိုလျှင် ကိုးရာစု၌ ထိုဘုရင်သည် မိမိ၏ တိုင်းနိုင်ငံ၌ သုံးကြိမ် သုံးခါတိတိ ဥစ္စာပစ္စည်းကို ညီတူညီမျှခွဲဝေပေးခဲ့လေသည်။ လူအပေါင်းတို့၏ စီးပွားရေး ဒုက္ခ၏ အကြောင်းမှာ စီးပွားရေး မညီမျှမှု မမျှတမှုဖြစ်သည်၊ ယင်းစီးပွားရေး မညီမျှမှု မမျှတမှုကို ဖယ်ရှားပစ်လိုက်လျှင် ဒုက္ခကငင်းငြိမ်းသွားမည်ဟု ထိုဘုရင်က တွေးလေသည်။ ထိုသို့ ဒုက္ခကငင်းငြိမ်း သွားရန်အတွက် ကုန်ထုတ်လုပ်သည့် ပစ္စည်းကြီယာသည် မည်မျှလောက် အရေးပါ အရာရောက်သည်၊ လိုအပ်သည်ဆိုသည် ကို ထိုဘုရင်သည် သိလည်းမသိပေ။ သိဘို့ရန်လည်း ထိုခေတ်က မလွယ်ပေ။ တူညီမျှတစွာ ခွဲဝေပေးခြင်း အားဖြင့် သာတူညီမျှမှုဝါဒကို မတည်ဆောက်နိုင်ပေ။အခြားပုဂ္ဂိုလ်များ၏ အညှိုးခံရလျက် အမိလက်ထဲက အဆိပ်ကိုစားရပြီး မုနိကျန်ပို သည် ကွယ်လွန်သွားရရှာလေသည်။

နိုင်ငံရေးနယ်ပယ်၌ ဗုဒ္ဓသည် ဒီမိုကရေစီ ဂဏနိုင်ငံကို အထူးနှစ်သက်သဘောကျတော်မူသည်။ ဗုဒ္ဓကိုယ်တိုင်မှာလည်း သာကျ

တို့၏ ဂဏနိုင်ငံ၌ မေးဖွားလေသည်။ ထိုအချိန်က ဝေသာလီသည် ခေတ်ပြိုင် ဂရိစ်၏ အောသင်မြို့ကဲ့သို့ အင်အားတောင့်တင်းသည့် ဂဏအုပ်ချုပ်ရေးတိုင်းပြည်၏ နေပြည်တော်ဖြစ်လေသည်။ ဗုဒ္ဓသည် ဝေသာလီနှင့် ဝေသာလီ၏ လိစ္ဆဝီတို့အား ချစ်ခင်လေးစားမှုရှိလေသည်။ အင်အားတောင့်တင်းပြီး တိုးတက်နေသော မဂဓနိုင်ငံ၏ရှေ့၌ ဝေသာလီအား အနိုင်တိုက်ယူဘို့ရန် ခဲယဉ်းလှသည်ဟု ညွှန်ကြား ဟောပြတော်မူသည်။ ထိုဂဏ၏ စည်းစံနစ်အတိုင်း ဗုဒ္ဓသည် မိမိ၏ ဘိက္ခု ဘိက္ခုနီ သံဃအဖွဲ့အစည်း၌ ဒီမိုကရေစီ စံနစ်ကို တည်ထောင်တော်မူလေသည်။ သံဃအဖွဲ့အစည်းအား ကြိုးကိုင်ခြင်း အုပ်ချုပ်ခြင်းသည် ပုဂ္ဂိုလ်တဦးတယောက်၏ လက်ထဲတွင် မရှိပေ။ သံဃအဖွဲ့အစည်းတခုလုံး၏ လက်ထဲ၌ရှိလေသည်။ ထိုကဲ့သို့သော အလုပ်ကိစ္စများအတွက် ကျင်းပပြုလုပ်သော အစည်းအဝေး၌ အဖွဲ့ဝင်တို့၏ အနည်းဆုံးဦးရေ (ကိုရန်) ကို သတ်မှတ်ထားဘို့ရန် လိုအပ်ပေသည်။ ဗုဒ္ဓသည် မဗ္ဗဒေသ (မြောက်ပိုင်း အိန္ဒိယနှင့် ဗီဟာရ်)၌ ယင်းအဖွဲ့ဝင် အနည်းဆုံးဦးရေ (ကိုရန်) ကို ဆယ်ဦး သတ်မှတ်သည်။ မဗ္ဗဒေသ၏ အပြင်အပ၌ ငါးဦးသတ်မှတ်သည်။ မည်ကဲ့သို့သော ပြဿနာနှင့်ပတ်သက်၍မျှ သံဃအဖွဲ့အစည်း၌ စိတ်ဝမ်းကွဲပြားမှုမရှိနိုင်ပေ။ ထိုကဲ့သို့သော အချိန်မျိုး၌ အများဆန္ဒ (ယေဘုယျသိက) အရ ဆုံးဖြတ်ချက်ကို လက်ခံနာယူရလေသည်။ လူများစုဆန္ဒ၊လူနည်းစုဆန္ဒကိုသိရှိရန်အတွက် မဲဆန္ဒယူရလေသည်။ ထိုသို့ မဲဆန္ဒယူရန်အတွက် ယခုခေတ် မဲဆန္ဒကပ်ပြားကို အသုံးပြုသကဲ့သို့ မဲဆန္ဒကပ်ပြားအစား သံဃာများ မဲဆန္ဒပေးရန် ခဲတံကဲ့သို့သော တုတ်တံ (ဆန္ဒသလာကာ)များကို အသုံးပြုရလေ

သည်။ 'သဘောတူသည်' နှင့် 'သဘောမတူ' ဟူသည်ကို ညွှန်ပြ သော အရောင်နှစ်မျိုးရှိသည့် စာရေးတံမဲများ ရှိရလေသည်။ ထိုစာရေးဌာတံမဲများကို သံယောများသည် မိမိ၏ အလိုဆန္ဒအား လျှောက်စွာ ယူရလေသည်။ထိုနောက် ခေါင်းဆောင်(သံယမထေရ်) က ရေတွက်ပြီး အများဆန္ဒကို ကျေညာရလေသည်။

ဗုဒ္ဓသည် အမှန်စင်စစ်ပင် ငြိမ်းချမ်းရေးတမန် ဖြစ်လေသည်။ ယင်း အချက်နှင့် စပ်လျဉ်းပြီး ဗည်သူမှ မဂန္ဓကွက်နိုင်ပေ။ ဗုဒ္ဓ၏တရားဝမ္မသည် ငြိမ်းချမ်းရေးကိုဆောင်ကြဉ်းပြီး တိုင်းပြည် နိုင်ငံအနှံ့အပြားသို့ ပြန့်နှံ့ ရောက်သွားခဲ့လေသည်။ ထိုခေတ် အခါက နိုင်ငံရေးပုံစံမှာ မိမိတို့၏ စီးပွားရေး အကျိုးကြည့်မှ များသောပုံစံဖြစ်ခြင်းကြောင့် ထိုငြိမ်းချမ်းရေး တရားတော်နှင့် မလျောက်ပတ်ခဲ့ပေ။ သို့ရာတွင် ဆန့်ကျင်ဘက်ဖြစ်သည့် အခြေ အနေဌာပင် ဗုဒ္ဓ၏တရားတော်သည် မိမိ၏ ရည်မှန်းချက်ကို မစွန့် လွှတ်ခဲ့ပေ။ ယခုခေတ်တွင်လည်း ဗုဒ္ဓဘာသာ အယူအဆများကို တကယ်တန်း သက်ဝင် ယုံကြည်သူ များသည် ငြိမ်းချမ်းရေး တရားကို လက်ခံလိုက်နာဘို့ရန် အသင့်ရှိကြကြောင်း ကျွန်ုပ်တို့ တွေ့ရှိရပေသည်။

ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာ၏ အကြီးကျယ်ဆုံးသော အကျိုးပြုချက် တခုမှာ အာရှတိုက်၏ အများဆုံးသော အစိတ်အပိုင်းတို့၌ မေတ္တာတရားနှင့် ကိုယ်ချင်းစာနာမှု ဖြစ်ပေါ်စေခဲ့ခြင်းပင် ဖြစ် လေသည်။ အာရှတိုက်သားချင်း ကိုယ်ချင်းစာနာမှုနှင့် မေတ္တာ စိတ်ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းမှာ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာ သာ၏ ကြီးပမ်းအားထုတ်ချက်ဖြစ်လေသည်။ ဥရောပမှ မာန်မာန တက်နေကြ သူတို့သည် အိန္ဒိယအား လေးစားသည့် စိတ်နေ

သဘောထားကို ပဌမဦးဆုံး ဗုဒ္ဓဘာသာဝင်တို့၏ လက်ရာများမှ စတင်သင်ကြားခဲ့ခြင်းဖြစ်လေသည်။ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်နှင့် အဆုံးအမ ဥပဒေသသည် အာနိုးလ်ဒ်အား "အာရှ၏အလင်းရောင်" (Light of Asia) ကဲ့သို့သော အဖိုးမဖြတ်နိုင်သည့် ကဗျာအဖွဲ့မျိုးကို ရေးသားဖွဲ့ဆိုရန် လှုံ့ဆော်ခဲ့လေသည်။ ထိုအချိန်မတိုင်ခင် ရှေးယခင်ယခင် ၁၇-၁၈ ရာစုနှစ်လောက်ကလည်း အရှေ့ဘက်သို့ တိုးလာသော ရပ်ရှားတို့သည် ဗုဒ္ဓဘာသာဝင် မွန်ဂိုလူမျိုးတို့နှင့် နီးစပ်မှုရှိသောအခါ ဗုဒ္ဓဘာသာ၏ တိုးတက်သော အယူအဆများကို တွေ့မြင်သိရှိရသည်ဖြစ်၍ ကျေနပ်နှစ်သက်ခြင်း ဖြစ်ကြလေသည်။ ရပ်ရှားသည် ဥရောပတိုက်ရှိ အခြားသော တိုင်းနိုင်ငံများ၏ သဘောထားများနှင့် မတူဘဲ အိန္ဒိယအား သဘောထားဘမျိုးကို အစဉ်သဖြင့် ထားလာခဲ့လေ၏။ အိန္ဒိယအား တောသားလူရိုင်းတို့၏ ဒေသဟု မမြင်ဘဲ အဖက်ဖက်က တိုးတက်သည့် ပညာရှင် အမျိုးအနွယ်များ၏ ဒေသဟု အသိအမှတ်ပြုလာခဲ့၏။ ယင်းသို့ အသိအမှတ်ပြုရာ၌ လည်း ဗုဒ္ဓဘာသာသည် အကြောင်းရင်းဖြစ်လေသည်။ အဘိဓမ္မာနယ်ပယ်၌ ဗုဒ္ဓဘာသာ၏ အနိဿရ ဝါဒမျှသာလျှင် မကဘဲ၊ ခဏိကဝါဒ (Dynamism)၊ အနတ္တဝါဒ (Non-Soulism)၊ ပဋိစ္စသမုပ္ပဒေ (Discontinuous Continuity) ကဲ့သို့သော အယူအဆများသည် မဂ္ဂက်စ်ဝါဒီ အဘိဓမ္မာနှင့် မည်မျှနည်းကပ်သည်ဟု ထင်ရသနည်းဆိုလျှင် တခါတုန်းက ဆိုဗီယက်၌ ဗုဒ္ဓဘာသာအား လိုသည်ထက်ပိုပြီး မျက်နှာလိုက်သည်ကိုပင် တွေ့ရှိရပေ၏။ အဘိဓမ္မာနယ်ပယ်၌ ဗုဒ္ဓဘာသာ၏ အကျိုးပြုချက်သည် အနုပညာနယ်ပယ်၌ရှိသော အကျိုးပြုချက်လောက်ပင် ကြီးကျယ်

လှပေသည်။ စာပေနှင့် အခြား နုယ်ပယ်တို့တွင်လည်း ဗုဒ္ဓ ဘာသာ၏ အောင်မြင်ချက်နှင့် အကျိုးပြုချက်မှာ ကြီးကျယ်လှ ပေသည်။

အိန္ဒိယ၏ ကြီးကျယ်သော စာပေရတနာအိုး၏ အရေးပါ သော အစိတ်အပိုင်းကြီးတခုမှာ မူလပင်ရင်းဘာသာမှ ပျောက် ကွယ်သွားပြီး ယခုအခါတွင် တရုပ်နှင့် ;တိဗက်ဘာသာဖြင့် ပြန်ဆိုထားသော ဘာသာပြန်မျိုးဌာသာလျှင် ထိန်းသိမ်းစောင့် ရှောက်ထားအပ်သည်ကို တွေ့ရပေသည်။ ကျွန်ုပ်တို့၏ ယဉ်ကျေး မှုသမိုင်းနှင့် အယူအဆရေးရာများကို သိရှိနားလည်ရန်အတွက် ထိုအချက်များသည် ဆက်ယူရမည့် ဂွင်းဆက်များ ဖြစ်ပေသည်။ တချိန်တုန်းက နှစ်ပရိစ္ဆေဒ ရာပေါင်းများစွာကြိုးပမ်းပြီး အိန္ဒိယ နိုင်ငံသားတို့နှင့် ၎င်းတို့၏ ကူဖော်လောင်ဖက် တရုပ်နိုင်ငံသား၊ တိဗက်နိုင်ငံသားတို့သည် ထိုကျယ်ပြန့်သောစာပေကို ဘာသာ ပြန်ဆိုထားခဲ့ကြလေသည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ ထို စာပေရတနာအိုးကြီးကို ကိုယ့်အိန္ဒိယဘာသာဖြင့် တဖန် ဘာသာ ပြန်ဆိုယူရန် အချိန်သည် မကြာမြင့်မီပင် ရောက်လာရပေလိမ့် မည်။ တရုပ်ဘာသာဖြင့် အိန္ဒိယစာပေ ဘာသာပြန်ဆိုမှုလုပ်ငန်း ကို ခ်ီရာဇ် သက္ကရာဇ် ပဌမရာစုနှစ်၌ ကျာယေမိုထက် (ကဿပ မာတင်) က စတင် လုပ်ကိုင်လေသည်။ ကဿပသည် ခရစ် သက္ကရာဇ် ၆၇ နှစ်တွင် အိန္ဒိယမှ တရုပ်ပြည်သို့ ရောက်သည်။ ထိုအချိန်မှ အစပြုခဲ့သော ဘာသာပြန်လုပ်ငန်းသည် ၁၃ ရာစု အဆုံး (မွန်ဂိုဘုရင် ကုဗိလေခန်၏လက်ထက်)အထိ ရှိနေခဲ့သည်။ ခရစ်သက္ကရာဇ် ၆၇ - ၁၃၀၀ အထိ ဘာသာပြန်ဆိုခဲ့သော ကျမ်းဂန်များအနက် အများအပြားမှာ ယခုအခါတွင် မရနိုင်

တော့ပေ။ သို့ရာတွင် ယခုအချိန်၌ပင် ကျမ်းပေါင်း ထောင်လေး ရာငါးဆယ်လောက် ရှိနေပေသေးသည်။ ယင်း ကျမ်းများကို အကွာရာ သုံးဆယ့်နှစ်လုံးရှိ ရှလိုက (ဂါထာ) များဖြင့် ရေတွက် ကြည့်လျှင် ရှလိုက (ဂါထာ) ပေါင်း သုံးဆယ့် သုံးသိန်း ငါးဆောင်း ရှိပေလိမ့်မည်။ ထင်း ကျမ်းများကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူ၍ ပိဋကသုံးမျိုး ခွဲခြားထားလေသည်။ ပိဋက၏ အတွင်း၌ "ဗုဒ္ဓစရိတ" ကဲ့သို့သော ကဗျာ အဖွဲ့များကိုလည်း ထည့်သွင်း ရေတွက် ထားပေသည်။ ပိဋကတ်သုံးပုံ ကျမ်းဂန် များသည် မဟာယာနနှင့် ဟီနယာန ခြားနားချက်အားလျှော်စွာ အောက်ပါအတိုင်း အရေအတွက် အချိုးအစားများ ရှိကြသည်။

	မဟာယာန		ဟီနယာန	
ပိဋက	ကျမ်း အရေအတွက်	ဘာဏဝါရ	ကျမ်း အရေအတွက်	ဘာဏဝါရ
သုတ္တ	၈၉၇	၂၉၀၀	၂၉၁	၇၁၀
ဝိနယ	၂၄	၅၆	၆၉	၅၀၃
အဘိဓမ္မာ	၁၁၇	၆၂၀	၃၀	၇၀၇
ယောဂ	၉၅၀	၂၀၆၄	၃၉၀	၁၉၂၂

အားလုံးသော ကျမ်းဂန်တို့၏ အရေအတွက်သည် ၁၄၄၀ ဖြစ်၏။ ၎င်းတို့သည် ၅၅၀၆ ဘာဏဝါရတို့ဖြင့် အဆုံးသတ် လေသည်။ ဘာဏဝါရသည် တချို့နေရာ၌ ဂါထာ တထောင် ရှိပြီး တချို့နေရာ၌မူ ဂါထာ ငါးရာရှိလေသည်။ ဖွမ်းမျှခြင်း အားဖြင့် ဘာဏဝါရတခု ဂါထာခြောက်ရာကျဖြင့် တွက်လျှင်

ကျမ်းဂန်၏ အရေအတွက်သည် သုံးဆယ့် သုံးသိန်း ငါးသောင်း သော ရှလိုက(ဂါထာ)တို့နှင့် ညီမျှပေသည်။

မဟာ ပရိနိဗ္ဗာနသုတ်သည် ဒီဃာဂမ၏ သုတ် တသုတ် ဖြစ်သည်။ ပါဠိသုတ္တန် ပိဋကတ်၏ ဒီဃနိကာယ်၌ သုတ်အရေ အတွက်သည် သုံးဆယ့် လေးသုတ် ရှိသည်။ တရုပ်ဘာသာဖြင့် ဘာသာ ပြန်ထားသည့် ဒီဃာဂမ၏ သုတ် အရေအတွက်မှာမူ သုံးဆယ်မျှသာ ရှိသည်။ ယင်း နှစ်မျိုး၌ သုတ်တို့၏ အစဉ်လည်း တခုနှင့်တခု မတူပေ။ အခန်းကဏ္ဍလည်း တခုနှင့်တခု မတူပေ။ သို့သော်လည်း ပါဠိ ဒီဃနိကာယနှင့် သက္ကတ ဒီဃာဂမတို့သည် တခုတည်းသော ပင်ရင်းမှ ထွက်လာကြခြင်း ဖြစ်လေသည်။ ပါဠိ ပင်ရင်းသည် ပိုပြီး ရှေးကျဟန် တူပေသည်။ သို့မဟုတ် မဟာယာနအရင် ဗုဒ္ဓဘာသာဂိုဏ်း (နိကာယ) ဆယ့်ရှစ်ဂိုဏ်း တို့သည် အိန္ဒိယ၌ ရှိခဲ့လေသည်။ ထိုဂိုဏ်းများအနက် ဂိုဏ်း တဂိုဏ်း၏ ဂိုဏ်းခဲ့တခုသည် ဓမ္မဂုတ္တိက အမည်ဖြင့် ရှိလေသည်။ ဗုဒ္ဓယသသည် ထိုဂိုဏ်း၏ ဒီဃာဂမကို ဘာသာပြန်ခြင်း ဖြစ်တန် ရာသည်။

ဗုဒ္ဓယသသည် ကာဗုလ(ကုဘာ)မှ ရဟန်းပညာရှိ ဖြစ်လေ သည်။ ထိုအချိန်က ကာဗုလ်သည် ယဉ်ကျေးမှုအရ ဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ အိန္ဒိယနှင့် မကွဲပြား မုခြားနားသော အစိတ်အပိုင်းတခု ဖြစ်ခဲ့လေသည်။ ဗုဒ္ဓယသ ဖွားမြင်သည်မှာ ခရစ်သက္ကရာဇ် ၃၃၀ ခုနှစ်၌ ဖြစ်သည်။ ခရစ်သက္ကရာဇ် ၄၀၀ ပတ်ဝန်းကျင် လောက်တွင် သူသည် တရုပ်ပြည်သို့ ကြွလျှက် ၄၀၀-၄၁၃ ခုနှစ် အကြား၌ နေပြည်တော် ချတ်အန်၌ သိတင်း

သုံးပြီး အောက်ပါ ကျမ်းသုံးကျမ်းကို သက္ကတ ဘာသာမှ တရုပ်ဘာသာ ပြန်ဆိုခဲ့လေသည်-

၁။ အာကာသဂဿ ဗောဓိသတ္တ သုတ္တ

၂။ ဒီဃာဂမ

၃။ ဓမ္မဂုတ္တ ဝိနယ

၄။ ဓမ္မဂုတ္တ ပါတိမောက္ခ

ဗုဒ္ဓယသ ဘာသာပြန်သော ဒီဃာဂမသည် ရှလိုက(ဂါထာ) ပေါင်း တသောင်း သုံးထောင်နီးပါးနှင့် ညီမျှသည်။ ထိုဒီဃာဂမ၏ ၃တိယသုတ်သည် "မဟာပရိနိဗ္ဗာနသုတ်" ဖြစ်လေသည်။ ထိုသုတ်၏ ဘာသာပြန်မျှားသည် တခုမက ရှိလေသည်။ ထိုမဟာပရိနိဗ္ဗာနသုတ်သည် ဟီနယာန တိပိဋကတ် ဒီဃာဂမ သို့မဟုတ် ဒီဃနိကာယ်၏ သုတ်တသုတ်ဖြစ်လေသည်။ မဟာယာန ပိဋကတ်တွင်လည်း အလွန်တရာ ကြီးမားပြန့်ကျယ်သည့် မဟာပရိနိဗ္ဗာနသုတ် သပ်သပ်ရှိလေသည်။ တခေတ်တခါက အိန္ဒိယတွင် အလွန်တရာခေတ်စားခဲ့သော ဂိုဏ်း(နိကာယ)၏ အမည်နာမနှင့် ပိဋကတ်နှစ်ခုလုံးပင်ယနေ့တိုင်မြုပ် ပျောက်ကွယ်နေသည်။သို့ရာတွင် ကံကောင်း ထောက်မသည့်အားလျော်စွာ တိမ်မြုပ်ပျောက်ကွယ်သွားသော ဟီနယာန 'မဇ္ဈိမာဂမ' (၅၄၂)၊ 'ကေတ္တရာဂမ' (၅၄၂)၊ 'သံယုတ္တာဂမ'(၅၄၄)၊ 'ဒီဃာဂမ' (၅၄၅)တို့သည် တရုပ်ဘာသာပြန်၌ ရှိနေပေသည်။ ထို့ပြင် ဝိနယပိဋကတ်နှင့် ပိဋကတ်သုံးပုံ၏ အဋ္ဌကထာ ဋီကာများလည်း ရှိပေသည်။ကျွန်ုပ်တို့၏ ယဉ်ကျေးမှု သမိုင်းအပေါ်၌ ထိုကျမ်းဂန်များမှ အရောင်များစွာဖြာကျလျက် ရှိနေသည်ဟူ၍ ပြောပြရန် မလိုပေ။

ဗုဒ္ဓယသ တရုပ်ပြည်သို့ သွားပြီး ကျွန်ုပ်တို့၏ ယဉ်ကျေးမှု ဆိုင်ရာ လုပ်ငန်းကြီးကို ကြိုးပမ်းပြုလုပ်သော အချိန်မှာ အိန္ဒိယ ပြည်၌ ဂုတ္တ မင်းဆက် ဘုရင်စန္ဒဂုတ္တဝိက္ကမာဒိတ္ယ အုပ်စိုးနေသည့် အချိန်ကာလ ဖြစ်လေသည်။ ထိုအချိန်၌ ကာလီဒါသနှင့် ဒိန္နာဂတို့ ကဲ့သို့သော ပညာရှင်ကြီးများသည် အိန္ဒိယ ပြည်၌ မိမိတို့၏ စွမ်းရည်ကို ထုတ်ပြနေကြလေ၏။ ထိုအချိန်၌ပင် တရုပ် ရဟန်းတော် ဖာဟီယန်လည်း အိန္ဒိယ ပြည်သို့ ခရီးဖြန့်ချီ လာခဲ့ခြင်း ဖြစ်လေသည်။

လွန်ခဲ့သည့် အနှစ် နှစ်ဆယ်လောက်က ဒီဃာဂမ၏ သုတ် နှစ်သုတ် သုံးသုတ်ကို ကျွန်ုပ်သည် ဘာသာပြန်ခဲ့ဘူး လေသည်။ ထိုအချိန်မှာ တရုပ်ဘာသာနှင့် တရုပ်စာပေဆီသို့ တိုးတက် သွားရန် ကျွန်ုပ် စိတ်စော နေသည့် အချိန် ဖြစ်လေသည်။ ထိုအချိန်က ကျွန်ုပ်၏ အသိဉာဏ်၌ အကွာရာစာလုံး (စကားလုံး အမှတ်သင်္ကေတ) ငါးရာထက် မပိုသေးပေ။ သို့သော်လည်း ထိုအချိန်၌ သီဟိုဠ်ကျွန်းတွင် တရုပ်ပညာရှင် ဝါတ်မောလန်သည် ကျွန်ုပ်နှင့်အတူ နေသည်။ ကျွန်ုပ်တို့ နှစ်ဦးသည် အချင်းချင်း ပညာအလဲအလှယ် ပြုလုပ်ကြသည်။ အကယ်၍ သူသည် ကျွန်ုပ်တို့ ပူးပေါင်း ဆောင်ရွက်မှု၏ အကျိုးတရား ဖြစ်သော 'မဟာ ပရိဗ္ဗာနသုတ်'ကို ပုံနှိပ်ထုတ်ဝေသည်ကို မြင်ရလျှင် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေလိမ့်မည်။ နောက် မျှားမကြာမီ သူသည် ချောင်းဆိုးသွေးပါ ရောဂါဖြင့် တရှောင်ရှောင်ဖြစ်ပြီး သေရမည့် အစား သီဟိုဠ်ကျွန်း ပင်လယ်ထဲ၌ မြုပ်နစ်ပြီး အသက်ပေး သွားခဲ့လေသည်။

သာသနာပြုလပ်ငန်း

သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်ကိုရရှိတော်မူပြီး နောက် မိဂဒါဝုန် (ဗာရာဏသီ)၌ ဗုဒ္ဓသည် တရားဦးက ဟောကြားတော်မူသည်။ မိဂဒါဝုန်၌ဝါဆိုပြီးနောက်သီတင်းကျွတ်လပြည့်နေ့(၅၂၇-ဘီစီ) တွင် မိမိ၏ တပည့်ဦးမျှားအား ဗုဒ္ဓသည် ဆုံးမတော်မူ၏-

"ရဟန်းတို့၊ လူအပေါင်းတို့၏ အကျိုးစီးပွား အတွက်၊ လူပေါင်းများစွာတို့၏ ချမ်းသာ သုခအတွက်၊ လူ့လောကအား ထောက်ထားသနားရန်အတွက်၊ နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာသုခအတွက် လှည့်လည်ကြလော့။ နှစ်ယောက် အတူ တကွ မထွားကြကုန်လင့်"

ဗုဒ္ဓသည် မိမိ၏ တရားအဆုံးအမအတွက် ဘယ်အမျိုးဇာတ် နှင့် ဘယ်အရပ်ဒေသ တခုခုကိုမျှ သတ်မှတ် ပိုင်းခြားထားခြင်း မရှိသော ပဌမဦးဆုံး ဘာသာတရား ဓမ္မခေါင်းဆောင် ဖြစ်လေသည်။ အထက်ပါအဆုံးမဉ္ဇပဒေသဖြင့် ဗုဒ္ဓသည်ကမ္ဘာလောက၏ ထောင့်တိုင်းထောင့်တိုင်း၊ နေရာတိုင်းနေရာတိုင်းသို့ မိမိ၏ဘပည့် သံဃာများအား တရားဓမ္မ ဖြန့်ဖြူးဟောကြားရန် ပို့ခဲ့လေသည်။ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်အခါက သူ၏ တရားဓမ္မသည် အိန္ဒိယ နယ်စပ်ဘက်သို့ မထွက်နိုင်ခဲ့သည်မှာ မှန်သော်လည်း သူလှည့်

လည် ကျက်စားရာဖြစ်သည့် ဟိမဝလယ၊ ဝိန္ဓယ၊ ကုရုခေတ္တာနှင့် ကောသိ အကြားရှိ ဒေသများမှအပြင်အပ ဒေသများသို့ သူ၏ တရားဓမ္မသည် ရောက်ရှိပြီးနှင့်လေပြီ။ဗုဒ္ဓ၏ ပြဋ္ဌာန်းသည့် တပည့်ကြီးလေးဦးအနက် မဟာကစ္စာယနသည် အစပဋ္ဌမဉ္ဇနီတိုင်းမှ ဘုရင်ပုရောဟိတ်ဖြစ်ခဲ့ပြီး နောင်သောအခါတွင် အဝန္တီပြည်တွင် တရားဓမ္မဖြန့်ဖြူးရာ၌ အတော်ပင် တာဝန်ယူခဲ့လေ၏။ ပတိဋ္ဌာန (ပိုက်ထန်ဟိုက်ရာဘတ်)၊ တက္ခသီလာ၊ သုနာပရန္တ (တောင်ဂူဂျုရတ်) အထိမှ ပုဂ္ဂိုလ်များသည် ဗုဒ္ဓအထံတော်သို့လာရောက်ပြီး ရဟန်းပြုခဲ့ကြလေသည်။ သုနာပရန္တ တိုင်းသား ပုဏ္ဏရဟန်းသည် ဗုဒ္ဓ၏ တရားဒေသနာတော်ကို ကျေနပ်အားရပြီး သာဝတ္ထိမှ သူ့ဇာတိရပ်ထံ ပြန်ဘို့ရန်အတွက် ခွင့်ပန်သော အခါ ဗုဒ္ဓက စံပြုသာသနာပြုတဦး၏ အချိုးအစားကို ပြောပြရင်း မေးတော်မူလေ၏။

"ပုဏ္ဏ၊ သင်ဘယ်တိုင်းကို လှည့်လည်မလဲ"

"အရှင်ဘုရား၊ သုနာပရန္တ အမည်ရှိတဲ့ ဇနပုဒ်ရှိပါတယ်၊ တပည့်တော် အဲဒီဇနပုဒ်ကို သွားဘို့ ရည်ရွယ်ပါတယ်"

"ပုဏ္ဏ၊သုနာပရန္တ တိုင်းသားတွေဟာ ကြမ်းတမ်းတယ်။ ရက်စက်တယ်။ အဂယ်၍ သူတို့က သင့်ကို ကြမ်းတမ်းတဲ့ ဒေါသပါ၊တဲ့ စကားကို ပြောရင် သင့်စိတ်ထဲမှာ ဘယ်လို သဘောထားမလဲ"

"သုနာပရန္တ တိုင်းသားတွေဟာ သိပ်တော်တယ်၊ သိပ်ကောင်းတယ်လို့ သဘောထားမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ တပည့်တော်ကို လက်နဲ့မရိုက်ကြဘူး"

"ပုဏ္ဏား၊ အကယ်၍ သုနာပရန္တ တိုင်းသားတွေဟာ သင့်ကို လက်နဲ့ရိုက်ကြလို့ရှိရင် သင့်စိတ်ထဲမှာ ဘယ်လိုသဘောထားမလဲ"

"သုနာပရန္တ တိုင်းသားတွေဟာ သိပ်တော်တယ်၊ သိပ်ကောင်းတယ်လို့ သဘောထားမှာပေါ့၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ဟာ တပည့်တော်ကို တုတ်နဲ့မရိုက်ကြဘူး"

"အကယ်၍ သူတို့က တုတ်နှင့်ရိုက်လျှင် သင့်စိတ်ထဲမှာ ဘယ်လို သဘောထားမလဲ"

"သုနာပရန္တ တိုင်းသားတွေဟာ သိပ်တော်တယ်၊ သိပ်ကောင်းတယ်လို့ သဘောထားမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ တပည့်တော်ကို လက်နက်နဲ့ ထိုးခုတ်ခြင်း မပြုလုပ်ကြဘူး"

"အကယ်၍ လက်နက်နဲ့ ထိုးခုတ်ခြင်းပြုလုပ်လျှင်...."

"အဲဒီလို ပြုလုပ်လျှင်လဲ သုနာပရန္တ တိုင်းသားတွေဟာ သိပ်တော်တယ်၊ သိပ်ကောင်းတယ်လို့ သဘောထားမှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ လက်နက်နဲ့ထိုးခုတ်ပြီး တပည့်တော်ရဲ့အသက်ကို သေအောင် မလုပ်ကြဘူး"

"အကယ်၍ သုနာပရန္တ တိုင်းသားတွေက သင့်ကို ထက်မြက်တဲ့လက်နက်နဲ့ ထိုးခုတ်သတ်ပစ်လိုက်ရင်ကော"

"အဲဒီလို လုပ်ရင်လဲ သုနာပရန္တ တိုင်းသားတွေဟာ သိပ်တော်တယ်၊ သိပ်ကောင်းတယ်လို့ သဘောထားမှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ အရှင်ဘုရားရဲ့ တချို့တပည့်တွေဟာ ဘဝကို ငြီးငွေ့ချင်ရှာပြီး သေဘို့ရန်အတွက် လက်နက်များကို ရှာဖွေကြတယ်။ အဲဒီလို လက်နက်ကို တပည့်တော် မရှာဖွေဘဲနဲ့ ရရှိသောကြောင့် ဖြစ်ပါတယ်"

"သာဓု....သာဓု....ပုဏ္ဏာ၊ သင် အဲဒီလို ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်လျှင် သုနာပရန္တတိုင်းမှာ နေနိုင်ပါပြီ"

ပုဏ္ဏာရဟန်းသည် ဗုဒ္ဓထံမှ ခွဲခွာခဲ့ပြီး သူ၏ ဇာတိရပ်ရွာန်သို့ သွားခဲ့လေသည်။ ပါဠိသုတ္တန်များ၏ အဆိုအရ သူသည် ထိုနှစ်၌ အရပ်သား ၅၀၀-တို့အား ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်စေခဲ့လေ၏။ ဤကား ရဟန်းပုဂ္ဂိုလ်များ တရားဝမ္မ ဖြန့်ဖြူးရန် သာသနာပြု ထွက်ကြပုံ နမူနာဖြစ်သည်။

ဗုဒ္ဓ၏ တရားဥပဒေသတို့ကို စံနစ်တကျ သတ်မှတ်ပိုင်းခြားထားရန်အလို့ငှာ ဗုဒ္ဓပရိနိဗ္ဗာန် ဝင်စံပြီးနောက် နှစ်လ အကြာတွင် ရာဇဂြိုဟ်၌ ဗုဒ္ဓ၏တပည့် သံဃာကြီးများ၏ အစည်းအဝေး သဘင်တခု ကျင်းပပြုလုပ်သည်။ ထိုအစည်းအဝေး သဘင်ကို ပဌမ သင်္ဂီတိ (သင်္ဂါယနာ) ဟု ခေါ်လေသည်။ ထိုနောက် နှစ်ပေါင်းတရာ အကြာတွင် အငြင်းပွားနေသော အချက်အလက်အချို့ကို အဆုံးအဖြတ်ပေးရန်အတွက် ဝေသာလီ၌ ဒုတိယ သင်္ဂီတိ (သင်္ဂါယနာ) ကို ကျင်းပပြုလုပ်သည်၊ ထိုအချိန်၌ ဗုဒ္ဓဘာသာဝင်များသည် နိကာယနှစ်ခု (ဂိုဏ်း နှစ်ဂိုဏ်း) ကွဲပြားသွားလေ၏။ ဂိုဏ်းနှစ်ဂိုဏ်းအနက် ရှေးအစဉ်အလာကို အဓိကအနေဖြင့် ဦးစားပေးသူများအား ထေရဝါဒီဟုခေါ်ပြီး ကျန်ပုဂ္ဂိုလ်များကိုမူ မဟာသံဃိကဟု ခေါ်လေသည်။ ထိုနောက် နှစ်ပေါင်း ၁၂၀ (၂၃၆-ဘီစီ အထိ) အတွင်း ဂိုဏ်းကြီးနှစ်ဂိုဏ်းမှ ဖြာထွက်ပြီးလျှင် ဂိုဏ်းပေါင်း ၁၈-ဂိုဏ်း ဖြစ်သွားခဲ့လေ၏။

မဟာသံဃိက ဂိုဏ်းသည် နောင်သောအခါတွင် ပြုပြင်ပြောင်းလဲပြီးလျှင် ခရစ်သက္ကရာဇ် အစလောက်တွင် သုတ္တန်

အချို့ကို တီထွင် ဖန်တီးလေသည်။ ထို့ကြောင့် မဟာယာန ဂိုဏ်းဟု ပေါ်ပေါက်လာခြင်း ဖြစ်လေ၏။ ထိုနောက်လေးနှင့် ငါးရာစုနှစ်လောက်ရောက်သောအခါ အိန္ဒိယမြောက်ပိုင်းတခုလုံး၌ မဟာယာနချည်း လိုလိုပင် တွေ့ရှိရလေသည်။ ထိုနောက်ရာစုနှစ် သုံးစု ကျော်လွန်ပြီး ခုနစ်ရာစုသို့ ရောက်ရှိလာသော အခါ မယာယာနမှ ဗဇရယာန သို့မဟုတ် တန္တြရိက ဗုဒ္ဓဘာသာဟူ၍ ပေါ်ပေါက်လာလေသည်။အိန္ဒိယမှ ဗုဒ္ဓဘာသာပျောက်ကွယ်သွားချိန်၌ ပျောက်ကွယ်သွားသော ဗုဒ္ဓဘာသာ၏ အသွင် အပြင်မှာ ထိုဗဇရယာန ဗုဒ္ဓဘာသာပင်ဖြစ်လေသည်။

အိန္ဒိယအပြင်အပ၌ ဗုဒ္ဓသာသနာ ပြန့်ပွားခြင်းမှာ အိန္ဒိယရာဇဝင် အတွက် အလွန် အရေးပါ အရာရောက်သော အဖြစ်အပျက်ဖြစ်သည်။ အသောကသည် ပြင်းထန်သော စစ်ပွဲကြီးကို ဆင်နှဲတိုက်ခိုက်ပြီးသောအခါ အလိုဂ်ကို အနိုင်ရရှိ လေသည်။ ထိုအချိန်အထိ ယေဘုယျအားဖြင့် အိန္ဒိယ တနိုင်ငံလုံး ကာဗုလ်တဖက် ဟိန္ဒူကုသတောင်တန်းအထိ အသောက၏ အုပ်ချုပ်မှု၏ အောက်တွင် ရှိနေလေသည်။ ကြမ်းတမ်းသော စဏ္ဍာသောက (စဏ္ဍအသောက)သည် ထိုအချိန်၌ သူတော်ကောင်းဖြစ်သွားပြီးလျှင် ဓမ္မာသောက (ဓမ္မအသောက) အဖြစ်သို့ ရောက်လာခဲ့လေ၏။ အသောကသည် ဘာသာတရား အားလုံးအား ရိုသေသမှုပြုသော်လည်း ဗုဒ္ဓဘာသာအား ပိုမိုပြီး အလေးအမြတ်ထားလေ၏။ သူ့တိုင်းပြည်ရှိ မြို့ကြီး ပြကြီးဟူသမျှနှင့် အခြား အချက် အချာ ဌာနတို့၌ အသောကသည် ပုထိုမျှားကို တည်ထားကိုးကွယ်ခဲ့လေသည်။ထိုပုထိုးများမှာ သူ၏ ဘဲ့အမည်ကို စွဲပြီး နောင်သော အခါတွင် 'ဓမ္မရာဇိက'ဟု အမည်တွင်နေကြကုန်၏။ အသောကသည်

ရဟန်း သံဃာများ သီတင်းသုံးနေထိုင်ရန် ကျောင်းတိုက်ကြီး များကို တည်ဆောက်ခဲ့လေသည်။ ထိုကျောင်းတိုက်ကြီးများ အနက် နေပြည်တော် ပါဠလိပုတ် (ပတ္တနား)၌ အသောကာရုံ ကျောင်းတိုက်မှာ အကြီးကျယ် အခမ်း နားဆုံး ဖြစ်လေ၏။ အသောကသည် ဌေကုန်ကြေးကျခံပြီး သာသနာပြုရုံ သက်သက် သာလျှင်မကဘဲ မိမိ၏ သားတော် မဟိန္ဒနှင့်သမီးတော်သင်္ဃမိတ္တာ တို့အားလည်း ဘိက္ခုနှင့် ဘိက္ခုနီမ ပြုလုပ်စေခဲ့လေသည်။ ထိုအ ချိန်၌ ဗုဒ္ဓဘာသာဝင်တို့တွင် ဂိုဏ်း (နိကာယ) များစွာ ကွဲပြား နေလေပြီ။ အသောက၏ ဆရာဖြစ်သော သံဃနာယက မောဂ္ဂလိ ပုတ္တ တိဿ မထေရ်သည် ဗုဒ္ဓ၏ တရား ဥပဒေသများကို အုတ် အရောရော ကျောက် အရောရော မဖြစ်စေလိုသည့် အတွက် သင်္ဂါယနာကို ဦးဆောင်၍ တင်ခဲ့လေသည်။ ထိုသင်္ဂါယနာ၌ ရဟန်းပုဂ္ဂိုလ်ကြီးများသည် ဗုဒ္ဓ၏ သုတ္တန် (တရားအဆုံးအမ) များနှင့် ဝိနည်း(ရဟန်းကျင့်ဝတ်)ကိုစုပေါင်းရွတ်ဆို သင်္ဂါယနာ တင်ကြလေသည်။ ထိုအချိန်က ဗုဒ္ဓ၏ တရားဒေသနာများမှာ အက္ခရာတင်ထားခြင်းမရှိသေးပေ။ အက္ခရာတင်သည့် အဆင့်သို့ ရောက်ဘို့ရန် နှစ်ပေါင်း ၁၅၀ မျှ ကြာခဲ့လေသည်။

ယင်းသင်္ဂါယနာတင်ပွဲ၏ အဓိက လုပ်ငန်းတရပ်မှာ အိန္ဒိယမှ ပြင်ပနိုင်ငံများသို့ သာသနာပြုများကို စေလွှတ်ရန်ဖြစ်၏။

အိန္ဒိယ မြောက်ပိုင်းတွင် ဗုဒ္ဓဘုရား ကျင်လည် ကျက်စားနေ တော်မူစဉ်အခါကပင် ပေရှဝါနှင့် သိန္ဓုမြစ်အထိ ပါရှားဘုရင် ဒါရယောရှိ၏ နိုင်ငံအကျယ်အဝန်း ရောက်ရှိနေခဲ့သည်။ တက္ခ သီလာသည်လည်း သူ့လက်အောက်တွင်ပင် ရှိနေခြင်းပင်ဖြစ်ပေ လိမ့်မည်။

ကုန်သည်အုပ်စု(CARAVAN)များသည် အရှေ့နှင့်အနောက် သမုဒ္ဒရာ ကမ်းခြေအထိသာလျှင်မကဘဲ တက္ခသီလာသို့ အထိ သွားရောက်လေ့ ရှိကြလေ၏။ ဘုရားယောရှိ၏ အနောက်ဘက် အိမ်နီးနားချင်း ဂရိတ်လူမျိုးတို့၏ အမည်နာမသည်လည်း ဗုဒ္ဓ၏ နာမတော်အထိ ရောက်ရှိခဲ့လေပြီ။ သို့ပင်ဖြစ်စေကာမူ ဗုဒ္ဓခေတ် လူ့ကမ္ဘာမှာ အလွန်တရာ ကျဉ်းမြောင်းပြီး အာရှနှင့် ဥရောပရှိ မျိုးစုသောမြေနေရာတို့မှာ ဘေဝ၊ ဘုံနဝတို့နှင့်တကွ ဆန်းကြယ်သည့် သတ္တဝါတို့၏ နေရာဌာန ဖြစ်ခဲ့လေ၏။ အသောက၏ အဘိုး စန္ဒဂုတ္တဘုရင်၏ လက်ထက်၌ ဂရိတ်ဘုရင် အလက်ဇန်ဒါးသည် ပန်ဂျပ်အထိ ရောက်ရှိလာပြီးလျှင် လူ့ကမ္ဘာ၏ နယ်ပယ်ကို အများကြီး ချဲ့ပင်လိုက်လေသည်။ အသောကဘုရင်လက်ထက်၌ အသောကာရုံကျောင်းတိုက်တွင် မောဂ္ဂလိပုတ္တတိဿထေရ်နှင့် သူ၏ရဟန်းသံဃာ အပေါင်းတို့သည် သူတို့၏ဆရာ ရှင်တော် ဗုဒ္ဓ၏ 'စရထ ဘိက္ခဝေ စာရိကံ' (ရဟန်းတို့ လှည့်လည်ကြလော့) အဆုံးအမကို ကာယကံမြောက် ကျင့်သုံးရန် ဆုံးဖြတ်ချက်ချမှတ်လေသည်။ ယင်း တတိယသင်္ဂါယနာနှင့် စပ်လျဉ်းပြီး ရှေးအစဉ်အလာအရ ဤသို့ ပြောပြထားသည်။

မောဂ္ဂလိပုတ္တတိဿထေရ်သည် တတိယသင်္ဂါယနာ တင်ပြီး "ပြည်ပ ဒေသများတွင် ဗုဒ္ဓတရားကို ဘယ်လိုဖြန့်ဖြူးရမည်နည်း" ဟု တွေးတောစိတ်ကူး၏။ ထိုအခါ သူသည် အောက်ပါ ရဟန်းသံဃာတို့အား ဤဘာဝနာကို ပေးအပ်လေ၏။ မဇ္ဈန္တိက မထေရ်အား ကရှမီရနှင့် ဂန္ဓာရတိုင်းသို့ ပို့လေ၏။ မဟာဒေဝ မထေရ်အား မဟိံသက မဏ္ဍလသို့ ပို့လေသည်။ ရက္ခိတ မထေရ်ကို ဝနဝါသီသို့ ပို့လေသည်။ ယောနကဓမ္မရက္ခိတမထေရ်ကို အပရန္တ

သို့ရင်း၊ မဟာဓမ္မရက္ခိတ မထေရ်ကို မဟာရဋ္ဌသို့ရင်း၊ မဟာ ရက္ခိတမထေရ်ကို ယောနကလောက (ဂရိက်တိုင်းပြည်များ) သို့ ရင်း၊ မဇ္ဈိမ မထေရ်ကို ဟိမဝတ (ဟိမဝန္တာ) ဒေသသို့ရင်း၊ သောဏနှင့်ဥတ္တရကို သုဝဏ္ဏဘူမိသို့ရင်း၊ မဟိန္ဒမထေရ်ကို ဣဋ္ဌိယ၊ ဥတ္တိယ၊ သမ္ဗလ၊ ဘဒ္ဒသာလ မထေရ်တို့နှင့်တကွ တာမရပဏ္ဏိ (သီဟိုဠ်) ကျွန်းသို့ရင်း ပို့လေသည်။ ထိုရဟန်းအားလုံးသည် ထိုဒေသများသို့ တခြားရဟန်းများနှင့်တကွ ငါးပါးစီ၊ ငါပါးစီ သွားရောက်ကြလေသည်။ အကြောင်းမူကား အပြင်အပတိုင်း ပြည်များ၌ ရဟန်းခံပေးဘို့ရန် သိမ်ဝင်ဂိုဏ်းပြည့် သံဃာဦးရေ (ကိုရမ်) မှာ ငါးပါးဖြစ်သောကြောင့် ဖြစ်လေသည်။

ဝိနယပိဋကအဋ္ဌကထာ 'သမန္တပါသာဒိကာ'၌ ဖော်ပြထား သော သာသနာပြုစေလွှတ်သည့် တိုင်းပြည်များ အကြောင်းနှင့် ပတ်သက်ပြီး ပဌမက ယုံမှားသံသယ ဖြစ်ခဲ့ကြလေသည်။ ဗုဒ္ဓ ကိုယ်တိုင်၏ ရာဇဝင်သမိုင်းအရ ပုဂ္ဂိုလ်တဦး ဖြစ်ခြင်းနှင့် စပ်လျဉ်း၍လည်း တခါက ယုံမှားသံသယ ဖြစ်ခဲ့ကြပြီးလျှင် အချို့အနောက်နိုင်ငံ ပညာရှင်များမှာ ဗုဒ္ဓအား နေနတ်မင်း၏ ရှေးဟောင်း ကြံဆ စိတ်ကူးချက်မျှသာ ဖြစ်၏ဟု အယူရှိခဲ့ကြ လေ၏။ သို့ရာတွင် အိန္ဒိယ၏ ရှေးအကျဆုံး ဗြဟ္မဏအက္ခရာဖြင့် ဗုဒ္ဓဖွားမြင်ရာဌာန(လုမ္ဗိနီ)အနီးရှိ ဖိပရဟာဝါ၌ ဗုဒ္ဓ၏ဓာတ်တော် ကြွတ်၌ ရေးထိုးထားသည့် "ဣယံ သလိလ နိဓေန ဗုဒ္ဓသ ဘဂ ဝေါ သကိယာနံ သုကိတိဘတိနံ သဘဂိနကနံ သပုတ္တဒလနံ" ဟူသော စကားဝါကျက ဗုဒ္ဓအား ရာဇဝင်သမိုင်းပါ ပုဂ္ဂိုလ် ဖြစ်ကြောင်း ထင်ရှားပြလိုက်လေသည်။ ထိုနည်းဂင်းပင် ဆန်ကျီ ပုထိုးတော်ရှိ ခရစ်မတိုင်မီ နှစ်ရာစု သုံးရာစုနှစ် အက္ခရာတို့ဖြင့်

ရေးထိုးထားသည့် ကြွတ်များ၌ သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့၏ ခေတ်တော် မှတော်များရရှိသဖြင့်လည်း ဗုဒ္ဓ၏ ထိုတပည့်ကြီးနှစ်ဦးမှာ စိတ်ကူးထဲကပုဂ္ဂိုလ်များ မဟုတ်ဘဲ တကဲ့ရာဇဝင်အရ ပုဂ္ဂိုလ်များ ဖြစ်ကြောင်း သက်သေ သာဓက ပြသလိုက်လေသည်။ ဆန်ကျီနှင့် ဆန်ကျီအနီး ဆိုနရိယာရှိ ပုထိုးများတွင်ရင်း၊ အနှစ်ရာရှိ ပုထိုးများတွင်ရင်း၊ ထိုခေတ်က အကျွန်ရာများနှင့် ရေးထိုးထားသည့် ခေတ်တော်ကြွတ်ပေါင်း များစွာ တွေ့ရှိရလေ၏။ ထိုခေတ်တော်ကြွတ်များ၌ တတိယ သင်္ဂါယနာတွင် ဖော်ပြပါရှိသည့် ပုဂ္ဂိုလ်ပေါင်းများစွာတို့၏ အမည်နာမများကို တွေ့ရှိရလေသည်။ ပဌမဦးဆုံး မောဂ္ဂလိပုတ္တ၏ အမည်နာမကို တွေ့ရသည်၊-'သပုရိသသ မောဂလိတသ'(သူတော်မြတ်မောဂ္ဂလိပုတ္တ၏)။ အခြား အမည်နာမပေါင်းများစွာ ရေးထိုးထားသည့် ကြွတ်များကိုလည်းတွေ့ရသည်။ "သပုရိသသ ကသပ ဂေါတသ သဗဟေမဝတ စရိယသ" (သူတော်မြတ် ကဿပနှယ် ဟေမဝတ အားလုံး၏ဆရာအရှင်၏)။"သပုရိသသ မဇ္ဈိမသ"(သူတော်မြတ် မဇ္ဈိမ၏)။ "သပုရိသသ မဇ္ဈိမသ ကောဏ္ဍိဉိပုတသ" (သူတော်မြတ် မဇ္ဈိမ ကောဏ္ဍိဉိပုတ္တ၏)။ "သပုရိသသ ကောဋ္ဌိပုတသ ကသပ ဂေါတသ သဗဟေမဝတ စရိယသ" (သူတော်မြတ် ကောဋ္ဌိပုတ္တကဿပနှယ် ဟေမဝတအားလုံး၏ ဆရာအရှင်၏)။ "သပုရိသသ ကောသိကီ ပုတသ" (သူတော်မြတ် ကောသိကီ ပုတ္တ၏)။ ပြည်ပသို့ စေလွှတ်သည့် ရဟန်းငါးပါး၊ ငါးပါးအနက်က မဟိန္ဒ၏ အဖော်လေးပါး၏ အမည်နာမများကိုသာလျှင် အစဉ်အဆက် မှတ်တမ်းအရ သိရှိရတော့သည်။ ဆိုနရိယာရှိ ပုထိုး၌ မဇ္ဈိမ ကောဏ္ဍိဉိပုတ္တ၏ အမည်နာမ ရေးထိုးထားသည်ကို

တွေ့ရ၏။ ထိုနေရာ၌ပင် ဟေမဝတ (ဟိမဝန္တာ) တခုလုံး၏ ဆရာအရှင် ကဿပအနုယ် ကောင်ပုတ္တာ၏ အမည်နာမကို တွေ့ရသည်။

မဗ္ဗီမနှင့် အတူတကွ ဟေမဝတ ဆရာရှင်၏ အမည်နာမကို ရေးထိုးထားခြင်း မရှိသော်လည်း အခြား အမည်နာမနှင့်တကွ ဟေမဝတဆရာရှင်၏ အမည်နာမရေးသည်ကိုလည်း တွေ့ရသည်။ ဆန်ကျီရှိ ပုထိုးတွင်ရင်း၊ ဆန်ကျီ အနီးအပါးရှိ ပုထိုးများတွင်ရင်း၊ တွေ့ရှိရသော အိန္ဒိယပြင်ပသို့သွားရောက်သည့် သာသနာပြုရဟန်းများ၏ ထိုဝတ်တော်များကို ထောက်ချင့်ခြင်းအားဖြင့် ထိုခေတ်က သာသနာပြု လုပ်ငန်းမှာ စည်းစံနစ်ထက ရှိလှသည်ဆိုသည့်အကြောင်း ထင်းရှားလှလေသည်။ သာသနာပြုများကို ဦးရေ (ကိုရန်) ပြည့် အပြင်အပဒေသများသို့ ပို့သည် သာလျှင်မကဘဲ သာသနာပြုများ ကွယ်လွန်သွားသောအခါ၌ ရင်းတို့၏ အရိုး အစိတ်အပိုင်းများကို စေတီ ပုထိုးများတွင် ကိုးကွယ်ထားကြလေ၏။

ဗုဒ္ဓ၏ တရားဓမ္မသည် မဆွကပင်လျှင် စတင်ပြီး နိုင်ငံတကာ လူမျိုးတကာနှင့် ပတ်သက် ဆက်သွယ်သည့် အသွင်ကို ဆောင်လာခဲ့လေသည်။ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ကပင် ဗုဒ္ဓ၏ တပည့်ရဟန်းများသည် မဗ္ဗီမဒေသ အိန္ဒိယနိုင်ငံရှိ များစွာသော ဒေသ အစိတ် အပိုင်းသို့ ရောက်ခဲ့ကြပြီး လေပြီ။ အသောကလက်ထက်(ဘီ-စီ-၂၇၄-၂၃၂)၌ အိန္ဒိယနိုင်ငံသည် ဂရိစ်နိုင်ငံနှင့်ရင်း၊ ဂရိစ်ဘုရင်တို့၏ တိုင်းနိုင်ငံတို့နှင့်ရင်း၊ နီးကပ်သော ဆက်သွယ်မှု ရှိပြီးနေ့ လေပြီ။ ထိုဆက်သွယ်မှု၌ နိုင်ငံရေးနှင့် ကူးသန်းရောင်းဝယ်ရေးသာလျှင် မကဘဲ ယဉ်ကျေးမှုနှင့် ပတ်

သက်သေ အလဲအလှယ်လည်းရှိခဲ့လေပြီ။ အသောက လက်ထက်မှာမူ အမှန်စင်စစ်အားဖြင့် ဗုဒ္ဓဘာသာ အောင်ပွဲခံသော ခေတ်ဖြစ်လေသည်။ ထိုခေတ်၌ ဗုဒ္ဓသာသနာပြုလုပ်ငန်းကို အလွန်တရာ ကျယ်ပြန့်စွာ စည်းစံနစ်ကျစွာ ပြုလုပ်ခဲ့လေသည်။ ထိုအကြောင်းကို အနည်းငယ်ရေးသားပြဆိုခဲ့ပြီးလေပြီ။ ဗုဒ္ဓဘာသာသံဃာအဖွဲ့ အစည်းကြီးသည် မိမိတို့၏ သာသနာပြုမှုများကို တိုင်းပြည်ရပ်ခြားသို့ သာသနာပြု လွှတ်ရုံသာလျှင် မကဘဲ ထိုသာသနာပြုများ၏ သတင်းအသေးစိတ်ကို အစဉ်မပြတ် ထောက်လှမ်း စုံစမ်းလျက်ရှိ လေသည်။ ထိုကြောင့် သာလျှင် ကျွန်ုပ်တို့ သာသနာပြု ရဟန်းတော်များ၏ အရိုးများကို စေတီပုထိုးများတွင် တွေ့ရှိရခြင်းဖြစ်လေသည်။ လင်္ကာဒီပ (သီဟိုဠ်) ရာဇဝင်ကို ရေးထားသည့် 'ဒီပဝံသ' နှင့် 'မဟာဝံသ' ကျမ်းဂန်များသည် ယခုလည်းထင်ရှားရှိနေဆဲပသည်။ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာ၏ ဂုဏ်းဆက်သည် ထိုအချိန်ကစပြီး ယနေ့အထိ မကျိုးမပြတ်ဘဲရှိနေလာခဲ့လေသည်။ ထိုကြောင့် သီဟိုဠ်၏ ရာဇဝင် သာသနာဝင် သမိုင်းသည်လည်း မဆပျောက် မပျက်ဘဲ ရှိနေခြင်းဖြစ်လေသည်။ ဂရိစ်နိုင်ငံတို့၌ ဗုဒ္ဓဘာသာဝင်များ ဘယ်အထိ အောင်မြင်မှုရရှိသည်ဆိုသည့်အကြောင်းကိုမူ ကျွန်ုပ်တို့ ထိုနိုင်ငံ၏ ကျမ်းဂန်များထဲ၌ မတွေ့ရဆပေ။ ရာစုနှစ်များစွာ တိုက်ခိုက်နေကြသည်ဖြစ်၍ ထိုနိုင်ငံ၏ စာပေသည် အနည်းငယ်မျှသာလျှင် မပျောက်မပျက်ဘဲ ကျန်ရှိလေတော့သည်။ ပလေတို၊ အရစ်စတို တယ် စသည်တို့၏ ကျမ်းဂန်များသည်ပင် ခဲခဲယဉ်းယဉ်း ကျန်ရှိနေခြင်း ဖြစ်လေသည်။ သို့ဖြစ်ရာ ထိုနိုင်ငံရှိ ဗုဒ္ဓ သာသနာပြုများ၏ အကြောင်းကို ရေးသားထားသည့် အထောက် အထား

စာများဘယ်မှာရရှိနိုင်တော့မည်နည်း။ မက်ဆိုပိုတာ မိယားနှင့် အီဂျစ်တိုင်းပြည်တို့၌ ဗုဒ္ဓ ဘာသာဝင်များ အထိုက် အလျောက် အောင်မြင်မှုရရှိမည်ဟု ယူဆနိုင်ပေသည်။

ခရစ်မပေါ်ခင် ၁၀၁-၉၉ နှစ်၌ သီဟိုဠ်ကျွန်းတွင် ဒုဋ္ဌဂါမဏိ မင်းအုပ်ချုပ်လေသည်။ ထိုဘုရင်သည် နေပြည်တော် အနုရာဓ ပူရ၌ ရတနာမာလ အမည်ရှိ မဟာစေတီကို တည်လေသည်။ ထိုစေတီ ပူဇော်ပွဲ၌ အိန္ဒိယနှင့် နိုင်ငံအသီးသီးမှ ပြဋ္ဌာန်းသည့် ရဟန်းသံဃာတော်များ တက်ရောက်ကြောင်း ရေးသားထားသည့် ●ာများကို တွေ့ရှိရပေသည်။ ထိုရဟန်းသံဃာတော်များ ထဲ၌ အလဆန္ဒာမြို့မှ ယွန်း (ဂရိက်) မဟာ ဓမ္မ ရက္ခိတလည်း ကြွရောက်လာကြောင်းပါရှိလေသည်။ အလဆန္ဒာသည် အလက်ဇင်းဒရိယား၏ ပါဠိအမည်ဖြစ်သည်။

အလက်ဇန္ဒားသည် အာရှနှင့် အီဂျစ်၌ သူ့အမည် နာမဖြင့် မြို့ပေါင်းများစွာကို တည်ထောင်ခဲ့လေသည်။ ယခု အလဆံဒါမှာ အိန္ဒိယနောက်ပိုင်း သိန္ဓုရှိ အလဆံဒါလော သို့မဟုတ် အဖဂါနိစတန် မဆိုပိုတာမိယား သို့မဟုတ် အီဂျစ်ရှိ အလက်ဇင်းဒရိယားလော မပြောပြနိုင်ပေ။ ဓမ္မရက္ခိတမှာ ယွန်းတို့၏ အလက်ဇင်းဒရိယားမှ လာပြီး သူကိုယ်တိုင်လည်း ယွန်း (ဂရိစ်) လူမျိုးဖြစ်ကြောင်းမှာ အတိအကျဖြစ်လေ၏။ ယခုခေတ်၌ ကာရလာ အစရှိသော ဂူကျောင်းတိုက်များ၌ ယွန်းတကာ တကာမတို့၏ အလှူဒါနအကြောင်း ရေးထိုးထားသည်ကို တွေ့ရ၏။ အနောက်နိုင်ငံပညာရှိတဦးကမူ ယင်း အလှူဒါနများသည် ယွန်းစစ်စစ်တို့၏ အလှူဒါနမဟုတ်စဲ၊ ဂုဏ်ရှိအောင် မိမိကိုယ်ကို ယွန်းအမည် တပ်ထားကြသည့် ယွန်းမြို့များတွင် နေထိုင်ကြသော အိန္ဒိယ

အမျိုးသားများ၏ အလှူဒါန ဖြစ်သည်ဟု ပြောဆိုလေသည်။ သို့ရာတွင် ဥရောပ လူမျိုးများ၏ အအုပ်အချုပ်ခံရပြီး အိန္ဒိယ အမျိုးသားများ ကျွန်ဖြစ်နေရသည့် ခေတ်အခါန်၌ပင် ဥရောပ တိုက်သားပေါင်းများစွာ ရဟန်းပြုကြသည်ကို တွေ့ရသည်ဖြစ်၍ အိန္ဒိယလူမျိုးတို့ တန်ခိုးကြီးချိန်၌ ယွန်းလူမျိုးတို့ ဗုဒ္ဓဘာသာဝင် ကြခြင်းမှာ သဘာဝမကျသည့်အရာ မဟုတ်ပေ။

မဟာယာန ဗုဒ္ဓဘာသာသည် ဘဝ၏ မြင့်မြတ်သော ရည်မှန်းချက်တခုကို မျက်မှောက်ပြုထားသည်။ ယင်းရည်မှန်းချက် အရ သတ္တဝါတို့အား အကျိုးပြုရန်အတွက် ဘယ်အရာမျိုးကို မဆို မပေးမလှူအပ်သည့် အရာမဟုတ်ဟု မယူဆပေ။မဟာယာန သည် ယင်းအထွတ်အထိပ် ကျင့်စဉ်အတွက် ဗောဓိသတ္တဘုရား အလောင်း၏ ဘဝမျိုးကို ညွှန်ပြထားသည်။ ဘုရားအလောင်း သည် သူတပါးအား ချီးမြှောက်ထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် စေ့ဆော်အပ်သည်ဖြစ်၍ မိမိအတွက် ဘယ်လိုဒုက္ခမျိုးကိုမျှ ဒုက္ခဟု မခံစားတတ်မေ့ပေ။ မိမိ၏ အိပ်ရာ၊ မိမိရပ်ရွာကို စွန့်ခွါသည်။ မိမိ၏ သားမယားကို စွန့်လွှတ်သည်။ သူကန်းအတွက် မိမိမျက်စိ ကို ထုတ်ပေးသည်။ မိမိ၏ အသားကို ဖြတ်တောက်ပြီး ဆာ လောင်မွတ်သိပ်နေသည့် ညီ့သည်အား တင်းတိမ် ရောင့်ရဲစေ သည်။အစာငတ်နေသည့်ကျားသတ္တဝါအား မိမိ၏ကိုယ်ကာယကို ပေးလှူပြီး အဆာပြေ ပျောက်သွားအောင် ပြုလုပ်သည်။ ဘုရား အလောင်းဘဝဖြင့်ဗုဒ္ဓသည် ယင်းကဲ့သို့သော စွန့်လွှတ်ခြင်းမျိုးကို အရာအထောင်ပြုလုပ်ခဲ့သည်။ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးသည့် နောက်လည်းဗုဒ္ဓသည် လေးဆဲ့ငါးနှစ် (လေးဆဲ့ငါးဝါ) တိတိ အစဉ်မပြတ်ဒေသစာရီ လှည့်လည် ကြွချီတော်မူပြီး လူအပေါင်း

တို့အားငြိမ်းချမ်းရေး သုခကို ပေးတော်မူခဲ့လေသည်။ မိမိနိဗ္ဗာန်ရောက်ရေးအတွက် မဟုတ်ဘဲ၊ ဒုက္ခ ဖိစီးနှိပ်စက်နေသည့်သတ္တဝါတို့၏ လွတ်မြောက်ရေး အတွက် မိမိတွင်ရှိသည့်ဘယ်အရာကိုမဆို စွန့်လွှတ်ခြင်းသည်သာလျှင် မဟာယာန၏ အထွတ် အထိပ်ရည်မှန်းချက်ဖြစ်သည်။ ယင်းရည်မှန်းချက်သည် ရာစုနှစ်ပေါင်းများစွာအထိ အဖဂါနီစတန်မှ ဂျပန်အထိရင်း၊ဆိုက်ဗေးရီးယားမှ ဂျာဝါအထိရင်း၊ လူအပေါင်းတို့အား ဆွဲဆောင်နိုင်စွမ်းမှုရှိခဲ့လေ၏။

မဟာယာန၏ အခြားအကျိုးပြုချက်တခုမှာ ၎င်း၏ အဆင့်အတန်းမြင့်သော အဘိဓမ္မာဖြစ်၏။ ယင်းအဘိဓမ္မာ စည်ပင်ထွန်းကားရေအတွက် ခရစ်သက္ကရာဇ် ၂-ရာစု နာဂါဇုနနှင့် ၄-ရာစု အသင်္ဂမထေရ်တို့သည် အထူးပင် ကြိုးပမ်းခဲ့ကြလေသည်။

ဗုဒ္ဓသည် ကမ္ဘာလောကအား ခဏအတွင်း ပြောင်းလဲခြင်းရှိသည့် အရာဟု ယူဆသည်။ ဘယ်အရာဝတ္ထုကိုမျှ ဤနိယာမသဘောမှ အပဖြစ်သည်ဟု မယူဆပေ။ သို့ဖြစ်၍ မိမိ၏ အဘိဓမ္မာအား ဗုဒ္ဓသည် အနတ္တဝါဒဟု အမည် ပေးထားခြင်းဖြစ်လေသည်။ နာဂါဇုနသည် ယင်း အနတ္တဝါဒနှင့် အနိစ္စသဘောကို ယူပြီးလျှင် သူ၏ မာဇ္ဈိမက အဘိဓမ္မာဖြစ်သည့် သုညဝါဒ သို့မဟုတ် သာပေက္ခတာဝါဒကို ထွန်းကားလာအောင် ပြုလုပ်ခဲ့သည်။ နာဂါဇုနသည် ရုပ်လောကဌ် ဖြစ်စေ၊ နာမ်လောကဌ် ဖြစ်စေ၊ ဘယ်နေရာဌာနမျိုးဌ်မဆို ခဏိကဝါဒ၊ အနတ္တဝါဒကို ကျင့်သုံးပြီး အရာဝတ္ထုဟူသမျှကို သုည၊ သို့မဟုတ် အနှစ်သာရသုည ဟူ၍ ကျေညာခဲ့လေသည်။

ပေရှာဝါ၌ သီတင်သုံး နေထိုင်သည့် အသင်္ဂနှင့် ဝသုဗန္ဓု မထေရ်တို့သည် ထိပ်တန်း အဘိဓမ္မာ ဆရာကြီးများ ဖြစ်ကြသည်။ အသင်္ဂမထေရ်သည် ဗုဒ္ဓအဘိဓမ္မာနှင့် ပလေတိုအဘိဓမ္မာနှစ်ရပ် ရောစပ်သည့်အခါ ပေါ်ပေါက်လာသည့် အဘိဓမ္မာမျိုးကို တီထွင်သတ်မှတ်ခဲ့သည်။ ပလေတိုသည် ခြင်္သေ့ရှိသော ရုပ်ကမ္ဘာကိုပယ်ပြီး ရုပ်မဟုတ်သည့် နာမ် (ဝိညာဉ်) သဘောကိုသာလျှင် လက်ခံလေသည်၊ အသင်္ဂက နာမ် (ဝိညာဉ်)ကို ဗုဒ္ဓဘာသာ ခဏိကဝါဒနှင့် အတူ ရောစပ်သိုက်သည်။ယင်းခဏိက ဝိညာနဝါဒသည် ဝသုဗန္ဓု၊ ဒိနာဂ၊ ဓမ္မာကိတ္တိစသော ဗုဒ္ဓ အဘိဓမ္မာ ပညာရှင်ကြီးများ၏ အဘိဓမ္မာဖြစ်လေသည်။နောင်သောအခါတွင် ယင်းအဘိဓမ္မာက သံဃာ့ရာဇဝင်၏ အဘိဓမ္မာကို မှေးလုတ်ခဲ့လေသည်။ ထိပ်တန်း အဘိဓမ္မာနှင့် ထိပ်တန်း ရည်မှန်းချက်များ ရှိသောကြောင့် ခရစ်သက္ကရာဇ် ၇-ရာစုနှစ်လောက်ရောက်သောအခါ မဟာယာန သည် အိန္ဒိယဘုံနိုင်ငံလုံး ကိုးကွယ်သည့်ဘာသာ ဖြစ်လာသည်မှာ အံ့သြစရာမဟုတ်တော့ပေ။

အိန္ဒိယ အပြင်ဘက်ရှိ တိုင်းပြည်များ၌ ဗုဒ္ဓဘာသာ ပြန့်ပွားပုံ အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ရေးမပြမီ အိန္ဒိယပြည်၌ ဗုဒ္ဓ ဘာသာ ပြန့်ပွားပုံကို ရေးပြဘို့ရန် လိုအပ်ပေ၏။ ၃၀၃ ဘီစီ (ဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီး နှစ်ဘရာအကြာ)တွင် ဗုဒ္ဓ သာသနာသည် ထေရဝါဒနှင့် မဟာသံဃိကဟူ၍ ဂိုဏ်းနှစ်ဂိုဏ်း ကွဲပြီးလေပြီ။ ယင်း နှစ်ဂိုဏ်းအနက်က မဟာသံဃိက ဂိုဏ်းသည် ဗုဒ္ဓအား 'လူ' မဟုတ်သည့် အသွင်မျိုး ထင်မြင်ယူဆပြီး ထေရဝါဒဂိုဏ်းကမူ ဗုဒ္ဓ၏'လူ'အသွင် 'လူ'သဘာဝကို ထိန်းသိမ်း ကာကွယ်ထားကြ သည်။ ထိုနောက် နှစ်တရာ့အစိတ်လောက် ကြာသော အခါ

ဂိုဏ်းနှစ် ဂိုဏ်းမှ ဂိုဏ်း ၁၀ ဂိုဏ်း ကွဲသွားပြန်လေ၏။ 'ကထာ ဝတ္ထု' အဋ္ဌကထာ၏ အဆိုအရ ယင်း ဂိုဏ်းများမှာ ဖော်ပြပါ ဇယား အတိုင်း ဖြစ်ပေ၏။

စေတျဝါဒ(စေတိယ) ဂိုဏ်းသည် ဓညကဋက (အန်ဓရာ)၌ ရှိလေသည်။ ထိုဂိုဏ်းမှ ထိုဒေသတွင် ပုဗ္ဗသေလိယ၊ အပရသေလိယ၊ သိဒ္ဓတ္ထက၊ ရာဇဂိရိက ဟူသောအမည်ဖြင့် ဂိုဏ်း ၄ ဂိုဏ်း ထပ်မံ ကွဲပြား သွားလေသည်။ ယင်း ဂိုဏ်းများမှ မဟာယာနဟူ၍ တိုးတက်ဖြစ်ပေါ်လာခြင်းမှာ ခရစ်သက္ကရာဇ် အစဦး ပတ်ဝတ်ကျင်လောက်တွင် ဖြစ်လေ၏။

အိန္ဒိယတွင် ဗုဒ္ဓသာသနာ ပြန့်ပွားပုံအကြောင်းနှင့် ပတ်သက်ပြီး အကျဉ်းချုပ်အားဖြင့် ဤသို့ ပြောပြနိုင်ပေသည်။အသောက အရင် ရာစုနှစ် ငါးခု(ခရစ် သုံးရာစုနှစ် အထိ)၌ ရှေးဟောင်း ၁၀ ဂိုဏ်းတို့ ထင်းရှားခဲ့ကြ၏။ရင်းတို့အနက် အိန္ဒိယမြောက်ပိုင်း၊ ကရှမီရ၊ ဂန္ဓာရတို့၌ သဗ္ဗာတ္ထိဝါဒဂိုဏ်း ပြန့်ပွားခဲ့သည်၊ အိန္ဒိယတောင်ပိုင်း၌ မဟီသာသကနှင့် သမ္မိတီယဂိုဏ်းတို့ ထွန်းကားခဲ့သည်။ သီဟိုဠ်၌ အချိန်အနည်းငယ်အထိ ဓမ္မဂုတ္တဂိုဏ်းလည်း ပြန့်ပွားခဲ့၏။ ယနေ့အထိမူ သီဟိုဠ်ကျွန်း၌ တဆက်တည်း ထေရဝါဒဂိုဏ်း၏ ဩဇာလွှမ်းမိုးလာခဲ့သည်။

အိန္ဒိယ၌ ဗုဒ္ဓဘာသာဝင်များသည် ဂျိန်းဘာသာနှင့်ရင်း၊ အထူးအားဖြင့် ဟိန္ဒူဘာသာနှင့်ရင်း၊ အယူအဆရေးရာ တိုက်ပွဲများ ဖြစ်ပွားခဲ့လေ၏။ သို့ဖြစ်၍ ဂရိစ်လူမျိုးတို့နှင့် နီးစပ်သွားလေ၏။ ဂရိစ်လူမျိုးတို့အား စေတနာဘွင်းဘွင်းနှင့် ကြိုဆိုနိုင်ကြသူများမှာ ဗုဒ္ဓဘာသာစင်များ သာလျှင် ဖြစ်ပေသည်။ ဂရိစ်လူမျိုးတို့မှာ အလွန် ယဉ်ကျေးသော သူများ ဖြစ်ကြသည်။

(ယန္တိုးယိုင်=)
ဒုတိယိုင် ၂c
ယတ္တဝတ္ထု cc
ကဂ္ဂဏယ oc
ဒုတိယိုဓိဏ-၁ ယတ္တိပဋိစ-c
(ကတ္တိဝဏ္ဏ-၅
ယတ္ထိဝဏ္ဏ=)
ယဘိဝဏ-၄
ယသ္မာဝဏ်ာ-၃
ဝိဘတ္တိ-၂
ဒုတိယိုဓိဏ-၁
(ကတ္တိဝဏ္ဏ)
ယတ္ထိဝ ၂။
ဒုတိယတ ။c
(ယတ္ထဝဏ္ဏ=)
ယလွဝါဟဝ ။c
ဒုတိယတ ။c
ယတ္ထဝ ။c
ယလွဝါ၊ ၁c ။c
ယမ္ဘဝတ္ထုဝါ၊ ၁c ။c
ယဏ္ဍ ။c
ဒုတိယတ ။c
ဒုတိယတ ။c

–ကြိုဏဒ္ဓ၏ ဒဝ္ဓ်ဝဏေ့ဂယ္ယ၀ဏ၀ ၀ဏ်း၀ါ၀ယ်းယ္ယာ့ပ် ၀ဏ၀ဖ္ပ့ဂါ၏ဒ္ဓ၀ဒ
ဝ်ိ„ဏ၀ယ္ယ်ဏ၀ဒ၀ါ်ဏ„ မ္ဘထိ၀ဏ်ဝ၀ဒ္ဓ်ဖ်ဏ ကြိုဏ၀ဏ်ဏေ့ဏ်ယ်ကြ၀ဏ၀ဏ ဒ္ဓ်ကြ၀ဏ၀ဏ၀ဏ်ဒ္ဓ်ဖ်ထ

သူတို့တွင် ပလေတို၊ အရစ်စတိုတယ် ကဲ့သို့သော အာဘိဓမ္မာ ဆရာကြီးများလည်း ရှိကြလေသည်။ ယင်း ပြည်တွင်းပြည်ပ အယူ အဆများ ဗုဒ္ဓဘာသာအပေါ် ဩဇာ သက်ရောက်မှု ရှိလာ သည်ရှာ ဓမ္မတာ ဖြစ်လေ၏။ ယင်းသို့ ဩဇာ သက်ရောက် လာမှု ကြောင့် မဟာယာနနှင့် မဟာယာန သုတ်များသည် အစ ပဌမ တွင် အတွင်းခွဲပင် တဖြည်းဖြည်းအရှိန်ယူနေပြီးနောက် အင်အား အလွန်ရှိလာသည့် အခါတွင်ကား အပြင်လောကခွဲ တဆောင် တယောင် ပေါ်ထွက်လာလေတော့သည်။

မဟာယာန သုတ္တန်များသည် သကဆက်ဘုရင် ကနိ၇က လက်ထက် ခရစ်သက္ကရာဇ် အစလောက်တွင် တီထွင်ဖြစ်ပေါ် လာခဲ့ခြင်းဖြစ်သော်လည်း ကနိ၇ကဘုရင်နှင့် ကနိ၇ကနှင့် ခေတ် ပြိုင် မဟာကဝိ (စာဆိုပညာရှိကြီး) အဿဃောသမထေရ်သည် မဟာယာနဂိုဏ်းဝင်မဟုတ်ဘဲ သဗ္ဗာတ္ထိဝါဒီဂိုဏ်းဝင်များဖြစ်ကြ သည်။ "မဟာယာနသဒ္ဓုပ္ပာဒ" သည် အဿဃောသ၏လက်ရာ မဟုတ်ပေ။ မွန်ဂိုလူမျိုးတို့၏ ဘေးရန်က လွတ်မြောက်ရန်အတွက် သက (ရှက်) လူမျိုးတို့ အိန္ဒိယဘက် ထွက်ပြေးလာချိန် (ဘီ-စီ ၁-၂ ရာစု)၌ ဟိမဝန္တာတဖက်နှင့် ကရှမီရ ဂန္ဓာရတို့၌ သဗ္ဗာတ္ထိ ဝါဒီဂိုဏ်း ပြန့်နှံ့၍နေသည်။ ဘဒ္ဒန္တအဿဃောသ၊ ဘဒ္ဒန္တဝသု မိတ္တာ၊ ကဝိမာတရိစေဋ္ဌတို့သည် သဗ္ဗာတ္ထိဝါဒီဂိုဏ်းဝင်ရဟန်းများ ဖြစ်ကြသည်။ ၎င်းတို့၏ တကာတော် ရေမြေရှင် ကနိ၇ကဘုရင် သည်လည်း သဗ္ဗာတ္ထိဝါဒီဂိုဏ်းသားသာ ဖြစ်ဘို့ရှိသည်။ ယင်း အချက်နှင့်စပ်လျဉ်း၍ စောဒကတက်နေစရာ လိုမည်မထင်ပေ။ အကြောင်းမူကား- တက္ခသီလာရှိ ပုထိုးဌ ဗုဒ္ဓ၏ ဓာတ်တော် မွေတော်များကို ဌာပနာရင်း ကနိ၇က ဘုရင်က သဗ္ဗာတ္ထိဝါဒီ

ဂိုဏ်းဝင် ထေရ်အသျှင်မျှားအား အလှူဒါန ပေးလှူကြောင်း ရေးထိုးထားခဲ့သောကြောင့် ဖြစ်လေသည်။

နာဂါဇုနမထေရ် မဟာယာနဂိုဏ်းဝင်ဖြစ်သည် ဆိုသည်မှာ လည်း အငြင်းပွားမှု မကင်းပေ။ နာဂါဇုနမထေရ် သိရီပဗ္ဗတ (ယခု နာဂါဂျုနီ ကောန်ဒါ) ၌ သီတင်းသုံးနေထိုင်စဉ် ခရာဇ် သက္ကရာဇ် ၂-ရာစု၌ ထိုဒေသတွင် မဟာယာန မဟုတ်ဘဲ ဟီန ယာန ပြန့်နှံ့ခေတ်စားနေ၏။ အလွန်ဆုံးဆိုနိုင်သည်မှာ ထိုခေတ် သမယသည် မဟာယာန သုဒ္ဓလွယ်ထားသော ဟီနယာန ခေတ်သမယဖြစ်လေသည်။ အသင်္ဂမထေရ် လက်ထက် (၄-ရာစု နှစ်) ရောက်သောအခါတွင်မူ မဟာယာနဂိုဏ်းအင်အားကောင်း နေလေပြီ။ ထိုနောက် ရာစုနှစ်ပေါင်း သုံးရာဖုန့်စ် အတော အတွင်း၌ မဟာယာနသည် အိန္ဒိယနှင့် အိန္ဒိယ မြောက်ဘက် ဗုဒ္ဓဘာသာလောကတွင် လွှမ်းမိုးသွားခဲ့လေ၏။ ထိုအချိန်၌ မဟာ ယာန၏ ဝမ်းဗိုက်ထဲတွင် တန္တြရယာန (ဗဇြရယာန) သည် သန္ဓေ တွယ်နေလေပြီ။ ထိုနောက် ဂ-ရာစုနှစ် ရောက်သောအခါ တန္တြရ ယာနသည် အိန္ဒိယ၌ ပြန့်ပွားထွန်းကားလာခဲ့လေ၏။ တန္တြရယာန သည် အိန္ဒိယ၌ ဗုဒ္ဓဘာသာ၏ နောက်ဆုံးပိတ် အသွင်အပြင် ဖြစ်၏။ ယင်း ပုံပန်းအသွင်အပြင်ဖြင့်ပင်လျှင် ဗုဒ္ဓဘာသာသည် ၁၃-ရာစုနှစ် တူရကီတို့ ဝင်ရောက် တိုက်ခိုက်ပြီးသည့် နောက် ပိုင်း၌ အိန္ဒိယနိုင်ငံမှ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ် သွားပေတော့၏။

အထက်ပါ အကြောင်းခြင်းရာများကို ထောက်ထားလျှင် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာသည် အစဉ်အတိုင်း အစ ပဌမတွင် အစဦး ဗုဒ္ဓဘာသာဖြစ်သော ထေရဝါဒ၊ ထိုနောက် အဠာဒသ

နိုကာယဖြင့်သော ဗုဒ္ဓဘာသာဂိုဏ်း ၁၈-ဂိုဏ်း၊ ထိုနောက် မဟာယာန၊ ထိုနောက် ဝဇရယာန ဟူသော အသွင်မျိုးဖြင့် တခုပြီးတခု ထွန်း၊ ဘားပြန့်ပွားခဲ့ကြောင်း သိရှိရ၏။ အချိန်ကာလ အားလျှော်စွာ တခုက အခြားတခု၏နေရာကို ဆက်ခံလေသည်။ အလည်း ဗုဒ္ဓဘာသာ (သေရာဝါဒ) ခေတ်က ဗုဒ္ဓဘာသာသည် အိန္ဒိယတစ်ဖြည်းလုံးတွင် ထွန်းကားပြန့်ပွားခဲ့သည်။ ဒုတိယအဆင့် ဖြင့်သော အဋ္ဌာဝသမိုကာယခေတ်၌ ဗုဒ္ဓဘာသာသည် ယွန်းနှင့် သကဲ့ရှက်ကဲ့ဆိုက်သော ဘုရားရှင်များ၊ မိမိ၏အဆုံး အခန်း ဩဝါဒများကို ဖြန့်ကြီးပြီး အိန္ဒိယလူမျိုးတို့နှင့် လွယ်လင့်တကူ ရောနှောဆက်ဆံပတ်သက်စရန် လမ်းခင်း ပေးခဲ့လေသည်။ ထိုအချိန်သမယ၌ ဗုဒ္ဓဘာသာသည် အာရှအလယ်ပိုင်းမှ တရုတ်သို့ အယ် ပြန့်နှံ့သွားပြီး ဗျာဝဏ်နှင့် ကခမ္ဘာဇသို့အထိ ဝင်ရောက်သွားခဲ့သည်။ မဟာယာန၏ အသွင်ဖြင့်သာလျှင် ဗုဒ္ဓဘာသာသည် ကိုရီယားနှင့် ဂျပန်သို့ ပြန့်နှံ့သွားပြီး စဘုဏ္ဍအသွင်ဖြစ်သော ဝဇရယာနအသွင်ဖြင့် တိဗက်နှင့် မွန်ဂိုလီယားသို့ ဝင်ရောက်သွားခဲ့ကြောင်းဖြစ်သည်။

တနည်းတခုမှာ အီကျိုဒ်၏ အချိန်သမယ(ခုနစ်ရာစု)၌ အိန္ဒိယတွင် မဟာယာန ထွန်းကား ပြန့်ပွားလျက်ရှိသည်။ မဟာယာန၌ ကိုယ်ပိုင်သီးခြားပိဋကတ်လည်း မရှိပေ။ ရဟန်းခံရန် အတွက် သတ်မှတ်ဆုံးဖြတ်သားသော နည်းလမ်းစည်းကမ်းလည်းမရှိပေ။ ဤကြောင့် ပိဋကတ်စည်းကမ်းများအတွက် မဟာယာန ဂိုဏ်းဝင် ရဟန်း သံဃာ၊ ဗေဒင်များ သည်လည်း အခြားဂိုဏ်း (ဟီနယာန) ဝေဟာရ၊ဝတ်ကို၏ ပိဋကတ် စည်းကမ်းများကို သာလျှင် အားကိုးအားသား ပြုလုပ်ရလေသည်။ နာလန္ဒာ တက္ကသိုလ်သည်

မဟာယာန၏ ရဲတိုက်ကြီးသဖွယ်ဖြစ်သည်။ သို့ရာတွင် နာလန္ဒာ၌ ဝိနည်းစည်းကမ်းအတွက်မူလ သဗ္ဗာတ္ထိ၀ါဒ၏ ဝိနည်းစည်းကမ်းကိုသာလျှင် အသုံးပြုလေ၏။ အီကျင်သည် တိုအချိန်က အိန္ဒိယ၌ ထွန်းကား ခေတ်စားနေသော ရှေးဟောင်းဂိုဏ်း (နိကာယ) တို့နှင့် ပတ်သက်ပြီး သိသင့် သိအပ်သည့်အကြောင်း အရာများစွာကို ရေးသားထားခဲ့လေ၏။

(၁) **မဟာသံဃိက နိကာယ**– ထိုဂိုဏ်း၏ ဂိုဏ်းကဲ့ခုနစ်ခု ရှိလေသည်။ သို့ရာတွင် ထိုအချိန်က အိန္ဒိယ၌ ထိုဂိုဏ်း၏ သြဇာလွှမ်းမိုးမှု အလွန်တရာ နည်းသည်ကို တွေ့ရပေ၏။ ထိုဂိုဏ်း၏ ပိဋကတ်တိုင်း၌ ရှလိုက[1] တသိန်းရှိလေသည်။ အဓိပ္ပာယ်မှာ ပိဋကတ်အားလုံး၌ ရှလိုက သုံးသိန်းရှိသည်ဟု ဆိုလိုသည်။ ၎င်းတို့အနက်က တခုစီ တခုစီကို တရုပ်ဘာသာဖြင့် ဘာသာပြန်ဆိုလိုက်သောအခါ ၀ါကျပေါင်း သုံးသိန်းဖြစ်သွားလေသည်။

(၂) **ထေရ နိကာယ**– ထိုဂိုဏ်း၏ဂိုဏ်းကဲ့သုံးခုရှိလေသည်။ ထိုဂိုဏ်း၏ ပိဋကတ်သည် ပါဠိ တိပိဋကတ် ဖြစ်လေသည်။ ထိုပိဋကတ်၏ ပမာဏမှာ မဟာသံဃိက၏ ပိဋကတ်လောက်ရှိလေသည်။ အိန္ဒိယတောင်ပိုင်းနှင့် သီဟိုဠ်ကျွန်းကွင် ထိုအချိန်၌ ထိုဂိုဏ်း ခေတ်စားလေသည်။ အရှေ့ဗင်္ဂါ၌လည်း ထိုဂိုဏ်း၏ ကျောင်းတိုက်များရှိလေသည်။

(၃) **မူလသဗ္ဗာတ္ထိ၀ါဒ နိကာယ**–ထိုဂိုဏ်း၏ဂိုဏ်းကဲ့လေးခုရှိလေသည်။အခြားဂိုဏ်းများကဲ့သို့ပင် ထိုဂိုဏ်းတွင်လည်း ကျယ်ပြန့်သော ပိဋကတ်ရှိလေသည်။ မြောက်ပိုင်း အိန္ဒိယပြည်မှ ရဟန်း

---

[1] ရှလိုက–ဟူသည်မှာ ကဗျာအဖွဲ့မဟုတ်။ အက္ခရာ ၃၂ လုံးရှိသည့် စကားစုဟု မှတ်ယူသင့်သည်။

သံယောအားလုံး ထိုဂိုဏ်းဝင်များချည်း လိုလိုပင် ဖြစ်ကြလေ၏။ မဂဇ္ဇ ထိုဂိုဏ်းသည် အင်အားကောင်းလေသည်။

(၄) သမ္မိတီယ နိကာယ– ထိုဂိုဏ်းတွင်းလည်း ဂိုဏ်းကွဲလေးခုရှိလေသည်။ ထိုဂိုဏ်းများသည် လားဌနှင့် ဆိန်ခတ္ကိုဒ် ခေတ်စားလေသည်၊ ထိုဂိုဏ်း၏ တပ်ပိဋကတ်သည် ရှလိုကနှစ်သိန်းနှင့် ညီမျှ၏။ ထိုပိဋကတ်အနက် ဝိနည်းတခုတည်းဖြင့်ပင် ရှလိုက ပေါင်း သုံးသောင်းရှိလေသည်။

ယင်းဂိုဏ်းကြီးလေးဂိုဏ်းဝင် ပုဂ္ဂိုလ်များကို မဂဇ္ဇ တွေ့ရလေသည်။ အကြောင်းမူကား မဂဓရှိ ပဇရာသန(ဗောဓဂယာ)နှင့် နာလန္ဒာကျောင်းတိုက်တို့မှာ နိုင်ငံတကာနှင့် ဆိုင်သော ဂိုဏ်းတကာနှင့်ဆိုင်သော ကျောင်းတိုက်ကြီးများ ဖြစ်ကြသောကြောင့်တည်း။

ဂုဒ္ဓဘာသာဝင်တို့၏ အကျိုးပြုချက်များ

အိန္ဒိယဖြစ် ဗုဒ္ဓယဉ်ကျေးမှုသည် အိန္ဒိယယဉ်ကျေးမှု၏ ခွဲ၍မရသော အလွန်တရာ တောက်ပသော အစိတ်အပိုင်းတခုဖြစ်လေသည်။ ဗုဒ္ဓယဉ်ကျေးမှုသည် ကျွန်ုပ်တို့ ယဉ်ကျေးမှု၏ အစိတ်အပိုင်းဟူသမျှကို မိမိ၏ အကျိုးပြုချက်များဖြင့် ဖွံ့ထွားအောင် ကြွယ်ဝအောင် ပြုလုပ်ခဲ့လေသည်။ အိန္ဒိယ၏ နျာယသျှောရကိုစတင်ခြင်းနှင့် စည်ပင်ဖွံ့ထွားခြင်းကိုပြုလုပ်ရာ၌ နာဂဇုန၊ ဝသုဗန္ဓု၊ ဒိနာဂ၊ ဓမ္မကိတ္တိ၊ ပညာကရဂုတ္တ၊ ဉာဏသိရိတို့၏ ကြိုးပမ်းချက်များသည် အက္ခပါဒ၊ ဝစ္ဆာယန၊ ဝါစပ္ပတိ၊ ဥဒယနာစရိယ၊ ဂင်ဂေသော ပ'ဓယာယတို့၏ ကြိုးပမ်းချက်များထက် မယုတ်လျော့ပေ။ သက္ကတဗျာကရဏဂိုဏ်းကျမ်းဖြစ် စန္ဒဂေါမိ၏ စန္ဒဗျာကရဏဂိုဏ်းသည် လွယ်ကူမှု၊ ပြည့်စုံမှုတို့ကြောင့် ပြိုင်ဖက်ကင်းဖြစ်နေသည်။ ပါဏိနိဗျာက

ရုဏ်းဌ္ဌလည်း အဓိက ဖြစ်သည့် ဆရာရှင်သုံးဦး (ပါဏိနီ၊ ကစ္စာယန၊ ပဘဉ္ဇလိ)ကလဲလျှင် ကာသိကာကျမ်းပြု ဇယာဒိစ္စနှင့် ဥာသ (ဥာသ်)ကျမ်းပြု ဇီနိန္ဒရ ဗုဒ္ဓိတို့သည် အလွန် အဆင့်အတန်းမြင့်သည့် ပုဂ္ဂိုလ်များဖြစ်ကြလေ၏။ ထိုပုဂ္ဂိုလ်နှစ်ဦးလုံးပင် ဗုဒ္ဓဘာသာဝင်များဖြစ်ကြလေသည်။ ကောသခေါ် အဘိဓာန်များ ထဲတွင်လည်း အကောင်းဆုံးဖြစ်သည့် 'အမရကောသ' ကျမ်းကို ရေးသူမှာ အမရသီဟအမည်ရှိ ဗုဒ္ဓ ဘာသာဝင်ပင် ဖြစ်လေသည်။ အာယုဗေဒ ဆေးပညာ၏ အစိတ်အပိုင်းဖြစ်သည့် ရသာယန ဆေးပညာ၌ နာဂါဇုန်၏ ပြောင်မြောက်ပုံကို အစဉ်အသိ အမှတ်ပြုထားကြလေသည်။ စာပေ၌လည်း အဿဃောသသည် ကာလီဒါသ၏ ရှေ့သွားဖြစ်လေသည်။ ဥပမာနှင့် စကားလုံးတန်ဆာဆင်ရာ၌ အဿဃောသသည် ကာလီဒါသနှင့် ဒဏ္ဍီတို့ ထက် မည့်ပေ။ အဿဃောသသည် ရာမာယဏပြီးလျှင် ပဌမဦးဆုံး သက္ကတ မဟာကဗျာဖြစ်သည့် 'ဗုဒ္ဓစရိတ' နှင့် 'သုန္ဒရာနန္ဒ' ကဗျာကျမ်းများကို ရေးသားခဲ့လေသည်။ 'ရဋ္ဌပါလ' နှင့် 'သာရိပုတ္တ' အမည်ရှိ သက္ကတ ဘာသာဖြင့် ပဌမဦးဆုံး ပြဇာတ်များကို ရေးသားသူမှာလည်း အဿဃောသပင် ဖြစ်လေသည်။ ခြောက်ရာစုနှစ်၌ စန္ဒဂေါမိသည် 'လောကာနန္ဒ' အမည်ရှိ ပြဇာတ်ကို ရေးသားခဲ့လေသည်။ ဟရရှဘုရင်သည် 'နာဂါနန္ဒ' ပြဇာတ်ကို ရေးပြီး ဘုရားအလောင်း၏ စံပြ ဘဝကို သရုပ်ဖော်ခဲ့လေသည်။

အိန္ဒိယ ပန်းပုအတတ်ပညာထဲမှ ဆန်ကျီ၊ ဘရဟုတ်၊ဂန္ဓာရ အမရာဝတီ (ဓာနယကဋက်) တို့တွင်ရှိသည့် အနုပညာများကို ဖယ်ထုတ်ပစ်၍ရနိုင်ပါမည်လော။ အဂျန္တာ၊ ဗာဂ၊ အလက်ကျီ၊ ဆုမာရာရှိ အဆင့် အတန်းမြင့်လှသည့် ပန်းချီလက်ရာများနှင့်

ပတ်သက်၍လည်း ထိုနည်းဂင်းပင်ဖြစ်လေသည်။ အိန္ဒိယ ပန်းဗု ပန်းချီပညာများ တိုးတက်ရေး၌ ဗုဒ္ဓဘာသာဝင်တို့၏ ကြိုးပမ်း ချက်ခှာ ကြီးကျယ်များပြားလှပေသည်။ ဝိသုကာအတတ်ပညာ နှင့် ပတ်သက်၍လည်း ထိုနည်းအတိုင်းပင်ဖြစ်လေသည်။ အဂျန္တာ အေလိုရာ၊ ကာရလာ၊ ဘာဂျရှိ တောင်များကို ခဲပြီးပြုလုပ်ထား သည့် ကောင်းမွန်လှသော ဂူများ၊ ပြာသာဒ် များသည် ဗုဒ္ဓ ဘာသာဝင်တို့၏ စံပြလက်ရာများဖြစ်ကြလေသည်။

ဗုဒ္ဓဘာသာ၏ အခြေခံသဘောတရားများ

လက်မခံသောအချက် သုံးခု၊ လက်ခံသောအချက် တခုတည်း ဟူသော ဗုဒ္ဓ၏ မူလအခြေခံသဘောတရား လေးချက်ကို သိထားလျှင် ဗုဒ္ဓ၏အဆုံးအမတော်များကို နားလည်ရေးတွင် အထောက်အပံ့ရပေလိမ့်မည်။ ယင်း သဘောတရားလေးချက်မှာ အောက်ပါအတိုင်းဖြစ်၏၊

(၁) ဣဿရ (ထာဝရဘုရား)ကို လက်မခံခြင်း၊ လက်ခံလျှင် "လူသည် မိမိကိုယ်တိုင် မိမိ၏ အရှင်ဖြစ်၏" ဟူသော သဘောတရားနှင့် ဆန့်ကျင်လေရာသည်။

(၂) အတ္တကို နိစ္စဟု လက်မခံခြင်း၊ လက်ခံလျှင် နိစ္စသဘော၊ တမျိုးဘည်းသောသဘောကို လက်ခံရာကျ၍ အတ္တ၏ စင်ကြယ်မှုနှင့် လွတ်မြောက်ရေးအတွက် အကူအညီပေါ်တော့မည် မဟုတ်ပေ။

(၃) မည်သည့်ကျမ်းဂန်ကိုမှ အခိုင်အမာဟု လက်မခံခြင်း၊ လက်ခံလျှင် အသိဉာဏ်နှင့် လက်တွေ့၏ အခိုင်အမာဖြစ်မှုပျောက်ကွယ်သွားလိမ့်မည်။

(၄) ဘဝဖြစ်စဉ်ကို ဤတဘဝမျှ သတ်မှတ်၍ လက်မခံခြင်း၊ (ရှေနောက် ကာလနှစ်ပါးဌာလည်း လက်ခံခြင်း) လက်မခံလျှင် ဘဝနှင့် ၎င်း၏ဆန်းကြယ်သော အဖြစ်အပျက်များသည် ကျိုး

ကြောင်းဆက်သဘောတရားအရ မဖြစ်မူ၍ "ရှောင်တခင်" အဖြစ် အဟုက်များသာဖြစ်သည်ဟူသောသဘော သက်ရောက်လေရာ၏။

၁၊ ဌာသရကိုလက်မခံခြင်း

ဌာသရဝါဒီများက ပြောကြ၏။ အကျိုးတိုင်းမှာ အကြောင်းရှိခဏမည်။ ထိုကြောင့် ကမ္ဘာလောကကြီးမှာလည်း အကြောင်းတခုခုရှိရမည်။ ၎င်းနည်းအရ ရှိရမည်ဖြစ်သော အကြောင်းမှာ ဌာသရဖြစ်သည်။ သို့သော် အခမ်းထွက်နိုင်၏။ ဌာသရသည် အဘယ်သို့သော အကြောင်းနည်း။ မြေအို၏ အကြောင်းဖြစ်သောမြေ၊ ရွှေနားတောင်း၏ အကြောင်းဖြစ်သော ရွှေကဲ့သို့ အမာခံအကြောင်း (ဥပါဒါန ကာရဏ) လေလော။

အကယ်၍ ဌာသရကို ကမ္ဘာလောကကြီး၏ အကြောင်းဟု ဆိုခဲ့ပြီးအုံ၊ ကမ္ဘာလောကကြီးသည် ဌာသရ၏ ရုပ်ပြောင်းရုပ်လဲ မျှသာဖြစ်ရာ၏။ သို့ဖြစ်လျှင် ကမ္ဘာတွင်ဖြစ်ပွားနေသော ကောင်းမှု၊ ဆိုးမှု၊ သုခ၊ ဒုက္ခ၊ ကြင်နာမှု၊ ရက်စက်မှု အားလုံးလည်း ဌာသရကြောင့် ဖြစ်သည်၊ ဌာသရထဲတွင် ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ ယင်းသို့ဆိုရလျှင် ဌာသရသည် သုခတုံးထက် ဒုက္ခတုံးကြီးပို၍ဖြစ်နေသည်။ အကြောင်းသော်ကား- ကမ္ဘာလောကကြီးတွင် လေးဘက်လေးတန်၌ ရက်စက်မှုများသာ မင်းမူကြီးစိုးနေသောကြောင့်ဖြစ်၏။သစ်ပင်များကို အသက်မရှိဟုဘဲ ယူဆပါဦး။ သို့သော် မှန်ပြောင်းဖြင့်ကြည့်မှ မြင်နိုင်သော ပိုးကလေးမှစ၍ ပိုးမွှားများ၊ ငှက်၊ ငါး၊ မြွေ၊ အိမ်မျှောင်၊ လင်းတ၊ ဝံပုလွေ၊ ခြသေ့၊ ကျား၊ လူရိုင်း၊ လူယဉ်အားလုံးပင် တကောင့်အသက် တကောင် သတ်ဖြတ်ဖမ်းယူနေကြ၏။ စူးစိုက်သော အမြင်ဖြင့် ကြည့်ပါက တကမ္ဘာလုံးသည် ကြက်သီးမွေးညှင်း ထစရာ စစ်

တသဲင်းကြီးဖြစ်နေကြောင်း မြင်ရပေလိမ့်မည်။ ကမ္ဘာ့စစ်တလင်းကြီးတွင် အားရှိသူများက အားမဲ့သူများကို ပလုပ်ပလောင်းဖြင့် မျိုဝါးစားသောက်နေကြ၏။

အထက်ပါ ဣသရ အပေါ် စွဲချက်တင်မှုများကို သဝသစ် (ပုဒ္ဓာတိ) အယူမရှိသူမှန်က ခြင်းချက်မရှိ လက်ခံပေလိမ့်မည်။ ဘဝသစ်အယူရှိသူ (ပုဒ္ဓာတိဝါဒီ)များကမူကား ဣသရအပေါ် မချဘဲ ရှေးဘဝကံကြမ္မာ၏အကျိုးဟု ဆိုနိုင်ကြပေသည်။သို့သော် ဤအချက်ကို စဉ်းစားစရာရှိ၏။ ရိုးရိုးသားသား စဉ်းစားကြည့်သောအခါ ကောင်းကျိုးဆိုးပြစ်၏ တာဝန်ရှိပုဂ္ဂိုလ်မှာ သိကြားလိမ္မာသူသာ ဖြစ်သင့်ပေသည်။

အရှုး၊ သို့မဟုတ် အရက်မူး၍ သတိမရသူ၊ သို့မဟုတ် မသိလိမ္မာသေးသော ကလေးသူငယ်များအပေါ် လူသတ်မှုပင် စွဲချက်တင်၍ မရပေ။ ထိုမှတပါး သူတို့ကိုယ်တိုင်၏ ကောင်းကျိုးဆိုးပြစ်များကိုလည်း မသိရှာ။ သူတို့ အသက်ပင် အခြား လူတိရစ္ဆာန်များ၏ သတ်စရာဖြစ်နေရရှာသော တိရစ္ဆာန်များသည် သူတို့ပြုသော ကံကြမ္မာ၏ တာဝန်ရှိသူများ ဖြစ်နိုင်ပါမည်လော။ လူသားများအထဲမှာပင် ကလေး၊ အရှုးစသော သူများကို ဖယ်ထုတ်ထားလိုက်ပါက တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သင့်သူ အလွန်နည်းပါးသွားပေလိမ့်မည်။ အကယ်၍ ကမ္ဘာပေါ်တွင် တာဝန်ရှိ ပုဂ္ဂိုလ် ကုဋေ ၁၅၀ ခန့်ရှိပါက အကျိုးခံစားနေရသူ ဤမျှမျှားမျှား အဘယ်အရပ်မှ ရောက်လာကြပါသနည်း။ အကျိုးခံစားနေရသူများမှာ အတိုင်းမသိ၊ ဂဏန်းမရှိ ဖြစ်နေသည်။

ကုဋေ ၁၅၀–ဟူသော ဂဏန်းကို 'လိပ်' သတ္တဝါ အရေအတွက် တမျိုးတည်းကပင် ကျော်လွန်ပေလိမ့်မည်။ ၎င်း 'လိပ်'

သည် လူထက်ပင် အသက်ရှည်၏။ ပကတိမျက်စေ့ဖြင့် မမြင်ရသော ပိုးကောင်များ၊ ၎င်းပြင် ဆင်များ၊ ဝေလငါးများကဲ့သို့ ကိုယ်ကာယ ကြီးမားသော သတ္တဝါများနှင့် ပတ်သက်၍ကား ဆိုဝရာပင်မရှိတော့ပေ။

ဣသရသည် မြေအိုး၏အကြောင်း မြေ၊ ရွှေနားတောင်း၏ အကြောင်း ရွှေကဲ့သို့ ဥပါဒါန (အမာခံ) ဖြစ်ခဲ့လျှင် အဘယ်ကြောင့် ပြောင်းလဲမှုမရှိ (နိုဗ္ဗာ)ကာရ) ဖြစ်နေရသနည်း။

အကယ်၍ ဣသရအား အိုးကိုလုပ်သော အိုးထိန်းသည်၊ နားတောင်းကို လုပ်သော ပန်းတိမ်သည်ကဲ့သို့ လက်သည် အကြောင်း(နိမိတ္တကာရဏ)ဟု ဆိုခဲ့မူ အမေးထွက်လာလိမ့်မည်။ ဣသရသည် မြေ-ရွှေကဲ့သို့သော တစုံ၊ခု ဥပါဒါန ကာရဏနှင့် ဂင်း၍ ကမ္ဘာကို ဖန်ဆင်းလေသလော။ သို့မဟုတ် ဥပါဒါန ကာရဏနှင့်တကွပင် ဖန်ဆင်း၊လေသလော။

ဥပါဒါန ကာရဏကင်း၍ ကမ္ဘာကို ဖန်ဆင်းသည်ဆိုပြီးအုံ့။ မရှိ (အဘာဝ)မှ အရှိ (ဘာဝ)ဖြစ်သည်ဟု ဆိုရာကျပေလိမ့်မည်။ ကျီးကြောင်းဆက် သဘောတရားကြီးလည်း လျှောကျပျက်စီးသွားပေလိမ့်မည်။ ထိုကဲ့သို့ ကျီးကြောင်းဆက်သဘောတရားကြီး ပျက်စီးသွားပြီဆိုလျှင် မြင်နေရသော ကမ္ဘာကြီး၏ အကြောင်းကား ဣသရဘဲဟု အဘယ်မှာ စဉ်လမ်းယူဆစရာ ရှိပါမည်နည်း။ မျက်လှည့်ပြသကဲ့သို့ ကမ္ဘာကြီးကို 'မာယာတုံး' ကြီး အဖြစ် အကြောင်းမပါဘဲ ဖန်ဆင်းထားသည် ဆိုပြီးအုံ့၊ မြင်နေရသော ပစ္စက္ခလောကကြီးပင် 'မာယာတုံး' (လှည့်စားချက်) ကြီး ဖြစ်နေပါက မှန်းဆခြင်း အနုမာနမှာ အဘယ့်သို့ အခိုင်အခန့်ဖြစ်လေမည်နည်း။

အကယ်၍ ဥပါဒါန ကာရဏဖြင့် ဖန်ဆင်းအံ့၊ အိုးထိန်းသည်ကဲ့သို့ ဖန်ဆင်းသူတခြား၊ဖန်ဆင်းအပ်သောကမ္ဘာ တခြားလော၊ သီးသန့်လော။ သို့မဟုတ် ပြန့်နှံ့၍လော။ သီးသန့်ဖြစ်ပါက သဗ္ဗဗျာပက (ဥဿုံလွှမ်းခြုံသူ) မဟုတ်တော့ပေရာ၊ ဖန်ဆင်းမှုအတွက် ဣသရသည် အခြားပုဂ္ဂိုလ်အကူအညီ ပစ္စည်းအကူအညီများ အဝေပါဒီတင်းရပေလိမ့်မည်။

လျှပ်စစ်မှုန့်များ (ELECTRONS) ထက်ပင် နှုန်းညံ့သိမ်မွေ့သော အမှုန့်သစ်များ (NEUTRONS) အထိ ရောက်ရန်နှင့် ၎င်းအမှုန့်ကလေးများကို ရောစပ်ပေးခြင်းအားဖြင့် အဆင့်ဆင့် ထူထဲခိုင်ခန့်သော ဝတ္ထုပစ္စည်းများ ပြုလုပ်ဖန်ဆင်းရန် ပန်းတိမ်သည်သည် ညှပ်ကိုအသုံးပြုသကဲ့သို့ ဣသရသည် အဘယ်လက်နက်ကိရိယာကို အသုံးပြုပါသနည်း။

ဤကဲ့သို့လျှင် ညှပ်ကြီးတကားကားနှင့် ပန်းတိမ်သည်အလားပြုလုပ်ဖန်ဆင်းနေရပါကလည်း အဘယ်မှာ သဗ္ဗသတ္တိမာ(အနန္တတန်ခိုးတော်ရှင်) ဖြစ်နိုင်ပါတော့မည်နည်း။ အကယ်၍ ဣသရအား ဥပါဒါနကာရဏနှင့် သဗ္ဗဗျာပက ဖြစ်အောင် ဖန်ဆင်းနိုင်သည်ဆိုဦးတော့ ဥပါဒါန ကာရဏ မပါဘဲ မဖန်ဆင်းနိုင်သောကြောင့် 'အနန္တ တန်ခိုးတော်ရှင်' မဖြစ်တော့ပေ။ 'ဥဿုံလွှမ်းခြုံသူ' ဟူသော ဘွဲ့ကို ခံယူခြင်းအားဖြင့်လည်း ညစ်ပတ်မှု၊ ရက်စက်မှု စသော အဆိုးတရားများ၏ စီးသွားပြန့်နှံရာမျှသာ ဖြစ်သည်ဟူသော အဖြစ်သာ သင့်ရောက်လေသင့်သည်။

ဤသို့အားဖြင့် ဣသရသည် ဥပါဒါန ကာရဏလည်း မဖြစ်နိုင်၊ ကမ္ဘာ၏အစဖြစ်သော အကြောင်းရှိရမည်သာ ဟူသည်မှာ မုချသတ်မှတ်ချက် တခု မဟုတ်ပေ။ "ငါ၏ အကြောင်းကား

အဘယ်နည်း။ ၎င်း၏ အကြောင်းကား အဘယ်နည်း'' ဟု အကယ်၍ မေးသွားလျှင် ကမ္ဘာ၏ အသိမ်မွှေဆုံးသော အရာဝတ္ထု၊ တစုံဘခု၊ သို့မဟုတ်၊ ၎င်းဝတ္ထု၏ကိုယ်တွင်းထူးတွင် မတန်မနား ရပ်ထား၍ မဖြစ်ပါက ဌာသရသို့ တိုင်သော်လည်း အဘယ်မှာ တန်ရပ်သွားပေမည်နည်း။ ဌာသရတွင်လည်း အခြားအကြောင်းတခုကို ရှာရဦးမည်ပင် မဟုတ်ပါလော။ ဤသို့အားဖြင့် ဌာသရကို အစဖြစ်သော အကြောင်းဟု ယူဆခြင်းမှာ ယုတ္တိမဘန်ပေ။ ချယ်လှယ် ကြိုးကိုင်သူမှာ ဌာသရဖြစ်ပါက လူသည် ဌာသရ၏ လက်တွင်းရှိ အရုပ်ဖြစ်နေတော့၏။ သို့အရုပ်ဖြစ်နေပါက ကောင်းမှု မကောင်းမှု တခုခု၏ တာဝန်ခံ မဖြစ်နိုင်တော့ပေ၊ သို့ဖြစ်ခဲ့လျှင် ကမ္ဘာတွင် လူသားများ၌ ဒုက္ခဖြင့် ပူလောင်ခြင်း ခံနေရပုံမှာ ဌာသရ၏ ကရုဏာတော်ကို ထုတ်ဖော်ညွှန်းပြနေခြင်း ပေလော။

ဌာသရကို ဖန်ဆင်းသူဟု ယူမှတ်ခြင်းလည်း မဖြစ်ပေ။ အကယ် ဖန်ဆင်းမှုသည် အစမရှိ (အနာဒိ) ဖြစ်ခဲ့သော် ဌာသရအား ကတ္တား တခု အနေ အသိအမှတ် ပြုဘွယ် မလိုပေ။ အကြောင်းသော်ကား ကတ္တား ဖြစ်ရန် အတွက် ဌာသရသည် အကျိုးဖြစ်သော ဖန်ဆင်းမှု အထင်အရှား ရှိနေနှင့်ရမည်။ အကယ်၍ ဖန်ဆင်းမှုသည် အစ(အာဒိ)ဖြစ်ခဲ့သော် နှစ်ပေါင်းတကုဋေ၊ နှစ်ကုဋေ၊ တခရင်း နှစ်ခရင်(၁-ခရင်ကုဋေတသောင်း) မဟုတ်။ အသင်္ချေ အနန္တ နှစ်များစမှ၍ ဖန်ဆင်းမှု ဖြစ်သော အချိန်တိုင်အောင် ထိုအပြုအမူ ကင်းသော ဌာသရ၏ကြောင်း အခိုင်အမာကား အဘယ်နည်း။ ကြိယာ(အပြုအမူ)က သာလျှင် ဌာသရ၏ကြောင်း အခိုင်အမာ ပြုပေးနိုင်သည် မဟုတ်တုံလော။

ဆိုခဲ့ပြီးသောအတိုင်း ဣသရအား လက်ခံခဲ့ပါက လူကို ဣသရပိုင်ဟု လက်ခံရပေမည်။ သို့လက်ခံလျှင် လူသည် မိမိ ကိုယ်ကို မိမိပိုင်၏။ ကြိုက်သလို မိမိကိုယ်ကို မိမိ စီမံပေးနိုင်၏ ဟူသော သဘောတရားကို လက်မခံနိုင်တော့ပေ။ သို့ဖြစ်လျှင် လူတွင် စင်ကြယ်ရေး (သုဒ္ဓိ)နှင့် လွတ်မြောက်ရေး(မုတ္တိ)အတွက် ကြိုးစား အားထုတ်ဘို့ အခန်း အဘယ်မှာ ရှိတော့မည်နည်း။ သို့ဖြစ်ခဲ့လျှင် ဘာသာရေးက ချပေးသော လမ်းစဉ်နှင့် ဘာသာ ရေး ကိုယ်တိုင် အကျိုးမဲ့ ဖြစ်လေရာ၏။

ဣသရကို လက်မခံပါက ခုရောနောင်ပါ လူသည် ကိုယ့် အလုပ်နှင့် ကိုယ် ဖြစ်သွားလိမ့်မည်။ လူ၏ အလုပ် လွတ်လပ်မှု ရှိပါမှ ဘာသာက ညွှန်ကြားထားသော လမ်းစဉ်များနှင့် ဘာသာ ကိုယ်တိုင် အကျိုး ရှိနိုင်ပေတော့မည်။ ဣသရဝါဒီများကြောင့် လွန်ခဲ့သောနှစ် ထောင်ပေါင်းများစွာက ဘာသာရေး အတွက် မငြိမ်းချမ်းမှုများနှင့် သွေးချောင်းစီး တိုက်ပွဲများ ဖြစ်ပွားခဲ့ရ လေသည်။ သို့ဖြစ်ပါလျက် ဣသရသည် အဘယ့်ကြောင့် ကြေ အေ ငြိမ်းချမ်းအောင် ဆောင်ရွက် မပေးသနည်း။ အမှန် အားဖြင့် ဣသရ (ထာဝရ ဘုရား) ဟူသည် လူ၏ စိတ်ကူး ဖန်ဆင်းချက် သာတည်း။

ဤနေရာတွင် ဗုဒ္ဓဘာသာဝင်များက အနတ္တကို မည်သို့ လက်ခံယုံကြည်ကြသည်ဟု ပဌမ ကျန်ပ်တို့ သိထားရပေမည်။ ဗုဒ္ဓလက်ထက်တော်တွင် ဗြာဟ္မဏပရိဗိုဇ်နှင့် အခြားဘာသာရေး ခေါင်းဆောင် ဆရာကြီးများက ကိုယ်ကာယနှင့် ပေါင်းရှိ သော်၎င်း၊ ကိုယ်ကာယနှင့် တသီးတခြားစီ သော်၎င်း၊ နိစ္စ ဖြစ်သော သက်ဝင်သတ္တိတခု ရှိ၏။ ၎င်းသတ္တိ ဝင်လာမှ ကိုယ်

ကာယတွင် ပူမှုနှင့် အသိဉာဏ် ရှေးသွားရှိသော လှုပ်ရှားမှု ပေါ်လာ၏။ ထိုသတ္တိ ကိုယ်ကာယက စွန့်ခွာ၍ ကံအားလျော်စွာ ကိုယ်ကာယ တပါးသို့ 'ပြောင်းကူး သွားလျှင် ကိုယ်ကာယသည် အေးသွား၍ သက်ဝင်သတ္တိကင်းသွားသည်ဟုယူဆကြ၏။ ၎င်းနိုစ္စ ဖြစ်သော သက်ဝင်သတ္တိကိုပင် ထိုဆရာကြီးများက "အတ္တာ" ဟု ခေါ်ကြ၏။ သျှာမ် (SEMITIC) ဘာသာလည်း ဘဝသစ်၌ ပြန်လည် မွေးဖွားမှု အယူမှအပ အခြား အယူများတွင် အတ္တ ဝါဒီများနှင့် အတူတူပင်တည်း။ ထိုပုဂ္ဂိုလ်ကြီးများအပြင် ဗုဒ္ဓ လက်ထက်၌ အခြားဆရာကြီးများ ရှိကြသေး၏။ ၎င်းတို့အဆိုကား ကိုယ်ကာယမှ တပါး သီးခြား တစုံတခုသော အတ္တဟူ၍ မရှိ။ ကိုယ်ကာယဘွင် အတိုင်းအရှည် အမျိုးမျိုးအားဖြင့် ပေါင်းစပ် နေသော ဓာတ်သဘော များးကြောင့် ပူမှု၊ လှုပ်ရှားမှုများ ပေါ်ပေါက်လာရသည်။ ဓာတ်သဘောများ အတိုင်းအရှည် အလို အပို ရှိသွားလျှင် အတ္တ ထွက်သွား လေတော့သည်။ ဤသို့ အားဖြင့် အတ္တသည် ကိုယ်ကာယမှ သီးခြား အရာဝတ္ထု၊ တခု မဟုတ်ပေ။

ဗုဒ္ဓကား တဘက်တွင် အတ္တကို နိုစ္စဖြစ်သော အမာခံဟု ယူဆမှု၊ အခြား တဘက်၌ ကိုယ်ကာယနှင့် အတူပင် အတ္တဟူ၍ စီးသွားသည်ဟု ယူဆမှုတည်းဟူသော နှစ်ဖက်စွန်းကို ရှောင်ကွင်း၍ အလယ်လမ်းကို လိုက်လေသည်။

ဗုဒ္ဓကဟောတော်မူလေသည်။-"အတ္တဟူသည်မှာ နိုစ္စအမာခံ အရာဝတ္ထု၊ တခု မဟုတ်။ စင်စစ်သော်ကား အထူးထူးသော အကြောင်း တို့ကြောင့် ခန္ဓာ(ရုပ်နှင့် နာမ်)တို့၏ ပေါင်းစပ်ခြင်း ကြောင့် ဖြစ်ပေါ်လာသော သတ္တိတခုသာ ဖြစ်သည်။ အခြား

ဗဟိဒ္ဓ ရူပ်ဝတ္ထုများကဲ့သို့ ၎င်းသတ္တိလည်း ခဏမလပ်ဖြစ်၍ ခဏ မလပ် ပျက်နေသည်။ စိတ်သည် ခဏမလပ်ဖြစ်၍ ခဏမလပ် ပျက်နေသော်လည်း ' စိတ်၏ အစဉ်သည် ဤကိုယ်ကာယတွင် ဆက်လက် ဖြစ်ပွားနေပါက ကိုယ် ကာယသည် အသက်ရှင် နေသည် မည်၏။ကျွန်ုပ်တို့၏ အဖွဲ့တွေ့ပြောင်းလဲမှုနှင့် ကိုယ်ကာယ ပြောင်းလဲမှုမှာ အလွန် တူညီလှပေသည်။

ကျွန်ုပ်တို့၏ ကိုယ်ကာယသည် ခဏတိုင်း ပြောင်းလဲနေ၏။ အသက်လေးဆယ်အရွယ် ရောက်နေသော ဤကိုယ်ကာယသည် ငါးနှစ်ရွယ်၊ အသက်နှစ်ဆယ်ရွယ်က ကိုယ်ကာယ မဟုတ်တော့။ အသက်ခြောက်ဆယ် အရွယ်သို့တိုင်အောင်၊ အသက်လေးဆယ် ရွယ် ကိုယ်ကာယရှိနေလိမ့်မည်လည်းမဟုတ်၊ ကျွန်ုပ်တို့၏ ကိုယ် ကာယကို ပြုလုပ်ဖန်တီးသော အဏုမြူ တခုစီ တခုစီသည် ခဏ မလပ် သူတို့ နေရာဟောင်းကို အသစ်အသစ် ဖြစ်ပေါ်ရေး အတွက် စွန့်ခွာသွားကြ၏။ သို့သော်လည်း ကိုယ်ကာယကို ပြုလုပ် ဖန်တီးပေးသော အဏုမြူအဟောင်းများနှင့် နောက်ဆက်အမှေခံ အဏုမြူများသည် အကြောင်းအမျိုးမျိုးမှာပင် တူညီပေ၏။ ဤသို့ အားဖြင့် ကျွန်ုပ်တို့၏ ပဌမနှစ်က ကိုယ်ကာယသည် ဆယ့်တစ် နှစ်မြောက်ဘဝ်မရှိ။ အနှစ်နှစ်ဆယ်မြောက်တွင် ဆယ်နှစ်က ကိုယ် ကာယ မရှိတော့ပြီ ဖြစ်သော်လည်း တူညီသော ပြောင်းလဲမှု ကြောင့် အကြမ်းပြင်းအားဖြင့် ကျွန်ုပ်တို့က ကိုယ်ကာယကို တခုတည်းဟု ခေါ်ဆိုအပ်၏။ ဤသို့အားဖြင့် အတွင်လည်း ခဏ ခဏပြောင်းလဲနေ၏။ သို့သော်လည်း တူညီသော ပြောင်းလဲမှု ကြောင့် တခုတည်းဟု ခေါ်ဆိုအပ်၏။ မိမိဘဝကို မိမိပြန်၍ ကြည့်ပါလေ။ လွန်ခဲ့သော နှစ်နှင်ကာ အသင်သည် စီးကရက်နံ့ကို

အဝေးကြီးကပင် သည်းမခံနိုင်ဖြစ်ခဲ့၏။ ယခု စီးကရက်ကို မြိန်မြိန်ရှက်ရှက်သောက်နေ၏။ လွန်ခဲ့သော နှစ်နှစ်က ၄ာက်များကို ကိုယ်တိုင်သတ်၍ တဖွတ်ဖွတ်ဖြစ်နေပုံကို ကြည့်ရလျှင် သင့်အတွက် အတော်ပျော်စရာကောင်းနေ၏။ သို့သော် ယခု သင်သည် အခြားသူများသတ်နေသော ၄ာက်တခုကောင် တဖွတ်ဖွတ်ဖြစ်နေပုံကို မြင်ရလျှင် ကိုယ်တိုင် တဖွတ်ဖွတ် တုန်လှုပ်လာ၏။

အကယ်၍ သင်သည် မိမိစိတ်သဘောနှင့် ဝါသနာစရိုက်ကို ရေးမှတ်ထားလေ့ ရှိပါက မိမိ၏လွန်ခဲ့သော (၁၀) နှစ်က ဒိုင်ယာရီကို ကောက်ယူ၍ ဖတ်ကြည့်စမ်းပါ။ ထိုဒိုင်ယာရီတွင် လွန်ခဲ့သော (၁၀) နှစ်က သင်ကိုယ်ပိုင် ပြုထားသော အယူအဆအမျိုးမျိုးကို တွေ့ရပါလိမ့်မည်။ သို့သော် (၁၀)နှစ်ကြာပြီးနောက် ယနေ့တွင်ကား တယောက်က သင်၏ စကားလုံးများဖြင့်ပင် သင်၏ အယူအဆ များကို သင့် ရှေ့မှောက်သို့ ဆောင်ကြဉ်းလာခဲ့လျှင် သင်သည် ပြတ်ပြတ်တောက်တောက် ငြင်းဆိုပေလိမ့်မည်–"၁၂ ငါ့အယူအဆ မဟုတ်ပါဘူး။ ငါဘယ်တုန်းကမှ ဒီလိုမယူဆခဲ့ဘူး"။ သို့သော် စင်စစ်အားဖြင့် သင် ဤကဲ့သို့ ငြင်းဆန် ပြောဆိုခြင်းသည်လည်း မှန်ကန်ပါ၏။ အကြောင်းသော်ကား လွန်ခဲ့သော (၁၀) နှစ်က သင့် အတွေ့အကြုံများက သင့်ကို ပြောင်းလဲလိုက်ပြီ ဖြစ်သောကြောင့်တည်း။

စိတ် (မန) သည် ပြောင်းလဲ၏။ အတွေ့ကား အနည်းငယ်သာ ပြောင်းလဲ၏ဟု သင်တို့က ပြောနိုင်သည်။ မနဒ္ဒတပါး အတွေ့ဟူသည့် အခြားမည်သည့်အရာဝတ္ထုတခုမျှမရှိ။ စိတ်ဝိညာဉ် အတွေ့ဟူသည် တမျိုးတည်းသော အရာဝတ္ထုဖြစ်၏။ စက္ခု၊ သောတ ဃာန(ဏှာ)ဇိဝှာနှင့် ကာယ ဣန္ဒြေများကို ပစ္စက္ခ တွေ့နိုင်သကဲ့သို့

မနကို ကျွန်ုပ်တို့ မတွေ့နိုင်ပေ။ မန ရှိကြောင်း ကျွန်ုပ်တို့ အဘယ်ကြောင့် လက်ခံရသနည်း။ မျက်လုံးများဖြင့် မန်ကျည်း သီးကို မြင်ရ၏။ ထိုနောက် လျှာမှ သွားရည် ကျလာ၏။ နှာခေါင်းဖြင့်မကောင်းသောအနံ့ကိုနံ၏။ထို့နောက် လက်သည် နှာခေါင်းသို့ ရောက်သွား၏။ မျက်စေ့နှင့် လျှာသည် တခုတည်း မဟုတ်။ တခုနှင့် တခုလည်း ဆက်စပ်နေသည်မဟုတ်။ ထိုကြောင့် မျက်စေ့နှင့် လျှာကို ဆက်စပ်ရန်အတွက် တတိယ ဥာဏ်တခု လိုအပ်၏။ ထို လိုအပ်သော ဥာဏ်မှာ မန(စိတ်)ဖြစ်၏။ ဥာဏ်ခြေ ငါးပါးသည် မိမိ တို့၏ အသိဉာဏ်ကို အကြင်ဌာနသို့ ပို့၏။ ထို့နောက် အကြင်ဌာနမှ ကိုယ်ကာယ၏ အင်္ဂါအစိတ်အပိုင်း အသီးသီးသည် ရှေ့လျှား လှုပ်ရှားမှု အမိန့်ကို နာခံရ၏။ ထိုဌာနကား မနပင်တည်း။ မနကသာ ခံယူမှုတွေးကြံမှု ဆုံးဖြတ်မှု များကို ပြုလေ၏။ ထိုမနသည် ခံယူမှု စသည်ကို အဘယ်ကဲ့သို့ ပြုသနည်း။ စစ်ဗိုလိုက်ကဲ့သို့ သီးခြားနေ၍ ပြုသည်မဟုတ်။ ဥပမာ အားဖြင့် ပြွန် ငါးခုဖြင့် အနီ၊အဝါ၊ အစိမ်း၊ အညို၊ အနက်ရောင် အမှုန့်များ ထည့်ထားပြီး အောက်ဘက်တွင် ပိုက်ပြွန် ငါးခုလုံးနှင့် တဆက်ထည်း လုပ်ထားသည့် ဖန်ပြွန်ချောင်း တခုမှ ရေမျှား စီးယို ကျဆင်းနေသည် ဆိုကြားအံ့။ ပြွန်ဝကိုလည်း တလှည့်စီ ဖွင့်ပေးနေမည်ဆိုလျှင် ကျဆင်းရာ အရောင်အလိုက် ရေ၏ အရောင် ထွက်လာတိသကဲ့သို့ အကြင်အခါ မျက်စိသည်မည်းနက် သော မြွေဘက်သို့ ရောက်သွားအံ့။ မည်းနက်သော မြွေကို ကျွန်ုပ်တို့ မြင်ရပေလိမ့်မည်။

ထိုနောက်အသိသည် လျင်မြန်စွာ စိတ်သို့ရောက်လာ၏။မိမိ၏ အကြောင်းဖြစ်သော ရှေးရှေးစိတ်များ၏ အတွေ့အကြုံ ဗီဇရှိ

သော ထိုခဏ၌ ဖြစ်သည့်စိတ်သည် ထို အသိသစ် တည်းဟူ သော အမှန်ကျသဖြင့် ထိုအသိအလိုက်ဖြစ်ကာ ကြောက်ရုံ့ထိတ် လန့်ခြင်းအရောင်ပေါ်လာလေသည်။ ခဏတခုမျှဖြင့် မြွေကိုမြင်ရ ပြီးနောက် ကျွန်ုပ်တို့ တန်ရုပ်သွားရမည်ဖြစ်၏။ သို့သော်လည်း လှိမ့်လှတ်လိုက်သော ဘီးကဲ့သို့ ခဏမျှားစ့ာတိုင်အောင် တခုပြီး တခု ဆက်သွားလေ့ရှိသော စိတ်၌ ထိုကဲ့သို့ ထိတ်လန့်ကြောက်ရုံ့ ခြင်းအရောင်သာလျှင် ပေါ်လာရလေသည်။ သို့သော်လည်း ဒုတိယခဏစိတ်သို့ရောက်တိုင်း အသိ၏ အရှိန်အဟုန် လျော့ကျ သွားပေလိမ့်မည်။ အကယ်၍ မြွေကိုခဏပေါင်းမျှားစ့ာမြင်နေရ လျှင် သင့် ဖက်သို့လည်း မြွေကလာနေလျှင် ခဏ မလပ် ဖြစ်ပေါ် နေသော စိတ်တွင်ကြောက်မှု အဟုန်သည် ပိုကဲလာပေလိမ့်မည်။ ကြောက်မက်ဘွယ် ကောင်းသော အကြောင်းအရာမျှားနည်းတူ ဝမ်းမြောက်ဘွယ် ကောင်းသော အကြောင်း အရာမျှားနှင့် အခြားအကြောင်းမျှားကိုလည်း သိအပ်၏။

အထက်ပါအကြောင်းမျှားကြောင့် စက္ခုစသော ဥာဏ်မျှား အပြင် ဥာဏ်မျှားကို ဆက်စပ်ပေးတတ်သော အတွင်းဥာဏ်ဘခုကို လက်ခံဘို့ရန် ကျွန်ုပ်တို့တွင် မုချလိုအပ်လာပေ၏။ ထိုလိုအပ်သော ဥာဏ်ကို မနဟုခေါ်လေ၏။ မနမှတပါး အတ္တကို အဘယ်မှာ လိုအပ်ပါတော့မည်နည်း။ အကယ်၍ "ရှေးရှေးအဇ္ဇတအကြိုမျှား ကို သတိတရထားရန် အတ္တကို လိုအပ်၏၊ မနကား ခဏိက သာတည်း" (သို့သော် မနသည် ခဏိကဖြစ်၏ဟူသော စကား ကို အတ္တဝါဒီမျှားကမဆို ၎င်းတို့အလိုအားဖြင့် မနသည် ခဏိက မဟုတ်)ဟု ပြောပြားအံ့။ မနသည် ခဏိက်ဖြစ်သော်လည်း မိမိ၏ နောက်၌ဖြစ်သောမန၏အကြောင်းလည်းဖြစ်၏ဟုပြော၊ ပေလိမ့်

မည်။ ဆွေစဉ်မျိုးဆက်ထုံးတမ်းစဉ်လာအရ အမိဘဖ၏ မြောက်မြားစွာသောအကြောင်းခြင်းရာများသည် သားသီး မြေး မြစ်သို့ လိုက်သကဲ့သို့ ရှေးရှေး မနုသည် မိမိ မိမိတို့၏ အတ္တ အကြုံ ပီဇ သို့မဟုတ် သန်ါရ (ဝါသနာ)ကို နောက်နောက် မန အတ္တက် အမွေဆက် အနေအားဖြင့်ပေး စွန့်သွား၏။ ဤကဲ့သို့ ပေးသွားခြင်းသည်ပင် သတိတရ ဖြစ်ခြင်း၏ အကြောင်းဖြစ်နိုင်လေသည်။

အမှန်အားဖြင့်သန်ါရ(ဝါသနာ)၏ရိုက်ခတ်ချက်ကားခဏိက ဝတ္ထုမှာသာ ထင်နိုင်၏။ အတ္တကို အကယ်၍ အမာခံနိစ္စဟုခေါ်ဆိုခဲ့သော် ၎င်းသည် အဆုံးမရှိသော ကာလသို့ တိုင်အောင် တမျိုးတည်း တစားတည်းဖြစ်နေပေလိမ့်မည်။ အမြဲတမ်း တမျိုးတစားတည်းဖြစ်သွားမည့် အတ္တအပေါ်တွင် အတ္တအကြုံများ၏ ရိုက်ခတ်ချက်အဘယ်မှာ ထင်နိုင်ပေအုံ့နည်း။ အကယ်၍ ထင်နိုင်လျှင် ရိုက်ခတ်ချက်ကြောင့်ပင် အတ္တ၏ နုကိုမူပျက်စီး ပြောင်းလဲသွားပေလိမ့်မည်။

အတ္တသည် အပြင်အပ အစိတ်အပိုင်းများ၌သာ တံဆိပ်ခတ်ရမည့်သက်မဲ့အရာဝတ္ထုမဟုတ်။အတ္တသည် သက်ရှိဖြစ်၏၊ထို့ကြောင့် သက်ရှိ အခြေအနေတွင် ဣန္ဒြေကြောင့်ဖြစ်သော အသိဉာဏ်သည် အတ္တသို့အနှံ့ဝင်ရောက်သွားပေလိမ့်မည်။ ထိုနောက် အတ္တသည် ရာဂ၊ဒေါသ၊မောဟ-အမျိုးမျိုးမှ တမျိုးမျိုးသဘောရှိသောတရား ဖြစ်ရလိမ့်မည်။ ထိုအခါ ထိုအမျိုးမျိုး သဘောရှိသော တရားသည် မရိုက်ခတ်မီခင်က အတ္တမဟုတ်နိုင်တော့ပေ။ထို့ကြောင့်ပင် အတ္တသည် တမျိုးတည်း တစားတည်း (ကေရသ)လည်း မဟုတ်နိုင်ပေ။

သို့ဖြစ်လျှင် အတ္တသည် အဘယ်သို့လျှင် နိစ္စ ဖြစ်နိုင်အံ့နည်း။ ရိုက်ခတ်ရာထင်သည်ဟု အချိန်အနည်းငယ်အတွင်း ယူဆလက်ခံ ပါမူ ထိုရုပ်မဟုတ်သော သခ်ါရလည်း နိစ္စဖြစ်သော အတ္တတွင် ကျရောက်ပြီး မလှုပ်မရှားဖြစ်သွားလိမ့်မည်။ သို့ဖြစ်လျှင် သုဒ္ဓိနှင့် မုတ္တိအတွက် အဘယ်ပုံမျှော်လင့်ပါအံ့နည်း။

နိစ္စဖြစ်သောအတ္တတစုံတခုမရှိဟုဆိုခဲ့လျှင်မနကလည်း ခဏိက ဖြစ်သောကြောင့် ကိုယ်ကာယ ဗျက်စီးသွားသောအခါ ကောင်းမှု မျှား၏ ဝိပါက် (အကျိုး)သည် အဘယ်သို့ ဖြစ်တော့အံ့နည်း။ ဤနေရာတွင် ဗုဒ္ဓဝါဒီများက ဝိပါက်ကို အဘယ်ပုံအမှတ်အသား ပြုကြောင်း ပဋ္ဌမသိထားရမည်။ ကျွန်ုပ်တို့ ပြုပြုသမျှ ကောင်းမှု မကောင်းမှုကို ရေးမှတ်ရန် ဣဿရ (ထာဝရဘုရားသခင်)သည် ကျွန်ုပ်တို့နောက်တွင် လက်မြန်စာရေး ခန့်အပ်ထားရှိသည်ဟု ဗုဒ္ဓဝါဒီများက မဟူဆပေ။ ကျွန်ုပ်တို့၏ ကောင်းကောင်းဆိုးဆိုး ကာယကံ ဝစီကံ – ပြုပြုသမျှ၏ အရင်းခံမှာ မန ဖြစ်၏။ ထို့ကြောင့် ဒေါသနှင့် ယှဉ်သော အလုပ်ကို လုပ်ရန် မှန သည် ဒေါသနှင့် ယှဉ်ရ၏။ ရာဂနှင့်ယှဉ်သော အလုပ်ကို လုပ်ရန် မန သည် ရာဂ နှင့်ယှဉ်ရ၏။ ဆန့်ကျင်ဘက်အသံတခုက လာရောက် နှောင့်ရှက်ခြင်း မပြုသမျှ မူလ အသံ၏ ပဲ့တင်မြည်နေမှု ပျောက် မသွားပေ။ အပျက်သဘောအားဖြင့် ပျောက်မသွားသမျှ ပေါ် ပေါက်လာသော မန ၏ အပြု အမူသည် ဆက်လက် ဖြစ်ပွားနေ ပေလိမ့်မည်။ လူသည် တနေ့တည်းနှင့် ခက်ထန် ကြမ်းကြုတ်လာ သည်မဟုတ်။ ခဲ့စိတ်ကုသသော ဆရာဝန်ပင် တဖြည်းဖြည်းချင်း မိမိ၏ စိတ်ကိုကြမ်းလာအောင် လုပ်ပေးရ၏။ သွေးစွန်းလာ အောင် လုပ်ဘို့ကား အဘယ်ဆိုဘွယ်အံ့နည်း။

အဖေါ်မဲ့ အပြစ်မဲ့ မိန်းကလေး တဦးအနှိပ်စက်ခံနေရသည်ကို မြင်လျှင် ကြည့်ရသူများမှာ စိတ်မထိခိုက်ဘဲ မနေနိုင်။ သို့သော် ကိုယ်တိုင်သတ်နေသော သူ၏စိတ်ကား မကြမ်းကြုတ်ဘဲ အဘယ်မှာ နေနိုင်မည်နည်း။ ထို့ကြောင့် ကျွန်ုပ်တို့ပြုသမျှ ကံ၏ အရှိန်အဟုန်သည် ထိုစဉ်အခါက ဖြစ်ပေါ်သော မနသို့ ကျရောက်လေသည်။မန ကြမ်းကြုတ်လာသည်နှင့်အမျှ ထိုသူတွင် သိမ်မွေ့သော အဇတ္တုအခေါ် တိုးတက် ပွင့်လင်းသော အရည် အချင်းများ လျော့ပါးသွားလေသည်။

ကောင်းမှု မကောင်းမှု စိတ်နေသဘောထားမှာ အပေါင်းနှင့် အနှုတ်ကဲ့သို့ ဖြစ်လေသည်။ အပေါင်းစုများ၍ အနှုတ်စုနည်းလျှင် အပေါင်းဘက် ချိန်ခွင်ခွက်လေးလာမည်။ထိုစာရင်းသည် စိတ်၏ ခဏတိုင်းဖြစ်ပေါ်နေသော အဖြစ်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါနေ၏၊ ဤစိတ်စာရင်း၏ အပေါင်း ကား လ၊သီတင်း၊နေ့ရက် ပေါင်းများစွာ ကြာပြီးမှ ပေါ်ထွက်လာသည် မဟုတ်။ ချက်ခြင်း လက်ငင်းဖြစ်ပေါ်နေ၏။ လူဟူသည်မှာ အဘယ်နည်း။ မိမိ၏ ရှေးရှေးဘဝ ကောင်းမှုမကောင်းမှု အတွေ့အကြုံများ၏ အပြည့် အစုံပေါင်းကိန်းဖြစ်၏။ဒုတိယ ခဏ၌ ဖြစ်ပေါ်နေသော မနသည် အကြောင်းအမျိုးမျိုးတွင် မိမိအားဖြစ်စေလိုက်သော ပဌမ မနမှ အမွေ အနှစ်ရလိုက်၏၊ ယင်းအမွေအနှစ် အစဉ်အဆက်သည် ယေဘုယ်ကာ အိုမင်းသည်တိုင်အောင် ဖြစ်ပွားသွား၏ ဟူသော အချက်ကို သိရန် အခက် အခဲရှိမည် မဟုတ်။ သို့သော် ဗုဒ္ဓ၏ ဒေသနာတော်အရယင်းအစဉ်အဆက်သည်ပဋိသန္ဓေမနေမီကပင် ရှိခဲ့၏။ စုတိ၏ နောက်၌လည်း ရှိလိမ့်မည်။ သေခါနီး ကာလ၌ မိမိ၏ ရှေးဘဝ အတွေ့အကြုံများဖြင့် ပြီးသော မှန်၏ ဥပမာကို

ပုံစံခွက်သို့ရောက်သွားသောအခါ ရပ်သွားမည့် ပိုက်ပြွန်ချောင်းမှ စီးဆင်းလာသည့် လောလောပူသော သံရည်ဖြင့်နှိုင်းခိုင်း နှိုင်ပေ၏။ ထိုပုံစံခွက်၏ အခြားတဘက်၌ အစနားတွင် အကောင်းစား သံလိုက်ခဲထားသော အခြားပြွန်းချောင်းတခုရှိခဲ့လျှင် ထိုသံလိုက်ခဲသည် သံရည်ကိုပြွန်ချောင်းတွင်းသို့ ဝင်သွားစေရန် နေရာအနှံ့တွင် ပျံ့နှံ့နေလိမ့်မည်။ ဤကွဲသို့ပင် စုတေခါနီး၌ စိတ်အစဉ်သည် မိမိ၏သခ်ါရ(ဝါသနာ)အစုနှင့် အတူ ဤဘဝ၏ အစွန်တွင် တည်ရှိနေ၏၊ စိတ်အစဉ်သည် သခ်ါရအစုတည်းဟူသော သံလိုက်နှင့်တူသော သဘောရှိသည့် အနီဆုံး (အခြားမဲ့) ကိုယ်ကားယကို ဆွဲငင်ပြီး တဖန်စိတ်အစဉ်၏ ရှေးဟောင်း လုပ်ငန်းကိုပင် စတင်လုပ်ဆောင်စေ၏၊ ဤအစဉ်သည် တဏှာကုန်ဆုံးပြီး ဖြစ်နေကျ အစဉ်မပြတ်မချင်း၊ နိဗ္ဗာန်ကို မရုမချင်း ဆက်လက် နေပေလိမ့်မည်။ ဤသို့အားဖြင့် ကံ၊ ကံ၏ အကျိုး၊ ဘဝတပါးဟူ၍ဖြစ်လေ၏။

ဇီဝ(အတ္တ)ကိုနိစ္စဟု ယူဆလျှင် အပြစ်မြောက်မြားစွာရှိရာ၏။ ဇီဝကို နိစ္စဟုယူဆလျှင် မသေဟုသာ အသိအမှတ်မပြုဘဲ မဖြစ်ဟုလည်း အသိအမှတ်ပြုရပေမည်။ ဘဝသစ်တွင် တဖန်ပြန်လည်မွေးဖွားမှုဝါဒကို လက်မခံသော သျှာမ်(SEMITIC)ဘာသာတွင်လည်း ဇီဝဟူသည် နှစ်ပေါင်း အရပ်-ခရပ် (အရပ် ကဋ္ဌေတရာ၊ ခရပ်-ကုဋ္ဌေတသောင်း)မဟုတ်။ အစမရှိသော ကာလမှ ယနေ့တိုင်အောင် တိတ်ဆိတ် ငြိမ်သက်စွာ မလှုပ်မရှားရှိနေခဲ့သည်ဟု ယူဆ၏။

ယခုအခါ တနှစ်၊ အနှစ်ငါးဆယ် သို့မဟုတ်၊ အနှစ်တရာ တိုင်တိုင် ရှေးဘဝ ကံကြမ္မာ တစုံ တရာ မပါဘဲ ဤလောကတွင်

ဝမ်းတွင်းကန်း၊ မျက်စေ့ကောင်း၊ ဝမ်းတွင်းရောဂါသည်၊ ကျွန်းမာသူ၊ဥာဏ်နဲ့သူ သို့မဟုတ် ဥာဏ်ထက်သူများအဖြစ် ပေါ်ပေါက်သွားလေပြီ။ သေလွန်ပြီး နောက်လည်း အဆုံးမရှိသော ကာလသို့ တိုင်အောင် မိမိ၏ တသက်တာ ကံကြမ္မာ အဆိုးအကောင်းကို အကြောင်းပြု၍ ဘုံခန်း သို့မဟုတ် ငရဲခန်း၌ စံစားခံစားရပေလိမ့်မည်။ ဤကဲ့သို့ သဘောရှိသော နိစ္စသဘောတရားသည် ဆင်ခြင်တုံ့နှင့် စပ်သည်ဟု ဝန်ခံနိုင်ပါမည်လော။ အချို့သော ပုဂ္ဂိုလ်များသည် တဖန်ပြန်လည် မွေးဖွားမှုကိုလည်း ယုံကြည်ကြ၏။ ထိုဂ္ဂိုလ်တို့၏ အကြောင်းအချက် နှစ် မျိုးသည် အချင်းချင်းဆန့်ကျင်၏။ အတ္တသည် နိစ္စဖြစ်ခဲ့လျှင် အမာခံလည်း ဖြစ်ရမည်။ အမြဲတမ်း တမျိုးတစားတည်း ဖြစ်နေရမည်ဟု ဆိုလိုသည်။ တဖန် တမျိုး တစားတည်းသော ဝတ္ထုကို အကယ်၍ စင်ကြယ်သည် (ပရိသုဒ္ဓ)ဟု ယူဆခဲ့လျှင် ထိုအတ္တသည် အဘယ်သို့လျှင် ဇာတိ-မရဏ စက်ကွင်းသို့ ကျရောက်နိုင်ပါသနည်း။ အကယ်၍ မစင်ကြယ်(အသုဒ္ဓ)ဟု ယူဆခဲ့လျှင် အသုဒ္ဓ ဖြစ်ခြင်းကြောင့် အတ္တ၏ လွတ်မြောက်ရေး အသို့လျှင် ဖြစ်နိုင်ပါအုံးနည်း၊ နိစ္စအမာခံဖြစ်လျှင် သင်္ခါရ၏ ရိုက်ခတ်ချက်သည် အတ္တပေါ်သို့ မကျနိုင်ပေ။ ဤအကြောင်းကို ကျွန်ုပ်တို့ပဌမ ပြောခဲ့လေပြီ။ ရိုက်ခတ်မှုအတွက် မနကို အသိ အမှတ် ပြုရမည်ဆိုလျှင် အတ္တကို လက်ခံယုံကြည်စရာ အဘယ်မှာ လိုအပ်ပါတော့မည်နည်း။

မနနှင့် အတ္တသည် တခုတည်းဖြစ်၍ အတ္တသည် ခဏိကဖြစ်ခဲ့လျှင် တခုတည်းမဟုတ်သော အရာတွင် 'ငါရှေးကဖြစ်ခဲ့ပြီ၊ ငါယခုဖြစ်ဆဲ'ဟု တခုတည်း အနေအားဖြင့် အဘယ့်ကြောင့် အရိပ်အရောင်ထွက်နေရသနည်းဟု အမေးထွက်နိုင်ပေ၏။ အဖြေကား

အပေါင်းတွင် တခုတည်းသော သဘောရှိ၏ ဟူသော အသိသည် ကမ္ဘာ၏ သာမန် ဥပဒေ နိယာမ တရပ်ဖြစ်၏။ ကျွန်ုပ်တို့သည် ကမ္ဘာလောက၏ မည်သည့်ဝတ္ထုပစ္စည်းကို ကြည့်ကြည့်၊ ထိုဝတ္ထုပစ္စည်း၏ အလယ်၌ အကြားရှိသော အဏုမြူ ထောင်ပေါင်းများစွာဖြင့် ပြုလုပ်တည်ဆောက်သားသည်ကို တွေ့ရပေမည်။

ယင်းစကားသည် သံ၊ ပလက်တီနမ်၊စိန်ကဲ့သို့ မာကျောသော အရာဝတ္ထုအားလုံးနှင့်သက်ဆိုင်၏။ ကျွန်ုပ်တို့အမြင်သည် သိမ်မွေ့နူးညံ့သည်ဖြစ်ပါလျှင် ဘာနားသို့ကပ်သွားသောအခါ တောရှိသစ်ပင်များကို ခွဲခြားရှုမြင်သကဲ့သို့ ထိုမာကျောသောအရာဝတ္ထုများကိုလည်း အဏုမြူအထိ တခုစီမြင်ရပေလိမ့်မည်။ ဤသို့အားဖြင့် ကမ္ဘာပေါ်ရှိ မြင်ကွင်းဝတ္ထုအားလုံး၏မူလသည် တခုတည်းမဟုတ်သော်လည်း တခုတည်းအဖြစ် ခေါ်ဝေါ်ပညတ်ထား၏။ မရေတွက်နိုင်သော အစိတ်အပိုင်းများဖြင့် တည်ဆောက်ထားသောကိုယ်ကာယကို ကျွန်ုပ်တို့က 'တကိုယ်တကာယ' ဟု ခေါ်ကြ၏။ သစ်ပင်ပေါင်းမြောက်များစွာရှိသော တောကို 'တတော' ဟုခေါ်ကြ၏။ ကြယ်တာရာပေါင်း များစွာအစုအဝေးကို 'ကြယ်တလုံး' ဟု ခေါ်ကြ၏။

သို့သော် ထူးခြားချက်တခုရှိ၏။ ကိုယ်ကာယ၊ တော၊ ကြယ်တာရာများတွင် အပေါင်းနှင့်အစိတ်သည် တချိန်တည်း တနေရာတည်းမှာ ထင်ရှားနေခိုက် မန (စိတ်) ကား ခဏမလပ် တခုပြီးတခု ဖြစ်ပွားလျက်ရှိ၏။ ၊ခုတည်းကဲ့သို့ ဖြစ်သွားမှုအတွက် မီးစက်ဝန်း၊ မှတ်အောင်လည်နေသော ၊လယာဉ်ပျံ၏ ပန်ကာ သို့မဟုတ် လည်နေသော လျှပ်စစ်ပန်ကာများကို ဥပမာပေးနိုင်သည်။ မီးစက်ဝန်း၏အရောင်၊ ပန်ကာ၏အတောင်အလက်များ

သည် ကျွန်ုပ်ဘို့ မမှတ်နိုင်အောင် သိမ်မွေ့သော ကာလအတွင်း တခုနေရာမှ အခြားတခုနေရာသို့ လျင်လျင်မြန်မြန်ကြီး ရောက်သွားလေသည်။ ကာလကို သီးခြားကင်းလွတ်စွာ အမှတ်အသားပြု၍ မီးစကို စက်ဝန်းအနေ အမှတ်အသား ပြုရပေသည်။ ဤနည်းတူစွာ မန သည်လည်း အကြားအကြားကို မမှတ်ယူနိုင်အောင် မိမိနေရာတွင် အခြား စိတ်တလုံးအား ဖြစ်ပေါ်စေသည်။ စက်ဝန်း၏ တမျိုးတည်း ဖြစ်သွားပုံကဲ့သို့ မှတ်ယူရလေတော့သည်။

မြစ်ရေယဉ်ကိုလည်း တကြောတည်းဟု ပြောကြ၏။ သို့သော် မြစ်ရေမှာ ထောင်ပေါင်းများစွာသော ရေပေါက်ရေစက်များ စုပေါင်း ပြုလုပ်ထားအပ်သည်မဟုတ်လော။ ရေပေါက် ရေစက် တခုမှာလည်း မရေတွက်နိုင်သော အုတ်ဇူဇင်၊ အောက္ကဆီဂျင် ပရမာဏုမြူများဖြင့် ပြုလုပ်ထားအပ်သည်မဟုတ်လော။ ပရမာဏုမြူတလုံးသည်လည်း မြောက်များစွာသော ဓာတ်ဖိုဓာတ်မ လျှပ်စစ်များ (ဂင်းအမှုန့်များအတွင်း၌ ပတ်ပတ်လည် ပြေးလွှားရန် အလုံအလောက် အကြားရှိ၏) နှင့် အသိမ်မွေ့ဆုံးသော နယူတရွန်များ (NEUTRON-)ဖြင့် ပြုလုပ်ထားအပ်သည်မဟုတ်လော။ အမှုန်အားဖြင့် ကမ္ဘာပေါ်ရှိနေရာတကာမှာပင် အပေါင်းကို တခုအဖြစ် ခေါ်နေကြ၏။ ကျွန်ုပ်တို့ ဘာသာစကားတွင် ဤကဲ့သို့ ကမ္ဘာ့လက်သုံး ထုံးဥပဒေကြီးတရပ် ရှိနေချိန်တွင် ခဏိကဖြစ်သော မန၏ အစဉ်အတန်းကို သာမန်အားဖြင့် ကျွန်ုပ်တို့က တခုဘည်း ပြုလုပ် ခေါ်ဝေါ်ခဲ့သော် အဘယ်မှာ အံ့ဘွယ်ရှိပါမည်နည်း။

အံ့ဘွယ်ကောင်းသည်ကား ဆိုလတ္တံ့သော အကြောင်းသည် သာဖြစ်၏။ တကမ္ဘာလုံးမှာပင် တခုတည်းဟု ခေါ်ဆိုပညတ်

ထားအပ်သောအရာ ပေါင်းစုနေသည်ကို မြင်ပါလျက် ပေါင်းစပ်နေရိုးမှန်လျှင် အတ္တကို အဘယ်ကြောင့် တခုတည်းကဲ့သို့ ထင်မှတ်ရသနည်းဟု မေးမြန်းကြ၏။ အတ္တသည် ခဏိကဖြင့်၍ ဒုတိယခဏ၌ မရှိတော့လျှင် အတ္တ၏ ပြည့်စုံမှု (ပုဏ္ဏတာ) စင်ကြယ်မှု (ပရိသုဒ္ဓိ) အဘယ်သို့ ဖြစ်နိုင်တော့အံ့နည်း။ အဖြေကား ဤသို့တည်း။ ကျွန်ုပ်တို့သည် မနကို ခဏိကဟု အသိအမှတ် ပြုသော်လည်း မန၏အစဉ် (သန္တတိ) ကို ခဏိကဟု အမှတ်အသားမပြု။ ဂင်္ဂါမြစ်ရေ၊ ရေ၏တည်ရာ၊ ကမ်းနှစ်ဖက်နှင့် သဲများအားလုံး-အမြဲဘမ်း ပြောင်းလဲနေသော်လည်း အားလုံး၏ အစဉ်အဆက်ကား ဖြစ်ပွားလျက်ရှိ၏။ ၎င်းကို ကျွန်ုပ်တို့ တခုတည်း အသိအမှတ်ပြု၍ "ဂင်္ဂါ" ဟု ခေါ်ကြ၏။ ဤကဲ့သို့သော စိတ္တသန္တတိ (စိတ်အစဉ်) ၏ စင်ကြယ်မှု၊ ပြည့်စုံမှုကို ပြုလုပ်ပေးရပေမည်။ စိတ်အစဉ်သည် ရာဂ ဒေါသ မောဟ အညစ် အကြေးများမှ ကင်းစင်လွတ်မြောက်သည်နှင့်အမျှ ပုဂ္ဂိုလ်၏ ကာယက် ဝစီကံ မနောကံများ စင်ကြယ်သန့်ရှင်း သွားတော့သည်သာလျှင်တည်း။ ထိုကဲ့သို့ လွတ်မြောက် ကင်းစင်သွားခြင်းကြောင့် ထိုပုဂ္ဂိုလ်သည် မိမိ သူတပါး အကျိုးစီးပွားကို ထမ်းဆောင်နိုင်စွမ်းရှိလေတော့သည်။ စိတ်အစဉ်တွင် ရာဂ၊ ဒေါသ အနုံ့အသက် မရှိခဲ့လျှင် ပုဂ္ဂလဓိဋ္ဌာန် ကိုယ်ကျိုးကိုသာ ဗဟိုချက်မ ထားတတ်သော တဏှာသည် တဖြေးဖြေး အိမ်ထောင်၊ ရပ်ရွာ၊ မြို့နယ်၊ မြေပြင်တဝှမ်း၊ သတ္တဝါမှန်သမျှ၏ အကျိုးကို မိမိအကျိုးကဲ့သို့ ပြုကျင့်၍ မိမိ၏ နယ်ပယ်အဝန်းကို အဆုံးမရှိသော အရပ်သို့တိုင်အောင် ချဲ့ချဲ့သွားလေတော့သည်။ ထိုအခါ အဆုံးမရှိသော နယ်ပယ်အဝန်းသို့တိုင် ရောက်နေသည့် တဏှာသည် အနှောင်အဖွဲကင်း

လျက် တဏှာဇာတ် ပျက်လေတော့သည်။ ထိုကဲ့သို့ တဏှာပြယ်သွားသော ပုဂ္ဂိုလ်အတွက် နိဗ္ဗာန်လမ်းသည် ဟင်းလင်းပွင့်လေတော့၏။ ထိုအခါ ဒုက္ခနှောင်တွင်းမှ လွတ်ကင်းလေတော့သည်။ လွတ်မြောက်မှုအထိဆိုက်ရောက်စေရန်အတွက် ပုဂ္ဂိုလ်သည် ကိုယ်ကျိုးတည်းဟူသော နယ်စပ်ကို ဖြတ်ကျော်၍ လောကသူ လောကသား အကျိုးအတွက် ဘာဝဆိုစွန့်လွှတ်ရ၏။ [ဇာတ်နိပါတ်လာ ပုံပြင်ဝတ္ထုကောင်းများတွင် ဧတ္တပေလိမ့်မည်။ ပြည့်ဝမှု (ပါရမီ) အတွက် ဗောဓိသတ် (ဘုရားလောင်း) သည် အဘယ်မျှ စွန့်လွှတ်ခဲ့ရသနည်း။] တဏှာကိုစွန့်ခြင်းသည် ဒုက္ခလမ်းကို ပိတ်ဆို့ခြင်းဖြစ်၏။ အကြောင်းသော်ကား ကမ္ဘာပေါ်ရှိ များစွာသော ဒုက္ခတို့မှာ တဏှာနှင့် ကိုယ်ကျိုး ကိုယ်စီးပွားကြောင့်သာလျှင် ဖြစ်သည် မဟုတ်ပါလော။

ဤသို့အားဖြင့် မနသည် ခဏိကဖြစ်သော်လည်း စိတ်အစဉ်ကခဏိကမဟုတ်သောကြောင့် မန၏ ပြည့်ဝမှု၊ စင်ကြယ်မှုကို ပြုရမည်သာဖြစ်၏။ အမှန်အားဖြင့် အတ္တကို အနိစ္စ အမာခံ အတ္တဟူ မယူဆဘဲ ၎င်းအစား ခဏတိုင်း ပေါ်နေသော စိတ်၏အစဉ်ဟု အသိအမှတ်ပြုခဲ့လျှင် အတ္တဟူသော စကားလုံးအနေအထားတွင် တစုံတရာကန့်ကွက်ဘွယ်မ ရှိတော့ပေ။ သို့သော် အတ္တစကားလုံးကို နိစ္စဖြစ်သော နာမ်တရားအတွက် ခေါ်ဝေါ် သုံးစွဲကြ၏။ ထိုကြောင့် ဗုဒ္ဓက "အနတ္တ" စကားလုံးကို သုံးစွဲခဲ့လေသည်။

၃။ မည်သည့်ကျမ်းဂန်ကိုမှ အခိုင်အမာဟု မယူဆခြင်း

ဘာသာဝင်တိုင်းပင် မိမိ မိမိတို့၏ ကျမ်းဂန်ကို အခိုင်အမာဖြစ်သည်ဟု ယူဆယုံကြည်ကြ၏။ ယုံကြည်စေရန်လည်း ကြိုးစားအားထုတ်ကြ၏။ ဗြာဟ္မဏတို့သည် ဝေဒကို ဘုရားဟောမှုခပါ၌

ထွက်အခိုင်အမာဖြစ်သည်ဟုယူဆကြ၏။ ဝေဒကျမ်းလာအချက်ပေါင်းများကိုမြောက်များစွာပင် အခြားဘာသာရေး ကျမ်းဂန်များနှင့် သိပ္ပံ ပညာရပ်၏ လက်တွေ့ပေါင်းများစွာဖြင့် စမ်းသပ်ထားအပ်သောအခိုင်အမာပြုချက်များနှင့်ဆန့်ကျင်နေ၏။သို့ဖြစ်ခဲ့လျှင်ထိုကဲ့သို့သော ကျမ်းဂန်မျိုးကိုအခိုင်အမာဖြစ်သည်ဟုအဘယ်မှာ ယူဆယုံကြည်နိုင်ပါမည်နည်း။ ဝေဒသည် သိပ္ပံပညာရပ်၏ လက်တွေ့များဖြင့် စမ်းသပ်ထားသည့်အခိုင်အမာပြုချက်များနှင့် အကယ်၍ မဆန့်ကျင်ဟုဆိုခဲ့လျှင် မဆန့်ကျင်ကြောင်း အဘယ်ပုံသိသနည်းဟု အမေးထွက်လာလိမ့်မည်။ ဝေ၏ အခိုင်အမာ ဖြစ်ကြောင်း သက်သေခံအတွက် နောက်ဆုံးတွင် အသိဉာဏ် (ဆင်ခြင်တုံ) ကို အားကိုးရပေလိမ့်မည်။ ဤအချက်ကို ထောက်သဖြင့် ဝေ၏ အခိုင်အမာ ဖြစ်မှုသည်လည်း အသိဉာဏ်အပေါ်သာ မှီသည်ဟူသော အချက်ထင်ရှားသည် မဟုတ်လော။ သို့ဖြစ်လျှင် ဝေထက် အသိဉာဏ်ကသာ အရင်းခံအခိုင်အမာဖြစ်လေတော့သည်။ ဤနေရာတွင် ဝေနှင့်ပတ်သက်၍ဆိုအပ်သကဲ့သို့ သမ္မာကျမ်းစာ (ဗိုက်ဗယ်) ကုရာန် စသော ဘုရားဟော အခိုင်အမာဟု ယူဆယုံကြည်ရန် သတ်မှတ်ထားသည့် ကျမ်းဂန်များနှင့် ပတ်သက်၍လည်း နားလည်အပ်၏။

အမှန်အားဖြင့် ဣသရေ (ထာဝရဘုရားသခင်) ပင်လျှင် မရှိပါက ဣသရေဆိုင်ရာ ကျမ်းဂန်များ အဘယ်မှာ အခိုင်အမာဖြစ်ပေတော့အုံးနည်း။

ကျမ်းဂန်များကို ဘုရားဟော အခိုင်အမာဟု ယူဆကြခြင်းကြောင့် ကမ္ဘာပေါ်တွင် ကြောက်မက်ဘွယ် ကျူးကျော်စစ်ကားမှုများ ဖြစ်ပွားခဲ့ရလေပြီ။ ဗိုက်ဗယ်ကို အခိုင်အမာဟု မယူဆ

ခဲ့လျှင် ဂေလေလီယိုး၏ အဖြစ်ဆိုး မခေါ်ပေါ်ခဲ့ပေရာ၊ အခြားသော သိပ္ပံပညာရှင် ဆရာကြီးများ၏ အသက်သွေးခဲဖြင့် လက်ဆေးပွဲများလည်း မကျင်းပဖြစ်ခဲ့ပေရာ။ အကယ်၍ စစ်နိုင်မုဆလမာန်ဘုရင်များသည် ကုရာန်ကို ဘုရားဟော အခိုင်အမာဟု မယူဆခဲ့လျှင် ဂရိက်အဘိဓမ္မာဆရာကြီးများ နှစ်ထောင်ပေါင်းများစွာ ကြိုးပမ်းပြီး ကျမ်းစာ စာစောင်များ အဖြစ်ဆိုကနှစ်ရှိဘုရင်၏ ပိုင်ရှကတိုက်များတွင် စုဆောင်းထားရှိအပ်သော ကျမ်းစာပေများကို မီးတိုက်ပြီး ပြာချမပစ်ခဲ့ပေရာ။

ကျမ်းတစောင်တဖွဲ့ကို အခိုင်အမာဟု ယူဆယုံကြည်ခြင်းသည် သည်းမခံနိုင်ခြင်း၏ အကြောင်းဖြစ်၍ ကျမ်းဂန်ကို အခိုင်အမာဟု ယူဆခြင်းသည် ကမ္ဘာပေါ်တွင် နှစ်ထောင်ပေါင်း များစွာ ကာလကမ္ဘစ၍ လူသားကို အမှားယုံကြည်ထားခြင်းနှင့် စိတ်ဓာတ် ကျွန်ခံခြင်းတည်း ဟူသော ချောက်ကြီး ကျင်းကြီးထဲသို့ ချထားသည်သာမက အသိဉာဏ်ကျယ်ပြန့်မှုကို ဆီးဆို့ပိတ်ပင်ထားခြင်းနှင့်အတူ သွေးပေါက် သွေးစက်များဖြင့် မြေပြင်ကို ခြင်းခြင်းနီစေအောင်လည်း အားပေးအားမြှောက် လုပ်ပေးခဲ့လေ၏။ ခရစ်ယာန်ဘာသာရေးတိုက်ပွဲဟူသည်မှာ အဘယ်နည်း။ ဗိုက်ဗလနှင့် ကုရာန်တို့ သူ့ကျမ်းစာခိုင်မာသည်၊ ငါ့ကျမ်းစာခိုင်မာသည်ဟု ငြင်းဆိုခြင်း၏ အကျိုးသက်ရောက်လာချက်ပင်တည်း။

ကျမ်းဂန်တခုခုအပေါ်တွင် အခိုင်အမာဖြစ်သည်ဟု ယူဆမှုသည် ထိုကျမ်းဂန်များရှိ အကြောင်းအချက်များတွင် သံသယမဖြစ်တော့ဘဲ ရှေ့သို့တိုးတက် စူးစမ်းမှုကို ဆီးဆို့ပိတ်ပင်ထားလေတော့သည်။ စူးစမ်းမှုသာလျှင် ကမ္ဘာပေါ်ရှိ သိပ္ပံပညာရှင်

ဆရာကြီးများ၏ ထုတ်ဖော် တီထွင်ချက်များ အကြောင်း ဖြစ်ပေသည်။

ဂေလေလီယိုသည် ဗိုက်ဗလ် (သမ္မာကျမ်းစာ)တွင် ဆိုသည့် အတိုင်း ပထဝီ မြေကြီးကို အပြားကြီးဟု ယူမှတ်ခဲ့လျှင် သူ့တွင် မြေကြီးအလုံးဖြစ်ကြောင်း သက်သေခံ အလင်းရောင် ပေါ်လာနိုင်တော့မည်မဟုတ်ပေ။ အကယ်၍ ကက်ပလာသည် ဗိုက်ဗလ်၏ နေ့ကလျှာ်လည်သွားသည် ဟူသော အယူအဆကို ယုံမှားမဲ့ယူဆယုံကြည်ခဲ့လျှင် မြေလုံးလည်ကြောင်း တွက်နည်း သုံးမျိုးကို အဘယ်မှာ ထုတ်ဖော်တီထွင်ဖြစ်တော့မည်နည်း။ အမှန်အားဖြင့် ကျမ်းဂန်ကို အခိုင်အမာဟု ယူဆလျှင် နျူတန်သည် အာကာသနသတ္တိ(GRAVITATION)ကို ရှာဖွေ တွေ့ရှိတော့မည် မဟုတ်ပေ။ အိုင်စတိုင်ကလည်း နျူတန်၏ အာကာသနသတ္တိကို ပယ်ဖျက်သုတ်သင်ပစ်ခဲသော ပြန်လှန်ခဲ့ သဘောတရား(RELATIVITY) ကြီးကို ထုတ်ဖော်တီထွင်နိုင်မည်မဟုတ်တော့ပေ။ အမှန်အားဖြင့် ကမ္ဘာပေါ်တွင် အတတ်ပညာ ယဉ်ကျေးမှုနှင့် ပတ်သက်၍ တိုးတက်မှုမှန်သမျှ ကျမ်းဂန်ကို အခိုင်အမာဟု မယူဆဘဲ ငြင်းဆိုရာမှ ပေါ်ပေါက် လာခဲ့ရခြင်းဖြစ်သည်။ လက်တွေ့အားဖြင့် အဘယ် ဘာသာရေး သမားတယောက်က မိမိ၏ ဘာသာရေး ကျမ်းဂန်ကို အခိုင်အမာ အမှတ်အသားပြုပါသနည်း။ ကျမ်းဂန်ဟူသည်မှာ ထိုထိုကျမ်းများ ပေါ်ပေါက်ခဲ့သော အချိန်ကလူပြော သူပြော ခွဲဘာသားချက်များ၊ အကန်းယုံကြည်မှုများ၊ မသိမလိမ္မာမှုများဖြင့် ချုပ်နှောင်ဖွဲ့စည်းထားချက်ဖြစ်၏။ ကျမ်းဂန်များသည် ထိုထိုခေတ်တွင်း ဘာသာရေး၊ လူမှုဆက်ဆံရေး နိုင်ငံရေး လုပ်ငန်းများကို အသေဘာက်အကူပြုပေးကြ၏။ နှစ်ပရိ

ဇွန်၁ ထောင်ပေါင်းများစွာ ကုန်လွန်ပြီးနောက် ကျမ်းဂန်လာ အကြောင်းအရာများသည်ကွယ်လွန်သေဆုံးခဲ့ကြလေပြီ။ သို့သော် လည်း ကျမ်းဂန်သမားများသည် အသေကောင်းများကို လည် ပင်းတွင် ဆွဲထား လိုကြသေး၏။ စိန်ပေါလ် လဲက်ထက်တွင် အမျိုးသမီးများ ခေါင်းမြီးခြုံမှုကို ထိုခေတ်ဖက်ရှင်အရ အလုပ် ကောင်းတခုဟု အသိအမှတ်ပြုချင်ပြုပါတော့။ သို့ရာတွင် ထိုအ ကြောင်းရေးသားထားချက်ကြောင့် ယနေ့ ဥရောပတိုက်ရှိ အမျိုး သမီးများ ဘုရားရှိခိုးကျောင်းတက်ရာ၊တရားရုံးတွင် ကျမ်းကျိန် ရာတို့၌ ဦးထုပ်မဆောင်းမနေရ အဘယ့်ကြောင့် ပညတ် ထားရ မည်နည်း။ အခြား တိုင်းပြည်များရှိ လူ့အဖွဲ့အစည်းက ထိုကဲ့သို့ ပြုလုပ်နေစရာမလိုဟု အသိအမှတ်ပြုနေကြချိန် ဖြစ်သည် မဟုတ် ပါလော။

ကျမ်းဂန်၏ တကယ်အခိုင်အမာကြီးတခု ဖြစ်ရေး အတွက် ကျမ်းပြုသူကို 'သဗ္ဗညူ' (အကုန်သိသူ) တဦးဟု အသိအမှတ်ပြုရ ပေမည်။ သဗ္ဗညူဆိုရာတွင်လည်း ဒေသအားလုံး၊ ကာလအား လုံး၊ အကြောင်းအရာအားလုံးနှင့် စပ်ဆိုင်နေရ ပေလိမ့်မည်။ သို့ဖြစ်လျှင် အကယ်၍ သဗ္ဗညူ တဦးတယောက်သည် ကျွန်ုပ်တို့ မမြေးမီ အနှစ်တထောင် လောက်က ကျွန်ုပ်တို့ ပြုလုပ်မည့် ကောင်းမှု မကောင်းမှု အပြုအမူ အားလုံးကို သိနှင့်ထားသည် ဆိုလျှင် ကျွန်ုပ်တို့က သဗ္ဗညူ သိနှင့်ထားသောအတိုင်း မလွဲ မသွေ ပြုပေးရပေတော့မည်။လွဲဖယ်ပြောင်းလဲခဲ့လျှင် သဗ္ဗညူ၏ သဗ္ဗညုတဉာဏ် အမှား အလွဲဖြစ် သွားပေ တော့မည်။ တဖန် လူသည် ဤကဲ့သို့သော သဗ္ဗညူ၏ လက်ထဲတွင် အရုပ်မျှသာ ဖြစ်မနေပါလော။ တဖန် အရုပ်တွင် သူ့အတွက်ကောင်းမှု

မကောင်းမှု ရွေးချယ်ရန်နှင့် ပြုလုပ်ရန် အဘယ်ခြာ အခွင့်အရေး ရှိပါတော့အုံးနည်း။ သို့ဖြစ်ခဲ့လျှင် ဤသို့သော ဘာသာရေး၊ ဘာသာရေး ကျမ်းဂန်များနှင့် ထိုကျမ်းဂန်များတွင် ရေးဆိုထားခဲ့သော အဆုံးအမများ၏ အကျိုးသည် အဘယ်မှာ ရှိပါအုံးနည်း။

စင်ကြယ်ရေးနှင့် လွတ်မြောက်ရေးဖြစ်မှု အတွက် အလုပ်လုပ်ရန်လူသားတွင် လွတ်လပ်မှု မုချရရှိရပေမည်။ အလုပ်လုပ်မှုလွတ်လပ်ခြင်းအတွက် အသိဉာဏ်၏ လွတ်လပ်မှုလည်း မုချရှိရမည်။ အသိဉာဏ်လွတ်လပ်မှုအတွက် မည်သည့် ကျမ်းဂန်၏ အနှောင်အဖွဲ့မျှလည်းမရှိသင့်ပေ။ အမှန်အားဖြင့် မည်သည့် ကျမ်းဂန်၏ အခိုင်အမာဖြစ်မှုမဆို ထိုကျမ်းဂန်၏ အသိဉာဏ် ရှေးသွားရှိမှု အပေါ်တွင် တည်၏။ အသိဉာဏ်၏ အခိုင်အမာဖြစ်မှုကား ကျမ်းဂန်အပေါ်တွင် မတည်ပေ။

အထက်ပါအကြောင်းသုံးချက်ကို ဗုဒ္ဓဘာသာကလက်မခံပေ။

၄။ ဘဝအလျှဉ်ကို ဤကိုယ်ကာယ၏ ရှေ့နောက်ကာလ နှစ်ပါးလုံးခွဲပယ် ယက်ခံခြင်း

ကလေးငယ်၏ ပဋိသန္ဓေနှင့်အတူ သူ၏ဘဝစတင်လေတော့သည်။ ကလေးငယ်ဟူသည်မှာ အဘယ်အရာနည်း။ ကိုယ်နှင့်စိတ်ပေါင်းစပ်ချက်ဖြစ်၏။ ကိုယ်သည်လည်း တခုတည်း သက်သက်မဟုတ်။ စင်စစ်သော်ကား တချိန်တည်းမှာပင် မရေတွက်နိုင်သော အဏုမြူများ၏ အပေါင်းဖြစ်၏။ ယင်းအဏုမြူများသည် ခဏတိုင်းပြောင်းလဲနေ၏။ ပျောက်ကွယ်သွားသော အဏုမြူများ အစား ၎င်းတို့နှင့်တူသော အခြား အဏုမြူများ ဖြစ်ပေါ်လာ၏။ ဤသို့အားဖြင့် ခဏတိုင်း ကိုယ်ကာယတွင် ပြောင်းလဲနေ၏။

နှစ်ပေါင်းများစွာကြာပြီးနောက် အမှန်အားဖြင့် ယခင် ကိုယ်ကာယဟောင်း မဟုတ်တော့ပေ။ စင်စစ် ပြောင်းလဲမှုသည် တူသော ပရမာဏုမြူများအားဖြင့်ဖြစ်၏။ ထိုကြောင့် "ဤကိုယ်ကာယသည် ထိုကိုယ်ကာယပင်တည်း"ဟု ကျွန်ုပ်တို့ ပြောကြ၏။ ကိုယ်ကာယနှင့် ပတ်သက်သော စကားသည် မန(စိတ်)နှင့်လည်း ဆိုင်၏။ ထူးခြားချက်ကားမနသည် သိမ်မွေ့၍ ၎င်း၏ ပြောင်းလဲချက်လည်း သိမ်မွေ့၏။ ရှေနောက်သဘောဝရား ထူးခြားမှုကို သိမှတ်ရန်ခဲယဉ်း၏။ အတ္တနှင့် မနသည် အတူတူသာ ဖြစ်၏။ အတ္တသည် ခဏတိုင်းပြောင်းလဲနေ၏။ ဤအကြောင်းကို တနေရာတွင် ကျွန်ုပ်တို့ ဆိုခဲ့ပြီးလေပြီ။

ကိုယ်ကာယနှင့် မန(အတ္တ) နှစ်မျိုးစလုံးပင် ပြောင်းလဲနေ၏။ ခဏတခု အခိုက် အတန့်တွင် တည်ရှိသော ကခလေးငယ်၏ ဘဝကို ကြည့်ကြပါစို့။ ထိုကလေးငယ်၏ ထိုခဏ ဘဝသည် ရှေးကျသော ဘဝအစိတ်အပိုင်း၏ လွှမ်းမိုးမှုကို ခံရပေလိမ့်မည်။ ကကြီးခန္ဓေးသင်ချိန်ပုစ္ပ၍ အလယ်တန်းများတွင် သင်ကြားပြီးနောက်တချိန်တွင် ထိုသူငယ်သည် အမ်အေ အောင်သွား၏။ ထိုသူငယ်၏ နောက်နောက် စိတ်အခိုက်အတန့်သည် ရှေးရှေးစိတ်အခိုက်အတန့်၏ အကျိုးဖြစ်၏။ ထိုသူ၏ ဘဝ ဖြစ်စဉ်တွင် အလယ်က ဖေါက်၍ ကွင်းဆက်တခုကို ကျွန်ုပ်တို့ ဖြုတ်မယူနိုင်ပေ။ မက်ထရစ်ကို မဖြတ်ကျော်ခဲ့ရဘဲ အဘယ်မှာ အက်(ဖ)အေ သို့ရောက်နိုင်ပါ့အုံနည်း။ ဤသို့အားဖြင့် ကျိုးကြောင်းကွင်းဆက်သည် ပဋိသန္ဓေမှ စုတိ တိုင်အောင် မပြတ် မတောက်ဆက်လက်သွားဟန်ရှိ၏။ ဘဝသည် ဤမျှ ရှည်လျားစွာသော ကာလတိုင်အောင် ကျိုးကြောင်းဆက် သဘောတရားပေါ်တွင် အမှီပြုသွား

ပြီး ဌီသဘောတရုတလေမှ ရှောင်တခင် မပေါ်ပေါက်ခဲ့ပါက ဘဝ၏ အစဦး ဖြစ်စဉ်တွင် ကျိုးကြောင်းနိယာမ သဘောတရား ကိုလက်မခံဘဲ ရှောင်တခင် အဖြစ်ဘခု အနေဖြင့် ကျွန်ုပ်တို့ လက်ခံကြရမည် မဟုတ်ပါလောဟု မေးစရာရှိ၏။ ရှောင်တခင် ဖြစ်မှုသည် သဘောတရားတရပ် မဟုတ်ပေ။ အကြောင်းသော် ကား ရှောင်တခင်ဖြစ်မှုတွင် ကျိုးကြောင်းဆက် ဥပဒေနိယာမ သဘောတရားကို ငြင်းဆန်ထားသောကြောင့် ဖြစ်၏။ ကျိုး ကြောင်းဆက် ဥပဒေနိယာမသဘောတရားနှင့်ကင်း၍ မည်သည့် အရာမျှ အပြည့်အဝ ဖြစ်မလာနိုင်ပေ။

အမိအဖ၏ ကိုယ်ကာယသည် မိမိတို့နှင့်တူသော သားသမီး၏ ကိုယ်ကာယကို မွေးဖွားသကဲ့သို့ မိဘ၏ စိတ်သည် ထိုစိတ်နှင့် တူသော သားသမီး၏ စိတ်ကို မွေးဖွားပေးသည်ဟု ဆိုခဲ့သော် အစိတ်အပိုင်းအားဖြင့် မှန်သော်လည်း အကုန်မမှန်ပေ။ အကယ် ၍ ထိုအတိုင်းဖြစ်ရိုးမှန်လျှင် အသိဉာဏ်နှံ့လှသော မိဘများမှ အသိဉာဏ်ထက်သော သားသမီးများ အသိဉာထက်သော မိဘများမှ အသိဉာဏ်နှံ့သော သားသမီးများကို မမွေးဖွား ပေရာ။ ပညာရှိ၏ သားသမီးသည် များသောအားဖြင့် မိုက်မဲနေ တတ်သည်ကို တွေ့ရ၏။ ကျွန်ုပ်တို့သည် ဘဝအလျှင်းကို ဤကိုယ် ကာယ၏ ရှေကာလ၌လည်း အသိအမှတ် ပြုခဲ့လျှင် ထိုအရှုပ် အထွေးများ ပျောက်ကွယ်သွားပေလိမ့်မည်။

ရှေးရှေးဘဝတိုင်းသည် နောက်နောက်ဘဝများကို ဖန်တီး၏ ဟုလည်း ဆိုနိုင်၏။ တွင်းမှထုတ်ယူထားသော သံ၊ အရည်ကျိုရ ထားသော သံစိမ်း၊ အကြိမ်များစွာ အေးမှည် ပူမှည် ပြုလုပ် ထားသော သံမဏိသုံးမျိုးစလုံးပင် သံချည်းဖြစ်ကြသော်လည်း

ထိုသံမျှားတွင် ပြုပြင်မှုအတိုင်း အရှည် အနည်း အမျှားရှိသကဲ့သို့ ဘဝကိုလည်း အနည်း အမျှားပြုပြင် ထားအပ်သည်ကို တွေ့ရ၏။ ဥာဏ်ကောင်းသော ကလေး၏ အသိဥာဏ်သည် သံမဏိကဲ့သို့ ခရေးရှေးသော ကာလက ကြာမြင့်စွာ လေ့ကျင့်ခြင်း အားဖြင့် ကောင်းစွာပြုပြင်ထားအပ်သော အသိဥာဏ်ဖြစ်၏။ စိတ်ဓာတ် အလေ့အလာ လုပ်မှုသည် သတိအဖြစ်ဖြင့် အချင်းခပ်သိမ်း တည်မြဲနေဘို့ အလွန်အကျူး မလိုအပ်သော်လည်း ထိုအလေ့ အကျင့်အားလျော်စွာ အနည်းအမျှား ပြုပြင်ထား အပ်သည်ဟူ သော အချက်ကား မရှောင်လွှဲနိုင်သော အကြောင်း အချက်တခု ဖြစ်၏။ ဤဘဝတွင်လည်း ကောလိပ်ကျောင်းမှ ထွက်ပြီးနောက် နှစ်အနည်းငယ်အတွင်းမှာပင် သင်ခန်းစာ စာအုပ်များမှ သင်အံ လာခဲ့သော နည်းနာဆောင်ပုဒ် အမြောက်အမြားပင် မေ့လျော့ သွားခဲ့လေသည်။ သို့သော် လေ့လာကြိုးပမ်းမှုအားလုံး အကျိုးမဲ့ ဖြစ်သွားသည်ဟုကား မယူဆနိုင်ပေ။ အိုး သစ်တွင် ရက်အနည်း ငယ်ထား၍ ထုတ်ယူထားအပ်သော ထောပတ်ကဲ့သို့ မေ့သွား သော်လည်း သင်ကြားမှု အထုံသည် စိတ်၏ အတွင်း၌ ဝင်နေခဲ့၏။ အထုံသည်ပင် သင်ကြားမှု၏ အကျိုးဖြစ်၏။

ကောလိပ်ကျောင်းမှ ထွက်၍ နှစ်ပေါင်းများစွာ ကြာချင် ကြာပေစေ၊ သင်ကြား လေ့လာခဲ့သော အကြောင်း အရာများ မေ့ဖျောက်သွားချင် သွားပေစေ၊ ထိုသူ၏စိတ်ဓာတ်တွင် ရင့်ကျက် လာမှုသည် သူ၏ ရှေးသရေအခါ တချိန်က ပညာ သင်ကြားခဲ့ ခြင်းကို သက်သေခံနေသကဲ့သို့၊ ငယ်စဉ်က တောက်ပနေသော အသိဥာဏ်ကို ရှေးရှေးဘဝလေ့ကျက်မှု၏ အကျိုးဟု အဘယ်မှာ အသိအမှတ်မပြုဘဲ နေသင့်ပါအုံးနည်း။ အမှန်အားဖြင့် ဆွေစဉ်

မျိုးဆက် လိုက်မှီဝဲသော စိတ်ဓာတ်စွမ်းရည်၏ အကြောင်းမဖြစ်နိုင်သော အစိတ်အပိုင်း၊ အမြောက်အများရှိ၏။ (ဥာဏ်ထက်မှု၊ ဥာဏ်ထိုင်းမှု၊ ယဉ်ကျေးမှု၊ ရိုင်းပြမှုစသော မိဘ အမွေ အနှစ်မဟုတ်သော အရည်အချင်းများ လူသားတွင်အမြောက်အများ တွေ့မြင်ရ၏။)

ရင်းတို့၏ အကြောင်းကို ဤဘဝမှ ရှေးဖြစ်သော ဘဝအလျှဉ်တွင် ရှာဖွေရပေမည်။ လူငယ်တဦးသည် ပြင်းပြင်း ထန်ထန် သင်ကြားမလေ့လာ၍ အမ်အေကို ပဌမတန်းနှင့် အောင်မြင်သွားသောအခါ သူ၏ကြိုးပမ်းမှု ဆုလာဘ်ကို မရဘဲ ကွယ်လွန်သွားခဲ့လျှင် သူ၏ ကြိုးပမ်းမှုကို ကိုယ်ကာယနှင့် အတူ ပျက်စီးပျောက်ကွယ် သွားသည်ဟု အသိအမှတ် ပြုခြင်းထက် ဥာဏ်ထက်သော ကလေးတဦးနှင့် ဆက်စပ်ပေးရလျှင် မကောင်းပါလော။ ပညာမဲ့သော မိဘ များ၏ ထူးထူးခြားခြား ဂဏန်းသင်္ချာ တတ်ကျွမ်းသော သားသမီး၊ တူရိယာ ဂီတ တတ်ကျွမ်းသော သားသမီးများကို တွေ့မြင်ရတတ်၏။ ဤကဲ့သို့သော အစဉ်အားဖြင့် စဉ်းစားသောအခါ ကျွန်ုပ်တို့၏ ဤကိုယ်ကာယ ဘဝအစဉ်သည် ကြာမြင့်လှစွာသော ဘဝအလျှဉ်၏ သေးငယ်သော အလယ်သား အစိတ်အပိုင်း တခုဖြစ်ကြောင်း သိရ၏။ ရင်း အစိတ်အပိုင်း၏ ရှေးကာလ အလျှဉ်သည် ကြာမြင့်စွာသော ကာလမှ လာခဲ့၍ နောက်ကာလ အလျှဉ်သည်လည်း ကြာမြင့်လှစွာသော ကာလတိုင်အောင် ဆက်လက် သွားပေ လိမ့်မည်။ ကြာမြင့်စွာသော ကာလဟုသာ ကျွန်ုပ်တို့ ဆိုနိုင်၏။ အကြောင်းသော်ကား အဆုံးအပိုင်းအခြား မရှိသော ကာလဟု ဆိုလျှင် အဆုံးအပိုင်းအခြားမရှိသောကာလမှ စုဆောင်း ထားအပ်သော

အစုအပုံတွင် နှစ်အနည်းငယ် စုဆောင်းထားအပ်သော သင်္ခါရ (ဝေါဟာရ) သည် တစုံတရာ ထူးခြားသော အရှိန် အစော်ရှိတော့မည် မဟုတ်ပေ။ ဥပမာသော်ကား ဆားငန်သမုဒ္ဒရာရှိ သကာခဲ အပိုင်းအစကဲ့သို့ဘည်း၊ ဘဝတွင် အရှိန်အစော် ရှိနေသည်ကို ကျွန်ုပ်တို့ တွေ့ရ၏။ ဘဝ၏ ရင့်ကျက်လာမှုကို အဆုံး အပိုင်းအခြား မရှိသော ကာလမှစ၍ ကြိုးပမ်းမှု၏ အကျိုးဟု မယူဆဘဲ သတ်မှတ်ပိုင်းခြားသော တခုသော ကာလအတွင်း ကြိုးပမ်းမှု၏ အကျိုးဟု ယူဆမှ ပုဂ္ဂိုလ်အလိုက် ဖြစ်စေ၊ အဖွဲ့ အစည်းအလိုက် ဖြစ်စေ၊ ပိုမိုကောင်းမွန်စေလိုသော ဆန္ဒထား၍ ကြိုးစားအားထုတ်နိုင်ကြမည်။ဘဝအလျှဉ်သည် ဤကိုယ်ကာယ၏ ရှေ့ဖြစ်သော ကာလမှ လာခဲ့၍ နောက် ကာလသို့ တိုင်အောင် လည်း ဆက်လက်သွားပေလိမ့်မည်။ သို့သော်လည်း အစမရှိ (အနာဒိ)အဆုံးမရှိ(အနန္တ)ကား မဟုတ်။

ဘဝအလျှဉ်၏အစသည် တဏှာ၊ သို့မဟုတ် ကိုယ်ကျိုး သက် သက်ကြည့်မှုမှ စတင်ခဲ့၏။ တဏှာကုန်သည်နှင့် တပြိုင်နက် ဘဝ အလျှဉ်လည်း ကုန်လေတော့သည်။

ဘဝအလျှဉ်ကို ဤကိုယ်ကာယမှရှေ့နောက်ကာလ(၂)ပါးလုံး မှာပင် ဖြစ်၏ဟု အသိအမှတ် ပြုပါက ကျွန်ုပ်တို့သည် အသုံး မကျသောသူတယောက်ကိုပင် အခြေအနေ ပိုမိုတိုးတက်လာရေး အတွက် မျှော်လင့်ချက် ပေးနိုင်ပေသည်။ လူလောက၊ လူအဖွဲ့ အစည်းအတွက် သို့မဟုတ် အခြားတယောက်အတွက် မိမိ၏ ဤဘဝကို စွန့်လွှတ်သည့်အထိ ပြုလုပ်ပေးနိုင်သော ယောကျ်ား ကောင်း အမြောက်အမြား ထွက်လာ နိုင်သည်မှာ ထိုကဲ့သို့

မျှော်လင့်ချက် ပေးနိုင်မှသာ ဖြစ်၏။ မျှော်လင့်ချက် ရှိမှသာလျှင် လူသည် မိမိ၏ ကောင်း ကောင်း ဆိုးဆိုး အလုပ်များ၏ တာဝန်ကို အပြည့်အစုံ သိရှိကာ အခြားသူများ၏ အကျိုးမဲ့မပြုမိ အောင် မိမိကိုယ်ကို ကာကွယ်ရန် အသင့် ပြင်ဆင်ထားနိုင်၏။ လူအဖွဲ့အစည်း အကျိုးစီးပွားအတွက် ပုဂ္ဂိုလ်တဦးဦးက မိမိကိုယ် ကို အစတေးခံရန် အသင့်ရှိခြင်း၊ လူအဖွဲ့အစည်း၏ အကျိုးမဲ့ မလုပ်မိအောင် ပုဂ္ဂိုလ်တဦးဦး အနေဖြင့် မိမိ ကိုယ်ကို မိမိ နှိပ်ကွပ်ခြင်း နှစ်မျိုး စလုံးပင် လောကကို ပိုမို ကောင်းမွန် လာအောင် ပြုလုပ်ရေးအတွက် မလွဲမသွေ လိုလားအပ်ပေ၏။ အမှန်အားဖြင့် လောက၏တိုးတက်မှုသည် အဆိုပါ အကြောင်း အချက် နှစ်မျိုးပေါ်တွင် တည်ပေ၏။

ဝုဒ္ဓ၏ ဒေသနာတော်နှင့် အဘိဓမ္မာသည် အထက်ပါသဘော တရား လေးချက်အပေါ်တွင် မှီတင်းနေ၏။ ပဌမသဘောတရား သုံးချက်သည် ဗုဒ္ဓဘာသာကို ကမ္ဘာပေါ်ရှိ အခြားဘာသာ များမှ သီးခြားခွဲထုတ်လိုက်၏။ ၎င်းသဘောတရားသုံးချက်သည် ရုပ်ဝါဒနှင့် ဗုဒ္ဓဘာသာတွင် တူညီလေ၏။ သို့သော် စတုတ္ထ အချက် ဖြစ်သော ဘဝအလျှဉ်ကို ဤတဘဝတာမျှ မသတ်မှတ် ခြင်း သဘောတရားကား ဗုဒ္ဓဘာသာကို ရုပ်ဝါဒမှ သီးခြား ခွဲထုတ်လိုက်လေသည်။

ထို့ပြင် ပုဂ္ဂိုလ်အတွက် အနာဂတ်ကို မျှော်လင့်ချက်ရှိအောင် ပြုလုပ်ရန် စတုတ္ထ အချက်သည် လှပသော ဥပါယ်တမျှဉ်ဖြစ်၏။ ၎င်းနှင့် ကင်းရှိ စံပြဝါဒတခု၏ အကျိုးသက်ရောက်မှု ခဲယဉ်း ပေ၏။

သဘော တရား လေးချက်တွင် ပဌမ သဘော တရား သုံးချက်ကား ကြီးစွာသော ချုပ်နှောင်မှု သုံးမျိုးမှ လူသားကို လွတ်မြောက်စေ၏။ စတုတ္ထ သဘောတရားကား မျှော်လင့်ချက် ရှိသော အနာဂတ်၏ သတင်းကောင်းကို ပေး၏။ ထိုနောက် သီလနှင့် သူတော်အကျင့်များအတွက် အခြေခံပေး၏။ သဘော တရား လေးချက် အကြင်ဘာသာတွင် တကွ ပေါင်းဆုံ၏။ ထို ဘာသာသည်သာလျှင် ဗုဒ္ဓဘာသာဖြစ်လေ၏။